www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်







## ပညာကံကောင်းစေသော ဂါထာတော်

နမော တေ သဗ္ဗဒဿာဝီ၊ နမော တေ ကရုဏာကရ၊
နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံ ဒဒ။

အနက်

**သဗ္ဗဿာဝီ**–အလုံးစုံသော တရားတို့ကို မြင်တော်မူသော မြတ်စွာဘုရား၊ **တေ**–အရှင်ဘုရားအား၊ **နမော**–ရှိခိုးပါ၏။

**ကရုဏာကရ**–သနားခြင်း ကရုဏာ၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား၊ **တေ**–အရှင်ဘုရားအား၊ **နမော**–ရှိခိုးပါ၏။

**တိဏ္ဏသံသာရ**– သံသရာကို ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား၊ **တေ**–အရှင်ဘုရားအား၊ **နမော**–ရှိခိုးပါ၏။

**အမတံဒဒ**–အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သည့် မြတ်စွာဘုရား၊ **တေ**–အရှင်ဘုရားအား၊ **နမော**–ရှိခိုးပါ၏။

ခက်ခဲသော ပါဠိအသံထွက်

**သဗ္ဗဒဿာဝီ** = သပ်ဗဒတ်သာဝီ
**တိဏ္ဏသံသာရ** = တိန်ဏသံသာရ




လောကီ ပညာ ရသ စုံ မဂ္ဂဇင်း

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

## လောကီပညာရသစုံ မဂ္ဂဇင်း



ဆင်တော်မတောင်ထိပ်ရှိ
အသွင်သဏ္ဌာန်ထူးခြားသော
ရှေးဟောင်းဆံတော်ရှင် စေတီတော်ဖြစ်သည်…

စာ-၁၇


စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း (ဘားအံ)

ပါဠိ အယ်ဒီတာ
✻ ဦးစံတင်
(စတုနိကာယကောဝိဒ၊ ဝိနယရေ၊ ဓမ္မာစရိယ)
✻ ဦးသိန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဏ္ဏိဒီ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

နာယကကြီး
ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M:A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၅၃၉)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက်
အမှတ် ၁၇/က၊ ၅၆-လမ်း ၂-ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဝါးစာပေ
ရှမ်းတောင်ကြီး ဖြန့်ချိရေး
မိလျံနှာစာပေ (တောင်ကြီး)
ဝဝိနုဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
☎-၀၉ ၇၇၆ ၃၄၉ ၇၈၅၊ ၀၉ ၉၆၈၀၀၄၁၉၂။

ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ


၂၀၁၇ ခုနှစ်၊ မေလ
အမှတ် ၃၇၀
တန်ဖိုး - ၂၃၀၀ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်သုံးရာကျပ်]
အုပ်ရေ
၁၀၀၀
☎- ၀၉ ၇၇၆ ၃၄၉ ၇၈၅၊
၀၉ ၉၆၈၀၀၄၁၉၂။

F.1B. May, 2017.




www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်ရာ သီလရှင်စာသင်တိုက်ရှိ
စိန်တုံးမိဖုရားကြီး
ကိုးကွယ်ခဲ့သောဘုရားတစ်ဆူဖြစ်သည် ... စာ-၃၃

ညစ်တုံးအား အခေါင်းထွင်းကာ
ငါးသဏ္ဍာန် ပြုလုပ်ထားခြင်းဖြစ်သည်
ယင်းပစ္စည်းမှာ သစ်သားငါးဖြစ်သည် စာ-၉၉



**ဧည့်ခံခြင်းရောင်ခြည်**


သမားတော်ကြီး ဦးစိုးအောင်နှင့် တွေ့ဆုံခြင်း
[မြန်စာဂုဏ်ခင်မောင်ရင်] ၁၆၉


**ပညာပေးရောင်ခြည်**


ပျားအိမ်ကို တွေ့ရလျှင် [ထက်မင်းကျော်စွာ] ၂၁၅


**လက္ခဏာရောင်ခြည်**


လိပ်အင်းတစ်ကွက် ဆေးစွမ်းထက်သူ၏
လက်ဖဝါးပြင်ပေါ်မှာ [သန်းပညာ] ၁၄၅
လက္ခဏာပညာ တစ်ချက်ကောင်းယောကွက်
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၇၄
တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်မလား ၁၉၃
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၂၂၉


** လမ်းညွှန်ရောင်ခြည်**


ဆားလင်းကြီးမြို့နယ် ဝက်တော့ကျောင်းနှင့်
ခြောက်ကျောင်း ဘုရားအစုများမှ ရှေးလက်ရာများ(၃)
[ထွေးမောင်] ၄၉
ကန့်ဘလူနယ်မြေမှ ဦးမော့လာသော ရုပ်ဆောင်တော်(၁)
[ဗိုလ်သန်း-ကန့်ဘလူ] ၈၁
ပုဂံမှ ပြဿဒါးဘုရားနှင့် မှတ်သားစရာများ(၂)
[ခရီးသည် သုတေသီ] ၈၉
ပုသိမ်မြို့မှ စန်းစိန့်ကုန်းဘုရားကျောင်း(၁) [ဟူကျင်းဇီ] ၉၇
ပြည်မြို့တွင် ပုံလွှန်တော်မူသည့် အင်းဝခေတ်
စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ ဆရာတော်
အရိုးအိုးအုတ်ဂူရှိရာသို့ [ရွှေမှော်မြေ မောင်ကြည်သိန်း] ၁၀၅


**အထူးကဏ္ဍရောင်ခြည်**


ဂူကျောင်းတောရ ခြေတော်ရာဘုရားနှင့် ဓာတ်စေတီလှဘုရား
[ကျော်လင်း-မြစ်ခြေ] ၉
ဆင်တော်မတောင်ထိပ် ဆံတော်ရှင်ဘုရားဖူးခရီးနှင့်
စိတ်ဝင်စားဖွယ်ရာများ [အောင်စ-LL.B] ၁၇
သီရိသုပဘာရတနာဒေဝီ စိန်တုံးမိဖုရားကြီး၏ မင်းတုန်းမင်း
တရားကြီးအတွက် အလှူတော် မော်လမြိုင်မြို့မှ
ရုပ်ပြေမာန်ရှင်းဘုရားကြီး(၄) [သီတာဆန်း-မော်လမြိုင်] ၃၃
ရွှေမင်းဝံ ပေါ်တော်မူ ကုန်းတော်မှ သာဘနိက
အဆောက်အအုံများ(၃) [ဇင်ညိုငယ်] ၅၇
ကဒါတ်ထောက် ဝါးကျောင်းဆရာတော်၊ စုဆောင်းပူဇော်ထား
သည့် ရုပ်ပွားရုပ်တု ဓာတ်တော်များ(၄) [ခရီးသည်သုတေသီ] ၇၃
သာဝကပရိသတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ
အလင်းရောင် ထွန်းပြောင်စေသော မီးအိမ်ရှင်
မဟာရင်ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တအာဒိစ္စမဟာထေရ်ကြီး(●) [ခင်ခင်ဝင်း-မေမြဝတီ] ၁၂၁

www.burmeseclassic.com


## ❀ ကိုယ်ပျော့ရောင်ခြည် ❀

ကြုံခဲ့ဖူးရင်ဖြင့် ပြောပြစေလို [ဦးကျော်–လှိုင်သာယာ] ၂၆၅
မျှဝေခံစားခြင်း [သီလ–ရေတံခွန်တောင်] ၂၆၈
မမြင်ရသော်လည်း အထင်ကရ ရှိပါသည် [စိုးလင်းအောင်–မြန်အောင်] ၂၇၁
ကိုးမြို့ရှင်အဘိုး၏ သည်းခံခွင့်လွှတ်မှုကို ရခဲ့သော ကုသိုလ်ပြုမေတ္တာပို့ အမျှဝေကြသူများ [ချို–အမရပူရ] ၂၇၃
သနားစဖွယ်မပြယ်သော ကြီးထုံးကြီးဆက်များ [ပျိုးလက်ညို] ၂၈၁

## ✱ ကျင့်စဉ်ရောင်ခြည် ✱

ဓာတ်တော်ပူဇော်လိုသူများနှင့် ဓာတ်တော်ပူဇော်ခွင့်ရသူများအတွက် နေ့စဉ်ကျင့်စဉ် [ခရီးသည်သုတေသီ] ၁၃၇
အကျိုးထူးများ မုချခံစားရမည့် ဘိုးဘိုးဘဏ်ထံမှရသော (၁၀၈)ကွက်ပြည့် မြတ်စွာဘုရားဂုဏ်တော် ပုတီးစိပ် [အောင်ဝင်းတင့်–ဘူမိ၊ ကံမ၊ ဂျီဖြူသာသနာပြု] ၁၅၃
ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ၏ မိတ်ဓာတ်(၄)ပါး ကျင့်စဉ်(၃) [အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၂၀၉

## ● အစီအရင်ရောင်ခြည် ●


လာဘ်ခေါ် ငွေဇိုး [နတ်မောက်ဘုန်းကြော့] ၇၉
မဟာဇနက္ခတ်ကိန်းအရ ယတြာချေနည်း [မောင်ဗဟိန်း–အင်းတော်] ၉၂
မထွက်မြေကွက် စိတ်မကွက်နဲ့ [အောင်မင်းကျော်–နေလပိဋကဂိုဏ်းတော်ကြီး] ၁၄၉
ပဋ္ဌာန်း(၂၄)ပစ္စည်း စည်းချအစီအရင် [ရွှေထွန်းဦး–ရေကြည်] ၁၉၀
ထာဝရုနှင့် ဇင်မ ကုသိုလ်ယတြာအကြောင်း [ဇော်မြင့်–မြင်းခြံ] ၁၉၈
သေနတ်ပြီးသောအဆောင် [ကိုသီဟဆွေ–ကသာမြေ] ၃၀၀

## ❒ အင်္ဂလိရုတ်ရောင်ခြည် ❒

အင်္ဂလိရုတ်မှတ်တမ်းများ [တင်လှ–ဆ–မ–ငြိမ်း] ၅၄
မဖြစ်ဘဲပင် ထားခဲ့လျှင် ပါယ်ခွင်ဝင်စေသား [သူရမင်းနိုင်–ဖျာပုံ] ၁၆၀
အင်္ဂလိရုတ်ပညာရှင်များအတွက် ရွှေဆေတ် [အေးမြင့်စိုင်း–ဝန်းသို] ၁၇၆
ပြဒါးမှ ရွှေဖြစ်နိုင်ပါသလော(၁) [ဦးမနောမယ–ပြည်] ၁၈၆
သွပ်ဖမ်းဝိဇ္ဇာ အပိုင်း(၂) [ဦးမင်းဇင်–ရွှေနဝင်း] ၂၀၆

## ✱ ဂါထာမန္တန်ရောင်ခြည် ✱

ရခိုင်ရသေ့ကြီးသျှင်မြဝါ၏ အန္တရာယ်ကင်းမန္တန် [ဗိုလ်မင်း–မင်းလှ] ၆၂
ဂမ္ဘီရထူး မန္တန်တစ်ပုဒ် [စကြာအောင်မြင်စိုး] ၈၇
သာမညဆရာတော် အထူးပေးသော ဂါထာတော် [ဦးမြင့်အောင်–အသေးစားချေးငွေလုပ်ငန်း] ၁၆၈
ကြီးလေးကြီး ဘာကြီးသလဲ [စကြာလင်း–လှိုင်ကော်] ၁၈၃


ရွှေကံကူ လေပျံ့သစ်တော်ဗုဒ်ရှင်တော်မှ
တန်ခိုးတော်ကြွင့်
နဂါးမောက်သီးပေါ်သို့... ☛ စာ–၂၅




ဆရာတော် အခုပဲ အပျံတော်မူပါတယ်
မကြာမီ လျှောင်ချမ်းတော့မှာပို့
မြေမှုတ်မင်းနဲ့ ကျွှာတောင့်မှတ်မင်းကြီး(၄)ပါးအဖ... ☛ စာ–၁၅၆






www.burmeseclassic.com

www.burmeseclassic.com




စနေ့ဒင်အကာင်ဆဲ ဒေါ်ငယ်ဆိတ်သူ တည်ထားပြီး
ညာဘက်ခြေစိုးဗေ စနေ့ဒင်နေရာတွင်
ကြာစန်းသိုး၌ ကြာစန်းစိုက်ထားပုံကို ➡ ၈-၉

ညာဘက် သက်ဝင်ရုပ်ရှား
ဖောင်မှောက်နေသည်
တောင်မောင်ဘီလူးညီနောင်ကို ➡ ၈-၁၀၈




## * ဆေးနည်းတို့ရောင်ခြည် *


ဆီးကျောက်တည်ရောဂါ ခရုဆန်ပြာချ သံပရာရည်နှင့်
ဈေးသမသောက်ပါ [အာကာသ–သာစည်] ၉၃
တြွက်နို့နှင့်ငါးမျက်စိကို မနာကျင်စေဘဲ အမြစ်ပြတ်လိုလျှင်
[ကိုကိုစန်းချော–ကသာမြေ] ၂၉၁
တောတောင်အတွင်းမှ ဆေးဖက်ဝင်ပဗ္ဗည်းများ
[ဆီးမသွားနိုင်ဖြစ်သော်] [သူရမင်းနိုင်–ဖျာပုံ] ၃၀၅


## ◆ ဆေးဗေဒရောင်ခြည် ◆


သွေးတိုးရောဂါ လက်တွေ့ပျောက်ဆေးနည်း
[ရန်မျိုးအောင်–ရတနာမြေ၊ ချောင်းကြီး] ၇၁
သက်ရှည်ကျန်းမာ ဆေးမဟာ [ပန်းတနော် နောင်လတ်] ၁၈၂
ရာသီပန်းပွင့်ချိန် အကိုက်အခဲဖြစ်၍ ပျောက်ချင်သော်
[ရွှေထီး/ယဉ်မင်းထွေး–B.A.History] ၂၃၁
အရွယ်တင်နုပျိုစေသည့် မြင်းခွာရွက်ဆေးနည်းတစ်နည်း
[အောင်ခြမ့်မိုး] ၂၉၆
ကိုယ်တိုင်သုံးစွဲနေသော တစ်ရာသီ ရသာယနဆေးများ
[ဆရာဦးစိုးပိုင်–ပွေးဒွေးကျေးရွာ၊ မင်းတုန်း] ၃၀၈


## * ဂမ္ဘီရပဗ္ဗရောင်ခြည် *


ပန်းကြီးတောင်မှ တောကြီးမာယာ [မြစိမ်းကေသီ] ၂၅၇
မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းနှင့် ဂမ္ဘီရဆေးမှိုတိုးပေါင်း(၆)
[ဇာတ်သိမ်း] [မောင်စိမ့်စမ်း–ကေတုမတီ] ၂၇၆


## ▲ ထူးခြားအစီပင်ရောင်ခြည် ▲


မြွေဆိပ်နိုင်ဂမုန်း သိသူများမှ ဖြေကြားပေးပါရန်
[ပွင့်ဆန်း–ပုပ္ပါး] ၁၅၈
ပန်းလိပ်ပြာဂမုန်း(ဂါ)ဇော်ဂျီမှတ်ဆိတ်[ဦးမြသန်း–ကျုံပျော်] ၁၈၅


## ❁ ဇဗျာသုတရောင်ခြည် ❁


စွမ်းအားရှိသော ပတ္တမြားကျောက်များနှင့်
အခြံအရံကျောက်များ [စလင်း ဦးကျော်] ၂၂၁


## ✝ ထူးခြားပစ္စည်းရောင်ခြည် ✝


နှယ်သုံးနှယ်က သုံးနေရာမှ ဖောက်ထွက်နေသော
သစ်ဖောက် [ကျော်ဝင်းထွန်း–ဂမ္ဘီရသုတေသီ၊ တွံတေး] ၇၈
တရုပ်ကျင်ငှက်ဦးခေါင်းအဆောင်
[မြေမိုးချစ်–နတ်မောက်] ၂၀၅


## •◆ ကိုယ်ခံပညာရောင်ခြည် •◆


တောက်တဲ့ကာပ်တက်နည်း ကျင့်စဉ် [ဟူဂျင်းဇီ(Hu Jin Zi)] ၁၉၆
သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း) (၇)
[ဆရာကြီးမင်းယက္ခ–တိုက်ပွဲဝင်] ၂၁၇




www.burmeseclassic.com

www.burmeseclassic.com


✤ ကုထုံးရောင်ခြည် ✤

ကုထုံးကုတွက် တို့မဝှတ်[အဆစ်ရောင်ခြင်းရောဂါအတွက်
ကုသနည်း] [မောင်အေးဝင်း–တိုင်းရင်းဆေး မိတ္တီလာ] ၄၇
ဆင်ပိုလည်ပြတ်နာ ကြောက်စရာမလိုပါ
[တက္ကသိုလ် မောင်လှလှ] ၁၆၅

✿ အမျိုးသမီးအလှရောင်ခြည် ✿

ဲန်းရှိုင်းကြောင့် အရူးလားခဲ့သော်
[သုတေသီဝင်းမော်–ဒ.ဘ.ဗ.ဝ] ၁၀၃
ကြက်သွန်နီဥများ ကြာရှည်သိုလှောင်ထားတတ်စေဖို့
[ဆရာသညာမှူး] ၂၁၄

○ သုတေသနရောင်ခြည် ○

ပျောက်ဆုံးနေသော ခြသေ့်တစ်ကောင်
[ဦးဦးသန်းတင်–တမ္ပဝတီ] ၁၄
သုတ္တန္တသိမ်ပုထိုးတော်မှ ရွှေခေတ် ရခိုင်မှုရာ
ာက်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ(၁၅)
[ပန်းချီထွူးလှ–ရွှေဟောင်းသုတေသန] ၁၆၁
စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၂၀၁

○ မြစ်ချောင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည် ○

မြွေပွေးနှင့် တောဓားပြ [ရဲမျိုးသူ–ဗောဓိမြိုင်] ၁၁၇
နဂါးစက်ဥနှင့် သွေးဝမ်းသွားရောဂါ [သ.ပ.ပ မြတ်မင်း] ၃၀၃

✪ တိရစ္ဆာန်ဓရောင်ခြည် ✪

တိရစ္ဆာန်များအတွက် လွယ်ကူလျင်မြန် ဝမ်းချုနည်း
[ငွေသိန်း–တိ/မွေး/ကု] ၂၂၄
မြင်းများ ဆီးချုပ်သော် [မောင်သစ်ဝေ–စလေ] ၂၃၂
ာက်အမြန်မွေးလိုသော် [ဂမ္ဘီရမောင်စိမ့်စမ်း–ဗန်းမော်] ၃၀၇

✉ တွေ့ဆုံခြင်းရောင်ခြည် ✉

ရွှေတံတူလေပ်ျာခ်တော် ရုပ်ရှင်တော်(စဉ့်ကိုင်မြို့) [သီရိ] ၂၅

✱ အောင်မြေရောင်ခြည် ✱

ဖျတ်ဝီသား ရန်အောင်မြင် ကျိုက်ထီးရိုးစေတီအောင်မြေ
တော့တိပြူးတော်အစိဋ္ဌာန်ရှိ(၄)[မောင်မောင်စိုး–ထားဝယ်] ၄၁
စ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိပူဇော် ဂါထာတော်များ(၅၁)[လေးကျွန်းဆီမီးစေတီ]
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၁၂၉







တတိုးမဟာရင် ဂိုဏ်းချုပ်ဆရာတော်
အမြင့်ဆုံး ဘွဲ့တံဆိပ်များ ရထားသော
ဖွန်ဆရာတော်ကြီး ဦးအာဒိစ္စသည် ... ➡ စာ–၁၂၂

သဘာဝကျောက်ဆစ် ဗိသုကာဆရာကြီးမှ
လက်ဆောင်ပေးခဲ့သော
ရသေ့ကြီး၏ ကျောက်ဂူမှာ ... ➡ စာ–၈၄




www.burmeseclassic.com

www.burmeseclassic.com



ဒိဗ်မက်
ဖြင့်
ထုဆစ်
ထားသော
ဘိုးတော်
ရှက္ခစိုး
မင်းကြီး၏ပုံ
ဖြစ်သည်...
◀ စာ-၁၃၃



ရန်ဇအောင်
ရန်ဇမြေ
မာန်ဇမြေ
အထိမ်းအမှတ်
အဖြစ်
အဓိဋ္ဌာန်၍
ထုလုပ်
ထားသော
ခြင်္သေ့
ဖြစ်သည်...
◀ စာ-၁၉



သစ်ဖောက်
ကို
အိမ်များ
ရုံးခန်းများ
တွင်
ဆောင်
ထားခြင်းဖြင့်
ပီယ၊ မန
လာဘ်လာဘများ...
◀ စာ-၅၈

## ✧ ထီဗေဒရောင်ခြည် ✧


ထီတံပွင့် ဆုတောင်းပြည့်အစီအရင်ဖြင့် [သန်းခေါင်-ပညာရေး] ၂၀၃
၂၀၁၇ ခုနှစ်၊ မေလ ထီထိုးလိုက ရွေးချယ်ပါ ဂဏန်း
[ဆရာရဲထက်-သုတေသီ] ၂၂၈


## ✻ စိုက်ပျိုးရေးရောင်ခြည် ✻


ရွှေဖရုံပင် အသီးသီးစေလိုသော် [မောင်စန်းဝင်း-ကချင်ရိုးမ] ၁၄၁
ငှက်ပျောသီး အဖီးများ အသီးထွားစေဖို့
[ကျော်ကျော်အောင်-တောင်သာမြေ] ၂၃၀


## ▲ အောင်မြင်ကျန်းမာရေးရောင်ခြည် ▲


ရာပြည့်တိုင်းရင်းဆေးဆရာကြီးဦးစိန်၏ အသက်ရှည်ရာ
အနာမဲ့ကြောင့် နည်းလမ်းကောင်းများ
[မြောင်းမြ-မောင်ယဉ်တင့်] ၅၃


## ❂ အင်းစမရောင်ခြည် ❂


ကလေးအငိုတိတ်ဂါထာနှင့် အင်း
[ကောင်းဆန့်-သခွတ်မြေ၊ ဝက်လက်] ၃၉
စေလေးလုံး သာသနာငါးထောင် အင်းတော်
[ဦးအေးချို-အငြိမ်းစား] ၁၉၁


## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎


နှစ်ပေါင်း ငါးဆယ်ကျော် မပုပ်မသိုးသည့် တရုတ်စု
ဆရာတော်ကြီး ဦးနေမိန္ဒ
[ဦးစန်းယု-ခေတ်မီအဘိဓမ္မာတောင်သူ့ တိုင်းရင်းဆေး] ၂၉
ဝက်လူးအရှေ့တောကျောင်းဆရာတော် အရှင်လက္ခဏ၏
ဘဝတောက်ကြောင်းများ(၄) [စံထွန်းသာ] ၆၅


## ✣ ထူးခြားဆန်းကြယ်ရောင်ခြည် ✣


ငလျင်လှုပ်မည်ကို ကြိုသိသူ [ရဲမျိုးသူ-ဗောဓိမြိုင်] ၁၅၆
ကုက္ကိုပင်ကြီးပေါ်မှ ဆင်ကြီးများ
[ဆရာမင်းဦးအိမ်-ဝေဒနက္ခတ္တပညာရှင်] ၂၃၃
သိုက်နန်းဝင်ထွက် သက်ပြောင်းသက်ခွာ
[အောင်ချစ်ကြည်-ကြို့ပင်ကောက်] ၂၄၁
ချစ်၍ ခေါ်တာလား [ကသာသင်းမွှေး] ၂၆၁
ဦးသူတော်(ဝါ)ဖိုးသူတော်နှင့် တွေ့ဆုံဖူးခဲ့သည့်
ဖြစ်ရပ်ဆန်း [အညာကြာကျောင်းဆရာ-ကေတု] ၂၈၉


## ✣ ဝိဇ္ဇာဓရရောင်ခြည် ✣


ကျွန်ုပ်တွေ့ကြုံခဲ့ဖူးသော ဘိုးတော်ကြီး
[အောင်ရွှေမြတ်-စစ်ကိုင်းဝေအောင်] ၂၄၇
ကိုယ်တွေ့ကြုံလို့ ယုံရသည်(၆) [နှင်းပုလဲသူ] ၂၈၅




www.burmeseclassic.com

www.burmeseclassic.com

## ✲ အမေးအဖြေရောင်ခြည် ✲


ဘောသော,ဘောကျော် ဘီလူးညီနောင်တွင် ဖိနပ်ခြေနင်း ပါခြင်း,မပါခြင်းအကြောင်းရင်း သိသူများမှ ဖြေကြားပေးပါရန် [မင်းမြင့်မောင်] ၁၂
ကျိုက်ထီးရိုးဘုရားများနှင့် ဆက်နွယ်ထူးခြားဆန်းကြယ်မှုများ သိရှိသူများ ဖော်ထုတ်ရေးသားကြပါရန် [မြိုင်မော်ဝေလွင်] ၂၂၆


## ❒ မြန်မာ့နက္ခတ္တ အလှူရောင်ခြည် ❒


၁၃၇၉ ခုနှစ်မှာ ကံအကောင်းအဆိုး ဘယ်လိုရှိမလဲ [ကောင်းမြင့်မြတ်စိန်] ၁၁၃
ရင်နှစ်သည်းချာ ရင်သွေးရတနာတို့အတွက် ၁၃၇၉ ခုနှစ် တစ်နှစ်တာ [အောင်နန္ဒ-ကျိုက်လတ်] ၁၇၇


## ✂ နေ့စဉ်သုံး ဒဝလမ်းညွှန်ရောင်ခြည် ✂


၂၀၁၇ ခုနှစ်၊ မေလအတွက် ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၁၀
၂၀၁၇ ခုနှစ်၊ မေလအတွက် ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၆၆
၂၀၁၇ ခုနှစ်၊ မေလအတွင်း နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ-ကျိုက်လတ်] ၂၀၈
၂၀၁၇ ခုနှစ်၊ မေလအတွင်း လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၃၀၄


## ✲ မြန်မာ့ရိုးရာပညာရောင်ခြည် ✲


ဘဝတစ်သက်တာအတွက် အိမ်ထောင်ဖက် ဗေဒင် တွက်ကြည့်စေချင် [ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၃၄၇



## ◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆


၂၀၁၇ ခုနှစ်၊ မေလ ကျန်းမာရေးအတွက် အကြံပေးချက်များ [ဆေးသုတေသီ] ၁၄၂
(၁၂)လရာသီ နက္ခတ်ဓာတ်စာ တပေါင်းလ (မိန်ရာသီ-Pisces)နက္ခတ်ဓာတ်စာ ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ [ဆရာ မင်းချမ်းသာ] ၁၈၈


## ● ပရလောကရောင်ခြည် ●


မြတ်ဗုဒ္ဓ၏ အစွမ်းထက်ဂါထာတော်များနှင့် ပရလောကသားများ[ကိုဝင်းတင်-လယ်လှ၊ အထက်မင်းလှ] ၂၃၇
အိမ်မှာ ဘွားဘွားရှိနေတယ် [သွန်းနေနီ] ၂၄၉
ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ ဆိုင်ကယ်သရဲ [ဦးကိုကိုကြီး-စစ်ဆေးရေး (၂)မတယ၊ ထုံးဘို] ၂၅၃
မှင်စာဆိုတာဘာလဲ တကယ်ကော ရှိပါရဲ့လား [နိုင်အောင်] ၂၉၂
သန်လျင် ကျိုက်ခေါက်ဘိုးဘိုးကြီး စောင့်ရှောက်တော်မူသည် [မွေ့သီတဂူ ဆရာမောင်] ၂၉၇




နောင်တော် ဘီလူးဘောသောမှာ ဖိနပ်ခြေနင်းပါရှိပြီး ညီတော်ဘောကျော်ဘီလူးမှာ ... စာ-၁၃
လိပ်ပြာကမ္ဘာပေါ် ဖော်ဂျီမှတ်ဆိတ်ကမ္ဘာမှာ ဥစ္စာငပေးကမ္ဘာ၊ စီးပွားကမ္ဘာဖြစ်ပါသည် ... စာ-၁၈၅




www.burmeseclassic.com




◆ ခြေဖမိုးအစုံပါရှိ ခြေတော်စေတီ




◆ ခြေဖမိုးအစုံပါရှိ ခြေတော်စေတီ

ကျော်လင်း (မြစ်ခြေ)

ဂူကျောင်းတော်ရ

# ခြေတော်ဘုရားနှင့် စေတီလှဘုရား

ဒီသီတင်းကျွတ်မှာ ဇာတိမြေကို သမီးကြီးကို လိုက်ပို့၍ ပြန်ဖြစ်သည်။ မသွားခင် နှစ်လ၊ သုံးလလောက်က ကဗျာဆရာလင်းသျှိလနှင့် နိုင်ငြိမ်းအေးတို့က...

'ဆရာလာရင် အဲဒီကို လိုက်ပို့မယ် ထူးဆန်းတယ်'

ဆိုပြီး **ခြေတော်အစုံ ဖနောင့်ထိပ်ပေါ်ဝယ် စေတီတည်ထားသည့် ခြေတော်ရာဘုရားပုံ** တချို့ကို မက်ဆေ့ဘောက်ကနေ ပို့ထားသည်။

ယခုတစ်ခေါက် ရက်ကြာကြာ အချိန်မပေးနိုင်ခဲ့ နှစ်ရက်နှင့် တစ်ညနေသာ နေဖြစ်ခဲ့သည်။ ပထမရောက်သည့် တစ်ရက်လုံး အညာမှာ မုန်တိုင်းမိုးနှင့် ကြုံရသဖြင့် ဘယ်ကိုမှ မသွားနိုင်၊ ဒုတိယတစ်ရက် နေ့လယ်ပိုင်းမှ ဆရာလင်းသျှိလ ရောက်လာသည်။

"ဆရာ သွားရအောင်တဲ့၊ ဘာနဲ့သွားမှာလဲဆိုတော့ သူ့ဆိုင်ကယ်နဲ့တဲ့။ ညီဖြစ်သူက ကြားသွားတော့ သူရောလိုက်မယ်တဲ့၊ သူ့အိမ်က လိုက်ထရပ်ကားနဲ့ပဲ သွားကြတာပေါ့တဲ့" ဒါနှင့် ညီဖြစ်သူ၏ သမက်ကလေး မောင်းပြီး သွားဖြစ်ခဲ့သည်။

မြစ်ခြေမှ ကျွန်းချောင်းဘူတာ အရောက်ထိ (၇)မိုင်ခန့်မျှ ရှိလိမ့်မည်။ လမ်းက ကတ္တရာလမ်းမို့ မဆိုးလှ၊ ကျွန်းချောင်းဘူတာမှ တန့်ကြည့်တောင်ရိုးအထိ လမ်းမှာ ဆိုးသည်ဟုပင် ပြောရပါမည်။

တောရဂူကျောင်းသို့ နှစ်မိုင်နီးပါးကို ခက်ခက်ခဲခဲ မောင်းရသည်။ ဆရာလင်းသျှိလ၏ ဆိုင်ကယ်နှင့်ဆိုလျှင် လွယ်လိမ့်မည်မထင်။

တောရဂူကျောင်းမှာ တန့်ကြည့်တောင်၏ တောင်စွယ်တောင်ကြောအခြေမှာ ရှိသည်။ တောရဆောက်တည်နေသည့် ဆရာတော်တစ်ပါး ရှိသည်။ သစ်သားကျောင်းငယ်နှင့် သီတင်းသုံးနေသည်ဟု သိရသော်

www.burmeseclassic.com

လည်း စာရေးသူတို့ သွားသည့်နေ့က မတွေ့ခဲ့ရ အပြင်သို့ သွားနေသည်ဟု သိရသည်။


ဆရာတော် သီတင်းသုံးသည့် ကျောင်းအနိမ့်ပိုင်း၌ ဉပုသ်သည်များ နားနေနိုင်သည့် သီလရှင်ကျောင်း တစ်ကျောင်းရှိသည်။ အမြဲနေ သီလရှင် တစ်ပါးနှင့် အရပ်မှ ယောဂီ အမျိုးသမီး ကြီးတစ်ပါးနှင့် ဝေယျာဝစ္စလုပ်ပေးသူ သက်လတ်ပိုင်း အမျိုးသား တစ်ယောက်တို့ ရှိကြသည်။

တောင်ကြောအခြေ ခေါင်းသီသည့် အရပ်တွင် ဓမ္မာရုံခပ်ကြီးကြီး ဂေါစ်ဆောင်နှင့် ရေသိုလှောင်သည့် အင်္ဂတေတိုင်ကီကြီးရှိသည်။ သည် နေရာ တောင်ကြောမှာ ရေရဖို့ ခက်ခဲ သည်။ မိုးကာလ ဓမ္မာရုံသွပ်မိုးမှ ကျ သမျှ ရေတို့ကို ထိုကျောက်တိုင်ကီဖြင့် စုဆောင်း သိုလှောင်ထားခြင်းဖြစ်သည်။

ဆရာတော် သီတင်းသုံးသည့် ကျောင်းနောက်ကျော တန်းကြည့် တောင်၏ တောင်နာမောင်းအခြေတွင် စုစုပေါင်း **ကျောက်ဂူ(၄)ခု** ရှိသည်။ (၃)ဂူမှာ သော့ခတ်ပိတ်ထားသည်။ ခြေတော်ရာဘုရားရှိသည့် ဂူတစ်ဂူသာ ဖွင့်ထားသည်။


ဘုရားကို ခြေတော်ရာဘုရားဟု ပြောရမှာလည်း ခပ်ခက်ခက်ပင်၊ အခြား ခြေတော်ရာဘုရားတို့မှာ ဘုရား ရှင်၏ စက်လက္ခဏာတို့ကို ဖော်ပြထား သည့် ဘုရားရှင်၏ ခြေဖဝါးများကိုသာ ပုံဖော်ထားကြခြင်းဖြစ်သည်။

**ဤဘုရားမှာသာ ဘုရားရှင်၏ ဖဝါး တော်အစုံ မဟုတ်ဘဲ ခြေထောက်ကို အပေါ်မှ တွေ့မြင်ရသည့် ခြေဖမိုးအစုံ တို့ မြင်သည်။ ခြေတော်၏ ဖနောင့်နေရာ အစွန်း ဘယ်ဘက်ခြေတော်၏ ဖနောင့် အထက်၌ စေတီငယ်တစ်ဆူ တည်ထား ပြီး ညာဘက်ခြေတော် ခြေဖမိုး၏ ဖနောင့် နေရာတွင် ကြာပန်းအိုး၌ ကြာမှန် စိုက် ထားသည်။**



▲ အုတ်တံတိုင်းသုံးဆင့်နှင့် စေတီလှဘုရား

▼ အုတ်ဂူအမိုးကျောက်အုတ်စီထားပုံ



ခြေတော်အစုံတို့ နောက်ဘက်၌ ဓမ္မစက္ကမုဒြာဖြင့် သီတင်းသုံးနေသည့် (၃)ပေကျော်၊ (၄)ပေခန့်ရှိ ရုပ်ပွားတော် တစ်ဆူ ကိန်းဝပ် စံပယ်လျက်ရှိသည်။

ဂူ၏အမိုးကို ကျောက်အုတ်တို့ဖြင့် ခုံးပုံသဏ္ဌာန်စီထားသည်။ ဘေးနံရံတို့ ၌ အလျား တစ်တောင်၊ ထု ငါးလက်မ ခန့်ရှိ ကျောက်အုတ်တို့ဖြင့် စီထား သည်။ စာရေးသူအမြင်မှာ မူလ သဘာဝဂူအား မပြိုမပျက်ရလေအောင် စီမံဖန်တီးထားသည်ဟု ထင်ပါသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မှ ကျမ်းပြုဆရာတော် ဦးကေလာသ ဘိဓေ(သိရိလက်ာ) ဓမ္မာစရိယက

**သံပျင်မင်းသမီး၏ ရွှေကူကြီးသမိုင်း တွင်...**

'ဤတောင်တန်းတစ်ပိုက် ဂူကိုဂူ ချောင်ကို ချောင်၊ မုဋ္ဌောကိုဆူရှိသည်'

ဟု ရေးသားဖော်ပြချက်အရ ထို ကိုးဂူအနက် လေးဂူမှာ ဤနေရာတွင်၊ ရှိနေပါသည်။

ချောင်ကိုးချောင်ကိုမူ ခွဲခြားမပြော တတ်သော်လည်း **စည်ခေါင်းချောင် ဆိုသည့်အရပ်မှာ** ယခင်ကလည်း ရေနံထွက်ခဲ့သည်။ ယခုလည်း လက် ယက်တွင်းများဖြင့် ရေနံများထွက်သည့် အတွက် စည်ခေါင်းချောင် ရေနံမြေ တွင်နာမည်ကြီးလျက် ရှိနေပါသေးသည်။





www.burmeseclassic.com

www.burmeseclassic.com



◄ ဂူကျောင်းတောရကြီး မျှော်ရုံကြီး



ဂူကျောင်းတောရဆရာတော် သီတင်းသုံးရာ ကျောင်း ►

ကျွန်းကျောင်းဘူတာမှ ခြေတော်ဘုရားရှိရာသို့ သွားသည့်လမ်းမှာ ချောမွေ့ခြင်း မရှိသော်လည်း မြင်ကွင်းများမှာ လွန်စွာ သာယာလှသည်။ ဘူတာနှင့် တောင်စွယ်အကြားမှာ စိမ်းမြမြတောကန်းများ၊ မြင့်မားသည့် ထန်းပင်ထန်းတောများမှာ ပြာမှိုင်းသည့် တန့်ကြည့်တောင်၏ မမြင့်လှတော့သည့် တောင်စွယ်တောင်တန်းတို့၏ နောက်ခံဖြင့် လွန်စွာ ရှုမောဖွယ်ရာ လှချင်တိုင်း လှလျက်ရှိသည်။

ဂူကျောင်းရှိရာ တောင်ခြေအမြင့်မှ မြစ်ခြေရှိရာအရှေ့သို့ ကြည့်လိုက်ပါလျှင် အလားတူ ရှုမျှော်ခင်းမျိုးကို မြင်တွေ့ရမည် ဖြစ်ပါသည်။

စိမ်းမြမြယာခင်းပြင်များ၊ ကားလမ်းမဝဲယာကို အုပ်မိုးထားသည့် ထနောင်းပင်တန်းများ ကြိုကြားကြိုကြား ထန်းပင်မြင့်များကိုလည်း လှမ်းမျှော် တွေ့ရှိနိုင်သည်။

ကျွန်းချောင်းဘူတာမှ အတွင်းသို့ တစ်ဖာလုံခန့်မျှ ဝင်ရောက်မိလျှင် သပ္ပါယ်တင့်တယ်သည့် စေတီငယ်တစ်ဆူကို ဦးစွာ ဖူးတွေ့ခဲ့ရသည်။ **ဘွဲ့တော်မှာ စေတီလှ**ဟု မှန်ဦးလှေကားတွင် သံပန်းဆိုင်းဘုတ် ရေးထိုးထားသည်။

ဘုရားမှာ ဉာဏ်တော်(၉)တောင်လောက်မျှသာရှိမည်ဟု ခန့်မှန်းပါသည်။ ပုံတော်က အနည်းငယ် ဆန်းပါသည်။ အောက်ခြေပတ်လည် အရပ်ရှစ်မျက်နှာတို့၌ မုခ်တံကဲ သီးသန့်တို့ဖြင့် နေ့နံအလိုက် ရုပ်ပွားတော်ရှစ်ဆူတို့ ကိန်းဝပ်စံပယ်လျက် ရှိပါသည်။

စေတီတော်ကို အဆင့်(၄)ဆင့်ဖြင့် အုတ်တံတိုင်း ကာရံထားသည်။ အောက်ခြေအကျဆုံး အုတ်တံတိုင်းမှာ ကျယ်ဝန်းလှသည်။ ထိုကာရံထားသည့် အမြင့်ပိုင်း၌ ဘုရားဖူးများ နားနေရန် ဘုရား၏ လက်ယာဘက်၌ နှစ်ဆောင်တွဲဇရပ်တစ်ခုနှင့် စေတီ၏ လက်ဝဲဘက် တံခွန်တိုင်အနီးတွင် အုတ်တိုက် ဇရပ်ငယ်တစ်ဆောင်ရှိသည်။

ထိုဇရပ်များရှိရာ ရင်ပြင်မှ အထက်တွင် ဆေးနီရောင် သုတ်ထားသည့် စိန်တောင်ပတ်လည် အုတ်တံတိုင်းသုံးဆင့်လှေကားဖြင့် တက်ရောက်ပါလျှင် **စေတီလှဘုရား ခြေတော်ရင်းရင်ပြင်သို့** ရောက်နိုင်ပါသည်။

စေတီကို ပုံဖော်ရလျှင် စည်ကဲ့သို့ လုံးဝန်းသော **အောက်ခံပေါ်တွင် စေတီပေါက်ထားခြင်းဖြစ်သည်။** အဝေးမြင်ကွင်းလွန်စွာ တင့်တယ်သပ္ပါယ်လှပါသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် စေတီပုထိုးအချို့တို့၌ ဘုရားရှင်၏ (၁၀၈) ကွက်သော စက်လက္ခဏာကို ဖူးမြော်ရန် ခြေတော်ရာများကို ပုဂံမှ အာနန္ဒာဘုရားကဲ့သို့သော ဘုရားမှစ၍ အတော်များများ ရှိကြပါသည်။

ထိုအခြား ခြေတော်ရာဘုရားများနှင့် မတူသော တစ်မူထူးခြားသော ခြေတော်စုံဘုရားကို မြစ်ခြေမြို့မှ (၇)မိုင်ကွာ ကျွန်းချောင်းဘူတာမှ (၂)မိုင်ခန့် တန့်ကြည့်တောင်စွယ်၏ ဂူတစ်ခုတွင် ထူးခြားစွာ ဖူးတွေ့နိုင်ပါကြောင်း တင်ဆက်လိုက်ရပါသည်။

**(ဓာတ်ပုံများကို ကျေးဇူးပြုပါသော ကဗျာဆရာ ကိုလင်းသျှီလနှင့် ညောင်လှရွာမှ ကိုရွှေမိုးတို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။)**

**ကျော်လင်း(မြစ်ခြေ)**

www.burmeseclassic.com




▲ မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲစေတီတော်နှင့် ဘီလူးညီနောင် ဘောသော-ဘောကျော် ပုံတော်

▼ မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲစေတီတော် ပုံတော်



မင်းမြင့်မောင်

# ဘောသော, ဘောကျော် ဘီလူးညီနောင်တွင်

ဖိနပ်ခြေနှင်း ပါခြင်း, မပါခြင်း အကြောင်းရင်း
သိသူများမှ ဖြေကြားပေးကြပါရန်

၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊ စာမျက်နှာ(၁၆) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် သမိုင်းဝင် မြသလွန်စေတီတော်မှ **ဘီလူးညီနောင် ဘောသော, ဘောကျော်အကြောင်း** ဖတ်ရှုခဲ့ရပါသည်။ ဤ ဘီလူးညီနောင် ရုပ်တုတော်အကြောင်း တင်ပြလိုသည်မှာ...

မင်းဘူးမြို့ တောင်ဘက်စွန်းကုန်းတော်ပေါ်ရှိ ရွှေစေတီခေါ် စက္ကိန်းတဲစေတီတော်ကို မန်းရွှေစက်တော် ဘုရားဖူးရောက်သူတိုင်း ကြားဖူးကြပါလိမ့်မည်။

ဤ စက္ကိန်းတဲစေတီတော်သည် သမိုင်းဝင် ရှေးဟောင်းစေတီ



www.burmeseclassic.com

www.burmeseclassic.com



◆ ဘီလူးညီနောင် နောင်တော် ဘောသော
(ဓိနုပ်ခြေနင်း ပါသည်)



◆ ဘီလူးညီနောင် ညီတော် ဘောကျော်
(ဓိနုပ်ခြေနင်း မပါပါ)

တော်ဖြစ်ပြီး မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဤစက္ကိန်းတဲတောင်တော်တွင် သီတင်းသုံးတော်မူခဲ့ပါသည်။

ဤအချိန်တွင် ရောဝတီမြစ် အရှေ့ဘက်ကမ်း မကွေးမှ ဘီလူးညီနောင် ဘောသော, ဘောကျော်တို့သည် မြတ်စွာဘုရားအား မကွေးဖန်ခါးသီး လှူဒါန်းပြီး ကိုးကွယ်ရန် သလွန်တော်ကို ပင့်ဆောင်၍ စေတီတည်ထား ကိုးကွယ်ခြင်း ဖြစ်ပါသည်။

မင်းဘူး ရှင်ပင်စက္ကိန်းတဲစေတီတော်ခြေရင်းတွင် ဘီလူးညီနောင်ရုပ်တုပုံကို တည်ထားခဲ့ရာ **နောင်တော်ဘီလူး ဘောသောမှာ ဓိနုပ်ခြေနင်း ပါရှိပြီး၊ ညီတော်ဘောကျော် ဘီလူးမှာ ဓိနုပ်ခြေနင်း မပါကြောင်း တွေ့ရှိရပါသည်။**

မည်သည့် အကြောင်းကြောင့် ဤသို့ဖြစ်ရသည်ကို စုံစမ်းကြည့်ခဲ့ရာ ဥပါသကာတစ်ဦး၏ ပြောကြားချက်အရ **"ခြေနင်းစီးနိုင်သော ဘုန်းကံမရှိ၍ ခြေနင်းမပါကြောင်း"**ဟု သိရှိရပါသည်။

**အမှန်တကယ် သမိုင်းကြောင်းအရ မည်သို့ဖြစ်ကြောင်း သိလိုပါသဖြင့် သိရှိ သူများမှ ပြောကြားပေးရန် ရေးသား ဖော်ပြအပ်ပါသည်။**

မင်းမြင့်မောင်


www.burmeseclassic.com

www.burmeseclassic.com



◆ သဂျားရှိမဟူရာရုပ်ပွားဆင်းတုတော်



◆ မွန်ဆော်မူ ရုပ်ပွားဆင်းတုတော်

ရိုးရိုးသန်းဝင်း
(တမ္ပဝတီ)

ပျောက်ဆုံးနေသော

# ခြသေ့်တစ်ကောင်

မဟာလောကရံသီဘွဲ့ အိမ်တော်ရာဘုရားစေတီသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အရှေ့ပိုင်းတွင် တည်ရှိပါသည်။

၁၂၀၈ ခုနှစ်တွင် နန်းတက်သော အမရပူရ စတုတ္ထမြို့တည် ဘကြီးတော်ဘုရား၊ ငယ်မည် ဦးလူကလေး၊ ဘွဲ့တော် ပုဂံမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသည့် မြေပေါက်စေတီတော်ဖြစ်ပါသည်။

ပုဂံမင်းသား အိမ်ရှိန်းစံဘဝတွင် နေထိုင်ခဲ့သော အိမ်တော်၏ နေရာ၌ တည်ထားသဖြင့် အိမ်တော်ရာဘုရားဟု ထင်ရှားပါသည်။

'အမရာသီဟာသနေ၊ ဘိသေက ဆက်စုံ၊ သုံးရွှေလုံးသက်နှံငယ်၊ ရာသက်ပန်မှတ်စွဲ၊ ထောင်နှစ်ရှူရှစ်ခုကျော်မှာ ဘကြီးတော် နန်းရသည့်ပွဲ။

ကောရာဇ်ဘုန်းဝေငယ် တိုင်းကိုလေရှုပ်၊ မှုးမတ်ကို ယုံကြည်လွဲလို့ ပြည်ထဲရေးရိုက်တုံ ခြောက်နှစ်ကျော်သွေမယိမ်း၊ နန်းစံကိန်း အေတ္တာသာကြုံ။

ရွေးသမတထုံးပုံလို၊ နန်းပွင့်ငုံဘုရားသို့ များလူနတ်ရွှေနန်းတင်၊ သောင်းလုံးဘုရင်ရာသက်ပန်နန်းစံမြင်သည်၊ မဟာဝင် ထူးပေလိမ့်လေ။

**(အလယ်နန်းမတော် ယေင်ကျူး၊ အလောင်းမင်းတရားကြီးက ပုဂံမင်းတိုင် မဟာရာဇဝင်တော် တေးထပ်–ဘကြီးတော်မှာ ပုဂံမင်း ဖြစ်ကြောင်း ပြခြင်းဖြစ်သည်။)**

အိမ်တော်ရာဘုရားကြီးသည် အရံစေတီ(၄)ဆူရှိသည်။ စောင်းတန်းကြီး (၄)သွယ် ရတနာဃရ(၁၄)ခန်း ဓမ္မပိဋကန်တော်ကြီးနှင့် ပြာသာဒ်အာရုံခံ ဇရပ်များကို ဆောက်လုပ် လှူဒါန်းထားပါသည်။


## မဟူရာဆင်းတုတော်

စေတီတော်ကြီး၏ စနေထောင့်၊ မဟူရာဓမ္မာရုံကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူသော ဆင်းတုတော်သည် မဟူရာကျောက်သားအစစ် ဖြစ်ပါသည်။ မဇ္ဈိမဒေသက ပင့်ဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





◄ မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်

ပန်းပဲမင်းကြီး၏လက်ရာ စနေထောင့် ခြင်္သေ့ရုပ် ►

ဂေါပကအဖွဲ့က ထုတ်ဝေသော သုံးခေါက်ချိုး စာစောင်တွင် သက္ကမုနိ မဟာရာဆင်းတုတော်ကြီး၏ အောက်က စာသားမှာ လွဲချော်နေပါသည်။

မဟာရာဆင်းတုတော်ကြီးကို နောင်တော်ကြီးမင်းခေါ် ဖလ်နန်းရှင် လက်ထက် မဖျိုမဒေသက ပင့်ဆောင်ခဲ့ပြီး အင်းဝတွင် ထားရှိ ပူဇော်ပါသည်။

ဘကြီးတော်လက်ထက်တွင် အင်းဝမှ အမရပူရသို့ ပင့်ဆောင်ခဲ့ပါသည်။ ထို့နောက် အိမ်တော်ရာဘုရားသို့ ပင့်ဆောင်ခဲ့ပါသည်။

အလျဉ်းသင့်သဖြင့် ကုန်းဘောင်မင်းဆက်(၁၁)ဆက်တွင် **ဦးဖင်(ခေါ်) ဖလ်နန်းရှင်(နောင်တော်ကြီး)၏ နောက်ပိုင်း(၄)ဆက်မှာ...**

၁။ **ညီတော်ဦးခင်(ခေါ်)** သာယာဝတီမင်း(ရွှေဘိုမင်း)၊

၂။ **ဦးလူကလေး(ခေါ်)**ပုဂံမင်း (ဘကြီးတော်)၊

၃။ **ဦးလွင်(ခေါ်)** မင်းတုန်းမင်း။ **(ပုဂံမင်းနှင့် မင်းတုန်းမင်းတို့သည် ဖလ်နန်းရှင်၏ မျိုးဆက်ဖြစ်သည်။)**

၄။ **ဦးမျိုး(ခေါ်)**သီပေါမင်းတို့ဖြစ်သည်။

## ပွင့်တော်မူဆင်းတုတော်

စေတီတော်၏ မြောက်ဘက်စောင်း တန်းအနီးရှိ ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ်စံပယ်တော်မူပါသည်။ ပွင့်တော်မူ ဘုရား ဆင်းတုတော်မှာ အံ့ဖွယ်(၉)ပါး အသွင်အပြင်လက္ခဏာများ ပါရှိပါသည်။

အိမ်တော်ရာဘုရားတွင် ထူးခြားမှု တစ်ခု ရှိပါသေးသည်။ အခြားစေတီများမှာကဲ့သို့ ခြင်္သေ့များကို မုခ်လေးမုခ်တွင် မထားရှိဘဲ ထောင့်လေးထောင့်တို့တွင် တည်ထားခြင်း ဖြစ်ပါသည်။

စနေထောင့်ရှိ ခြင်္သေ့ရုပ်သည် နောင်အခါ ပန်းပဲမင်းကြီးဖြစ်လာမည့် အတွင်းဝန် ဦးမှိုကိုယ်တိုင် **ရန်အောင်၊ ရန်ပြေ၊ မာန်ပြေ အထိမ်းအမှတ် အဖြစ်** အဓိဋ္ဌာန်၍ ပြုလုပ်ထားခဲ့ပါသည်။

ကျန် ထောင့်သုံးထောင့်ရှိ ခြင်္သေ့များကို ပန်းရံဆရာတို့အား ပုံတူ ပြုလုပ်စေပါသည်။

ထို့အပြင် မြောက်ဘက်မုခ် အပြင်ဘက်၌ ဝန်မင်းဦးမှို၏ လက်ရာ နမူနာပုံစံပြု ခြင်္သေ့ရုပ်တစ်ရုပ် ရှိခဲ့ပါသည်။ သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေး ဟောပြောပွဲပြုစဉ်က၊ ကျောင်းသား သပိတ်များပါဝင်ခဲ့စဉ်ကနှင့် ဘုရားဖူးများကို ပို့ပေးခဲ့စဉ်ကတွေ့ခဲ့ရဖူးပါသည်။

သို့သော် ယခု အနှစ်(၄၀)၊ (၅၀) ကျော်မှ ရောက်သောအခါတွင် ယင်း ခြင်္သေ့ရုပ်ကို မတွေ့ရတော့သည်မှာ ဝမ်းနည်းဖွယ်ဖြစ်ပါသည်။

**၁၉၈၈ ပြည့်နှစ် အရေးတော်ပုံမှစ၍ မြန်မာနိုင်ငံအထက်ပိုင်း၏ သပိတ်စခန်း အထင်ကရ ဖြစ်ခဲ့သဖြင့် ပန်းပဲမင်းကြီး၏ ရန်အောင်ရန်မပြေခြင်္သေ့ ဖြစ်သည် ထင်သောကြောင့် ဖျက်ဆီးခြင်းခံရခြင်း ဖြစ်မည်လောဟု တွေးမိပါသည်။**

မန္တလေးမြို့သို့ ရောက်လျှင် မဟာလောကရံသီဘွဲ့ အိမ်တော်ရာဘုရားသို့ သွားရောက် ဖူးမြင်ဖြစ်အောင် ဖူးလိုက်ပါ၊ သင်၏ အောင်မြင်ရေးများအတွက် အထောက်အကူ ဖြစ်စေပါသည်။

**ဦးဦးသန်းတင်(တမူဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင် ၇/၂၀၀၈၊ တဆဆလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၈/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါကယ်။ ဝီတနယ်မှာ စည်းနှဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"


ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း
အမှတ်-ရ/၃၅၆၊ ငမောဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၃၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဝေ (LL.B)

ရှေးဟောင်းဆံတော်ရှင် စေတီတော်

# ဆင်တော်မတောင်ထိပ် ဆံတော်ရှင်ဘုရားဖူး

ခရီးနှင့် စိတ်ဝင်စားဖွယ်ရာများ

ကျွန်ုပ်ငယ်စဉ်က အဘိုး၊အဘွားတို့ရဲ့ အိမ်မှာ အတော်ကြာကြာ နေထိုင်ကြီးပြင်းခဲ့ရပါတယ်။ အဘိုး၊အဘွားတို့က ကျွန်ုပ်တို့ မြေးများကို ညစဉ်လို အိပ်ရာဝင် ပုံပြင်တွေ ပြောပြခဲ့ဖူးပါတယ်။

အဲဒီပုံပြင်တွေထဲမှာ သုခနုမင်းသားနဲ့ ငွေတောင်ပြည်က ဒွေးမယ်နော်တို့ရဲ့ လွမ်းမောဖွယ် ချစ်ဇာတ်လမ်းလဲ ပါဝင်ခဲ့တာမို့ ကျွန်ုပ် ရင်ထဲမှာ စွဲငြိခဲ့ဖူးပါတယ်။

အသက် တစ်ဆယ့်ငါးနှစ်မက နှစ်ဆယ်နှစ်ဝန်းကျင် လူပျိုပေါက်အရွယ် ရောက်ပြန်တော့ ဇာတ်သဘင်တွေ ကြည့်တဲ့အခါမှာလဲ သုခနုနဲ့ ဒွေးမယ်နော်တို့ရဲ့ ဇာတ်ထုပ်ဇာတ်လမ်းတွေ ကြည့်ရပြန်တယ်။

အဲဒီဇာတ်လမ်းဟာ အမှန်တကယ် မရှိခဲ့တဲ့ စိတ်ကူးယဉ်ဇာတ်လမ်းပဲလို့ ထင်မှတ်ခဲ့ဖူးပါတယ်။ ဒါပေမယ့်...

ကရင်ပြည်နယ်က သာသနာပြုဆရာတော်ဘဒ္ဒန္တသုဇန (မြိုင်ကြီးငူဆရာတော်ကြီး)ရဲ့ ကိုယ်တွေ့မှတ်တမ်းတွေကို ဖတ်ရှုလေ့လာမိတော့မှ သုခနုမင်းသားနဲ့ ဒွေးမယ်နော် မိဖုရားဆိုတာ အမှန်တကယ် ရှိခဲ့ဖူးကြောင်း အထောက်အထားအချို့ကို သိရှိရပါတယ်။

ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင်ဟာ နောက်ပါ ရဟန္တာများနဲ့အတူ မဟာသက္ကရာဇ် ၁၃၀ ပြည့်နှစ် ဟေမန္တဆောင်းရာသီမှာ ကမ္ဘောဇတိုင်းကို ဒေသစာရီကြွချီခဲ့ပြီး (၇)ရက်ကြာ သီတင်းသုံးကာ မင်းနဲ့တကွ တိုင်းသူပြည်သားတို့ကို တရားဓမ္မဟောကြားခဲ့ပါတယ်။

အဲဒီနောက် ကမ္ဘောဇမင်း သုခနုနဲ့ မိဖုရားကြီး ဒွေးမယ်နော်တို့ကို ဆံတော်(၉)ဆူ ချီးမြှင့်ပေးအပ်ပြီး ခရီးဆက်ကြွသွားခဲ့တယ်။

ကမ္ဘောဇမင်းကြီး သုခနုနဲ့ မိဖုရားကြီးဒွေးမယ်နော်တို့ဟာ ပညာရှိမှူးမတ်များ တောတောင်တွေမှာ တရားရှာမှီးနေကြတဲ့ ရသေ့ကြီးများနဲ့ ညှိနှိုင်းတိုင်ပင်ကြပြီးမှ အနာဂတ်ကာလမှာ ဗုဒ္ဓသာသနာ ပွင့်ထွန်းနိုင်တဲ့ တောင်(၉)တောင်မှာ ဆံတော်(၁)ဆူကျစီ ဌာပနာပြီး ကျောက်စေတီငယ်တစ်ဆူစီ တည်ထားစေခဲ့ပါတယ်။

**အဲဒီ တောင်(၉)တောင်ကတော့...**

၁။ ဆင်တော်မတောင်၊
၂။ ထီးဖာစီကြီးတောင်၊





www.burmeseclassic.com

www.burmeseclassic.com



◆ ဆင်တော်မတောင်ပေါ်မှ အရှေ့ဘက်သို့ လှမ်းမြင်ရသော ဆပိုတောင်

◆ ဆင်တော်မတောင်ပေါ်မှ အရှေ့မြောက်ဘက်တွင် လှမ်းမြင်ရသော ဆင်ကလေးတောင်



၃။ မယ်တော့ကြိုးတောင်၊
၄။ မုံ့ကစောတောင်၊
၅။ လေးကေ့ကုတောင်၊
၆။ တာခုလော်ကြိုးတောင်၊
၇။ ကြိုကြိုးတောင်၊
၈။ ရွှေအံတော်တောင်၊
၉။ မီးဖိုင်းတောင်
တို့ ဖြစ်ကြပါတယ်။

အဲဒီတောင်တွေဟာ ယခုခေတ် မြေပုံအရဆိုရင်တော့...

ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်များအတွင်း တည်ရှိနေကြတယ်။ ခေတ်အဆက်ဆက် လုံခြုံရေးနဲ့ ငြိမ်းချမ်းရေး အားအနည်းဆုံးနေရာဒေသများ ဖြစ်တဲ့အတွက် လူသူအရောက်အပေါက် နည်းခဲ့ပါတယ်။

ရှေးဟောင်း ကျောက်စေတီငယ်များဟာလဲ ချိုနွယ် ဖုံးလွှမ်းပျောက်ကွယ်မှုတွေ ရှိခဲ့တယ်။ အချို့လဲ ပြန်လည်ပြုပြင်တည်ထားခြင်း ခံရတာတွေလဲ ရှိပါတယ်။

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနကတော့ အဲဒီတောင်(၉)တောင်ကို လှည့်လည်ရှာဖွေ တက်ရောက်ပြီး ပဋ္ဌာန်းဆက် တပည့်ဒကာများရဲ့ ပံ့ပိုးကူညီမှုနဲ့ ရှေးဟောင်း ဆံတော်ရှင်စေတီတော်(၉)ဆူကို ပြုပြင်တည်ထားခြင်း ဘုရားစေတီသစ်များ ထပ်မံတည်ထားခြင်း...

ဆံတော်ရှင် ဘုရားစေတီတော်များကို စောင့်ရှောက်ဖို့ ရဟန်းသံဃာများကို တာဝန်ပေးခြင်း၊ ကျောင်းသခ်မ်းများ ဆောက်လုပ်ခြင်း၊ သိမ်များ၊ ရေတွင်း ရေကန်များ ဆောက်လုပ်ပေးခြင်း...

အချို့တောင်များပေါ်ကို အလွယ်တကူ တက်ရောက်နိုင်အောင် လူသွားလမ်းများ၊ မော်တော်ကားလမ်းများ ဖောက်လုပ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်ုပ်ဟာ ဆံတော်ရှင် ရှေးဟောင်းစေတီတော်များကို သွားရောက် ဖူးမြင်လိုတဲ့ဆန္ဒကြောင့် မိသားစုနဲ့အတူ သွားရောက်ခဲ့ပါတယ်။

ကျွန်ုပ်တို့မိသားစု သွားရောက်ခဲ့ပြီးတဲ့တောင်များကတော့ ကရင်ပြည်နယ် ကမမောင်းမြို့ အရှေ့ဘက်မှာရှိတဲ့ မီးဖိုင်းတောင်၊ ကရင်ပြည်နယ် ဖာပွန်မြို့ အနောက်ဘက်မှာရှိတဲ့ ရွှေအံတော်တောင်၊ မွန်ပြည်နယ် ဘီးလင်းမြို့ အရှေ့ဘက်မှာရှိတဲ့ လေးကေ့ကုတောင်နဲ့ ကယားပြည်နယ် ဒီးမော့ဆိုမြို့ရဲ့ အနောက်မြောက်ယွန်းယွန်းရှိ ဆင်တော်မတောင်တို့ ဖြစ်ပါတယ်။

ယခု နောက်ဆုံးရောက်ရှိခဲ့တဲ့ ဆင်တော်မတောင် ဘုရားဖူး ခရီးစဉ်မှတ်တမ်းကို ဖော်ပြပေးပါမယ်။

ကျွန်ုပ်ရဲ့ဖခင် အသက်(၈၅)နှစ်အရွယ် အပါအဝင် ကျွန်ုပ်ရဲ့ဇနီးနဲ့ သားသမီး မြေးမြစ်၊ တူ,တူမ စသည်ဖြင့် ဘုရားဖူး စုစုပေါင်း(၁၈)ဦးမှာ အငယ်ဆုံးကတော့ အသက်(၅)နှစ်အရွယ် ကျွန်ုပ်မြေးမလေး ဖြစ်ပါတယ်။ ALPHARD ကားတစ်စီး၊ TOYOTA WISH ကားတစ်စီး စုစုပေါင်း ကား(၂)စီးနဲ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်၊ နံနက်(၅)နာရီမှာ ရန်ကုန်မြို့မှ စတင် ခရီးထွက်ခဲ့ကြပါတယ်။

နံနက်(၆း၃၀)နာရီမှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၃၉)မိုင် စားသောက်ဆိုင်တန်းမှာ နံနက်စာ စားသောက်ကြပြီး ခရီးဆက်ပါတယ်။

နံနက်(၁၀း၃၀)နာရီခန့်မှာ နေပြည်တော်အဝင်လမ်း ယာဉ်ရပ်နားစခန်းမှာ နေ့လယ်စာ စားသောက်ကြတယ်။





www.burmeseclassic.com

www.burmeseclassic.com

အဲဒီ နေပြည်တော်ကစပြီး အမြန်လမ်းကို မသုံးတော့ဘဲ ပျဉ်းမနား–တပ်ကုန်း လမ်းဟောင်းဘက် ပြန်သွားပြီး ပျဉ်းမနားပင်လောင်းလမ်းခွဲကို နေ့ခင်း (၁၂း၃၀)နာရီခန့်မှာ ရောက်ရှိပါတယ်။

ပျဉ်းမနား–ပင်လောင်း လမ်းဟာ မော်တော်ကား(၂)စီး ကောင်းစွာ ရှောင်နိုင်အောင် ကျယ်တဲ့ ကတ္တရာကားလမ်း ဖြစ်ပါတယ်။

ပျဉ်းမနား ပင်လောင်းလမ်း ဆိုပေမယ့် ကျွန်ုပ်တို့က စစ်တပ်ဧရိယာကို မဖြတ်ရတဲ့ **တပ်ကုန်း–ပင်လောင်း** လမ်းက သွားခဲ့တာပါ။

တပ်ကုန်းမြို့ရဲ့ အရှေ့ ခရီးအကွာအဝေး (၆၈)မိုင်၊ (၇)ဖာလုံမှာ ပင်လောင်းမြို့ ရှိတာပါ။

မော်တော်ကားလမ်း တစ်လျှောက်မှာ တောင်တက်တောင်ဆင်းတွေနဲ့ အကွေ့အကောက်တွေ အလွန်များတာမို့ မိသားစုဝင် လူကြီးတချို့၊ ကလေးတချို့ မူးဝေအော့အန်ကြပါတယ်။ လမ်းမှာ မကြာခဏ ရပ်နားကြရတယ်။

ပဲခူးရိုးမတောင်တန်းရဲ့ အရှေ့ဘက်ခြမ်းနဲ့ ရှမ်းရိုးမတောင်တန်းရဲ့ အနောက်ဘက်ခြမ်းတို့ကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ လမ်းဖြစ်ပါတယ်။

လမ်းတစ်လျှောက်မှာတော့ လူနေအိမ်ခြေတွေ သိပ်ပြီး မပြတ်ပါဘူး။ တောတောင်ရှုခင်းတွေ အလွန်လှပတယ်။ မွန်းလွဲ(၂)နာရီခန့်မှာ ပဲခူးရိုးမတောင်ရှေ့ဘက်ခြမ်းနဲ့ ရှမ်းရိုးမတောင် အနောက်ခြမ်းရဲ့ကြား **ပေါင်းလောင်းမြစ်**ကို ပြုလုပ်ထားတဲ့ ပေါင်းလောင်းဆည်ကြီးကို တွေ့မြင်ရတယ်။


မြစ်ကူးတံတားဖြစ်တဲ့ **လီနီးလီ တံတားကြီး**မှာ ခဏရပ်နားပြီး မိသားစု ဓာတ်ပုံတွေ ရိုက်သူရိုက်၊ ဆဲလ်ဖီ ရိုက်သူရိုက်နဲ့ . အလွန်ပျော်ရွှင်ကြပါတယ်။

တံတားအရှည် (၁၇၆၈)ပေ ဖြစ်ပြီး ကြိုးတံတား ဖြစ်ပါတယ်။ တံတားကြီးရဲ့ အနောက်ဘက်မှာ မြင့်မားမတ်စောက်တဲ့ ပဲခူးရိုးမတောင်တန်းကို တွေ့မြင်ရပြီး တံတားကြီးရဲ့ အရှေ့



◆ ထင်တော်မတောင်ပေါ်ရှိကျောင်းနှင့် အဆောက်အအုံသစ်ကြီး

◆ ဒီမောဂ်မြို့၊ နန်းမယ်ရုံရွာရှိ ဘုရားမုခ်ဦးရှိရာ လမ်းခွဲ



ဘက်မှာ ကျွန်ုပ်တို့ ခရီးဆက်ရဦးမယ့် ရှမ်းတောင်တန်း မြင့်မြင့်မတ်မတ်ကြီးကို တွေ့မြင်နေရတယ်။

တကယ်တော့ ကျွန်ုပ်တို့ဟာ တောင်တန်းကြီး(၂)ခုကြား နေရာမှာ ရောက်ရှိနေကြတာပါ။ ပေါင်းလောင်းမြစ်၊ ပေါင်းလောင်းဆည်ကြီးရဲ့ အနီးဝန်းကျင်မှာ ဟိုတစ်ကွက်၊ ဒီတစ်ကွက်၊ လူနေအိမ်တွေ များစွာရှိပါတယ်။

တောင်ဆင်းလမ်းမှာ တွေ့မြင်ခဲ့ရတဲ့ ဆိုင်းဘုတ်အရဆိုရင်တော့ ဒါဟာ **ပေါင်းလောင်းမြို့** ဖြစ်ပါတယ်။

ကျွန်ုပ်တို့အားလုံး မော်တော်ကားပေါ်ပြန်တက်ပြီး ခရီးဆက်ပါတယ်။ အနောက်ဘက်ရောက်ရှိတဲ့ နေမင်းကြီး အလင်းရောင်ကြောင့် အရှေ့ဘက်မှာ ရှိတဲ့ တောင်တန်းရှမ်းရိုးမပေါ်က တောင်ကုန်းတွေပေါ်မှာ ရွှေဝါရောင် တောက်တောက်ပပ တစ်တောင်လုံး၊ တစ်တောလုံး တွေ့မြင်ကြရပါတယ်။

အနီးကပ် ကြည့်တော့မှ နေကြာရိုင်းပန်းပင်တွေဖြစ်ကြောင်း သိရတယ်။ ရှမ်းရိုးမတောင်တန်းကြီးရဲ့ သဘာဝအလှတရား လက်ဆောင်ပါပဲ။ တောင်ခြေကနေ တောင်ထိပ်အထိ ဝင်းဝါပြောင်လက်နေတာပဲ တွေ့ရှိကြရတယ်။

လမ်းဘေးမှာ ကားခဏရပ်ပြီး အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



◆ ဆင်တော်မတောင်ပေါ်ကျောင်းတွင် ဖူးမြင်ရသော
ဦးပဥ္စင်းကေသရှင် ကျွန်ုပ်၏ခြေပြယ်များ

နေကြာရိုင်းပန်းပင်တွေနဲ့အတူ ဆဲလ်ဖီ ရိုက်ကြပါသေးတယ်။ ဖေ့ဘုတ်လဲ ပို့ကြတယ်။

ရှမ်းရိုးမ တောင်တန်းမှာလဲ အတက်,အဆင်းတွေ အကွေ့အကောက်တွေ အလွန် များလှပါတယ်။

တပ်ကုန်း–ပင်လောင်း မော်တော်ကားလမ်းတစ်လျှောက်မှာတော့ တခြား မော်တော်ကားတွေနဲ့ မော်တော်ဆိုင်ကယ်တွေ အသွားအလာ သိပ်မတွေ့ရပါဘူး။ အစစ်အဆေးဂိတ်တွေလဲ မတွေ့ရဘူး။ အသုံးနည်းတဲ့ လမ်းကြောင်းလို့ ယူဆရပါတယ်။

ဒီလိုနဲ့ မွန်းလွဲ(၃း၃၀)နာရီမှာ ပင်လောင်း–လွိုင်ကော် မော်တော်ကားလမ်းမကို ရောက်ရှိပါတယ်။ ပင်လောင်းမြို့ရဲ့ တောင်ဘက်အထွက် ဖြစ်ပါတယ်။

ကျွန်ုပ်တို့ ခရီးဆက်ထွက်ခဲ့ကြပြီး ဖယ်ခုံမြို့၊ မိုးဗြဲမြို့တို့ကို ကျော်ဖြတ်ကာ လွိုင်ကော်မြို့အဝင်ကို ညနေ(၆း၃၀) နာရီမှာ ရောက်ရှိပါတယ်။ မြို့အဝင် လမ်းဆုံမှာ ပထမဆုံးတွေ့ရှိရတဲ့ စားသောက်ဆိုင်ကြီးမှာပဲ ညစာကို စားသောက်ကြတယ်။

ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့မှာ ညအိပ်ရပ်နားဖို့ "နန်းထိုက်စံ"အဆင့်မြင့် ဧည့်ရိပ်မွန်ကို သွားရောက်ကြပါတယ်။

အဲဒီ ဧည့်ရိပ်မွန်ပိုင်ရှင်က အလွန် သဘောကောင်းပြီး ဧည့်ရိပ်မွန်ကလဲ သန့်ပြန့်ပါတယ်။ အအေးဓာတ် အတော်များတာမို့ ရေမချိုးကြဘဲ ခြေဆေးလက်ဆေး၊ မျက်နှာသစ်ပြီး အိပ်ရာဝင်ခဲ့ကြပါတယ်။

နံနက်(၆)နာရီကျော်မှာ အိပ်ရာမှ ထကြတယ်။ ဧည့်ရိပ်မွန် အပေါ်ထပ် ဝရန်တာကနေ အပြင်ရှုခင်းကို ထွက်ကြည့်လိုက်တော့ နှင်းအနည်းငယ် ကျနေတာ တွေ့ရတယ်။

မြို့တွင်းလောက်လို့ ယူဆရတဲ့ နေရာမှာ စေတီဘုရားတွေ စီတန်းနေတဲ့ တောင်တန်းငယ်တစ်ခုကို တွေ့ရှိရတယ်။

'ဟော ဟိုမှာ တွေ့ရတာက မြကလာပ် တောင်တော်နဲ့ ဘုရားစေတီတွေပါ။ ဟိုဘက်ကတော့ ရွှေလက်ဝဲတောင်တော်နဲ့ ဘုရားစေတီတွေ ဖြစ်ပါတယ်'

ဧည့်ရိပ်မွန်ပိုင်ရှင် အမျိုးသမီးက ကျွန်ုပ်ကို ရှင်းပြပေးပါတယ်။ အဲဒီ ဘုရားတောင်ပေါ်တွေကို မော်တော်ကားနဲ့ တက်ရောက် ဖူးမြော်နိုင်ကြောင်းလဲ ပြောပြတယ်။

ဒါ့အပြင် လွိုင်ကော်မြို့မှာ မြို့နာမ် စေတီ၊ တောင်သုံးလုံးတောင်မှ ဘုရားစေတီတော်များကို သွားဖို့လဲ တိုက်တွန်းပါတယ်။

လွိုင်ကော်မြို့နဲ့ အနီးဝန်းကျင်မှာ နောင်ယားကန်သာယာ၊ ထေးငေးလျှားကန်သာယာ၊ ကျတ်ဂူ၊ လွယ်တမူဂူ၊ အောင်သပြေဂူ၊ ထီးစဲခန်းရေတံခွန် တို့ကို သွားရောက်သင့်ပြီး ဒီးမော့ဆိုမြို့နယ်မှာ ကန်ခုနစ်ဆင့်၊ ထီးပွင့်ကန်၊ ကွိုင်ငံရေထွက်၊ ငွေတောင်ဆည်၊ ကယန်းတိုင်းရင်းသားကျေးရွာ ပန်ပက်တို့ကိုလဲ သွားရောက်သင့်တယ်လို့ ပြောပါသေးတယ်။

အဲဒီနေရာတွေ အားလုံးကို သွားဖို့ဆိုရင်တော့ လွိုင်ကော်မှာ အနည်းဆုံး (၂)ညလောက် အိပ်ဖို့ လိုအပ်ပါတယ်။

ကျွန်ုပ်တို့မှာ တခြားသွားလာစရာတွေလဲ ကျန်ရှိသေးတာမို့ လွိုင်ကော်မှာ (၂)ညအိပ်ဖို့ မဖြစ်နိုင်ဘူး။ ဧည့်ရိပ်မွန်ပိုင်ရှင်ကတော့ တစ်နေ့တာ သွားရောက်သင့်တဲ့နေရာတွေကို မြေပုံကြမ်းဆွဲပြပြီး သေသေချာချာ လမ်းညွှန်ပေးတဲ့အပြင် နံနက်စာ၊ နေ့လယ်စာ စားတဲ့အခါ ဘယ်ဆိုင်မှာ ဘယ်အစားအသောက်တွေ ကောင်းကြောင်းကိုလဲ ပြောပြပါသေးတယ်။

လွိုင်ကော်၊ ဒီးမော့ဆို အပါအဝင် ကယားပြည်နယ်အတွင်း သွားလာသင့်တဲ့ မြို့တွေ၊ ရွာတွေ၊ နေရာထူးတွေကို ဧည့်ရိပ်မွန်ပိုင်ရှင်နဲ့ ဝန်ထမ်းအချို့က လမ်းညွှန်ပြောပြကြပေမယ့် ကျွန်ုပ်တို့ သွားရောက်လိုတဲ့ နေရာထူးတစ်ခုက လုံးဝ မပါဝင်ခဲ့ဘူး။ ဒါကြောင့်...

'ဆင်တော်မတောင်ကို ဘယ်လို သွားရမှာလဲ'

ကျွန်ုပ်သွားချင်တဲ့နေရာကို မေးမြန်းစုံစမ်းလိုက်ပါတယ်။

'အဲဒီကို ကျွန်မ မရောက်ဖူးပါဘူး။ ဒီလွိုင်ကော်မြို့က လူတွေ အတော်များများက ကြားဖူးပေမယ့် မရောက်ဖူးကြတာ များတယ်။

ဒီလွိုင်ကော်မြို့ကနေ တောင်ဘက် ဒီးမော့ဆိုအထိ သွားရမယ်။ ငွေတောင်ဆည် ရောက်ရင် ဆည်ပေါင်အောက်ဘက်ကပဲ လျက် ကားလမ်းအတိုင်း ဆက်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com





◄ ပေါင်လောင်းဆည် ရောက်စံရှင်းနှင့်
လိနိုလီကြိုးတံတားထိပ်မှာ စာရေးသူ အမှတ်တရ

ဆင်တော်မတောင်ပေါ်ရှိ ဆံတော်ရှင်စေတီတော် သမိုင်းအကျဉ်းကျောက်စာ ►

မကြာခင် ညာဘက်ကို ကတ္တရာ မော်တော်ကားလမ်းခွဲကြီးတစ်ခု တွေ့မယ်။ တောင်ငူမြို့ကို သွားတဲ့လမ်းပေါ့။

အဲဒီနားမှာ ဆိုင်တွေ ရှိပါတယ်။ နန်းမယ်ခုံရွာ သွားတဲ့လမ်းကို မေးပါ။ အဲဒီတောင်ငူသွားလမ်းအတိုင်း ဆက်သွားရင် နောင်ပုလဲရွာကိုရောက်တာနဲ့ ညာဘက်ကို ကားလမ်းခွဲရှိတယ်။

အဲဒီကားလမ်းခွဲမှာ ထပ်မေးပါ။ ဆက်သွားရင် နန်းမယ်ခုံရွာကို ရောက်လိမ့်မယ်။ နန်းမယ်ခုံရွာမှာ မေးရင် ဆင်တော်မတောင် အသွားလမ်းကို သူတို့ ညွှန်ပေးမှာပါ'

နန်းထိုက်စံ ညွှန်ကြားရေးမှူးနဲ့ ပိုင်ရှင်အမျိုးသမီးနဲ့ ဝန်ထမ်းအချို့က လမ်းညွှန်လိုက်တဲ့အတိုင်း ကျွန်ုပ်တို့ မော်တော်ကားနှစ်စီး၊ နံနက်(၇)နာရီခန့်မှာ စတင် ထွက်ခွာခဲ့ကြပါတယ်။

လှိုင်ကော်နဲ့ ဒီးမော့ဆိုမြို့ဟာ (၁၄) မိုင်ခန့်သာ ကွာတာမို့ မကြာခင်မှာပဲ ရောက်ရှိခဲ့ကြပါတယ်။ ဟိုမေးဒီမေးနဲ့ သွားရင်း အချိန်(၁)နာရီလောက် မကြာခင် နန်းမယ်ခုံကျေးရွာကို ရောက်ရှိကြပါတယ်။

နန်းမယ်ခုံရွာထဲမှာ လမ်းခွဲတစ်ခုရဲ့ ထိပ်ရောက်တော့ လမ်းညွှန်ဆိုင်းဘုတ် အစိမ်းရောင်နဲ့ **"ဆင်မတောင်ကျောင်းသို့"** ဆိုတဲ့ လမ်းညွှန်နဲ့အတူ လမ်းထိပ်မှာ မြိုင်ကြီးငူဆရာတော်ကြီးရဲ့ မုခ်ဦးကို တွေ့မြင်ရပါတယ်။

"ကမ္ဘာလုံးငြိမ်းချမ်းအေးဆံတော်ရှင်စေတီတော် ၁၃၇၂ ခု၊ မြိုင်ကြီးငူဆရာတော် ကြီးမှူး၍ ကယား၊ ရှမ်း၊ ကရင် အများအကာကောင်းမှု။

အဲဒီလမ်းအတိုင်း ကျွန်ုပ်တို့ ကားတွေ မောင်းဝင်သွားတာ တောင်ခြေကို ရောက်တဲ့အထိ (၁၀)မိနစ်လောက်ပဲ ကြာပါလိမ့်မယ်။ တောင်ခြေကနေပြီး တောင်တက်လမ်းအတိုင်း မော်တော်ကားလမ်း ကောင်းစွာ ရှိပါတယ်။

တောင်တက်လမ်းက အကွေ့အကောက်တွေနဲ့ပါပဲ။ (၅)မိနစ်ကျော်ကျော်လောက် မောင်းတက်ပြီး ဘုရားကုန်းတော်ရင်ပြင်အနီး ရောက်ရှိပါတယ်။ ဒီတောင်တက်လမ်းကတော့ ဘုရားဖူးကားကြီးတွေ မတက်နိုင်ပါဘူး။ ကိုယ်ပိုင်ကားငယ်တွေပဲ တက်နိုင်ပါမယ်။

နန်းမယ်ခုံရွာတွင်း လမ်းညွှန်ဆိုင်းဘုတ်နဲ့ ဘုရားစေတီမုခ်ဦး အဝင်ကနေ ယခု ဘုရားစေတီတောင်ထိပ် ကုန်းတော်ရင်ပြင်အထိ ကတ္တရာလမ်း ဖြစ်ပါတယ်။ ကားငယ်သုံး, လေးစီးလောက် ရပ်နားနိုင်လောက်အောင် ကျယ်ပြန့်တယ်။

အဲဒီကုန်းတော်ရဲ့ အမြင့်ပိုင်းမှာ သစ်သားကျောင်း တစ်ဆောင် တွေ့ရတယ်။ ဆင်မတောင်ကျောင်း ဖြစ်ပါတယ်။ သစ်သားကျောင်းရဲ့ မျက်နှာစာ အနည်းငယ် နိမ့်တဲ့ တောင်စောင်းမှာ အသစ်ဆောက်လုပ် ပြီးစီးထားဟန် ရှိတဲ့ အုတ်တိုက်ကျောင်း (သို့မဟုတ်) သိမ်တော်ကြီး ခံ့ညားထည်ဝါစွာ ရှိပါတယ်။

အဲဒီကျောင်းဆောင်ကြီးရဲ့ အရှေ့ဘက်လို့ ယူဆရတဲ့ တောင်စောင်းမှာ ဆင်ဖြူတစ်ကောင် ဝပ်စင်းနေဟန် ရုပ်တုကြီးပေါ် စေတီငယ်တစ်ဆူကို သပ္ပါယ်စွာ ဖူးမြင်ရပါတယ်။

အဲဒီစေတီတော်ကတော့ ဗုဒ္ဓမြတ်စွာဘုရားရှင်ထံမှ သုဓနုမင်းနဲ့ မိဖုရားကြီးဒွေးမယ်နော်တို့ ရရှိခဲ့တဲ့ ဆံတော်ရှင် (၉)ဆူထဲမှ (၁)ဆူကို ဌာပနာပြီး တည်ထားတဲ့ ရှေးဟောင်းစေတီတော် ဖြစ်ပါတယ်။

စေတီတော်အနီး ရင်ပြင်တစ်နေရာမှာ သမိုင်းမှတ်တမ်းကျောက်စာ တစ်ချပ်ကိုလဲ တွေ့မြင်ရပါတယ်။ (မှတ်တမ်းဓာတ်ပုံတွေ ရိုက်ပြီး ဆောင်းပါးနဲ့အတူ ဖော်ပြပေးပါမယ်။)

ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့ဝင် မိသားစုများအားလုံး ရှေးဟောင်း ဆံတော်ရှင် စေတီတော်ရင်ပြင်ကို အရင်ဆုံးသွားကြပြီး အလင်းတိုင်၊ အမွှေးတိုင်များ

www.burmeseclassic.com

ထွန်းညိုပူဇော်ရှိခိုးကြပါတယ်။

အဲဒီနောက်မှ ဆင်မတောင်ကျောင်းပေါ်ကို သွားကြပြီး ကျောင်းပေါ်မှာ ဖူးတွေ့ရတဲ့ ဦးပဉ္ဇင်းတစ်ပါးကို ရှိခိုး ဦးချကန်တော့ခြင်း၊ အလှူငွေများ လှူဒါန်းကြခြင်း ပြုပါတယ်။

ဦးပဉ္ဇင်းကြီးရဲ့ ဘွဲ့အမည်ကို စုံစမ်းကြည့်တော့ ဦးကောသလ္လဖြစ်ကြောင်း၊ ဝါတော်(၁၅)ဝါဖြစ်ပြီး မိုးပြဲမြို့ဇာတိ၊ ကယန်း(ပဒေါင်)တိုင်းရင်းသား ဖြစ်ကြောင်း ပြောပြတယ်။

ဒီဆင်မတောင်ကျောင်းမှာ သံဃာတော်(၂)ပါးသာရှိကြောင်း ဘုရားတောင်တော်ကို စောင့်ရှောက်သီတင်းသုံးနေကြရကြောင်း သိရပါတယ်။

ကျွန်ုပ်အနေနဲ့ ယခု ရောက်ရှိနေတဲ့ ဆင်တော်မတောင်နဲ့ ပတ်သက်ပြီး ဖတ်ရှုမှတ်သားထားတဲ့ စာတိုပေစတွေ စုံစမ်းမေးမြန်း ကြားသိထားဖူးတဲ့ အကြောင်းအရာ အချက်အလက်တွေ အရဆိုရင်...

ကမ္ဘောဇတုရင် သုဓနုမင်းကြီးရဲ့ မိဖုရားကြီး ဒွေးမယ်နော်ရဲ့ မွေးရာဇာတိဖြစ်တဲ့ ငွေတောင်ပြည် နန်းမယ်ခုံရွာ အနီး တောင်ပေါ်မှာ မြတ်စွာဘုရားရှင်ရဲ့ ဆံတော်တစ်ဆူ ဌာပနာတည်ထားတဲ့ ကျောက်စေတီငယ် ရှိတဲ့အတွက် ရှေးအခါက ဒီတောင်ကို "**အရှင်မတောင်**"လို့ ခေါ်ရာကတစ်ဆင့် "**ရှင်တော်မတောင်**","**ဆင်တော်မတောင်**","**ဆင်မတောင်**"စသဖြင့် တဖြည်းဖြည်း အခေါ်အဝေါ် ပြောင်းလဲခဲ့ပါတယ်။

တချို့ကလဲ ဆံတော်ရှင် ဌာပနာထားတဲ့နေရာမှာ မူလ တွေ့ရှိရတဲ့ ဆင်တစ်ကောင် ဝပ်နေဟန် ပုံတူတဲ့ ကျောက်တုံးကြီးကို အစွဲပြုပြီး "**ဆင်တောင်**"လို့ခေါ် ကြောင်း ပြောကြပြန်တယ်။ ဒါကြောင့် ဒေသခံဖြစ်တဲ့ ဦးပဉ္ဇင်းကောသလ္လကို မေးမြန်းစုံစမ်းကြည့်ပါတယ်။


"ဒီလိုဒကာရဲ့... ဒီတောင်ပေါ်ကနေ လှမ်းမြင်ရတဲ့ ဟိုအရှေ့ဘက် လယ်ကွင်းပြင်ကြီးကို တွေ့တယ် မဟုတ်လား။ အဲဒီနေရာကနေပြီး ဒီတောင်ကို လှမ်းကြည့်လိုက်ရင် ဆင်မကြီးတစ်ကောင် ဝပ်နေတဲ့ ပုံသဏ္ဌာန်မျိုး တွေ့မြင်ရလို့ ဒီတောင်ကို "ဆင်မတောင်"လို့ ခေါ်တာပါ။


နောက်ပြီး ဒီတောင်ပေါ်က ဟောဟို အရှေ့တောင်ဘက်ကို လှမ်းကြည့်လိုက်ရင် တွေ့မြင်ရတဲ့ တောင်ဟာလဲ ဆင်တစ်ကောင် ဝပ်နေတဲ့ ပုံသဏ္ဌာန် ဖြစ်နေတယ်။

ဒါကြောင့် အဲဒီတောင်ကို "ဆင်ဖိုတောင်" လို့ ခေါ်ကြပြန်တယ်။ အရှေ့မြောက်ဘက်မှာ လှမ်းကြည့်ရင် မြင်ရတဲ့တောင်ဟာ ဆင်ကလေးတွေ ဝပ်နေတဲ့ ပုံသဏ္ဌာန်ရှိတဲ့အတွက် "ဆင်ကလေးတောင်"လို့ ခေါ်ကြသေးတယ်။ ဒါက ဒီဒေသခံတွေ အနေအထော်မှာ သိထားကြတဲ့ အခေါ်ပဲ ဖြစ်တယ် ဒကာကြီးရဲ့"

ဦးပဉ္ဇင်းကောသလ္လရဲ့ ရှင်းပြ ပြောစကားကို နားထောင်ပြီးတော့ ကျွန်ုပ်လဲ မှတ်စုဟောင်းကို ပြန်ဖတ်ကြည့်ပါတယ်။

မြိုင်ကြီးငူဆရာတော်ကြီးနဲ့ တပည့်ဒကာများဟာ လွိုင်ကော်မြို့ အနောက်ဘက် (၂၁)မိုင်ဝေးတဲ့ ဒီးမော့ဆိုမြို့နယ်အပိုင် နန်းမယ်ခုံရွာ




ဆင်တော်မတောင်သို့ ကျွန်ုပ်တို့မိသားစု ဘုရားဖူးသွားခဲ့သော ခရီးလမ်းမြေပုံကြမ်း

✳ ရန်ကုန်မြို့မှ ဘုရားဖူးသွားမည်ဆိုလျှင် တောင်ငူ–လွိုင်ကော်လမ်း အတိုင်း သွားလျှင် ပိုနီးမည်။(ကျွန်ုပ် မသွားဘူးသဖြင့် မသွားခဲ့ပါ။)

✳ မန္တလေးမြို့မှဆိုလျှင် မိတ္ထီလာ–အောင်ပန်း–ပင်လောင်း–လွိုင်ကော် ခရီးစဉ်ဖြင့် သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

အနီး ဆင်တော်မတောင် (ခေါ်) ဆင်တောင်ပေါ်မှာ ၁၃၅၇ ခုနှစ်က ရှေးဟောင်းကျောက်စေတီ (ဆံတော်ရှင်ဌာပနာထားသောစေတီ)ငယ်ကို ငုံပြီး **"ကမ္ဘာလုံးငြိမ်းအေး ဆံတော်ရှင်"** စေတီတော်ကို တည်ထားခဲ့တဲ့အပြင် ဆင်တောင်ရဲ့ အမြင့်ဆုံးထိပ်ပိုင်းမှာလဲ **"ကမ္ဘာလုံးရွှေစေတီ"**၊ **"ဝိဇ္ဇာဥဒပါဒိစေတီ"**၊ **'အနန္တသုခဓာတ်ပေါင်းစုစေတီ"**တို့ကို အသစ်တည်ထားဖို့ အုတ်မြစ်ချထားပေးကြောင်း သိရပါတယ်။

သိမ်တော် တည်ဆောက်ဖို့လဲ အုတ်မြစ်ချထားပေးခဲ့ကြောင်း သိရပြန်ပါသေးတယ်။ ဒါ့အပြင် ကယားပြည်နယ် လွယ်နုဖတောင်မှာ ပြည်လုံးအေးစေတီတော်နဲ့ မြတ်ဘုန်းပွင့်အေးသုခစေတီတော်တို့ကိုပါ တည်ထားပေးခဲ့ကြောင်း သိရတယ်။

ကျွန်ုပ် ယခုရောက်ရှိနေတဲ့ ဆင်မတောင်ဆံတော်ရှင်ရင်ပြင်မှာ ကျွန်ုပ်ရဲ့ မိသားစုဝင်များက ရှုခင်းအလှများကို နောက်ခံထားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ၊ ဆဲလ်ဖီရိုက်ကြ၊ ဓာတ်ဗူးတင်ကြနဲ့ အလုပ်ရှုပ်နေပါပြီ။

ဒီဆင်တောင်ပေါ်အထိ ကတ္တရာကားလမ်းကောင်းသလို လျှပ်စစ်မီးလဲ ကောင်းကောင်းရကြောင်း ရေလဲပေါကြောင်း သိရပါတယ်။ အဆောက်အအုံသစ်ကြီးရဲ့ အနီးမှာရှိတဲ့ ရေလောင်းအိမ်သာအသစ်တွေက မြို့ထက် သာပါပေတယ်။

ဆံတော်ရှင်စေတီ ရင်ပြင်မှ အနောက်ဘက် တောင်ထိပ်ပေါ်ကို တက်ဖို့ လူသွားလမ်း ဖောက်လုပ်ထားတာ တွေ့ရှိရတယ်။ အဲဒီလမ်းအတိုင်း ဆက်တက်သွားရင် တောင်ထိပ်အမြင့်ပိုင်းမှာ အသစ်တည်ထားတဲ့ စေတီတော်တွေ ဖူးမြင်နိုင်ပါဦးမယ်။

ဒါပေမယ့် ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့မှာ အသက်(၈၅)နှစ် ရှိပြီဖြစ်တဲ့ ကျွန်ုပ်ဖခင်ရယ်၊ ခန္ဓာကိုယ် ဝလွန်းသူတွေရယ်၊ ကလေးငယ်လေးတွေရယ် ပါဝင်ခဲ့တာမို့ တောင်ထိပ်ကို ဆက်တက်ဖို့ အခွင့်မသာခဲ့ပါဘူး။

ဒီမိသားစုဝင်တွေ အကုန်မပါဘဲ ကျွန်ုပ်ကိုယ်တိုင် ဆက်တက်ဖို့ ဆန္ဒမရှိတာမို့ ဦးပဥ္စင်းကို နှုတ်ဆက်ပြီး ဆံတော်ရှင်စေတီတော်ရင်ပြင်မှ ပြန်ခဲ့ကြပါတော့တယ်။

ဒွေးမယ်နော်မိဖုရားကြီးရဲ့ ဇာတိရပ်ရွာမှာ ဒွေးမယ်နော်မိဖုရားကိုယ်တိုင် ဦးဆောင် တည်ထားခဲ့ဖူးတယ်ဆိုတဲ့ ရှေးဟောင်း ဆံတော်ရှင်စေတီတော် တည်ရှိရာ အရှင်မတောင်၊ ရှင်တော်မတောင်၊ ဆင်တော်မတောင်၊ ဆင့်မတောင်၊ ဆင်တောင် စသဖြင့် အမည်အမျိုးမျိုးရှိခဲ့တဲ့ တောင်ပေါ်က ပြန်အဆင်းမှာတော့ စိတ်ထဲ လွမ်းသလိုလို ဆွေးသလိုလို ခံစားချက် ဖြစ်ပေါ်ခဲ့ပါသေးတယ်။

အပြန်လမ်းမှာတော့ ဇာတ်လမ်းတွေမှာ သိခဲ့ရဖူးတဲ့ ဒွေးမယ်နော်နတ်သမီးကိန္နရီ ညီအစ်မခုနစ်ဖော်ရေကစားခဲ့ကြဖူးတဲ့ **ငွေတောင်ချောင်း (ယခုငွေတောင်ဆည်)**၊ ကန်ခုနစ်ဆင့်နဲ့ ထီးပွင့်ကန်အနီးက **သုဓနုမင်းသားနဲ့ ဒွေးမယ်နော်တို့ သစ္စာဓိဋ္ဌာန်ပြုခဲ့ဖူးတယ်ဆိုတဲ့ သစ္စာကန်၊ နတ်ရေတွင်း**တို့ကိုပါ ဝင်ရောက်လေ့လာကြဖို့ စီစဉ်ထားပါတယ်။

**ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံရွာ ဆင်မတောင်ပေါ်က ရှေးဟောင်းဆံတော်ရှင်စေတီတော်အကြောင်းကို** လွိုင်ကော်မြို့ဒေသခံတွေတောင် သိရှိသူ နည်းပါတယ်။

ရောက်ရှိဖူးမြော်ဖူးသူလဲ နည်းပါတယ်။ မြန်မာနိုင်ငံအနှံ့က ဘုရားဖူးကားတွေနဲ့ ကယားပြည်နယ်ကို ရောက်ရှိခဲ့ဖူးသူတွေလဲ အဲဒီကို မရောက်ကြဘူး။

ကယားပြည်နယ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်ဆိုတဲ့ ဝန်ထမ်းတွေလဲ သိဖူး ရောက်ဖူးသူ နည်းလှပါတယ်။

ဒါကြောင့် ကျွန်ုပ်အနေနဲ့ အဲဒီနေရာကို ရောက်အောင်သွားပြီး ဆံတော်ရှင်ရှေးဟောင်းဘုရားကို ဖော်ထုတ်ရေးသားရခြင်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ဆိုရင် မြိုင်ကြီးငူဆရာတော်ကြီး စွန့်စားသွားလာဖော်ထုတ် ပြုပြင်ခဲ့တဲ့ ရှေးဟောင်းစေတီတော်များစွာအနက် ကျွန်ုပ်ငယ်စဉ်က ရင်မှာ စွဲလမ်းငြိတွယ်ခဲ့ဖူးတဲ့ သုဓနုမင်းသားလေးနဲ့ ဒွေးမယ်နော်ကိန္နရီနတ်သမီးလေးတို့ရဲ့ ကုသိုလ်တော် မြတ်ဘုရားဆံတော်ရှင် (၉)ဆူကို တတ်နိုင်သမျှ သွားရောက် ဖူးမြင်ပြီး အခြားသော ဗုဒ္ဓဘာသာဝင်များအားလုံးလဲ သိရှိသွားရောက် ဖူးမြင်နိုင်ကြရအောင် လမ်းညွှန်ဖော်ထုတ်ပေးလိုတဲ့ စေတနာများစွာလဲ ပါဝင်ပါတယ်။

**တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော်နိုင်ကြပါစေ...**

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ*(LL.B)***

ဓာတ်ကြွင်း

အဲဒီဆင်တော်မတောင် ကမ္ဘာလုံးငြိမ်းအေးဆံတော်ရှင် စေတီတော်ဘုရားဖူးခရီးမှ ရန်ကုန်နေအိမ်ကို ပြန်ရောက်ရောက်ချင်းမှာ ထူးခြားမှုတွေ အများအပြား ရှိခဲ့တယ်။

ဘုရားဖူးအဖွဲ့ထဲမှာပါတဲ့ အမျိုးသမီးတစ်ဦးဟာ အိမ်ထောင်ရေး အဆင်မပြေဘဲ ခင်ပွန်းနဲ့ ကွဲနေတာ (၃)လကြာပြီ။ ဘုရားဖူးခရီးက ပြန်ရောက်ရောက်ချင်းမှာပဲ သူမရဲ့ ခင်ပွန်းနဲ့ အဆင်ပြေပြီး ပြန်ပေါင်းသင်းရတယ်။ (သုဓနုနဲ့ ဒွေးမယ်နော်တို့လိုပေါ့။)

ကျွန်ုပ်လဲ ဒီဆောင်းပါး မရေးနိုင်လောက်အောင် လုပ်ငန်းတွေ လက်မလည်အောင် လုပ်ရပြီး အဲဒီ ခရီးစဉ်အတွက် ကုန်ကျခဲ့တဲ့ငွေတွေထက် ပိုများတဲ့ငွေကို အလွယ်တကူ ပြန်ရပါတယ်။ "ဘုရား မတယ်" ဆိုတာမျိုးပေါ့ဗျာ။

www.burmeseclassic.com

ကြော်ငြာ ဆောင်းပါး

# ကျားမွှန်လျှင် အားသန်ရမည်



အမျိုးသား အားနည်းရောဂါ
(ပန်းသေ၊ ပန်းညှိုး)
ဖြစ်တတ်သူများမှာ...

၁။ မေထုန်မှု လွန်ကဲသူများ၊
၂။ သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုသူများ၊
၃။ ကုန်ခန်းသွားသော သုက်ဓါတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူ များ၊
၄။ အပျော်အပါး လိုက်စားသူများ၊
၅။ သားကြောဖြတ်ထားသူများ၊
၆။ မြစ်ခြောက်နာ ရှိသူများ၊
၇။ အဆုတ်ရောဂါ ရှိသူများ၊
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊
၉။ ဆီးချို၊ သွေးချိုရောဂါ ရှိသူများ၊
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ၊
၁၁။ အသက်အရွယ်ကြီးရင့်သူများ
ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ် တတ်ကြတယ်။ ပန်းညှိုးရောဂါဝေဒနာခံစားရတဲ့ လက္ခဏာများကတော့...

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း၊
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှု မရှိခြင်း၊
၄။ မောပန်းလွယ်ခြင်း၊
၅။ အစားအသောက် ပျက်ခြင်း၊
၆။ ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း၊
၇။ သတိမေ့လျော့တတ်ခြင်း

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာလက္ခဏာများ ဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ်(၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလ ပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် ...

၁။ ဖွေးတစ်လုံး တက်ခြင်း၊
၂။ ကာမရာဂစိတ် ကုန်ခန်းခြင်း၊
၃။ သုက်လွှတ်မြန်ခြင်း၊
၄။ သလုံးသားများ ခြောက်ခြင်း၊
၅။ သလိပ်အုပ်စု ခန်းခြောက်ခြင်း၊
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း၊
၇။ အားအင်ကုန်ခန်းခြင်း၊
၈။ စကား မပီသခြင်း၊
၉။ စသံ၊ နသံ မကွဲပြားခြင်း၊
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီးပြွတ်တောက် ပြွတ်တောက်သွားခြင်း စတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်း လက္ခဏာ (၁၁)ချက်ကို တွေ့ထိခံစားနေရပြီဆိုရင် မေ့လျော့ပေါ့ဆမနေပါနဲ့။ "ပြည်စိုး" အထူးကုတိုင်းရင်းဆေးခန်းကို အမြန်အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ-၁၂၇၄)နဲ့ ဆရာဦးစိုးမော် (တဆ-၂၆၁၁)တို့က အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ)များအပြင် အခြားရောဂါများဖြစ်တဲ့ ...

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်၊
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါများကို အကြောပညာ၊ ဆေးပညာဖြင့် နာယလေးပါးနှင့် ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

တွေ့ဆုံဆက်သွယ်နိုင်သည့် လိပ်စာ ...


မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့်နှင့်သား ဦးစိုးမော်
ပြည်စိုး အထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၂၁)၊ လိပ်ကန်အနီး၊ တောက်ဘက်ရှ၊
ကျိုက္ကဆံ ဘုရားဝင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09 31054631, 09 251031871**


www.burmeseclassic.com

www.burmeseclassic.com

# ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော် (စဉ့်ကိုင်မြို့)


စာရေးသူတို့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် စဉ့်ကိုင်မြို့သို့ ကျောင်းကိစ္စဖြင့် ရောက်ရှိခဲ့ကြသည်။ ဗုဒ္ဓဘာသာတို့၏ ထုံးထမ်းစဉ်လာအတိုင်း စဉ့်ကိုင်ရှိ ဘုရားများကို ဖူးမြော်လိုကြပါသည်။ တည်းခိုသည့် အဆောင်နှင့် နီးသည့် ရွှေကျိုးနားကျောင်းတိုက်ရှိ စေတီပုထိုးများကို ဖူးမြော်ခွင့်ရပါသည်။

အဆောင်ရှင်က ရွှေကျိုးနားကျောင်းတိုက်၏ တောင်ဘက်ကို သွားပါက **"ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်ဘုရား"** စံမြန်းရာ ကျောင်းတော်ကြီးရှိကြောင်း၊ ဘုရားရှင်မှာ တန်ခိုးကြီးလှ၍ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည်ညိုဖူးမြော်ကြကြောင်း၊ ဘုရားရှင်အား ကန်တော့ပြီး လိုရာဆုတောင်းလျှင် ပြည့်ကြောင်း အကြောင်းသိရသော် ကျောင်းသူလေးများကလည်း သွားရောက် ဖူးမြော်လိုကြသည်။

စဉ့်ကိုင်ရောက်ကတည်းက မိုးကလည်း သဲကြီးမဲကြီး ရွာနေပါသည်။ ဘုရားရှင်ကို ဖူးလိုသောဆန္ဒကြောင့် မိုးထဲမှာပဲ ဘုရားရှင်၏ စံကျောင်းသို့ သွားရာ မြတ်ဘုရား ဒေသစာရီ ကြွချီနေသဖြင့် ရုပ်ပွားတော်ကို ဖူးခွင့်မရခဲ့ပါ။


သို့နှင့် ကျောင်းတော်တွင် ဓာတ်ပုံကြီးများကို ဖူးခွင့်ရခဲ့ပါသည်။ ရပ်ဝေးမှ လာရောက်ကြောင်း သိရသော မယ်တော်ကြီးနှင့် ဦးဘိုဘိုက ဧည့်ခံကြပါသည်။

စကားစမြည်ပြောရင်း **"ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်"**ဟု ဘွဲ့အမည် တွင်ရခြင်းအကြောင်းကို ပြောပြကြသဖြင့် ပို၍ပင် ကြည်နူးဝမ်းသာဖြစ်ရသည်။ ဦးဘိုဘို၏ ပြောပြချက်အရ...




◆ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှမျိုးရှိန်+ဒေါ်မင်းမင်းထွေးတို့၏ နေအိမ်တွင် တန်ခိုးတော်ဖြင့် နဂါးမောက်သီးပေါ်သို့ ကြွရောက်တော်မူပုံ

www.burmeseclassic.com



▲ ၃၀-၆-၀၀ နေ့တွင် သော့ခတ်ထားရှိရာမှ (၁၄)ရက်ပြည့်သောနေ့တွင် တန်ခိုးတော်ဖြင့် မှန်ပြင်ထွက်ကြွတော်မူပုံ

**"ရွှေကံကူ"**ဟူသည်မှာ ရွှေကဲ့သို့ တန်ဖိုးကြီးသော ကောင်းသောကံတို့ဖြင့် ကူညီမစ စောင့်ရှောက်တော်မူခြင်း၊ **"လေပျံသစ်တော်"**မှာ ရုပ်ပွားတော်ကို ထုထားသော သစ်အမျိုးအစားမှာ သာမန်မဟုတ်ဘဲ လေထဲတွင် ပျံသော သစ်ဖြင့် ထုလုပ်ထားခြင်း...

**"ရုပ်ရှင်တော်မြတ်"**မှာ ဤရုပ်ပွားတော်သည် အစိဉာဏက သက်မဲ့သစ်သားဖြင့် ထုလုပ်ထားပါသော်လည်း မြတ်ဘုရားမှာ အသက်ဝင်၍ သက်ရှိထင်ရှားကဲ့သို့ပင် အသက်ဝင်နေခြင်း...

ဤအကြောင်းများကို ပေါင်းစပ်၍ ဘုရားရှင်၏ဘွဲ့အမည် **"ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်"**ဟူ၍ ပေါ်ပေါက်လာကြောင်း သိရပါသည်။

ဘုရားရှင်၏ ဘွဲ့တော်မှာ ထူးခြားဆန်းကြယ်ပြီး ကြည်ညိုဖွယ် ပေါ်ပေါက်လာသည်မှာ ဗုဒ္ဓဘာသာဝင်များအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဘုရားရတနာပင် ဖြစ်ပါသည်။

ဤရုပ်ပွားတော်ကို လေတွင်ပျံသည့်သစ်ဖြင့် ပြုလုပ်ထားသည်ဆိုရာ တစ်ကြိမ်တစ်ခါမှ မကြားဘူးသဖြင့် မယ်တော်ကြီးနှင့် ဦးဘိုဘိုတို့ကို မေးမြန်းကြည့်ရာ အံ့သြထူးဆန်းဖွယ်များကို ဆက်လာကြားရပြန်ပါသည်။

* * *

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ နန်းခမူကြိုးဝိုင်းသစ်တော၊ မိုင်းချောင်းအကွက် (၂၄)မှ စတင်ခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ထူးဆန်းသော သစ်တုံးကြီးရှိကြောင်း၊ တစ်ခါတစ်ရံ ထိုသစ်တုံးကြီး ပျံသန်းသွားကြောင်း၊ ပျံသန်းရာ၌ ကောင်းကင်အမြင့်ကြီးမဟုတ်ဘဲ သစ်တောရှိ သစ်ပင်ခေါင်ဖျားမှ အကိုင်းအခက်များကို တိုက်ပြီး ပျံသန်းတတ်ကြောင်း...

သစ်တုံးကြီး ပျံသန်းရာလမ်းတစ်လျှောက် အကိုင်းခက်များ ကျိုးပဲ့နေသည်ကြည့်ခြင်းဖြင့် သစ်တုံးကြီးပျံသန်းရာလမ်းကြောင်းကို တွေ့ရကြောင်း၊ ပျံသန်းချိန်တွင် ဝေါခနဲအသံကြီးမြည်ပြီး လျင်မြန်သွာ ပျံသန်းကြောင်းလည်း သိရှိရပြန်ပါသည်။

ထူးခြားသော အခြားအကြောင်းတစ်ခုမှာ ဤသစ်တုံးသည် မြစ်ချောင်းအတွင်း ရေပေါ်မှလည်းကောင်း၊ ရေအောက်မှ လည်းကောင်း မြစ်ချောင်းများအတွင်း စုန်ဆန်သွားလာတတ်သည်။

**၁၉၉၃ ခုနှစ်လောက်က မူးချောင်းအနီးရေဆိပ်**သို့ ရောက်လာရာ အနီးအနား ရွာသူရွာသားများက သစ်တုံးပေါ် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ သားငါးများ ခုတ်ထစ်သေးကြောင်းပါ၊ သစ်တုံးပေါ်မှ တွန်းချသလို ခံရခြင်း၊ ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ ဖျားနာခြင်း၊ အိပ်မက်ဆိုးများ မက်ခြင်းတို့ကို

www.burmeseclassic.com

ခံစားကြရသည်။

ထိုသစ်တုံးကြီးကို သစ်တောဝန်ထမ်းများက ရှာဖွေပါသော်လည်း ရေတွင်မျှောပါသွား၍ မတွေ့ရတော့ပါ။ ၁၉၉၅ ခုနှစ်၊ မေလတွင် တွန်နိမ်ရွာနှင့် မဲခင်လေးရွာ အထက်ချောင်း၊ ချင်းကင်းချောင်းနှင့် မူးချောင်း ပေါင်းဆုံရာတွင် သဲသောင်ပြင်ပေါ်၌ သစ်တုံးကြီးကို တွေ့ကြတော့သည်။

သစ်တောဦးစီးများနှင့် ဝန်ထမ်းများက စစ်ဆေးလိုက်ရာ သစ်တုံးကြီး၏ အလျားမှာ (၂၇)ပေ၊ အနံ(၇)ပေ+(၂) လက်မဖြစ်ပြီး သစ်တုံးပေါ်တွင် ဘုံဘေဘားမား အမှတ်တံဆိပ်(B.B.C)ဟု ရိုက်နှိပ်ပြီး သစ်လုံးအမှတ်မှာ (၉၉၉)ဖြစ်ပြီး နိုင်ငံခြားတန်းဝင် အမှတ်ကြယ်သုံးလုံးတံဆိပ်ပါရှိသည်။

သစ်တုံးအဖျားပိုင်းတွင် ခွပါရှိ၍ ပျံသန်းရာတွင် အထောက်အကူ ပြုနေပေသည်။ ထူးခြားသော ဤသစ်တုံးကြီးကို ရန်ကုန် သစ်တောရုံးချုပ်သို့ ပို့ဆောင်ရန် စီစဉ်ကြသည်။

သစ်တုံးကြီးကို ကားပေါ်သို့ တင်ရာ၌လည်းကောင်း၊ ကားမောင်းထွက်ရာ နေရာမှ မရွေ့၍ ကန်တော့ပွဲများနှင့် တောင်းပန်မှသာ ကားပေါ်တင်၍ရခြင်း၊ ကားမောင်းနိုင်တော့သည်။

ရန်ကုန်သို့ ပို့ဆောင်ရန် သစ်တုံးကြီးအဖျားပိုင်း ခွရှိသောနေရာကို ဖြတ်၍ ဘုရားရုပ်တော်ထုရန် သဘာတူညီကြရာ ဗွေမတိုးသဖြင့် ကန်တော့ပွဲပေးတောင်းပန်မှ (၅)ရက်ကြာ ဖြတ်ရ၏။ တစ်တောင်ခန့် ဖြတ်ပိုင်းနှင့် လွှစာမှုန့်တို့သည် ရေသို့ ချကြည့်ရာ နစ်မြုပ်သွားသည်ကို တွေ့ရ၏။

သစ်တုံးကြီးကိုဖြတ်ရာ မူလ အညိုရောင်ဖျော့ဖျော့မှ လွှကို တိုက်လိုက်သောအခါ အနက်ရောင်၊ တစ်ဖန်



▲ (၁၃-၁၁-၂၀၀၀)နေ့ပြည်တော်၊ မှဲ့မနေရာ၊ ရွှေရှည်ချပ် ဗိုလ်မှူးကြီးသန့်ဇင် (ဇက်မှ-၁MD)+ ဒေါ်ခင်စန်းဝင်းမိသားစုမှ ပင့်ဆောင်ပူဇော်သည့် မျက်လုံးတော် မှုန်တော်မူပုံ

အညိုရင့်ရောင်ပြီး နောက်ဆုံးမှ မူလအရောင် ရောက်လာကြောင်းကိုလည်း ထူးဆန်းစွာ တွေ့ကြရသည်။

သစ်တုံးကြီးကို ခွဲခြမ်းများ ပြုလုပ်ရာ ဦးဘိုဘို၏အစ်ကိုကြီး ဦးမောင်မောင် ဒေါ်ညွန့်ရီတို့ကလည်း တစ်ခြမ်း မိတ်ဆွေများမှတစ်ဆင့် ရရှိလိုက်၏။

ဦးမောင်မောင်က ရရှိသော သစ်ပိုင်းကို တင်ပလ္လင်ခွေ လာဘမုဒြာတစ်ဆူ၊ ဉာဏ်တော်(၇)လက်မနှင့် ပိုသောအသားကို ဉာဏ်တော်(၄)လက်မ တစ်ဆူ၊ ဉာဏ်တော်(၄)လက်မ ရှင်သီဝလိပုံတော် တစ်ဆူထုလုပ်ပြီး ဦးမောင်မောင်က မယ်တော်ကြီးထံ ပို့ဆောင်ခဲ့သည်။

ဉာဏ်တော်(၇)လက်မရှိသော ပုံတော်ကို သားဦးဝင်းကိုကို ပူဇော်ရန် ပေးလိုက်သည်။ ဉာဏ်တော်(၄)လက်မနှင့် ရှင်သီဝလိရုပ်ပွားတော်များမှာ မယ်တော်ကြီးနှင့် ဦးဘိုဘိုတို့ထံ ကျန်ရစ်ခဲ့သည်။ ဤသို့ဖြင့် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော် ပေါ်ပေါက် ပွင့်ထွန်းလာခဲ့သည်။

ဘုရားရှင်ရုပ်တုတော်ကို ၂၀၀၁ ခုနှစ်တွင် စတင် ကိုးကွယ်ခဲ့ကြသည်။ ဘုရားရှင်ကို ဘုရားဆောင်အတွင်း ပူဇော်ကိုးကွယ်သောအခါ ဘုရားဆောင်ကို သော့ခတ်ထားရာမှ (၁၄) ရက်ပြည့်သောနေ့တွင် တန်ခိုးတော်ဖြင့် ဘုရားဆောင်ရှေ့ မှန်ကို ဖွင့်၍ အပြင်သို့ ထွက်တော်မူလာသည်ကိုလည်း အံ့ဩ ထူးဆန်းစွာ ဖူးမြင်နိုင်ရန်

www.burmeseclassic.com

ပုံတော်ကို တင်ပြလိုက်ပါသည်။

ထို့ပြင် ဘုရားရှင်အား သစ်သီးဆွမ်းများ ကပ်လှူပူဇော်ရာ သီးနှံများ ပေါ်တွင်လည်း ကြွမြန်းစံပယ်တော်မူသည်။

၁၃–၁၁–၂၀၁၁တွင် နေပြည်တော်၊ ပျဉ်းမနားမြို့ ရွှေချည်ရပ်နေ ဗိုလ်မှူးကြီးသန့်ဇင်(စက်မှု–၁ MD) ဒေါ်ခင်စန်းဝင်းမိသားစုတို့ကလည်း ဘုရားကို ပင့်ဆောင်လာရာ ဘုရားရှင်၏ မျက်လုံးတော်သည် သက်ရှိထင်ရှား ဘုရားကဲ့သို့ ပွင့်တော်မူလာသည်ကို ပို၍ အံ့သြဖွယ် တွေ့ရပါသည်။

တစ်စတစ်စနှင့် ဘုရားရှင်၏ သတင်းသည် ကျော်ကြားလာရာ ဖူးမြင်လိုသူ များပြားလာ၍ အရပ်ရပ်မှ ပင့်ဆောင်လာကြသည်။ မိတ္ထီလာခရိုင် ရဲမှူး ဒုရဲမှူးကြီးကြီးလှမျိုးရှိန်+ ဒေါ်မင်းမင်းထွေးတို့၏နေအိမ်တွင် ကပ်လှူထားသော သစ်သီးများအနက် နဂါးမောက်သီးပေါ်သို့ကြွရှိစံပယ်တော်မူသည်ကိုပုံပါအတိုင်းအံ့သြဖွယ်တွေ့ရသည်။

အထက်ပါ အကြောင်းအရာများကို ဦးဘိုဘိုနှင့် မယ်တော်ကြီးတို့က စိတ်ရှည်လက်ရှည် ရှင်းပြကြသဖြင့် များစွာ ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။ မြတ်စွာဘုရား၏ ပုံတော်နှင့်တကွ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကို သိရ၍ ပို၍ ကြည်ညိုမိပါသည်။

စဥ့်ကိုင်မှ မပြန်မချင်း တွေ့အောင်ဖူးမည်ဟု ရည်ရွယ်ကာ ဘုရားရှင်အား ဖူးတွေ့ရပါမည့်အကြောင်း နေ့စဉ်ညစဉ် ဆုတောင်းခဲ့ပါသည်။

စာရေးသူ၏ ဆုတောင်းပြည့်ပါပြီ၊ ဘုရားရှင် စဥ့်ကိုင်သို့ ပြန်ကြွလာပြီ။ တစ်ရက်သာ နားခိုမည်ဖြစ်ကြောင်း ကြားသိရခြင်း ကျောင်းသူလေးများနှင့် ဘုရားဖူး ထွက်လာကြပါသည်။

ဖူးတွေ့ရသောအခါ များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ အလှူရှင်များ ကပ်လှူထားသော ရတနာကိုးသွယ်တို့ဖြင့် ပို၍ သပ္ပါယ် တင့်တယ်လှသည်။ ဘုရားရှိခိုး၊ ပရိတ်ပဌာန်းများ ရွတ်ခြင်း၊ ပုတီးစိပ်၍ မိမိတို့ လိုရာကို ဆုတောင်းကြပါသည်။

ကျောင်းသူလေးများကလည်း ဘေးရန်ကင်းရှင်းပြီး ကျန်းကျန်းမာမာနှင့် စာမေးပွဲ ဖြေဆိုအောင်မြင်နိုင်ကြစေရန် ဆုတောင်းကြသည်။ ဘုရားဖူးအဖွဲ့သားအားလုံး စာမေးပွဲအောင်ကြပါသည်။ အိမ်ပြန်လမ်းမှာတော့ ပီတိဖြစ်ပြီး ပြန်ကြရပါသည်။

ဘုရားရှင်၏ သတင်းကျော်ကြားမှုကြောင့် မြို့ရွာတို့မှ လာရောက် ပင့်ဆောင်ကြသည်။ မြန်မာနိုင်ငံတွင်သာမက စင်ကာပူနိုင်ငံမှလည်း (၂) ကြိမ် လာရောက်ပင့်ဆောင်ရာ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများပါ ဘုရားရှင်ကို ကြည်ညိုလက်ခံ ယုံကြည်လာကြသည်။

ဘုရားပွဲတော်ကိုလည်း နှစ်စဉ် (၉) ရက်၊ (၉)လတွင် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို ကျင်းပကြရာ **မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်မှ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ တောင်တန်းသာသနာပြု၊ ဝါခင်းကုန်းဆရာတော်ကြီးဦးတိက္ခ**မှ နှစ်စဉ် ကြွရောက် ချီးမြှင့်ခဲ့သည်။

ရွှေကံကူ လေပုံ့သစ်တော်ရုပ်ရှင်တော်ဘုရားအား ဖူးမြင်ရင်း ဂါထာတော်ကိုပါ ရွတ်ဖတ်ပွားများနိုင်ရန်လည်း ရေးသား တင်ပြလိုပါသည်။

ရွှေကံကူ ဗုဒ္ဓံ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊
တံ ဗုဒ္ဓပူဇနံ ကုလပုတ္တာစ၊
သဗ္ဗဋ္ဌာနေသု နိဗ္ဗယာ။

**ရွှေကံကူ ဗုဒ္ဓံ** – ရွှေကံကူဟု နာမတွင်ခေါ် မြတ်စွာဘုရား၏ ဓာတ်တော်တန်ခိုးတော်တို့ ကိန်းဝပ်တော်မူသော လေပုံ့သစ်တော် ရုပ်ရှင်တော်ဘုရားကြီးကို၊

**အဟံ** – ဘုရားတပည့်တော်/ (မ)တို့သည်၊

**သဗ္ဗဒါ** – အခါခပ်သိမ်း၊

**ဝန္ဒေ ဝန္ဒာမိ** – ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား၊

**တံ ဗုဒ္ဓပူဇနံ** – ထိုရွှေကံကူမြတ်စွာဘုရားရှင်ကြီးအား ယုံကြည်သဒ္ဓါဖြင့် ပူဇော်ကြသော၊

**ကုလပုတ္တာစ** – အမျိုးကောင်း၊ အမျိုးကောင်းသမီးတို့သည်၊

**သဗ္ဗဋ္ဌာနေသု** – ခပ်သိမ်းသော အရပ်တို့၌၊

**နိဗ္ဗယာ** – ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြကုန်သည်၊

**ဟောန္တု** – ဖြစ်ပါစေသတည်း။

အထက်ပါဂါထာကို ရွတ်၍ ပူဇော်ကန်တော့နိုင်ကြပါသည်။ ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် **စဥ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက်မှ မယ်တော်ကြီးအား လည်းကောင်း၊ ဦးဘိုဘို(ရွှေကံကူ)အား လည်းကောင်း** ဘုရားသမိုင်းကို စိတ်ရှည်လက်ရှည် ရှင်းပြပေး၍ ကျေးဇူး အထူးတင်ရှိပါသည်။

စဥ့်ကိုင်မှ ဝယ်ယူလာသော ဘုရားရှင်ပုံတော်များကို ဗုဒ္ဓဘာသာ သူတော်စင်တို့ ကြည်ညိုပူဇော်နိုင်ရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖြန့်ဝေ ဒါနပြုပါသည်။

***သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ။***

**သီရိ**

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ခုနှစ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ နိုဝင်ဘာလထုတ်၊ စာမျက်နှာ (၂၁၇)တွင် ရမည်းသင်းဆောင်းပါးရှင် **ခင်မောင်ကျော်၏ မပုပ်မသိုးသော ရုပ်ကလာပ်တော်များ အကြောင်းအရာဆောင်းပါး**ကို ဖတ်ရှုရပါသည်။

ယင်းနောက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဦးကျော်မိုးသိန်းကလည်း မိမိတို့ဒေသရှိစာမူပါ မပုပ်မသိုးသော ထူးခြားဆန်းကြယ်သော ဆရာတော်ကြီးများ အကြောင်းအရာများကို မိမိတို့သိရှိသမျှ ရေးသားပေးပို့နိုင်ပါကြောင်း မေတ္တာရပ်ခံစာများကို စာရေးသူ လေ့လာဖတ်ရှုရပါသည်။



ဆရာကြီးစန်းယု
ခေတ်မီအဘိဓမ္မာတောင်သာ
(တိုင်းရင်းဆေး)

နှစ်ပေါင်း ငါးဆယ်ကျော် မပုပ်မသိုးသည့်

# တရုပ်စုဆရာတော်ကြီး ဦးနေမိန္ဒ

သို့ဖြစ်၍ စာရေးသူအနေနှင့် မိမိသိရှိခဲ့ဖူးသော တရုပ်စုဆရာတော်ကြီး ဦးနေမိန္ဒ၏ အကြောင်းအရာများကို ဓမ္မမိတ်ဆွေတို့အားလုံး သိရှိနိုင်စေရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စာရေးတင်ပြ၍ ဖော်ပြလိုက်ပါသည်။

ယခု စာရေးသူ တင်ပြဖော်ပြမည့် မပုပ်မသိုးသော ဆရာတော်မှာ **ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တရုပ်စုကျေးရွာတရုပ်စုဆရာတော်ကြီး ဦးနေမိန္ဒ၏** အကြောင်းအရာဖြစ်ပါသည်။

ဆရာတော်ကြီး ဦးနေမိန္ဒ၏ အကြောင်းအရာများကို အသေးစိတ်သိရှိထားသူမှာ စာရေးသူ၏ အဘိုးဖြစ်သူ ဦးကျော်သောင်းဖြစ်ပါသည်။

အဘိုးဦးကျော်သောင်းမှာ ငယ်ရွယ်စဉ်ကျောင်းသားအရွယ်က တရုပ်စုဆရာတော်ကြီး ဦးနေမိန္ဒထံမှာ ကပ္ပိယကျောင်းသားအဖြစ် အတူနေခဲ့ဖူးသည့်အတွက်တရုပ်စုဆရာတော်ကြီး၏ အကြောင်းအရာတချို့နှင့် ကျင့်စဉ်အကြောင်းအရာများကို သိရှိခဲ့ခြင်းဖြစ်ပါသည်။

အဘိုးဦးကျော်သောင်း၏ ပြောပြချက်အရ စာရေးသူ အသေးစိတ်အကြောင်းအရာများနှင့် ကျင့်စဉ်များကို တစ်ဆင့်သိခဲ့ရခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် မြန်မာအမျိုးသားများဖြစ်၍ (ဝါ) မြန်မာလူမျိုးဖြစ်၍ တရုပ်စုရွာသားများသည် အများအားဖြင့် ဗုဒ္ဓဘာသာဝင် ကရင်တိုင်းရင်း

www.burmeseclassic.com

သားများ ဖြစ်ကြပါသည်။

**ဆရာတော်ကြီး၏**

**ကျင့်စဉ်စခန်းများ**

တရုပ်စုကျေးရွာ မြစ်ချောင်းထဲတွင် ဝါးပိုးဝါးများကို ဖောင်ဖွဲ့၍ ကျောင်းဆောက်၍ ယင်းဝါးပိုးကျောင်းပေါ်မှာ သီတင်းသုံးနေထိုင်ပါသည်။ ယင်းဝါးပိုးကျောင်းပေါ်၌နေ၍ သမာဓိရရှိရန် ရေကသိုဏ်းများကို နေ့စဉ်ရှုပွားခဲ့ပါသည်။

"**သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ**"ဆိုတဲ့ဘုရားရှင်ဟောခဲ့သည့်တရားအတိုင်း သမာဓိတည်ကြည်သော ပုဂ္ဂိုလ်သည် ခန္ဓာအပေါ်၌သော် လည်းကောင်း၊ ရုပ်နာမ်ဓမ္မအပေါ်၌သော် လည်းကောင်း၊ ယထာဘူတဉာဏ်တွေ အထူးအားဖြင့် သိမြင်နိုင်၏ဟု ဆိုသည့်အတိုင်း ဆရာတော်သည် အာပေါကသိုဏ်း (ဝါ) ရေကသိုဏ်း သမာဓိများ ရရှိခဲ့ပြီး ဆက်လက်၍ ဝိပဿနာကျင့်စဉ်များကို လည်းကျင့်ပွားရှုမြင်ခဲ့ပါသည်။

သမထကျင့်စဉ် ဝိပဿနာကျင့်စဉ်များကို ရပ်နားသည့်အခါမှာ သိမ်ကျောင်းပေါ်သို့တက်၍ သိမ်ကျောင်းအတွင်း၌ လစမဂ ဂမ္ဘီရလေးကွက်အင်းနှင့် လစမဂ ဂမ္ဘီရကိုးကွက်အင်းများကိုလည်းကောင်း၊ အ,အလယ်သေသောဖုည်းအင်းကို လည်းကောင်း မိုင်းကိုင်စက္ကူမှာချ၍ ဘုရားဂုဏ်တော်ကိုးပါးဖြစ်သည့် အရဟံအစ ဘဂဝါအဆုံးရှိသော ဘုရားဂုဏ်တော်ကိုးပါး ဂါထာများကို ဂါထာတစ်ထောင် စုတ်မန်းပြီး အထက်ဖော်ပြခဲ့သော အင်းများကို တစ်ရက်လျှင် (၃)အင်းဖြင့် အင်းချ၍ ပြာပြု၍ သောက်ခဲ့ပါသည်။

တရုပ်စုဆရာတော်ကြီး ဦးနေမိန္ဒ၏



သမထနှင့် ဝိပဿနာစွမ်းအားကြောင့်လည်းကောင်း၊ ဂမ္ဘီရ လစမဂစမအင်း၏ စွမ်းအားကြောင့်လည်းကောင်း၊ ယင်း တရုပ်စုဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ် အခါကလည်း ကရင်ခရစ်ယာန်ဘာသာဝင် ပေါများသော ကနစိုးကျေးရွာသို့ ညပိုင်း (၈)နာရီ (၉)နာရီအချိန်လောက်မှာ ရေပေါ်သို့ လမ်းလျှောက်ပြီး ညစဉ် တရားဟောပြောခဲ့ပါသည်။

တရုပ်စုကျေးရွာနှင့် ကနစိုးကုန်းကျေးရွာသည် မြစ်ချောင်းများ ခြားပါသည်။ အခြားထူးခြားမှုတစ်ခုကတော့ တရုပ်စုဆရာတော်ကြီးသည် တရုပ်စုကျေးရွာ တရုပ်စုကျောင်းမှ နံနက်ပိုင်းအချိန်လောက်မှာ ပဲခူးမြို့သို့ ကားနှင့် သင်္ဘောမော်တော်များကို မစီးဘဲ ဆွမ်းခံထွက်ပြီး မိမိနေရာ တရုပ်စုကျောင်းသို့ နံနက်(၉)နာရီကျော်မှာ ကျောင်းသို့ ပြန်ရောက်ရှိပါသည်။

ဤကဲ့သို့ ဆရာတော်ကြီး၏ ထူးခြားဆန်းကြယ်မှုမှာ ဆရာတော်ကြီး၏ သမထဝိပဿနာ ကျင့်စဉ်စခန်းများ လစမဂ ဂမ္ဘီရအင်းများ တစ်ခုခုဖြစ်နိုင်ကြောင်း သိရှိနိုင်ပါသည်။

တရုပ်စုဆရာတော်ကြီး ဦးနေမိန္ဒမှာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်သည်မှာ စာရေးသူ ထင်မြင်မိပါသည်။ တရုပ်စုကျောင်းဆရာတော် ဦးနေမိန္ဒသည် ပုံလွန်တော်မူပြီး (ဝါ) ခန္ဓာဝန်ချတော်မူပြီး နှစ်ပေါင်း ငါးဆယ်ကျော်ကျော်တွင်း ရှိခဲ့ပါပြီ။

**သို့သော်လည်း ဆရာတော်ကြီး ဦးနေမိန္ဒ၏ ရုပ်ကလာပ်တော်မှာ ယနေ့အထိ မပုပ်မပွ မပုပ်မသိုးဘဲ တည်လျက်ရှိနေပါသည်။**

ရုပ်ကလာပ်တော်၏ မပုပ်မသိုးခြင်း၏ အကြောင်းများကို ကျမ်းပြုမင်းဘူး ဆရာတော် အရှင်ကဥ္စန၏ ဘာသာရေး အဖြေကျမ်းမှာ ပြတာကတော့ ရဟန္တာဟူ မပုပ်မသိုးရဟု ဖော်ပြထားတာ စာရေးသူတွေ့သိရပါသည်။ သူရဲ့ ထောက်ထားတဲ့ ပါဠိတော်က...

'နိက္ကိလေသာနံ မတသရီရမ္ပိ ဒုဂ္ဂန္ဓံ နဟောတိ သုတ္တနိပါတ'

**[ဋ္ဌ ပ ၃၀၃ အာမဂန္ဓသုတ်]**၌ဖော်ပြထားသည်။

**'ကိလေသာမရှိကုန်သော ကိလေသာမှ ကင်းကုန်သော ပုဂ္ဂိုလ်တို့၏ အလောင်းကောင်(ဝါ) အသေကောင်များသည် မကောင်းသောအနံ့၊ ပုပ်စော်သောအနံ့ ပုပ်သိုးသောအကောင် မဖြစ်'**

ဟု ဖွင့်ပြတော်မူသည်ကို ထောက်လျှင် ကိလေသာကင်းစင်သော ရဟန္တာတို့၏ ရုပ်အလောင်းဟူက (ဝါ) အသေကောင်ဟူက မပုပ်မသိုးရဟု မှတ်ယူရမည်ဟု မင်းဘူး အရှင်ကဥ္စန၏ ဘာသာရေးအဖြေကျမ်းတွင် ပြဆိုထားသည့်အတွက် တရုပ်စုကျောင်းဆရာတော် ဦးနေမိန္ဒမှာ နှစ်ပေါင်း (၅၀)ကျော် ရုပ်ကလာပ်တော်မှာ မပုပ်မသိုးသည့်အတွက် ရဟန္တာဆိုလျှင်လည်း ဖြစ်နိုင်ပါသည် (ဝါ) ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါးဟုလည်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုနိုင်ပါသည်။

တရုပ်စုကျောင်း ဆရာတော် ဦးနေမိန္ဒ၏ရုပ်ကလာပ်အလောင်းတော်ကို သီးခြားစံကျောင်းမှာထားရှိပြီး စံကျောင်းကို မသမာလူများ မဝင်နိုင်အောင် သော့ပိတ်၍ ထားပါသည်။

**ဆရာတော်၏ ရုပ်ကလာပ်အလောင်းတော်ကို ဖူးမြင်လိုပါက** တရုပ်စုကျောင်းမှ ကျောင်းထိုင်ဆရာတော်၏ထံမှာ ခွင့်တောင်းယူ၍ ဖူးမြင်နိုင်ပါသည်။

တရုပ်စုဆရာတော် ဦးနေမိန္ဒ၏ ပူဇော်ပွဲများကို နှစ်စဉ်နှစ်တိုင်း တပို့တွဲလပြည့်နေ့၌ ပူဇော်ပွဲများကျင်းပပြီး ဆရာတော်၏ ဝတ်ဆင်ထားသော သင်္ကန်းအဟောင်းစွန့်၍ သင်္ကန်းအသစ်များကို ပြန်လည်ဝတ်ဆင်၍ ပူဇော်ပွဲများပြုလုပ်လေ့ရှိကြောင်း သိရပါသည်။

ဆရာတော်ဦးနေမိန္ဒ၏ ရုပ်ကလာပ်ကို လာရောက် ဖူးမြင်လိုပါက **ရန်ကုန်မြို့ လှိုင်သာယာကားဂိတ်မှ ရန်ကုန်မြို့မှ ဝါးခယ်မမြို့သို့ ပြေးဆွဲနေသော ရွှေဆယ်ဝတီကား၊ အောင်ချမ်းသာကား၊ ရွှေမင်းဇင်ကား၊ ရောဝတီကား အသီးသီးရှိပါသည်။ မိမိကြိုက်နှစ်သက်ရာ ကား**ကိုစီးပြီး ဝါးခယ်မမြို့ကားဂိတ်တွင် ဆင်း၍ ကားဂိတ်မှ ဆိုင်ကယ်တစ်စီးကို ငှားရမ်း၍ **ကနစိုးကုန်းကျေးရွာ ပြည်နိုင်သိန်း ဆန်စက်**ရှိရာသို့ အပို့ခိုင်းလိုက်ပါ။

ပြည်နိုင်သိန်းဆန်စက်သို့ ရောက်ရှိခဲ့လျှင် ပြည်နိုင်သိန်းဆန်စက်မှ တစ်ဆင့် ကမ်းနားဆိပ်တွင် ကူးတို့လှေသမ္ဗန်များငှား၍ တစ်ဖက်ကမ်းရှိ တရုပ်စုရွာ၊ တရုပ်စုကျောင်းတိုက်သို့ ရွာခံလူတစ်ဦးဦးကိုအကူအညီ တောင်းပြီး ကျောင်းရှိရာသို့ အပို့ခိုင်းလိုက်ပါ။

ကိုယ်ပိုင်ကားနှင့် လာရောက်လိုပါက ရန်ကုန်မြို့မှနေပြီး ကိုယ်ပိုင်ကားဖြင့် ကနစိုးကျေးရွာမှ ပြည်နိုင်သိန်းဆန်စက်ရှိရာသို့ ဆင်းပါ။

ကမ်းနားလမ်းရှိ ပြည်နိုင်သိန်းဆန်စက်မှတစ်ဆင့် လှေသမ္ဗန်ကူးတို့ငှား၍ တရုပ်စုရွာ တရုပ်စုကျောင်းသို့သွားလျှင်လည်း ရောက်နိုင်ပါကြောင်း ဓမ္မမိတ်ဆွေအပေါင်းတို့အား လမ်းညွှန်လိုက်ရပါတယ်။

**[တရုပ်စုဆရာတော် ဦးနေမိန္ဒ၏တပည့် ကပ္ပိယကျောင်းသား ဦးကျော်သောင်းသည် လွန်ခဲ့တဲ့ သုံးနှစ်ခန့်က ဘဝတစ်ပါးသို့ ကွယ်လွန်၍ သွားခဲ့ပါပြီ။ ဘဝတစ်ပါးသို့ ကွယ်လွန်သွားခဲ့သောအဘိုးဦးကျော်သောင်းသည် ကောင်းရာသုဂတိဘုံဌာနသို့ ရောက်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုပြီး ဤဆောင်းပါးဖြင့် ဂုဏ်ပြု၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ မှတ်တမ်းပြုလိုက်ရပါသည်။]**

**ဆရာဦးစန်းယု**
*ခေတ်မီအဘိဓမ္မာတောင်သာ*
**(တိုင်းရင်းဆေး)**

**နက္ခတ္တရောင်ခြည်**
**မဂ္ဂဇင်းသို့**
**ဆက်သွယ်**
**နိုင်သော**
**ဖုန်းနံပါတ်များ...**
**၀၉-၇၇၆၃၄၉၇၈၅**
**၀၉-၉၆၈၀၀၄၁၉၂**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာနန်းတွင်း သမားတော်ကြီး ဦးပန္နာ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အဖြေကျော်လေဆေးလျက်ဆား



## ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

ဝရာ၁ Y၀၀၉၀၅၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်စင်စင်ထွေး၏

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ဝရာ၁ Y၀၀၉၀၅၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်စေးစေးစွတ်

**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ဝရာ၂ Y၀၀၉၀၆၆

ဤဆေးသည် ရာသီဥတုပြောင်း၍ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာသာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဒေါ်နှင်းနှင်းကြည်၏

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ဝရာ၁ Y၀၀၉၀၅၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သင့်မှု ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊ အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊ သွေးပျက်၊ဝမ်းလျှော၊ အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကွဲသို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဦးသန်းဇော်၏

**သမားအို** အမှတ်တံဆိပ် **အဖြေကျော်လေဆေးလျက်ဆား** ဝရာ၁ Y၀၀၉၀၅၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းဗိုက်နာရာမှ တတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်။ ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

သီရိသုပဘာရတနာဒေဝီ စိန်တုံးမိဖုရားကြီး၏ မင်းတုန်းမင်းတရားကြီးအတွက် အလှူတော် မော်လမြိုင်မြို့မှ

# ရန်ပြေမာန်ရှင်းဘုရားကြီး (၄)

သိတာသန်း (မော်လမြိုင်)

ယခင်လမှအဆက်

ထို့နောက် ကျွန်မကိုယ်တိုင် နှစ်ပေါင်းများစွာ သီတင်းနေ့တိုင်း ဥပုသ်သီလ ဆောက်တည်ရင်း စိန်တုံးမိဖုရားကြီး၏ ကုသိုလ်တော်ကို သာဓုခေါ် အမျှဝေခဲ့ပါသည်။

'မော်လမြိုင်သားတွေကတော့ "မိဖုရားကြီးဘုရား"လို့ ခေါ်ကြတယ်'

ဂေါပကလူကြီးက ပြောပြပါသည်။

ဂေါပကဘုရားလူကြီးနှင့် စကားလက်ဆုံကျရင်း စိန်တုံးမိဖုရားကြီးနှင့် ပတ်သက်၍ မသိတာများ မေးမြန်းမှတ်သားရပါသည်။

'ရတနာဘုံမြင့် ကျောင်းနားက စောင်းတန်း **"မရွှေဆိုင်–မရွှေမှန် ကောင်းမှု"**ကမ္ပည်းထိုးထားတာ စိန်တုံးမိဖုရားကြီးရဲ့တူမတွေရဲ့ ကုသိုလ်ပဲ။ တပယ်မင်းသားရဲ့သမီးတွေလို့ ပြောတာပဲ။ ပြန်ပြုပြင်သူ မျိုးဆက်တွေ မရှိတော့လို့ ပျက်စီးနေပြီ'

ကျွန်မ သွားကြည့် ခတ်ပုံရိုက်ရင်း စိတ်မကောင်း ဖြစ်ရပါသည်။ သမိုင်းမဝင် စာမတင်ခဲ့သော ရှေးဟောင်းအမွေများ မြန်မာနိုင်ငံအနှံ့မှာ လူမသိသူမသိ မည်မျှ ပျက်စီးဆုံးရှုံး ပျောက်ပျက်ကြကုန်ပြီမသိ။




ဒိမ်တော်ရာ သီလရှင်စာသင်တိုက်ရှိ
စိန်တုံးမိဖုရားကြီး ကိုးကွယ်ခဲ့သောဘုရားတော်ဆူ

သွားတော်ဓာတ်အစစ်နှင့် ဆံတော်စစ် ဌာပနာစေတီဖြစ်သော ရောင်ခြည်တော်များလွှတ်၍ တန်ခိုးတော်များပြတတ်သော၊ မော်လမြိုင်မြို့၏ ကျက်သရေဆောင် **နာဂဝံသ တောင် ထွတ်ပေါ်ရှိသော ကျိုက်သန်လန် စေတီတော်မြတ်ကြီး**သို့ ရောက်ခဲ့ပါလျှင်...

ယခု ကျွန်မ ခံစားရေးသား ပူဇော်ထားသော ရန်ပြေမာန်ရှင်း ကြေးသွန်းဘုရားကြီး (ခေါ်) မိဖုရားဘုရားကြီးကို လာရောက်လေ့လာ ကုသိုလ်ပွားပါ ရန်နှင့် မသိပါက ဂေါပကလူကြီးများ

www.burmeseclassic.com





▲ စိန်တုံးမိဖုရားမြေကွက်ကို မှတ်တမ်းအတိုင်း ၁၉၃၉ ခုနှစ်တွင် ပြန်လှူပေးပုံ

◀ စိန်တုံးမိဖုရားကြီးကောင်းမှုတော် ဗောဓိညောင်ပင်သို့ အဝင်လမ်း၊ အိမ်တော်ရာ သီလရှင်ကျောင်းဝင်း

ကို မေးမြန်းစုံစမ်းနိုင်ပါသည်။

**မော်လမြိုင်မြို့မှာ**
**စိန်တုံးမိဖုရားကြီး၏**
**ကျန်ဘဝ နောက်ဆုံးရက်များ**

မင်းတုန်းမင်း နတ်ရွာစံချိန်မှာ စိန်တုံးမိဖုရားကြီး၏ အသက်(၄၀)သာ ရှိသေးသည်။ မော်လမြိုင်သို့ စိန်တုံးမိဖုရားကြီး ရောက်ရှိလာချိန်မှာ အသက်(၄၇)နှစ်ရှိပြီဖြစ်သည်။

မင်းတုန်းမင်းကြီးကို ချစ်ခင်လေးစားကြသော ပြည်သူများပီပီ မော်လမြိုင်သားတို့သည် စိန်တုံးမိဖုရားကြီးကို ရှိသေလေးစား ဦးစားပေးကြသည်။

ကူညီ စောင့်ရှောက်ကြသည်။ ကျိုက်သန်လန် စေတီတော်မြတ်ကြီးကို ဗဟိုပြု၍ သာသနာပြုကြသည်။

ကျောင်းအမကြီး ဒေါ်ရွှေပွင့်၏ငွေ၊ စိန်တုံးမိဖုရား၏ ထီးဟန်နန်းဟန် မန္တလေးရွှေနန်းတော် အလွမ်းပြေ၊ ရတနာဘုံမြင့် ကျောင်းတော်ကြီးမှာ ဝဇီရာရာမ ဆရာတော်ကြီး သီတင်းသုံးတော်မူသည်။

ထိုကျောင်းတော်ကြီးတွင် မင်းတုန်းမင်း၏ ဝတ်လဲတော်ကို ပြာချ၊ ယွန်းပညာဖြင့် ကမ္ဗလာပြုလုပ် လှူဒါန်းထားသည်ကို ယနေ့တိုင် ရှိနေပါသည်။ မင်းတုန်းမင်းကြီး ကုသိုလ်ရစေရန် စိန်တုံးမိဖုရားကြီး၏ အလှူတစ်ခုဖြစ်ပါသည်။

အင်္ဂလိပ်အစိုးရက စိန်တုံးမိဖုရားကြီးအား ပင်စင်လစာ (၁၅၀)ကျပ်ကို ၁၂၄၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက် [၁၈၈၆ ခုနှစ်၊ ဧပြီလ (၁)ရက်]နေ့မှ စတင်ပေးခဲ့သည်။

၁၂၅၂ ခုနှစ်တွင် တောင်ရှမ်းစုရပ်ရှိ မြေများ၊ အိမ်များ ဂရန်နံပါတ်(၅၂၇၉) ကို (၂၀၀)ကျပ်ဖြင့် လည်းကောင်း၊ လေးပင် သုံးခန်းအိမ်ကို (၂၀၀)ကျပ်ဖြင့် လည်းကောင်း၊ မြေလွတ်များကို (၉၀)ကျပ်ဖြင့် လည်းကောင်း မြေဝယ်စာချုပ်ဖြင့် ဝယ်ယူသည်။

ပတ္တမြားလုံးရေ (၁၀၀)ကျော်ကို ရသည့်ဈေးနှင့် ချရောင်း၍ မြေဖိုးပေးလိုက်သည်ဟု ထိုမြေဝယ်စာချုပ်မူရင်း၏ အောက်ခြေတွင် ခဲတံဖြင့် စာကြောင်းနှစ်ကြောင်း ရေးသားထားသည်မှာ စိန်တုံးမိဖုရားကြီး၏ ကိုယ်တိုင်ရေးမှတ်တမ်း ဖြစ်နိုင်သည်။

ယခု အိမ်တော်ရာ စာသင်တိုက် ပြုလုပ်ထားသောနေရာ ဖြစ်သည်။ ထိုနှစ်မှာပင် မော်လမြိုင် သာယာကုန်းရပ်မှ ယခု ဝယ်ထားသောနေရာ (အိမ်တော်ရာ)သို့ ပြောင်းရွှေ့နေထိုင်ပါသည်။


၁၂၅၃ ခုနှစ်တွင် ဝဇီရာရာမ ဆရာတော် ဦးဆောင်သော နောက်ပါ ရဟန်း(၄၆)ပါး၊ စိန်တုံးမိဖုရား ဦးဆောင်သော လူ၊သီလသည် (၁၀၀)တို့ ရန်ကုန်မှ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ သင်္ဘောဖြင့် ထွက်ကြွတော်မူလေသည်။


ဗုဒ္ဓ၏စွယ်တော်စစ်ကို ဖူးမြော်နှင့် သင်္ဃာဆရာတော်ကြီး တာဝန်ပေးခဲ့သော မဏ္ဍိုင်ဆိုးသေးသည့် သာသနာ




www.burmeseclassic.com

www.burmeseclassic.com







တာဝန်ကို ထမ်းဆောင်ရန် ဖြစ်ပါသည်။

ထိုစဉ်က သင်္ဘောခမှာ လူတစ်ကိုယ် (၂၀)ကျပ်ဖြစ်သည်။ ကောသမ္ဗီမြို့(ကိုလံဘို)သို့ ဆိုက်ရောက်ပြီး ထိုမှ (၇)မိုင်ဝေးသော သေခဏ္ဍသေလမြို့(ကန္ဒီ)သို့ မီးရထားဖြင့် လူတစ်ကိုယ် (၂)ကျပ် ပေးရသည်။

စွယ်တော်မြတ်ကို ဆွမ်းတော်ကြီး ကပ်လှူရာ ဆန်(၁၀)တင်းနှင့် လျော်စွာ စားမြိန်ဟင်းလျာ၊ မုန့်၊ ယို၊ အချို၊ သစ်သီးမျိုးစုံတို့ ဖြစ်သည်။

စွယ်တော်မြတ်၏ သံဃနာယက ဖြစ်သော **သီရိသုမင်္ဂလမထေရ်ကြီး** က ရှေ့ဆောင်နာယကဖြစ်သော ဇီဝရာရာမဆရာတော်ကြီးအား ဦးစွာ စွယ်တော်မြတ်ကြီးကို အလိုရှိတိုင်း ဖူးခွင့်ပေးသည်။

ထို့အတူ လူတို့၏ ဦးဆောင်နာယကဖြစ်သော စိန်တုံးမိဖုရားကြီးအား အလိုရှိတိုင်း စွယ်တော်မြတ်ကြီးကို ဖူးခွင့်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံမှ ပါလာသော ရဟန်းရှင်လူများ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ဖူးချင်သူများကို ဖူးခွင့်ပေးသည်။

ဇီဝရာရာမ ဆရာတော်ကြီးသည် (၄၃)နှစ်ကြာ ဝိဝါဒကွဲနေသော သက်ရဝိဒီဂိုဏ်းနှင့် အသက်ရဝိဒီဂိုဏ်းကို ပြေငြိမ်းစေရန် တရားပွဲများ ဆက်တိုက်ဟောကြားတော်မူသည်။

'ဗိုလ်ရှင်တို့ မူလဆရာရင်းများ ရှိစဉ်ကလဲ မငြိမ်းမဲ့ရား ထိုဆရာသမားများ ကွယ်လွန်သွားကြပြီးနောက် တပည့်စဉ်ဆက်မှာလဲ မငြိမ်းစဲလျှင် သာသနာငါးထောင် ရှည်ကြာမယုတ်မပျက် ဆက်တည်နေသော် အခက်ကြုံလေလိမ့်မည်။

ဗိုလ်ရှင်တို့၏ဂိုဏ်းသည် အမရပူရနိကာယ မြန်မာဝံသိက ဂိုဏ်းဖြစ်သည်။ မြန်မာဂိုဏ်းသားဖြစ်သော ဗိုလ်ရှင်တို့သည် မြန်မာရဟန်းတို့ ပြုရိုးလမ်းကြောင်းကို လိုက်ကောင်းလှပါသည်'

စသည့် အကြောင်းအရာကို ချဲ့ထွင် ဟောတော်မူသည်။

တောဒင်ငါးကြိမ်ခံ အာနန္ဒာမထေရ်မြတ်ကြီးအား ပထမ သင်္ဂါယနာတင်ပွဲ၌ အပြစ်တင်ကြသည်ကို အပြစ်တင်



www.burmeseclassic.com

www.burmeseclassic.com






စိန်တုံးမိဖုရားကြီး၏ ကုသိုလ်တော်ကျောက်စာ

သော အရှင်မြတ်တို့အား လေးစားသောအားဖြင့် ချက်ချင်း ဒုက္ကဋ်အာပတ်ကို ဖြေကြားကုသခဲ့ကြောင်း ထောက်ပြ၍ အကျယ်ချဲ့ဟောတော်မူသည်။

ဆရာတော်ကြီး၏ နေ့စဉ်ညဆက် အားမာန်တက်စွာသော အဆုံးအမများကြောင့် ၁၂၅၃ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၅)ရက် (၂၇.၃.၁၈၉၂) တွင် ဝိဝါဒများ အေးငြိမ်းသမဂ္ဂ ဖြစ်သွားလေတော့သည်။

ဝဇီရာရာမ ဆရာတော်ကြီး၏ ထင်ရှားသော ပြည်ပသာသနာပြု အောင်မြင်ပွဲကြီး ဖြစ်ပါသည်။

စိန်တုံး မိဖုရားကြီးသည်လည်း သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ အပြန် အနုရာဓမြို့မှ ဗောဓိပင်ငယ်ကို ပင့်ဆောင်လာပြီး အိမ်တော်ရာ သီလရှင်စာသင်တိုက်ဝင်းထဲ၌ ခမ်းနားစွာ ဗောဓိပင်ကိုစိုက်၍ ပူဇော်ထားလေသည်။ မဟာဗောဓိကျောက်စာ ရေးသားမှတ်တမ်းပြုထားပါသည်။

စိန်တုံးမိဖုရား ကုသိုလ်တော်ကျောက်စာကို တစ်ဖက်တွင် ရေးသားထားပါသည်။ အမိုးပေါ်တွင် စေတီတည်၍ သပ်ရပ်စွာ ဗောဓိညောင်ပင်နားတွင် ရှိပါသည်။ ၁၂၅၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့က ဖြစ်ပါသည်။

ရှိသမျှသော ရတနာရွှေငွေတို့ တစ်ခုမကျန် လှူဒါန်းလိုက်ပြီးသော် စိန်တုံးမိဖုရားကြီးမှာ ပင်စင်ငွေ(၁၅၀)ကျပ်ဖြင့် ဝဇီရာရာမဆရာတော်ကြီး၏ နေ့စဉ် ဆွမ်းကိစ္စများကိုလည်း ဝတ်မပျက် ဆောင်ရွက်တော်မူသည်။

တစ်ခါသော် စိန်တုံးမိဖုရားကြီးသည် သွေးဝမ်းရောဂါ အပြင်းအထန် ဖြစ်သည်။ မန္တလေးမြို့ရှိ နန်းတွင်းသမားတော်များအား ကြေးနန်းရိုက်၍ ပင့်သော်လည်း တစ်ဦးမှ လာခြင်းမရှိသဖြင့် ကျုံဒိုးရွာမှ သမားတော်ကြီး ဦးဖိုးလေးက ကုသခဲ့၍ ရောဂါပျောက်ကင်း အသက်ချမ်းသာရခဲ့လေသည်။

သမားတော်ကြီးအား ကန်တော့ရန် ငွေမရှိသဖြင့် ပဝါတစ်ပိုင်းဖြင့်သာ ကန်တော့ရကြောင်း အတူနေ အပျိုတော် ပဘာ(ဆရာလေး မယ်ကိတ်)၏ လက်ဆင့်ကမ်း မှတ်တမ်းမှ သိရပါသည်။

သီလရှင်ဝတ်လိုက်သော စိန်တုံးမိဖုရားကြီးသည် ၁၂၅၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂)ရက်နေ့တွင် သေတမ်းစာတစ်စောင်ကို ရေးသားခဲ့လေသည်။

ဆရာတော်ကြီးများအား လျှောက်ထားဟန် သက်သေလူကြီးများရှေ့၌ ရေးသားခဲ့လေသည်။

မိမိဝိညာဉ် မရှိတော့သည့် နောက်ပိုင်း မိမိပိုင်မြေပေါ်ရှိ သစ်ပင်မြက်ပင်တို့မှ ရရှိသော အခွန်ဘဏ္ဍာတို့အား သင်္ဃာဆရာတော်ကြီး၏ စေတီတော်ကို ထိန်းသိမ်းပြုပြင်ရန်နှင့် ရတနာဘုံမြင့်ကျောင်း၊ အိမ်တော်ရာကျောင်းတိုက်တို့တွင် သီတင်းသုံးသော ရဟန်းတို့အား ပစ္စည်းလေးပါး လှူဒါန်းရန် လျှောက်ထားခဲ့သည်။

မိမိနေအိမ်ကို ကျောင်းအဖြစ်လည်းကောင်း၊ အိမ်အသုံးအဆောင်ပစ္စည်းများကို ကျောင်းသုံးပစ္စည်းအဖြစ်လည်းကောင်း လှူဒါန်းခဲ့သည်။


ရေတွင်းကိုလည်း လာလာသမျှ ရဟန်းရှင်လူများ သုံးဆောင်ရန်

www.burmeseclassic.com

www.burmeseclassic.com



◆ စိန်တုံးမိဖုရားကြီးအုတ်ဂူ
အနီးကပ်ပုံ



◆ ဗောဓိညောင်ပင်အောက်မှ
စိန်တုံးမိဖုရားကြီး လဲလျောင်းရာ အုတ်ဂူ

လျှုဒါန်းခဲ့သည်။ စသည့် အချက်များ ပါဝင်ပါသည်။

စိန်တုံးသီလရှင်ဘဝနှင့် နေဝင်ချိန်နီးလာသော်လည်း ဝဇီရာရာမဆရာတော်ကြီးရှိရာ ရတနာဘုံမြင့်ကျောင်းသို့ နေ့စဉ် ဆွမ်းပို့သည်။ သီလယူသည်။

စိန်တုံးသီလရှင်ကို ကျွန်ုယုံ ဦးပွကထမ်း၍ နောက်မှ သီလရှင်မယ်ကိတ်နှင့် သီလရှင်နှစ်ပါးက ပွဲတော်အုပ်ကို ကိုင်ကာ လိုက်ပါပို့ဆောင်ကြသည်။

သီလရှင်ဘဝဖြင့် စိန်တုံးမိဖုရားကြီးသည် ၁၂၆၆ ခုနှစ်၊ တပေါင်းလဆန်းတွင် ကွယ်လွန်အနိစ္စ ရောက်လေသည်။ သက်တော်(၆၆)နှစ်ဖြစ်သည်။

အိမ်တော်ရာဝင်းအတွင်း မဟာဗောဓိပင်အောက်တွင် အုတ်ဂူပြာသာဒ်ထားရှိသည်။

စိန်တုံးမိဖုရားကြီး၏ သေတမ်းစာအတိုင်း အိမ်တော်ရာကို ကျောင်းအဖြစ် ဆရာတော်ကြီးများ အဆက်ဆက် (၁၄)နှစ် သီတင်းသုံးခဲ့ကြသော်လည်း မပျော်ပိုက်ကြသဖြင့် အစောင့်အရှောက်ကင်းလျက် ဖြစ်နေသည်။

ထိုအခါ ဆရာတော်ကြီးများ တိုင်ပင်၍ ပရိယတ္တိသာသနာ လက်ာရပါရဂူ၊ ပရိယတ္တိ သာသနာလက်ာရ သုတ္တန္တကောဝိဒ ဟူသော ဘွဲ့ရရှိထားသည့် ဒေါ်ခေမာသီရိ သီလရှင်ကြီးအား မြေဂရန် စာချုပ်စာတန်းနှင့် လွှဲပြောင်းပေးအပ်တော်မူကြလေသည်။

ယခုအခါ ဒေါ်ကေသာဝတီ၊ ဒေါ်ဉာဏဝတီ သီလရှင်ကြီးနှစ်ပါးမှ ဆက်လက်ထိန်းသိမ်းအုပ်ချုပ် စာပေပို့ချလျက် ရှိပါသည်။

ကျွန်မသည် စိန်တုံးမိဖုရားကြီး၏ နေထိုင်ခဲ့ရာ သာသနာပြုခဲ့ရာ နေရာများကို လှည့်လည်ကြည့်ရှု မှတ်တမ်းပြုပြီး ကျိုက်သန်လန်ရင်ပြင်ပေါ်ရှိ မိဖုရားကြီးဘုရားကို ဖူးမြော်ဆုတောင်းရင်း စိန်တုံးမိဖုရားကြီး ဘဝမှတ်တမ်းကို နှစ်ပေါင်းများစွာ ပြုစုလေ့လာမှတ်သားစုဆောင်းခဲ့ပါသည်။

ယခု နောက်ဆုံး အပြီးသတ်ရေးပြီးချိန်မှာ မိဖုရားကြီးဘုရား၏ နောက်



www.burmeseclassic.com

www.burmeseclassic.com



ရန်ရပြေမာန်ရှင်ဘုရား အရှေ့ဘက်မှ မြင်ရသော သံလွင်မြစ်ကြီး
မှိုင်းမှုန် တောင်တန်း ဘီလူးကျွန်းရှုခင်းအလှ

ကျောဘက် ရှုမျှော်ခင်းကြည့် အပန်း ဖြေရာနေရာတွင် ထိုင်ရင်း စိန်တုံး မိဖုရားကြီး၏ မိန်းမသားဘဝကို စာနာထောက်ထားစွာ တွေးနေမိပါ သည်။

ရတနာပုံနေပြည်တော်တွင် ရှိစဉ် မင်းတုန်းမင်းကြီးက သူ၏ ချစ်လှစွာ သော အစ်မတော် တောင်နန်းစံမိဖုရား ကြီး စကြာဒေဝီဂူအနီးတွင် ကုသိုလ် တွေ ပြုပေးသည်။ ပုတီးစိပ် အမျှဝေ ပေးသည်။

စိန်တုံးမိဖုရားကြီးက မင်းတုန်းမင်း ကြီးအတွက် အသက်ရှင်စဉ်မှာရော နတ်ရွာစံပြီးချိန်မှာရော ဘုရားတည် အမျှဝေ ကုသိုလ်တွေ ပြုပေးခဲ့သည်မှာ ရန်ပြေမာန်ရှင်း(မိဖုရားကြီးဘုရား)က သက်သေပြလျက်ရှိသည်။

စိန်တုံးမိဖုရားကြီး ကွယ်လွန်အနိစ္စ ရောက်သောအခါ မည်သူက ကုသိုလ် ပြုပေးကြမည်နည်း။ ကျွန်မ ကြေကွဲစွာ ဝေခွဲမရ တွေးဆနေမိပါသည်။

မော်လမြိုင်မြို့၏ အလှဆုံး ရှုခင်း များကို ကြည့်ရှုရင်း တွေးရင်း နေဝင် ချိန်သို့ ရောက်လာပေပြီ။ ဟို...ဘက် ကမ်း အဝေးရှိ တောင်တန်းတို့ပေါ် တွင် ညို့ညို့မှောင်မှောင် တောရိပ် တောင်ရိပ်များပေါ်မှ အလင်းရောင် ဖျော့တော့လာသော နေမင်းကြီးနှင့် အနောက်ဘက် ကောင်းကင်တစ်ဝန်း လုံး အနီရောင်လွှမ်းပြီး တိမ်တောက် နေသည်။

အနီရောင်ဟု ဆိုသော်လည်း ကြောက်လန့်ပူပင်ဖွယ် အနီရောင်မျိုး မဟုတ်။ လိမ္မော်ရည် အဝါနုသို့လှလျက် ခဲသားရောင် အပြာနုတွေ နောက်ခံ ကောင်းကင်ပြင်ကြောင့် ပြေပြစ်သော ပန်းချီကားတစ်ချပ်မှာ ဖြူလဲ့စိမ်းလွင် တိမ်သားယဉ်အမျှင်လေးက ဖြည့်စွက် ထားသည်။

အိပ်တန်းပြန် ကျေးငှက်တို့ ပျံသန်း ဟန်ပါ နှောထားသည်ကြောင့် လောက ကြီးတစ်ခွင်ကို အလှဆင်ထားသည်။ ဒီအချိန်ကို အရုပ်ဆိုး အကျည်းတန် သူတွေကိုပင် လှစေသည် မဟုတ်ပါ လား...။

နေမင်းကြီးက မြစ် တစ်ဖက်ကမ်း တောင် စွယ်အောက်ဆီသို့ ငုပ် လျှိုး ပျောက်ကွယ်သွား လေပြီ။ သို့သော်လည်း သူ၏ ရောင်ခြည်များ ကောင်းကင် တစ်ခွင်လုံး လွှမ်းခြုံ ဖြန့်ကြက်ထား ဆဲ...တိမ်တောက်နေဆဲ မဟုတ်ပါလား...။

သာသနာပြု မင်းတုန်း မင်းတရားကြီးနှင့် စိန်တုံး မိဖုရားကြီးတို့လည်း နေ မင်းကြီး ငုပ်လျှိုးသွား သလို တစ်ဘဝတာ ချုပ် ငြိမ်း ပျောက်ကွယ်သွားလေပြီ။

သူတို့ကုသိုလ်ပြုခဲ့သော ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်များက လောကကြီးကို အကျိုးပြု အလှဆင် နေဆဲမို့ ကျွန်မသည် ထိုသာသနာပြု ပုဂ္ဂိုလ်ထူးများကို အမည်တပ်၍ နေ့စဉ် အမျှဝေ သာဓုခေါ် ဂုဏ်ပြုလျက်ရှိ ကြောင်း မှန်သော သစ္စာစကားဖြင့် ရေးသား မှတ်တမ်းပြုလိုက်ရပါ သတည်း။

**သီတာဆန်း (မော်လမြိုင်)**

ကျမ်းကိုး

- ✤ အရှင်စန္ဒဝံသ(တောင်ပေါက် ဆရာ တော်)၏ ပြောကြားချက်၊
- ✤ အပျိုတော်မယ်ပဘာ (ဆရာလေး မယ်ကိတ်)၏ ပြောစကား၊
- ✤ လက်ဆင့်ကမ်းမှတ်တမ်း။
- ✤ ရတနာဘုံမြင့်ကျောင်း၏ အတ္ထုပ္ပတ္တိ (ဦးအုံကျော် ကထိက-သမိုင်း)၊
- ✤ ကိုယ်တိုင်လေ့လာချက်၊



www.burmeseclassic.com

www.burmeseclassic.com

# ကလေးအင်္ဂိုတိတ်



## ဂါထာနှင့် အင်း

ရှေးခေတ် အဘိုး,အဘွားတို့ အသုံး ပြုခဲ့သော ကလေးအင်္ဂိုတိတ်ဂါထာနှင့် အင်းချနည်း လုပ်ဆောင်နည်းတို့ကို စာရေးသူအနေနှင့် ရှေးခေတ်မြန်မာ့ ရိုးရာ နည်းကောင်းလေးတစ်ခုအဖြစ် ရှာဖွေရေးသားလိုက်ရပါသည်။

အင်းချရန်မှာ သုံးပြီးသား **"စလောင်းဖုံး"**(ဟင်းအိုးအဖုံးအသေး) တစ်ခုယူပါ။ ထိုစလောင်းဖုံး၏ အတွင်းဘက်တွင် မီးသွေးခဲဖြင့် အင်းကွက် (၉)ကွက် ဆွဲပါ။ ဆွဲပြီး အင်းကွက်ထဲတွင် အင်းဆန်အနေနှင့် **"ခေါ–ရှာ–ခေါ"** အင်းကွက် အထက် အလယ်ကွက်မှ အောက်သို့ သုံးလုံးရေးချပါ။

ထို့နောက်တစ်ဖန် ဘယ်ဘက်ထက်အောက်တန်း အလယ်ကွက်မှ ယာဘက်သို့ **"ခေါ–ရှာ–ခေါ"** ရေးချပါ။ အလယ်ဗဟိုကွက်မှာ ချပြီးဖြစ်သဖြင့် **"ခေါ–ခေါ"**နှစ်ကွက် ချရေးလျှင် ပြည့်စုံပါပြီ။

အင်းချပြီး စလောင်းဖုံးကို ကလေးသိပ်သော ပုခက်အထက်ကြိုးတန်း **"ကလေးမျက်နှာ"**နှင့် တည့်တည့်နေရာ၌ မှောက်လျက် ချိတ်ဆိုထားရပါမည်။

အင်းရေးဆွဲရန် ပုံစံနှင့် စလောင်းဖုံးကြိုးချည်ပုံကို ရေးဆွဲပြပါမည်။

*** ——————→

အင်းကွက် မျဉ်းသားစဉ်၊ အင်းဆန်ရေးထည့်စဉ်တွင် "အဲရဟံ–အရဟံ–အရဟံ"ဟု ရွတ်ဆိုပါ။

ထိုသို့ အင်းချ ရေးဆွဲချိတ်ပြီးချိန်တွင် ရွတ်ဆိုရန် ဂါထာမှာ...

ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊
ဓမ္မော မေ သရဏံ အညံနတ္ထိ၊
သံဃော မေ သရဏံ အညံနတ္ထိ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု
သုံးကြိမ် ရွတ်ဆိုပါ။

ရွတ်ဆိုရန် ပါဠိအနက် မြန်မာပြန်

**ဗုဒ္ဓေါ** – သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားသည်၊ **ဓမ္မော**– မဂ်လေးတန်,ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်သည်၊ **သံဃော** – မဂ္ဂဋ္ဌာန်လေးပါး, ဖလဋ္ဌာန်လေးပါးဟု ဆိုအပ်သော ရှစ်ပါးသော အရိယာနွယ်ဝင် သမ္မုတိသံဃာတော် အရှင်မြတ်တို့သည်၊ **မေ**–တပည့်တော်အဖို့၊ **သရဏံ**–ကိုးကွယ်အားထားရာ ပါတည်း၊ **အညံနတ္ထိ**–ဘုရား,တရား, သံဃာမှတစ်ပါး အခြားသော ကိုးကွယ်ရာ မရှိပါဘုရား။

**ဧတေန သစ္စဝဇ္ဇေန** – ဤသို့ မဖောက်မပြန် မှန်ကန်စွာ ရွတ်ဆိုလိုက်ရသော သစ္စာစကားကြောင့်၊

| | | |
|---|---|---|
| | ခေါ | |
| ခေါ | ရှာ | ခေါ |
| | ခေါ | |

ချပြီးအင်းပုံစံ

**တေ**–သင့်အား (**မေ**–ကျွန်ုပ်အား)၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသည်။ (...)နေ့သားသမီး အင်္ဂိုတိတ်ပါစေသား အရှင်ဘုရား။

ပါဠိဘာသာ အသံထွက်ဖတ်နည်း

ဗုတ်ဒေါ် မေ သရဏံ အင်ညံနတ်ထိ၊
ဓမ်မော မေ သရဏံ အင်ညံနတ်ထိ၊
သံဃော မေ သရဏံ အင်ညံနတ်ထိ၊
အေတေန သစ်စ ဝစ်ဇေန သွတ်ထိ တေ
ဟောတု သပ်ဗဒါ။
ဟု ရွတ်ဆိုပါ။

***ကိုယ်စိတ်နှစ်ပါး ချမ်းသာ၍ ကျန်းမာကြပါစေ။***

**ကောင်းခန့်(သခွတ်မြေ)**
**ဝက်လက်**



စလောင်းဖုံးကြိုးချည်ချိတ်ဆွဲပုံ



www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊ အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)


Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




www.burmeseclassic.com

www.burmeseclassic.com



▲ ကျောက်ချိုင်စေတီအား အနောက်မြောက်ထောင့်မှ ရှုရစဉ်



▲ ကျောက်ချိုင်စေတီအား အရှေ့မြောက်ထောင့် တောင်ကုန်းပေါ်မှ ရှုမြော်စဉ်

မောင်မောင်စိုး (ထားဝယ်)

မျှတ်ဝိသား

# ရန်အောင်မြင် ကျိုက်ထီးရိုးစေတီအောင်မြေ

## ကျောက်ပြားတောင် အဓိဋ္ဌာန်ခရီး (၄)

ယခင်လမှ အဆက်

သို့သော် အမျိုးသမီးများ ရေအသုံးပြုပါက ရေခန်းသွားတတ်၏။ ရေမထွက်တော့ပါ။ ကန်တော့ပွဲပေးပြီး မီးထွန်းတောင်းပန်ခဲ့သော်လည်း ရေက ထွက်မလာတော့ပါ။

ရေထွက်လာပြန်လျှင်လည်း သွေးကဲ့သို့ နီရဲရဲ အရည်တွေ ဖြစ်သွား၏။ ထိုရေကန်တွင် မိန်းမတို့သည် ညှိသည့်အခါမှ ရေမခပ်သင့်ဟုဆို၏။


ကျောက်ပြားတောင် (မျက်ဝိသားတောင်)ရှိ ရေကန်၊ ရေတွင်းတွေမှာ ချေပြည့်လျှံမှုက စံထားရပါသည်။ သူတော်စင်တို့ ပျော်မွေ့ရာ ထိုတောင်တွင် ရေသည် ပေါ၏။ ရေရှိ၍လည်း ထိုတောင်သည် လုပတင့်တယ်လျက်ရှိ၏။

စာရေးသူတို့ ရောက်ရှိနေသော တောင်အမည်က ကျောက်ပြားတောင်ခေါ်၏။ ကျိုက်ထီးရိုးတောင်ဟု လူသိများ၏။ ကျောက်ပြားတောင် ဆိုသည့်အတိုင်း တောင်ထိပ်တကြောတွင် ကျောက်ပြားပြင်ကြီးတွေ တွေ့ရ၏။


တောင်၏အမြင့် (၇၀)ပေမြင့်ကြောင်း သိရ၏။ တောင်ထိပ်ပေါ်မှ ရှင်မော်မီးပြကျွန်းကို မြင်ရ၏။ ကျောက်ပြားတောင် ပတ်ပတ်လည်တွင် တောင်တွေက ဝိုင်းရံထားသည်။

တောင်ဘက်တွင် ပုပ္ပါးတောင်၊ အရှေ့ဘက်တွင် တောင်မတောင်၊

www.burmeseclassic.com



စံကျောင်းတော် အရှေ့ဘက် ချိုင့်ဝှမ်းရှိ ကျောက်လုံးပေါ်၌ ကျောက်စေတီတစ်ဆူ ဖူးရစဉ်




မြောက်ဘက် တောင်ထိပ်၌ နတ်ထရာကန်ကို တွေ့ရစဉ်



ဆောက်လုပ်ဆဲ အဆောက်အအုံနှင့် စေတီတစ်ဆူကို ဖူးတွေ့ရစဉ်

အနောက်ဘက် တောင်ကုန်းထိပ်တွင် သွပ်မိုးဇရပ်တစ်ဆောင်တွေ့ရစဉ်



အနောက်မြောက်ဘက်တွင် **နရောဂ (ခ)ဘူတာတောင်**၊ အနောက်ဘက်တွင် **ထန်းတစ်ပင်တောင်**၊ ၅၁ တောင်၊ အနောက်တောင်ဘက်တွင် **တောင်ရိုးကြီးတောင်**၊ **ကျောက်တွင်းတောင်**၊ **ရေတံခွန်တောင်**တို့ကို မြင်ရသည်။


တောင်ဘက်တွင်ပင် **ဘီလူးတောင်**သည်ရှိ၏။ မင်းသားအိုင်၊ မင်းသားချောင်းသည်ရှိ၏။ ကျောက်သင်္ဘော၊ ကျောက်သေတ္တာ၊ ကျောက်မိကျောင်းရှိ၏။

ပုပ္ပါးတောင်ရှိရာ တောင်ဘက်တွင် ဘီလူးတောင်ရှိ၏။ မင်းသားအိုင်၊ မင်းသားချောင်းသည်ရှိ၏။ မင်းဒတ်ချောင်းထဲတွင် ကိုယ်နှစ်ပိုင်းပြတ်နေသော နံကာလီလီဘီလူးမရှိ၏။

သူက လူမင်းသားနှင့် နံကာလီလီ ဘီလူးမတို့ကို ချစ်ကြိုက်ခဲ့ကြသည်ဟု ဆိုသည်။ ဘီလူးမမှာ မင်းသားအားချက်

www.burmeseclassic.com

www.burmeseclassic.com



◆ ထိုင်တော်မူဘုရား(၃)ဆူကို ဖူးရစဉ်



မြောက်ဘက် တောင်ထိပ်၌ နတ်ရေတွင်းကို တွေ့ရစဉ် ▶



◆ လျောင်းတော်မူဘုရား ပြိုပျက်လျက်ရှိသည့်အတွက် ပြုပြင်ကောင်းမှုပြုရန် လိုအပ်နေသည့်ပုံ

နှင့် နှစ်ပိုင်းပြတ်ကာ ကျောက်ရုပ်ဖြစ်ခဲ့၏။

မင်းသားအိုင်နှင့် မင်းသားချောင်းသည် ရှိဆဲဖြစ်သလို ဘီလူးတောင်သည်လည်း တည်ရှိနေဆဲပင်။ ပုပ္ပါးတောင်တွင်လည်း ပန်းပေါင်းစုံဖြင့် ဝေနေဆဲပင်ဖြစ်၏။

ကျောက်ပြားတောင် တစ်ဝိုက်တွင် အတိတ်ကာလက လွမ်းမောဖွယ်ရာ အဖြစ်အပျက်ဖြစ်၏။

တောင်ထိပ်တွင် ခဏနားနေလေ့လာပြီး အနောက်ဘက် လူသွားလမ်းကြောင်းအတိုင်း ပြန်လည်ဆင်းသက်လာရာ တောင်စောင်း ဆင်ခြေလျှော အလယ်ရောက်တွင် ပလ္လင်တော်ဝယ် တောင်ဘက်မျက်နှာစာပြု ထိုင်တော်မူဘုရား(၃)ဆူကို ဖူးရ၏။

ထိုင်တော်မူ ဘုရား(၃)ဆူအနီး အရှေ့ဘက်တွင် လဲလျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူသည် ပြိုပျက်လျက် အုတ်ပုံကြီးအဖြစ် ပြောင်းလဲလျက်ရှိ၏။

နှစ်ပေါင်းကြာမြင့်ပြီ ထင်ရ၏။ မပြုမပြင်နိုင်သေးဘဲ ရှိလေရာ ပျက်စီးနေသည်ကို စိတ်မကောင်းစွာ မြင်တွေ့ရ၏။

ဆရာတော်ဦးဝိသုဒ္ဓသည် လျောင်းတော်ဘုရားအနီးမှာ လူအို၊ လူနာ၊ လူသေ၊ ရဟန်း ရုပ်တုတို့ကို ထုလုပ်စေခဲ့၏။ ဘုရားလောင်းတော် သိဒ္ဓတ္ထမင်းသား သံဝေဂ လေးလီလေးခါ ရသော နိမိတ်ပြပုံတော်တွေ ဖြစ်၏။

ထို သရုပ်ပြ ရုပ်တုများသည်လည်း တစ်စစီ ပျက်စီးလျက် ရှိနေတာ မြင်တွေ့လေ့လာချက်အရ ဤရုပ်တုများ၏ ပျက်စီးမှုရှိနေတာ နှစ်(၆၀)ကျော် သက်တမ်းရှိမည်ဟု ခန့်မှန်းရပါသည်။

ပျက်စီးပြိုပျက်နေသော လျောင်းတော်မူဘုရားနှင့် နိမိတ်လေးလီ သရုပ်ပြ ရုပ်တုများကို ပြုပြင်ကောင်းမှု ပြုလိုသူများ အမြန်ပေါ် ပေါက်လာပါစေသားဟု စာရေးသူ ဆုတောင်းနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com






▲ ထိုင်တော်မူဘုရားကြီးတစ်ဆူကို ဖူးရစဉ်

လူအို၊ လူနာ၊ လူသေ၊ ရဟန်း၊ ရုပ်တုများ ပြုလုပ်လျက် ရှိသည့်အတွက် ပြုပြင်ကောင်းမှုပြုရန် လိုအပ်နေသည့်ပုံ ▶

▼ တောင်စောင်းလှေကားထစ် တောင်ဘက်မြေပြန့်နေရာ၌ ခရီးသည်နားနေဇရပ်ကို စီးမိုးမြင်တွေ့ရစဉ်



ထို့နောက် ဘုရားသုံးဆူ ထိုင်တော်မူဘုရားအနီး အနောက်ဘက်၌လည်း တောင်ဘက်မျက်နှာစာပြု ထိုင်တော်မူဘုရားကြီးတစ်ဆူကိုလည်း ရွှေရောင်ဝါဝင်း ကြည်ညိုဖူးရ၏။

ထိုင်တော်မူဘုရား ကိန်းဝပ်ရာ အနောက်ဘက်တောင် အမော်စွန်းတွင် **"နောင်တော်ကြီး" ရုပ်တုကို** တွေ့ရ၏။

လည်ပင်းတွင် ပုတီးကို ဆွဲထား၏။ ဝတ်ဖြူစင်ကြယ် ဝတ်ထား၏။ တောင်ဘက်ကို ကြည့်နေ၏။ ထိုနေရာမှ လှမ်းကြည့်သော တောင်ဘက်အဝေးမှ မြင်ကွင်းတွင် **ရေတံခွန်တောင်မကြီး**ကို လှမ်းမြင်နေရ၏။

နောင်တော်ကြီးစေတီ၏ အနောက်ဘက်ပေ(၃၀)အကွာတွင် **မယ်တော်ကြီးရုပ်တု**ကို တွေ့ရ၏။

**မယ်တော်ကြီးခေါင်းရည်းတွင် ပန်းတွေပန်ထား၏။ မယ်တော်ကြီးရှေ့တွင် ကျောက်ပျဉ်တစ်ချပ်ရှိ၏။ သနပ်ခါးလိမ်းလိုက လိမ်းနိုင်၏။ ရေမွှေးနံ့သာ ထားရှိပေးထား၏။ မယ်တော်ကြီးသည် ကျောက်ပျဉ်တစ်ချပ် ရှေ့ရှု၍ တောင်ဘက်ကို မျှော်ကြည့်နေ၏။**

ကျောက်ပြားတောင်ပေါ်မှ ပဟောင်ဦး ဆန်ဆန် **နောင်တော်ကြီး၊ မယ်တော်ကြီးရုပ်တု**တို့ကို ထားရှိသည်။

တောင်စောင်းလှေကားထစ် တောင်ဘက် မြေပြန့်နေရာ၌လည်း ဇရပ်တစ်ဆောင်ပေါ် ဘုရားဖူးခရီးသည်တွေ နားနေမှု ပြုနေကြသည်ကို တောင်ကုန်းမြင့်ပေါ်မှ စီးမိုးမြင်နေရ၏။

ထိုကျောက်ပြားတောင်မှာ သတိပြု ရှောင်ကြဉ်ရမည့် အကြောင်းအချက်တွေရှိ၏။ တောင်ပေါ်တွင် တောမီးရှို့၍ သတ္တဝါ သေသော် ဒုက္ခပေးတတ်၏။

တစ်ခါက ရဟန်းတစ်ပါး တောမီးရှို့ရာ မြွေတစ်ကောင်သေ၏။ ညတွင်းချင်း အိပ်မက်ပေး၏။ သူတစ်ပါး အသက်ကို သတ်ဖြတ်ခြင်းကို မကြိုက် နှစ်သက်ချေ။ ထိုနေရာတွင် တုံ့ပြန်တတ်၏။ လက်စားချေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com





▲ ဘုရားဖူးလမ်းတောင်ကုန်းဆင်း ကားလမ်းမပေါ် လမ်းပြမောင်ဇော်ဝင်းနှင့်
မောင်အောင်သူလင်းတို့ကို အပြန်ခရီးတွင် တွေ့ရစဉ်
◀ မောင်တော်ကြီးမှုံ

ထိုတောင်ပေါ်တွင်၊ အပြောများ၊ အဆိုများ မကြိုက်ပါ။ အလုပ်များသော်များသူတို့ ဆော်တတ်၏။ အနေများသော် ပညာပြတတ်၏။ တောင်ပေါ်မှ ပြေးဆင်းရသူတွေရှိ၏။ အယူများသူကို လက်မခံပါ။ အယူတိမ်းသူကို ဆုံးမတတ်၏။

❖ ကျိုက်ထီးရိုးစေတီ၏ အရှေ့မြောက်ထောင့်မှ ဆုတောင်းသော် လာဘ်လာဘကိုရ၏။
❖ အနောက်မြောက်ထောင့်မှစ၍ ဆုတောင်းသော် အထွတ်အထိပ်သို့ ရောက်၏။
❖ အနောက်တောင်ထောင့်က ဆုတောင်းသော် အပွင့်ရတတ်၏။
❖ မြောက်ဘက်က ဆုတောင်းသော် ရောဂါဘေးရန် အန္တရာယ်ကင်း၏။
❖ တောင်ဘက်က ဆုတောင်းသော် ရာထူးဌာနန္တရ ရတတ်၏။
❖ အရှေ့တောင်ဘက်က ဆုတောင်းသော် စုတ်ဝင်၏။
❖ အရှေ့ဘက်က ဆုတောင်းသော် သာသနာပြုခွင့်ရ၏။

ဆုပန်ပြည့်စေတီဖြစ်၏။

သာသနာပြုထိုက်သူ ရောက်က သာသနာပြုခွာတ်ကိုရကာ၍ အားစွမ်းကို ထပ်ဆင့်တိုးစေ၏။ သာသနာ့အောင်လံလွှင့်ထူရာ နေရာမြတ်ဖြစ်၏။

လောကီ၊ လောကုတ္တရာ တိုးပွားအောင်မြင်လိုသူများနှင့် တောင်ထူးတောင်မြတ် တောင်အထပ်ထပ်သို့ လှည့်လည်ကာ အဓိဋ္ဌာန်ဝင်ကျင့်ကြံကြိုးကုတ် အားထုတ်သူများ တစ်ခါတစ်ခေါက် ရောက်သင့်သော အောင်မြင်ဟိတ်ကောင်းရှိရာ နေရာထူးတစ်နေရာလည်း ဖြစ်ပါသည်။

ဗျတ်ဝိသား ရန်အောင်မြင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသည် ဆုတောင်းအဓိဋ္ဌာန်ပြုပါက ဘေးရန်ကင်းရှင်းအောင်မြင်မှု ပြည့်ဝကြောင်း ယုံကြည်မှုအပြည့်ရှိကြ၏။

ယခုအခါ ထားဝယ်ခရိုင် ဒေသဝန်းကျင်သာမက တနင်္သာရီတိုင်းဒေသကြီး တစ်တိုင်းလုံးကပါ ဘုရားဖူးများ တကူးတက လာရောက်ဖူးမြော်ဆုတောင်းကြ၏။

ရွှေရောင်ဝင်းပနေသော ရန်အောင်မြင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးက ကြည်ညိုသပ္ပါယ်စရာ အတိပင်။

အရှေ့ဘက်ရင်ပြင်တော်ကို ကြွေပြားများ ခင်းထားသဖြင့် သန့်ရှင်းသပ်ရပ်ကာ ဘုရားဖူးများ စိတ်နှလုံး ကြည်လင်စွာ အာရုံပြု၍ရသည်။

နံနက်(၁၀း၃၀)နာရီ အချိန်ရောက်ရှိလာပြီ။ ခရီးဆက်ရန် ရှိသေး၏။ ရန်အောင်မြင် ကျိုက်ထီးရိုးစေတီကို ဦးချဖူးမြော် ကြည်ညိုဦးခိုက်ကန်တော့ရ၏။


စာပေခရီးလမ်းဘေးရန် အပေါင်းအသင်း ကင်းဝေးပြီး စာပေတာဝန်ဖြင့် ဗုဒ္ဓသာသနာအကျိုးပြု လုပ်ငန်းတွေ ဆထက်ထမ်းပိုး တိုး၍ စာပေရေးသားဆောင်ရွက်အောင်မြင်မှု ရပါစေကြောင်း...

ဤစေတီမြတ်ကြီးအား နောက်တစ်ကြိမ် ထပ်မံ၍ ဖူးမြော်ကြည်ညိုခွင့်ရရှိလိုပါကြောင်း အဓိဋ္ဌာန်ပြုဆုတောင်းကာ စေတီရင်ပြင်ကုန်းပေါ်မှ ပြန်လည်ဆင်းသက်ခဲ့ရလေသည်။

ယခုအခါ **ရန်ကုန်–ထားဝယ်–မြိတ်–ကော့သောင်း ပြည်ထောင်စုကားလမ်းကြီး ပေါ်ပေါက်နေပြီ ဖြစ်ပါသည်။** လမ်းပန်းဆက်သွယ်ရေး သွားလာလွယ်ကူ ကောင်းမွန်နေပြီ ဖြစ်ပါသည်။

သို့ဖြစ်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊

www.burmeseclassic.com






◆ အမြဲ့ချိုးတွင် ဘုရားဖူးသူတောင်ကုန်းပေါ်သို့ တောင်ခါက် တောင်ကုန်းထိပ်အရောက် လှမ်း၍ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်စဉ် မယ်တော်ကြီးပုံ ▶

◆ ဖျတ်ဝိသား ရန်အောင်မြင် ကျိုက်ထီးရိုးဘုရားလမ်းညွှန်မြေပုံ (ဖျတ်ဝိသားရန်အောင်မြင်ကျိုက်ထီးရိုးဘုရား စာစောင်မှ လမ်းညွှန်မြေပုံကို ထပ်ဆင့်ရိုက်ကူးထားခြင်းဖြစ်ပါသည်)

တောင်ပေါ် နားရဲ့ ပုတ်းစံပါ၊ ဆီမီး၊ ပန်းပူဇော်ရင်း အပူကင်းသော စိတ်တို့ မြဲ့ပေါ်စေ၏။ အပူကင်းရာ၊ စိတ်ငြိမ်းချမ်းရာ တောင်သေလာကို အရောက်လာခဲ့ရန် စေတနာထားနှင့် လမ်းညွှန်လိုက်ရပါသည်။

လမ်းညွှန်မြေပုံ



သဲချောင်းကြီးကျေးရွာအုပ်စု၊ ဖျတ်ဝိသားကျေးရွာတွင် ကိန်းဝပ်တည်ရှိသော **"ရန်အောင်မြင်"** ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား တစ်ခါ တစ်ခေါက် ကြည်ညိုသဒ္ဒါ ဖူးမြော် ပူဇော် ကုသိုလ်ယူ တရားပွားများ အားထုတ်သင့်လှပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေအပေါင်းနှင့် ပြည်သူအပေါင်းတို့အား လာရောက်နိုင်ရန် စေတနာကောင်းဖြင့် ထားဝယ်မြေမှ စာရေးသူ ဖိတ်ခေါ်လမ်းညွှန်ရေးသား တင်ပြလိုက်ရပါကြောင်း...။

**[ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ကူညီပေးကြသော ဦးတင်ဦး + ဒေါ်ရင်ကြည်မိသားစု (ဆင်ဆိတ်ရပ်၊ ထားဝယ်မြို့)တို့အား လည်းကောင်း၊ ဆရာမဒေါ်ခင်ဝေရီနှင့် တပည့်များအား လည်းကောင်း။ ဦးနောင်မဲ(ဖျတ်ဝိသားရွာ၊ သရက်ချောင်းမြို့နယ်)တို့အား လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း...]**

*သတ္တဝါ ဝေနေယျအပေါင်း ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။*

**မောင်မောင်စိုး(ထားဝယ်)**

ကိုးကားချက်

၁။ သာသနာ့တံခွန် ထားဝယ်ထေရ်မွန်များ–မောင်သန်းဆွေ(ထားဝယ်)
၂။ ဖျတ်ဝိသား ရန်အောင်မြင်ကျိုက်ထီးရိုးစေတီစာစောင် – နေမင်းရာဇာ(ထားဝယ်)
၃။ ဦးနောင်မဲ(ဖျတ်ဝိသားရွာ)၊ ကိုစိုး(ဖျတ်ဝိသားရွာ)၊ မောင်ဇော်မျိုးအောင်(ရင်ဲရွာ)၊ မောင်အောင်သူလင်း(ပန်းတောရွာ၊ သရက်ချောင်းမြို့နယ်)တို့၏ ပြောပြချက်များ။
၄။ စာရေးသူကိုယ်တိုင် ဘုရားဖူးလေ့လာချက်များ။ မှတ်တမ်းဓာတ်ပုံ ကိုယ်ရိုက်ကူးခြင်း(၁–၅–၂၀၁၆)



www.burmeseclassic.com

www.burmeseclassic.com

# ကုထုံး၊ကုကွက် တိုမှတ်







### အာရုံကြောနာခြင်း

#### ရောဂါအတွက် ကုသနည်း

အဆစ်ရောင်ခြင်းသည် အပတ်အဖွဲ့များ၏ ဖြစ်ရသည်။ ထို့ကြောင့် မပူလွန်း၊ မအိုက်လွန်းဘဲ ချွေးမထွက်ဘဲ ညနေရေချိုးခြင်း ရှောင်ကြဉ်ပါ။

အပတ်အဖွဲ့များ၏ ဝမ်းတွင်း၊ ကိုယ်ခန္ဓာအတွင်းမှာ အပူလောင်မြိုက်ခြင်းများသည်။

ထို့ကြောင့် အသွေး၊ အသား၊ ချဉ်ဆီ၊ အဆီ၊ အစေး၊ ချွေးတို့ နည်းလာသည်။ ယင်းဝေဒနာရှင် အဓိက လိုအပ်ချက် (၃)ချက်မှာ...

၁။ အပူငြိမ်းသွား၍ ရုပ်ဆိုပြည်လာရန်

၂။ အသွေး၊အသား၊အဆီ၊ချဉ်ဆီ၊အစေး၊ ချွေးတို့ တိုးပွားလာရန်

၃။ အာကာသဓါတ် တစ်ကိုယ်လုံး ချွေးညီညီထွက်၊ အဆိုးထွက်၍ ရုပ်ဆိုပြည်ရန်...

#### ဆေးတိုက်ရန်

**အပူငြိမ်းသွေးဆေး တိုင်းရင်း (၁၆)ကို** နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ် ဆေးတစ်ဆ သကြား(၃)ဆနှင့် သောက်ရန်။

**တိုင်းရင်းဆေး(၄၄)** ကတိုးလိမ်းဆေးကို သနပ်ခါးရည်ကြဲနှင့် တစ်နေ့ (၂)ကြိမ် လိမ်းရန်။

**သည်းခြေဆေး(၁၅)ကို** ညနေတစ်ကြိမ်၊ ည(၇)နာရီတစ်ကြိမ် ပျားရည်တစ်ဇွန်းနှင့် သောက်ရန်၊ စတုမဓူဆေးကို ညအိပ်ရာဝင်တိုက်ပါ။

#### ရှောင်ရန်

အပူ၊အစပ်၊အခါး၊အဖန်၊ရင်ပြည့်စာများ အထူးရှောင်ပါ။

#### အလွတ်စားရန်

ငှက်ပျောဖီးကြမ်း ထောပတ်နှင့် ကြော်၊ ပျားရည်နှင့်စားပါ။ ဟောလစ်၊ အိုဗာတင်းသောက်ပါ။ ကြွေလွယ်သော ဘီစကစ်၊ ပေါင်မုန့်စားပါ။

#### ဓာတ်စာများ

အုန်းနို့ဆန်ပြုတ်၊ နို့ဆန်ပြုတ်၊ ထောပတ်ဆန်ပြုတ်၊ ငါးဆန်ပြုတ် နံနက်စောစော စားလိုက်ပါ။

**ထမင်းစားရန်မှာ** ငါးမြင်း၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးကြီးသားတို့ကို မန်ကျည်းချဉ်ရည် အချဉ်နည်းနည်း ချက်ကျွေးပါ။

ကျောက်ဖရုံသီး၊ ဘူးသီး၊ မန်ကျည်းချဉ်ရည်၊ ခရမ်းချဉ်သီး၊ ငါး၊ ငါးကြင်းခေါင်း၊ ငါးရံ့ဟင်း၊ ကြက်သားပြုတ်ကြော်၊ သံပရာရည်နှင့် ဆမ်းစားပါ။

အားလုံး မပြည့်စုံသော်မှ **တိုင်းရင်းဆေး(၁၆)အပူငြိမ်းဆေးကို** သကြား (၃)ဆနှင့် သောက်ခြင်း၊ **(၄၄)ကတိုးလိမ်းဆေးမရသော်၊ (၄၃)အကင်းဆယ်ပါး**လိမ်းဆေးတို့ကို သနပ်ခါးရည်ကြဲနှင့် လိမ်းပါ။ စတုမဓူဆေးကို ညအိပ်ရာဝင်စားပါ။

**ဟင်းလျာဓာတ်စာများမှာ** မခဲယဉ်း၍ ရသမျှ ကြိုးစားချက်ပါ။ စာရေးသူမှ ကုပေးသည့် ဝေဒနာရှင်များ တိုင်းရင်းဆေး(၁၆)အပူငြိမ်းဆေး၊ စတုမဓူတို့နှင့် ပျောက်ပါသည်။

မိမိတို့ တိုင်းရင်းဆေး၊ ဆေးပညာကို ယုံကြည်စိတ်ချစွာ အသုံးပြုရန် လေးလေးနက်နက် တိုက်တွန်းပါရစေ။

#### စတုမဓူ ဖော်လျှင်

ဆီ (၁၀)ကျပ်သား၊ ထောပတ် (၂၀)ကျပ်သား၊ ပျားရည် (၅၀)ကျပ်သား၊ သကာရည် (တင်လဲရည်၊ တနဲရည်) (၇၀)ကျပ်သား ဖော်စပ်ပါ။ **ဂေါ်၊ နွေး၊ ပဥ္စ၊ သတ္တ ၁၊ ၂၊ ၅၊ ၇ အချိုးအစားဖြင့်** ဖော်စပ်ပါ။

*ပသေဿယျ တံ ဝဿသတံ အာရောဂျံ*

**မောင်အောင်ဝင်း**
**တိုင်းရင်းဆေး (ဗိန္ဓော)**



www.burmeseclassic.com


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆဆလ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုးအမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံသဏ္ဌာန်တည်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတန္တြလာ၊ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိစီးမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ဈေး(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၅၊ ၀၉ ၂၅၀၀၁၅၀၈၇

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

ဆားလင်းကြီးမြို့နယ်

# ဝက်တောကျောင်းနှင့်

မြောက်ကျောင်း ဘုရားအစုများမှ

# ရှေးလက်ရာများ (၃)

ထွေးမောင်





▲ တံခါးအနီးမှ ဓားကိုင်ဘီလူး

◀ မြင်းမိုရ်ပိတ်မှ တင်ပုတ်ကိုင်ဘီလူး

## ယခင်လမှ အဆက်

တရုတ်ဟန်နွယ်သော ဤရုပ်ပုံများကို ပုဂံခေတ် တာတာစစ်သည်များ ဝင်ရောက်ခဲ့စဉ်ကပင် ရေးခြယ်ခဲ့သည်ဟု ယူဆဖွယ်ရှိသည်။ သို့သော် အင်းဝခေတ် ဆေးရေးပန်းချီဟု ယူဆရသော နိပါတ်တော် သရုပ်ဖော်ပုံများတွင် ဤကဲ့သို့ ဝတ်စားဆင်ယင်ပုံများလည်း တွေ့ရသည် ဖြစ်ရာ ဝေခွဲရခက်ပါသည်။

ခေါင်းမိုးအနီး မြင်းမိုရ်ပိတ်တွင် တွေ့ရသော အခြားရုပ်ပုံများမှာ လက်ယာလက်တွင် သန် လျက်ကိုင်၍ ထိုင်နေသည့်ပုံ၊ လက်ယာလက်တွင် ဓား၊ လက်ဝဲဘက်၌ သားမွေးယပ်ကိုင်ထားပုံများ ဖြစ်ကြသည်။ ထိုင်နေပုံအရ စည်းစုပ်ကို ခြေဖြင့် တီးခတ်နေသော လောကနတ်ပုံစံဖြစ်သည်။ မကိုဋ်နှင့် မျက်နှာပေါက်တို့မှာ မြန်မာဆန်ပါသည်။

မြင်းမိုရ်ပိတ် အထက်ပိုင်းနေရာများတွင် ထားရှိသဖြင့် နတ်ဒေဝတာများဟု ယူဆရသည်။ အဆိုပါ နတ်ရုပ်အောက်တွင် ပုတီးစိပ်နေဟန် လူပုံမှာ မုတ်ဆိတ်ပါးမြိုင်းမွေးများ ထင်ရှားစွာ ရေးခြစ်ထားသည်။ လက်ယာလက်၌ ပုတီးကိုင်ကာ လက်ဝဲလက်က ယာခြေဖဝါးကို ဆုပ်ကိုင်ထားသည်။

ထောင့်စွန်းကွေ့တစ်ခု၌ ခရုသွန်းဟန် ဝန်မင်းရုပ်၊ ထီးတော်မိုးရုပ်၊ ပန်းဆက်သမား၊ နှဲသမား၊ (စောင်း) ငြင်းသမား စသူတို့ကိုလည်း တွေ့ရသည်။ နန်းတွင်းသား အခြွေအရံများဖြစ်ဟန်တူပါသည်။

လိုဏ်အတွင်း မြင်တွေ့ရသော ဆေးရေးပုံများ၊ ကမ္ပည်းစာတန်းများအရ ဤဒေသအမည်နာမ၊ ကောင်းမှုရှင်၊ သီတင်းသုံးသံဃာ စသည်တို့ကို ကောက်ချက်ချရန် မလွယ်ကူပါ။ အင်းဝခေတ်ဦးကာလဟု ခန့်မှန်းရ၍ အမျိုးသမီးတို့မှာ "ဆာရီ"နှင့်တူသော ခြုံထည်များ လွှမ်းခြုံထားတတ်၍ အမျိုးသားများမှာ ဦးထုပ်၊ ခေါင်းပေါင်း အသုံးပြုကြသည်။

များစွာသော ယောက်ျားရုပ်ပုံများ






www.burmeseclassic.com

www.burmeseclassic.com



◆ လက်ဗလာနှင့် တံခါးစောင့်နတ်



◆ နံရံမှ တရုတ်နဂါး

◆ သန်လျက်ကိုင် ရုပ်ပုံ



◆ ဓားနှင့် သားရေမွေးယပ်ကိုင် ရုပ်ပုံ



တွင် ခါးအထက်ပိုင်း ဗလာကျင်းထားသည်ကို တွေ့ရသည်။ အချို့မှာ သိုရင်းအကျီ၊ တောင်ရှည်ပုဆိုးနှင့် မြင်ရသည်။

အမျိုးသမီးများ၏ ခါးဝတ်မှာ ရင်ကွဲထဘီများ ဖြစ်လေသည်။ ပန်းချီရေးဟန်မှာလည်း ပကတိ လူနှင့် ပို၍ နီးစပ်အောင် ရေးဆွဲထားပေသည်။

## ရဟန္တာခြေတော်ရာ

ထို့နောက် စေတီလိုဏ်မှ ထွက်၍ မနီးမဝေးမြေပြင်ရှိ ရဟန္တာခြေတော်ရာကို သွားကြည့်ကြသည်။ လေးထောင့် စတုဂံပုံကျောက်တုံးတွင် ပေါင်ခတ်ကာ အတွင်း၌ ခြေရာအစုံ ရှိသည်။ ရေးရေးမျှသာပေါ်၍ ပီပြင် ထင်ရှားခြင်းမရှိလှပါ။ ကမ္ဗည်းစာ အမှတ်အသားတစ်စုံတစ်ရာမရှိချေ။

အရှင်သီလာစာရကလည်း ဝက်တောကျောင်းစေတီဝင်းတွင် ပေါင်လေးငင်ရှင် ကဿပမထေရ်၏ခြေတော်ရာ ရှိသည်ဟု ကြားဖူးနားဝ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



◀ နွားသင်းတွေမှုနှင့် ပုတီးသမား



ပန်းဆက်သမား ▶

တိကျသေချာစွာ မပြောနိုင်ပါဟု မိန့်တော်မူလေရာ ဖြစ်နိုင်ခြေသာရှိ၍ ထင်ရှားသော အထောက်အထား မတွေ့ရှိရပေ။

ဝက်တောကျောင်း ဘုရားများအစုတွင် ကျန်စေတီများမှာ မြေစိုက်စေတီများသာဖြစ်ကာ ကျောင်းတိုက်၊ သိမ်တိုက် အရာအကြွင်းများ မတွေ့ရှိရချေ။ ယာခင်းနှင့် လှည်းလမ်းအနီး တည်ရှိသဖြင့် ထွန်ယက်တူးဆွခြင်းကြောင့် သိမ်နိမိတ်တိုင်များ ကွယ်ပျောက်လေသည်လား၊ တောရဆောက်တည်ရာ တောကျောင်းမှာ သစ်ဝါးတို့ဖြင့် တည်ဆောက်ကာ ပြိုပျက်လေသည်လား

▼ ခရာမှုတ် ဝန်မင်း



▼ ထီးတော်မိုး



www.burmeseclassic.com

www.burmeseclassic.com





◄ စောင်းကြိုးသမား

◄ နှဲသမား

ဟုသာ တွေးဆရသည်။

ရွှေပေါင်လောင် ဘုရားသမိုင်း စာတမ်းများ၊ ကျောက်စာများတွင် ပေါင်လောင်ရှင် ကဿပ သာသနာပြု တည်ဆောက်ခဲ့သော တောကျောင်း၊ သိမ်၊ ဘုရားတို့အနက် ဆားလင်းကြီး မြို့နယ်တွင်လည်း များစွာ တည်ရှိသည်ဟု သိရသည်။


သို့သော် ထန်းတောတုံရွာ အနီးရှိ တုံတောကျောင်း စေတီများနှင့် တရားရွာရှိ နှစ်ကိုပ်ရှစ်ဆူ ဘုရားများ နှစ်နေရာသာလျှင် တိကျစွာ လမ်းညွှန်နိုင်ကြသည်။

တုံတောကျောင်းစေတီများနှင့် တည်ဆောက်ပုံဆင်တူသော ဝက်တောကျောင်းနှင့် မြောက်ကျောင်းဘုရား အစုများမှာလည်း ပေါင်လောင်ရှင်ကဿပ သီတင်းသုံးခဲ့ဟန်ရှိသဖြင့် သုတေသီများ ဆက်လက်ဖော်ထုတ်နိုင်စေရန် လမ်းညွှန် ဖော်ပြလိုက်ပါသည်။

ထွေးမောင်

မြေတော်ရာ ထိပ်တည့်တည့်မြင်ကွင်း ►

◄ မြေတော်ရာ ကျောက်တုံး







www.burmeseclassic.com

www.burmeseclassic.com

ရာပြည့်တိုင်းရင်းဆေးဆရာကြီး

# ဦးစိန် ၏ အသက်ရှည်ရာ အနာမဲ့ကြောင်း

နည်းလမ်းကောင်းများ

မြောင်းမြ မောင်ယဉ်တင့်

ဆရာကြီးဦးစိန် B.Sc. A.M.I.R.E.M. D(H)ကို မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်နေ့က တွေ့ဆုံခဲ့တာဆိုရင် **အသက်တစ်ရာပြည့်ပြီ** ဖြစ်ပါတယ်။ **အမှတ်(၈၂)-မင်းလမ်းအရှေ့ဘက်ကမ်း၊ လှည်းကူးမြို့နယ်**တွင် နေထိုင်ပြီး တိုင်းရင်းမြန်မာ ဆေးဆရာကြီးတစ်ဦး ဖြစ်ပါတယ်။

ဆရာကြီးနဲ့တွေ့ဆုံခိုက်မှာ အသက်ရှည်ရာ အနာကင်းကြောင်း နည်းလမ်းကောင်းများကို (၂၅.၇.၂၀၀၁)ခုနှစ်က မေးမြန်းခဲ့တဲ့ မှတ်တမ်းကို ပြန်ရှာကြည့်မိပြီး နှောင်းလူတို့အတွက် ဖော်ပြအပ်ပါတယ်။

▲ **'ဆရာကြီးခင်ဗျား… ဆရာကြီးရဲ့ ဓရာကျန်းမာရေးကျင့်စဉ်များကို ပြောကြားပေးပါခင်ဗျား'**

○ 'လောကီသစ္စာ အမှန်တရားကို နားလည်သဘောပေါက်ပြီး ဖြစ်ရမယ့်အပြင်၊ လောကုတ္တရာ သစ္စာလေးပါးကို တစ်ပါတည်း သိရှိနားလည်ပြီး သဘောအယူနဲ့ အကျင့်လမ်း မှန်ရပေမယ်။

နားလည် သဘောပေါက်တဲ့ အလျောက် စရဏ လုံလောက်စွာ ကျင့်ကြံသွားရမယ်။

**"ရာ-ဒေါ-မော-ဝိ-သဒ်-ဗုဒ္ဓိ စရိ ဤခြောက်ဖြာ"**ဆိုတဲ့အတိုင်း…

**ရာ** = ရာဂစရိုက်
**ဒေါ** = ဒေါသစရိုက်
**မော** = မောဟစရိုက်
**ဝိ** = ဝိတက်စရိုက်
**သဒ်** = သဒ္ဓါစရိုက်
**ဗုဒ္ဓိ** = ဗုဒ္ဓစရိုက်

အဲဒီ စရိုက်(၆)ပါးကို သိအောင်ရှာရမယ်။

မိမိ စိတ်ရိုင်းစိတ်မိုက်ကို ယဉ်ကျေးအောင်ပြုပြင်၊ အမြဲ စိတ်ကို ကြည်လင်



▲ ၁၃၆၃ ခုနှစ်က အသက်တစ်ရာပြည့် ဆရာကြီးဦးစိန် (၈၂-မင်းလမ်း အရှေ့ဘက်ကမ်း၊ လှည်းကူးမြို့နယ်)

အောင်ထား၊ စိတ်ကြည်မှ အမြင်မှန် အမြင်ရှင်းမယ်။ ဗုဒ္ဓါနုဿတိကို ပွားများအားထုတ်၊ တစ်မဂ်၊ တစ်ဖိုလ် ရ၊ရ မယ်လို့ စွဲမှတ်ပြီး အားထုတ်ပါ'

▲ **'ဆရာကြီးခင်ဗျား… ယခုလို အသက်ရှည်အောင် ဘယ်လိုဆေးဝါးများ မှီဝဲ စားသုံးခဲ့ပါသလဲ ခင်ဗျား'**

○ 'အခုလို အသက်ရှည်တာ **အသက်(၆၀)ကစပြီး ကာမဂုဏ်ကိစ္စ လုံးဝရှောင်ခဲ့တယ်**။ ဆေးဝါး အနေနဲ့…

- ❖ တစ်နှစ်မှာ (၁၂)လ ရှိတဲ့အတွက် ဇာတိပ္ဖိုလ်သီး (၁၂)လုံး၏ အဆန်ကို အခြောက်လှန်၍ အမှုန့်ပြုပါ။
- ❖ တစ်နှစ်မှာ (၁၂)လ ရှိတဲ့အတွက် ပိတ်ချင်းသီး(၁၂)တောင့်ကို အခြောက်လှန်းပြီး အမှုန့်ပြုပါ။
- ❖ တစ်နှစ်မှာ (၃၆၅)ရက် ရှိတဲ့အတွက် ရေမြုပ်ငရုတ်ကောင်းစေ့ (၃၆၅)လုံးကို မီးသင်းပြီး အမှုန့်ပြုပါ။ ***(ရေမြုပ်ငရုတ်ကောင်းဆိုတာ ငရုတ်ကောင်းစေ့များ၊ ရေထဲချကြည့်ပါ။ မြုပ်သွားသော ငရုတ်ကောင်းစေ့များကို ဆိုလိုပါတယ်။ ရေပေါ်တွင် ပေါ်နေသော ငရုတ်ကောင်းစေ့များ မဟုတ်ပါ။)***

အဲဒီ ဇာတိပ္ဖိုလ်သီးဆန်၊ ပိတ်ချင်းသီး၊ ငရုတ်ကောင်းစေ့(မီးသင်း)များ အမှုန့်ပြုလုပ်ပြီး ပျားရည်စစ်စစ်မှာ မပျစ်မကျဲ စရနယ်ပြီး အလုံး(၃၆၅)လုံး ရအောင်လုံးပါ။ နေရိပ်မှာ အခြောက်ခံပြီး လေလုံပုလင်းနဲ့ထားပါ။

နေ့စဉ် မနက်အိပ်ရာထ တစ်လုံးကျ ရေအေးနဲ့ သောက်ပါ။ တစ်နှစ်တိတိ စားပြီးရင် တစ်သက်စာ သက်ရှည် ကျန်းမာဆေး ဖြစ်ပါတယ်။

နောက်တစ်ခု **ကာယ,ဉာဏ အားတိုးဆေးကတော့…**

- ❖ နွားနို့စစ်စစ် ၁-ပိဿာ
- ❖ ပျားရည်စစ်စစ် ၅၀-ကျပ်သား
- ❖ ဒန့်သလွန်ပွင့် ၁၂-ပွင့်

အားလုံး စုပေါင်းပြီး မီးမျှဉ်းမျှဉ်းနဲ့ ချက်ပါ။ မီးဖိုပေါ်မှာမွှေရင်း ညောင်စေးကျပြီး ခြောက်လာတဲ့အခါ မီးဖိုပေါ်မှ ချပြီး အအေးခံပါ။ လေလုံပုလင်းနဲ့ ထားပါ။

လမ်းသွားလို့ပဲ မောမော၊ ပင်ပင် ပန်းပန်းလုပ်လို့ပဲ မောမော ဆီးစေ့ (ဇီးစေ့)ခန့် စားပြီး ရေအေးသောက်ပါ။


စာမျက်နှာ (၅၄) သို့

www.burmeseclassic.com

စာမျက်နှာ (၅၃)မှ အဆက်

အမောပြေ ရွှင်လန်းလာပါလိမ့်မယ်။ မှတ်ဉာဏ်တိုး အသက်ရှည် အနာကင်းဆေး ဖြစ်ပါတယ်။

**နောက် ဆေးနည်း တစ်နည်းကတော့...**

ကြက်ဆူနီ ပွတ်ပါး အခြောက်လှန်းပြီး အမှုန့်ပြုလုပ်ပါ။ လက်ဖက်ခြောက်နဲ့ ဆတူရောစပ်ပြီး ရေနွေးကြမ်း ခတ်သောက်ရင် ဆီး,ဝမ်း,လေ မှန်တဲ့ အသက်ရှည်ဆေး တစ်မျိုး ဖြစ်ပါတယ်'

▲ **'ဆရာကြီးခင်ဗျား... သက်ကြီးစကား သက်ငယ်ကြား ဆိုသလို နောက်လာနောက်သားများအတွက် မှတ်သားစရာ ဆရာ့ဩဝါဒစကား ပြောကြားပေးပါ ခင်ဗျာ'**

○ 'လူကြီးမိဘ ဆရာသမား ရဟန်းသံဃာတော်ရဲ့ ပြောဆို ဆုံးမသြဝါဒ စကားများကို ဘယ်သောအခါမှ မပယ်ရှားပါနဲ့။ လေးစားယုံကြည်စွာ လိုက်နာကျင့်ကြံ အားထုတ်မှတ်သားပါ။

ဘယ်သောအခါမှ မညီသည့် အကြောင်းနဲ့မှ အကောင်းအဆိုးကို မဝေဖန်ပါနဲ့။ ဒေါသက မတက်ပါနဲ့၊ ဆန့်ကျင်မပြောပါနဲ့'

▲ **'ဆရာကြီးခင်ဗျား... ယခုလို အသက်ရှည်ရာ အနာမဲ့ကြောင်းနဲ့ မှတ်သားစရာ ဩဝါဒများ ပြောကြားပေးတဲ့အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ရဲ့ ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောပါရစေ'**

သက်တော်ရှည် ရာပြည့်တိုင်းရင်းဆေးဆရာကြီး ဦးစိန်ရဲ့ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ သိရှိနိုင်ကြစေရန် ဆရာကြီးနဲ့ တွေ့ဆုံမေးမြန်းခဲ့သမျှ ရှာဖွေ မှတ်တမ်းပြု ရေးသားတင်ပြလိုက်ရပါတယ်။

**မြောင်းမြ မောင်ယဉ်ထင့်**

# အင်္ဂါရတ်မှတ်တမ်းများ





**ဆေးဒန်းဖမ်းနည်း**

ကျွန်တော်သည် (၁၈)နှစ်သားမှစ၍အင်္ဂါရတ်ကျမ်းများ ရှေးပုရပိုက်၊ ပေစာများနှင့် မှတ်တမ်းများ ရှာဖွေလေ့လာမှတ်သားခဲ့ပါသည်။

ယခု အသက်(၇၈)နှစ် ရှိပါပြီ။ ရှေးအင်္ဂါရတ်ပညာရှင်များသည် ပညာရှိသူတော်ကောင်းများ ဖြစ်ကြပါသည်။

မိမိတို့ မဖြစ်သည်များကို လုပ်ကြံ၍ မှတ်တမ်းတင်ခဲ့ကြပါမည် မဟုတ်ပါ။ မှတ်တမ်းများအရ အင်္ဂါရတ် နည်းများကို ရှာဖွေတင်ပြထားခြင်း ဖြစ်ပါသည်။

ပွဲဦးတော်ကုန်းဆရာတော်နည်း

**(မှတ်တမ်းအရ ဖော်ပြခြင်းဖြစ်၍ ဆရာတော်ကို မသိပါ။)**

သုံးပန်လှအသီး တစ်ပြည်သားကို ထောင်း၍ အရည်ကို စစ်၍ယူပါ။ နေလှန်း အပျဉ်းအခဲရ၏။

ကျောက်ဆေးဒန်းကို ကျောက်ပျဉ်မှာသွေး၍ နေလှန်း အမှုန့်အခဲရ၏။ ယင်း(၂)ပါးကို ရော၍ကြိတ်၊ ဆီးကင်းခန့် လုံး၍ထား။

**ချော်ဆေးကား...**

- ယမ်းစိမ်း ၁-ကျပ်သား
- ကျောက်ချဉ် ၁-ကျပ်သား
- လက်ချား ၁-ကျပ်သား
- ဖယောင်းဖက်သာ ၁-ကျပ်သား

ယင်းဆေးစုကို သံပရာရည်နှင့် ညက်စွာကြိတ်၊ အခြောက်လှန်း။ ခြောက်လျှင် လုံမှာသွင်း၍ အလင်းထိုး။ ချော်ရည်ကြည်လျှင် အထက်ဆေးဒန်း တစ်လုံးပစ်၊ (၂)နာရီကြာလျှင် ဆေးဒန်းတစ်လုံး ထပ်ပစ်၊ ယင်းနည်း တစ်လုံးထပ်၍ပစ်ပြန်၊

လုံ့ခိုင်စေ တစ်နာရီခန့်ထိုးလေ၊ ယင်းချော်ဖမ်းဆေးဒန်းသည် အပျဉ်းအပျော့ အရည်ကျိုခံရ၏။

ယင်းသတ္တုကို ချော်ဆေးများ ဆင့်၍ လုံ့ရှည်ရှည်နှင့်ထိုးလေ၊ မီးရပ်ကာ ဉာဏ်နှင့်ဆင်ခြင်၍ အထက်လမ်းကို တက်လေ။

**တင်လှ(ဆ-မ-ဗြိမ်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေဖွန့်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ။ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီ့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

## ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'


ပင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး
သုန္ဒာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၃၀၅၃၊ ၇၂၂၅၇၃


www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်း ယဉ်ကျေးမှုကြွင်းတော်မှ

သာသနိက အဆောက်အအုံများ (၃)

စင်သိုင်း

## ယခင်လမှ အဆက်

ကုန်းဘောင်ခေတ်၊ ဒီပဲယင်းမင်းတရားကြီး စစ်ကိုင်းမြို့ကို မဟာဇေယျပူရ မြို့နန်းသစ်တည် စံမြန်းစဉ် သက်တော်(၇၀)အရ ၁၁၂၅ ခုနှစ်၌ စစ်ကိုင်းမင်းဝံတောင်တန်းများဆီသို့ ဝင်ကာ တောရ ဆောက်တည်တော်မူသည်။


ဤသို့ တောရ ဆောက်တည်တော်မူသော ကြက်သွန်ခင်းဆရာတော်အား မြေဒူးမင်းက စစ်ကိုင်းမြို့တော် အရှေ့မြောက်ထောင့်ယွန်းယွန်း တောင်ဖီလာနှင့် မင်းဝံတောင်တန်း၏ အနောက်ဘက်တော်၌ ၁၁၂၉ ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်နေ့တွင် တောရ သုံးထပ်ဇေတဝန် ရွှေကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်လေသည်။

ဆရာတော်သည် ဤကျောင်းတွင်လည်း ကြာရှည်လေးမြင့် သီတင်းသုံးတော်မမူဘဲ တောတောင်လိုဏ်ဂူများ၌သာ အရှည်ကင်းမဲ့တင် ဆောက်တည့်သီတင်းသုံးလေ့ ရှိလေသည်။

## ကြည်ညိုဖွယ်ရာအချို့


ကြက်သွန်ခင်း ဆရာတော်သည် လောကီ၊ လောကုတ္တရာ စာပေကျမ်းဂန်များ နှံ့စပ်ကျွမ်းကျင်တော်မူသော်လည်း လောကုတ္တရာဆိုင်ရာ ပဋိပတ်အလုပ်ကိုသာ စူးစိုက်အားထုတ်တော်မူသည်။

မင်းကိုးကွယ်သည့် ဆရာတော်ဖြစ်သော်လည်း စာရေးတံဆွမ်း၊ ပင့်ဆွမ်း၊



◆ ရသေ့တစ်ထောင်ပုံများ

◆ ဘုရားရှင် ထွန်းပေါ်ကြွလာမှုနှင့် ထွန်းတည်သမားယာဉ်



သာရေးနာရေးဆွမ်း စသည့် အတိရေက လာဘ်လာဘကို ပယ်၍ ပိဏ္ဍပါတ်ဆွမ်းခံဝတ်ဖြင့်သာ ရောင့်ရဲတော်မူသည်။

အသက် ကြီးရင့်လာသောအခါ သူတော်စင်ကပ္ပိယတစ်ဦးသာ လက်ခံတော်မူခဲ့သည်။

ပစ္စည်းလေးပါး၌ မက်မာတွယ်တာခြင်းမရှိဘဲ သန္တုဋ္ဌိတရားဖြင့် မြဲးခြံနေထိုင်တော်မူရာ အလောင်းမင်းတရားကိုယ်တိုင်ကပင် **"အတုလဆရာတော်သည် ပစ္စုပ္ပန်ဆရာတော်ဖြစ်၍ ပလိုင်းဆရာတော်၊ ကြက်သွန်ခင်းဆရာတော်တို့ သံသရာအတွက် ကိုး**

www.burmeseclassic.com

**ကွယ်ထိုက်သော လောကုတ္တရာ ဆရာတော်များဖြစ်ကြောင်း''** မိန့်ကြားခဲ့သည်။

မြေဒူးမင်းလက်ထက်တွင် သာသနာပိုင်ဆရာတော်ဖြစ်သော **ဇမ္ဗူဒီပ အနန္တဓဇ မဟာရဋ္ဌဂုရု အရှင်မြတ်**သည် ဇရစ်ရွာဇာတိဖြစ်၍ ဇရစ်ဆရာတော်ဟုလည်း ခေါ်ကြသည်။ ဇရစ်ဆရာတော်ကား ကြက်သွန်ခင်း ဆရာတော်၏ တပည့်ရင်းဖြစ်သည်။

တစ်ကြိမ်တွင် ဇရစ်ဆရာတော်က **''တပည့်ကျောင်းတွင် ဆွမ်းဘုဉ်းပေးတော်မူပါ''**ဟု လျှောက်၏။ ကြက်သွန်ခင်း ဆရာတော်က...

'ရှင်ဘုရင် ဝန်ကြီးအိမ်မှာ ထမင်းစားသည်ဟု မင့်ကို ဘယ်သူပြောသနည်း'

ဟု မိန့်၍ ပယ်ရှားခဲ့သည်။ ဓမ္မိယလဒ္ဓဖြစ်ခဲ့သော မင်းဆရာ၏ ဆွမ်းမျိုးကို မသုံးဆောင်လိုသဖြင့် ပယ်ရှားခြင်းဖြစ်သည်။


မန်လည်ဆရာတော်ကြီး ရဟန်းငယ်ဘဝတွင် ကြက်သွန်ခင်း ဆရာတော်အား မေးမြန်းဖူးသည်။

'ကိုယ်တော်အရှင် တောရနေတော်မူရာတွင် မည်သည့်တရားကို အားထုတ်ပါသနည်း'

'ဘုရား၏ တရားကို အားထုတ်ပါသည်'


'ဘုရား၏ တရားကို အားထုတ်တော်မူသည်ကို မျက်မြင်အားဖြင့် သိရပါပြီ။ ဘုရားတရား အများရှိရာတွင် မည်သည့်တရားကို အထူး အားထုတ်ပါသနည်း။ ကိုယ်တော်အရှင် အားထုတ်သည့် တရားကို နည်းနာခံယူ၍ အားထုတ်လိုပါသောကြောင့် မေးမြန်းခြင်းဖြစ်ပါသည်ဘုရား'

'ပုတတ်မှန်လျှင် တွင်းဝင်ဖြောင့်မြဲ ခွေးပြီးဂေဇက်ကို ကျည်စွပ်လျှင် ဖြောင့်မြဲဖြစ်၍ မည်သည့်တရားကို အထူးစွဲမြဲမြဲစွာ အားထုတ်သည်ဟူ၍ မရှိ။



▲ သရီရဓာတ်တော်များ ဌာပနာ၍ စေတီတည် ကိုးကွယ်ပုံ

▼ ကျွန်မအား တရားဟောပုံ



တစ်ချောင်းတည်းသော ကြံ၏ ဦးချိုပမာ အဖော်မပါ တစ်ဦးတည်း ကောစာကျင့်သုံးလျက်၊ တောရနေထိုင်လျက် ကာယဝိဝေကယူခြင်းသည် ကုသိုလ်တရားကို တိုးပွားစေတတ်သည်ဟူသော ဘုရားရှင်၏ အဆုံးအမအတိုင်း တောတောင်အတွင်း တစ်ပါးတည်း သီတင်းသုံး၍ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို ဆင်ခြင်ခြင်း (ပစ္စဝေက္ခဏာ)တရားကို ကျင့်သုံးပါသည်'

ရဟန်းသာမဏေတို့သည် မိမိတို့ ရရှိလာသော ပစ္စည်းလေးပါးတို့ကို ဆင်ခြင်ခြင်း (ပစ္စဝေက္ခဏာ)တရားသည် ကမ္မဋ္ဌာန်း(၄၀)မှ အလွတ်ဖြစ်သော ဘာဝနာတစ်မျိုးဖြစ်ကြောင်း သိစေလိုဟန်ဖြင့် မိန့်တော်မူသည်ဆိုပေ၏။


ဆရာတော်သည် ဆိုဆုံးမစရာရှိလျှင် မင်းကောရာဇ် အုပ်ချုပ်သူ လူတန်းစားကိုပင် ငဲ့ကွက်ခြင်းမရှိဘဲ တိုက်ရိုက်ပြောဆို ဆုံးမလေ့ရှိသည်။

တစ်ခါက စစ်ကိုင်းမြို့တွင် ရဟန်းတစ်ပါး များပြားလှသော ဆွမ်း၊ ပင်းလျာများကို တပည့်တပန်းများကို ဝိုင်းဝန်း သယ်ပိုးခိုင်းရလောက်အောင် ခံယူ

www.burmeseclassic.com

www.burmeseclassic.com




▲ သုဇာတာ ဃနာနို့ဆွမ်းဆက်ကပ်ပုံ

▼ အုတ်တိုက်အပြင်ဘက် အဆင်တန်ဆာ အရုပ်များ



▼ အုတ်တိုက်အပြင်ဘက် ဟင်္သာရုပ် အနီးကပ်မြင်ရပုံ



လာသည်။ ကြက်သွန်ခင်းဆရာတော် တွေ့သောအခါ...

'ပို့ရှင်၏ ဇနီးမယား ကျန်းမာရဲ့မဟုတ်လား' ဟု မေးတော်မူသည်။

မိမိအတွက်သာမက သားမယားတို့ကိုပါ ရှာဖွေကျွေးမွေးနေရလေဟန် နှိပ်ကွပ် ဆုံးမတော်မူခြင်းဖြစ်သည်။

ထိုခေတ်ကာလက ပထမပြန် စာမေးပွဲတွင် ပထမကျော်ရရှိပါက မင်းကောရာဇ်တို့၏ အရေးတယူ မျက်နှာသာပေးခြင်းကို ခံယူရလေ့ရှိသဖြင့် ကျောင်းထိုင်ဆရာတော်များက မိမိတို့ကျောင်းတိုက် ဂုဏ်သိက္ခာတက်စေရန် မင်းကောရာဇ်တို့၏ မျက်နှာပေးမှု ခံယူရစေရန် ဉာဏ်ကောင်း စာတော်သည့် တပည့်များကို အပြိုင်အဆိုင်မွေးလျက် သူ့တပည့် ကိုယ့်တပည့် ဂုဏ်ပြိုင်ကြသည်။

ထို့ကြောင့် တစ်ကျောင်းနှင့် တစ်ကျောင်း၊ တစ်တိုက်နှင့် တစ်တိုက် သင့်မြတ်မှု မရှိကြချေ။ ထိုသို့သော အခြေအနေကြောင့် ပထမပြန်စာမေးပွဲတွင် ဖရစ်ဆရာတော်အား ဤသို့ မေးလေသည်။

'ဖရစ်၊ နင်တို့ လက်ဖွဲ့မပြီးသေးဘူးလား' ဟူ၏။

သာသနာပိုင် ဖရစ်ဆရာတော် ပျံတော်မူသောအခါ တူဖြစ်သူ ရှင်သာပုံကို ဘုရင်က သာသနာပိုင်ခန့်၏။ သာသနာပိုင် ဖြစ်လာသောအခါ ရှင်သာပုံသည် စိတ်ပျိုကိုယ်နုဖြစ်၍ ဝါသနာအလျောက် သိုင်းကျိုင်းလျက် ဆွမ်းခံဝင်ရာ ကြက်သွန်ခင်းဆရာတော်နှင့် ကြုံတွေ့သည်။

'သာပုံ၊ ဒီနှင်တံ(သိုင်းကိုညွှန်း၏)နှင့်၊ နှင့်ကို လူကြောက်လိမ့်မည် ထင်သလား၊ ကြောက်စေလိုလျှင် အမြောက်ကိုဆောင်'

ဟူ၍ သပိတ်ကို ညွှန်လျက် မိန့်

www.burmeseclassic.com



▲ ဘားမဲ့ဆရာတော် ကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်



▲ သပိတ်ပိုက်ရုပ်တော်မူ ရုပ်ပွားတော်



▲ ပေါ်တော်မူ ဖူးတွေ့ကာစက သပိတ်ပိုက်ရုပ်တော်မူ ရုပ်ပွားတော်

တော်မူသည်။

သပိတ်ကို အမြောက်ဆန်အဖြစ် ခိုင်းနှိုင်းခြင်းဖြစ်၏။ ပကာသန မမက် မောရန်နှင့် သပိတ်ပိုက်လျက် သလုံးမြင်းခေါင်းဖြင့် လှည့်လည်ခံယူရရှိသော ဓမ္မိယလဒ္ဓဆွမ်းကိုသာ သုံးဆောင်ရန် ဆုံးမတော်မူသည်။

ဆရာတော်သည် သာရေးနာရေး ကိစ္စများတွင် ပါဝင်လေ့မရှိသော်လည်း နိုင်ငံအရေး၊ သာသနာအရေးကိစ္စများတွင် ဦးဆောင်ပါဝင်ခဲ့သည်။ အလောင်းမင်းတရားနှင့် မွန်ဘုရင် ဗညားဒလတို့ စစ်ပွဲဆင်နွှဲနေစဉ်က တောင်ဘီလူး ဆရာတော်နှင့်အတူ ဗညားဒလ၏ စာသဝဏ်လွှာကို အလောင်းမင်းတရားထံ ပို့သ၍ ငြိမ်းချမ်းရေးတမန်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ကြက်သွန်ခင်း ဆရာတော်သည် အတင်ဂိုဏ်းအနွယ်ဖြစ်ရာ **ဆင်ဖြူရှင်မင်း**(မြဒူးမင်း)လက်ထက်တွင် ဓာရုံဘက်က ကျော်အောင်စံထား ဆရာတော်နှင့် အတင်ဘက်က ကြက်သွန်ခင်း ဆရာတော်တို့ အောင်မြေဘုံ ဝိနည်းမိုရ် ဆရာရှေ့တွင် မိမိတို့ဆိုင်ရာ ဂိုဏ်းဘက်က ဦးဆောင်၍ အချေအတင်ဆိုကြရာ ဝိနည်းမိုရ်ဆရာတော်သည်လည်း ပြီးပြတ်အောင် မဆုံးဖြတ်နိုင်ခဲ့ဟု သိရသည်။

ကျန်သောကာလများတွင်ကား တောတောင်အတွင်း၌ လှည့်လည် သီတင်းသုံးတော်မူကာ ဆင်ဖြူရှင်မင်းလက်ထက် **၁၁၃၇ ခုနှစ်တွင် သက်တော်(၈၃)နှစ်၊ ဝါတော်(၆၃)ဝါအရောက်၌** ပျံလွန်တော်မူခဲ့ရာ တေဇောဈာပန သဘင်ကျင်းပ၍ ကြွင်းကျန်ရစ်သော အရိုးတော်ဓာတ်များကို ဆရာဖြစ်သူ အရှင်အနုရုဒ္ဓ သမုတ်တော်မူခဲ့သည့် သိမ်တော်မြောက်ဘက်၌ အရိုးအိုး စေတီ တည်ထားကြလေသည်။

***(ကြက်သွန်ခင်းဆရာတော်၏ ဖြစ်စဉ်တော်ကို ဆရာတော်အရှင်ဣန္ဒက,က ကူညီပေးတော်မူပါသည်။)***

## ထိုင်တော်မူ အုတ်ကျောင်းပုထိုး

ကြက်သွန်ခင်းကျောင်းမှ ပြန်လာကာ ကုန်းတော်အနောက်ဘက် ဆွမ်းစားကျောင်းအနီးရှိ ထိုင်တော်မူ အုတ်ကျောင်းပုထိုးသို့ သွားရောက် ကြည်ညိုကြသည်။

အောက်ခြေ လိုဏ်တစ်ထပ်ကုလားကျောင်းကို လည်ပေါ်တစ်ဆင့် တင်ကာ အထက်၌ ခေါင်းလောင်းမှောက် စေတီငယ် ပေါက်ထားသည်။ လိုဏ်အတွင်းတွင် တင်ပျဉ်ခွေရုပ်ပွားတော်အား ဗဟိုပြုလျက် ဝဲယာတစ်ဖက်တစ်ချက်စီ၌ သာဝကရဟန္တာနှစ်ပါးစီ စံပယ်တော်မူကြသည်။

လက်ဟန်မုဒြာများမှာ သပိတ်ပိုက်ထားသော ဗုဒ္ဓပတ္တမုဒြာဖြစ်၍ ဆွမ်းဘုဉ်းပေးဟန် ထုလုပ်ပူဇော်ထားသည်။ ဖူးတွေ့ရခဲသော ဟန်တော်ဖြစ်ပေသည်။

ဗုဒ္ဓရုပ်ပွားတော်နှင့် လက်ဝဲဘက် သာဝက[illegible]သုံးပါးရုပ်တုများမှာ ပြိုးတော်



▲ သပိတ်မပါသော
သာဝကရုပ်တု



▲ လေးမျက်နှာ
ဒီပင်္ကရာစေတီ



▲ ဒီပင်္ကရာစေတီမှ ခြေရှုဆိုင်ဟန်
ရုပ်ပွားတော်

မူ၍ ကြည်လင်သော မျက်နှာတော်ရှိ၍ လက်ယာစွန်းရှိ သာဝကရုပ်တုတော်မှာ နှုတ်ခမ်းတော်စေ့၍ တည်ကြည်ဟန်ဖြင့် ကွဲပြားစွာ ဖူးမြင်ရသည်။

ဤစေတီ၏ မူလကောင်းမှုရှင်ကို မသိရှိရပေ။ ဘုရားရဟန္တာများ ဆွမ်းဘုဉ်းပေးနေဟန် ဗုဒ္ဓပတ္တမုဒြာခေါ် ပတ္တဟတ္ထမုဒြာကို ရှင်ဥပဂုတ်ပုံတော်မှလွဲ၍ နံရံဆေးရေးပန်းချီများဖြင့်သာ အများဆုံး ဖူးတွေ့ရ၍ ဤတိုက်ကာ ရုပ်တုရုပ်ပွားတော်များအဖြစ် ပူဇော်ထုလုပ်ခြင်း နည်းပါးလှပါသည်။

ဤနေရာတွင် စတင်ဖူးတွေ့ရခြင်းဖြစ်၏။ ရုပ်ပွားတော်များကို တူးဖော်ပြီး၍ ရောင်တော်ဖွင့် ပူဇော်စဉ်က မြွေကြီးများ လာရောက် ပတ်ဖွဲ့နေထိုင်သည်။ လူများအား ရန်မပြုကြဟု ဆရာတော်က မိန့်ကြားသည်။

ဗုဒ္ဓပတ္တမုဒြာပုံတော် ရုပ်တုရုပ်ပွားတော်များကို ကိုးကွယ် ပူဇော်သူသည် စားသောက်ဖွယ်ရာ ပေါများ ကြွယ်ဝခြင်း၊ စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝခြင်း၊ အလိုဆန္ဒပြည့်လွယ်ခြင်း၊ အင်အားကြီးမားခြင်း၊ တန်ခိုးအာနုဘော် ထက်မြက်ခြင်း၊ မကောင်းသော ဂြိုဟ်အစီးအနင်းတို့မှ လွတ်မြောက်ခြင်းစသည့် အကျိုးတရားများ ခံစားရရှိနိုင်ကြောင်း ကျမ်းဂန်များ၌ ဖွင့်ဆိုထားပေသည်။

လိုဏ်နံရံတွင် ဆေးရေးပန်းချီများကို တွေ့ရသည်။ ထက်ဝက်ကျော်မှာ ကောင်းစွာ လေ့လာနိုင်ပါသည်။ နှစ်ကျိပ်ရှစ်ဆူ ဘုရားအလောင်းတော်များ တောထွက်ဟန်၊ ဂေါတမဘုရားရှင် ဃနာနို့ဆွမ်း ဘုဉ်းပေးဟန်စသဖြင့် အင်းဝ(ညောင်ရမ်း)ခေတ် ကမ္ပည်းမင်စာများကိုလည်း တွေ့ရသည်။

ပုံများမှာ အင်းဝခေတ် ဆေးရေးဟန်အတိုင်း ခန္ဓာကိုယ် တစောင်းအနေအထားနှင့် ပါးစုန့်မို့နေသောပုံ များစွာပါဝင်သည်။ ညောင်ရမ်းခေတ် ပန်းချီပြတိုက်ကလေးသဖွယ် ဖြစ်သည်။

ကုလားကျောင်းလိုဏ်၏ အပြင်ဘက်တွင် ဟသ်ာရုပ်များ သရုပ်ဖော်ထားသည်။ ပါးရာငါးဆယ်ဇာတ်တော်တွင် အသီတိနိပါတ်၊ စူဠဟံသဇာတ်၊ မဟာဟံသဇာတ်တော်တွင် မုဆိုးလက်ချက်ကြောင့် ရွှေနှင့်တူသော အသား၊ ပတ္တမြားနှင့်တူသော အသွေးများ ယိုစီးနေသည့် ဘုရားအလောင်း ဟသ်ာမင်းကို ဗာရာဏသီမင်းကြီး သနားကရုဏာဖြစ်ပြီး ကျွေးမွေးပြုစုခဲ့သည်ကို အစွဲပြုကာ လောကီ၊ လောကုတ္တရာ အမှုကိစ္စများတွင် ဟသ်ာရုပ်အထိမ်းအမှတ်ကို အစဉ်အဆက် ပြုလုပ်ခဲ့ကြသည်ဆို၏။

ရှေးဘုရင်မင်းတို့၏ စီးတော်လှေဖောင်များတွင် ဟသ်ာရုပ်ဖောင်တော်လည်း ပါဝင်ခဲ့သည်။ ထို့အပြင် ဟသ်ာရုပ်ခံသော ဟံသာသနပလ္လင်ကို သက်နီးသားဖြင့် ပြုလုပ်ကာ ဇေတဝန်ဆောင်တွင် ထားရှိသည်။


ရှေ့လ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com




# ရခိုင်ရသေ့ကြီး သျှင်မြဝါ

**အန္တရာယ်ကင်း မန္တန်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့၊ သာယာမြို့သစ်(၁၀)လမ်း အနောက်ဘက်ခြမ်းတွင် နေထိုင်သော အသက်(၈၄)နှစ်ရှိ အဘဦးဝင်းမောင်(အာ တီ စီ–ငြိမ်း) နေအိမ်သို့ စာရေးသူနှင့်အတူ ရပ်ကွက်သာ/နာအသင်းမှ လူကြီးများ တာတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအတွက် ဖိတ်ကြားရန် ရောက်ရှိခဲ့ကြပါသည်။

စာရေးသူတို့အဖွဲ့အား အဘဦးဝင်းမောင်က ဗဟုသုတဖြစ်ဖွယ်ရာများကို ပြောပြရာ သည့်အထဲမှ စိတ်ဝင်စားဖွယ်ရာ မန္တန်တစ်ပုဒ်ကို ကြားလိုက်မိပါသည်။

စာရေးသူမှ အဘကို ကျွန်တော်တစ်ခု မေးကြည့်ပါရစေဟု ပြောပြီး…

'ခုနက အဘ ရွတ်ပြတဲ့ ရခိုင်သျှင်မြဝါမန္တန်အကြောင်းကို သေချာ ရှင်းပြပါဦး အဘရေ'

ဟု တောင်းဆိုရာ အဘဦးဝင်းမောင်က…

'ဒီမန္တန်က ရာဇဝင်ရှိတယ်ကွ၊ သျှင်မြဝါဆိုတာ ရခိုင်မြောက်ဦးခေတ်မှာ ထင်ရှားခဲ့တဲ့ ရသေ့ကြီးတစ်ပါး ဖြစ်တယ်။

မင်းဆရာဖြစ်တယ်။ လောကီကိစ္စအောင်မြင်စီရင်နိုင်တဲ့ အတတ်ပညာရှိတယ်။ လူနာမည်ကတော့ ဦးမြဝါ ဖြစ်တယ်။

ရသေ့ဝတ်လိုက်တော့ သျှင်မြဝါလို့ ထင်ရှားတယ်။ လူသူအများ ဘေးအန္တရာယ် ကင်းရှင်းဖို့ ရွတ်တဲ့ မန္တန်ဖြစ်တယ်၊

အဘကတော့ ငယ်စဉ်ကပင် ဒီမန္တန်ကို အမြဲရွတ်တယ်။ အဘက (အာ တီ စီ)မှာ ကြီးကြပ်ရေးမှူးတာဝန်နဲ့ ချင်းပြည်နယ် မင်းတပ်မြို့၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၊ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ စိန်ကန့်လန့် (အာ တီ စီ) စခန်းတွေမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်။

ဘယ်သွားသွား ဘယ်လာလာ ဒီမန္တန်ကို အမြဲရွတ်တယ်။ တပည့်တပန်းတွေကိုလဲ ရွတ်ခိုင်းတယ်၊ ယုံယုံကြည်ကြည် ရွတ်ကြတဲ့အတွက် အဘရဲ့ တပည့်တွေ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေ ဘာအန္တရာယ်မှ မရှိကြဘူး။

အဘတို့ခေတ်က ကုန်းလမ်းပို့ဆောင်ရေးကို အဘတို့(အာ တီ စီ) တာဝန်ယူ ပို့ဆောင်ပေးရတာဆိုတော့ ကွာ လမ်းကလဲ ခုခေတ်လို မကောင်းဘူး။ ခရီးစဉ်တစ်ခုကို သုံး,လေးရက် ညအိပ်သွားရတယ်။

ဒီမန္တန်ကို ရွတ်ပြီးသွားခဲ့တယ်။ တောတွေ၊ တောင်တွေ၊ မြစ်ချောင်းတွေကို ကျော်ဖြတ်ပြီး သွားလာခဲ့ပေမယ့် ဘာအန္တရာယ်မှ မကျရောက်ခဲ့ဘူး။ သိပ်ကောင်းတဲ့ မန္တန်တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါတယ်။

အထူးသဖြင့် ယာဉ်မောင်း/ယာဉ်နောက်လိုက် စပယ်ယာ ခရီးသည်အားလုံး ရွတ်သင့်တယ်။ အဘက ကိုယ်တွေ့ လက်တွေ့ပေါ့။ အခြားဘာကိစ္စမဆို ရွတ်နိုင်တယ်။ အားလုံးအတွက် အကျိုးရှိနိုင်တဲ့ မန္တန်တစ်ပုဒ်ဖြစ်တယ်'

ဟု စိတ်ရှည်စွာဖြင့် ရှင်းပြပါသည်။

စာရေးသူမှ...

'အဘရေ အားတော့ နာပါတယ်။ အဘကို နောက်တစ်ခု မေးပါရစေ။ ဒီမန္တန်ကို ဘယ်တုန်းက၊ ဘယ်သူ့ဆီက ရရှိခဲ့သလဲဆိုတာ ပြောပါဦး'

ဟု ထပ်ပြီးမေးလိုက်ရာ...

'ဒီမန္တန် ရရှိခဲ့တာကတော့ အဘရဲ့ မွေးရပ်ဇာတိက စပြီး ပြောရမှာပဲကွာ၊ အဘက ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အရှေ့ဘက် နဂါးမောက်အထက်ရွာမှ အဘဦးရွှေစိန်နှင့် အမိဒေါ်ဦးစိန်လှတို့ရဲ့ သားကြီးဖြစ်တယ်။ အဘရဲ့ ငယ်နာမည်က ဦးရွှေသာဖြစ်တယ်။

မှတ်ပုံတင်မှာတော့ ဦးဝင်းမောင်ဖြစ်တဲ့အတွက် ဦးဝင်းမောင် နာမည်ထင်ရှားနေတာပေါ့ကွာ။

အဘအဖေက **ဆေးဆရာကြီးတစ်ဦးဖြစ်တယ်။** အဘကို **ငယ်စဉ်ကပင် အဖေက သင်ပေးခဲ့တာဖြစ်တယ်။** အဖေ့ဆီက လက်ဆင့်ကမ်းမန္တန်တစ်ပုဒ်လို့ ပြောရမှာပေါ့ကွာ'

စာရေးသူက...

'ဟုတ်ကဲ့ပါ အဘ၊ ခုလို စိတ်ရှည်စွာ ပြောပြပေးတဲ့အတွက် အဘဦးဝင်းမောင်ကို ကျေးဇူးတင်ပါတယ်'

ဟုပြောပြီး စာရေးသူနှင့်အတူ ရုပ်ကွက် သက်ကြီးပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေး ကော်မတီလူကြီးများ အဘဦးဝင်းမောင်နေအိမ်မှ ပြန်လာခဲ့ကြပါသည်။

စာရှုသူများအနေဖြင့် ရခိုင်ရသေ့ကြီးသျှင်မြဝါ၏ မန္တန်အား ယုံကြည်စွာရွတ်ဖတ်ကြ၍ အန္တရာယ်ဟူသမျှမှ လွတ်မြောက်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားဖော်ပြအပ်ပါသည်။

---

ရှင်မြဝါ၏ မန္တန်

---

၁။ ဥ္ဇ ပထဝီဇယံ သဗ္ဗံ၊
အနေက အန္တရာယိကံ၊
ဇယံ ပစ္စေကဗုဒ္ဓါစ၊
ဇယံ ပရိ မဟာသရော။
၂။ ဇယံ ဟာရော ဟာရိဒေဝေါ၊
ဇယံ ဖြုဟ္မာ ဓတရဋ္ဌော၊
ဇယံ နာဂေါစ ဝိရူဠှော၊
ဝိရူပက္ခော စ စန္ဒိမာ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဥ္ဇ** | = | အုံ |
| **သဗ္ဗံ** | = | သဗ်ဗံ |
| **အန္တရာယိကံ** | = | အန်တရာယိကံ |
| **ပစ္စေက** | = | ပစ်စေက |
| **ဗုဒ္ဓါစ** | = | ဗုတ်ဓါစ |
| **ဖြုဟ္မာ** | = | ဖြုန်မာ |
| **ဓတရဋ္ဌော** | = | ဓတရတ်ထော |
| **ဝိရူဠှော** | = | ဝိရုန်လော |

အနက်

၁။ **ဥ္ဇ** – ဘုရားသုံးဆူ စောင့်တော်မူစေတည်း။

**အနေကအန္တရာယိကံ** –များသောအန္တရာယ်ရှိသော၊ **ပထဝီသဗ္ဗံ** – အလုံးစုံသောမြေကို၊ **ဇယံ (ဟောတု)** – အောင်မြင်စေသတည်း၊ **ပစ္စေကဗုဒ္ဓါစ**– ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း၊ **ဇယံ(ဟောန္တု)**– အောင်မြင်ပါစေကုန်သတည်း၊ **ဥပရိ**– အထက်၌၊ **မဟာသရော**–မဟာသရနတ်မင်းသည်၊ **ဇယံ(ဒေတု)**–အောင်မြင်ခြင်းကိုပေးပါစေသတည်း။

၂။ **ဟာရောစ**–ဟာရမည်သော နတ်မင်းသည်၊ **ဇယံ(ဒေတု)**–အောင်မြင်ခြင်းကို ပေးပါစေသတည်း၊ **ဟာရိဒေဝေါစ**–ဟာရိမည်သော ဗိဿနိုးနတ်မင်းသည်လည်း၊ **ဇယံ(ဒေတု)**– အောင်မြင်ခြင်းကို ပေးပါစေသတည်း၊ **ဖြုဟ္မာစ**–ဖြုဟ္မမည်သော နတ်မင်းသည်လည်း၊ **ဇယံ(ဒေတု)**– အောင်မြင်ခြင်းကို ပေးပါစေသတည်း၊ **ဓတရဋ္ဌောစ**– ဓတရဋ္ဌ နတ်မင်းသည်လည်း၊ **ဇယံ(ဒေတု)** –အောင်မြင်ခြင်းကို ပေးပါစေသတည်း၊ **နာဂေါစ**–မဟာနာဂ နဂါးမင်းသည်လည်း၊ **ဇယံ(ဒေတု)**– အောင်မြင်ခြင်းကိုပေးပါစေသတည်း၊ **ဝိရူဠှောစ** – ဝိရူဠှကနတ်မင်းသည်လည်းကောင်း၊ **ဝိရူပက္ခောစ**– ဝိရူပက္ခနတ်မင်းသည်လည်းကောင်း၊ **စန္ဒိမာစ**– လနတ်သားသည်လည်းကောင်း၊ **ဇယံ(ဒေတု)**–အောင်မြင်ခြင်းကို ပေးပါစေသတည်း၊

***[ဤ သျှင်မြဝါ၏မန္တန် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝိဇ္ဇာဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဗိဟုလ) ]မှ ပြန်ဆိုပေးပါသည်။]***

**[မင်းလှမြို့ တ/မြို့သစ် (၁၀)လမ်းမှ အဘဦးဝင်းမောင်အား ကျေးဇူးတင်ပါသည်။]**

***သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ။***

**ဇိုလ်မင်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြွင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ




မှတ်ပုံတင် ၁၁၀၆ (ပိုင်) ၀၁၂၅၃၃၃ လိုင်စင် ၁၀၇၈ (တိုင်)

အမှတ်တံဆိပ်

ထဝဝတ (စာနယ်ဇင်း) ၀၂၀/၀၆၁၄

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး , . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆိုတော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ . . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်းရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင်ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ လူပြောတဲ့ဆေးက . . . "

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ်သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြွင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . .**"

မင်ရင်း "ဝင်း" ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၅၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

၃/၁၀၀/၁၀၀ယန္တရားအိမ်ယာ


၈/အောင်ရိပ်ကွက်၊ သယ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း ၀၉ ၃၃၁၃၃၃၄၀၀၊ ၀၉ ၅၁၉၈၀၁၃၃၊ ၀၉ ၃၁၅၃၀၅၁



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထီးရိုးကလေးစေတီ

ဝက်လူးအရှေ့တောကျောင်းဆရာတော်

# အရှင်ဝေပုလ္လ

၏ ဘဝတောက်ကြောင်းများ (၄)

စံလွင်နီသာ

**ယခင်လမှ အဆက်**

လေးမျက်နှာစေတီနှင့် မနီးမဝေး ကုန်းငယ်ထက်တွင် ကျိုက်ထီးရိုး ကလေးစေတီရှိ၏။ ဆုတောင်းပြည့် သိဒ္ဓိအောင် ဇမ္ဗူမာန်အောင် ကျိုက်ထီး ရိုးဓာတ်ပွားစေတီမြတ်ဟု ဘွဲ့မည်ကပ် လှူထားသည်။

ရွှေတိဂုံ၊ ကျိုက်ထီးရိုး ကက်ကင်း ဆောင်ကာ တည်ဆောက်ရန် ဆရာ တော်ကြီး ဆန္ဒရှိခဲ့သည့်အတိုင်း ဆရာတော် ပျံလွန်ပြီး (၂)နှစ်အကြာ ၁၂၇၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော် တင်လှူနိုင်ခဲ့သည်။

စေတီတွင် ဌာပနာမည့် ဓာတ် တော်မွေတော် ရုပ်ပွားရတနာများအား မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်သို့ ပင့်ဆောင်ကာ ရပ်ဌေ့လှူ ပူဇော်ခဲ့ကြောင်း သိရသည်။ အမရပူရ မှ ကျော်အောင်စံထား ဆရာတော်ကြီး လည်း ကြွရောက်ကာ ဌာပနာရန် ပစ္စည်းအချို့ကို ချီးမြှင့်ပေးခဲ့သည် ဆို၏။

ဤ ကျိုက်ထီးရိုးကလေးစေတီတွင် အောက်ပါဂါထာကို နှလုံးသွင်း ပုတီး စိပ်ပူဇော်ခြင်းဖြင့် စီးပွားလာဘ်လာဘ တိုးတက်ရှင်လန်း၍ အောင်မြင် ကြီးပွား နိုင်ကြောင်း ဆရာတော်ကြီးက မိန့်မှာ တော်မူခဲ့သည်ဆိုသည်။

'ဩောင်း... နမော ဗုဒ္ဓါယ သောဘဂ္ဂါ ဣတိပိ၊ အ အာ ဣ ဤ ဥ ဦ ဧ အဲ ဩော ဩော် အံ အား ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'

***(အင်းဝဘုရင်မင်းခေါင် အိမ်နိမ့်စံ မင်းသားဘဝက သံဃာရာဇာ ဆရာတော် ကြီး သင်ပေးခဲ့သည့် ပုတီးစိပ် ရွတ်ပွား နည်းဖြစ်ကြောင်း သိရသည်။)***

ဤဂါထာကို ဇော်ဂျီဂုရုမှာ သွန်းလုပ်

www.burmeseclassic.com



▲ ကျိုက်ထီးရိုးကာလလေအောက်လေ့ကား
ဇော်ဂျီစမအင်း ▶



ရာ၌ ထည့်သွင်းဌာပနာပြုခဲ့သည့် ဇော်ဂျီရုပ်၊ စမအင်းကို ဘုရားစင်၌ထားကာ ရွှတ်ပွားပူဇော်ပါကလည်း စီးပွားလာဘ်လာဘ တိုးတက်နိုင်သည်ဟု ဆရာတော်ကြီးက မိန့်တော်မူခဲ့သည်။

## ထူးခြားမှုအချို့

ဆရာတော် ဦးလက္ခဏနှင့် ပတ်သက်၍ မြင်းခြံမှ မိတ်ဆွေအမျိုးသမီးငယ် ပြောပြသည့် ထူးခြားဖြစ်စဉ်ကဲ့သို့ပင် ကျောက်ပုထိုး အနောက်ကျောင်း ဆရာတော် ဦးကောဝိဒကလည်း ဤသို့ မိန့်တော်မူသည်။

ဆရာတော်ဦးလက္ခဏ ရှိစဉ်က မန္တလေး မော်မော်စန်း ထိုးမုန့်ပိုင်ရှင် သမီး ဒေါ်ရီထွေး၊ ခင်ပွန်းက ဦးခင်မောင်၁အေးပါ။ သူတို့က ဆရာတော်ကြီးကို လာဖူးကြတယ်။ လမ်းမှာ ကားပျက်နေတော့ ဆရာတော်ဘုရား ကယ်ပါဦးလို့ တမ်းတကြတာပေါ့။

ဟိုတုန်းက လမ်းကလဲ မကောင်း၊ ယာဉ်အသွားအလာကလဲ အင်မတန်နည်းသေးတာကိုး။ အဲဒီအချိန်မှာ **"ဝက်လူးကားလာပါလိမ့်မယ်"** ဆိုပြီး ထုံးစံအတိုင်း ခပ်တိုးတိုး မိန့်လိုက်တဲ့ ဆရာတော် ရဲ့အသံကို တအံ့တသြကြားရတယ်။

မကြာခင် မန္တလေးဝက်လူး လိုင်းကားရောက်လာပြီး ကူညီပေးလို့ ကားပြန်ကောင်းသွားသတဲ့။ ဒကာ,ဒကာမနှစ်ဦးစလုံး အခု မရှိကြတော့ပါဘူး။ ကွယ်လွန်သွားကြပါပြီ'

ဟူ၍ဖြစ်သည်။

စည်တော်ဆေးတိုက်မှ ဆရာမ ဒေါ်စန်းစန်းအေးကလည်း သူ့အတွေ့အကြုံကို ပြောပြသည်။

'မိုး သဲသဲမဲမဲရွာတဲ့တစ်နေ့ ဆရာတော်ကျောင်းနဲ့ ခပ်လှမ်းလှမ်းဇရပ်မှာ ကျွန်မတို့ နေကြတယ်။ သွပ်မိုးတွေက ကြာပြီဆိုတော့ ပေါက်ပြဲပြီး မိုးယိုနေတယ်။ ကျွန်မစိတ်ထဲက "ပွဲ့လျက်" ရရင်တော့ မိုးအစို သက်သာလိမ့်မယ် လို့ တွေးမိတယ်။

ချက်ချင်းဆိုသလိုပဲ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် သက်တော်ထင်ရှားရှိစဉ် ရိတ်ထားသော ဆံတော်များ

ကျောင်းကနေ လက်ယက်ခေါ်နေတာ တွေ့ရတယ်။ လူငယ်တစ်ယောက်ပြေးသွားပြီး ပြန်လာတော့ လက်ထဲမှာ ဆရာတော် ပေးလိုက်တဲ့ ပွဲ့လျက်ထုပ်ကြီးကို တွေ့ရတာပါပဲ။

နောက်တစ်ကြိမ်မှာတော့ ရက်နည်းနည်း ကြာသွားလို့ ကျွန်မတို့ ယူသွားတဲ့ ရိက္ခာတွေ ကုန်သွားတယ်။ ဈေးဆိုတာက ဆရာလဲ ရောက်ခဲ့ပြီးပြီမို့ သိပါတယ်။ နွားထိုးကြီးကို လာရင် (၁၆)မိုင်၊ တောလမ်းက လာရတယ်။ "မြို့သာ" ကိုလဲ ဒီလောက်ပဲ ကွာဝေးတယ်။

ဒီတော့ အနီးအနားက ရသလောက် ဟင်းရွက်လေးတွေနဲ့ပဲ ဆွမ်းကပ်ရတယ်။ စိတ်ထဲမှာ အသားဟင်း တစ်မျိုးမျိုးရရင် သံဃာတွေကို ဆွမ်းဟင်းကောင်းကောင်း ကပ်နိုင်မယ်လို့ ချင်ခြင်းတပ်မိတယ်။

မကြာပါဘူး။ "**ဆရာမရေ ကလေး တစ်ယောက် လွှတ်လိုက်စမ်းပါ**"လို့ ဆရာတော်မိန့်တဲ့ အသံကြားလို့ သွားတဲ့ အခါ ဝက်သားဟင်းအိုးကြီး ပေးလိုက်တယ်။ ဆွမ်းပို့တဲ့ ဒကာလဲ မတွေ့ရ၊ လာရောင်းတဲ့ ဈေးသည်လဲ မမြင်မိလို့ အံ့သြမဆုံးပါဘူး'

ဆရာမိုးကလည်း ဤသို့ ဖြည့်စွက်ပြောကြားသည်။

'ရွှေတိဂုံနဲ့ လေးမျက်နှာက ဆရာတော် ရှိစဉ်ကတည်းက တည်ခဲ့တာ။ အဲဒီစေတီတွေ တည်တော့ အုတ်တွေကို ကျောင်းဝင်းအတွင်းမှာပဲ ကိုယ်တိုင် ဖုတ်ယူကြပါတယ်။

အုတ်ဖုတ်ဖို့ ထင်းတွေ သယ်ကြတော့ ကောင်လေးတွေက လုံးပတ်ထွာဆိုင်ကျော် အရှည်တစ်လံခွဲလောက်ရှိတဲ့ ထင်းတုံးကို မနိုင်လို့ ဆိုပြီး ပစ်ထားကြတယ်။

သယ်မယ့်သူ မရှိတဲ့ ဒီထင်းတုံးကြီးကို ဆရာတော်တစ်ပါးတည်း ပခုံးပေါ်ထမ်းပြီး အုတ်ဖိုအရောက် သယ်လာတာ ကျွန်တော်ရော ဒကာတွေ အများကြီးပါ တွေ့ရတယ်။


ပိန်လျလျ ကိုယ်ခန္ဓာနဲ့ သက်တော် (၈၀)ကျော် ဆရာတော်ကြီးက အားကောင်းမောင်းသန် လူငယ်တွေ မထမ်းနိုင်တဲ့ ထင်းတုံးကို ပေါ့ပေါ့ပါးပါး သယ်လာတာ အံ့သြမဆုံးပါဘူးဗျာ'

'ဆရာတော်ကြီးက အင်္ဂါရတ်ပညာလဲ နှံ့စပ်တယ်လို့ ကြားရပါတယ်။ ကျွန်တော်ရောက်သွားမှတော့ ဆရာတော်ရဲ့ ဖိုရုံနေရာလဲ မတွေ့ရပါလား'

'ဒီလိုဗျ၊ ဆရာတော်က လုံထဲမှာ ဓာတ်သားထည့်ပြီး သစ်ပင်အောက်မှာ သာမန်ထင်းမီးနဲ့ပဲ ထမင်းဟင်း ရေနွေးကျိုချက်သလို ချက်တာ၊ ဓာတ်လုံးဖြစ်သွားတယ်။

ကျွန်တော်တို့က ဓာတ်လုံးအကြောင်းလဲ နားမလည်၊ ဆရာတော်ကလဲ တခုတ်တရ

www.burmeseclassic.com



ဆရာတော်စွန့်သည့် အင်္ဂြိတ်တုံး

စွန့်လှူခြင်း မရှိလို့ ဓာတ်လုံးတွေတော့ မရခဲ့ပါဘူး။

ပုံတော်မူတဲ့နောက် တပည့်ဒကာတွေ အလုအယက် ယူငင်ကြလို့ ဆရာတော်ကိုယ်စား အမှတ်တရ ကိုးကွယ်ဖို့ ဓာတ်လုံး တစ်လုံးမှ မရလိုက်ပါဘူး'

## ဆရာတော် ကန်တော့ပွဲ

'ဆရာတော် ပျံတော်မူပြီးနောက်ပိုင်း အိပ်မက် စသဖြင့်ပေါ့။ ဆက်သွယ် ဖူးတွေ့ရတာတွေ ရှိသလား'

'ပျံတော်မူတဲ့ နံနက်သန်းခေါင်ကျော် တစ်နာရီလောက်ပေါ့လေ။ ရန်ကုန် သုဝဏ္ဏက ကျွန်မတို့အိမ်မှာ မအိပ်ကြသေးဘူး။ ကိုယ်စီ စရဏလေးတွေ လုပ်နေကြတုန်း အနားမှာ ဆရာတော် ရောက်နေသလို ခံစားရတယ်။

၄ တီးတစ်ပတ်ပြီးတိုင်း လှည့်ပတ်ကြည့်ပေမယ့် မတွေ့ရဘူး။ စိတ်ထဲမှာတော့ ဆရာတော် ရောက်နေတယ်လို့ တထစ်ချ ယုံကြည်ပါတယ်။ မနက်အလင်းရောက်တော့ ဆရာတော် ခန္ဓာဝန်ချကြောင်း သတင်းရောက်လာတာပဲ။

ဆရာတော်ရှိစဉ်က လပြည့်လကွယ်နေ့တိုင်း ဆရာသခင်တွေကို ရည်မှန်းပြီး ဆွမ်းပိုင်း ပြင်ဆင်ကပ်လှူတယ်။ နက္ခတ်(၂၇)လုံးကို အမှတ်ပြုပြီး ဆွမ်းပွဲ(၂၇)ပွဲ ကပ်ပါတယ်

အရိယာဆွမ်းကပ်လှူပွဲဟု ခေါ်သည်ဆို၏။ ဒေါ်စန်းစန်းအေးက ဆွမ်းပွဲများ မှတ်တမ်းဓာတ်ပုံကို ပြပေးသည်။

'စားပွဲ ဝိုင်းနှစ်ဝိုင်းခွဲပြီး တစ်ဝိုင်းမှာ (၁၄)ပွဲနဲ့ ကျန်တစ်ဝိုင်းမှာ (၁၃)ပွဲ ကပ်ပါတယ်။ ထောပတ်ဆွမ်းပါ။ အလယ်မှာတော့ သစ်သီးမုန့် စတာတွေ (၉)ပွဲ ဒါမှမဟုတ် (၁၁)ပွဲစီ ပြင်ထားပါတယ်။ (နဝင်းကျေ သို့မဟုတ် (၁၁)မီး ပြိမ်းစေရန်ဖြစ်၏။) ဒါကို ကျွန်မတို့က အခုအချိန်အထိ လပြည့်လကွယ်နေ့တိုင်း ဆက်ပြီး ကပ်လှူပါတယ်'

သူတို့၏နေအိမ် ဘုရားစင်နံဘေးတွင် ဆရာတော်ဦးလက္ခဏ၏ ဓာတ်ပုံကို ပူဇော်ထားကာ ဆွမ်း၊ ရေချမ်းများ ကပ်လှူထားသည်ကို တွေ့ရသည်။

နေ့စဉ်မပြတ် ဆည်းကပ်ပူဇော်ခြင်း ဖြစ်ကာ ရှေ့ဆက်လာမည့် အကျိုးအကြောင်း၊ အဆိုးအကောင်းများကို ဆရာတော် သက်ရှိထင်ရှားရှိစဉ်က ကဲ့သို့ပင် အိပ်မက်တွင်း ကြွရောက် မိန့်ကြား လမ်းညွှန်ပေးလေ့ရှိကြောင်း သိရသည်။

ဆရာမိုးမိသားစုသည် နေအိမ် ဘုရားစင်တွင် နှစ်ကိုပ်ရှစ်ဆူ မြတ်စွာဘုရားများနှင့် အဘအောင်မင်းခေါင် ကြေးရုပ်တုကြီးကို ပူဇော်ထားသော မိမိတို့၏ စရဏစွမ်းအားအလျောက် ခနစ်




www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာရှိနေအိမ်ဘုရားခန်း



အကြီးသာစွမ်းဆိုင် ▶

ရက်သားသမီးတို့အား ကယ်တင်ပေးလျက်ရှိရာ ဆရာတော်ဦးလက္ခဏသည် မပြတ် စောင့်ရှောက်တော်မူကြောင်း ပြောပြကြသည်။

ဆရာတော်အား အောက်ပါဂါထာဖြင့် နေ့စဉ် ပူဇော်သည်ဆို၏။

ဂုဏဝဏ္ဏော မဟာထေရော၊ သီဿာနံ ဟိတအာဝဟံ။

ဣမံကာယံ ဗဟိတ္တာန၊ ပူဇယိဿာမ တေဂုဏံ၊

**ဂုဏဝဏ္ဏော** – ခမာဇာဂရိယ ဥဋ္ဌာန ဟုဒယ ကုက္ခ(..)ဏ သီလသမာ ပညာ စသား ဂုဏ်တော်များ ရှိတော်မူသော၊ **မဟာထေရော** – အရှင်လက္ခဏာ ထေမဟာသည်၊ **သီဿာနံ**–ငှက် တသောင်းခိုနား သစ်ကောင်းတစ်ပင် အလားသို့ ခယခိုအောင်း တပည့် အပေါင်းတို့၏၊ **ဟိတံ** – လောကီလောကုတ္တရာ နှစ်ဖြာသော အစီးအပွားကို၊ **အာဝဟံ အာဝဟဏ္ဍော**–မညည်းမညူ ဆောင်တော်မူလျက်၊ **ဣမံကာယံ** – အမှတ်သညာ အသိစိတ်နှင့် တကွဖြစ်သော ဤခန္ဓာကိုယ်ကို၊ **ဗဟိ**– ရဲရဲဝံ့ဝံ့ စွန့်တော်မူလေပြီ၊ **ဗဟိတ္တာန**– စွန့်တော်မူလေသောကြောင့်၊ **တေ**– ဂုဏ်တော်သခင်ထေရ် အရှင်၏၊ **ဂုဏံ**– သီလသမာဓိပညာ စသား ဂုဏ်တော်များကို၊ **မယံ**– တပည့်တော်တို့သည်၊ **ပူဇယိဿာမ**– ဆွမ်း ပန်းရေချမ်း စသော အာမိသဖြင့် လည်းကောင်း၊ သရဏဂုံ သီလစသော ဓမ္မဖြင့် လည်းကောင်း ပူဇော်ကြပါကုန်၏ အရှင်ဘုရား။

## ဆရာတော်ကြီး၏

## မေတ္တာတော်ကျင့်စဉ်

ဤကျင့်စဉ်ကို နံနက်စောစော အရုဏ်တက်ချိန်တွင် ပြုလုပ်ရသည်။ တနင်္ဂနွေ သို့မဟုတ် လပြည့်နေ့နံနက်တွင် စတင်နိုင်ပါက အထူးကောင်းမွန်သည်။

နေ့စဉ်မဟုတ်သော်မှ လပြည့် လကွယ် ဥပုသ်နေ့များတွင် ပြုလုပ်အားထုတ်သင့်ကြောင်း ဆရာတော်ကြီးက မိန့်မှာတော်မူသည်။

အကျီးကား ဘေးအမျိုးမျိုး ရန်အသွယ်သွယ်ကင်းဝေး၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေသည် ဟု သိရသည်။

**ရှေးဦးစွာ...**

ဩဇာ (၉)ညွန့်

သပြေ (၉)ညွန့်

အလေရာ(ဘောစကိုင်း) (၉)ညွန့်

တို့ကို သန့်စင်စွာ ဆေးကြော၍ ဘုရားရှင်အား ကပ်လှူပါ။ ထို့နောက် ပုဗ္ဗကိစ္စများ ပြုလုပ်ကာ အောက်ပါဂါထာဖြင့် ပုတီးစိပ်ပါ။

'အောင်သိဒ္ဓိ ဘဂဝါ အရဟံ အောင်လာတဲ့ အေတု အောင်ဖေယျံအေတု'

*[ပုတီးတစ်လုံးချ (၁၀၈)လုံး ပုတီး (၉)ပတ်စိပ်ပါ။]*

စိပ်ပြီးသောအခါ...

'သာသနာတော်ကြီး ကံရှိပါစေ၊

ကံကောင်းပါစေ၊

ကံကြီးပါစေ၊

ကံတော်ပါစေ။

တပည့်တော်တို့လဲ ကံရှိပါစေ၊

ကံကောင်းပါစေ၊

ကံကြီးပါစေ

ကံတော်ပါစေ'

www.burmeseclassic.com

ဟူ၍ ဆုတောင်းပါ။ ပြီးလျှင်...

'သိဒ္ဓိရှင် ယဟိဒ္ဓိရှင် ဘိုးတော်ကြီးများ၏ မေတ္တာရေကို သားတို့ သမီးတို့ မြေးတို့ မြစ်တို့ ခံယူပါ၏ အရှင်ဘုရား' ***(သာဓု သုံးကြိမ် ခေါ်ပါ။)***


နေ့စဉ်...

'ဒုက္ခာမုတ္တံတု-ဒုက္ခာမုတ္တံတု-ဒုက္ခာမုတ္တံတု' ဟူ၍ နံနက်၊ နေ့လယ်၊ ညနေ သုံးကြိမ် ရွတ်ဆိုပါ။

### ဘဂဝါနဝင်းအဆောင်စမ

ရက္ခန်းစင်တောင်ဆရာတော်ကြီး ရည်မှန်းကန်တော့ကာ မေတ္တာခံယူ စီရင်ရသည့် အဆောင်စမ ဖြစ်သည်။

* * *



### ဘဂဝါနဝင်းအဆောင်စမ

### နေအိမ်၊ လုပ်ငန်းတွင်ဆောင်ရန်

စီရင်မည့်သူသည် မေတ္တာကို အခြေခံပြီး သက်သတ်လွတ်စားလျက် **"ဂုဏ်တော်ကိုး"(၉)ရက် အဓိဋ္ဌာန်** ဝင်ကာ တစ်လက်မပတ်လည် ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ စက္ကူနှစ်သက်ရာတွင် နဝင်းအဆောင်ကို မွေးနေ့၌ ရေးကူးရသည်။

ကိုယ်နှင့်မကွာ ဆောင်လိုလျှင် ဆွဲကြိုး၊ ကြုတ်၊ လက်စွပ် စသည့် လက်ဝတ်ရတနာပေါ်တွင် အထက်ပါ အတိုင်း ရေးသွင်း၍ ဆောင်ပါ။ တုတ်၊ ဓား၊ အဆိပ်၊ လက်နက်၊ တို့ဆေး မှိုင်းဆေး အမျိုးမျိုးတို့မှ လွတ်ကင်းစေရုံ သာမက လူချစ်လူခင်ပေါကာ လာဘ်လာဘ တိုးပွားစေ၏။

လုပ်ငန်းတွင် မိမိနှင့် မသင့်မြတ်သော ဓာတ်နာမ်များ ပြေပျောက်စေ၍ ရန်သူလျော့ပါးကာ မိတ်ဆွေ တိုးပွားစေသည်။ အခက်အခဲများကို အောင်မြင်စေသည်။

နေ့နာမ်ဓာတ်နာမ် မတည့်သော ဖူးစာဖက်၊ ဇနီးမောင်နှံတို့အတွက် ချစ်ခင်သင့်မြတ်၍ စီးပွားဖြစ်ထွန်းစေသည်။

မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း အညံ့ဂြိုဟ် ကြမ္မာဆိုးများ ကျရောက်နေသူတို့အတွက်လည်း အဆိုပါ အညံ့အဆိုးများမှ လွတ်မြောက်စေနိုင်သည်။

နေအိမ်၊ အလုပ်ခန်းတွင် အဆောင်ပြုပါက မြင့်ရာနေရာ သို့မဟုတ် ဘုရားစင်၌ ထားရှိရသည် ဆိုလေသည်။

**ဂုဏ်တော်(၉)ရက် အဓိဋ္ဌာန်ဝင်ပုံမှာ...**

**ပထမနေ့**တွင် **အရဟံ**ဂုဏ်တော်ကို (၁၀၈)လုံး ပုတီး(၉)ပတ်စိပ်ရ၏။

**ဒုတိယနေ့**တွင် **အရဟံသမ္မာသမ္ဗုဒ္ဓေါ** ဂုဏ်တော်(၂)ပါးကို ပုတီး(၉)ပတ်၊

**တတိယနေ့**တွင် **အရဟံသမ္မာသမ္ဗုဒ္ဓေါဝိဇ္ဇာစရဏသမ္ပန္နော** (၃)ပါးကို (၁၀၈)လုံး ပုတီး(၉)ပတ်

စသည်ဖြင့် တစ်နေ့လျှင် ဂုဏ်တော်တစ်ပါးစီတိုးကာ နောက်ဆုံး နဝမနေ့တွင် **ဂုဏ်တော်(၉)ပါးစလုံးကို ပုတီး(၉)ပတ်**ပြည့်အောင် စိပ်ပွားရခြင်း ဖြစ်လေသည်။

***သမုတိ ပရမတ် နှစ်ရပ်သဲ့ယာ အလုံးစုံတို့အား ဦးနိုက်ဝပ်တွား ကန်တော့ပါ၏***

**စံထွန်းသာ**



▲ ဆရာကြီး ဒေါ်ဝင်းဝင်းသား ဓရိုးအောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

# သွေးတိုးရောဂါ

## လက်တွေ့ပျောက်ဆေးနည်း

စာရေးသူတို့ ပတ်ဝန်းကျင်မှ အနီးကပ်ဆုံး လူများသာမက နေရာဒေသအတော်များများ၌ လူအများစု ဖြစ်နေကြသော ရောဂါတစ်မျိုးကို ဖော်ပြရည်ဆိုလျှင် **သွေးတိုးရောဂါပင်**ဖြစ်ပေသည်။

သွေးတိုးရောဂါဝေဒနာ ခံစားရပြီဆိုပါက အလွယ်တကူ ကုသပျောက်ကင်းဖို့ အတော်ခဲယဉ်းလှပေ၏။ အဘယ်ကြောင့်ဆိုသော် ရောဂါနှင့်ဆေး မတွေ့တာလည်းပါမည်။ နောက်ပြီး ဝေဒနာရှင်တွေက အစားအသောက် မဆင်ခြင်ကြတာလည်းပါသည်။

အဲဒီလိုနှင့် ရောဂါနှင့် ဆေးကလည်းမတွေ့၊ ဝေဒနာရှင်များကလည်း အစားအသောက် မဆင်ခြင်ကြဘူးဆိုလျှင် ဘယ်ဆေးသောက်သောက် ရောဂါသက်သာရုံမျှသာ ဖြစ်ပေမည်။

စာရေးသူလည်း သွေးတိုးရောဂါဖြစ်ဖူးပါသည်။ အစားအသောက်အတိမ်းအစောင်း မခံပါ။ သတိထားနေခဲ့ရသည်။

သို့သော် ရောဂါသက်တမ်း မရင့်ခင်မှာ သွေးတိုးရောဂါ လက်တွေ့ပျောက်ဖူးသည့် အမျိုးသမီးတစ်ဦး ပြောပြသော ဆေးနည်းဟိုကို ယုံကြည်စွာသုံးစွဲခဲ့ခြင်းကြောင့် ငွေကုန်ကြေးကျမှုမရှိဘဲ ရောဂါသက်သာခဲ့ပါသည်။

ယနေ့အချိန်ထိ ရောဂါ ထပ်မဖြစ်တော့ပါ။ ယင်းဆေးနည်းက အလွယ်လေးပါ။ **ဒန့်သလွန်စေ့ကို တစ်ရက်(၃)စေ့နှုန်းဖြင့် (၇)ရက်တိတိ ပျက်ရက်မရှိ စားရတာပါ။** ဒါက စာရေးသူကိုယ်တိုင် လက်တွေ့ သက်သာခဲ့သောဆေးနည်းတစ်နည်း ဖြစ်ပါသည်။

စာရေးသူ ယခုဖော်ပြမည့် သွေးတိုးရောဂါ လက်တွေ့သက်သာဆေးနည်းကတော့ စာရေးသူ၏မိတ်ဆွေကိုသောင်းထွန်း ပြောပြသည့် သွေးတိုးသက်သာဆေးနည်း ဖြစ်ပါသည်။

ဒီဆေးနည်းကို ကိုသောင်းထွန်းဘယ်က ရလာသလဲဆိုရင် **ဒီပဲယင်းမြို့နယ်၊ အုန်းတစ်ပင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးခေမကထံမှ** ရခဲ့ကြောင်း ပြောပါသည်။



ကိုသောင်းထွန်းသည် ဆရာတော်ဦးခေမကပေးသည့်ဆေးနည်းကို မမှီဝဲခင်က သွေးတိုးရောဂါ ပျောက်သည်ဆိုသော ဆေးများကို သောက်ဖူးခဲ့ပါသည်။



သောက်သမျှ ဆေးတို့သည် ရောဂါသက်သာရုံမျှသာဖြစ်ပြီး အစားအသောက် အများမခံပါ။ **ဆရာတော်ဦးခေမက** ပေးသည့် ဆေးနည်းအားဖော်စပ်မှီဝဲပြီးနောက် သွေးတိုးရောဂါမဖြစ်တော့ကြောင်း၊ သွေးပေါင် ခဏခဏ ချိန်ရသည့် ဒုက္ခမှလည်း ကင်းလွတ်ခဲ့ရကြောင်း၊ အစားအသောက်ဆိုလည်း ကြိုက်ရာ အကုန်စား၍ ရလာကြောင်း အာမခံရဲ၍ဖြင့် ကိုသောင်းထွန်းမှ စာရေးသူအား ပြောပြပါသည်။

ကိုသောင်းထွန်း ပြောပြသောဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပါဝင်သည့် ဆေးပစ္စည်းများ...

| | | |
|---|---|---|
| ၁။ | ဆင်တုံးမနွယ် | ၄-ပိဿာ |
| ၂။ | ထန်းဖိုထန်းလျက် | ၃-ပိဿာ |
| ၃။ | ရှောက်သီး | ၁၀-လုံး |
| ၄။ | နှမ်းဆီ | ၅၀-ကျပ်သား |
| ၅။ | ဆားပုပ်ခဲ | ၅၀-ကျပ်သား |
| ၆။ | ပျားရည် | ၁-ပုလင်း(၅ဝါးဝင်) |

ပြုလုပ်ဖော်စပ်ပုံ

ပထမဦးစွာ ဆင်တုံးမနွယ်များအားဓားဖြင့် နုပ်နုပ်စဉ်းပါ။ စဉ်းပြီး ဆင်တုံးမနွယ်များအား အိုး၌ထည့်၍ မြုပ်သည်အထိ ရေထည့်ပြုတ်ပါ။ ရေခန်းလျှင် မီးဖိုမှချ၍ ပြုတ်ဖတ်များကို အနှစ်ကျန်အောင် ဆန်ခါဖြင့် ပွတ်ချပါ။

အနှစ်ရည်များရသည့်အခါ ရှောက်သီးများကို အခွံမသင်ဘဲ ဓားဖြင့် ပါးပါးလှီး၍ ဆင်တုံးမနွယ် အနှစ်ရည်နှင့်ရောပြီး ညှောင်စေးကျအောင် ကျိုရပါမည်။

ညှောင်စေးကျလျှင် ထန်းလျက်၊ ဆားပုပ်ခဲ၊ ပျားရည်တို့ ထည့်ပြီးထပ်ကျိုပါ။ **စေးကပ်ပျစ်ချွဲလာလျှင်နှမ်းဆီနှင့် ရေကုန်သွားသည်အထိချက်ရပါဦးမည်။**

ရေခန်းအောင် ချက်ပြီးလျှင် မီးဖိုမှချပါ။ အအေးခံ၍ ဖန်ဘူးတွင် ထည့်ပြီး ဆေးအဖြစ် တစ်နေ့တစ်ကြိမ်လက်ဖက်ရည်ဇွန်း တစ်ဇွန်း သုံးစွဲရမည်ဖြစ်ပါသည်။

**မှတ်ချက်** ။ ။ **ဤဆေးသည် သွေးတိုးရောဂါတင်မက ဒူလာ အညှောင်း အကိုက်ရောဂါများပါ ပျောက်ကင်းနိုင်ပါသည်။**

**[ဆေးနည်းပိုင်ရှင် ဆရာတော်ဦးခေမကနှင့် ဆေးနည်းပြောပြသော ကိုသောင်းထွန်းတို့အား ဤဆောင်းပါးဖြင့် ဂါရဝပြုလိုက်ပါသည်။]**

**ရန်မျိုးအောင်**
**(ရတနာမြေ-ချောင်းဦး)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမဖိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္တဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိ၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှုံးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ဖုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ စီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကာပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်မာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

# ကဒေါ်တ်ယောက် ဝါးကျောင်းဆရာတော်

စုဆောင်းပူဇော်ထားသည့် ရုပ်တုရုပ်ပွား ဓာတ်တော်များ (၄)

ခရီးသည်ဘုတောသီ



ပုံ (၂၆) မကိုဋ်တော်အထက် နဂါးဆောင်ထားသော ရုပ်ပွားတော်

**ယခင်လမှ အဆက်**

ထိုအခါ မီးသဂြိုဟ်သောနေရာမှ တစ်ပေပတ်လည်ခန့် မီးလုံးကြီး ထွက်လာကာ သီတင်းသုံးခဲ့ရာ ကျောင်းဆီသို့ ကူးသန်း၍ တဖျပ်ဖျပ် တောက်ပနေသည်ကို တွေ့ကြရသည်။

မီးသဂြိုဟ်ပြီးသောအခါ ကြည်ညိုဖွယ် **နီညိုရောင်ဓာတ်တော်များနှင့် အရည်လဲ့နေသော ပုံဆောင်ခဲသဏ္ဍာန် ဓာတ်တော်အချို့ ဖြစ်ပေါ်လာသည်။**

ထိုဓာတ်တော်များကို ဗုဒ္ဓဓာတ်တော်များနှင့်အတူ မြသီတာကျောင်းဝင်းအတွင်း သံသရာအေးစေတီ၌ ဌာပနာပြု ပူဇော်ခဲ့ကြောင်း ထိုစေတီနံဘေး ကမ္ပည်းမှတ်တမ်း၌ ရေးထိုးထား၏။

အလွန်ရှားပါးသော ဓာတ်တော်များဖြစ်၍ ဆရာတော်ဦးသုန္ဒရ ပင့်ဆောင်ရရှိခဲ့ပုံကို ပြောပြနိုင်သူ တပည့်ဒါယကာ မတွေ့ခဲ့ရပေ။

အခြားဓာတ်တော် များစွာနှင့် ကမ္ပည်းမှတ်တမ်းများမှာ အဓိပ္ပာယ်ဖော်၍ မရအောင် မှေးမှိန်နေသဖြင့် မှတ်တမ်းတင် ပူဇော်နိုင်ခြင်း မရှိခဲ့ချေ။

ထူးခြားသော အဖြူရောင်ဓာတ်လုံးတော်ကြီးများစွာကိုလည်း ဖူးတွေ့ရသည်။ ရှေးဟောင်းဘုရားပျက် ဌာပနာတိုက်များအတွင်းမှ ရရှိပူဇော်ထားသော ရုပ်တု၊ရုပ်ပွားများစွာလည်း ဖူးတွေ့ရသည်။

**အုတ်ခွက်ဘုရားများ**

[ပုံ–၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅]

တင်ပျဉ်ခွေပုံတော် တစ်ဆူသာသရုပ်ဖော်ပူဇော်ထားသော အုတ်ခွက်ဘုရား(ပုံ–၉)၊ ရုပ်ပွားတော်ကြီးကို အလယ်၌ထား၍ ဝန်းကျင် ရုပ်ပွား ငယ် (၅၁)ဆူ ဝန်းရံထားသော ပွားအုံပုံစံ

www.burmeseclassic.com

အုတ်ခွက်ဘုရား(ပုံ –၁၀)၊

တင်ပျဉ်ခွေနှစ်ဆူတွဲ အုတ်ခွက်ဘုရား(ပုံ –၁၁)၊ တင်ပျဉ်ခွေရုပ်ပွားကို စေတီငယ်များ ရံထားသည့် အုတ်ခွက်(ပုံ –၁၂)၊ မကိုဋ်တန်ဆာ ဆင်မင်းဝတ်ဘုရားနှင့် ကြိုက်ပုံ ရှည်ချွန်သော အုတ်ခွက်(ပုံ –၁၃)၊

ထီးချက်စောင့်နတ်သမီး ပူဇော်ပါဝင်သောအုတ်ခွက်(ပုံ –၁၄) စသည်ဖြင့် စုံလင်လှသည်။

အပိုင်းပုံ အုတ်ခွက်ဘုရားတစ်ဆူမှာ ဈာနမုဒြာ ဖြစ်သော်လည်း ယှက်ထားသော လက်နှစ်ဖက်မှာ ပေါင်ခွင်တွင် ချထားမြဲပုံစံ မဟုတ်ဘဲ ချက်အထက် ပင့်မြှောက်ထားဟန်ဖြင့် ထူးခြားစွာ ဖူးတွေ့ရပေသည်(ပုံ –၁၅)။ အုတ်ခွက်ဘုရားအားလုံးမှာ မီးဖုတ်မြေထည် လက်ရာများဖြစ်ကာ အချို့ကို ရွှေပိန်းချ ပူဇော်ထားသည်။


## ◎ ရုပ်တုရုပ်ပွားများ

ဘိသက္ကာဂုရု ရုပ်ပွားတော်[ပုံ–၁၆]

တင်ပျဉ်ခွေ ရုပ်ပွားတစ်ဆူမှာ လက်ဝဲလက်က ပေါင်ခွင်ပေါ်တွင် အမြိုက်အိုးကိုင်ထားကာ လက်ယာလက်မ လက်ဖဝါးကြား ဖန်ခါးသီးကို ညှပ်ထားသည်။

ဆေးသမားတော်များ၊ နက္ခတ်ဗေဒင်ပညာရှင်များက သားစဉ်မြေးဆက် ပညာရပ်များ မပျောက်မပျက်ဘဲ ဆက်လက်ပွားများစေရန် ကိုးကွယ်တိုင်တည်လေ့ရှိသော ရုပ်ပွားတော်ဖြစ်သည်။

မကိုဋ်စလွယ် ရင်ဖွဲ့တန်ဆာများ ဆင်ယင်ပူဇော်ကြရိုး ရှိသည်တွင် မကိုဋ်တော်၊ နားကင်းတော်များမှာ ပုံမှန်ထက် အရွယ်အစား ပိုလွန်ကြီးမားနေသည့်အပြင် ဆင်ငါးကောင်ခံ ပလ္လင်



ပုံ (၂၇)လက်ဟန်ထူးခြားသည့် စိတရုပ်ဟန်ရုပ်ပွား

ထက်၌ စံပယ်တော်မူနေသည်။ သွန်းလုပ်မှုဟန် ထူးခြားသော ရုပ်ပွားတော်ဖြစ်သည်။


စေတီပုထိုးများ၏ တောင်ဘက်အရပ် ဆင်ရုပ်ရှိသော ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ဂြိုဟ်ရှစ်ခွင်ကို လက်ယာရစ်ဖြစ်စေ၊ လက်ဝဲရစ်ဖြစ်စေ ရေတွက်သွားပါက ဗုဒ္ဓဟူးဂြိုဟ်သက်(၁၇) ပြည့်မြောက်လျှင် ဗုဒ္ဓဟူးဂြိုဟ်တိုင်ရှိရာ တောင်အရပ်သို့ပင် ပြန်လည်ရောက်ရှိသည်၊

ထို့ကြောင့် တည်တံ့မြဲမြံခြင်းကို ရည်ညွှန်း၍ ဆင်ခံပလ္လင်ဖြင့် ရုပ်ပွားတော်များ ထုလုပ်ပူဇော်လေ့ ရှိကြသည်။

သို့ဖြစ်လေရာ ဘိသက္ကာဂုရုခေါ် ဆေးဘုရား၏ တပည့်သားမြေးစဉ်ဆက် ပညာရပ်များ မတိမ်ကော မပျောက်မပျက် တည်တံ့စေရန် ရည်ညွှန်းပူဇော်ခြင်း ဖြစ်မည်ဟု ယူဆရပေသည်။

F.10B. May, 2017.

www.burmeseclassic.com



ပုံ (၂၁)ဘုန်းတော်ကြီးဦးသီဟပုံတော်

### သပိတ်ပိုက်ရုပ်တုများ

ဝန်ခေါင်းဆောင်းများနှင့် ဝန်မင်းများ ဝတ်ဆင်လေ့ရှိသော ဝတ်ရုံကို ဆင်မြန်းကာ ပုဆစ်ဒူးတုပ်လျက် သပိတ်ပိုက်ထားသော ရုပ်တုများစွာ တွေ့ရသည်။**(ပုံ–၁၇)**

ဘုရားမင်းညီမင်းသားတို့ တည်ဆောက်ကိုးကွယ်သော စေတီများတွင် မိမိတို့ပုံတူ ရွှေငွေရုပ်တုများ၊ ခမည်းတော်၊ မယ်တော်၊ သားတော်၊ သမီးတော်များ၏ ရုပ်တုများ၊ ဘိုးဘေးရုပ်တုများ စသည်တို့ သွန်းလုပ်ဌာပနာပြုလေ့ရှိကြသည်။

ဝန်၊ မှူးမတ်များဖြစ်၍ ကြေးဖြင့် သွန်းလုပ်ထားသည်ဟု ဆိုဖွယ်ရှိသော်လည်း စေတီ(?)ပေါင်းများမှ ထွက်ပေါ်လာတတ်သည့် ပေါ်တော်မူ ရုပ်တု၊ ရုပ်ပွားများတွင် အလွန်ရှားပါးစွာ တွေ့မြင်ရခြင်း ဖြစ်သည်။

ပုံစံတူ၊ အရွယ်အစားတူများ ဖြစ်ကြသည့်အပြင် သပိတ်ပိုက်လျက် ဆွမ်းကပ်လှူဟန် ရုပ်တုများဖြစ်ရာ ထူးခြားသည့် နောက်ခံအကြောင်းအရာ တစ်ခုခု ရှိနိုင်သည်ဟု တွေးဆမိသည်။

တစ်ခုသော သပိတ်ပိုက်ဝန်ရုပ်မှာ အရွယ်အစား အနည်းငယ် ပိုကြီး၍ မြေမီးဖုတ်စဉ့်ထည် ဖြစ်နေသည်။ ဝတ်ရုံကို ဒူး၊ ခြေဖဝါးများဖုံးအောင် စမွခဏ်အထိ ဖုံးအုပ်ချထားပုံဖြစ်သည်။**(ပုံ–၁၈)**

ဘုရားရှင် ဦးဆောင်၍ နောက်ပါ သံဃာများ စီတန်းကာ ဆွမ်းခံကြွဟန် သပိတ်ပိုက် ရုပ်တု၊ ရုပ်ပွားများလည်း တွေ့မြင်ရသည်။**(ပုံ–၁၉)**

ဤ ရုပ်တု၊ ရုပ်ပွားများအားလုံးသည် **ပဗ္ဗဟာဗ္ဗမုဒြာ** ရုပ်တု၊ ရုပ်ပွားများ ဖြစ်ကြကာ **“သန္တရသ”(တည်ကြည်ငြိမ်းချမ်းမှု)**ကို ပေါ်လွင်စေသည်။

ဤ ပဗ္ဗဟာဗ္ဗမုဒြာဟန်ရှိသော ရုပ်တု၊ ရုပ်ပွားများ ထုလုပ်လှူဒါန်းပူဇော်သူတို့သည် စားသောက်ဖွယ်ရာ ပေါများကြွယ်ဝခြင်း၊ စည်းစိမ်ဥစ္စာ ကုံလုံပြည့်စုံခြင်း၊ ဆုတောင်းပြည့်ခြင်း၊ ခွန်အားကြီးမားခြင်း...

ဘုန်းတန်ခိုးအာနုဘော် ထက်မြက်ခြင်း၊ လိုအင်ဆန္ဒ ပြည့်လွယ်ခြင်း၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းတို့မှ လွတ်ငြိမ်းခြင်း စသည့် အကျိုးထူးများ ရရှိနိုင်ကြောင်း မြန်မာ့ရိုးရာ ပဋိမာသိပ္ပပညာကျမ်းများ၌ ဖွင့်ဆိုထားလေသည်။

### အခြားရုပ်တုများ

မယ်တော်မာယာ သားဖွားဟန်ရုပ်တုမှာ ယာလက်က ရုံရွှေတော်အားကိုင်၍၊ ဝဲလက်က အင်ကြင်းကိုင်းကို ခိုမှီဟန် သွန်းလုပ်ထားသည်။**(ပုံ–၂၀)**

အဝတ်အစား၊ ထဘီဆင်မှုကို ယောဘုယျမျှသာ မှုန်ခြယ်ကာ နိပါတ်တော်လာအတိုင်း အင်ကြင်းကိုင်း

www.burmeseclassic.com

ကိုင်ထားဟန်ကို အဓိက သရုပ်ဖော်ထားသည်။ ရှေ့တွင် ခရုသင်းကိုင်နတ်ရုပ်ပါရှိ၏။

အလောင်းတော်မင်းသား တောထွက်ခန်းတွင် မြင်းခွာလေးဖက်ကို နတ်လေးပါး ပင့်မထားဟန် သွန်းလုပ်ထားသည်။

မြင်းခွာသံကို နိုင်ငံပြည်သားတို့ ကြားမည်ကို ကြောင့်ကြ၍ ခြေချတိုင်း ချတိုင်း နတ်သားလေးယောက်တို့ လက်ဝါးဖြင့် ခံကုန်၏ဟူသော ဗုဒ္ဓဝင်နိပါတ်တော်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။(ပုံ-၂၁)

ဘုရားရှင် ရတနာစင်္ကြံ စတုတ္ထသတ္တာဟ စံပယ်တော်မူခန်း ရုပ်တုရုပ်ကြွ၌ လေးမျက်နှာမှ ဒူးတုပ်၊ လက်အုပ်ချီနေသော သာဝက သဏ္ဍာန် တွေ့မြင်ရသည်။(ပုံ-၂၂)

မြတ်စွာဘုရားရှင်သည် တတိယ သတ္တာဟမှ နိုးထ၍ ဗောဓိပင်နှင့် အရှေ့တောင်လေးဆယ်အကွာရှိ နတ်တို့ ဖန်ဆင်းသော ရတနာစင်္ကြံ၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်များကို သုံးသပ်ဆင်ခြင်တော်မူရာ ပဋ္ဌာန်းကျမ်းသို့ရောက်လျှင် ရောင်ခြည်တော် (၆)သွယ် ကွန့်မြူးပျံ့နှံ့ စေလျက် ခုနစ်တိုင်အောင် စံပယ်တော်မူရာ **ရတနာဃရသတ္တာဟ**မည်၏။

ထို ရောင်ခြည်တော်တို့သည် အထက်သို့ ဘဝဂ်တိုင်အောင်၊ အောက်သို့ သုံးပါးသော မြေထု၊ လေထုကို ဖောက်၍ အောက်ကောင်းကင်တိုင်အောင်၊ ဇီလာအားဖြင့် အနန္တစကြဝဠာတိုင်အောင် ပျံ့နှံ့စေသည်ဖြစ်ရာ တန်ခိုးကြီးသော နတ်များ ကြားသိ၍ လာရောက်ပူဇော်ခြင်းကို ရည်ညွှန်းလျက် **လက်အုပ်ချီနေသော သာဝကရုပ်**



ပုံ (၂၉)ထင်ရှားကျော်ကြားသည့် ဆေးဘူးတော်အချို့ပုံတော်များ

**သဏ္ဍာန် ထားရှိပူဇော်ခြင်း** ဖြစ်သည်ဟု ယူဆရပေသည်။

ရောင်လျှံချွန်နှင့် တင်ပျဉ်ခွေ ရှေးလက်ရာ ရုပ်ပွားတော်တစ်ဆူမှာ မဏ္ဍိတ်တော်နောက်၌ ရောင်ခြည်တော် ကွန့်မြူးဟန် စက်ဝိုင်းခံ၍ သွန်းလုပ်ထားသည်။ ဒူးတုပ်၍ နှာမောင်းပင့်ချီ ပူဇော်နေသော ဆင်ရုပ်များကိုလည်း မြင်တွေ့ရသည်။(ပုံ-၂၃)

လက်ရာသေသပ်သည့် မကိုဋ် စလွယ် ဆင်မင်းဝတ် ဘုရားတစ်ဆူမှာ စမ္မခဏ်အပိုင်းမှာ ကိန်းဝပ်တော်မူသည်ကို ဖူးမြော်ရသည်။(ပုံ-၂၄)

## နဂါးရုံရုပ်ပွားတော်များ

မြတ်စွာဘုရားရှင် ဆဋ္ဌသတ္တာဟ စံပယ်တော်မူဟန်ကို ရည်ညွှန်း၍ နဂါးရုံတင်ပျဉ်ခွေရုပ်ပွားတော်များကို သွန်းလုပ်ပူဇော်လေ့ ရှိကြသည်။

မဟာဗောဓိပင်၏ အရှေ့တောင် မျက်နှာ ငါးဆယ့်တစ်လံ အကွာတွင် မုစလိန္ဒာမည်သော အိုင်၏အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးနေတော်မူရာ စကြာဝဠာတိုက်အလုံး နှံ့အောင်ရွာသော အခါမဲ့မိုးကြီးရွာသည်။

ထိုအခါတွင် မုစလိန္ဒာနဂါးမင်းသည် မိမိဗိမာန်မှထွက်၍ မြတ်စွာဘုရားအား ပိုးမွှား၊ လေမိုးတို့ မဆင်းရဲစေခြင်းငှာ ရတနာဗိမာန်အစား မိမိကိုယ်ဖြင့် ကုသိုလ်ပြုခြင်းငှာ ကြီးစွာသော ကိုယ်ကိုဖန်ဆင်း၍ တစ်ပိုင်းကို ပလ္လင်ခင်းပြီးသော် ကိုယ်တော်ကို ခုနစ်ပတ် ရစ်ပတ်လျက် ဦးခေါင်းတော်အထက်က ပါးပျဉ်းဖြင့် အုပ်မိုးထား၏။

ခုနစ်ရက်စေ့၍ မိုးစဲလေမှ နဂါးမင်းသည် လုလင်ယောင် ဖန်ဆင်းလျက် ရှေ့တော်၌ ရှိခိုး၍နေလေ၏။ ထိုအရပ်သည် မုစလိန္ဒသတ္တာဟ မည်၏။

ယင်းကို ရည်ညွှန်း၍ နဂါးရုံရုပ်ပွားတော် သွန်းလုပ်ပူဇော်ရာ၌ နဂါးခွေပလ္လင်ထက် တင်ပျဉ်ခွေရုပ်ပွားတော်နှင့် ပါးပျဉ်းအုပ်မိုးထားဟန်ကို ပူဇော်ကြသည်က များ၏။

ကိုယ်လုံးတော်ကို ရစ်ခွေပူဇော်ထားပုံကို တစ်ခါတစ်ရံ ဖူးတွေ့ရတတ်၏။ ပေဒင်ကိန်းခန်းအရ နဂါးငါးကောင်၊ ခုနစ်ကောင်၊ ကိုးကောင် စသည် ပူဇော်သည့် သဘောဆောင်၍ ပါးပျဉ်းတွင် နဂါးခေါင်း ငါးခု၊ ခုနစ်ခု၊ ကိုးခု သွန်းလုပ်ထားသည်လည်း ရှိ၏။

ယခုဖူးတွေ့ရသည့် နဂါးရုံရုပ်ပွားတော်များအနက် တစ်ဆူမှာ နဂါးခုနစ်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ဆော်အချို့

ကောင်(ဦးခေါင်း ခုနစ်ခု) ရုပ်ပွားတော် **(ပုံ-၂၅)**ဖြစ်၍ အခြားတစ်ဆူမှာ နဂါးရစ်ပလ္လင်မပါ။ မဏိတော်အထက်ကပ်လျက် (ရွက်ထားသည့်ပမာ) နဂါးမေးတင်ထားသည့်ဟန် ထူးခြားစွာတွေ့မြင်ရသည်။**(ပုံ-၂၆)** မတွေ့မမြင်ဘူးသေးသည့် ရှားပါးနဂါးရုံရုပ်ပွားတော်ဖြစ်သည်။

## ထူးခြား၍သာမတ်ရုပ်တော်

မတ်ရုပ်တော်များအနက် လောဟာစပ်ဟု ယူဆရသော မတ်ရုပ်တော်တစ်ဆူကိုလည်း ထူးခြားသော မုဒြာဟန်ဖြင့် မြင်တွေ့ရသည်။ လက်ယာဘက်ကို ရင်မှာအပ်၍ မဟာကရုဏာမုဒြာဖြင့်လည်းကောင်း၊ လက်ဝဲလက်က သက်န်းကိုကိုင်လျက် စီဝရဟတ္ထမုဒြာဖြင့်လည်းကောင်းစံပယ်တော်မူသည်။

သက်န်းစကိုင်ထားသော စီဝရဟတ္ထမုဒြာအများစုမှာ ကေသီဝတ်ရုံသက်န်း၏ အနားစကို ကိုင်ထားဟန် ဖူးမြင်ရတတ်သော်လည်း ဤရုပ်ပွားတော်ကား သင်းပိုင်သက်န်းကို လက်နှင့်ဖိထားသဖြင့် ထူးခြားရှားပါးသော စီဝရဟတ္ထမုဒြာအဖြစ် မြင်တွေ့ရခြင်းဖြစ်သည်။**(ပုံ-၂၇)**

## ◎ ဓာတ်ပုံကားချပ်များ

ဓာတ်တော်ပုလင်းများ စီတန်းပူဇော်ထားသည့် ဗီရိုထက်တွင် ဆရာတော် ဦးသီလ ရုပ်ပုံကားချပ်ကို ပူဇော်ထား၏။ နဖူးစည်းစာတန်းအရ...

ရွှေကျင် နိကာယ ဝိနယာနုဂ္ဂဟအသင်းမှ ၂၀၀၄ ခုနှစ်အတွက် ထုတ်ဝေသည့် ပြက္ခဒိန်မျက်နှာဖုံးဖြစ်၍ **ရွှေကျင်တောရ သာသနာနှင့် ဝိနည်းအာဂုံ စာပြန်ပွဲကို စတင်အုတ်မြစ်ချပေးတော်မူသော တောရဘုန်းကြီး ဆရာတော် ဦးသီလ၏ ပုံတော်** (၁၃၉၄-၁၂၆၉)ခုနှစ်ဟူ၍ ဖော်ပြထား၏။**(ပုံ-၂၈)**

ဓာတ်တော်ပုလင်းများ အကြားတွင်လည်း ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးများ၏ ဓာတ်ပုံများကို ပူဇော်ထားသည်။**(ပုံ-၂၉)** ဓာတ်ပုံဆေးသားနှင့် ကမ္ပည်းစာများ ပျက်ယွင်းနေကာ တော်ကူးဆရာတော်၊ ကျွဲခြံရွာသစ်ဆရာတော်၊ မိုးကုတ်ဆရာတော်တို့၏ ပုံများကိုသာ မှတ်မိသိရှိနိုင်ခဲ့လေသည်။

ကျိုက္ခမီမြို့၊ ကဒါတ်ထောက်ဝါးကျောင်းဆရာတော် ဦးသုန္ဒရ စုဆောင်းပူဇော်ထားသော ရုပ်တု၊ ရုပ်ပွား၊ဓာတ်တော်များအနက် အနည်းငယ်မျှကိုသာ တတ်အားသရွေ့ ထုတ်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။


**[ဤခရီးစဉ်တွင် ကူညီပေးကြသော ကိုဇိုလ်ဇိုလ်အောင်၊ မမိုးမိုးသူနှင့် ဆရာတော်ဦးသုန္ဒရ၏ တပည့်ဒါယကာများအား ကျေးဇူးတင်ရှိခြင်း...]**

**ခရီးသည်သုဓေသီ**



www.burmeseclassic.com

www.burmeseclassic.com



နှယ်သုံးနှယ်က သုံးနေရာမှ ဖောက်ထွက်နေသော

# သစ်ဖောက်

**ရန်ကုန်တိုင်းဒေသကြီး၊ တွံတေး မြို့နယ်၊ ကန်ဘဲ့စံပြကျေးရွာ** အရှေ့ ပိုင်းနေ မောင်ကျော်ဝင်းထွန်းသည် တောထဲသို့ ထင်းခွေသွားစဉ် သစ်ဖောက်တစ်ခုကို တွေ့ရှိခဲ့၍ ဖြတ်ယူလာသည်။

အဆိုပါ သစ်ဖောက်၏ ထူးခြားချက်မှာ သစ်ပင်၏ အလယ်ကောင်တည့်တည့် ဥရှု တိုင် ဗဟိုမှနေ၍ အပေါ်ဗဟိုသို့ ဖောက်ထွက်နေခြင်း ဖြစ်ပါသည်။ အလယ်ကောင်တည့်တည့်မှ ပုံပါအတိုင်း နှစ်ချက်ဖောက်ထွက်၍... ခါးလယ်မှနေ၍ အပေါ်သို့ တစ်ချက် ဖောက်ထွက်နေခြင်း ဖြစ်ပါသည်။

အဆိုပါ သစ်ဖောက် အိမ်ရောက်သည့်နေ့မှစ၍ အရောင်းအဝယ် ငွေရေးကြေးရေး ကိစ္စရပ်များ အဆင်ပြေပါသည်။

ထို့ကြောင့် သစ်ဖောက်ပိုင်ရှင်မှ အဆိုပါ သစ်ဖောက်ကို ရွှေသွားချ၍ ကန်ဘဲ့စံပြကျေးရွာ အရှေ့ကျောင်း ပုဗ္ဗာရုံကျောင်း၏ ဆရာတော်ဖြစ်သော ဘဒ္ဒန္တပညာသာမိအား သွားရောက်လှူဒါန်းမည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထိုသစ်ဖောက်ကို ရွှေသွားချစဉ် ရွှေဆိုင်မှ တောင်းဝယ်သော်လည်း မရောင်းဘဲ ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းလိုက်လေသည်။

ထိုသစ်ဖောက် ဘုန်းတော်ကြီးကျောင်းသို့ ရောက်သည့်နေ့မှစ၍ ဘုရားဖူးများနှင့် အလှူအတန်း ပြုလုပ်သူများ တစ်နေ့တခြား များပြားလာသည်။

ဆရာတော်၏ သွန်သင်ဆုံးမမှုနှင့် သစ်ဖောက်၏ ထူးခြားချက်များကြောင့် ဖြစ်နိုင်ပါသည်။

သစ်ဖောက်များကို အိမ်ဘုရားခန်း၊ ရုံးခန်းများမှာ ဆောင်ထားခြင်းအား ဖြင့် ပီယ,မေနနှင့် လာဘ်လာဘ အလုပ်အကိုင် အကြံအစည် အပြောအဆိုများ အောင်မြင်နိုင်ပါသည်။

အဆိုပါ သစ်ဖောက်ကို ကန်ဘဲ့စံပြကျေးရွာအရှေ့ပိုင်း ပုဗ္ဗာရုံကျောင်းသို့ သွားရောက်၍ လေ့လာနိုင်ပါသည်။

**ကျော်ဝင်းထွန်း–ဂမ္ဘီရသုတသီ (တွံတေး)**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ မေလအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာကနသိရှိစေရန် အလို့ငှာစေတနာရှေ့ထားလက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

❖ ၂၀၁၇ ခုနှစ်၊ မေလ ❖

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | 1 ၇ | 2 ၈ | 3 ၉ | 4 ၁ | 5 ၂ | 6 ၃ |
| 7 ၄ | 8 ၅ | 9 ၆ | 10 ၇ | 11 ၈ | 12 ၉ | 13 ၁ |
| 14 ၂ | 15 ၃ | 16 ၄ | 17 ၅ | 18 ၆ | 19 ၇ | 20 ၈ |
| 21 ၉ | 22 ၁ | 23 ၂ | 24 ၃ | 25 ၄ | 26 ၅ | 27 ၆ |
| 28 ၇ | 29 ၈ | 30 ၉ | 31 ၁ | | | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**မေလ (၁၇)**ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ **(၁၇)**ရက်နေ့၏ စိုးမိုးဂဏန်းမှာ **(၅)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၂၈)**ရ၏။ ယင်း **(၂၈)**ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် **၂ + ၈ = ၁၀ = ၁** ရ၏။ ထို့ကြောင့် ထိုသူအတွက် **မေလ(၁၇)**ရက်နေ့တွင် **(၁)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း** ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာအကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

**သုခစုစံ(ကျိုက်လတ်)**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၇၉**

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ဝဝ၆ဝ၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တ/ဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃


'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်မြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ဖန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...


**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုဓမ္မာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၈၈၅


ကိုကြီးကောင်း




www.burmeseclassic.com

www.burmeseclassic.com



အောင်တော်မူအောစေတီ



ဘုရားတစ်ဆူ

ဖိုးဟိန်း
(ကန့်ဘလူ)

ကန့်ဘလူနယ်မြေ မှ

# ဦးမော့လာသော ရသေ့တောင် (၁)

### ဒေသန္တရခရီးလမ်းနှင့် ရသေ့တောင်သို့ တစ်ကျော့ပြန်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်၊ နံနက်(၆)နာရီခန့်တွင် ဂျပန်လုပ် ဒီတီ (DT) ဆိုင်ကယ်အား စံပါယ်နံ့သာ ဘက် ခေါင်းလှည့်၍ မောင်းမျိုး မောင်း ထွက်လာခဲ့သည်။ ဆိုင်ကယ်နောက်မြီး မှ ကျွန်တော် လိုက်ခဲ့သည်။


ရသေ့တောင် တောတွင်းလမ်းကြမ်း တွင် ဒီတီဆိုင်ကယ်က စိတ်ချရသည်။ မြို့တွင်းမှ ဖြတ်မောင်းခဲ့သည်။ နေ့ချင်း ညချင်း ပူပူနွေးနွေး ခရိုင်မြို့ဖြစ်လာ သော **ကန့်ဘလူမြို့**။

မြို့ကိုလွန်ပြီး မြစ်သူငယ်ချောင်း ရောက်လာသည်။ ကန့်ဘလူနှင့် နှစ်မိုင် ဝေးသည်။ ဌာနဝင်ခါစ ထိုချောင်း ဝန်းကျင်တွင် သစ်မာမီးဖိုတိုင်ဖြောင့်ဖြောင့်၊ စည်းတိုင်(ဝင်းတိုင်)နှင့် မဏ္ဍပ် တိုင်များ လွယ်လင့်တကူ ရှာဖွေရနိုင် သည်။ မကြာမတင် "**နတ်အင်းစံပြ ကျေးရွာ**"သို့ ရောက်လာသည်။

ကန့်ဘလူနှင့် ငါးမိုင်ဝေးသည်။ ယခင်က ထိုဝန်းကျင် တောတောင်ထဲ မှ အောင်လုံဖြောင့်တန်းသော ဆယ့် နှစ်တောင်(၁၈–၆၀) သစ်မာအိမ်တိုင် များနှင့် ဝါးမျိုးစုံကို မရှားမပါး ရှာဖွေ ခုတ်ယူနိုင်သည်။(**မှတ်ချက်။ ။ ထိုစဉ် က ယင်းနေရာတွင် ရွာ မတည်သေး ပါ။ အင်းလုပ်သားအချို့သာ နတ်အင်းချောင်းတစ်လျှောက် နေခဲ့ ကြသည်။စာရေးသူ**)

နတ်အင်းရွာကို ဆိုင်ကယ်လွန်သည် နှင့် တောက ကျဲပါးပါးဖြစ်သွားသည်။ နတ်အင်းနှင့် စံပါယ်နံ့သာကြိုးဝိုင်းတွင် သစ်ထုတ်စဉ်က ကျွန်တောာင်

www.burmeseclassic.com




◆ ရသေ့ကြီး၏ (၇၂)နှစ်မြောက်မွေးနေ့ပွဲတွင် စာရေးသူမှ လှူဒါန်းခဲ့သော "ဥမင်တောင်(သို့မဟုတ်)ရသေ့တောင်" စာမူများပါသည့် ၂၀၀၆ ခုနှစ်၊ မေ၊ ဇွန်၊ ဂျူလိုင်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသုံးစောင်



◆ စံပါယ်နံ့သာ ကားဂိတ်မှ ကန့်ဘလူ၊ ရွှေဘိုနှင့် မြစ်ကြီးနား မိုင်ပြမှတ်တိုင်

ဧရိယာတွင် နိုင်ငံခြားရောင်းတမ်းဝင် ကျွန်းနှင့်ပြည်တွင်းသုံး ရောင်စုံသစ်မာ သစ်ကြမ်းပင်များ၊ မီးခြစ်သစ်ပင်များ အပြိုင်းအရိုင်း ပေါက်နေကြသည်။

"တောကောင်းမှ သားရဲမြဲ" ဆိုသလို တောဆင်ရိုင်းများ တပျော်တပါး အုပ်စုဖွဲ့ ကျက်စားနေထိုင်ခဲ့သည်။ ယခင်တောတောင်က ပိန်းပိတ်အောင် မှောင်ခဲ့သည်။

ယခုတွင်မူ ပဲ၊နှမ်း၊ပြောင်း၊ကြံ၊ ငှက်ပျော တောစိုက်ခင်းကြီးများက နေရာဝင်ယူ စိုးမိုးထားလိုက်ကြသည်။ တောတောင်က လင်းချင်းပြီး ခေါင်းတုံး ဖြစ်သွားပြီ။

တောနှင့် တောင်ပေါ်တွင် တွယ်တာ ချစ်ခင်ခဲ့ရသော သစ်ထုတ်ဝန်ထမ်း ဟောင်းပီပီ ပစ္စုပ္ပန်တည့်တည့်တွင် ယိုင်ရွဲ့နေသော မြန်မာ့သစ်တော၏ အနိဋ္ဌာရုံမြင်ကွင်းများကို မျက်ဝါး ထင်ထင် မြင်တွေ့လိုက်သည်နှင့် နှမြောတသ ယူကျုံးမရဖြစ်ကာ ရင်မှာ ထိရှ ခံစားလိုက်ရသည်။

'ဦးလေး... ဝါးညိုတောင်ထိပ် ရောက်ပြီ'

ဆိုင်ကယ်နောက်မြီးမှ တော အကြောင်း၊ တောင်အကြောင်းပေါ် ခုနစ်စဉ်အမျှဉ်တန်း အတွေးနယ်ချဲ့ လိုက်လာခဲ့ရာမှ မောင်မျိုး သတိပေး စကားကြောင့် အသိပြန်ဝင်လာသည်။

'အေး...လီဗာနဲ့ ဘရိတ် ထိန်းပြီး ဆင်းဟေ့'

ဝါးညိုတောင်အဆင်းတွင် ဆိုင်ကယ်ကို ဘီးတစ်လိမ့်ချင်း ချနင်း၍ မောင်မျိုး မင်း ဆင်းလာခဲ့သည်။ စံပါယ်နံ့သာဘက် နီးလာခဲ့သည်။ ကန့်ဘလူနှင့် စံပါယ်နံ့သာ (၁၆)မိုင်ဝေးသည်။

ဝါးညိုတောင်ခြေ အနိမ့်ပိုင်းထဲ ဆိုင်ကယ်ရောက်သည်နှင့် လမ်းဘေး ဝဲယာတွင် အရွယ်တူ၊အရပ်တူ အကွက်ချ စိုက်ပျိုးထားသော ကျွန်းပင် စိုက်ပျိုးခင်းတောကို အဝေးမှ မျက်စိ တစ်ဆုံး လှမ်းမြင်လိုက်သည်။

စံပါယ်နံ့သာမှ ရွှေဘို-မြစ်ကြီးနား- ကန့်ဘလူ သုံးဌာန မိုင်အကွာဝေးပြ လမ်းသုံးခွမှတ်တိုင်နှင့် စံပါယ်နံ့သာမှ ကန့်ဘလူ-ကျွန်းလှ လမ်းပြဆိုင်းဘုတ်ကို ဓာတ်ပုံဆင်းရိုက်ပြီး လွှဲဆိပ်ဘက် ခရီးဆက်ခဲ့သည်။

## ရှိုကြီးကွေ့မှ

## ရသေ့တောင်တော်လမ်းခွဲ

စံပါယ်နံ့သာမှ တစ်မိုင်ခန့် မောင်း လိုက်သည်နှင့် လွှဲဆိပ်ကြို့ပိုင်းထဲ






www.burmeseclassic.com

www.burmeseclassic.com



◄ "ဥမင်တောင် အဝင်လမ်းခွဲ"နှင့် ဘုရားဖူးများ တည်းခိုရန်ဇရပ်

ရသေ့ကြီး "ဦးသီဟရာဇာ" ►

ဆိုင်ကယ် ဝင်ခဲ့သည်။ လမ်းဘေး ဝဲယာတွင် လွှဲဆိပ်ကြိုးဝိုင်းထဲမှ ကျွန်း စိုက်ခင်းများကို တွေ့ခဲ့သည်။ အပင် အရွယ်အစားများမှာ စံပါယ်နံ့သာ စိုက်ခင်းမှ ကျွန်းပင်များနှင့် မတိမ်း မယိမ်းဖြစ်သည်။

စံပါယ်နံ့သာမှ တစ်တိုင်(နှစ်မိုင်) သန့်သန့်ခန့် မောင်းလိုက်သည်နှင့် ရှိုကြီးကွေ့တောင်ဘက်ထိပ် ရောက် လာသည်။ ရှိုကြီးကွေ့နှင့် ဓားလွယ် ခုတ် ဗျူဟာကားလမ်း အနောက်ဘက် ခြမ်းတွင် ခံ့ခံ့ထည်ထည် ဆေးရေး ပန်းချီကားဖြင့် **"ဥမင်တောင်ခေါ် ရသေ့တောင်လမ်းခွဲ"** လမ်းညွှန် ဆိုင်းဘုတ်ကို ထင်းခနဲ မြင်လိုက်ရ သည်။

ရသေ့တောင်လမ်းခွဲသို့ ရောက်ခဲ့ပါ ပြီ။ လမ်းခွဲဆိုင်းဘုတ်အနီး ကုန်းစောင်း လေးပေါ်တွင် ဘုရားဖူးများ တည်းခို နားနေနိုင်ရန် ဇရပ်တစ်ဆောင်ကို တွေ့ရသည်။

ပထမခေါက် ဦးဘချုပ်တို့နှင့် လာ စဉ်က စံပါယ်နံ့သာမှ (၁၀)မိုင်ဝေးသော လွှဲဆိပ်ကို ကားနှင့်လာခဲ့သည်။ လွှဲဆိပ် မှ ရသေ့တောင်သို့ လှည်းဖြင့် တောတွင်းလမ်း (၆)မိုင်ခန့် ဝင်ရသဖြင့် စံပါယ်နံ့သာမှ (၁၆)မိုင်နီးပါး သွားခဲ့ရသည်။

ယခု စံပါယ်နံ့သာနှင့် (၂)မိုင်ဝေး သော ရှိုကြီးကွေ့ထိပ်မှ ရသေ့တောင် သို့ ချိုးကွေ့ဝင်လိုက်လျှင် တောဝင် လမ်း(၃)မိုင် အပါအဝင် စံပါယ်နံ့သာ မှ (၅)မိုင်မျှသာ ဝေးတော့သည်။ လွှဲဆိပ်ဘက်မှ ဝင်ခဲ့သော လမ်းထက် (၁၁)မိုင် သက်သာသွားသည်။

ဥမင်တောင်လမ်းခွဲထဲ ဆိုင်ကယ် ချိုးကွေ့ဝင်လိုက်သည်နှင့် တောရိပ် တောင်ရိပ်ကြောင့် ရင်ထဲ စိမ့်ခနဲဖြစ် သွားသည်။ မြေသားနှင့် သဲလမ်းပိုင်း နည်းပြီး ပကတိ ကျောက်သား ကျောက်ပြင် ကျောက်ဖျာများပေါ် ခက်ခက်ခဲခဲ မဖြစ်မနေ ဖောက်ထား သော တောင်တက် ကျောက်ကြမ်း လမ်းဖြစ်သည်။

အမြှာ...အမြှာသော လျှိုမြောင်၊ ချောက်ကမ်း၊ စိမ့်စမ်းရေထွက်၊ ရေရှင် ကျောက်အိုး၊ ကျောက်ခွက်များ ပေါ သဖြင့် တောင်ကျရေနှင့် ရေဝေရေလွှဲ အားကောင်းသည်။ ဝါးလုံးတိုး ထိုးဆိုက်ကျလာသော ရေတိုက်စီးအား ဒဏ်ကြောင့် လမ်းလယ်ကျောတွင် ရေစီးမြောင်းများ ဖြစ်နေသည်။

မိုးဦးလေဦး ကောင်းထားသဖြင့် ရသေ့တောင်က စိမ်းစိမ်းစိုစို ဖြစ်နေ သည်။ ယခုလည်း ခဲသားရင့်ရောင် မိုးတိမ်တောင်များဖြင့် တောင်တော်က အုံ့မှောင်နေ၏။

ပထဝီအနေအထားမှာ တောတောင် တစ်ခွင်တစ်ပြင်လုံး ကျောက်စိုင် ကျောက်သားများဖြင့် သဘာဝတရား က ဖန်တီးပေးထားသလို ဖြစ်နေသည်။ လမ်းဘေး သက်ရင့် အင်ကြင်းပင်ကြီး တစ်ပင်ပေါ်မှ ဆိုင်းဘုတ်ကို တွေ့လိုက် သည်။ ရေးထားသည်က...

> "သစ်ခုတ်၊ ဝါးခုတ် မဝင်ရ"
> "တောလည်မုဆိုး မလာရ"
> မေတ္တာဖြင့် "ဦးသီဟရာဇာ"
> *(ငြိမ်းချမ်းနယ်မြေ)*

ဟု ဥမင်တောင်ရသေ့ကြီး၏ စောင့်ရှောက်မှုအောက်တွင် ထူးထူး



www.burmeseclassic.com

www.burmeseclassic.com



သဘာဝ ကျောက်ဆစ်ပီသကာ ဆရာကြီးမှ လက်ဆောင်ပေးခဲ့သော ရသေ့ကြီး၏ ကျောက်ဂူ

ခြားခြား ဘေးမဲ့တော(ကာကွယ်တော) လေးသဖွယ် ဖြစ်နေပုံရသည်။

ရှိုကြီးကွေ့လမ်းခွဲမှ ရသေ့ကြီး သီတင်းသုံးနေထိုင်ရာ ဂူခြေရင်းထိ သုံးမိုင်သန်သန် ဝေးသည်။ ကျောက်ဂူ ကျောက်တိုက်များကြားမှ အတိုဆုံး တောဝင်ဖြတ်လမ်းကို ခက်ခက်ခဲခဲ လမ်းအူကြောင်း ရှာဖွေရွေးချယ်ပြီး ပေါက်ခဲ့ရသည်။

ဤကျောက်ကြမ်းလမ်းကို သဒ္ဒါ တရား ထက်သန်စွာဖြင့် လမ်းဖြစ် မြောက်ရေး ကုသိုလ်ရှင်များက ငွေကို အစုပြုလိုက် ကျောက်လမ်းပေါ် ချခင်း ပြီး ငွေနှင့် ဆက်ဖောက်ခဲ့ရသည်။

ဆိုင်ကယ်လီဗာကို မီးခိုးတန်း အောင် ''ဟဲ''ပြီး ဖွဲ့နပဲနှင့် နှစ်ယောက် သား ဥမင်တောင်ထိပ်ကို တက်လာခဲ့ သည်။ နှစ်မိုင်ခန့် ခရီးဆန့်လိုက်သည် နှင့် မကြာမလင့် ရှုခင်းသာ(၁)သို့ ရောက်သည်။ တောင်ပေါ်မုတ်သုံလေ က ''တဝူးဝူး''အသံပေးပြီး ခပ်ရိုင်းရိုင်း တိုက်နေသည်။

မိုးက အုံ့ပျပျမို့ ရာသီက အေးမြမြ ဖြစ်နေ၏။ ရသေ့တောင် တောင်စဉ် တောင်တန်းများပေါ် မြူခြေများဆိုင်းပြီး တောင်ခိုးတွေ ဝေ့ဝဲနေသည်။ တောင် ပေါ်ရောက်မှ တောင်တက်မောလေး ပြေသလို ဖြစ်သွားသည်။

ဝန်းကျင်ရှုခင်းများကို တောင်ပေါ်မှ စီးမိုးကြည့်လိုက်သည်နှင့် ဥမင်တောင် စွယ် တောင်ကြော တောင်ထွတ် တောင်ကလပ်များပေါ်တွင် ထုံးသင်္ကန်း ဖွေးဖွေးနှင့် အားရကြည်ညိုဖွယ် စေတီ ဘုရားများကို တောင်ခိုးတွေကြား လွှမ်းမောစရာ မြင်တွေ့လိုက်ရသည်။

ဘုရားပုထိုးများကို ဖူးမြင်လိုက်မှ ကျွန်တော့်စိတ်တွင် မယုံကြည်နိုင် သလို ဖြစ်သွားပြီး မောင်မျိုးကို မေးမြန်း စူးစမ်းကြည့်လိုက်သည်။

'မောင်မျိုး ဟိုဘုရားကွေ့က...'

'ဥမင်တောင်ပေါ်က ဘုရားတွေလေ ဦးလေး'

'ဟေ...ဟုတ်ရဲ့လား မောင်မျိုးရ၊ ငါတို့ တောင်မှားတက်ခဲ့တာတော့ မဟုတ်လောက်ပါဘူးနော်'

'ရွှေဘိုမြောက်က ဆင်တူရိုးမှား နာမည်တူ ရှားတဲ့ ဥမင်တောင်အစစ်ပါ။ ဒီတောင်ပေါ်မှာ ဘုရားနှစ်ဆယ့်ငါးဆူ တိတိ တည်ထားပြီးသွားပြီ ဦးလေး။ ဘုရားတွေ မှိုလိုပေါက်ကုန်ပြီ'

'ဟော်...ဟုတ်လား။ ငါတော့ မယုံကြည်နိုင်သလို ဖြစ်သွားပြီ။ ဟို... ငါတို့ ဒီကို ပထမလာတဲ့ ၂၀၀၂ ခုနှစ် က အောင်တော်မူအေးစေတီ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆူပဲ ဒီမှာ ရှိသေးတာ။ ငါ အဝေးရောက်နေတဲ့ ဆယ်နှစ်ကျော်ကျော် အချိန်ကာလအတွင်း ဥမင်တောင်ရဲ့ ဘာသာ,သာသနာ ရေစီးကြောင်းက နတ်ရေကန်ထဲ စီးဝင်သွားသလို နေ့ချင်းညချင်း ပြောမယုံအောင် ပြောင်းလဲသွားခဲ့ပြီကော မောင်မျိုးရေ'

'ဟုတ်တယ် ဦးလေး၊ ဥမင်တောင်က အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပါပြီ'

'အေး,..အားတက်သွားပြီကွာ၊ ငါ ဒီတစ်ခေါက် အပင်ပန်းခံပြီး ဥမင်တောင်ကို လာရကျိုး နပ်သွားပြီ။ ဥမင်တောင်ကို အစပြန်ကောက်ပြီး ဒုတိယအကြိမ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းပို့မယ့် စာမူအတွက် တကယ့် အဖိုးတန် စာကုန်ကြမ်းတွေ ဦးလေး ရလိုက်ပြီ မောင်မျိုးရေ'

နှစ်ယောက်သား ဥမင်တောင်ပေါ်မှ ဘုရားများအကြောင်း ပြောရင်းဆိုရင်း ဝမ်းသာအံ့သြရင်း မိုးနှံ့ပါသော တောင်ပေါ်လေကို တဝရှူပြီး ရှုခင်းသာ(၁)တွင် ခေတ္တ နားခဲ့ကြသည်။

"မိုးစနေ လေရာဟု"၊ စနေထောင့်မှ မိုးသားတိမ်လိပ်တွေ တရိပ်ရိပ် တက်လာနေပြီ။ မိုးက ရွာတော့မလို ပြိုတော့မလို ဖြစ်လာခဲ့သည်။ နေ့ချင်းပြန် လေ့လာရေးခရီး ဖြစ်နေ၍ မိုးနှင့် အချိန်ကို လုပြီး ခရီးဆက်ခဲ့သည်။

ရှုခင်းသာ(၁)မှ အထွက် တောင်ပေါ်မှ ဘုရားဖူးပြီး ခြေကျင်ဆင်းလာကြသော ဘုရားဖူးများကို လမ်းတစ်လျှောက် တွေ့ခဲ့ရသည်။

ရှုခင်းသာ(၁)နှင့်(၂) ကြားလမ်းနှင့် ကပ်၍ တည်ထားသော စေတီငါးဆူကို အနီးကပ် ဆွတ်ပျံ့ကြည်နူးဖွယ် ဖူးမြော်ခွင့် ရခဲ့သည်။ တောင်တက်လမ်းသုံးမိုင်နီးပါး အရောက်တွင် အမြင့်ဆုံးတောင်ထိပ် ရှုခင်းသာ(၂)သို့ ရောက်ခဲ့သည်။

(၂၄၂၄)ပေ မြင့်သော တောင်ထိပ်မှ စီးမိုး၍ မြေပြန့်တောင်ခြေပိုင်းသို့ မျှော်ငေးကြည့်လိုက်ရာ စိမ်းမြမြ လယ်ကွင်းများနှင့်အတူ စံပါယ်နှံ့သာ၊ လွှဲဆိပ် ရွာများ၏ အညာအကြေ ပုံရိပ်များကို မှုန်ရေးရေး မြင်လိုက်ရသည်။ ရသေ့ကြီးဂူနှင့် နီးလာခဲ့ပြီဖြစ်၍ စိတ်ဓာတ်ခွန်အားများ တက်ကြွပြည့်ဝလာခဲ့သည်။

## ရသေ့ကြီးနှင့် နဖူးတွေ့ဒူးတွေ့

တောင်တော်ဝင်လမ်း သုံးမိုင်သန်သန်ကို "ဒီတီ"ဆိုင်ကယ်နှင့် ဖြည်းဖြည်းမှန်မှန် ခရီးနှင်လာခဲ့ပြီး ရသေ့ကြီး သီတင်းသုံးရာ နှစ်ထပ်ကျောင်း ဂူခြေရင်းသို့ ရောက်လာခဲ့သည်။

ဂူခြေရင်းတွင် ဆွမ်းစားဆောင်၊ ဓမ္မာရုံ၊ ညအိပ်ညနေ ဝင်လာသော ဘုရားဖူးများအတွက် ကျား,မ နားနေဆောင်၊ တည်းခိုဆောင်များ၊ မီးစက်၊ ရေစုပ်စက်ထားရာ အဆောင်နှင့် အုတ်ဂရက်န်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။



ရသေ့ကြီး၏ သဘာဝ ကျောက်ပလ္လင်နှင့် ကျောက်ဂူ

ရသေ့ကြီးဂူနှင့် စေတီပုထိုးများဘက် သွယ်တန်းထားသော မီးကြိုး, မီးသီးနှင့်မီးပြောင်းများ၊ ကမ်းသီတာချောင်း,ရေထွက်စမ်းမြောင်မှ တောင်ပေါ်သို့ ရေစုပ်တင်ရန် စီမံပြုလုပ်ထားသော ရေပိုက်လိုင်းများကိုလည်း ထပ်မံမြင်တွေ့လိုက်သည်။ အဝင်လမ်းတွင်လည်း ဆိုင်းဘုတ်, ဇရပ်, စားသောက်ဆိုင်များနှင့်...

ယခင်အခေါက် ရသ့ကြီးထံ လာစဉ်က ကညင်ဆီနှင့်ရှားသားမီးအား ဂူထဲတွင် ထွန်းညှိထားသည်ကို တွေ့ခဲ့ရသည်။ ရေကိုလည်း ဦးဘချုပ်၊ ဦးဝင်းမောင်တို့ တည်ဆောက် လှူဒါန်းထားသော အုတ်ရေကန်၌ သဘာဝ မိုးရေကို မိုးတွင်းကာလတွင် သိုလှောင်စုဆောင်းထားပြီး နွေပိုင်းတွင် မလောက်မင ချို့ချို့ငဲ့ငဲ့ သုံးစွဲနေထိုင်ခဲ့ရသည်။

ယခု ရေနှင့်မီးကို ရသေ့ကြီး စိတ်လက်ချမ်းသာစွာ သုံးစွဲပြီး တရားဓမ္မများကို နောက်ဆံမတင်းဘဲ ဖြောင့်ဖြောင့်မတ်မတ် လုပ်ကိုင်နိုင်ခဲ့ပြီဟု ထင်မှတ်လိုက်ပါသည်။ ကပ္ပိယ

www.burmeseclassic.com





▲ အောင်တော်မူဘုရားဘက်သွားရာ လွမ်းမောဖွယ် သဘာဝကျောက်လမ်းနှင့် ဝန်းကျင်ရှုခင်း

◀ တောင်ခြေမှ ရသေ့ကြီးဂူဘက် ပန်းချီဆန်သော သဘာဝ ကျောက်လှေကားထစ်လမ်း

နှစ်ယောက်ကိုလည်း ဆွမ်းစားဆောင် မီးတင်းကုပ်တွင် တွေ့ခဲ့ရသည်။

ဘူမိနက်သန်ကျသော သာသနာပြု အေးချမ်းနယ်မြေများတွင် ရှိသင့် ရှိထိုက်သည့် လမ်း,ဘုရား,စေတီ,မီး,ရေ သာသနိက အဆောက်အအုံများနှင့် အခြား ရုပ်ဝတ္ထုပစ္စည်းများကို ဥမင်တောင်ပေါ်တွင် အထိုက်အလျောက် တွေ့ခဲ့ရသည်။

ရသေ့ကြီးဘာဝနှင့်အတူ ဥမင်တောင်၏ အနေအထားများမှာ ယခင်နှင့်မတူတော့ဘဲ မယုံကြည်နိုင်စရာ အရွေ့အပြောင်းကြီးတစ်ခု ဖြစ်လာခဲ့ပါသည်။

သဘာဝ ကျောက်ဆစ်ဗိသုကာ ဆရာကြီးမှ ရသေ့ကြီး"ဦးသီဟရာဇ" အား လက်ဆောင်အဖြစ် ပေးထားခဲ့သော သဘာဝကျောက်ဂူသို့ သွားရာ ကျောက်သားအစစ် လှေကားထစ်များပေါ် နင်းလျှောက်ရင်း ရသေ့ကြီး သီတင်းသုံးရာ နှစ်ထပ်ကျောက်ဂူပေါ်သို့ နှစ်ယောက်သား တက်လှမ်းလာခဲ့ကြသည်။

မောင်မျိုးနှင့် ကျွန်တော် ဂူထဲဝင်ခဲ့ကြသည်။ အဖော်ဆိုင်းက ရွှေဘိုမှ ဘုရားဖူးတစ်သိုက် ရသေ့ကြီးနှင့် တွေ့ဆုံပြီး ဂူအောက် ဆင်းသွားသဖြင့် ဂူထဲတွင် လူရှင်းနေသည်။

ဂူခေါင်မိုး မွန်းတိမ်းပေါက်မှ ဖြာဆင်းလာသော နေခြည်နုက ရသေ့ကြီး ရုပ်သွင်ကို မီးမောင်းထိုးပေးထားသလို ဖြစ်နေသည်။

ဝင်းဝါစိုပြည်နေသော အသားအရောင်က ရသေ့ကြီး၏ ကောင်းမွန်သော ကျန်းမာရေးကို ဖော်ပြနေသည်။ ရှင်ကြည်သော မျက်နှာနှင့် မျက်လွှာချ၍ ရွှေမှင်,ငွေမှင်များဖြင့် ခြယ်သထားသော ပကတိ ကျောက်သား စစ်စစ် ပလ္လင်ထက်ဝယ် ဖွဲ့ခွေထိုင်နေသည်။

သက်တော် ခုနစ်ဆယ့်နှစ်နှစ် ရှိပြီဆိုငြား အရွယ်တင်ပြီး တရားရှင်ပီပီ လတ်ဆတ်ရွှင်ပျနေသော မသိသူအဖို့ သက်တော် ခြောက်ဆယ်ကျော်ဟုသာ ခန့်တွက်မိပေမည်။

ဆူးခနဲ သံလိုက်ဓာတ်ပါသော မျက်ဝန်းအစုံဖြင့် ကျွန်တော်တို့ဘက် လှမ်းကြည့်လိုက်သည်။ လက်ဖြင့် ညွှန်ပြီး နေရာထိုင်ခင်း ပေးနေ၍ သင့်တော်သောအရပ်တွင် နေရာဝင်ယူလိုက်ကြသည်။ ကန့်ဘလူမှ ပါလာသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်ပူဇော်ပြီး ထိခြင်းငါးပါးနှင့်အညီ ဦးချကန်တော့လိုက်ကြ၏။

တွေ့စဉ်တွေ့ခိုက် ထွေရာလေးပါး စကားများကို ပဏာမ ပြောဆိုကြပြီး လာရင်းကိစ္စ လျှောက်တင်လိုက်ကာ ရသေ့ကြီးနှင့် စာရေးသူတို့၏ အမေးအဖြေ စကားဝိုင်းကို ဂူထဲ လူရှင်းနေစဉ်ခိုက် အချိန်လု၍ စတင်လိုက်ပါသည်။

**စာရေးသူ ။ ။** 'နက္ခတ္တ ရောင်ခြည် မဂ္ဂဇင်းပို့မယ့် ဒုတိယ စာမူအတွက် သိလိုတာလေးတွေ မေးခွင့်ပြုပါဘုရား'

ရှေ့လဆက်ဖတ်ပါရန်

**ဗိုလ်သန်း(ကန့်ဘလူ)**

www.burmeseclassic.com

# ဂမ္ဘီရထူး မန္တန်တစ်ပုဒ်



ကျွန်ုပ်အနေနှင့်ကား နကွတ္တရောင်ခြည်မဂ္ဂဇင်း၏ ရောင်ခြည်တစ်နေရာ ရှုထောင့်မှနေ၍ မန္တန်ထူးမြတ်ကြီးများ အကြောင်းကို ပူရိသတ်လက်ဝယ် အရောက် ပေးဆက်လိုပါ၏။

သမထယာနိက ဝိပဿနာအကျင့် လမ်းစဉ်များ လိုက်စားနေသူများ၊ ဂမ္ဘီရ ပညာရပ်များ လိုက်စားနေသူများ၊ တောတောင်စေတီတော် ပုထိုးတော်များတွင် မိမိတို့၏ ပါရမီကျင့်စဉ်လမ်းများ ဖြည့်ဆည်းကျင့်ကြံနေသူများ ကပ်ကြီး(၃)ပါးကျော် နိုင်နင်းနိုင်ရေး အတွက်လည်းကောင်း စသည့် ကလျာဏနွယ်ဝယ် ဗုဒ္ဓဘာသာ သူတော်စင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ အတွက်လည်း ရည်ရွယ်ပါ၏။

ပင်လယ်ရပ်ခြား တိုင်းတစ်ပါး ခရီး ဝေးသွားမည့်သူများ၊ အကျင့်စရဏ သီလ အားထုတ်သူများအတွက်လည်း အကာအကွယ်ကောင်း ကိုယ်လုံ မန္တန်တော် ဖြစ်ပါ၏။

တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ထိုးသတ် လက်ဝှေ့ရေးပြ၊ ပြိုင်ဘက်မရှိ အနိုင် ရရှိစေသော မန္တန်ထူးတစ်ပုဒ်ပါပင်။ ပါဠိသက်သက်ကို ကျက်မှတ်ရွတ်ဆိုရန် ဝန်လေးနေသူများအတွက် စကားပြေ သက်သက်ဖြင့် သိရှိနားလည်စွမ်းသော မန္တန်မြတ်အား နကွတ္တရောင်ခြည် မဂ္ဂဇင်း ဓမ္မမိတ်ဆွေ ချစ်ပရိသတ် အပေါင်းတို့အတွက် မိမိတို့နှင့် တိုက်ဆိုင်သည့် ရှုထောင့်မှနေ၍ လိုအပ်ချက်ကို ရယူဖြည့်စွမ်းနိုင်ရန် တင်ဆက် လိုက်ရပါတော့သည်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ *[၃-ကြိမ်]*

**အရဟတော** - ပူဇော်အထူးကို ခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ** - သိစရာမှန်သမျှ တစ်စမကျန် သယမ္ဘူဉာဏ်ဖြင့် မခြွင်းမချန် မဖောက်မပြန် အမှန်အတိုင်း သိမြင်တော်မူသော၊ **တဿဘဂဝတော** - ထို သုံးလောက ထွတ်ထား ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးအား၊ **နမော** - ကာယဝစီ မနောချီ၍ သုံးဖြာဒွါရ ဤကာယဖြင့် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ မာန်လျှော့လိုက်ပါ၏ အရှင်မြတ်ကြီးဘုရား။

---

## သိဒ္ဓိပေါက်အကာအကွယ်

## ကိုယ်လုံမန္တန်ကြီး

---

ဪ တဏှာကံအစ ဝေါဟာမအဆုံး ပတ်ကုံးကြေငြာ စိန္တေယျာတွင် ငါလျှင်ရှိခိုး ကိုးကွယ်ရာလျှင်ကတည်း။

ဪ မဟာသမုဒ္ဒရာတစ်သီး မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ သီတာခုနစ်တန် ငါ့ကိုရံလော့၊ တောင်စဉ်ခုနစ်ထပ် ငါ့ကိုပတ်လော့၊ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီ ဤမြေကြီးသည်, ဖျာလိုလိပ်ကာ ဖုံးဝိတ်ကာလော့၊ တာရာရှစ်လုံး ကြိုးဟ်ကြီးဖုံးလော့၊ ရှေးသော့ရှစ်သောင်း ကာတုံ့ရှောင်းလော့။

ဪ ငါ၏ ဆရာသည်ကား သဗ္ဗညုတမြတ်စွာ ဘုရားရှင်တည်း၊ လက်ယာဘက်က ရှင်သာရိပုတ္တရာကို ကိုးကွယ်ပါ၏၊ လက်ဝဲဘက်က ရှင်မဟာမောဂ္ဂလာန်ကို ကိုးကွယ်ပါ၏။

ရှေ့က ပိဋကတ်သုံးပုံကို ကိုးကွယ်ပါ၏၊ နောက်က ညီတော်အာနန္ဒာကို ကိုးကွယ်ပါ၏၊ ပတ်လည် ရဟန္တာကို ကိုးကွယ်ပါ၏။

ကြမ္မာမကောင်း ပယ်တုံ့ရှောင်းလော့၊ ဒသာ မကောင်း ဝေးတုံ့ရှောင်းလော့၊ အိပ်မက် မကောင်း နှင်းတုံ့ရှောင်းလော့။

ဪ ဗုဒ္ဓစကြာဝဠာဟုရုံ၏၊

ဪ ဓမ္မစကြာဝဠာဟုရုံ၏၊

ဪ သံဃစကြာဝဠာဟုရုံ၏၊

ဪ ဘုရားဟူက မောဂ္ဂလိ(၂၄)၊

ဪ တရားဟူက ဘာလီကွေး(၄၅)၊

ဪ သံဃာဟူက သံချုပ်ဝတ်(၆၇)။

ဓုတင်ထေရဿ ရှင်မဟာကဿပ ကျိန်းဝပ်တော်မူသည် ပယ်လေ, ရှားလေ, ဆုတ်လေ, ခွာလေ။ ။

ဖော်ပြပါ အပဟိန်းမန္တန်တော်ကြီးအား နေ့စဉ် မိမိ စွမ်းနိုင်သလောက် (၂၇)ခေါက်(သက်စေ့) (၁၀၈)ခေါက် စသည်ဖြင့် ရွတ်ပွားပူဇော်နိုင်ပါသည်။

ဤမန္တန်ကဲ့သို့ မူကွဲမန္တန်များလည်း မြင်တွေ့ဖူးပါသည်။ သို့သော် ကျွန်ုပ်၏ ပဋ္ဌာန်းဆက်အရ ဤမန္တန်တော်ထူးမြတ်ကြီးနှင့်ပင် ကောင်းကျိုး အထွေထွေ ရရှိခံစားခဲ့ရသော သာဓကများစွာ ရှိပါသည်။ နှစ်သက်ရာကိုသာ ရွတ်ပွားပူဇော်နိုင်ပါသည်။

**သီလ အထူးမြဲမှသာ အစွမ်းထက်ကြောင်း သတိချပ်ပါလေ။**

**စကြာအောင်မြင်စိုး**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဓရ**

www.burmeseclassic.com

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုသောင်

မှတ်ပုံတင် - ၀၁၁၄y၀၁၈၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလ၊တိုး (၁၃၁၂)




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၈၂/၃၅၆)မောဘီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၈၆၃၂

**ဖြောင်းဖြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

# ပုဂံမှ ပြဿဒါးဘုရား

## နှင့် မှတ်သားစရာများ (၂)

ခရီးသည် သုတေသီ


ယခင်လမှအဆက်

### အတုယူဖွယ် ဗိသုကာပညာနှင့် ပြဿဒါး၏ လျှို့ဝှက်ချက်

ပြဿဒါးစေတီ၏ မျက်နှာစာမှနေ၍ စေတီတည်ဆောက်ပုံကို လေ့လာကြည့်လျှင် ပုဂံခေတ် ဗိသုကာလက်ရာ အဆင့်အတန်းကို ခန့်မှန်းနိုင်ပေသည်။ တစ်ဝက်တစ်ပျက် ကျန်ရှိနေသော အုတ်စီအုတ်ထပ် လက်ရာများအရ အဝင်ဝ ပေါင်းကူးခုံးအထက် အလေးချိန်လျှော့ပါးစေရန်အတွက် အုတ်ခိုကာ လေဟာနယ်ပြုလုပ်ထားသည်ကို ထင်ရှားစွာ တွေ့ရသည်။

သံကူသံတန်း အမာခံမရှိ သပ်အုတ်များကိုသာ အသုံးပြုထားသော ပေါင်းကူးခုံးကို ကြာရှည်ခံနိုင်စေရန် အလေးချိန်လျှော့ထားသည်။ ထိုလျှော့ထားသော လေဟာနယ်သည် အထက်ထပ်၏ ဝန်ကို ထမ်းရာ၌ အားမပျော့စေရန် ကမ္ဘာမြေဆွဲငင်အားကို တွက်ဆရသည့် စက်ဝိုင်းစက်ဝန်းပုံစံ အသုံးပြုထားသည်။

* * *



ဟန်ချက်ထိန်းပမာဏ

**ဥပမာ** ဆင်စွယ်ယှက်ဝန်းသဏ္ဍာန် မုခ်ဦးတစ်ခုကို အထက်တွင် ဆက်စပ်မှုမရှိဘဲ တည်ဆောက်လိုပါက အလေးချိန်ထိန်းညှိရန် မြေအောက်တွင် မြေပေါ်ပမာဏအတိုင်း မြှုပ်နှံပေးရသည်။

သို့မှသာ ဟန်ချက် ထိန်းညှိကာ ကြာရှည်တည်တံ့ပါမည်။ ဤသဘောတရားကို ပြဿဒါးစေတီ၌ ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ဤသို့ တွေ့မြင်နည်းယူနိုင်စေရန် စေတီကို အပြီးမသတ်ခဲ့လေသလောဟု တွေးမိသည်။


◄ မြစ်တစ်ဖက်ကမ်းမှ တမြင်ကြည့်သော ရှုခင်း

▼ နံမြင့်ရှုခင်း



စေတီတည်ဆောက်ပုံကို ထင်ရှားစွာ လေ့လာနိုင်ရန် ဓာတ်ပုံမှတ်တမ်း ဂရုစိုက်ရိုက်ကူးနေစဉ်…

'ဟော ဦးကောဝိဒပါလား။ မတွေ့ရတာ ကြာပြီကော'

'ဦးဉာဏ လောတစ်ပါးတည်း ဘုရားဖူးကြွသလား'

'ဒါ ကျူပ်ဇာတိပဲလေ။ အခု ဖွားစောရွာနားမှာ ကျောင်းထိုင်နေပေါ့'

အကျွပါလာသော တူတော်မောင် ကျော်ရှိန်နှင့် သက်တော်(၃၀)ကျော်ခန့်ရှိမည့် ရဟန်းတစ်ပါးတို့ အချီအချ ပြောဆိုနေကြခြင်းပင် ဖြစ်သည်။

စိတ္တပါလဂူကျောင်းတွင် အတူ သီတင်းသုံးဖော် စာသင်ဖက်များ ဖြစ်ခဲ့ကာ မြောစရိယ စာချတန်းအရောက်တွင် ကျော်ရှိန်က လူထွက်၍ လောကီနယ်တွင် ဒုက္ခရှာဖွေ၏။ ဦးဉာဏလောဘာသမှာ စာချတန်း အောင်မြင်၍ ဇာတိရွာအနီးတွင် ကျောင်းထိုင်ဆရာတော်ပင် ဖြစ်နေလေပြီ။

www.burmeseclassic.com

ကျော်ရှိန်မှာ လူပင်ထွက်လာသော်လည်း ထမင်းစားနေစဉ် ဟင်းခွက်လာနိုက်ပါက (အကပ်ပျက်မည်စိုးသဖြင့်) စားပွဲကို ဖမ်းဆုပ်ထားသော အလေ့အကျင့် မပျောက်သူ ဖြစ်လေသည်။

ကျော်ရှိန် မိတ်ဆက်ပေးသဖြင့် ဆရာတော် ဦးဉာဏောဘာသနှင့် ပြဿဒါးစေတီအကြောင်း ပြောဆိုဆွေးနွေးဖြစ်ခဲ့သည်။

'ပြဿဒါးနေ့ကို အကြောင်းပြုပြီး စေတီတည်တဲ့အကြောင်းရင်းက ကောင်းမှုပြုတဲ့အခါ ရက်ကောင်းအခါကောင်း ရွေးစရာမလိုတူး။ ဘုရားရှင်ရဲ့ ဘုန်းတန်ခိုးကြောင့် အဆိုးတွေ မရှိနိုင်ဘူးဆိုတဲ့ အသိကိုပေးချင်တာများလား အရှင်ဘုရား'


'အဲဒါလဲ မှန်ပါတယ်။ နောက်တစ်ချက်က ဦးပဥ္စင်းရဲ့ငယ်ဆရာ ဦးဝိလာသအခုတော့ ပျံတော်မူသွားပါပြီ။ သူ့အယူအဆကလေးကလဲ စိတ်ဝင်စားဖို့ကောင်းတယ်။ ကျောက်စာ၊ ကျမ်းဂန်အထောက်အထားပြစရာ မတွေ့သေးတာမို့ ပြောရခက်ပါတယ်'

'မှန်ပါ။ မှတ်သားပါရစေ မိန့်တော်မူပါဘုရား'

'ဒီလိုဗျာ ကျစွာမင်းကြီးက ပိဋကတ်စာပေကျမ်းဂန်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေမှာ အနက်အဓိပ္ပာယ် သဘောသကန် ထိမိကျနစွာ ပြိုင်ဘက်ကင်းတာမို့ ကျစွာမင်းကြီးလို့ ခေါ်ကြတာပါ။ သူ့အမည်ရင်းက ဓမ္မရာဇာမင်းကြီးတဲ့။

တိုင်းရေးပြည်ရာ တရားစီရင် ကွပ်ညှပ်စီမံရေးတွေအားလုံး သားတော်ဥဇနာကို လွှဲအပ်ပြီး ပရိယတ္တိ အရသာကိုသာ ခံစားပျော်မွေ့နေတဲ့သူပါ။

သက်တော် (၅၆)နှစ်အရွယ် ၆၁၀ ပြည့်နှစ် ကာလလောက်မှာ ပြက္ခဒိန်တောင်ခြေက ပေပင်ပေါက်လာတာတွေ့တယ်။ ဘေးတော် သာသနာ့ဒါယကာ အနော်ရထာမင်းလက်ထက်



◆ အာနန္ဒာအဝေးရှုခင်း

တုန်းက စွယ်တော်ပွားတစ်ဆူ ကိန်းဝပ်တဲ့ ပြက္ခဒိန်တောင်ခြေမှာ **"ငါသည့်ဤတိုင်းပြည်တွင် နောက်တစ်ကြိမ်မင်းဖြစ်မှ ပေါက်ပါစေသော်"**လို့ အနော်ရထာမင်းကိုယ်တိုင် အဓိဋ္ဌာန်ပြု စိုက်ပျိုးခဲ့တဲ့ ပေစေ့က အခု သူ့လက်ထက်မှာ ပေါက်လာတာ တွေ့ရတော့ အင်မတန် ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်။

ကျစွာမင်းဟာ သာသနာ့ဒါယကာ အနော်ရထာမင်း ဝင်စားသူလို့ သိရတော့ စာပေအထောက်အထားတွေ ရှာကြည့်တယ်။ ဟိုးရှေးကာလ ပုဂံရာမကို စတင်တည်ထောင်ခဲ့တဲ့ သမုဒ္ဒရာဇ်မင်းဟာ အနော်ရထာမင်းအဖြစ် ဝင်စားတယ်လို့ သိလာရတယ်။ ဒါတွေက ပုဂံရာဇဝင်မှာ ဖော်ပြတာတွေနော်။ ဆရာတော်ရဲ့ အယူအဆ မပါသေးဘူး။


ဒီတော့ ဘေးတော် အနော်ရထာမင်းလိုပဲ ဘုရားစေတီတည်ကောင်းမှုရှင် သာသနာ့ဒါယကာဖြစ်ဖို့ရာ **"စာသင်ဂူ"** စေတီတစ်ဆူတော့ တည်ခဲ့တယ်။ ကောင်းမှုဆက်ဖို့ စေတီတစ်ဆူတည်ဖို့ ဆုံးဖြတ်ရာမှာ အုတ်ဖုတ်၊ ပန္နက်တင်တာကအစ ပြဿဒါးနေ့တွေမှာပဲ စ,လုပ်တာမို့ ပြဿဒါးစေတီလို့ တွင်တယ်။ ဒါကို ပြဿဒါးစေတီ ဘွဲ့မည် ဘာကြောင့်ပေးရသလဲဆိုတာ ဦးပဥ္စင်းရဲ့ဆရာက ဒီလို မိန့်ကြားတယ်။

ကျစွာမင်းကြီး အသက်(၅၆)အရွယ် ဘေးလောင်းတော် အနော်ရထာမင်း ဝင်စားတာ သိရတယ်။ အနော်ရထာမင်းက (ဒီနေရာမှာ ရှင်းရအောင် ခရစ်နှစ်နဲ့ ပြောမယ်နော်၊ မြန်မာနှစ်က သက္ကရာဇ်ဖြိုကိန်းတွေနဲ့ နားရှုပ်မှာစိုးလို့ပါ။) ၁၀၀၂ အေဒီမှာ မွေးတယ်။ ၆၁၀ ပြည့်နှစ် (ခရစ် ၁၂၄၉ ခုနှစ်)မှာ ရှိမယ်ဆိုရင် အသက် (၂၄၇)နှစ် ရှိပြီပေါ့။ ယခုဘဝ (ကျစွာမင်း) အသက် (၅၆)နှစ် ပေါင်းရင် စုစုပေါင်း(၂၄၇ + ၅၆) = ၃၀၃နှစ်ပေါ့။

အဲဒီမှာ ပြဿဒါးစေတီ တည်တယ်။ ပိဋကတ်သင်္ချာနည်းအရ ပြဿဒါးဆိုတာ ပြ = ပ = ၁၊ သ = ၇၊ ဒါး =ဒ = ၈။ ၈၇၁ လို့ ရပါတယ်။ ဒါကို ၃၀၃နဲ့ ပေါင်းရင် ၁၁၇၄ ဖြစ်ပါမယ်။ ကဲ ဒါတွေ မှတ်ထားဦး။

မသိလိုက်တဲ့၊ စာပေရာဇဝင်မှာပါတဲ့ အရင်ရှေးဘဝ ပုဂံအစတည် သမုဒ္ဒရာဇ်မင်းအသက်ကို ကြည့်ရအောင်။ သမုဒ္ဒရာဇ်မင်းက အေဒီ ၇၈ ခုနှစ်မှာ မွေးတယ်။ ၆၁၀ ပြည့်နှစ် (အေဒီ

www.burmeseclassic.com



အထက်လိုက်မ (ကွန်ပတ်တင်ထားရာ)နှင့် အောက်မှ ရှုမြင်လာရာ ကွဲပုံ

၁၂၄၉)မှာ ၁၁၇၄နှစ် ကြာပြီ။ သက်တမ်းရှိပြီပေါ့။

ကိုင်း အရှေ့က မှတ်ထားတဲ့ ကိန်းဂဏန်းနဲ့ အတူတူပဲ မဟုတ်လား။ ဒါကြောင့် ပြသဒါးဘုရားလို့ ဘွဲ့မည်ကပ်လှူတယ်လို့ ဦးပဥ္စင်းရဲ့ ဆရာက မိန့်ကြားပါတယ်'

'ပြသဒါးက ၈၇၁ ကိန်းဂဏန်းဖြစ်ရတဲ့ ပိဋကတ်သင်္ချာကို ရှင်းပြပါဦး ဘုရား'

'ပိဋကတ်သင်္ချာက ဇယားစောက်နဲ့ ရှင်းပြရင် လွယ်ပါတယ်။

* * *

ရောက်ဆဲသက္ကရာဇ် ရှစ်ထောင်ခြောက်ရာလေးဆယ့်ခုနစ်ခု(၈၆၄၇)တွင် ရှစ်ထောင်ခြောက်ရာလေးဆယ့်ငါးခု(၈၆၄၅)ကို ဖြုံပြီး နှစ်ခုအကြွင်း ထားတော်မူပါတယ်။ ဘိုးတော် အဥ္စနမင်း ဖြိုလိုက်တဲ့ကိန်းကို ဏဝစန္ဒကိန်းလို့ ခေါ်ပါတယ်တဲ့။

ဏ ဝ စန် ဒ
၅ ၄ ၆ ၈

လို့ ဇယားမှာ တွေ့မယ်။ ဒါကို အနောက်က ပြန်ယူရတယ်။ **၈၆၄၅ သင်္ချာကိန်း** ဖြစ်ပါတယ်။ ဒါကြောင့်...

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ | | | | | |
| ယ | ရ | လ | ဝ | ယှ | ယှရ် | သ | ဟ | ဠ | အ |

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀

**ဥပမာ ကြည့်ရအောင်။** မြတ်စွာဘုရားရဲ့ဘိုးတော် အဥ္စနမင်းကြီးဟာ

ပြ သ ဒါး
၁ ၇ ၈ = ၈၇၁

ဆိုတာ ရပါလိမ့်မယ်။ ဒကာကြီး အလေ့အကျင့်များရင် ရသွားမှာပါ။

မှတ်ဖို့က **ည၊ န၊** အနဲ့ **ဓ ဤ ဥ ဩ ဣ ဏ်** စတာတွေ အားလုံး (၀)သုညလို့ ပိဋကတ်သင်္ချာက ဆိုပါတယ်။ ယှရ် ဆိုတာက ယပင့်,ယရစ်ပါတဲ့ 'ဿ' လို စာလုံးမျိုးကို သုံးပါတယ်'

ဤသည်တို့မှာ ဆရာအရှင်၏ အယူအဆများသာဖြစ်၍ မိမိတို့ကိုယ်ပိုင် ပညာအသိ၊ အတွေးဖြင့် ဖလှယ်ယူကြပါရန် ဆရာတော် ဦးဉာဏောဘာသကမိန့်ကြား၍ နှုတ်ဆက်ထွက်ခွာတော်မူသည်။ **(ဦးဉာဏော၏ အာသီသအရ သူ၏ရုပ်ပုံလွှာနှင့် ကျောင်းတည်ရာတို့ကို ချန်လှပ်ပါသည်။)**

သမိုင်းဝင် ပုဂံစေတီပုထိုးများ ညွှန်းဆိုရေးသားရာတွင် ဤပြသဒါးစေတီမှာ ပါဝင်နေရာပေးခြင်း မခံရသော်လည်း ဖူးမြော်ကြည်ညိုသူ မပြတ်ရှိသည်ကို တွေ့ရသည်။

သာသနာတော် အလွန်စည်ကား၍ ပိဋကတ်တတ် ပညာရှင်ပေါ်များလှသော ကျစွာမင်းကြီး နန်းစံကာလ ပုဂံသားများ သဒ္ဒါတတ်လှသည်ဟု သီဟိုဠ်(သီရိလင်္ကာ)တိုင်အောင် ကျော်စောသဖြင့် သီဟိုဠ်(သီရိလင်္ကာ)သား သဒ္ဒါတတ်ရဟန်းများ ပြိုင်ဆိုင်မည်ဟု ပုဂံသို့ ရောက်လာကြရာ သဒ္ဒနီတိကျမ်းကိုဖတ်ရှုရုံမျှဖြင့် လက်လျှော့ပြန်သွားကြသည် ဆိုလေသည်။

ထို့ကြောင့် ပုဂံဘုရားဖူးရောက်ခဲ့လျှင် ကျစွာမင်းလက်ထက် ပြယုဂ်၊ ကောင်းမှုစေတီသို့ လာရောက်လေ့လာကြည်ညိုသင့်ကြောင်း တိုက်တွန်းရပေသည်။

**ခရီးသည် သုတေသီ**

www.burmeseclassic.com

# မဟာဒေနက္ကကိန်းအရ



## ယတြာချေနည်း

မဟာဒေနက္ကကိန်း တွက်နည်းကို အားလုံးသိကြပြီး ဖြစ်ပါသည်။ ယတြာချေနည်းကား မည်သည့် မဂ္ဂဇင်း, စာစောင်,စာအုပ်မှ မပါရှိသေးပါ။

ဤနည်းကို စာရေးသူ၏ ကျေးဇူးတော်ရှင် **နားနောင်ဆရာတော် ဦးကလျာဏထံမှ** ရရှိခဲ့ပါသည်။

**တွက်နည်းမှာ မူလ ဇွန်းကို တည် အကွက်၌ထည့်ပြီး တစ်ကွက်စီတွင် (၂) ကောက်ပေါင်းပြီး တွက်သည့်နည်းဖြစ်ပါသည်။**

**ဥပမာ**

**တနင်္ဂနွေသားကို မဟာဒေနက္ကကိန်းအရ ဦးစွာ** တွက်မည် ဆိုပါစို့။ အောက်ဖော်ပြပါအတိုင်း အသက်အပိုင်းအခြားအရ ခွင်ချပြီး တွေ့ရမှာ ဖြစ်ပါသည်။

တနင်္ဂနွေသားများ၏ မူလ မဟာဒေနက္ကကိန်းအရ ၃,၁၇,၃၁,၄၅,၅၉,၇၃ နှစ်များသည် ရွက်လွှင့်သည့်ကာလ၊ လွှင့်မျောနေသည့်ကာလ၊ တည်ငြိမ်မှု ကင်းသည့်ကာလ၊ ခရီးယာယီများသည့်ကာလ ဖြစ်ပါသည်။

လူငယ်များဆိုလျှင် စိတ်လှုပ်ရှားလွန့်လူးနေသည့်ကာလ ဖြစ်မည်။ သက်ကြီးရွယ်အိုများ၌ စရဏတည် ဆောက်ရာတွင် ဥဒ္ဒစ္စများမည့်ကာလ

* * *

| တည် | လွှင့် | ပျက် | ဆည် | ကျောက် | နန်း | စံ |
|---|---|---|---|---|---|---|
| ၁ | ၃ | ၅ | ၇ | ၉ | ၁၁ | ၁၃ |
| ၁၅ | ၁၇ | ၁၉ | ၂၁ | ၂၃ | ၂၅ | ၂၇ |
| ၂၉ | ၃၁ | ၃၃ | ၃၅ | ၃၇ | ၃၉ | ၄၁ |
| ၄၃ | ၄၅ | ၄၇ | ၄၉ | ၅၁ | ၅၃ | ၅၅ |
| ၅၇ | ၅၉ | ၆၁ | ၆၃ | ၆၅ | ၆၇ | ၆၉ |
| ၇၁ | ၇၃ | ၇၅ | ၇၇ | ၇၉ | ၈၁ | ၈၃ |

မဟာဒေနက္ကကိန်းအရ "**လွှင့်,ပျက်**" သည် မကောင်းပါ။ "**တည်,ဆည်, ကျောက်,နန်း,စံ**"သည် ကောင်းပါသည်။ "**တည်**"သည် ဘဝကို တစ်မှ ပြန်စရသည်ဖြစ်၍ အကောင်းကြီး မဟုတ်သေးပါ။

"**ဆည်**"သည် ဆင်းရဲကျပ်တည်းမှုဘေးမှ ကယ်တင်ရှင်တွေ့သော ကာလ ဖြစ်ပါသည်။

"**ကျောက်**"သည် ခေတ္တ ခိုနားရာ ဖြစ်သည်။

"**နန်း**"သည် ဘဝ၏ လောကား ထစ် အမြင့်ဆုံးနေရာဖြစ်ပြီး၊ "**စံ**"မှာ လောကီစည်းစိမ်ဖြင့် အပြည့်စုံဆုံး နေရာ ဖြစ်ပေသည်။

ဖြစ်သည်။

အဆိုပါ အသက်အပိုင်းအခြားတွင် အညံ့ ပြေပျောက်နိုင်ရန်အတွက် **ရွက်လှပန်း**ကို သက်စေ့အတိုင်း **ကောဏာဂုံ မြတ်စွာဘုရားအား** လှူဒါန်းရမည် ဖြစ်ပါသည်။ သို့မဟုတ် ဂြိုဟ်ရှစ်ခွင်ဘုရား ရာဟုထောင့်၌ ရာဟုနံဘုရားကို လှူဒါန်းရမည် ဖြစ်ပါသည်။

**မဟာဒေနက္ကကိန်းအရ "ပျက်" တွင်ရှိသော** တနင်္ဂနွေသား၏ အသက် အစဉ်အတိုင်း **၅,၁၉,၃၃,၄၇,၆၁,၇၅** နှစ်တို့တွင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးများ ပျက်စီးဆုံးရှုံးစေတတ်၍ အဆိုပါ အသက်အပိုင်းအခြားတွင် သပြေပန်း သက်စေ့ဖြင့် **ဂေါတမ မြတ်စွာဘုရားအား** လှူဒါန်းရပါမည်။

သို့မဟုတ် ဂြိုဟ်ရှစ်ခွင်ရှိ ကြာသပတေးအရပ်၌ ကြာသပတေးနံဘုရားတွင် လှူဒါန်းပါ။ "**တည်**" အကွက်၌ရှိ အသက်အပိုင်းအခြားတွင် လှူဒါန်းရန် ပန်းမှာ ဒန်းပန်းသက်စေ့ **တနင်္ဂနွေနံဘုရားကိုဖြစ်စေ၊ သိခီ မြတ်စွာဘုရားကို** လှူဒါန်းပါ။

"**ဆည်**"၌ရှိသော အသက်အပိုင်းအခြား၌ ဖွန်ပန်းကို အင်္ဂါနံဘုရားဖြစ်စေ၊ **ဒီပင်္ကရာမြတ်စွာဘုရားကို** လှူဒါန်းပါ။

"**ကျောက်**"အကွက်၌ ရှိသော အသက်အပိုင်းအခြားတွင် ကံ့ကော်ပန်းကို တနင်္လာနံဘုရားတွင်ဖြစ်စေ၊ **ဝေဿဘူမြတ်စွာဘုရားကို** သက်စေ့ လှူဒါန်းရပါမည်။

"**နန်း**"အကွက်တွင် ရှိသော အသက်အပိုင်းအခြားတွင် ဒေါနပန်း သက်စေ့ဖြင့် စနေနံဘုရားကိုဖြစ်စေ၊ **တဏှင်္ကရာမြတ်စွာဘုရားကို** လှူပါ။

"**စံ**"အကွက်၌ရှိသော အသက်အပိုင်းခြားတွင် စံပယ်ပန်း သက်စေ့ကို သောကြာနံဘုရား၌ဖြစ်စေ **ဂေါတမ မြတ်စွာဘုရားကို** ရည်စူးပြီး လှူပါ။ အညံ့များ ပြေပျောက်သွားပါမည်။ အချိုပေါ် သကာဆင့် ဖြစ်လာပါမည်။

ကျန်နေ့ သားသမီးများ တနင်္ဂနွေသား ဥပမာအတိုင်း ကြံဆကြပါကုန်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းတော်)**




www.burmeseclassic.com

www.burmeseclassic.com

# ဆီးကျောက်တည်ရောဂါ

ခရုဆန်ပြာချ သံပရာရည်နှင့် ရေသမ သောက်ပါ

ဗဂကာသ
(သာစည်)



ယောက်ျားကဆီး၊ မိန်းမမှာမီးတဲ့။ မိန်းမတွင် မီးယပ်ကို ဂရုတစိုက် ရှိရသလို ယောက်ျားများ ဆီးနှင့်ပတ်သက်လျှင်လည်း အဘယ်မျှ အရေးကြီးသည်ကို ဤစာပိုဒ်ကလေးက ဖော်ပြနေသည်။

ဆီးဝေဒနာကား အချိန်အခါမရွေး တစ်မုဟုတ်ချင်း ဖြစ်တတ်ပြီး အလွန်ခံရခက်၍ အသက်အန္တရာယ် နီးကပ်လှသည်။

ဆီးဝေဒနာဖြစ်လျှင် ကြောက်စရာကောင်းသလောက် ဆေးဝါးများကလည်း စုံလင်များပြားစွာ ရှိသည်။ အထူးသဖြင့် မြန်မာ့တိုင်းရင်းဆေးများက တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ရှိသလို သူ့နေရာသူ့ဒေသအလျောက် အစွမ်းထက်မြက်ကြသည်။

ကျွန်တော် နတ္တလင်းသို့ တာဝန်တစ်ခုဖြင့် ရောက်ရှိစဉ် နတ္တလင်းမှ ပြည်သို့ လိုင်းကားစီး၍ မကြာခဏ သွားရသည်။ တစ်နေ့ ကားခေါင်းခန်းတွင် အတူထိုင်သူ ဒေသခံတစ်ဦးနှင့် စကားလက်ဆုံကျရာက ဆီးချုပ် ဆီးအောင့်ဝေဒနာအကြောင်း ပြောဖြစ်သည်။

သူတို့ဒေသတွင် နေရာတကာ အလေ့ကျပေါက်သော **"ဒန္တသုခဆေးပင်"**ဟူ၍ ရှိပြီး နုတ်ယူနိုင်သော အပင်ငယ်မျိုးဖြစ်သည်။

**တစ်ပင်လုံးကို ရေနှင့် သုံးခွက်တစ်ခွက် တင်ကျိုပြီး လက်ဖက်ရည်တစ်ပန်းကန် တစ်နေ့သုံးကြိမ် သုံး,လေးရက်ခန့် သောက်သောအခါ ဆီးဝေဒနာ ပျောက်ကင်း သက်သာကြောင်း ပြောသည်။**

ခရီးသွား မိတ်ဆွေတစ်ယောက်က **မုရားကြီးအရွက် အစိတ်သားခန့်ကို ရေနှင့် သုံးခွက်တစ်ခွက်တင် ကျိုပြီး** သကြားအနည်းငယ် ထည့်မွှေ၍ ညအိပ်ရာဝင်လျှင် သောက်ရသည်။ သုံးညမြောက်ပါက ဆီးချုပ်, ဆီးကျန်, ဆီးပူ ဝေဒနာများ ပျောက်ကင်းဖွယ်ကြောင်းပြောသည်။

သာစည်မြို့နယ် ပြွန်ကန်ရွာတွင် နေသော မိတ်ဆွေကြီး ဦးသိန်းဟန်က မြင်းခွာရွက်သုပ် အလွန်ကြိုက်ပြီး ဆီးနှင့် ပတ်သက်၍လည်း အစွမ်းထက်မြက်ကြောင်း ပြောသည်။

မြင်းခွာတစ်ပင်လုံးကို ရေတွင် ပြောင်စင်အောင် ဆေးကြော၍ နေရောင်မထိသော နေရာ၌ ခြောက်အောင် လှန်းရသည်။

ပဥ္စငါးပါးလုံးကို မုန့်ညက်အောင် ထောင်းပြီး အမှုန့် လက်ဖက်စားတစ်ဇွန်းကို ပျားရည်နှင့် ရောသမကာ ညအိပ်ရာဝင်ချိန်တိုင်း သုံးဆောင်သည်။ ဆီးပူ, ဆီးကျဉ်, ဆီးအောင့်ဝေဒနာ ပျောက်ကင်းကြောင်း ပြောသည်။

သံမနိုင်ကျောက်မနိုင် ဆေးနှင့်မှ အဆင်ပြေသော ဦးအောင်စိန်ကလည်း သူသောက်သောဆေး ကောင်းကြောင်း ပြောသည်။ သံမနိုင်ကျောက်မနိုင်ပင်အခြောက် လက်တစ်ဆုပ်ခန့်ကို သကြားအနည်းငယ်ထည့်ကျိုပြီး သုံးခွက်တစ်ခွက်တင် အကျန်တွင် တစ်နေ့ သုံးကြိမ်သောက်သည်။ ကျောက်တည်၍ ခံစားရသော ဆီးဝေဒနာပင် ပျောက်ကင်းသက်သာသွားကြောင်း ပြောသည်။

တစ်နေ့... ရွာသို့ ကျွန်တော် ပြန်ရောက်ခိုက် သူငယ်ချင်းများနှင့် စကားလက်ဆုံပြောဖြစ်ကြသည်။ စကားစမြည်ပြောရင်း ကျန်းမာရေးကိစ္စသို့ ရောက်သွားရာ ကျွန်တော်က ဆီး



www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာ မကြာခဏ ဖြစ်တတ်ပုံကို ပြောပြသည်။ ထိုစဉ် ကိုတင်မောင်က သူ့ကိုယ်တွေ့ကို ပြောပြလေသည်။

ကျွန်တော်နှင့် ငယ်သူငယ်ချင်းဖြစ်သော ကိုတင်မောင်သည် ကွမ်းကို အလွန်ကြိုက်နှစ်သက်သူ ဖြစ်သည်။

ကွမ်းစားသည့်ကာလ ရှည်လာသော ကိုတင်မောင်သည် တဖြည်းဖြည်း ဆီးကျောက်တည်ရောဂါ စွဲကပ်လာသည်။ ကြိုက်ပါပေ့ဆိုသော ကွမ်းကိုပင် မကြည့်ချင်လောက်အောင် ဝေဒနာ ဖိစီးလာသည်။

ဆီးသွားချင်သော်လည်း ဆီးက ဟုတ်တိပတ်တိ မသွား၊ ဆီးတစ်ခါသွားတိုင်း ထွန့်ထွန့်လူး နာကျင်သဖြင့် အမယ်လေး ဘာလေး တ,ယူနေရသည်။

ဝေးလံသော ဆေးရုံဆေးခန်းသို့ သွားဖို့ကလည်း မြန်းစားကြီး လက်ချည်းသွားရေး ငွေကြေး ရှာဖွေပြီးမှ သွားရနိုင်သည် မဟုတ်လား။ ဤသို့ဖြင့် ခများမှာ တတ်သိသမျှ ဆေးမြီးတိုလေးနှင့် ကုသရင်း ကြိတ်မှိတ်အောင့်အည်း လိုမ့်ပိန့်ခံနေရရှာသည်။

တစ်ခါတလေ အမှတ်တမဲ့ဖြစ်၍ ဆေးနှင့်နီးလျက် မသိဘဲ ဝေးနေတတ်ပြီး မသိသူကျော်သွား သိသူတို့ဖော်စား နေကြသည်။

တိုင်းရင်းဆေးဆရာကြီး ဆရာစိန်မှာ တစ်ရွာတည်း၌ရှိပြီး ဆီးရောဂါကု အလွန်ကောင်းသော ဆရာကြီးအဖြစ် လူသိများလျက်ရှိသည်။ ဆရာစိန်အား သွားသတိရသဖြင့် ချက်ချင်း ပင့်လေသည်။

ဆရာစိန်သည် ဥပမိရုပ်ကောင်း၍ အရပ် ထောင်ထောင်မောင်းမောင်း ရှိပြီး ရှေးဆန်ဆန် သျှောင်ထုံးကြီးနှင့်



ဖြစ်သည်။ ဆရာစိန်ကား ဟိတ်ဟန် မထားတတ်ဘဲ ပင့်လျှင်ပင့်ချင်း ထလိုက်လာသည်။

ဆရာစိန်သည် ကိုတင်မောင်၏ ဆီးခုံပေါ် အသာယာကိုင်ကြည့်ရာ ကိုတင်မောင်က အထိမခံနိုင်အောင် နာကျင်လျက် ရှိနေသည်။

'ဖိုးငွေ ပို့ကို ခရုဆန်ကျွတ် နည်းနည်းလောက် ရှာပေးနိုင်ဘူးလား'

ဆရာစိန်က အသံအောအောကြီးနှင့် အနီးတွင် ထိုင်နေသော ကိုတင်မောင်၏ညီ ဖိုးငွေကို မေးသည်။

'ဘကြီးစိန်ကလဲ ကျောက်ဖျာချောင်းနဲ့ စမုံမြစ်အဆုံက သဲပြန့်ထဲ ခရုခွံတွေ ပေါမှပေါများ၊ ကျုပ် အခုသွား ရှာပေးပါ့မယ်'

အစ်ကို၏ ဝေဒနာဖြစ်အင်ကို မကြည့်ရက်သော ဖိုးငွေက စိတ်မြန်ကိုယ်မြန်နှင့် ချက်ချင်း ထသွားသည်။ တစ်နာရီခန့်အကြာတွင် ခရုဆန်ကျွတ်များ ခါးပုံစထဲထည့်ကာ ပြန်ရောက်လာသည်။

ဆရာစိန်ပြောသည့်အတိုင်း ခရုဆန်ကျွတ်ခပ်ကြီးကြီး နို့ဆီနှစ်ပုံးခန့်ကို ရွေးပြီး ရေဆေး၍ နေပူလှန်းသည်။ ခြောက်သွားသည့်အခါ အဖုံးပါသော မြေအိုးငယ်တွင် ထည့်လျက် အလုံပိတ်ပြီး မီးသွေးမီး ကောင်းကောင်းဖြင့် မီးဖို၍ ဖုတ်သည်။

ရလောက်သည့် အချိန်တွင် မြေအိုးကို မီးဖိုမှချကာ အအေးခံထားပြီး နောက် အဖုံးကို လှပ်လိုက်သည်နှင့် ခရုပြာအတုံးအခဲလေးများကို ရရှိသည်။ ထို့နောက် လက်ဆုံနှင့် ကြေမှုန့်သွားအောင် ထောင်းယူရသည်။

ကိုတင်မောင်သည် ခရုပြာမှုန့် လက်ဖက်စားဇွန်း တစ်ဇွန်းခန့်ကို သံပရာရည်နှင့် ရောစပ်လျက် တစ်နေ့ သုံးကြိမ်သောက်သည်။ ဆေးသောက်ပြီး နောက်တစ်နေ့ နံနက်စောစောတွင် **နာကျင်လျက်နှင့် ဆီးသွားရာ ဆီးထဲတွင် အနည်အနှစ်များ ပါလာသည်။**

ထို့နောက် ဆီးအနည်းငယ် များလာသော်လည်း ဖောဖောသီသီ မသွားသေးလည်း အနည်အနှစ် ပါသော ဆီးများသာ သွားနေသည်။ ဒုတိယမြောက် နံနက်စောစောတွင် ဆီးအလွန်သွားချင်ရာမှ ထသွားလိုက်စဉ် ရေအိုးသွန်ချလိုက်သလို ဆီးများ ဒလဟော သွားပစ်ပြီး သက်သာသွားတော့သည်။

ကိုတင်မောင်လည်း ဆရာစိန်အား ကျေးဇူးတင်လွန်းသဖြင့် နောက်တစ်နေ့၌ သွားရောက်ကန်တော့သည်။ အဝတ်အထည် စားသောက်ဖွယ်များနှင့် ကိုတင်မောင် ကန်တော့စဉ် ဆရာစိန်မှ...

'မောင်တင်မောင် ကန်တော့တာတော့ ဟုတ်ပါရဲ့၊ - ကန်တော့တဲ့ထဲ ထည့်ဖို့တစ်ခု ကျန်နေသေးတယ်'

ဟုပြောသည်။ ထိုစဉ် ကိုတင်မောင် ဇဝေဇဝါနှင့် ကြောင်အမ်းအမ်း ဖြစ်နေရာ ဆရာစိန်က...

'မောင်ရင် ကြိုက်လှပါတယ်ဆိုတဲ့ ကွမ်းကိုမစားတော့ပါဘူးလို့ အာမခံပြီး မင်းကွမ်းခွက်လေး ထည့်လှူဖို့ ကျန်သေးတယ်လေ'

ဟု ပြောလိုက်လေသည်။

**အာကာသ(သာစည်)**



www.burmeseclassic.com

www.burmeseclassic.com

(ဗြောင်းပြောင်းပြောရလျှင်)

# အသိကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ပေါ့ လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ပေါ့။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် အကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို မြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တွေကလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နေ့ဘက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်မမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပ့ါဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ ဆီးအောင့်ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၀၉၇၅၂၄။




www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်မြို့မှ

# စန်းစိန့်ကုန်းဘုရားကျောင်း (၁)

ဟူကွင်းဇီ



◆ ပုသိမ်မြို့ ကမ်းနားလမ်းမှ စန်းစိန့်ကုန်းဘုရားကျောင်း

အရိယာသုံးပါးကျောင်းဆောင် ◆



**ပုသိမ်မြို့၊ အသည်ကြီးရပ်၊ ကမ်းနားလမ်းရှိ အရိယာသုံးပါး ဘုရားကျောင်း**သည် ခေတ်နှင့်အညီ မွမ်းမံပြုပြင်ဆင်ထားသော်လည်း ရှေးမူလက်ရာများစွာ ကျန်ရှိနေသည်ကို တွေ့မြင်ရသည်။

ဘုရားကျောင်း ဂေါပကအဖွဲ့ဝင် တစ်ဦးဖြစ်ခဲ့သော ယွီရှန်းစဲန်း၏ သားဖြစ်သူ ဦးသိန်းဝင်းက ကူညီပို့ဆောင်ပေးသဖြင့် ဘုရားကျောင်းသို့ ရောက်ရှိလေ့လာပူဇော်ဖြစ်ခဲ့သည်။

သူကပင် မိတ်ဆက်ပေးသဖြင့် တိုစိန်ဘုရားကျောင်း ဂေါပကလူကြီးဖြစ်သူ **စူးရှဲန်းစဲန်း**နှင့် သိကျွမ်းရင်းနှီးကာ ဘုရားကျောင်းနှင့်ပတ်သက်၍ အတန်အသင့် သိရှိခဲ့ရပေသည်။

## သက်တမ်းရှည်ကြာသည့် ဘုရားကျောင်း

ပုသိမ်မြို့ အရိယာသုံးပါး ဘုရားကျောင်းသည် **ခရစ်နှစ် ၁၈၃၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးကာ** ဆယ်ပေါင်းများစွာသော ဂေါပကဒါယကာ လူကြီးများဖြင့် ဖွံ့ဖြိုးစည်ကားနေပြီ ဖြစ်ကြောင်း ဘုရားကျောင်းနံရံရှိ ကျောက်သားကမ္ပည်းစာအရ သိရှိရလေသည်။

ကမ္ပည်းစာပါ သက္ကရာဇ်မှာ (壬辰年) ဟု ပါရှိရာ ခရစ်နှစ်ဖြင့် တွက်စစ်ပါက **၁၈၃၂၊ ၁၈၉၂၊ ၁၉၅၂**တို့နှင့် တိုက်ဆိုင်ပါမည်။ သို့သော် **မြန်မာနိုင်ငံ (ပုသိမ်နယ်)ကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးချိန်တွင် ဘုရားကျောင်း တည်ရှိနှင့်ပြီဟု ဆိုသဖြင့် ၁၈၅၂ ခုနှစ်မတိုင်မီ သက္ကရာဇ်ဖြစ်သော ၁၈၃၂ ခုနှစ်ကို ဆိုလိုခြင်းဖြစ်သည်။**

သို့ဖြစ်ရာ ဘုရားကျောင်းသည် ၁၈၃၂ ခုနှစ်မတိုင်မီ ကာလကပင် တည်ရှိခဲ့ခြင်းဖြစ်ရာ မူလပုံစံ ကြွင်းကျန်ရစ်သည့် **ရှေးဟောင်းဘုရားကျောင်း** တစ်ဆောင် ဖြစ်သည်။


စပြုသော မူလဘုရားကျောင်းမှာ ၁၈၄၂ ခုနှစ် မတိုင်မီကပင် တည်ရှိခဲ့သော **တရုတ်တန်း၊ ကွမ်တုံကွမ်ယင် ဘုရား**ကျောင်း ဖြစ်သည်။

ဂိုဒေါင်ကဲ့သို့ တစ်ထပ်အဆောက်အအုံ ပျဉ်ထောင်နှင့်ဖြစ်ကာ **မီးသင့်လောင်ကျွမ်းသဖြင့် ၁၈၆၈ ခုနှစ်တွင် အသစ် တည်ဆောက်ခဲ့သည်။** ထိုကာလ၌ ရန်ကုန်မြို့တွင် တရုတ်ဘုရားကျောင်း တစ်ဆောင်သာ ရှိသေးကြောင်း သိရပေသည်။

## အရိယာသုံးပါး

တရုတ်ဘာသာဖြင့် **စန်းစိန့်ကုန်း** (Sān Shèng Goňg)ဟု ခေါ်တွင်သော အရိယာသုံးပါး ဘုရားကျောင်းအတွင်း

www.burmeseclassic.com





◆ မြသံ့ဆိပ်နှစ်ရှုမြင့် တန်ဆာဆင် ထားသည့် အမွှေးတိုင်အိုး

◆ တွယ်တာရပါသော ဗိုလ်ညာဦ

ရောက်ရှိသောအခါ ခန်းမနံရံတွင် ကျောင်းဆောင်များအတွင်း စံပယ်နေသော **အရိယာသုံးပါးရုပ်တုများကို** ဖူးတွေ့ရသည်။

အလယ်တွင် **လောကနာထ ဗောဓိသတ္တ၊** လက်ယာဘက်တွင် **ပင်လယ်ဒေဝီ၊** လက်ဝဲဘက်တွင် **သမ္မာဒေဝစစ်သူကြီး**တို့ကို ဝတ်ရုံများဖြင့် ပူဇော်ထားသည်။

ဟွာချောင်းခေါ် ပင်လယ်ရပ်ခြားဒေသအသီးသီးသို့ ရောက်ရှိနေထိုင်ကြသော တရုတ်အနွယ်များသည် **ဖုကျန့်**နှင့် **ကွမ်တုံးနယ်**တို့မှ လာကြသူ များပြားသည်။

သူတို့သည် ရွက်လှေများဖြင့် ပင်လယ်ပြင်အား ကူးသန်းသွားလာကြရာ **လောကနာထဗောဓိသတ္တခေါ် မဟာကရုဏာရှင်ကွမ်းယင်း** (Dà Bēi Guāng Shì Yǐn)အား ပူဇော် ကိုးကွယ်လေ့ရှိကြသည်။

ကွမ်ယင်နှင့်ပတ်သက်၍ **သဒ္ဓမ္မပုဏ္ဍရီကသုတ်၊ အဝလောကိတေသွရ ဗောဓိသတ္တအခန်းတွင်...**

'အကယ်၍ လောကရှိ များလှစွာသော သတ္တဝါအပေါင်းတို့သည် ဒုက္ခဆင်းရဲမှုနှင့် ကြုံတွေ့ရပါသော် လောကနာထဗောဓိသတ္တအား အကြွင်းမဲ့ ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်ပါလျှင် ဗောဓိသတ္တသည် တစ်မုဟုတ်ချင်းပင် ထိုသူတို့အား ကြားသိမြင်တွေ့ကာ ကယ်ဆယ်နိုင်ပါမည်။

အကြင်သူတစ်ဦးသည် ရေလောကြောတွင် မျောပါနေပါက ဘုရားလောင်းတော်၏ ဘွဲ့မည်ကို နှလုံးသွင်းရွတ်ဆိုပါလျှင် ရေတိမ်ရာသို့ ရောက်ရှိ အေးချမ်းပါမည်။

အကယ်၍ ကုန်သည် ခေါင်းဆောင်တစ်ဦးသည် အဖိုးထိုက် ကုန်ပစ္စည်းများစွာ သယ်ဆောင်လာသော ကုန်သည်အဖွဲ့ကို ဦးဆောင်ကာ ခိုးသားဓားပြတို့ပေါ်များသော နယ်မြေအား ဖြတ်ကျော်စဉ် စိုးထိတ်ကြောက်ရွံ့မှုများ ခံစားနေရသဖြင့် ခေါင်းဆောင်က...

"သင်တို့ စိုးထိတ် ကြောက်ရွံ့ခြင်းမရှိပါနှင့်၊ အဝလောကိတေသွရ လောကနာထဗောဓိသတ္တ၏ ဘွဲ့တော်အား အကြွင်းမဲ့ ယုံကြည်စွာ နှလုံးသွင်း ရွတ်ဖတ်သရဇ္ဈာယ်ကြပါလော့။ အလောင်းတော်သည် သတ္တဝါအပေါင်းအား အဘယ (ဘေးအန္တရာယ်ကင်းစင်စေခြင်း) အလှူကို ပေးစွမ်းတော်မူနိုင်ပေသည်။ ဤသို့ နှလုံးသွင်းခြင်းဖြင့် ခိုးသားဓားပြတို့၏ ရန်မှ လွတ်ကင်း၍ ချမ်းသာရာရရှိပါမည်"

ဟု တိုက်တွန်းသည်။

ထိုအခါ ကုန်သည်များက "နားမောတ,ပေးကွမ်းရှိယင်း" Námó Dà Bēi Guang Shí yǐn (နမောလောကနာထ ဗောဓိသတ္တ) ဟု နှလုံးသွင်း ရွတ်ဆိုကြသဖြင့် ဘေးဘယာအပေါင်း ဝေးကွာရလေသည်'

ဟု ဖော်ပြထားသည်။

ကွမ်းယင်း(လောကနာထ) **ဗောဓိသတ္တသည် သတ္တဝါအပေါင်းအား ဆင်းရဲဒုက္ခ၊ ဘေးဘယာအတွင်းမှ လွတ်ကင်းစေရန် ကယ်တင်ပေးနိုင်သဖြင့် ရေလမ်း၊ ကုန်းလမ်းတို့ဖြင့် ခရီးသွားလာနေရသော ကုန်သည်များက အထူးကိုးကွယ်ကြခြင်း ဖြစ်သည်။**

ထျန်းဟို့ခေါ် **ပင်လယ်ဒေဝီကား ကွမ်းယင်း၏ တပည့်သာဝက** **တစ်ပါးဖြစ်သည်။ ပင်လယ် အဏ္ဏဝါ** **ပြင်အား အစိုးရသည်။ မားစော်ဖိ** သို့မဟုတ် **မားကြော့**ဟုလည်း ခေါ်ကြသည်။ **ရေလုပ်ငန်းနှင့် ဆက်စပ်သူများ၊ မှင်လယ်ခရီးသွားများသည်**





www.burmeseclassic.com

www.burmeseclassic.com



◆ တာမကီနဂါးပန်းအိုး အဖြူတိုင်းအိုး



◆ ကျွန်းထိပ်ပေါင်းကြွေရုပ်လုံး

◆ တရုတ်ဘာသာ သစ်သားငါး ဟူသော ကလတက်



**ဤနတ်သမီးကို ယုံကြည်စွာ ကိုးကွယ်ကြသည်။**

ခရစ်နှစ် ၉၆၀–၁၂၈၀ ပြည့်နှစ်ကာလ စုန့်မင်းဆက်ခေတ်တွင်ပင် **ပင်လယ်ခရီး၌ အန္တရာယ်အမျိုးမျိုး ကြုံတွေ့ရပါလျှင်** ပင်လယ်ဒေဝီအား ဖေးမ,စောင့်ရှောက်ပေးပါရန် ဆုတောင်းပူဇော်လေ့ရှိခဲ့သည်။ လိုရာခရီးသို့ ချောမောစွာ ရောက်ရှိပါလျှင် ပင်လယ်ဒေဝီ၏ စောင့်ရှောက်မှုကြောင့်ဟု ယူဆကာ ကျေးဇူးတင် ကန်တော့ကြသည်။

ပင်လယ်ခရီးသွားတို့အား စောင့်ရှောက်သည်ဟူသော ယုံကြည်မှုဖြင့် ပုသိမ်သို့ စတင်ရောက်ရှိသော ဖုကျန့်၊ ကွမ်တုံး တရုတ်ကုန်သည်များက ကိုးကွယ်ခဲ့ကြခြင်း ဖြစ်ပေသည်။

**သမ္မာဒေဝ စစ်သူကြီးသည်ကား သုံးပြည်ထောင်စစ်ပွဲ** (sān guó)**ခေတ်ကာလ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသော စစ်သူကြီးကွမ်းကုံး ဖြစ်သည်။ မတရားမှုကို သည်းမခံ၊ အသက်ကိုပင် ပဓာနမထားသော သတ္တိရှင် နတ်မင်းဖြစ်သည်။ ကွမ်တိကုံး၊ ကွမ်းစိန့်တိကျွင်း** စသည်ဖြင့် ခေါ်ဝေါ်ကြသည်။

ကုန်သည်ပွဲစားများ၊ အမြိုင်အဆိုင်ပေါများသည့် ဈေးကစားသူများ၊ တောတောင်,ပင်လယ်ပြင်တို့တွင် စွန့်စားသွားလာရသူများ၊ ရှေ့နေရှေ့ရပ်များ၊ သုတေသီများ၊ လူအများနှင့် ဆက်ဆံနေရသူများ အားကိုးပူဇော်ကြသည့် နတ်မင်းဖြစ်သည်။

**သမ္မာအာဗိဝလုပ်ငန်းဖြင့် အသက်မွေးသူများအား အထူးစောင့်ရှောက်ကာကွယ်ပေးသည်**ဟု ယုံကြည်ကြသည်။

## စံကျောင်းမှ ရှေးဟောင်း


## သစ်ထွင်းလက်ရာများ

အရိယာသုံးပါး စံကျောင်း၏ မလ္လင်ခြေတွင် သစ်ထွင်းပန်းချီလက်ရာများကို တွေ့ရသည်။ သူတော်စင် တာအိုရသေ့ တောက်ကျိခေါ် ကျိကုန်း၏ ဘဝတစ်စိတ်တစ်ဒေသ၊ တန်ခိုးရှင်များ စွမ်းအား ပြိုင်ဆိုင်ခန်း၊ ကျိကုန်းရသေ့နှင့် သူဆင်းရဲ၊ စွမ်းအားရှင် စသည်များကို ဂန္ထဝင်အဖွဲ့အနွဲ့ စုံလင်စွာ သရုပ်ဖော်ထားသည်မှာ လက်ရာမြောက်လှသည်။

အတန်ငယ် ပျက်ယွင်းနေသော်လည်း အနှစ်သာရ မပျောက်မပျက် တွေ့ရှိရလေသည်။

မျက်နှာကြက်ပေါ်တွင် **"ရှို့"** (shòu) **အသက်ရှည်ခြင်း** ဟူသော စာလုံးကို

www.burmeseclassic.com





▲ မျက်နှာကြက်အပေါ်မှ အသက်ရှည်ခြင်း မင်္ဂလာစဖ

ဟွားနြောင်ပန်းချီလက်ရာ ▶

▼ စွမ်းအားရှင်



လှပစွာ တန်ဆာဆင်ထားသည်။ မင်္ဂလာသုံးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော အသက်ရှည်ခြင်းစာလုံးအား ပန်းချီလက်ရာဖြင့် အလှဆင်ထားခြင်းဖြစ်သည်။

နံဘေး အလှဆင်တံကဲများမှာ **ဟွားနြောင်** (Huā Niǎo 花鳥 )ခေါ် သစ်ပင်ပန်းမန်နှင့် ကျေးငှက်သာရကာတို့၏ ချစ်မြတ်နိုးဖွယ်၊ ကြည်နူးရွှင်လန်းဖွယ် ရှုခင်းများ၊ ပန်းများ ဝှားဝှားစွင့်ပွင့်လန်းပုံ၊ ပျော်မြူးနေသော ပျံဝဲငှက်ငယ် စသည့် သရုပ်ဖော် သစ်ထွင်းလက်ရာများ တွေ့မြင်ရသည်။

"**ဟွားနြောင်**"ခေါ် ကျေးငှက်ပန်းမန် ပန်းချီသရုပ်ဖော်ပညာသည် တရုတ်ပန်းချီနှင့် သစ်ထွင်းလက်ရာတွင် အနုစိတ် စီခြယ်ရသော ဘာသာရပ်တစ်ခုဖြစ်လေသည်။

## သစ်သားငါး

အရှေ့တိုင်း ကိုးကွယ်ယုံကြည်မှုဓလေ့တွင် တွင်ကျယ်စွာ အသုံးပြုလေ့ရှိသော နိဗ္ဗာန်ကုန်ပစ္စည်း သို့မဟုတ် သာသနာ့ အဆောင်အယောင်တစ်ခုအား **တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသောအခါ လုံးဝမှားယွင်းသွားလေ့ရှိသည်။**

ထို့ကြောင့် တရုတ်ဝေါဟာရအား အင်္ဂလိပ်ဘာသာမှ တစ်ဆင့်ပြန်ဆိုရေးသားသူတို့မှာ မူရင်းအဓိပ္ပါယ်နှင့် သွေဖည်သွားလေ့ရှိကြသည်။

ယင်းပစ္စည်းမှာ "**သစ်သားငါး**"ဖြစ်သည်။ တရုတ်ဘာသာအားဖြင့် မုယွီ mù yú ( 木魚 )ဟု ခေါ်ဆိုသည်။ အင်္ဂလိပ်ဘာသာဖြင့် Wooden Fish ဟု တိုက်ရိုက် ပြန်ဆိုကြရာမှ "သစ်သားငါး"ဖြစ်လာသည်။

**ယင်းမှာ ကလတက် သို့မဟုတ် အုန်းမောင်းသာဖြစ်သည်။ သစ်တုံးအား အခေါင်းထွင်းကာ ငါးသဏ္ဌာန် ပြုလုပ်ထားခြင်း ဖြစ်လေသည်။**

အရိယာသုံးပါး ကျောင်းဆောင် ပလ္လင်ပေါ်တွင် ယင်း"**သစ်သားငါး**" ခေါ် ကလတက်တစ်ခုကို တွေ့မြင်ရသည်။ "**ယွီလဲ့**"ဟူသော "**ပျော်ရွှင်**

www.burmeseclassic.com





▲ တန်ခိုးရှင်များ စွမ်းအားပြိုင်ခန်း

◀ ရေသူနှင့် သူ့ဆင်ခဲ့

ဖြစ်သည်။ **အမွေးနံ့သာတိုင်ဖြင့် ပူဇော်ထားစဉ် ပြာခံခွက်အား မရွှေ့မပြောင်းရချေ။** ရွှေ့ပြောင်းမိပါက အ,ဂါရဝဖြစ်သောကြောင့် အထူးသတိပြုကြရသည်။ ထို့ကြောင့် **လေးလံခြင်းသည် တည်မြဲမှု နိမိတ်** ဖြစ်လေသည်။

စန်းစိန့်ကုန်းဘုရားကျောင်းရှိ အမွှေးတိုင်အိုးမှာ ဂုဏ်ဒြပ်ပြည့်ဝသည့်အပြင် ခြင်္သေ့ဦးခေါင်းနှစ်ခုဖြင့် တန်ဆာဆင်ထားလေသည်။

**"ခြင်္သေ့"သည် တရုတ်ယဉ်ကျေးမှုတွင် နိမိတ်ကြွဘာကောင်းခြင်း၊ ကျက်သရေ မင်္ဂလာရှိခြင်း၊ အကျိုးပေးထက်သန်ခြင်း စသည့် အတိတ်ကောင်းသော သင်္ကေတအဖြစ် အဓလအနက် ထားကြသည်။**

ရိုးရာပွဲလမ်းသဘင်၊ အမည်ကောင်းဖွဲ့ တံဆိပ်၊ ဂုဏ်ထူး၊ ရာထူးများ လက်ခံပွဲသဘင် စသည်တို့တွင် ခြင်္သေ့အကဖြင့် ဂုဏ်ပြုလေ့ရှိကြသည်။

ယင်း ခြင်္သေ့အား **(ရွှေ့ရှီးရှ်)** ( 王獅 狮)子 )(Rùishi) ဟုခေါ်တွင်ကြသည်။ **(ရွှေ့)**(Rùi)သည် **နိမိတ်ကြွဘာကောင်းခြင်း** စသော အထက်ပါ အနက်အဓိပ္ပါယ်များကို ဆောင်ယူသည်။ **(ရှီးရှ်)** (shī)မှာ **ခြင်္သေ့** ဖြစ်၍ "ခြင်္သေ့"ဝေါဟာရတွင် ( 狮 ) တိရစ္ဆာန် အထိမ်းအမှတ်(犬 犾 儿)နှင့် ဦးစီး ဦးဆောင်၊ တတ်သိပညာ၊ ဆရာသမား ဟူသောစာလုံး( 師 )(shī) တို့ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။

**မြင့်မြတ်သော ဦးစီးဦးဆောင် သတ္တဝါ**ဟု ဖော်ယူနိုင်သည်။ သို့ဖြစ်ရာ ခြင်္သေ့ခေါင်း သရုပ်ဖော် အမွှေးတိုင်အိုးမှာ အဓိပ္ပါယ်ပြည့်ဝ၍ တန်ဖိုးကြီးမားလှပေသည်။

## ရှေးဟောင်း ကြွေပန်းအိုးများ

**ကြွေထည်များမှာ တရုတ်နိုင်ငံမှ စတင်ထွက်ရှိခြင်း။** တရုတ်ကြွေထည်များမှာအဆင့် အတန်းမြင့်မားခြင်း စသည်ကြောင့် ကြွေထည်များအား China ware ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ယခု တွေ့ရှိရသော ပန်းအိုးများမှာ အဆင့်မြင့် ကြွေထည်ပညာ အရည်အသွေးသာမက ကြွေထည်ပန်းချီလက်ရာတွင်လည်း မြင့်မားလှသည်။ ကျားခေါင်းဖောင်းကြွ ဖော်ထားသော ကြွေပန်းအိုးတွင် ရေလှိုင်းကြားမှ လှေငယ်၊ ကဗျာစပ်ဆိုနေသော စာပေပညာရှင်များ ပုံဖော်ထားသည်။

အခြားတစ်လုံးတွင် ဇာမဏီငှက်နှင့် နဂါးရုပ်ကြွပုံ ဖော်ထားလေသည်။ ပန်းအိုးများသည် သာမန်ပြောင်ချော မဟုတ်ဘဲ ကနုတ်ခွေ ဖောင်းကြွများ ပါရှိသည်ကို တွေ့ရသည်။ **အရိယာသုံးပါး၏ အဆင်တန်ဆာအဖြစ် ပူဇော်သင့်သော အဖိုးတန်ပရိဘောဂ** ဖြစ်ပေသည်။


## တွယ်တာရပါသော ဝိညာဉ်

အရိယာသုံးပါး၏ နံဘေးကြမ်းပြင်တွင် "**တွယ်တာရပါသော ဝိညာဉ်**" ကမ္ပည်းစာတမ်းကို တွေ့ရသဖြင့် အောက်တွင် ချိတ်ဆွဲထားသော မှတ်တမ်းရှည်ကို ဖတ်ကြည့်သည်။

၁။ ပထဝီအနေအထား ဘူမိကြန်၊ အာဇာနည်တို့၏ ဝိညာဉ်၊ နှစ်ပေါင်းတစ်ထောင်၊ အိုခ ချမ်းသာ။

၂။ အရပ်ငါးမျက်နှာ၊ မြေ ငါးမြေ ဘူမိကြန်၊

www.burmeseclassic.com



◆ ကျိုကုန်း၏ ဘဝတစ်ခိုက်တစ်ဆေသ



ချီလင်ကို စောင့်ရှောက်ပေးသော ကျားဘိုးတို့ ▶

လာသည် နဂါးဗိညာဉ်၊
၃။ နဂါးဗိညာဉ် အရှိန်အဝါကြီးမားပေါ်လွင်၊
နှစ်တစ်သောင်း၊ လာသည်

ဟူသော စာတမ်း(၃)တန်း ဖြစ်လေသည်။

**ကွယ်လွန်လေပြီးသော သွေးသောက် ညီအစ်ကိုများအတွက် သတိရ ဆုတောင်းစာ**ဖြစ်သည်။ ဘုံဘုရားကျောင်း အဖွဲ့သားများသည် စာရိတ္တခိုင်မာရေး၊ ညီအစ်ကိုအရင်းကဲ့သို့ ချစ်ခင်သွေးစည်းရေး၊ ဘုရားကျောင်း အဓွန့်ရှည် တည်တံ့ရေးတို့အတွက် သွေးသောက် သစ္စာဆိုလေ့ရှိကြသည်။

တစ်ဦးတစ်ယောက် ကွယ်လွန်ပါလျှင် သက်ရှိထင်ရှား ရှိစဉ်ကကဲ့သို့ပင် သံယောဇဉ်၊ မြတ်နိုးတွယ်တာမှုများဖြင့် အမှတ်တရ ကမ္ပည်းရေးထိုးကာ အမွှေးနံ့သာ ဆီမီးတို့ဖြင့် ပူဇော်ပေးကြသည်။ ပွဲတော်နေ့များတွင် စားသောက်ဖွယ်ရာများ တည်ခင်း၍ ဖိတ်ခေါ်ကျွေးမွေးပြုစုကြသည်။

ဘုရားကျောင်းများတွင် ကမ္ပည်းစာတန်းထားရှိ ပူဇော်ရာတွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၏ အမည်၊ မျိုးရိုးအမည်၊ ဂုဏ်ဒြပ်များကို ဖော်ပြ၍ ဗိညာဉ်ကမ္ပည်း မှတ်တိုင်သာ ထားရှိ၍ စုခြုံပူဇော်ပေးသည်လည်း ရှိကြသည်။

ဤ အရိယာသုံးပါးဗိမာန်တွင်မူ အမည်နာမကို အထူးပြုကာ သီးခြားရည်ညွှန်းခြင်း မရှိပါ။ **ကမ္ပည်းစာအား ဆီလျော်အောင် ဆက်စပ် ပြန်ဆိုပါလျှင်...**

- ❂ ဘူမိကြန်အနေအထား ကောင်းမွန်သဖြင့် ပုဂ္ဂလဝိသေသ ဗိညာဉ်သည် နှစ်ပေါင်းရှည်ကြာစွာ သုခချမ်းသာနှင့် ပြည့်စုံပေသည်၊
- ❂ အရှေ့တောင် အနောက်၊ မြောက်၊ အလယ် ဗဟို အရပ်ငါးမျက်နှာ၊ သမုဒ္ဒရာနှင့်ငါးပါးတို့၏ သမ္ဘွပေါင်းစုအားကြောင့် နဂါးဗိညာဉ်ကို ဖြစ်ပေါ်စေသည်၊
- ❂ နဂါးဗိညာဉ်သည် နှစ်ပေါင်းများစွာ ဆက်လက်၍ အရှိန်အဝါကြီးမားကျော်စောခြင်းကို ဖြစ်တည်စေပါမည်၊

ဟူ၍ ဖြစ်သည်။

**ကွယ်လွန်သူတို့၏ ရုပ်အလောင်းအား ဘူမိကြန်အနေအထား ကောင်းမွန်သည့်နေရာတွင် မြှုပ်နှံသဂြိုဟ်ပါလျှင် ဆံပင်,ခြေသည်း, လက်သည်းတို့ ဆက်လက် ရှည်လျားကာ ခန္ဓာကိုယ်သည်လည်း မပုပ်မသိုး၊ မပျက်စီးဘဲ ပကတိအခြေအနေအတိုင်း ရှိစေသည်ဆိုသည်။**

အလားတူပင် သူတို့၏ ဂုဏ်ကျေးဇူး၊ အရှိန်အဝါ၊ ကျော်စောမှုတို့သည်လည်း နှစ်ထောင်သောင်းမက တည်တံ့နိုင်သည်။

နှစ်ရှည်ကြာသည်နှင့်အမျှ မွန်မြတ်သန့်စင်သော ကောင်းကင်ဘုံ၊ နိဗ္ဗာန်ဘုံတို့တွင် ထာဝရ လျောင်းစက်နိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

ယင်းကမ္ပည်းစာအခြေတွင် တရုတ်ဒဏ္ဍာရီများ၌ **မင်္ဂလာရှိစေသည်ဟု ယူဆဖော်ပြလေ့ရှိသော "တိုး" သတ္တဝါရုပ်လုံးကို တွေ့ရသည်။ "ချီလင်"** ( 麒麟 ) (gí Lín) ဟု ခေါ်ဆိုကြ၍ ခြူး၊ ခြသေ့်စသည့် သတ္တဝါများနှင့် ဆင်တူသည်။

မင်္ဂလာရှိသော သတ္တဝါဖြစ်၍ ဗိညာဉ်နှင့် နတ်ဒေဝတာများ ကိုယ်စား၊ အဆောင်အယောင် သတ္တဝါဖြစ်သည်။ တိရစ္ဆာန်များတွင်ရှိသော အမွန်မြတ်ဆုံး ရုပ်နိကာယ်များပေါင်းစပ်ပါဝင်လေသည်။

ဤနေရာကလေးကား သွေးသား

(စာမျက်နှာ (၁၀၃) သို့)



www.burmeseclassic.com

www.burmeseclassic.com

# ပိန်းရိုင်းကြောင့် ရူးယားခဲ့သော်



လောကလူ့ရွာတွင် အဖြစ်ဆန်းသော ဇာတ်လမ်းကလေးများ များစွာရှိကြပါသည်။ အချို့မှာ မျက်ရည်ထွက်မိအောင်ပင် ရယ်မောခဲ့ရသော ဇာတ်လမ်းကလေးများ ရှိခဲ့ပေသည်။

စာရေးသူ၏ ဖခင်မှာ ဆောက်လုပ်ရေး အင်ဂျင်နီယာတာဝန်ဖြင့် မန္တလေးတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်ရန် သူ၏ တပည့်ဖြစ်သူ ဦးကျော်တင့်နှင့် နှစ်ဦးသား မန္တလာမြေသို့ သွားရောက်ခဲ့ကြလေသည်။

နိုင်ငံတော်မှပေးထားသော ဝန်ထမ်းအိမ်ရာတွင် ဆရာတပည့်နှစ်ဦး နေဖြစ်ရာ တပည့်ဖြစ်သူ ဦးကျော်တင့်မှ ချက်ပြုတ်မှုကို တာဝန်ယူ စားသောက်နေထိုင်ကြရာမှ တစ်နေ့တွင် တပည့်ဖြစ်သူ ဦးကျော်တင့်မှ ခြံဝင်းအတွင်းရှိ ပိန်းရိုင်းများကို စားပိန်းအမှတ်ဖြင့် ဟင်းခါးချက်မိပါတော့သည်။

စားပိန်းနှင့် ပိန်းရိုင်းမှာ အတော်ပင် သဏ္ဍာန်တူသဖြင့် ဆရာဖြစ်သူမှလည်း မတားဆီးလိုက်မိပေ။

ချက်ပြုတ်နေသော တပည့်ဖြစ်သူမှာ ပိန်းရိုးဟင်းခါးကို အပေါ့အငန်သသောမျိုး မကြာခဏ တရှုတ်ရှုတ်နှင့် မြည်းစမ်းရင်း ပါးစပ်မှလည်း "သိပ်ကောင်းတယ် ဆရာရေ"ဟု သူ၏ ဆက်ရာကို သူ ပြန်သဘောခွေ့နေပါတော့သည်။

သို့ရာတွင် မိနစ် အနည်းငယ်ခန့်မျှကြာသောအခါတွင်မူကား ဟင်းခါး မကြာခဏ မြည်းနေသော တပည့်ဖြစ်သူ၏ မျက်နှာမှာ ရှုံ့တွ၍လာပြီးလျှင်...

'ဆရာ... ဆရာ...

လုပ်ပါဦး ဗိုက်ထဲက ယားလာတယ်။

အူထဲက ယားလာတယ်'

ဟု အော်ဟစ်မြည်တမ်းလာတော့ရာ ဆရာဖြစ်သူမှာ ငိုင်တွေ၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေပါတော့သည်။

တပည့်ဖြစ်သူမှာလည်း ကြမ်းပေါ်တွင် အော်ဟစ်လူးလိမ့်၍ ဝမ်းဗိုက်ကိုသာ တွင်တွင်ကုပ်နေတော့ရာ **ဆရာဖြစ်သူမှ အကြံတစ်မျိုးရ၍ မီးဖိုချောင်ထဲရှိ နမ်းဆီပုလင်းထဲမှ နမ်းဆီကို လက်ဖက်ရည် အကြမ်းပန်းကန်တစ်ဝက်ခန့်ထည့်၍ တပည့်ဖြစ်သူအားသောက်သုံးစေခဲ့ရာ** အချိန်အနည်းငယ်အတွင်း အူအတွင်းမှ ယားယံမှုများ ပြေပျောက်ခဲ့ရပါသည်။

ဤအကြောင်း ပတ်ဝန်းကျင်ရှိ ဝန်ထမ်းအိမ်များမှ ကြားသိရသူ အပေါင်း ရယ်မောခဲ့ရသော ဇာတ်လမ်း တစ်ခုဖြစ်ခဲ့ရပါသည်။

လူလောကတွင် အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း ဟူသော စကားတစ်ရပ် ရှိပါသည်။ ဤသို့ မထင်မှတ်သော ဖြစ်ရပ်ဆန်း ရောဂါ ကြုံဆုံမှုများရှိလာပါလျှင် ဤနည်းလေးဖြင့် မြည်းစမ်းကြည့်စေလိုသည်မှာ စာရေးသူ၏ စေတနာ အရင်းခံ တင်ပြမှုတစ်ရပ်ဟုသာ...။

**သုတေသီဝင်းမော်(ဒ.ဘ.ဗ.ဝ)**

စာမျက်နှာ (၁၀၂)မှ အဆက်

ချင်းချာ၊ မိဘဘိုးဘွား စသည်တို့နှင့် ထပ်တူပြုရသော သွေးသောက်ညီအစ်ကို၊ ရောင်းရင်းများ၏ ကျေးဇူးသစ္စာကို အသိအမှတ်ပြုထားသော ပြယုဂ် အစဉ်အလာကောင်းကလေး ဖြစ်ပေသည်။

## ကျားဘိုးဘိုး

ယင်း၏အနီး နံရံပေါ်တွင် **"ဟောရာကုန်း"**ဟု ခေါ်ဆိုကြသည့် **ကျားဘိုးဘိုး** နံရံပန်းချီကား ရှိလေသည်။ ဖုကျန့် အသံထွက်ဖြစ်ကာ **လမ်းခရီး အနှောင့်အယှက်များ ကင်းဝေးစေရန် စောင့်ရှောက်ကာကွယ်ပေးသည့် အန်းကုံး(ဘိုးဘိုး) ဖြစ်သည်။**

မြေနှင့်စပ်လျဉ်းသမျှသော သွားလာမှုခရီးများအတွက် အနှောင့်အတားဘေးအန္တရာယ်များ မကျရောက်စေရန် တောင်းပန် လျှောက်ထားလေ့ ရှိကြသည်။

အရေးကြီးသော အချိန်အခါများတွင် ကျားဘိုးဘိုး"ဟောရာကုန်း"အား ဓလေ့ထုံးစံများနှင့်အညီ ပင့်ဖိတ်ပါက ကြွရောက်လေ့ရှိသည်ကို ထင်ရှားစွာ မြင်တွေ့နိုင်လေသည်။

**ဒေဝတာပုရာဏ်များတွင် ကျားအား သစ္စာတရား၏ အဓိပတိ၊ မကောင်းဆိုးဝါးတို့၏ ပယောဂများအား သုတ်သင်ပေးနိုင်သည့် စွမ်းအားရှင်အဖြစ် တင်စားလေ့ရှိသည်။**

ဘုံဘုရားကျောင်းများစွာတွင် ကြမ်းပြင်ပေါ်၌ ကျားရုပ်တုအား ထားရှိ၍ ယင်း**"ဟောရာကုန်း"**အား အမွှေးဆီမီး ပူဇော်လေ့ရှိကြပေသည်။

ရှေ့လဆက်ဖတ်ပါရန်

**ဟူရျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နှင်းခိုင်း,နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်၊ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်

စကြာမင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သွန္တာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

ဦးဇော်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

ပြည်မြို့တွင် ပျံလွန်တော်မူသည့် အင်းဝခေတ်စာဆိုအကျော်

# ရှင်မဟာရဋ္ဌသာရဆရာတော်

အရိုးအိုးအုတ်ဂူရှိရာသို့

ရွှေတော်မြေ မောင်ကြည်သိန်း

အင်းဝခေတ်ပြိုင် စာဆိုအကျော်ဆရာတော်(၂)ပါး ထွန်းကားခဲ့ပါသည်။ **ရှင်မဟာရဋ္ဌသာရနှင့် ရှင်မဟာသီလဝံသ**ဖြစ်ပေတော့သည်။

'တောင်းကိုမဖောက် တောင်ကိုဖောက်မည် စိန်ကျောက်အသွင် သီလဝံ'

ထိုစဉ် **ရှင်မဟာရဋ္ဌသာရ**မှ...

'တောင်းကိုမဖောက်၊ တောင်ကိုဖောက် မည် စူးဆောက်ပမာ ရဋ္ဌသာ'

ဟု ရုတ်ချည်းစပ်ဆိုခဲ့ပါသည်။

ကလေးဘဝကပင် ကဗျာဉာဏ် ရင့်သန်ခဲ့သူပေတည်း...။

ယနေ့ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေကြောင်း မြန်မာ့အသံမှ ကြေငြာသွားခဲ့သည်။

ဆောင်းနှင့်မိုးရော သွေးယှက်တင် ကောင်းကင်တစ်ခို ညိုယောင်သန်းလို့ အအေးဓာတ်၊ ထွေးပတ်နေသည့် နံနက်ခင်း နေ့ရက်က(၉-၁၂-၂၀၁၆) အချိန်ခါတည်း...။

ပြည်မြို့ရှိ ဆရာတော်ကြီး ရှင်မဟာရဋ္ဌသာရဂူကျောက်တိုင်ရှိရာ သွားချင်ခဲ့သည်မှာ စိတ်ဝယ်ထာဝရ ဖြစ်ပေါ်နေပေသိ၊ အတိအကျရယ်မသိ မပီဝိုးတစ်ဝါးပေတကား။

ဘဏ်နေဂျာ ထွန်းနေဝင်း တစ်ခါက ပြောဖူးသည်။

'ကိုကြည်သိန်း ပြည်မြို့မှာ ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူကျောက်တိုင် ရောက်ဖူးလား။ ကျွန်တော်တွေ့ဖူးတယ်၊ ကားကြီးဂိတ်ဝန်းနောက်ဘက်နားမှာ'

တဲ့...။

ကြာခဲ့ပြီ (၅)နှစ်ရှိပြီ...။





ရှင်မဟာရဋ္ဌသာရ ဆရာတော်ကြီး ဦးစိုက်ရာဆုတောင်းပြည့်စေတီ

ဒီနေ့တော့ သွားဖြစ်အောင် သွားမယ်ဆိုပြီး ကြို့ပင်ကောက် ကား(၅၀၀) ကျပ်ပေးပြီး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်နားမှာဆင်း၊ ရွှေတောင်,ပြည် ကားလေးယာဉ်ဆီသွားတော့ ညီကိုလိုခင်တဲ့ ကားမောင်းသူ ကိုလှဌွေးက...

'အုံနာဇရှ့ခန်းက လာထိုင် အဝေး ပြေးဂိတ်သွားမှာမို့လား'

www.burmeseclassic.com




ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူစေတီ

မူလနေရာအညွှန်း

ဆရာတော် ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူစေ
ရကျောင်းဆရာတော်ကြီးများ၏ ဒိန်ကြားလမ်းညွှ
ရွှေမောင်းတုန်းတောရကျောင်းနှင့်ကျက်သိမ်ကုန်း
င်းတို့အကြားတွင်းရှာဖွေတွေ့ရှိသည်။ အရိုးအိုးစေ
ရတိုက်စားမကြောင်း

◆ ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူကျောက်တိုင်

◀ ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူကျောက်တိုင် (သုစိပုဘာ)

တဲ့...။

'ဟုတ်ကဲ့ပါဗျာ. ရှင်မဟာရဋ္ဌသာရ ဂူဆီ သွားမလို့ပါ'

ဂိတ်ဝန်းကြီးထဲရောက်၊ ခရီးသွားမယ့်သူတွေ ဥဒဟို သွားလာနေတာတွေ့၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်တွင်း၊ ပခုက္ကူ။

ဂိတ်ဝန်းကြီးကနေ ရှေ့တည့်တည့်ကိုက်(၁၀၀)ရောက်တော့ ဘယ်သွားရမှန်းမသိ။ အလှူခံမဏ္ဍပ်ရှေ့က ခပ်လတ်လတ်အရွယ် အမျိုးသမီးကို...

'မမ... ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူဆီ ဘယ်လိုသွားရမလဲ'

'လိပ်စာသိလား'

'ဟင့်အင်း'

'နေဦး ဟိုကလာတဲ့အန်တီကို မေးပေးမယ်'

'ဒီကနေ တည့်တည့်သွားပြီးရင် ဘယ်ဘက်ချိုး တံတားတစ်ခုတွေ့မယ်။ အဲနားမှာ ဈေးဆိုင်လေးတစ်ဆိုင်ရှိတယ်။ ဒီမှာ တစ်ခါထပ်မေးရင် ရပြီ။ **အောင်မင်္ဂလာ ကျက်သရေကုန်း** ဘယ်နားမှာလဲ မေးကြည့်ပေါ့'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မမရယ်'

မမကြီးတို့ပြောတဲ့အတိုင်း လျှောက်လာတော့ လမ်းနှစ်ခွ ဖြစ်နေပြန်ရော။ ထိုစဉ် ခန့်မှန်း(၁၀)နှစ်၊ (၁၂)နှစ်ရွယ် ကိုရင်ငယ်နှစ်ဦး ဆွမ်းခံပြန်ကြွလာတာဆုံတော့...

'ကိုရင်လေးတို့ တပည့်တော်ကို ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူကျောက်တိုင် ဘယ်နားရှိလဲသိရင် ပြောပြပါဘုရား။ အောင်မင်္ဂလာကျက်သရေကုန်းကျောင်းနားလို့ ပြောတယ်'

'လာ ဒကာကြီး ကိုရင်တို့က ကျက်သရေကုန်း ကျောင်းကပါ ကျောက်စာတိုင်ထိ လိုက်ပြပါ့မယ်'

'ကိုရင်ဘွဲ့တော်က'

'ဇောတိကလို့ ခေါ်ပါတယ်။ ဝါတော်(၁)ဝါရပါပြီ'

ကိုရင်ဇောတိကကို မှတ်မှတ်ရရ ရှင်မဟာရဋ္ဌသာရ အရိုးအိုးကျောက်စာတိုင်ရှေ့ရပ်ခိုင်းပြီး ဓါတ်ပုံရိုက်လိုက်တယ်။

အနားကဆိုင်ရှင် ဒေါ်ကျော့နဲ့ သက်မာဆိုင်ဝင်ပြီး သိလိုသမျှမေးတယ်။ အရိုးအိုးစေတီနှင့်ပတ်သက်၍ **"မော်ဝီဆရာသိန်းကြီး၏ ကွင်းဆင်းလေ့လာချက်ကို ၁၉၃၉ခုနှစ်ထုတ် "သူရိယ"မဂ္ဂဇင်းတွင်** ဖော်ပြပါရှိကြောင်း။

'**ဝဋ္ဋိကဆရာတော် ဦးဝိဇယ**၏ လိုက်လံပြသမှုကြောင့် **ရွှေဘုန်းပွင့်စာကြည့်တိုက်အသင်းက ရှင်မဟာရဋ္ဌသာရ**၏ အရိုးအိုးဂူပျက်၏ မူလနေရာမှ ရွှေ့ပြောင်း၍ သက္ကရာဇ် ၁၃၂၇ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်နေ့တွင် အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူခဲ့ကြောင်း။

ရေတိုက်စားပြိုပျက်ခဲ့၍ မူလနေရာမှ တောင်ဘက် ပေ(၃၀)အကွာ ရွှေမောင်းတုန်းကျောင်းတောင်ခြေ အင်းဆခေတ်သုံး အုတ်စီရေကန်မြောက်ဘက်အနီး အရိုးအိုးဂူဟောင်းမှပစ္စည်းများ ထည့်သွင်း၍ ဆရာတော်အား ရည်စူး၍ ကျောက်တိုင်ကို (၂၄–၁၁–၁၉၆၅)မှာ စိုက်ထူခဲ့ပါသည်။

တည်ရှိရာနေရာ

ရွှေမောင်းတုန်း တောရကျောင်းနှင့် အောင်မင်္ဂလာ ကျက်သရေကုန်း

www.burmeseclassic.com




▲ ဆရာတော်ကြီး ဥယျာဉ်ကျောက်တိုင်အနီးရှိ ထွက်ရပ်ပေါက်ပုရုပ်ကြီးများ

▼ ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူရာ ရှိ သဗ္ဗညုံသိ(တောကျောင်း)



▼ ရှေးခေတ် အင်းဝမုတ်ကာနံကြီး (သဗ္ဗညုံသိကျောင်းရှိ)



တောရအကြားမှာ ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူ ရှာဖွေတွေ့ရှိ၍ အရိုးအိုးဂူ စေတီမှာ ရေတိုက်စားမှုကြောင့် ပြိုကျ ပျက်စီးနေ၍ ပြန်လည်တူးဖော်ပြီး ကျောက်စာတိုင်ကို စိုက်ထူခဲ့သည်။

ရှင်မဟာရဋ္ဌသာရ

ဖွားမြင်သည့်နှစ်

ငယ်မည် **မောင်မောက်**ခေါ် ရှင်မဟာရဋ္ဌသာရကို **ကောဇာ သက္ကရာဇ် ၈၃၀ ခုနှစ်၊ ဝါဆိုလတွင်** ဖွားသန့်စင်ခဲ့ပြီး၊ အင်းဝမြို့ ဇာတိချက် မြှုပ်ဖြစ်ပါသည်။

ပြည့်စုံမင်း၊ မဟာသီဟသူရ လက် ထက်တော်ခါ အဘခမ္မပါလ ဒ၊မိ (သတိုးမင်းဖျား၏မြေး)တို့မှ မွေးဖွားခဲ့ပါ သည်။

ကလေးဘဝအရွယ်

ဆယ့်နှစ်နှစ်သားအရွယ်မှ

စတင်စပ်ဆို

မောင်မောက်ခေါ် ရှင်မဟာရဋ္ဌသာရ မထေရ်သည် (၁၂)နှစ်သားအရွယ်မှစ၍ **တံတားဦးတည်မော်ကွန်း**။ (၁၆)နှစ် သားအရွယ်တွင်**ဘူရိဒတ်လင်္ကာတော်ကြီး**၊ (၂၈)နှစ်သားအရွယ်တွင် **ဘူရိဒတ်ဇာတ်ပေါင်းပျို့**၊ ဒုတိယ မင်းခေါင်လက်ထက် စတုဓမ္မသာရ **(ကိုးခန်းပျို့)**ကို ၈၆၃ ခုနှစ်တွင် ကိုးခန်းပျို့ကို စာကိုးခန်းပြီး၏။ **၈၈၃ခုနှစ်တွင် ထိုစာကိုးခန်းကို ပုရပိုက်**တင်ခဲ့ပါသည်။

ရွှေနန်းကြော့ရှင်

ဘုရင်လက်ထက်ခါမှာ

ပုံတောင်နိုင်မော်ကွန်း၊ ဂမ္ဘီသာရပျို့၊ ဝတ်ရုံကျောင်းတော်ဘွဲ့မော်ကွန်း၊ ဝဏ္ဏ ပဘာရတု၊ နှစ်ကူးလည်၍ ချီရတုများ ရေးသားဆက်သွင်းခဲ့သည်။ ‘ဝဏ္ဏပဘာ

www.burmeseclassic.com

ကလျာဖူးစသစ် ပျိုမြစ်နုနယ် လှသွေး ကြွယ်သား' အစချီရတုသည် အင်းမ တန်မှ ပြောင်မြောက်လှပေသည်။ နှစ်ဦးဘ၀ ဝဏ္ဏပဘာမင်းသမီးအပေါ် ညွတ်နူးမိကြောင်း မှတ်သားရပါသည်။ ထို့ပြင် တစ်နှစ်ကူးလည်၍ ချီရတုများ လည်း ရေးသားခဲ့ပြန်ပါသည်။

အကျွတ်ဘယ်မှာ ဝေးတော့မည် (ကေပိုဒ်ရတု)သည် အထူးထင်ရှား၍ မြန်မာစာပေသမိုင်းတွင် မော်ကွန်းထိုး ထိုက်သောရတု ဖြစ်ပါသည်။

## ဆူးသည် ဖြစ်စကပင် ချွန်မြလှသည်

ဂန္ထဝင်တွင် ထင်ရှားသော စာဆို တော်တို့သ[illegible]ငယ်စဉ်တောင်ကျေး ကလေးဘ၀ကပင် ထူးခြားလာကြပါ သည်။ ရှင်မဟာရဋ္ဌသာရသည် မြန်မာ စာပေခေတ်ဦးတွင် ထူးချွန်ထင်ရှားလှ သော စာဆိုတော်ကြီးပေတည်း။

အင်းဝနန်းတွင် ကြီးပျင်းခဲ့ရသူဖြစ် ၍လည်း ထီးသုံး နန်းသုံးများကို အင်မတန်မှ ကျွမ်းကျင်လှသည်။ အခါ တစ်ပါး ခမည်းတော်စာဆိုအမတ်ကြီး ဓမ္မပါလသည် (၁၀)နှစ်သားအရွယ် မောင်မောက်ကို လက်ဆွဲ၍ နန်းတော် ထဲ ဝင်ခဲ့လျှင်ပင် ပြည့်စုံမင်းမဟာ သီဟသူရ၏ တောင်ဆောင်စံ မြောက် သားတော်သမီး ရှင်စိုးမင်း၊ မြောက် ဆောင်စံတန်ဆောင်းရှင်ခံမြောက်သား တော်သမီးမင်းလှမြတ်နှင့်မင်းဘုန်းထွဋ် တို့ကို နားသွင်းမင်္ဂလာ ဆင်ယင်ကျင်းပ နိုက်ဖြစ်၏။

မဟာသီဟသူရမင်းကြီးက ဓမ္မပါလ အမတ်ကြီးအား...

'သမီးတော်သုံးပါးနှင့် စပ်ဆိုင်သော ထုတိသြဘာ မင်္ဂလာ ရှိသော ပျို့ကဗျာ လင်္ကာရတု ဖွဲ့ဆိုလျှောက်ထားစေ မောင်မင်း''





▲ တောင်စောင့်ထူးခြားသည့် ဘီလူးညီနောင်

▲ ညာဘက်သက်ဝင်လှုပ်ရှားသည့် တောင်စောင့်ဘီလူး

▼ ညတိုင်း သက်ဝင်လှုပ်ရှား စောင့်ရှောက်နေသည့် ဘီလူးညီနောင်



ဟု စေခိုင်းရာ အနီးမှာရှိသော ရှင်မဟာရဋ္ဌသာရဖြစ်မည့်မောင်မောက် က...

'ခမည်းတော် ကိုယ်စား တပည့် တော် ဖွဲ့ဆိုလျှောက်ထားပါရစေ ဘုရား''

'လျှောက်တင်စေ မောင်မင်း'

ရုတ်ချည်းထ၍...

'အိုတဲ့ဘယ်၊ အိုတဲ့သမီးတော်၊ ထင်ပေါ် ဘုန်းပွဲ့သင်း'

ဟု ရှင်စိုးမင်းကို ရောစပ်ဖွဲ့ဆိုခဲ့ပါ တယ်။

တစ်ဖန် ''မင်းလှမြတ်''ဘွဲ့ကိုလည်း မဆိုင်းမတွ...

'အိုတဲ့တယ်၊ အိုတဲ့သမီးတော်၊ နတ်သော် ပုံမယွင်း'

လို့ ရေးဖွဲ့ပြန်ပါတယ်။ **မင်းဘုန်း ထွဋ်**ဘွဲ့ကိုလည်း...



www.burmeseclassic.com

www.burmeseclassic.com

'ဒီတဲ့တယ် ဒီတဲ့သမီးတော်၊ စန္ဒော်လှနယ် ဝင်း'

ဟု အရွယ်နှင့်မလိုက်အောင် ရေးဖွဲ့ခဲ့ပါတယ်။

ဒီခါက မောင်မောက်ခေါ် ရှင်မဟာရဋ္ဌသာရသည် (၁၀)နှစ်သား အရွယ်သာ ရှိပေသေးသည်။ အံ့ဖွယ်ထူးခြားရှိလှပါသည်တကား...။

ပညာဉာဏ် အမြော်အမြင်ကြီးမားလှသော ရှင်မဟာရဋ္ဌသာရသည် ကျောင်းသားအရွယ်ကလေးများအတွက် "သု စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ" အစချီ စာသင်ပျို့နှတို့အတွက် ရေးဖွဲ့ခဲ့သည်မှာ အင်မတန်ကောင်းမွန်လှပါသည်။

"သုစိပုဘာဝိလိသိဓာ" အက္ခရာစွဲသုံး ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျို့နှ၊ အခြေပြုကို၊ ဥဂုသုဇာ လုံ့လပြင်းစွာ သူ့ထက်ငါဟု နှုတ်မှရွရွ ကြိုး‌နှိုး ကလျှပ်၊ သိပ္ပကျေးဇူး အထူးသိမြင် ပညာရှင်ဟု မထင်မပေါ် မကျော်ဇောတဲ ထီမှာလွဲအံ့။

အဲကြိုးကုတ်၊ ကြက်ခဲရသုတ်သို့ အားထုတ်ခံမင်၊ မသင်မအံ၊ မကြံမမေး၊ ဆွေးနွေးရောနှော ဟောပြောမှုတွေ၊ ပေချပ်ရေဖြင့် ကုန်စေဆန့်သော၊ သင်ချေပါလည်း၊ ဘယ်မှာဂုဏ်ရှင်၊ ကျော်ဇောဝင်ချိမ့်။

စာသင်ဟူက၊ ကျမ်းဆိုမှုကို တွေ့ကမရှောင်ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာကို၊ လိုရာရအောင်၊ ကြံဆောင်စေလျက်၊ အနက်အဓိပ္ပါယ် နှုတ်ငယ်ရွရွ ထားချေမှတည့်၊ တစ်စပေါ်လျှပ်ချည်စင်သို့ သတင်ပွဲမှောက်၊ ဆိုရေးရောက်က လန့်ကြောက်မရှိ၊ သတိမြဲခိုင်၊ ကျောက်တိုင်ပမာ၊ ကေသရာသို့၊ ရှိုရှာမှဲ့လျှင်း ဆိုခင်းနည်းနာ၊ အဖြာဖြာကို မကြာနှုတ်ယှောက်၊ ခန့်ချင်ထောက်လော့၊ အံ့လောက်ဖွယ်သား...။

**သု-သုတောဟယျ-ကြားနာရာ၏။**



◆ လိုက်ပါပို့ဆောင်ပေးသည့် (ရှင်ဇောတိက)ပုံ

**စိ-စိန္တေယျ-ကြံစည်ရာ၏။**
**ပု-ပုစ္ဆေယျ-မေးမြန်းရာ၏။**
**ဘာ-ဘာသေယျ-ပြောဆိုရာ၏။**
**ဝိ-ဝိစာရေယျ-ထင်ခြင်ရာ၏။**
**လိ-လိခေယျ-ရေးသားရာ၏။**
**သိ-သိက္ခေယျ-လေ့ကျင့်ရာ၏။**
**ဓါ-ဓါရေယျ-နှုတ်ပုံအရဆောင်ရာ၏။**

### ဆရာတော်ဘုရား

### ပျံလွန်တော်မူခဲ့ပြီ

သက္ကရာဇ် ၈၆၀ ခုနှစ်တွင် ပြည်မြို့တွင် သာသနာပိုင်ဖြစ်ခဲ့ပြီး "သံဝရပျို့" ပြုစုတော်မူခဲ့သည်။

သက္ကရာဇ် ၈၉၂ခုနှစ်၊ သက်တော် (၆၂)နှစ်တွင် ပြည်မြို့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

### ရှင်မဟာရဋ္ဌသာရကို

### ပြည်ဘုရင် (သတိုးမင်းစော)

### ကျောင်းဆောက်လှူဒါန်း

သက္ကရာဇ် ၈၈၇ ခုနှစ်၊ ပြည်ဘုရင် (သတိုးမင်းစော) အင်းဝကို တိုက်ခိုက်အောင်မြင်တော်မူရာရှင်မဟာရဋ္ဌသာရကို ပြည်မြို့သို့ပင့်ဆောင်ပြီး ကျောင်း(၅)ကျောင်း ဆောက်လုပ်လှူဒါန်းတော်မူပြီး **သံဃရာဇာ**ဘွဲ့ ချီးမြှင့်ပြီး။ **ဘုရင်ထွေး** လက်ထက်တော်ခါ၌လည်း ဥယျာဉ်နှစ်ရပ်နှင့် ရွှေဗိမာန်(၃)ထပ်ကျောင်း ဆောက်လုပ်လှူဒါန်းတော်မူပါသည်။

တစ်ခါတစ်ခေါက် ပြည်မြို့ရောက်ခဲ့ရင်ဖြင့် ဆရာတော်ကြီး ဖူးမြော်ကြည်ညိုရာ အောင်မင်္ဂလာ ကျက်သရေကုန်းကျောင်းရှိ ဆုတောင်းပြည့်စေတီတော်ကြီး ဝင်ဖူးပြီးသကာလ တောတန်းဂမူလေးဖြတ်ကျော်၊ **ရွှေမောင်းတုန်းကုန်းခြေရင်း သဒ္ဓမ္မရံသီတောရကျောင်းဝန်းလေးရှေ့ ရှေးဟောင်းအင်းဝခေတ်သုံး အုတ်ကန်ကြီးရှေ့မှာ ဖူးမြော်ကြည်ညိုလေ့လာကြည့်ပါဦး**လို့ နတ်လမ်းညွှန်ပြ ရေးဖော်လိုက်ရပါသည်။ စာဖတ်ပရိသတ်အပေါင်းတို့ခင်ဗျား။

အထူးကျေးဇူးတင်လွှာ

**လိုက်ပါပို့ဆောင်ပေးသည့် ကိုရင်ဇောတိက(အောင်မင်္ဂလာကျက်သရေကျောင်း)။**

**ဆရာတော် "လက်၁သာရ" (မင်္ဂလာမောင်မယ် ရုပ်စုံအတွဲ(၆)၊ အမှတ် (၇)၊ ၁၉၉၄ခုနှစ်၊ ဇူလိုင်လ။**

အချက်အလက်များပေးတဲ့ **ဆရာအောင်ချစ်ကြည် (ကြို့ပင်ကောက်)** ကိုယ်တိုင်ကွင်းဆင်း လေ့လာမှု အစုအစုကို ရင်မှာထာဝရ မမေ့သောအားဖြင့်...

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။***

**ရွှေမှော်ဗြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ ၊ ၁၁၀၆၇၂) (တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ ခေါင်းခေါင်း မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။" "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်၊ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့..အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုးခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(ည/၉)၊ ဘုတာလမ်း ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆ ၂၉၁၊ ၀၉ ၄၇၃ ၂၂ ၁၃**

www.burmeseclassic.com

# ၁၃၇၉ ခုနှစ်မှာ ကံအကောင်းအဆိုး ဘယ်လိုရှိမလဲ

ကောင်းမြင့်မြတ်စိန်



ကောဇာသက္ကရာဇ် ၁၃၇၉ ခုနှစ်မှာ ကံအကောင်းအဆိုး ဘယ်လို ဖြစ်မလဲ လူတိုင်း သိချင်ကြမှာပါ။ ကျွန်တော်ဟာ မြန်မာ့ရိုးရာ မဟာဘုတ်ဗေဒင် ပညာနဲ့ ဆန်းဗေဒင်ပညာကို အစဉ်တစိုက် လေ့လာသုတေသန ပြုခဲ့ပါတယ်။ ဟောပြောခဲ့ပါတယ်။ ဆောင်းပါးတွေလဲ ရေးခဲ့ပါတယ်။


ယခု ၁၃၇၉ ခုနှစ် အတွက်လဲ အချိန်ပေး လေ့လာသုံးသပ်ပြီး ကျွန်တော့်ရဲ့ တွေ့ရှိချက်ကို တင်ပြပေးပါမယ်။

ကျွန်တော် လေ့လာသတိထားမိတဲ့ အချက်တွေကတော့ ကံကောင်းတဲ့ သူတွေမှာလဲ ဆက်တိုက် ကံကောင်းကြပါတယ်။ (၂)နှစ်ဆက်တိုက်,(၃)နှစ် ဆက်တိုက် ကောင်းတဲ့သူတွေရှိသလို၊ ဆက်တိုက် ရှိသလို (၃)နှစ်,(၄)နှစ်နဲ့ (၅)နှစ်ဆက်တိုက် အထိတောင် ကံညံ့နေတဲ့သူတွေလဲ ရှိနေတာ လေ့လာတွေ့ရှိရပါတယ်။ အလွန်အသုံးဝင် အကျိုးများစေတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ခုနှစ်နေ့ ခုနှစ်နံ မွေးနေ့များ၊ နာမည်များကို **မဟာဘုတ်ပညာ၊ နာမက္ခရဆန်းပညာတို့နဲ့** တွက်ချက်ညှိနှိုင်း လေ့လာခဲ့တာ ဖြစ်ပါတယ်။

## ၁၃၇၉ ခုနှစ်

** * *[နံပါတ်-၁]*




ဆက်တိုက် ကံကောင်းသူတွေ၊ ဆက်တိုက် ကံညံ့သူတွေကတော့ မွေးနံတစ်ခုတည်း မှည့်ခေါ်သူများ၊ နာမည်အရင်းလုံး,အဖျားလုံး နံတူသူများနဲ့ ပက္ခအမြင်ဆိုးနေတဲ့ နာမည်ရှင်များ ဖြစ်ကြပါတယ်။ **ဥပမာ...**

(က)မွေးနံ (သို့မဟုတ်) နံတစ်ခုတည်း နာမည်များ။***(ကိုကျော်၊ မအေး။ မောင်ဇော်၊ မလင်း။ ဦးမြ၊ ဒေါ်သိန်း။ ကိုတိုး)***

(ခ)နာမည်အရင်းလုံး,အဖျားလုံး တူသူများ။***(အေးအေး။ ကိုကို၊ ဆွေဆွေ၊ ဝါဝါ၊ မိုးမိုး။ တင့်နိုင်၊ ဟံသိန်း)***

(ဂ)ပက္ခနာမည်များ***(အမြင်ဆိုး။ အောက်ထိုး ဖြစ်နေ)***


** * *[နံပါတ်-၂]*


**(က) မွေးနံ(သို့မဟုတ်) နံတစ်ခုတည်း နာမည်များ...**


ကောဇာမဟာဘုတ်တွင် အထွန်းဌာနရှိ မွေးနံ(သို့မဟုတ်)နာမည်များဟာ (၃)နှစ်ဆက်တိုက် ကံကောင်းကြပါတယ်။ အောက်ပါ မဟာဘုတ်များကို လေ့လာကြည့်ပါ။

ယခု ၁၃၇၉ ခုနှစ်မှာ အထွန်းဌာနမှာရှိနေတဲ့ ၆-ကြာ သားသမီးများ၊ သောကြာနံဖြင့် မှည့်ခေါ်သူ နာမည်များဟာ ယခုနှစ်မှစ၍ (၃)နှစ်ဆက်တိုက် ကံကောင်းကြပါလိမ့်မယ်။ အောက်ပါ မဟာဘုတ်ခွင်များမှာ (*)နဲ့ ပြထားပါတယ်။

www.burmeseclassic.com




*** *[နံပါတ်–၃]*

**(ခ)အရင်းလုံးနဲ့အဖျားလုံး နံတူ နာမည်များ...**

ယခု ၁၃၇၉ ခုနှစ်မှာ ၆–ကြာနံဖြင့် အရင်းလုံးရော အဖျားလုံးပါ မှည့်ခေါ်ထားသော နာမည်များဟာ (၃)နှစ်ဆက်တိုက် ကံကောင်းနေမှာ ဖြစ်ပါတယ်။

**ဥပမာ** – သီဟ၊ သန္တာသော်၊ သော်သော် စသည်...

**(ဂ) ပက္ခနာမည်များ (ပက္ခဖောက်ထိုး,အမြင်ဆိုးနေသော နာမည်များ)**

*** *[နံပါတ်–၄]*

အထက်ပါပုံတွေကို လေ့လာကြည့်မယ်ဆိုရင် **(၅+၀)နာမည်ဟာ** ၁၃၇၈ ခုနှစ်နဲ့ ၁၃၇၉ ခုနှစ် (၂)နှစ်ဆက်တိုက် ညှံ့နေပါတယ်။ ဖောက်ထိုးဖြစ်နေလို့ အစစအရာရာ သတိထားသင့်ပါတယ်။

**(၆+၁)နာမည်** ဆိုရင်လဲ ၁၃၇၉ ခုနှစ်နဲ့ ၁၃၈၀ ပြည့်နှစ်မှာ နာမည် ဖောက်ထိုး ဖြစ်နေတာ တွေ့ရပါတယ်။

**(၅+၀)**ဆိုတာ ၅–တေးနံနဲ့ စနေနံ တွဲမှည့်တဲ့နာမည် **(မိုးနိုင်၊ မြင့်နွယ်၊ ဖြိုးဖြိုးထက်)**၊

**(၆+၁)**ကတော့ သောကြာနံနဲ့



၁–နွေနံတွဲနာမည် **(သူဇာအောင်၊ သိန်းအောင်၊ သော်တာဦး)**


နာမက္ခရတိုင်မှာ လက်ဝဲဂြိုဟ်တွေနဲ့ လက်ယာဂြိုဟ်တွေဟာ ဆန့်ကျင်တဲ့ ပက္ခသဘော ဆောင်ပါတယ်။ ဖောက်ထိုးဖြစ်ရင် ပိုဆိုးပါတယ်။

**၁၃၇၉ ခုနှစ်** နာမက္ခရတိုင်မှာ ၄–ဟူးနဲ့ ၁–နွေ ဂြိုဟ်တွဲ နာမည်ဟာ ပက္ခဖောက်ထိုး ဖြစ်ပါတယ်။

**၁၃၈၀ ပြည့်နှစ် နာမက္ခရတိုင်** ကြည့်လိုက်ရင်လဲ (၄+၁)နာမည်ဟာ လက်ဝဲ,လက်ယာ ဂြိုဟ်ပက္ခဖောက်ထိုး ဖြစ်နေပါတယ်။

**(၂)နှစ်ဆက်တိုက် ညှံ့နေတာ** တွေ့ရလို့ အဲဒီ (၄+၁)နာမည်**(ဝင်းဦး၊ ဝါဝါအောင်၊ ရဲအောင် စတဲ့ နာမည်များ)** အထူးသတိထားရပါမယ်။

* * *





ထို့အတူ (၅+၂)အတွဲ နာမည်ဟာလဲ **(၂)နှစ်ဆက်တိုက် နာမည် ဖောက်ထိုး** ပက္ခညှံ့နေပါတယ်။ **(မေသင်းနိုင်၊ မျိုးခင်၊ မောင်မောင်**

www.burmeseclassic.com

**ကြည်၊ မြတ်နိုးခင် စသော နာမည်များ)**

ပြီးတော့ **(၁+၀)အတွဲ နာမည်ဟာ** လဲ (၂)နှစ်ဆက်တိုက် ညှိနေတာတွေ့ရပြန်ပါတယ်။

* * *





**ဥပမာ-(၁+၀)နာမည်** အောင်ထွန်း၊ ကျော်ထွန်း၊ အုံနေထွန်း၊ အေးအေးနွယ်။

နောက်ထပ် (၂)နှစ်ဆက် ညှိတာကတော့ **ပုတိဌာနက နာမည်တွေပါပဲ။** ၁၃၇၉ ခုနှစ်မှာ ၁-နေ့ဟာ ပုတိမှာရှိပါတယ်။ ၁၃၈၀ ပြည့်နှစ်မှာတော့ ၁-နေ့ဟာ ဘင်ရောက်သွားပါတယ်။ အလွန်ညှိပါတယ်။ **(ကိုအောင်၊ ဒေါ်အေး၊ အေးအောင်၊ ကျော်နွယ်ဦး၊ အောင်မြင့်ဦး...)**

**(ဃ) ၂-နှစ်ဆက်တိုက် ကံကောင်းမည့် နာမည်များ၊ မွေးနေ့များလဲ ရှိပါတယ်။**

၁၃၇၉ ခုနှစ်မှာ (၅+၆) နဲ့ (၄+၆) နာမည်တွဲများနဲ့ ၅-တေးနံ တစ်ခုတည်း နာမည်များ ဖြစ်ပါတယ်။ မွေးနံရာဇ ရှိသူလဲ (၂)နှစ်ဆက်တိုက် ကံကောင်းနိုင်ပါတယ်။

* * *




**(၅+၆)**နာမည်=မြင့်သိန်း၊ မေသော်၊ ဗဟိန်း၊ မင်းသီဟ၊ ပပသော်...

**(၄+၆)**နာမည် = ရဲသွင်၊ ရန်သိန်း၊ ဝါဝါဟန်၊ ဝတ်မှုံသင်း...

**၆-ကြာ**နာမည်များ = သင်းသင်း၊ သီဟ၊ ဟေမာဟိန်း၊ ဟိန်းသူ...


**၅-တေး**နာမည်များ = မောင်မောင်၊ မျိုးမင်း၊ ဖြူဖြူ၊ ဖူးပွင့်မေ၊ ဖြိုးဖြိုး...

**(င) ၃-နှစ် ဆက်ပြီး ညှိနေသူတွေကတော့ သိုက်ဌာနမှာရှိတဲ့ နာမည်ရှင်တွေပဲ ဖြစ်ကြပါတယ်။**

မွေးနံ(သို့မဟုတ်)နံသင့် တစ်ခုတည်း မှည့်ထားတဲ့ နာမည်တွေဟာ သိုက်ဌာနမှာ ရောက်တဲ့နှစ်မှာ များသောအားဖြင့် ခက်ခဲကျဉ်းကျပ်နေလေ့ရှိပါတယ်။

အတွေးအခေါ်များ၊ လုပ်များကိုင်များဖြစ်တတ်ပါတယ်။ သိုက်ဌာနရောက်ပြီးရင် နောက်နှစ် ပုတိရောက်မယ်။ ပြီးရင် ဘင်ကို ရောက်သွားပါတယ်။

* * * *[နံပါတ်-၅]*




၁၃၇၉ ခုနှစ်မှာ ၂-လာဟာ သိုက်မှာရှိနေပါတယ်။ (၃)နှစ် ဆက်ပြီး ညှိဖို့ရှိနေပါတယ်။ ၂-လာသားသမီးများ၊ ၂-လာနာမည်များ (ကျော်ကျော်၊ ကျော်ခိုင်၊ ကြူကြူခိုင်၊ ခေမာခင်) ယခုနှစ်မှာ* ဘာသာရေးကိစ္စများ၊ ကောင်းမှုကုသိုလ်များ ပြုလုပ်သင့်ပါတယ်။ အထူးလုပ်သင့်တာကို အကြံ

ပေးတာပါ။

**(စ) မွေးနံဟာ မရဏမှာ ရှိနေရင်၊ နာမည်ဟာ မရဏမှာရှိနေရင်၊ (၄)နှစ်ဆက်တိုက် ညှိတတ်ပါတယ်။**

အထက်ပါ ၁၃၇၇ ခုနှစ် မဟာဘုတ်မှာဆို ၁-နေ့ဟာ (၄)နှစ်ဆက် ညှိနေတာ တွေ့ရပါမယ်။ အေးအေးတို့၊ အောင်အောင်တို့လို ၁-နေ့ နာမည်တွေ ဖြစ်ပါတယ်။

**(ဆ) ၅-နှစ်ဆက် ညှိတာကတော့ အဓိပတိဌာနမှာရှိတဲ့ နေ့နံ နာမည်ရှင်တွေပါပဲ။**

မွေးနံဟာ အဓိပတိမှာ ရှိနေချင် အဲဒီနှစ်မှာ လူလဲ မတည်ငြိမ်၊ စိတ်လဲ မတည်ငြိမ်တတ်ပါဘူး။ လှုပ်ရှားပြောင်းလဲမှုတွေ များမယ်။ မာန်မာန ထောင်လွှားတတ်၊ ကြွားဝါမိတတ်ပါတယ်။

ဒီလို အမှားမျိုးတွေ လုပ်နေရင်တော့ လာမယ့်နှစ်တွေမှာ ဆက်တိုက်ညှိသွားတတ်ပါတယ်။

၁၃၇၇ ခုနှစ်မှာ ၂-လာဟာ အဓိပတိမှာရှိပါတယ်။ ၁၃၇၈ ခုနှစ်မှာ ၂-လာဟာ မရဏမှာရှိပါတယ်။ ယခု ၁၃၇၉ ခုနှစ်မှာတော့ တနလာဟာ သိုက်ထဲရောက်နေပါပြီ။ ဒါပေမယ့် ၁၃၈၀ ပြည့်နှစ်မှာတော့ ပုတိရောက်သွားပါတယ်။ ၁၃၈၁ ခုနှစ်မှာ ဘင်ဌာနကို ရောက်သွားပါတယ်။ ဆက်တိုက်




www.burmeseclassic.com

www.burmeseclassic.com

ညှိနေတာ တွေ့ရပါတယ်။

* * *





၁၉၈၀ ခုနှစ်

ဒါပေမယ့် ၂–လ်ာဟာ ဘင်္ဂရောက် ပြီးရင်တော့ နောက်ထပ် (၃)နှစ် ဆက်တိုက် ကံကောင်းပါလိမ့်မယ်။

**(ဈ) ယခု ၁၃၇၉ ခုနှစ်မှာ တစ်နှစ်တည်း ညှိနေသူတွေကတော့ တိုင်ခြေမြေလူး နာမည်တွေပါ။**

* * *




တင်အောင်, နန်းနန်းအေး စသော **(၁+၀)နာမည်များ။**

အောင်နိုင်, အေးအေးနွယ် စသော **(၀+၁)နာမည်များ။**

ပြီးတော့ **(၃+၀)**နာမည် (စိုးနိုင်, ခွေခွေထွန်း)၊ **(၀+၃)**နာမည်(တင်စိုး, ထက်ထက်ဇော်)၊

ပြီးတော့ **(၃+၁)နဲ့(၁+၃)**နာမည်များ (စိုးအောင်, စမ်းစမ်းအေး)၊ (အေးစံ, အောင်စိုး, အောင်အောင်ချမ်းညိမ်း, ကုဗြာခွေ)

**(ဈ)ပက္ခနာမည်၊ ပက္ခဖောက်ထိုး နာမည်၊ နာမည်ဖောက်ထိုးတွေ ဒီနှစ် ညှိပါမယ်။**

* * * ⟶

**(၆+၁)နဲ့(၁+၆)**နာမည် (သိန်းအောင်, အေးအေးသင်း)၊



**(၄+၃)နဲ့(၃+၄)**နာမည် (ဝင်းခွေ, ညိုညိုဝေ)၊

**(၂+၅)နဲ့(၅+၂)**နာမည် (ခင်မောင်မျိုး, မေသင်းခိုင်)

**နာမည်ဖောက်ထိုးများ**


* * *




**(၆+၃)နာမည်**(သင်းသင်းခွေ, သီဟာစံ)

**(၆+၂)နာမည်**(သုခ, သန္တာခင်)

**(၆+၀)နာမည်**(သန္တာ, သန်းထွန်း)




**(၅+၃)နာမည်များ**(ဖြူစင်, မခွေ)

**(၅+၁)နာမည်များ**(ဖူးပွင့်ဦး, မျိုးအောင်)


**(၅+၀)နာမည်များ**(ဖြိုးဖြိုးနိုင်, မန်းတင်)




**(၄+၂)နာမည်များ**(ဝင်းနိုင်, ဝတ်မှုံခင်)

**(၄+၁)နာမည်များ**(ဝင်းဝင်းအေး, လှအောင်)


**(၄+၀)နာမည်များ**(လှထွန်း, ဝါဝါထွန်း)





**(၂+၁)နာမည်များ**(ကြည်အောင်, ကြင်နာဦး)

**(၂+၀)နာမည်များ**(ကြင်နာမြတ်နိုး, ကျော်နိုင်)

**(၂+၃)နာမည်များ**(ကြည်ခွေ, ကျော်ခွေ, ခင်သူဇာ)





ပက္ခနာမည်




ပက္ခဖောက်ထိုးနာမည်

**(ည)၁၃၇၉ ခုနှစ်မှာ ကံကောင်းတဲ့ နာမည်တွေကတော့...**

* * *




၆–ကြာနံ နာမည်ကတော့ အထက်မှာ ဖော်ပြပြီး ဖြစ်ပါတယ်။

(၅+၆)နဲ့ (၄+၆) နာမည်အတွဲကိုလဲ အထက်မှာ ဖော်ပြပြီး ဖြစ်ပါတယ်။ ယခု ထပ်မံ ဖော်ပြလိုတာကတော့ (၆+၅)နဲ့(၆+၄)နာမည် တွဲလဲ ဒီနှစ်မှာ ကောင်းမှာ ဖြစ်ပါတယ်။ **(၄+၅)နဲ့(၅+၄)** နာမည်များလဲ ကံကောင်းမယ့်နှစ်ပါ။ ပြီးတော့ **(၂+၄)**နာမည်များလဲ ဒီနှစ် ကံကောင်းပါလိမ့်မယ်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစာဖတ်ပရိသတ်များ အနေနဲ့ ခုနှစ်နေ့ နံသင့်အက္ခရာတွေ နာမည်တွေကိုသိပြီးဖြစ်လိမ့်မယ်လို့ယူဆတဲ့အတွက် နေ့နံသင့်အက္ခရာတွေကို မဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဆောင်းပါး ရှည်လျားရင်လဲ မကောင်းဘူး။ ဒါကြောင့် တခန်းနိုင်သမျှ လိုရင်းကိုသာ ရေးသားတင်ပြရတာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ အထက်ပါအတိုင်း

နာမျက်နှာ (၁၁၉) သို့


www.burmeseclassic.com

www.burmeseclassic.com

# မြွေပွေးနှင့် တောကတောမြွ

ရဲအိုးသူ (ဗောဓိမြိုင်)
ဘောင်ငူမြို့







မြန်မာ တိုင်းရင်းဆေးလောကတွင် နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဟူသော စကားသည် လူသိများပါ၏။ သို့သော် ထိုနွယ်မြက်သစ်ပင်များသည် သုံးတတ်သူများအတွက် ဆေးဖြစ်စေပြီး မသုံးတတ်ပါမူ ဘေးကို ဖြစ်စေပါ သည်။

လောကအမြင်အရ စတုမဓုပင် ဖြစ်ပါစေ အသုံးချတတ်သူအဖို့ ဆေးဖြစ်၍ အသုံးမချတတ်သူအတွက် ဘေးဖြစ်ပြန်သည်။

ထိုနည်းတူ အဆိပ်ပင် ဖြစ်ပါစေဦးတော့ သုံးတတ်လျှင် ဆေးဖြစ်၍၊ မသုံးတတ်ပါက ဘေးကို ဖြစ်စေသည်ဟု တင်ပြလိုပါသည်။

နောက်တစ်ချက်မှာ လောကအား ဖရိုဖရဲ မပြိုကွဲမပျက်စီးရန်ကား မေတ္တာပင် ဖြစ်ပါသည်။ တစ်ဦးပေါ် တစ်ဦး မေတ္တာရှေ့ထား နေသမျှကာလ တစ်လျှောက်လုံး လောကကြီး အေးချမ်းသာယာငြိမ်းချမ်းနေမည် ဖြစ်ပါသည်။

ထိုသဘောအရ မေတ္တာရှေ့ထား စေတနာအပြည့်အဝဖြင့် ကုသပေးသည် ဆေးအသိအတတ်တို့သည် ရောဂါဝေဒနာကို ပျောက်ကင်းစေရန် အကြောင်းခံသာ ဖြစ်ပါသည်။

ဖြူစင်သော မေတ္တာကို အခြေခံကာ ချစ်ခြင်း သုံးမျိုးရှိကြောင်း လေ့လာမိရာမှ သူတော်စင်ပုဂ္ဂိုလ်တို့၏ လောကသားတို့အား မြင့်မြတ်သော ချစ်ခင်ခြင်းသည်လည်း ချစ်ခြင်းတစ်မျိုး၌ ပါဝင်နေမည်ဟု ယုံကြည်မိပါသည်။

အစိုးရဝန်ထမ်းဘဝ တာဝန် ထမ်းဆောင်ရင်း မြို့ပြတို့နှင့် ဝေးကွာလှသည့် တောရွာလေးများသို့ သွားရောက်ရောက်ခဲ့ဖူးပါသည်။

လေ့လာမိသမျှ တောသူတောင်သားတို့ဘဝမှာ အလုပ်အကိုင် ပင်ပန်းဆင်းရဲကြသည့်အပြင် အသိပညာဗဟုသုတပိုင်းမှာလည်း မြို့နေလူများလောက် မကျယ်ပြန့်ပါ။

လွန်ခဲ့သော (၉)နှစ်ခန့်က ကလေးမြို့တွင် တာဝန်ကျစဉ် ကလေးမြို့နှင့် ကလေးဝမြို့ကြား ကားလမ်း နံဘေးရှိ ကွန်ပျူတာတက္ကသိုလ်ဘေးမှ ၎င်း၏ ညာဘက်အတိုင်း သွားရသည့် ချောင်းဆုံရွာငယ်လေးသို့ ရောက်ခဲ့ဖူး

www.burmeseclassic.com

ပါသည်။

ရွာလေးမှာ ကားလမ်းနှင့် (၁၀)မိုင်မျှ ဝေးကွာ၍ လူအသွားအလာ နည်းပါးပြီး ခေါင်ပါးလှပါသည်။

ထိုရွာသို့ ရောက်နေစဉ် အမှတ်မထင် လူ့အသက်တစ်ချောင်းကို အချိန်မီ ကယ်တင်နိုင်ခဲ့သည့် ဆေးပင်တစ်ပင်အကြောင်း သိခွင့်ရခဲ့ပါသည်။

'ကိုသာအောင် ဖိုးတိုး ပိုးထိလို့'

'ဘာမြွေကိုက်တာလဲ'

'မြွေပွေးဝါးခုတ်ရင်းဖြစ်တာ'

ရွာလေးမှာ အိမ်ခြေ(၅၀)မျှသာရှိပြီး ရွာသားအများစုမှာ ဝါးခုတ်ဖောင်မျော ခြင်း၊ ရေနံ့လက်ယက်တွင်းတူးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများ ဖြစ်သည်။

မိုးတွင်းကာလဆိုလျှင် ချောင်းများ ရေစီးသန်၍ သွားလာရန် ခက်ခဲလှပါသည်။ ယခုလည်း မြွေပွေးကိုက်သည်ဟု ရွာလူကြီးဦးသာအောင်အား ရွာသားတစ်ဦး လာပြောလေသည်။

'အခု ဖိုးတိုးကို ခေါ်လာပြီလား'

'ပုခက်နဲ့ ထမ်းလာပြီး နောက်မှာ ပါလာတယ်'

'ဒါဆို ဘရသေ့ကျောင်း ငါသွားနှင့်ပြီး ကြိုလျှောက်ထားမယ်'

ရွာလူကြီး ကိုသာအောင်နှင့်အတူ ကျွန်တော်ပါ ရသေ့ကြီးရှိရာ ကျောင်းသင်္ခမ်းလေးဆီသို့ ရောက်ခဲ့ပါသည်။ ရသေ့ကြီးအား ဦးခိုက်ကန်တော့လိုက်ကြသည်။

'ဒကာကြီးတို့ ဘာကိစ္စရှိလဲကွယ့်'

'ဖိုးတိုး ပိုးထိလို့ပါဘုရား၊ ဘရသေ့ကြီး ကယ်ပါဦး'

'ဘာမြွေများလဲ ဒကာကြီး'

'မြွေပွေးပါ ဘုရား'

ရသေ့ကြီး၏ တည်ငြိမ်အေးဆေးသည့် မျက်နှာတော်အား ဖူးတွေ့ရပါသည်။ ကျောင်းသင်္ခမ်းဟုဆိုသော်လည်း ဝါးတဲလေးတစ်လုံးသာ ဖြစ်ပါသည်။



▲ အရွှသုဓပင် အနီးကပ်

နောင်မှ သိရသည်က ရသေ့ကြီးသည် သီလ,သမာဓိ,ပညာဖြင့် ပြည့်စုံပြီး ခြိုးခြံစွာနေထိုင်၍ သမထအကျင့်မြတ် အားထုတ်နေသည်ဟု သိရပါသည်။

'ဒကာကြီးတို့ ခဏထိုင်ကြဦး'

'တင်ပါ့ ဘုရား'

ရသေ့ကြီး ကျောင်းသင်္ခမ်းလေး အောက်ဆင်းသွားပြီး ဆေးပင်လေး၊ ငါးပင် အားကိုင်၍ ပြန်လာကာ...

'ဒကာကြီးဦးသာအောင် ဒီဆေးပင်တွေကို ရေစင်အောင် ဆေးလိုက်'

'တင်ပါ့ ဘုရား'

ထိုအချိန် ပိုးထိလူနာ ဖိုးတိုးအား စောင်ပုခက်ဖြင့် ထမ်းခေါ်လာတော့သည်။ ဖိုးတိုး ပိုးထိဒဏ်ရာကြောင့် တဟင်းဟင်း ညည်း၍နေလေသည်။

ပိုးထိပြီးဆိုသော အသိကြောင့် လူနာနှင့် ရွာသားများ၏ မျက်နှာများ အလွန်ညှိုးငယ်နေကြောင်း သတိပြုမိပါသည်။

'ဆေးကျောက်ပျဉ်မှာ အသေအချာ ကြိတ်လိုက် ဒကာကြီး'

'တင်ပါ့ဘုရား'

'ကြေညက်ရင် ကြွေပန်းကန်လေးထဲ ထည့်ပြီး ယူခဲ့'

ရသေ့ကြီးကိုယ်တိုင် ပိုးထိဒဏ်ရာကို ကြည့်၍ သွေးများ ရသမျှ ညှစ်ထုတ်အပြီး အနာဝပေါ်သို့ ဆေးပင်၏ ပဥ္စငါးပါးသတ္တုရည်စိမ်း ညှစ်ချပေးကာ အနာအပေါ် ဆေးဖတ်များ အုပ်ပြီး အဝတ်စည်းပေးတော့သည်။ ပြီးနောက်...

'ဖိုးတိုး'

'တင်ပါ့ ဘုရား'

'ဒီဆေးကို ရအောင်ဝါးပြီး မျိုချလိုက်'

'တင်ပါ့ ဘုရား'

'ဘာမှ မစိုးရိမ်နဲ့ ပျောက်ပြီ၊ ဟုတ်ပြီလား'

'တင်ပါ့ ဘုရား'

ကျွန်တော့်စိတ်တွင် ထင်မိသည်က စိတ်မချရဘူးဆိုသော အသိသာဖြစ်သည်။ သို့သော် ကာယကံရှင်ဖိုးတိုး တစ်ယောက် အသက်မဆုံးရှုံးရသည်က လက်တွေ့သာ ဖြစ်ပါတော့သည်။

မိမိကိုယ်တိုင် တိုင်းရင်းဆေးဝါးနှင့် ဆေးပင်တို့အား အထင်မကြီးခဲ့ပါ။ (၁)နာရီဆိုသော အချိန်ကာလအတွင်း ဖိုးတိုးဝေဒနာ ချက်ချင်း သိသာလာ၍ ရွာသားများ၏ မျက်နှာများ အပြုံးရိပ်တို့ သန်းလာလေတော့သည်။ ယခုကား လက်တွေ့အမှန်ပင် ကြုံခဲ့ရသည်ဖြစ်၍ အံ့ဩလှစွာ စိတ်ဝင်စားခြင်းဖြစ်တော့သည်။

'ဘရသေ့ဘုရား ဆေးပင်အမည်



www.burmeseclassic.com

www.burmeseclassic.com

သိခွင့်ရှိမလား ဘုရား'

'သိရပါတယ် ဒကာကြီး၊ အများ သိအောင် ပြောခွင့်လဲ ရှိပါတယ်'

'တင်ပါ့ ဘုရား'

'ဒီအပင်ကို ရသေ့သိတာက "တောမားပြ" ပင်လို့ ခေါ်တယ်'

ရသေ့ကြီး ဆေးပင်အကြောင်း ရှင်းပြပါသည်။ မြန်မာနိုင်ငံအနှံ့အပြား တွင် ပေါက်ရောက်ကြောင်း၊ သိထား သူအတွက် လက်တလောကြုံတွေ့ရ တတ်သည့် ပိုးထိသည့် အန္တရာယ်ကို ကာကွယ်နိုင်နင်းပြီး လူ့အသက်ကို ကယ်နိုင်ကြောင်း...

လမ်းဘေးတွင် ပေါက်တတ်သော် လည်း အဖိုးတန်ဆေးပင်ဖြစ်၍ အိမ် တွင်မှာ စိုက်သင့်ကြောင်းမိန့်ပါသည်။

'အခြားရောဂါတွေရော ပျောက် သေးလား ဘုရား'

'ဒကာကြီး ဆေးကျမ်းက ပြထားတာ‌ေ‌ဌ မှာ ပျောက်ကင်းစေတဲ့ ရောဂါတွေ များသား ပဲ။

အသေအချာ ပျောက်တာက အဆိပ်ရှိတဲ့ တိရစ္ဆာန်တွေဖြစ်တဲ့ မြွေ ကင်း ပတ္တူ ပျား ပုရွက်ဆိတ်၊ ပိုးမွှားတွေ ကိုက်ရင်တော့ အရွက်ကို ဝါးပြီး အနာကို အုံလဲအုံ၊ မျိုလဲ ချတာနဲ့ အသေအချာ ပျောက်ကင်းစေပါ တယ်။ ဒီဆေးပင်နဲ့ ရသေ့ ကယ်ခဲ့တဲ့ လူ့ အသက် မနည်းတော့ဘူး'

ကျွန်တော် ရသေ့ကြီးနှင့် စကား ကြာရှည်စွာ ပြောခဲ့ပါသည်။ ရသေ့ကြီး ဘွဲ့တော်မှာ **ရသေ့ကြီးကောဝိဒ** ဖြစ် ပါသည်။

**ယခင်ကာလ မဟာမြိုင်တောအစပ် သဗ္ဗာယ်ချင်းရွာတွင် နေထိုင်သီတင်းသုံး ခဲ့ပြီး ချောင်းဆုံရွာသို့ ပြောင်းရွှေ့သီတင်း သုံးသည်မှာ (၆)နှစ်ခန့် ရှိပြီဟုသိရပါသည်။**

ရွာသားများသည် ရသေ့ကြီး၏ ဆွမ်းအလှူရှင်များ ဖြစ်သည့်အတွက် အမြဲ နေ့စဉ်နေ့တိုင်း တစ်ရွာလုံးအား မေတ္တာပို့သခြင်းကို ထိထိရောက် ရောက် ပြုလုပ်ကြောင်း ကျန်းမာရေး အခက်အခဲရှိတိုင်း မေတ္တာကို အဓိက အကြောင်းခံကာ သွားပြုပြီး ကုသပေး ခဲ့၍ ရွာသားများ ခံစားကြရသည့် ရောဂါဝေဒနာတို့ ပျောက်ကင်းချမ်းသာ ရကြသည်ဟု ချောင်းဆုံရွာမှ ရသေ့ကြီး အကြောင်း မှတ်သားခဲ့ရပါသည်။

ကျွန်တော်နှင့်အသိ အကျွမ်းဝင် မိတ်ဆွေ သူငယ်ချင်းများ တောနေ ရွာသူရွာသားများအား တောမားပြ အပင်အကြောင်း ကြုံသလို ပြောပြခဲ့ဖူး ပါသည်။

တိုးတက် လာသည်နှင့်အမျှ တိုင်းရင်းဆေးပင်များအား သုတေသန ပြုလုပ်ကြရာတွင်"**တောမားပြပင်**"ကို "**ဒန္တသုခ**"**ပင်**ဟုလည်း ခေါ်ဆို ကြောင်း သိပ္ပံအမည်ဖြင့် "Conyza einercal"ဟု သတ်မှတ်ထားကြောင်း ဖတ်ရှုမှတ်သားရတော့သည်။

အပင်အရွယ်မှာ (၆)လက်မမှ (၃) ပေအထိ ရှိသည်ဟုလည်း ဆိုပါသည်။ အပွင့်မှာ ခရမ်းရောင် အပွင့်လေးများ ဖြစ်ပါသည်။

ထို့ကြောင့် တောမားပြပင် (ခေ) ဒန္တသုခပင်မှ ပင်စည်၊ အရွက်၊ အပွင့်၊ အသီး၊ အမြစ်ပဉ္စငါးပါးလုံး ဆေးအသုံး ဝင်ပြီး တောရွာနေ လူအများ ကြုံတွေ့ ရတတ်သည့် မြွေပွေး၊ မြွေဟောက်နှင့် အခြားအဆိပ်ရှိ သတ္တဝါများကိုက်ခြင်း၊ ထိုးခြင်းခံရပါက မှတ်မှတ်ထင်ထင် အချိန်မီသုံးစွဲနိုင်စေရန် မေတ္တာရှေ့ ၍ တင်ပြရေးသားလိုက်ပါသည်။

***ကျေးဇူးတော်ရှင် မဟာမြိုင်ဆရာ တော်ကြီးအား အာရုံဖြင့် ဦးခိုက်လျက်...***

**ရဲမျိုးသူ(မောဝိမြိုင်)**
**တောင်ငူမြို့**

**စာမျက်နှာ (၁၁၆)မှ အဆက်**

မြန်မာ့ရိုးရာ မဟာဘုတ်ပညာ၊ နာမက္ခရပညာများနဲ့ ခုနစ်နေ့သားသမီး များရဲ့ ကံအကောင်းအဆိုးတွေကို လေ့လာတဲ့အခါ ကျွန်တော်တို့ လူသား တွေဟာ အမြဲတမ်းလဲ ကံဆိုးမနေပါ။ အမြဲတမ်းလဲ ကံကောင်းမနေတာကို သတိထားမိလာပါတယ်။

လောကဓံရှစ်ပါးနဲ့ အမြဲထိတွေ့ ဆက်ဆံနေကြရသူတွေ ဆိုတာ နားလည်မိရပါတယ်။ တချို့လူတွေဟာ အကောင်းလောကဓံတွေနဲ့ ကြုံရပေ မယ့် အကောင်းဒဏ် မခံနိုင်၊ ဇိမ်ခံ လောင်းကစား ထောင်လွှားပြီး ပျက်စီး လေ့ ရှိကြပါတယ်။

အဆိုးလောကဓံ ကြုံရပေမယ့်လဲ အချို့လူတွေက အဆိုးထဲက အကောင်းဖြစ်အောင် လုပ်နိုင်စွမ်းကြ တာကိုလဲ တွေ့မြင်ရပါတယ်။

**ဒါကြောင့် တပတ်ပရိသတ်ကြီးကို အကြံပေးလိုတာကတော့ ဒီနှစ်ဟာ ကံကောင်းတဲ့နှစ်ဖြစ်သလို ကံဆိုးတဲ့နှစ် ဖြစ်လေ "မိမိကိုယ်သာ ကိုးကွယ်ရာ" ဆိုတဲ့ ဗုဒ္ဓရဲ့ အဆုံးအမကို လက်ကိုင်ထား ကာ ဒီ ၁၃၇၉ ခုနှစ်ကို ဖြတ်သန်းသွား ပါလို့ တိုက်တွန်းအပ်ပါတယ်။**

ကံ,ဉာဏ်,ဝီရိယကို သတိတရားနဲ့ ထိန်းညှိပြီး အတ္တ,ပရ မျှတအောင် ကြိုးစားကြပါစို့လို့လဲ နှိုးဆော်လိုပါ တယ်။ ဘုရား,တရား,သံဃာလဲ မမေ့ သင့်ပါဘူး။ မိဘ,ဆရာတို့လဲ မမေ့ဘဲ ပြုစုကူညီထောက်ပံ့မယ်ဆိုရင် ပစ္စုပ္ပန် ကံတွေ ကောင်းနေလို့ ကံအညံ့တွေ ပျောက်ပြယ်လွင့်စဉ်သွားကြမှာပါ။

"**အတ္တ သမ္မာ ပဏိဓိစ**" မင်္ဂလာနဲ့ အညီ "**မိမိကိုယ်ကို ကောင်းအောင် ထိန်းလို့ မတိမ်းစေနှင့် ဆောက် တည်လေ**"လို့လဲ နေထိုင်ကျင့်ကြံ သွားကြဖို့ အလေးအနက် အကြံပြုအပ် ပါတယ်။

**ကောင်းမြင့်မြတ်နိုင်**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၁၁၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူးဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

သာဝကပရိသတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ အလင်းရောင် ထွန်းပြောင်စေသော
မီးအိမ်ရှင် မဟာရင်ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု

ခင်ခင်ဝင်း
(မော်ရဝတီ)

# ဘဒ္ဒန္တ အာဒိစ္စမဟာထေရ်ကြီး (၁)

'ကတိုးမဟာရင် ဆရာတော်ကြီး ငွေမိုးမှာ ဆေးကုသခံနေတယ်'

(၉-၁-၂၀၁၇) နံနက်(၉)နာရီမှာ ကြားရသောသတင်းဖြစ်သည်။

ကတိုးမဟာရင် ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများကား မော်လမြိုင်မြို့အနှံ့၊ မွန်ပြည်နယ်အနှံ့တွင် ရှိကြသည်။

ဒီနေ့၏ နေ့အနေအထားအရ အပြင်မထွက်တော့ဘူးဟု ဆုံးဖြတ်ထားသော်လည်းငွေမိုးဆေးရုံသို့ အမြန်ထွက်ခဲ့သည်။အပေါ်ထပ် အခန်းအမှတ် (၂၁၂)ဟု သိရ၍ အမြန်တက်သွားလိုက်သည်။

အခန်းဝတွင် ဒါယကာတစ်ဦးက စောင့်လျက် ဆရာတော်ကြီး သတင်းလာမေးကြသော တပည့်ရဟန်းတော်များ ဒါယကာများက စိုးရိမ်ပူပင်စွာဖြင့် ရောက်လာကြသည်ကို အလှည့်ကျဝင်ဖူးစေ၍ အမြန်ပြန်ထွက်စေသည်။

လူပရိသတ် များလွန်း၍ **"ဆရာတော်ကြီး ကျန်းမာရေးအခြေအနေအရ ခေတ္တခဏသာ ဖူးမြော်ပါရန်"** ဟု စာကပ်ထားသည်။

ကိုယ့်အလှည့် ဖူးမြော်ရချိန်မှာတော့ မှတ်တမ်းတင် ဓာတ်ပုံများရိုက်ခြင်းနှင့်အတူ အမြန်ကျန်းမာသွားစေကြောင်း ဆုတောင်းကန်တော့ဖြစ်သည်။

အောက်ဆီဂျင်ပိုက်ဖြင့် အသက်ရှူတော်မူရသည်။ ဆေးသွင်းနေသော ပိုက်၊ ဆေးပညာအရ ပြုလုပ်ဖွယ်ရာများကို တာဝန်ရှိသူများ လုပ်ဆောင်နေကြသည်။

အပြင်ပြန်ထွက်လာတော့ အနီးကပ် ဒါယကာများ၏ ပြောပြချက်အရ





▲ မဟာရင်ပထမဂိုဏ်းတည်ဆရာတော်ကြီး ဦးဗုဒ္ဓဝံသမဟာထေရ်

အပေါ်သွေး၊ အောက်သွေးချိန် မညီမျှသဖြင့် ဦးနှောက်သွေးကြောပေါက်သွားသည်ဟု သိပါသည်။

မော်လမြိုင်မြို့မှ ဆရာဝန်ကြီးများ အရေးတယူ လာရောက် စောင့်ရှောက်ကြသည်။ ရန်ကုန်သို့ ဦးခေါင်းဓာတ်မှန်ပို့သည်။ ဆရာတော်ကား စကားလုံးဝ မပြောတော့ပါ။

ဆေးရုံမှာ ကြွရောက်လာကြသော ဆရာတော်များ၊ စောင့်ရှောက်နေရ

www.burmeseclassic.com





▲ ဆရာတော်ဘဒ္ဒန္တအာဒိစ္စမဟာထေရ်နှင့် တပည့်ရှင်

◀ ဘဒ္ဒန္တအာဒိစ္စမဟာထေရ် မဟာရင်ဂိုဏ်းချုပ်

သော ဦးပဥ္စင်းများအတွက် မော်လမြိုင် ဒါယကာများက ဆွမ်းချက်ပို့ပေးကြသည်။

ပို့သော ထမင်းဟင်းများကိုလည်း တည်ခင်းကျွေးမွေးပါသဖြင့် အထူး ဧည့်သည်များနှင့်အတူ မွန်လက်ရာ စားဖွယ်များ ဝင်စားလိုက်ရပါသေးသည်။

ဆရာတော်ကြီး ပြန်ကျန်းမာသွားပါစေဟု အခါခါ ဆုတောင်းရင်း နောက်နေ့နံနက်တွင်လည်း သွားရောက်ဖူးမြော်ရင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တိုက်မှ ရောက်ရှိလာသော စာမူခများ ထဲမှ ကျပ်တစ်သောင်းတန်လေးကို ဆရာတော်၏ ဆေးဖိုးအတွက် လာလှူကြသော တပည့်များနည်းတူ မွန်မွန်မြတ်မြတ် လှူခွင့်ရလိုက်ပါသည်။

အစဉ်အလာကြီးသော ကတိုး မဟာရင်ဂိုဏ်းချုပ်ဆရာတော်၊ အမြင့်ဆုံး ဘွဲ့တံဆိပ်များ ရထားသော **မွန်ဆရာတော်ကြီးဦးအာဒိစ္စသည် နဝမ မြောက် ဓမ္မယုတ္တိက နိကာယ(မဟာရင်)ဂိုဏ်း၏ ဂိုဏ်းချုပ် ဖြစ်သည်။ သက်တော်(၉၉)နှစ်၊ ဝါတော်(၈၀) ဖြစ်ပါသည်။**

ဓမ္မယုတ္တိက နိကာယဂိုဏ်း(မဟာရင်ဂိုဏ်း)သည် နိုင်ငံတော် သတ်မှတ်ထားသောဂိုဏ်းကြီး(၉)ဂိုဏ်းထဲမှ တစ်ဂိုဏ်း ဖြစ်ပါသည်။

နိုင်ငံတော်ဂိုဏ်းပေါင်းစုံ သံဃ အစည်းအဝေးကြီးက သက္ကရာဇ် ၁၃၄၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက်၊ (၁–၂–၁၉၈၀) သောကြာနေ့ကို နောက်ဆုံးထား၍ သာသနာရေးဦးစီးဌာနသို့ စာရင်းဝင်သော အခြေခံစည်းမျဉ်း(အပိုဒ်–၂–(ဃ)နှင့် အပိုဒ်–၇) အရ အသိအမှတ် ပြုထားသော ဂိုဏ်းကြီး (၉)ဂိုဏ်းမှာ...

၁။ သုဓမ္မာဂိုဏ်း။
၂။ ရွှေကျင်ဂိုဏ်း။
၃။ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း။
၄။ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း။
၅။ အနောက်ချောင်းဒွါရဂိုဏ်း။
၆။ ဝေဠုဝန်နိကာယဂိုဏ်း။
၇။ စတုဘုမ္မိက မဟာသတိပဋ္ဌာနငှက်တွင်းဂိုဏ်း။
၈။ ဂဏဝိမုတ်ကူးတို့ဂိုဏ်း။
၉။ ဓမ္မယုတ္တိက နိကာယ မဟာရင်ဂိုဏ်း

တို့ ဖြစ်ပါသည်။

## ဓမ္မယုတ္တိကနိကာယမဟာရင်ဂိုဏ်း နှင့် ကတိုးစံပြကျေးရွာ

မွန်ပြည်နယ်အတွင်းမှာ ရှိသော ကတိုးစံပြကျေးရွာလေးအကြောင်းကို မွန်ဘာသာဖြင့် များစွာရေးသားကြသဖြင့် မွန်စာတတ်သော မွန်တိုင်းရင်းသားများက သိရှိကြပြီးဖြစ်ပါသည်။

အခြားတိုင်းရင်းသားများနှင့် နိုင်ငံခြားသားဧည့်သည်များကတော့ ကတိုးကော့နပ်ရွာ၏ ရှေးဟောင်းဘုရားစေတီကျောင်းသိမ် သာသနာ့ အဆောက်အဦးများ၏ အံ့မခန်း လက်ရာ အနုပညာအလှများကြောင့် သွားရောက်ပူဇော်လေ့လာရင်း သိကြပါသည်။


မွန်ရွာကြီးတစ်ရွာဖြစ်၍ ထင်ရှားသော မွန်သူဌေးကြီးများ နေထိုင်ရာလည်း ဖြစ်သည်။

**မော်လမြိုင်မြို့မှ မြောက်ဘက်ရှူသို့ သံလွင်မြစ်အတိုင်း ရေယာဉ်ဖြင့် ဆန်တက်သွားလျှင် (၆)မိုင်အကွာတွင် ကတိုးရွာသို့ ရောက်ပါသည်။ ရှေးအခါက...**

လှေသင်္ဘောကူးတို့များ ကူးခတ်သွားလာဝင်ထွက် ဆိုက်ကပ်ရာ ဆိပ်ကမ်းသာယာသည်။ ကူးတို့ရွာဟု ရှေးက ခေါ်တွင်သည်။

ရှေးက ဤရွာသည် အမွှေးနံ့သာမျိုး၊ ကတိုး၊ ဂမုန်းများထွက်ရှိရာဒေသဟုလည်း သိရပါသည်။ ယခုအခါ ကားလမ်းဖြင့် လွယ်ကူစွာ သွားနိုင်ပါပြီ။

www.burmeseclassic.com





▲ ကတိုးမဟာရင် စာသင်တိုက်

◀ သင်္ဃာဆရာတော် အမှတ်တရ နာရီ

ကူးတို့ရွာမှ ရှေးက ရေကြောင်းလမ်းကောင်းမွန်ခဲ့သော်လည်း ယခုအခါ သောင်များ ထွန်းပေါ်လာသောကြောင့် ရေယာဉ်များ သွားလာမရတော့ပါ။ လှေငယ်များအတွက် လှေဆိပ်သာ ရှိပါတော့သည်။

နေ့စဉ် လှေတစ်စီး နံနက်(၆)နာရီခန့် ကတိုးရွာမှ ထွက်၍ နံနက် (၉)နာရီဝန်းကျင် မော်လမြိုင်မှ ကတိုးဆိပ်ကမ်းသို့ ပြန်ရောက်လာလေ့ရှိသည်ဟု ရွာခံများက ပြောပြပါသည်။

ရှေးက **"ကူးတို့ရွာ"**သည် ကာလရွေ့လျားလာသောအခါ **"ကတိုးရွာ"** ဟု ခေါ်တွင်လာခဲ့သည်။

ရေကြောင်းခရီးတွင် မော်လမြိုင်မှ ကတိုးရွာသို့ တစ်နေ့ကို သင်္ဘော(၄)ခေါက် နေ့စဉ် ခရီးသည်တင် ရေယာဉ်သင်္ဘော ပြေးဆွဲပေးပါသည်။

ကတိုးကော့နှပ်ရွာများသို့ လှေ့လာဘုရားဖူးသူများ နေ့ချင်းပြန် သွားရောက် လည်ပတ်ကြပါသည်။

ကတိုးရွာသည် သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတွင်ရှိပြီး ရွာ၏ အရှေ့နှင့် အနောက် (၂)ဖာလုံသာ ကျယ်ပြီး တောင်နှင့်မြောက် အလျားကားရှည်လျားပါသည်။

ရွာ၏မြောက်ဘက်စွန်းတွင် သချိုင်းတစ်ခုခြား၍ ထိုသချိုင်း၏ မြောက်ဘက်တွင် **ကော့နှပ်ရွာ** တည်ရှိပါသည်။

ကတိုးနှင့် ကော့နှပ်ရွာကြီးနှစ်ရွာတွင် ရှေးယခင်က သူဌေးကြီးများ နေထိုင်ရာ အိမ်ကြီးအိမ်ကောင်းများဖြင့် နာမည်ကြီးသည်။ ဗြိတိသျှနယ်ချဲ့ အင်္ဂလိပ်ခေတ် ဧရာဝတီသင်္ဘောကုမ္ပဏီနှင့် ယှဉ်ပြိုင်သော သင်္ဘောကိုးစီးပိုင်ရှင် သူဌေးကြီးဦးနာအောက်၏ ဘုရားစေတီများသို့ မွန်ပြည်နယ်သို့ ရောက်သူတိုင်း သွားဖူးကြသည်။

ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်ဇရပ်၊ သာသနိက အဆောက်အဦးများသည် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်း အမွေအနှစ်အဖြစ် ယနေ့ တွေ့မြင်နိုင်ပါသည်။

အရှေ့ပိုင်းတွင် **မွန်သူဌေးကြီး ဦးမွန်ထော်၏ ကိုးဆောင်ပြိုင် အိမ်ကြီး**ရှိသည်။ အနောက်ပိုင်းတွင် တိုင်တစ်လုံး သုံးထပ်အိမ်ကြီးပိုင်ရှင် **ရော်ဘာခြံသူဌေး အထက်လွှတ်တော် အမတ်ဟောင်း ဦးရွှေလှေး** အိမ်ရှိသည်။

မွန်သူဌေးကြီးတို့သည် ချမ်းသာကြသည့်အလျောက် ဘုရားဒါယကာ၊ ကျောင်းဒါယကာများ ဖြစ်ကြပါသည်။

ဗုဒ္ဓသာသနာကို အထူးအားပေးထောက်ပံ့သည့်အပြင် အနီးပတ်ဝန်းကျင်ရွာများအပေါ် ဩဇာတိက္ကမကြီးသူများလည်း ဖြစ်ကြပါသည်။

---

## ကတိုးရွာ မြမ္မယုတ္တိ နိကာယ

## မဟာရင်ဂိုဏ်း ပထမတည်

## ဆရာတော်

---

သက္ကရာဇ် ၁၂၀၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၃)ရက် (၂၆–၁၀–၁၈၄၁)နေ့တွင် ယိုးဒယား(ထိုင်း) နိုင်ငံ မဟာချိုင်–စမွတ်စာချွန်) မြို့နယ်တွင်ပါဝင်သော ကျုံခရု(ကြုင်ခြုံ) မွန်ရွာလေးတွင် မဟာရင်ပထမဂိုဏ်းချုပ်ဖြစ်လာမည့် မွန်နာမည်**"မောင်ရင်"**ကလေးကို မွေးဖွားခဲ့သည်။

မိဘနှစ်ပါးမှာ ဗုဒ္ဓဘာသာ မွန်တိုင်းရင်းသားတို့ ဓလေ့အတိုင်း "မောင်ရင်"လေးအသက်(၁၀)နှစ်တွင် ရွာဦးကျောင်း ဆရာတော်ထံ ရှင်



www.burmeseclassic.com


www.burmeseclassic.com



▲ ကတိုးမဟာရင် စာသင်တိုက်သို့အဝင်

နောင်တော်ကြီးစေတီ ဗျူဟာသီးတော်တင်

ဒါယကာဦးမှန်တော်(မှန်ပြတိုက်) ▶




သာမဏေအဖြစ် ချီးမြှောက်သည်။ ဘွဲ့တော်မှာ **"ရှင်ဗုဒ္ဓဝံသ"**ဖြစ်သည်။

အသက်(၂၀)နှစ် ပြည့်သောအခါ ရွာဦး မွန်ကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ဘွဲ့မည်ကို ရှင်ဗုဒ္ဓဝံသဟု ခေါ်တွင်စေ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ပရိယတ္တိစာပေကို ငယ်စဉ်ထဲက သင်ပုန်းကြီးပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဋ္ဌကထာ၊ ဋီကာများကို နှုတ်တိုက် အာဂုံဆောင်နိုင်ခဲ့သည်။

ဦးပဥ္စင်းသစ် ဦးဗုဒ္ဓဝံသအဖြစ်သို့ ရောက်သောအခါ ကျန်ရှိနေသေးသော ပိဋကတ်ပါဠိပညာနှင့် ယိုးဒယား(ထိုင်း)ဘာသာကို ယိုးဒယား(ထိုင်း) သာသနာပိုင်ထံ သင်ကြားရန် ဘန်ကောက်မြို့သို့ ကြွတော်မူသည်။

ယိုးဒယား(ထိုင်း)ဘုရင်၏ ညီဖြစ်သော သာသနာပိုင်ထံတွင် ပါဠိဘာသာ၊ ယိုးဒယား(ထိုင်း)ဘာသာ စာပေတို့ကို တစ်ဖက်ကမ်းခပ် တတ်ကျွမ်းအောင် သင်ယူသည်။ မိခင်ဘာသာ မွန်စာပေကိုလည်း ကျွမ်းကျင်တော်မူသည်။

သာသနာပိုင်ထံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပရိယတ္တိစာမေးပွဲများ ဝင်ရောက် ဖြေဆိုအောင်မြင်တော်မူသည်။

**မြန်မာနိုင်ငံ ဓမ္မာစရိယတန်းနှင့်တူသော ထိုင်းနိုင်ငံ မဟာတန်း (ငါးကျမ်းအောင်) "မဟာ"**ဘွဲ့တံဆိပ်တော်ကို ထိုင်းဘုရင်မှတစ်ဆင့် သာသနာပိုင် ဆရာတော်ကြီးကိုယ်တိုင် အပ်နှင်း၍ အလှူခံတော်မူခဲ့ပါသည်။

ထိုအချိန်မှစ၍ ငယ်အမည်မောင်ရင်နှင့်တွဲ၍ "မဟာရင်"ကိုယ်တော်ဟု အများခေါ်ဆိုကြလေသည်။

မဟာရင်ကိုယ်တော်သည် စာပေပို့ချခြင်း၊ တရားဓမ္မဟောပြောခြင်း၊ ဝိနည်းသိက္ခာ လေးစားခြင်း၊ ပိဋကတ်ဆိုင်ရာ အမေးပုစ္ဆာ အဖြေပြဿနာများကို လိမ္မာကျွမ်းကျင်စွာ သာသနာအကျိုးဆောင်ရွက်သဖြင့် နာမည်ထင်ရှားလာလေသည်။

ထိုအခါ ယိုးဒယား(ထိုင်း)ဘုရင်က မဟာရင်ကိုယ်တော် ဦးဗုဒ္ဓဝံသအား **"မြတ္တြာသရဏေဇ"**ဟူသော ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်း ချီးမြှင့်ပြန်သည်။

## သာသနာပြုရန် မြန်မာနိုင်ငံ ကတိုးရွာသို့ ကြွလာတော်မူခြင်း

မဟာရင်ဆရာတော်သည် မြန်မာနိုင်ငံ ဟံသာဝတီအဆက်အနွယ်ဖြစ်၍ မွန်တိုင်းရင်းသားများ သာသနာဖွံ့ဖြိုးစေရန် ဆန္ဒကြီးတော်မူသဖြင့် သက္ကရာဇ် ၁၂၃၆ ခုနှစ်တွင် မြန်မာနိုင်ငံ မွန်ပြည်နယ်သို့ ကြွရောက်တော်မူလာသည်။


ဦးဗုဒ္ဓဝံသ ကတိုးရွာသို့ ရောက်သောအခါ ကတိုးရွာအနီး သုသာန်ကုန်းမြေတွင် သစ်ပင်အောက်၌ တစ်ပါး တည်း ကောစာကျင့်တော်မူနေသည်။

သုသာန်မှတင် ဆောင်နေသော မဟာရင်ကိုယ်တော်ကို ကြည်ညိုသဒ္ဓါပွားကြသော ကတိုးရွာ နာမည်ကြီး သူဌေးကြီး အထက်လွှတ်တော် မင်းတိုင်ပင်အမတ် ဦးရွှေလှေး+ဒေါ်ကြင်ဥ၊ ဦးသဲ+ဒေါ်မျှင်၊ ဦးရွှေကြည်+ဒေါ်ငွန်၊ ဦးရုတ်+ဒေါ်ဘွဲ့၊ ဦးဒွန်+ဒေါ်သွယ်၊ ဦးရွှေလယ်+ဒေါ်ရွှေမိ၊ ဦးမောင်ခင်+ဒေါ်မေတို့က **သုသာန်ကုန်းမြေတွင် ဝိဝေကကျောင်းလေး ဆောက်လှူကြသည်။** သုသာန်ကျောင်းလေးဟု ခေါ်တွင်ကြသည်။ ***(ထိုကျောင်းလေး ယနေ့ထိ အမှတ်တရ***



www.burmeseclassic.com

www.burmeseclassic.com





▲ ကတိုးမဟာရင် စာသင်တိုက် သိမ်မဟာ အနီးကပ်

◀ ဘုရားကျောင်းဆိပ်ကာဘ ဦးရွှေလှ၏ တိုင်တစ်လုံးအိမ်

ရှိ၏။)

## သင်္ဂဇာဆရာတော်ကြီး ချီးမွမ်းသော ဆင်ဖြူတော်တစ်စီးအလား ဆရာတော်တစ်ပါး

မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီ တိုင်းနှင့် ရခိုင်ပြည်နယ်တို့ အင်္ဂလိပ် လက်အောက်ရောက်ချိန် ရတနာပုံ မင်းနေပြည်တော်မှ တံဆိပ်တော်ရ ဆရာတော်ကြီးများသည် မြန်မာနိုင်ငံ အောက်ပိုင်း သာသနာမှေးမှိန်မည်စိုး၍ မော်လမြိုင်မြို့ကို အခြေပြု သာသနာ ပြုရန် ကြွရောက်လာကြလေသည်။

၁။ ကျီးသဲလေးထပ်ဆရာတော်
၂။ သင်္ဂဇာဆရာတော်
၃။ တောင်လေးလုံးဆရာတော်
၄။ ဝဇီရာရာမဆရာတော်
၅။ အင်းဝဆရာတော်
၆။ မင်းကင်းဆရာတော်
၇။ ကတိုးဆရာတော်

တို့ ဖြစ်ကြပါသည်။

ထိုကာလတွင် သစ်သူဌေးကြီး ဦးမွန်ထော်သည် ကတိုးရွာတွင် ကိုးဆောင်ပြိုင်အိမ်ကြီးနှင့် ခမ်းနားစွာ နေလေသည်။

မြန်မာဘုရင်၏ သစ်လုပ်ခွင့်ရသော သစ်သူဌေးကြီး နေမျိုးသီရိရာဇာဘွဲ့ထူးဖြင့် ချီးမြှင့် မြှောက်ထားခံရသူဖြစ်သည်။

ရွှေတိဂုံစေတီအနီး နောင်တော်ကြီး စေတီကို ရွှေထီးတင်လှူခဲ့သော ဒါယကာဖြစ်သည်။ နောင်တော်ကြီး စေတီခြေတော်ရင်းတွင် ကျောက်စာ သုံးချပ် ကမ္ပည်းထိုးထားသည်ကို ယနေ့တိုင် တွေ့ရမည် ဖြစ်သည်။

ဦးမွန်ထော်၏ ကိုးဆောင်ပြိုင်အိမ်ကြီးသည် ဇာတ်ပွဲများကို အိမ်ပေါ်မှာ ကျင်းပ၍ ဇာတ်ကစေသည်။ နောင်တော်ကြီးစေတီထီးတော်ကို ကိုးဆောင်ပြိုင်အိမ်တွင် ပန်းထိမ်ဆရာများ ခေါ်၍ ပြုလုပ်စေသည်။

ယနေ့တိုင် ထိုမြေနေရာတွင် ရွှေကျင်သမားများ ရွှေကျင်ကြသည်။ ထီးတော်ကြီးပြီးမှ ရန်ကုန်သို့ သယ်ယူ တင်လှူလေသည်။

အလျဉ်းသင့်ပါသဖြင့် ဦးမွန်ထော် မိသားစုတို့ ပိဋကတ်ပေစာအလှူ စာစည်းကြိုးတွင် ယက်လုပ်လှူဒါန်းသော မွန်မြန်မာနှစ်ဘာသာဖြင့် ကုသိုလ်ဆုတောင်း စာစည်းကြိုးပါ ဆုတောင်းစာရက်လုပ် ကုသိုလ်ပြုထားပုံအား နက္ခတ္တရောင်ခြည်စာချစ်သူများကို ကုသိုလ်သုတ မျှဝေအပ်ပါသည်။

မွန်မြန်မာတို့ ယဉ်ကျေးမှုတူ၊ ဘာသာတရားတူညီကြသော ပေစာထုပ် စာစည်းကြိုးတွင် နောင်တော်ကြီးစေတီ ရွှေထီးတော်တင် မော်ကွန်းမှတ်တမ်း ဖြစ်ပေသည်။ (စာပေမှတ်တမ်းအဖြစ် တင်ပြအပ်ပါသည်။)

ယုံကြည်ကိုးကွယ်ရာ ဘာသာမခြား မွန်မြန်မာ တစ်သားတည်း နောင်တော်ကြီး ရွှေထီးတော်တင် စာစည်းကြိုးဆုတောင်းစာက ထင်ရှားသက်သေဖြစ်ပါသည်။

## ကတိုးရွာသေဌေး၊ မောင်မွန်ထော် မယ်မြော၊ ဘိုးဆုတောင်းစာ

ဇေယျတု။ ။ မင်္ဂလာညွှန့်လူ၊ မော်ကွန်းကြူပိမ့်၊ ဇမ္ဗူမော်ခန်း၊ မြေသာကျွန်းနိုက်၊ တည်ထွန်းခုတိုင်၊ မြခန့်ခိုင်သည်၊ မော်လမြိုင် နဂရ၊ ယင်းမြို့မ၏၊ ဌာနမြောက်စွန်း၊ မြေကြငှန်းဝယ်၊ ထွေဆန်းစုံမော်၊ နတ်ဘုံဆော်သို့၊ လုံလော်ဖြိုးဝေ၊ ကတိုးမြေတွင်၊ မျိုးဆွေသိုက်ဝန်း၊ အံ့ဘာဏန်းမျှ၊ လျှံလန်းကြက်သရေ၊ ရွှန်းရွှန်းဝေလျက်၊

ရွှေငွေရတနာ၊ လိုရာမှော်၊ ဓနသေဌီ၊ အရင်းရှိလျက်၊ ဘူမိမြန်ရိပ်



www.burmeseclassic.com

www.burmeseclassic.com



◆ ကတိုးမဟာရင် စာသင်တိုက် သိမ်မဟာနှင့် ရေကန်တော်

တမ္ပဒိပ်ကို၊ မာန်နှိပ်ချေလှစ်၊ ကေရာဇ် ဟု၊ နေမြစ်လောင်းမြတ်၊ သမုန္ဒတ်က၊ ယုံမှတ်တသီး၊ ရွှေထီးရွှေထား၊ မြှောက် စားကွန့်မိုး၊ ခြောက်လုံးဖြိုးသည်၊ နေမျိုးသီရိရာဇာ၊ ဘွဲ့ထူးသာ၍၊ ရောဝတီ၊ တညီပတ်ချုပ်၊ တောအုပ် နာမံ၊ ခံသည်ဘဝ...

ယင်းကထပ်မှီး၊ မိုင်းလုံးကြီးနှင့်၊ တသီးဇင်းမယ်၊ မင်းနွယ်သန့်စင်၊ ယွံးဘုရင်က၊ ညွှန်းအင်သိဂ်၊ ထိန်ဝါ မျက်ချယ်၊ စလွှင်ပြိုင်ထပ်၊ တောပိုင် အပ်လျက်၊ ဒြပ်သတင်း၊. ပျံ့သင်း ထင်ပေါ်၊ ဖောင်မွန်တော်နှင့်၊ မျက်ဖျော် အိမ်သူ၊ တမူသန့်ရှင်း၊ လဲ့ဝင်းနုချော၊ မမမောတို့၊ ဇောဉက္ကဋ္ဌ၊ ဘဝပါရမီ၊ အလာညီ၍၊ ဌာနီဥက္ကလာ၊ မြို့ဟံသာ ဝယ်၊ ကောဇာသက္က၊ ပြန်တွက်ဆ သော်၊ သတ္တတြိန်၊ ဒွေးအစ်ကိန်းတွင်၊ သုံးသိန်းခန့်လောင်း၊ သပျာပေါင်းကို၊ ခါကောင်းကိုးမျှော်...

ပင့်နှိုးဆော်၍၊ ကုန်းတော်သမုတ်၊ သိက္ခုတ္တရ၊ နာမမွေးကြူ၊ လေးဆူ ဓာတ်ပုံ၊ တိဂုံပရဝန်၊ ရပ်သေန်တွင်၊ မြတ်ရှင်တသီး၊ နောင်တော်ကြီးကို၊ ရောင်ငြီးနုရကာ၊ ထိန်ဝါဦးသစ်၊ မျက်ရစ်ကိုးတန်၊ ကျော့မျိုးမှုံဖြင့်၊ မိုးစွန်ထိနီး၊ ရွှေသားထီးကို၊ မြှော်ခြီး တင်သ၊ ယင်းပုညတွင်...

များလှပရိသတ်၊ ယုတ်မြတ်မခြား၊ ခြော်ပါးရသာ၊ မြိန်သုဒ္ဓါကို၊ သာယာချို အေး၊ ပင့်ဖိတ်ကျွေးလျက်၊ ရှေးဝေသန် ရတ်၊ လောင်းတော်မြတ်၏၊ ဆုပတ် လမ်းညီ၊ ကျမ်းကိုမှီ၍၊ အာနီစွယ်လှ၊ စုံကြိုးကနှင့်၊ ဂဇပြောင်ဝင်၊ စီးသည့် ဆင်ကို...

ဤတွင် ဘေးမဲ့၊ ပေးဘွဲ့လှူဒါန်း၊ တခန်းထိုမှ၊ ဘုရားနှုတ်မြွက်၊ ဓမ္မစက် ကို၊ မူအက္ခရာ၊ ရွှေပေလွှာဖြင့်၊ တင် ကာရေးမှတ်၊ ပိဋကတ်သုံးဘုံ၊ လုံးစုံ သိုက်မြိုက်၊ ကျောင်းစာတိုက်နှင့်၊ တည် စိုက်ကောင်းမှု၊ ကိုးကွယ်ပြုလျက်...

သက်စုရတနာ၊ သည်းချာဩရသ်၊ သားမြတ်မောင်ခင်၊ စုံလင်ထို့နောင်၊ မောင်ဘအောင်နှင့်၊ တဆောင်အံ့ချီး၊ ရှုမငြီးသည့်၊ သမီးမျက်ချယ်၊ မကြွယ် ကို၊ ခါရွယ်ချိန်လှ၊ ရွေနားသ၍၊ ကဏ္ဍ ဝိဇ္ဇနာ၊ မင်္ဂလာသဘင်၊ ပွဲကြီးရင် သော်၊ ကြည်လင်စိတ်မှန်၊ ရေစက်သွန်း လျက်၊ လှူဒါန်းရသား၊ အကျိုးအား ကြောင့်...

လေးပါးအပါယ်၊ သုံးသွယ်ကပ်ညစ်၊ ရပ်ပြစ်ရှစ်တန်၊ ရန်သူငါးဝ လွတ်ကင်း ပ၍၊ ဗုဒ္ဓမြတ်စွာ၊ ပွင့်တိုင်ခါလျှင်၊ ဦးစွာလက်မွန်၊ ဆုကြီးမန်ပြီး၊ နိဗ္ဗာန် သာခေါင်၊ မဂ်ဖိုလ်ဆောင်ကို၊ ရွှေဘောင် ဘွင့် လွယ်နိုင်စေသောဝ်။ ။

**မှတ်ချက်။ ။ မူရင်း သတ်ပုံအတိုင်း ဖော်ပြအပ်ပါသည်။**

* **သတ္တ တြိန်း ဒွေးအစ်** = ၁၂၃၇ = ခရစ်နှစ် ၁၈၇၅။

သက္ကရာဇ် ၁၂၃၇ ခုနှစ် ဖြစ်သည်။ (ပေစာထုပ်ကိုချည်သော စာစည်းကြိုး မှာ စာများရက်ထား၏) ဦးမွန်ထော် ကို မြန်မာဘုရင်က နေမျိုးသီရိရာဇာဘွဲ့ ချီးမြှင့်၍ ရောဝတီမြစ်တကြောတွင် သစ်ထုတ်ခွင့်ရသည်။

ယိုးဒယား(ထိုင်း) မိုင်းလုံးကြီး၊ ဇင်းမယ် တောတစ်ခွင် သစ်ထုတ်ခွင့် ရွှေစလွယ် အပ်နှင်းခံရသည်။ နောင် တော်ကြီးစေတီ ရွှေမျက်ပါးကပ် ရွှေထီးတင်သည်။

ထိုခေတ် ရွှေတစ်ကျပ်သား(၃၀)ကျပ် ပေါက်စျေးတွင် ငွေသုံးသိန်း ကုန်ကျ သည်။

နဝရတ်ကိုးပါး ကျောက်အစစ်အမှန် များဖြင့် စီခြယ်ဆက်ကပ်သည်။ ယုတ်လတ်မြတ်မရွေး စားဖွယ်ရသာစုံ ကျွေးမွေးသည်။ မင်းမြတ်ဝေဿန္တရာ ထုံးတမ်းလမ်းစဉ်အတိုင်း စီးတော် ဆင်စွယ် စုံဆင်ကြီးကို ကကြိုးစုံလင် ဖြင့် ဘေးမဲ့ပေးသည်။

ပိဋကတ်သုံးပုံပေစာထုပ် ရွှေရည် သုတ် စာစည်းကြိုး ကျောင်းစာတိုက် နှင့် လှူသည်။ သားကြီးတို့ကို ရှင်ပြု၊ သမီး နားသမင်္ဂလာပြုသည်။ နိဗ္ဗာန် ဆုတောင်းထားသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခင်ခင်ဝင်း (မော်ရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

(ရွှေငြိမ့်စေဆောင်း(၅))

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောဆွဲတာ၊ မျက်လုံးမျက်ခွံများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလ အညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလို့မျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကိုဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်၊ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**


အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုမ္မောလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၀၉၇၅၂

---



www.burmeseclassic.com

www.burmeseclassic.com



အောင်မြေမှတ်
(စစ်ကိုင်းတောင်)

◆ လေးကျွန်းဆီမီးစေတီတော်ကြီးအား ပဲပုံတောင် ရွှေသိမ်တော်မှ ရှုမြင်ရပုံ

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ဂုဏ်ပူဇော် ဂါထာတော်များ ( ၅၁ )

### လေးကျွန်းဆီမီးစေတီ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ် ရွတ်ပါ။]*

ကာရိတော တီဟိ ဒေဝီဟိ၊
စေတိယေ ရာမဏီယကေ။
သမ္ဗုဒ္ဓေ ပသန္နော ဟုတွာ၊
ဝန္ဒာမိ သိရ သာဒရံ။

*(စစ်ကိုင်းဦးညွန့်ရင်)*

### မြန်မာပြန်

**အဟံ**–"..."ဟုနာမသညတ်အကျွန်ုပ်သည်၊

**ရာမဏီယကေ**–စိတ်ဓာတ်ကြည်ပျော် မွေ့လျော်ကြည်နူးဖွယ်ရာရှိသော၊

**တီဟိ ဒေဝီဟိ** – ဆင်ဖြူရှင်မင်းကြီး၏ မိဖုရားသုံးပါးတို့မှ၊

**ကာရိတေ**–တည်ထားကိုးကွယ်အပ်သည့်၊



◆ လေးကျွန်းချွန်သောစေတီတော်အား လွန်ခဲ့သော ရှစ်နှစ်က ရှုမြင်ရပုံ

www.burmeseclassic.com





◄ လေးကျွန်းချမ်းသာစေတီတော် မုခ်ဦး ယနေ့မြင်ကွင်း

လေးကျွန်းချမ်းသာနောင်တော်ကြီးစေတီတော်အား မှုမြင်ရပုံ ►

**စေတီယေ**–ကောင်းမှု စေတီတော်တို့ကို၊

**သီရသာ**–ဦးခေါင်းရတနာ မြတ်အင်္ဂါအားဖြင့်၊

**အာဒရံ**–လေးမြတ်ကြည်ညို ရှိသေလှစွာ၊

**ဝန္ဒာမိ** – ရှိခိုးဦးချ ကန်တော့ပါ၏ မြတ်စွာဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၁၀၈၆ ခုနှစ်။

ဘုရားဒါယကာ

ဆင်ဖြူရှင်မင်းကြီး၏ မဟေသီ မိဖုရားကြီး သီရိမဟာမင်္ဂလာဒေဝီ။

တည်နေရာ

သရက်ပင်ဆိပ်အနီး မဟာတောင်တော်၊ စစ်ကိုင်းတောင်ရိုး။

ပွဲတော်ရက်

နတ်တော်လပြည့်နေ့။

အောင်မြေ

စေတီတော်၏ အရှေ့ဘက်လိုက်အတွင်း။

အစောင့်အရှောက်

သောတာပန် ဘိုးဘိုးကြီး။

ထူးခြားချက်

စစ်ကိုင်းမြို့တစ်ခွင်၌ တည်ရှိသော စေတီတော်၊ ပုထိုးတော်၊ ရုပ်တုတော်ကြီးများနှင့် သိမ်တော်၊ ကျောင်းတော်ကြီးများမှာ သာသနရေးဌာန၏ စာရင်းအရ **(၁၄၇၆)ဆူ** ဖြစ်၏။

စေတီတော်များ၏ ဒါယကာများမှာလည်း **"အသခ်ယာစေယျမ်းမင်း"** မှတစ်ပါး ဒေသအနှံ့မှ မင်းဆက်များသာ ဖြစ်ကြပါသည်။ မင်းများအား သုံးသပ်ကြည့်ပါက မင်းဆက်ကိုးမျိုး ဖြစ်ကြောင်း တွေ့ရှိနိုင်ကြလေ၏။

ဘုရားဒါယကာ မင်းကိုးဆက်

၁။ ပျူမင်း

၂။ ပုဂံမင်း

၃။ အင်းဝမင်း

၄။ ပင်းယမင်း

၅။ စစ်ကိုင်းမင်း

၆။ ကုန်းဘောင်မင်း

၇။ ကေတုမတီမင်း

၈။ မွန်ရာမညမင်း

၉။ ရတနာပုံမင်း

တို့ ဖြစ်ကြလေ၏။

ဘုရားဒါယကာများ၏

အဆင့်အတန်းကိုးမျိုး

၁။ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမင်း၊

၂။ မြန်မာမင်းများ၊

၃။ မိဖုရားများ၊

၄။ ဝန်ကြီး၊ အမတ်ကြီး၊ သေနာပတိများ၊

၅။ မြို့စား၊ နယ်စား၊ ရွာစားများ၊

၆။ သူဌေး၊ သူကြွယ်များ၊

၇။ သာသနာ့ဝန်ဆောင်များ၊

၈။ ပုဂ္ဂိုလ်ထူးများ၊

၉။ ခိုးသားများတိုင်အောင်

အဆင့်အတန်း ကိုးမျိုး တွေ့ရလေသည်။

မိဖုရားများ၏ စေတီများ

၁။ မိဖုရားသုံးဖော်၏စေတီ(၃)ဆူ



www.burmeseclassic.com

www.burmeseclassic.com



▲ လေးကျွန်းချမ်းသာစေတီတော်မှ
သောတာပန်ဘိုးဘိုးကြီး

၂။ ညီအစ်မသုံးဖော်၏စေတီ(၃)ဆူ
၃။ ညီအစ်မနှစ်ဖော်၏စေတီ(၂)ဆူ
၄။ တောင်ဘီလူး ရှင်စောပုစေတီ (၁)ဆူ


▼ လေးကျွန်းချမ်းသာစေတီတော်မှ
ရှေးဟောင်းလက်ကျန် ခြင်္သေ့ရုပ်အား တွေ့မြင်ရပုံ





▲ လေးကျွန်းချမ်းသာစေတီတော်မှ ကျောက်ကြီးအား
ဦးခေါင်းမရှိဘဲ မြင်တွေ့ရပုံ

▼ လေးကျွန်းချမ်းသာစေတီတော်မှ အဓိဋ္ဌာန်နေရာ



www.burmeseclassic.com

www.burmeseclassic.com






▲ လေးကျွန်းသာယာစေတီတော်နှင့် ပွဲတော်ကျင်းပရာ အဆောင်တော်

◀ လေးကျွန်းရွှမ်းသာစေတီတော် မုခ်ဦးအား
လှပဆန်းကြယ်စွာ တွေ့မြင်ရပုံ

▼ မင်းကွန်းဒေသသို့ အသွားလမ်းမကြီး ဖောက်လုပ်ထားသည့်အတွက်
လေးကျွန်းသာယာစေတီတော်အား လမ်းမကြီးပေါ် ရောက်ရှိနေသလို မြင်ရပုံ



၅။ ရတနာဂီရိ စေတီတော်(၁)ဆူ
၆။ တောင်ဘီလူး ရွှေဂူကြီးစေတီ (၁)ဆူ
၇။ ရတနာထွဋ်ခေါင်စေတီ(၁)ဆူ
၈။ ရတနာမောဠိစေတီ(၁)ဆူ
၉။ ရတနာမြစည်းခုံစေတီ(၁)ဆူ
၁၀။ စူဠာမဏိမြစည်းခုံစေတီ(၁)ဆူ
၁၁။ ရွှေတောင်ကုန်းစေတီ(၁)ဆူ
၁၂။ ရွှေညောင်ပိုင်းစေတီ(၁)ဆူ
၁၃။ ရန်အောင်မြင်စေတီတော်(၁)ဆူ
၁၄။ မြဲစေတီတော်(၁)ဆူ
၁၅။ မြနန္ဒာစေတီတော်(၁)ဆူ
၁၆။ မယ်ရွှေ့ မယ်ငွေစေတီ(၁)ဆူ
၁၇။ မြော်တော်ဖောစေတီ(၁)ဆူ
၁၈။ ပြည်လုံးအေးစေတီ(၁)ဆူ
၁၉။ လေးကျွန်းထိပ်ဦးစေတီ(၁)ဆူ
၂၀။ သားပန်စေတီ(၁)ဆူ
၂၁။ အောင်ချမ်းသာစေတီ(၁)ဆူ
၂၂။ အောင်စေတီ(၁)ဆူ

စုစုပေါင်း **(၂၇)ဆူ** ဖြစ်လေ၏။ မိဖုရားများ၏ ကောင်းမှုတော် ကုသိုလ်စေတီများကား "အသခ်ယာ ဓောယွမ်းမင်းကြီး" စစ်ကိုင်းမြို့တော်အား စတင် တည်ဆောက်သောအခါ **နဝင်းကျော်၊ ကြွင်းကျော်** အကွက်ချစီမံ တည်ဆောက်ခဲ့ကဲ့သို့ တိုက်ဆိုင်လျက် ရှိနေလေသည်။

မြို့အမည်မှာလည်း "**ရတနာပူရ**" ဟု သမုတ်သောကြောင့် **နံသင့်နဝင်း** ဖြစ်လေ၏။

၁။ စစ်ကိုင်းမြို့တည် (၉)ဌာန၊
၂။ ရတနာ(၉)ဆူ၊
၃။ အတွင်းမှဗြှော(၉)ဆူ၊
၄။ အပြင်မှဗြှော(၉)ဆူ၊
၅။ ရွှေ(၉)ဆူ၊
၆။ ရှင်(၉)ရှင်၊
၇။ ကြီး(၉)ကြီး၊
၈။ သိကြား(၉)ပါး၊
၉။ ချောင်(၉)ချောင်၊
၁၀။ တောင်ကြီး(၉)တောင်၊
၁၁။ တောင်ငယ်(၉)တောင်၊



www.burmeseclassic.com

www.burmeseclassic.com




▲ ပဲပုံတောင်ပုဗ္ဗာရာမစေတီတော်အား မဟာတောင်ထက်မှ ဓာတ်ပုံ

လေးကျွန်းသာယာစေတီတော်မှ ဒါယကာတစ်ဦး၏ အိမ်မက်ပြင့် ထုဆစ်ထားသော ဘိုတော်ရုပ်ပွားမင်းကြီးပုံ ▶

▼ လေးကျွန်းစီခိုစေတီတော်ရင်ပြင်မှ ရှုမြင်ရသော ဧရာဝတီမြစ်ကြီးအား တွေ့မြင်ရပုံ





၁၂။ အတွင်း(၉)ကုန်း

၁၃။ အပြင်(၉)ကုန်း

၁၄။ ဂူ(၉)ဂူ

၁၅။ ကျင်း(၉)ကျင်း

၁၆။ မော်(၉)မော်၊

၁၇။ ချောင်း(၉)ချောင်း

၁၈။ တည်(၉)တည်

ဟူ၍ နဝင်းကို စီမံထားလေသည်။ အသေးစိတ် အမည်များကို မဖော်ပြတော့ပါ။

စစ်ကိုင်းမြို့၏ ယနေ့လက်ရှိ မြို့ရွာဖွဲ့စည်းထားပုံမှာလည်း နဝင်းကိုက်ဖြစ်လေသည်။

**မြို့မရပ်ကွက်ကြီး** =၁၈–ရပ်ကွက်၊

**ကျေးရွာခွဲပေါင်း** =၂၀၇–ကျေးရွာ၊

**ကျေးရွာအုပ်စုပေါင်း** =၈၁–အုပ်စု

တို့ဖြင့် ဖွဲ့စည်းထားသောကြောင့် နဝင်းဂဏန်းများသာ ကြီးမားစွာ အုပ်စိုးနေလေ၏။ စစ်ကိုင်းမြို့၏ သာသနာအဝန်းအရံမှာ ကိုးနဝင်းဖြင့် ဖြစ်တည်နေခြင်းကြောင့် ထူးခြားချက်ဟု ဆိုရပါတော့မည်။

### ဆင်ဖြူရှင် တနင်္ဂနွေမင်း

မင်းကြီးသည် သက္ကရာဇ် ၁၀၈၆ ခုနှစ်တွင် မဏိပူရ ကသည်းများအား အောင်မြင်သောအခါ စစ်ကိုင်းတောင်ခြေ သောတာပန်ဆိပ်ကမ်း၌ ကျောက်ဖြူသားရုပ်တုတော်ကြီး ထုဆစ်၍ စေတီတည်ထားလေ၏။

ဘုရားရှင်က ဘီလူးကိုးကျိပ်ကိုးယောက်တို့အား အောင်တော်မူရာ အရပ်တွင် "**လေးကျွန်းမာရ်အောင်**" ဘွဲ့အမည်သမုတ်၍ တည်ထားခြင်းပြုလေ၏။ အင်းဝမြို့တော်၌လည်း ကျောက်ဖြူသား ရုပ်တုတော်ကြီးတစ်ဆူ ထုဆစ်၍ "လောကာသရဖူ" ဘွဲ့တော် သခဲ့လေသည်။

မင်းကြီးတွင် မိဖုရားသုံးပါး ရှိလေ၏။

၁။ တောင်ညာစံမဟေသီ သီရိမဟာမင်္ဂလာဒေဝီ

၂။ မိဖုရားလတ် သီရိဓမ္မာဒေဝီ


၃။ သီရိစန္ဒာဒေဝီတို့ ဖြစ်လေ၏။


မိဖုရားသုံးဖော်တို့သည် ဆင်ဖြူရှင်



www.burmeseclassic.com

www.burmeseclassic.com






◆ လေးကျွန်းဆီမီးစေတီတော်၏ မြောက်ဘက်မှ ရသေ့ကြီး(၄)ပါး၏
အောင်သိမ်စေတီအကျွန်းတန်းကို ဖူးမြင်ရပုံ

လေးကျွန်းဆီမီးစေတီတော်မြတ်၏ အထင်တန်သော ခြင်္သေ့ရုပ်များကို
လေးကျွန်းချမ်းသာစေတီမှ ခြင်္သေ့ရုပ်များနှင့် ပုံစံတူတွေ့ရှိရပုံ ▶

◆ လေးကျွန်းဆီမီးစေတီတော်၏ တနင်္ဂနွေထောင့် အဓိဋ္ဌာန်ဋ္ဌာနအား တွေ့မြင်ရပုံ
[ဤဋ္ဌာန၌ သီလ မလုံခြုံပါက တွန်းရွေ့ခြင်းခံရလေ့ရှိ၍ နေ့စဉ်ထည်ဆောင်တွင်
အားထုတ်သူ နည်းပါးလှ၏]



မင်းကြီး၏ ကောင်းမှုတော်ကို ဂုဏ်တင်ချီးမြှောက်လိုသောကြောင့် ပညာရှိများ၏ အကြံဉာဏ်ဖြင့် မင်းကြီးအား ဦးထိပ်ထား၍ **“ရာဇမဏိစူဠာ ကောင်းမှုတော်ကြီး”** ပုံဟန်အတိုင်း တည်ထားကိုးကွယ်ကြလေသည်။

## လေးကျွန်းဆီမီးစေတီတော်

တောင်ညာစံမဟေသီ သီရိမဟာမင်္ဂလာဒေဝီမိဖုရားကြီးကား တွင်းသင်းမှူးကြီးမှ သီရိဇေယျ နော်ရထာဘွဲ့ခံ ဝန်ကြီးဦးပု၏ သမီးတော်ဖြစ်လေ၏။ ပညာဉာဏ် အမြော်အမြင်ဖြင့် ပြည့်စုံသည်ဟု ကျော်ကြားသူဖြစ်လေသည်။

မိဖုရားခေါင်ကြီး သီရိမဟာမင်္ဂလာဒေဝီက လေးကျွန်းမာန်အောင်စေတီတော်၏ မြောက်ဘက် သရက်ပင်ဆိပ်အနီး မဟာတောင်တော်တွင် **“လေးကျွန်းဆီမီး”** ဘွဲ့တော်ဖြင့် တည်ထားပူဇော်လေသည်။ မဟာတောင်မှာ သမိုင်းဝင်တောင်တော် သမိုင်းစာရင်းတွင် အမှတ်(၁၅)တောင်ဖြစ်လေ၏။

မဟာတောင်၏ အထက်၌ ပဲပုံတောင် တည်ရှိလေရာ ယင်းတောင်ထိပ်တွင် သီရိဓမ္မာသောကမင်းကြီး၏ **“ပဲပုံတောင်မုဋ္ဌောစေတီ”** တည်ရှိလေ၏။

**မဟာတောင်တော်၏ တောင်ခြေဆိပ်ကမ်းမှာ သမိုင်းဝင် မော်ကိုးမော်၏ (၆)ခုမြောက် အောင်မြေဋ္ဌာန ဖြစ်လေ၏။** ဤဆိပ်ကမ်းမော်အတွင်းမှ ဧရာဝတီမြစ်ကြီးမှာလည်း **“ဧရာပထနဂါးမင်းကြီး”** ပျော်စံရာ ဖြစ်လေသည်။

**မြတ်စွာဘုရား ချိုးရေတော်သုံးသပ်ရာ နေရာမြတ်ဖြစ်လေ၏။ ဤမြစ်ရေတော်နှင့် အလေးထိုက်အခြင်းအတွယ်တာ ချက်ပြုတ်ချိုးတွယ်ကြည့်လျှင် အမြဲတမ်း ငြိမ်းသော သောကြောင့် “တမ်းသောရေ”ဟု ယနေ့တိုင် ယုံကြည်ကြပါသည်။**



www.burmeseclassic.com

www.burmeseclassic.com





▲ လေးကျွန်းဆီမီးစေတီတော်၏ ရာဟုထောင့် အဓိဋ္ဌာန်ဌာနနှင့် ထူးခြားတာမာပင်ကြီးအား တွေ့မြင်ရပုံ

◀ လေးကျွန်းဆီမီး ဆင်းတုတော်မြတ်ကြီးအား အင်းဝခေတ် လက်ရာမပျက် ကြည်ညိုဖွယ်ရာ ဖူးမြင်ရပုံ

▼ လေးကျွန်းဆီမီးစေတီတော် စနေထောင့် အရပ်မှ ရှေးတာမာအပင်တွင်စုနေသော ကျွန်းပင်ဌာန



တိုင်းရင်း သမားတော်ကြီးများလည်း အစွမ်းထက်ဆေးဖက်ဝင် ရေစင်တော် အမြစ် အလေးအမြတ်ထား၍ ဆေးဖော် ထိရာ၌ အဓိကထား စီရင်ကြလေသည်။

ကသည်းပညာရှင် **"မဟာ ပညာ ကျော်"**၏ လုံ့ခေါ်ဟောပြောမှုကြောင့် တစ်ပဲသာရေကို သောက်သုံးခြင်း၊ ချိုးခြင်းဖြင့် ကျန်းမာခြင်း၊ ရန်အန္တရာယ်အပေါင်းမှ ကင်းဝေးခြင်း၊ ရန်သူ၏ ကြံစည်ခြင်းကို တွန်းထုတ်နိုင်သည်ဟု ယုံကြည်ကြ၍ မဏိပူရ ကသည်းများက တိုက်ပွဲဆင် သယ်ဆောင်ခဲ့ကြလေသည်။

လေးကျွန်းဆီမီးစေတီတော်၏ ပုံဟန်မှာ ဉာဏ်တော်အမြင့်(၅၆)ပေမျှ ရှိသည်ဟု ယူဆပါ၏။ သာလွန်မင်းကြီး၏ **"ရာဇမဏိ စူဠာကောင်းမှုတော်"** ဘုရားကြီးကဲ့သို့ တည်ထားခြင်းဖြစ်လေ၏။

စေတီတော်အား အထက်စီးမှ ကြည့်ပါက ဝန်းဝိုင်းသော ပုံဟန်ဖြင့် ထင်ရှားစွာ ဖူးမြင်ကြရလေသည်။ အနီးကပ် လေ့လာဖူးကြည့်ပါက (၁၆) ထောင့်ချိုး ဖြစ်ကြောင်း တွေ့ရှိကြရလေမည်။ (၁၆)ထောင့်ချိုး အနေအထားမှာ လွန်စွာ ပညာသား ပြည့်ဝသော ရိုးရာ ဗိသုကာပညာဖြစ်သောကြောင့် ရှေးခေတ် ဗိသုကာပညာရှင်ကြီးများအား လေးစားဂုဏ်ယူစွာ ဂါရဝပြုလိုက်ပါသည်။

သိမ်မွေ့သော ထောင့်ချိုး(၁၆)ခု၏ ရည်ရွယ်ချက်ကို ဒီပဲယင်းဆရာတော်ကြီး၏ အယူအဆမှာ **"ကောသလ အိပ်မက် ၁၆-ချက်"**တွင် အထင်အရှားဖြစ်သော ဆိုးမွေ(၁၆)ပါးတို့၏ ဆိုးရွားလှသော စိတ္တဒုက္ခ,ကာယဒုက္ခ (၂)ပါး မသက်ရောက်စေလိုခြင်း ဖြစ်လေ၏။

တစ်နည်းအားဖြင့် ဘုရားရှင်၏

 (စာမျက်နှာ (၁၅၀) သို့)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အဲတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်"

"မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ 'သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေးပဲ** ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၂၅၄၁။

---

www.burmeseclassic.com

# ဓာတ်တော် ပူဇော်လိုသူများ နှင့်

## ဓာတ်တော် ပူဇော်ခွင့်ရသူများအတွက် နေ့စဉ်ကျင့်စဉ်

ခရီးသည်ဘုတေသီ

'ဓာတ်တော်ဆိုလို့ ပြောရဦးမယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်၊ သုံးနှစ်လောက်က အခန်းနီးချင်း တစ်ယောက်က ဓာတ်တော်တစ်ဆူ ယူလာပေးတယ်။ သူက ရွှေဂျိုးနားဆရာတော်ရဲ့ မွေးစားသား တပည့်ရင်းလေ။

"မချို... ဒါ ဓာတ်တော်အစစ်ပါ။ ရိုရိုသေသေ ကိုးကွယ်ပါ"လို့ ပြောပါတယ်။ ကျွန်မလဲ ဆွမ်း,ပန်း,ရေချမ်း,ဆီမီး မပြတ် ပူဇော်ကပ်လှူပေမယ့် ပုလင်းကိုတော့ အမှုမဲ့အမှတ်မဲ့ပါပဲ။ သေသေချာချာ မကြည့်ဖြစ်တာပါ။ ဘုရားအမှတ်နဲ့ ဂါရဝတရားတော့ ရှိပါတယ်။

လေးလလောက်အကြာ သူလဲ အိမ်ခန်းပြောင်းမှာမို့ လာနှုတ်ဆက်တော့ ဓာတ်တော်ပုလင်းလေးကို မှတ်မှတ်ရရ ယူပြီး ဖူးမိတယ်။ ပေးတုန်းက နှမ်းစေ့လောက်အရွယ် တစ်ဆူတည်းပဲ။ အဲဒီအချိန်မှာ သုံးဆူဖြစ်နေတယ်။

အရွယ်လဲ ပိုကြီးလာတယ်။ သူက "မချိုနဲ့ ထိုက်လို့ ဒီလို ထူးခြားတာ။ ဆက်ပြီး ကိုးကွယ်ပါ"လို့ ပြောသွားတယ်။ နေဦး ကျွန်မ ယူလာခဲ့မယ်။ အစ်ကို ဖူးကြည့်ပေါ့' မချိုက အိမ်ပေါ်တက်သွား၍ ပုလင်းငယ်တစ်လုံး ယူလာသည်။ ပြောင်းဖူးစေ့နီးပါး ပုလဲရောင်ဓာတ်တော်များကို ဖူးမြင်ရသည်။

'ရဟန္တာဓာတ်တော် ထင်ပါရဲ့'

'ဘုရားဓာတ်တော် မဟုတ်ဘူးလား'

'ဟုတ်ကဲ့ ဒီအကြောင်း ရှင်းသွားအောင် ပူဇော်ရွတ်ဖတ်ရမယ့် ဂါထာတွေနဲ့ ပြည့်ပြည့်စုံစုံ ရေးလာပေးပါတယ်၊ အေးအေးဆေးဆေး ဖတ်ကြည့်ပေါ့'



### ဘုရားရှင်နှင့် ရဟန္တာတို့၏ ဓာတ်တော်

ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်(ဘီစီ-၅၄၄) ကဆုန်လပြည့် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ကဆုန်လပြည့်ကျော်(၁၂)ရက် တနင်္ဂနွေနေ့တွင် ရုပ်ကလာပ်တော်ကို တေဇောဓာတ်လောင်ကျွမ်းတော်မူရာ လူနတ်ဗြဟ္မာတို့ ကိုးကွယ်ရစ်ကြစေရန် ဓာတ်တော်မွေတော်များ အဓိဋ္ဌာန်ပြု၍ ချန်ရစ်တော်မူလေသည်။

ထိုဓာတ်တော်များတွင် သက်တော်ထင်ရှား ရှိစဉ်က မူလအတိုင်း အစိတ်စိတ် မကွဲဘဲ တည်ရှိသော အသမ္ဘိန္နဓာတ်တော်နှင့် အစိတ်စိတ် အဆူဆူ ကွဲပြားတော်မူသောဓာတ်တော် သမ္ဘိန္နဓာတ်တော်များ ပါဝင်၍ စုစုပေါင်း ရှစ်စိတ်(နှစ်တင်း) ရှိလေသည်။

ထိုကွဲပြားတော်မူသော ဓာတ်တော်များမှာ **အငယ်ဆုံး မုန်ညင်းစေ့ခန့်၊ အလတ်စား ဆန်ကွဲကျိုးခန့်၊ အကြီးစား ပဲနောက်စေ့ခန့်** ရှိ၍ အရောင်အဆင်းမှာ အသွေးတော်မှဖြစ်သော ဓာတ်တော်သည် **မြတ်လေးပွင့်အဆင်း (ခရေစေ့အရောင်)၊**

အရိုးတော်မှဖြစ်သော ဓာတ်တော်သည် **ပုလဲရောင်၊** အသားတော်မှ ဖြစ်သော ဓာတ်တော်သည် **ရွှေရောင်အဆင်း** ရှိကြသည်။

ဦးခေါင်းတော်မှ ဖြစ်သော သီသမွေတော်မှာ **ပတ္တမြားအဆင်း။ ပယင်းအဆင်း။ အနီ၊ အဝါ၊ အပြာ၊ အစိမ်း အရောင်စုံရှိကာ** အရွယ်မှာ မုန်ညင်းစေ့ခန့် ကြည်လင်သော ပုံသဏ္ဌာန်ရှိကြသည်။

ဤဓာတ်တော်များမှာ **လုံးဝန်းသော ပုံစံရှိကြကာ** ကြည်ညိုဖွယ် အဆင်းသဏ္ဌာန် ရှိကြသဖြင့် ဗုဒ္ဓဓာတ်တော်များဖြစ်ကြောင်း သိသာထင်ရှားသည်။

ထိုပုံသဏ္ဌာန်မှ ကွဲလွဲသော ဓာတ်တော်များမှာ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များ ဖြစ်ကြသည်။

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များ တည်ရှိသကဲ့သို့ ရဟန္တာအရှင်မြတ်များ၏ ဓာတ်တော်များသည်လည်း ဤသာသနာ၌ တည်ရှိကြသည်။


ရဟန္တာတို့ ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ရုပ်ကလာပ်တော်ကို တေဇောဓာတ်မီး ပူဇော်ရာတွင် အသားတော်၊ အသွေးတော်တို့မှာ တေဇောဓာတ်မီးလောင်ရာ၌ ပျောက်ကွယ်သွားကာ နောက်ဆုံး အရိုးတော်များသာ ကျန်ရစ်ကြသည်။

ထိုအရိုးတော်များကို ရဟန္တာဓာတ်တော်ဟု ခေါ်ကြသည်။ ရဟန္တာအရှင်မြတ်တို့သည် အဓိဋ္ဌာန် မပြုခဲ့ပါက ပကတိအရိုးတော် အတိုင်းသာ ကျန်ရစ်ပြီး ပရိနိဗ္ဗာန် မစံဝင်မီကာ အကြောင်းအားလျော်စွာ အဓိဋ္ဌာန်ထားခဲ့ပါလျှင် အဓိဋ္ဌာန်တော်မူသည့် အတိုင်း ဖြစ်၍ ကျန်ရစ်တော်မူသည်။

အရှင်ပစ္စေကဗုဒ္ဓါတို့ သည်လည်း ပရိနိဗ္ဗာန် စံဝင်ကြရာ၌ အရိုးတော် အတိုင်းပင် ကျန်ရစ်ကြောင်း **ခဂ္ဂဝိသာဏသုတ်အဖွင့်**တွင် ပါရှိသည်။ **(ရဟန္တာတို့ အဓိဋ္ဌာန်တော်မူချက် အတိုင်းသာ ဖြစ်ရကြောင်းကို အပါဒါန်အဋ္ဌကထာ၊ ထေရဂါထာ အဋ္ဌကထာနှင့် အင်္ဂုတ္တရအဋ္ဌကထာတို့တွင် တွေ့နိုင်ပါသည်။)**

ရဟန္တာ ဓာတ်တော်များသည် မြတ်စွာဘုရားဓာတ်တော်များနှင့် မတူညီသည့် အချက်မှာ ပမာဏကြီးလေ့ရှိသည်။ ပုံသဏ္ဌာန်မှာ ကျောက်စရစ်ခဲ၊ ကလိန်စေ့၊ ကွမ်းသီးငယ်၊ ကွမ်းသီးခြမ်းများကဲ့သို့ ပုံစံအမျိုးမျိုး ရှိကြသည်။

အချို့မှာ အလွန်သေးငယ်၍ သစ်စေ့ငယ်များ ပုံသဏ္ဌာန်လည်း ရှိကြသည်။ အရောင်မှာ ခရုသင်းဖြူရောင်၊ ညို၊ ပြာ၊ နီ၊ အဝါဖျော့ စသည်



ဖြင့် အမျိုးမျိုး တည်ရှိကြသည်။

ဤအချက်အလက်များ စုပေါင်းချုပ်၍ကြည့်လျှင် ဘုရားရှင်ဓာတ်တော်များနှင့် မတူသော ဓာတ်တော်များသည် ပုံသဏ္ဌာန် အရွယ်အစား အရောင်အဆင်း မည်သို့ပင်ဖြစ်စေ ရဟန္တာဓာတ်တော်များသာ ဖြစ်သည်ဟု ရှေးဆရာမြတ်တို့ အဆုံးအဖြတ်ပေးလေ့ ရှိကြသည်။

အထူးသဖြင့် ရဟန္တာဓာတ်တော်များ၏ အရွယ်အစားများ မညီညာလုံးဝန်းမှုမရှိ၊ အထူးသဖြင့် ထောင့်များရှိသည်ဟု ဆိုပါသည်။

ထို့ကြောင့် ဓာတ်တော်ဟူ၍ ပူဇော်ခွင့်ရလျှင် လှူဒါန်းသူ၊ ပင့်ဆောင်ပေးသူ၏ သိက္ခာ၊သမာဓိကိုသာ အားပြုယုံကြည်၍ မည်သည့် ဓာတ်တော်ဖြစ်ကြောင်း သိမှတ်ရသည်။ ဓာတ်တော် စစ်မှန်သည်ဟု ဆုံးဖြတ်ရန် မလွယ်ကူချေ။

ဓာတ်တော်ကို ဘုရားရှင်အမှတ်ဖြင့် ကိုးကွယ်ရာတွင် **အဓိဋ္ဌာန်တင်ရသည်။ သစ္စာပြုရသည်။ဓာတ်တော်ကို သက်တော်ထင်ရှား ဘုရားရှင် (သို့မဟုတ်) ရဟန္တာအရှင်မြတ်ကိုယ်တိုင် ကြွရောက်တော်မူလာသကဲ့သို့ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ အမွှေးနံ့သာများ ကပ်လှူပြီးနောက်** ဘုရားရှိခိုး၊ သီလခံယူကာ အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုနိုင်သည်။

"မြတ်စွာဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်တို့ဘုရား...

တပည့်တော်သည် ဤယနေ့မှစ၍ (ခုနစ်ရက်)တိုင်အောင် ဆွမ်းပန်းရေချမ်း ကပ်လှူ၍ ရှင်အရဟံဂါထာနှင့် ရှင်သီဝလိဂါထာတော်တို့ဖြင့် (ဖယောင်းတစ်တိုင်စာ) အချိန်ပြည့်အောင် မပျက်မကွက် ရွတ်ဖတ်ပူဇော်ပါမည်ဟု အဓိဋ္ဌာန်ပြုပါသည်။

ဤအဓိဋ္ဌာန် အောင်မြင်ပါက ဓာတ်တော်မွေတော်နှင့် ပတ်သက်၍ လည်းကောင်း၊ တပည့်တော်၏ လောကီရေးရာ ကြုံတွေ့ဖွယ်ရာ ကိစ္စများနှင့်ပတ်သက်၍လည်းကောင်း ထူးခြားမှုများ တွေ့မြင်ကြုံခံရပါလို၏ အရှင်ဘုရား'

မှန်ကန်စွာ သစ္စာဆို၍လည်း လိုသောဆုကို လျှောက်ထားတိုင်တည်နိုင်ကြသည်။

---

ရှင်အရဟံ(၉-ဂါထာ)

---

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၅။ စက္ကဝါဠေသု အနန္တေသု၊
အာကာသေ အနန္တေ တထာ၊
သတ္တာ နိကာယာ အနန္တာ စ၊
သမ္ဗုဒ္ဓဉာဏံ အနန္တံ၊
၆။ အနန္တံ ဗလဝံ ဗုဒ္ဓံ၊



www.burmeseclassic.com

www.burmeseclassic.com

အနန္တံ ဓါဝရံ ဓမ္မံ၊
အနန္တံ အရိယံ သံဃံ၊
အနန္တံ ဗောဓိမုတ္တမံ။
၇။ ပဥ္စဗုဒ္ဓါ ဇရဂုဏာ၊
အာဂစ္ဆန္တုယျ သဗ္ဗဒေဝါ၊
အာယုဝဏ္ဏ သုခဗလာ၊
သဗ္ဗသိဒ္ဓိ မဟိဒ္ဓိကာ။
၈။ ဇယောတေဇာ ဒသ ဒိသာ၊
ဘဝတု မမ သဗ္ဗဒါ။
၉။ ဣစ္ဆိတံ ပတ္ထိတံ မယှံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊
စန္ဒော ပန္နရသော ယထာ၊
သီဃံ သိဇ္ဈတု မေ မနံ။

အနက်

၁။ **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**–မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ **နာမရူပံ**–နာမ်ရုပ်သည်၊ **အနိစ္စံ**–အမြဲမရှိ၊ **ဒုက္ခံ**–ဆင်းရဲ၏၊ **အနတ္တာ**–အစိုးမရ။

၂။ **ဓမ္မံ သရဏံ ဂစ္ဆာမိ**–တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ **နာမရူပံ**–နာမ်ရုပ်သည်၊ **အနိစ္စံ**–အမြဲမရှိ၊ **ဒုက္ခံ**–ဆင်းရဲ၏၊ **အနတ္တာ**–အစိုးမရ။

၃။ **သံဃံ သရဏံ ဂစ္ဆာမိ**–သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ **နာမရူပံ**–နာမ်ရုပ်သည်၊ **အနိစ္စံ**–အမြဲမရှိ၊ **ဒုက္ခံ**–ဆင်းရဲ၏၊ **အနတ္တာ**–အစိုးမရ။

၄။ *[နံပါတ်(၄)ပိုဒ်ကို နံပါတ်(၁,၂,၃)တို့၌ ဆိုသကဲ့သို့ ဆိုပါ။]*

၅။ **စက္ကဝါဠေသုအနန္တေသု** – စကြဝဠာအနန္တတို့ဝယ်၊ **အာကာသေ အနန္တေ** –ကောင်းကင် အာကာသ အနန္တ၌၊ **တထာ**–ထို့အပြင်၊ **သတ္တနိကာယာစ** – သတ္တဝါအုပ်စုတို့သည်လည်း၊ **အနန္တာ**–အဆုံးအပိုင်း



အခြားမရှိ အနန္တဖြစ်၏။ **သမ္ဗုဒ္ဓ ဉာဏံ** – မြတ်စွာဘုရားဉာဏ်တော်သည်၊ **အနန္တံ**–အဆုံးမရှိ အနန္တဖြစ်၏။

၆။ **ဗုဒ္ဓံ=ဗုဒ္ဓေါ** – မြတ်စွာဘုရားသည်၊ **အနန္တံဗလဝံ=အနန္တဗလဝါ**–အဆုံးမရှိသော ခွန်အားရှိတော်မူ၏။ **ဓမ္မံ= ဓမ္မော**–တရားတော်သည်၊ **အနန္တံ ဓါဝရံ=အနန္တဓါဝရော** – အဆုံးမရှိသောဉာဏ်၏ ကျက်စားရာဖြစ်၏။ **အရိယသံဃံ=အရိယသံဃော**–အရိယာသံဃာတော်သည်၊ **အနန္တံ အနန္တော**–အဆုံးမရှိသော ကောင်းမှုစိုက်ပျိုးရာ ဂုဏ်တော်ရှိတော်မူပါပေ၏။ **ဗောဓိမုတ္တမံ** – မြတ်သော ဗောဓိဉာဏ်တော်သည်၊ **အနန္တံ**–အဆုံးမရှိ။

၇။ **ပဥ္စဗုဒ္ဓါ**–ငါးဆူကုန်သော ဘုရားရှင်တို့သည်၊ **ဇရဂုဏာ**–မြတ်သော ဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်၏၊ **သဗ္ဗဒေဝါ**–ခပ်သိမ်းသော နတ်တို့သည်၊ **အာဂစ္ဆန္တုယျ=အာဂစ္ဆန္တု**–လာရောက် စေကုန်သတည်း။ **အာယုဝဏ္ဏသုခဗလာ** – အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းတို့ ဖြစ်ပါစေသတည်း။ **သဗ္ဗသိဒ္ဓိ မဟိဒ္ဓိကာ**–အလုံးစုံသော အကျိုးပြီးခြင်း၊ တန်ခိုးကြီးခြင်းတို့သည် ဖြစ်စေကုန်သတည်း။

၈။ **တေဇာ တေဇသာ**–တန်ခိုးတော်အားဖြင့်၊ မမ–အကျွန်ုပ်အား၊ **ဒသဒိသာ** –၊ အရပ်ဆယ်မျက်နှာတို့ကို၊ **သဗ္ဗဒါ** – အခါခပ်သိမ်း၊ **ဇယော**–အောင်ခြင်းသည်၊ **ဘဝတု**–ဖြစ်ပါစေသတည်း။

၉။ **ဣစ္ဆိတံ**–အလိုရှိအပ်သော၊ **ပတ္ထိတံ**–တောင့်တအပ်သော ဆုထူးဆုမြတ်သည်၊ **မယှံ**–အကျွန်ုပ်အား၊ **ခိပ္ပမေဝ** – လျင်စွာသာလျှင်၊ **သမိဇ္ဈတု** – ပြီးစီးပါစေသတည်း။ **သဗ္ဗေသင်္ကပ္ပါ** – ခပ်သိမ်းကုန်သော အကြံအစည်ဟူသမျှတို့သည်၊ **စန္ဒောပန္နရသောယထာ** – (၁၅) ရက်နေ့ည လပြည့်ဝန်းကဲ့သို့၊ **ပူရေန္တု**–ပြည့်ပါစေသတည်း။ **မေ**–အကျွန်ုပ်၏၊ **မနံ**–စိတ်အလိုဆန္ဒသည်၊ **သီဃံ**–လျင်မြန်စွာ၊ **သိဇ္ဈတု**–ပြီးစီးပါစေသတည်း။

---

ရှင်သီဝလိဂါထာ(၁၀-ဂါထာ)

---

၁။ သီဝလိစ မဟာနာမံ
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေဟောန္တု ဝိယံ မမ။
၂။ သီဝလိစ မဟာဝီရော၊
ယေယေ ပဿန္တု မံ ဝိယံ။
တေတေ ပဿန္တု ပရမံ၊
ဇနပဒံ ပူဇယန္တု။
၃။ သီဝလိ နာမ ထေရေန၊
ယံယံသိဿ ဗုဒ္ဓပေတ္တာန။
ဇမ္ဗူဒီပ မဏ္ဍလေန




www.burmeseclassic.com

www.burmeseclassic.com

ဇယောမန္တာ သုခါဝဟာ။
၄။ သီဝလိစ မဟာနာမံ၊
ဣန္နာဒေဝါ သမြဟ္မကာ၊
မနုဿ ပူဇိတော ဣတိ၊
မဟာလာဘံ ဘဝဿတိ၊
၅။ သီဝလိစ မဟာလာဘံ၊
နာနာဒေတိ ဝရံ ဝရံ။
ဣဒ္ဓမ္မိ ပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝဿတိ။
၆။ ဝဏ္ဏာ ဒန္တံ နရာကိဏ္ဏံ၊
အနာမယံ ဘဝါဘဝေ။
ဘဝရုက္ခေ ဒေဝိဓိတာ၊
သဗ္ဗကောဓံ ဝိနဿန္တု။
၇။ သီဝလိစ မဟာလာဘံ၊
သဗ္ဗေလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဒါဟောန္တု ပိယံ မမ။
၈။ သီဝလိစ မဟာထေရော၊
ယေယေ ပဿန္တု မံ ပိယံ။
တေတေ ပဿန္တု မံ ပိယံ၊
ဇနပဒံ ပူဇယန္တု။
၉။ သီဝလိစ မဟာထေရော၊
မမသီသေ ဌပေတွာန။
မန္တံ တဿ ဇယော မန္တံ၊
အဟံဝန္ဒာမိ သဗ္ဗဒါ။
၁၀။ သီဝလိစ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော။
သောရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတုမေ။

အနက်

၁။ **သီဝလိစ မဟာနာမံ** – သီဝလိ ဟူသော အမည်တော်သည်၊ **သဗ္ဗလာဘံ** – အလုံးစုံသော လာဘ်လာဘကို၊ **ဘဝိဿတိ**–ဖြစ်စေလတ္တံ့၊ **ထေရဿ အာနုဘာဝေန** –မထေရ်မြတ်၏ အာနုဘော်ကြောင့်၊ **သဗ္ဗေ**–ခပ်သိမ်းကုန်သောသူတို့သည်၊ မမ–အကျွန်ုပ်အား၊ **ပိယံ**–ချစ်ခြင်းကို၊ **ဟောန္တု** –ဖြစ်ပါစေသတည်း။



၂။ **သီဝလိစ မဟာထေရော** – လှူလကြီးမြတ် သီဝလိ မဟာထေရ်မြတ်သည်ကား၊ **ယေယေ**–အကြင်အကြင်သူတို့သည်၊ **မံ**–အကျွန်ုပ်ကို၊ **ပိယံ** – ချစ်ခင်စွာ၊ **ပဿန္တု**–ကြည့်ကြ စေကုန်သတည်း။ **တေတေ**–ထိုသူတို့သည်၊ **ပရမံ**–လွန်ကဲစွာ၊ **ပဿန္တု**–ကြည့်ကြစေကုန်သတည်း၊ **ဇနပဒံ** –ဇနပုဒ်သူလူအပေါင်းသည်၊ **ပူဇယန္တု**–ပူဇော်ကြစေကုန်သတည်း။

၃။ **သီဝလိနာမ ထေရေန**–သီဝလိမည်သော မထေရ်သည်၊ **မမသီသေ** –အကျွန်ုပ်ဦးခေါင်းထက်၌၊ **ဌာပေတွာန**–တည်တော်မူ၍၊ **ဇမ္ဗူဒီပ မဏ္ဍလေန**–ဇမ္ဗူဒိပ်ကျွန်းအဝိုင်းအဝန်းဖြင့်၊ **ဇယော**–အောင်မြင်ပါစေသတည်း၊ **မန္တာ**–မန္တန်တို့သည်၊ **သုခါဝဟာ**–ချမ်းသာကို ဆောင်ကုန်၏။

၄။ **သီဝလိစ မဟာနာမံ** – သီဝလိ ဟူသော အမည်တော်မြတ်ကို၊ **သဗြဟ္မကာ** – ဗြဟ္မာနှင့်တကွသော၊ **ဣန္ဒာဒေဝါ**–သိကြားအပါနတ်များစွာတို့သည်၊ (**နန္ဒန္တိ**–နှစ်သက်ကုန်၏။) **မနုဿပူဇိတော**–လူအပေါင်းတို့သည် ပူဇော်အပ်၏။ **ဣတိ**–ထို့ကြောင့်၊ **မဟာလာဘံ** – လာဘ်လာဘများသည်၊ **ဘဝိဿတိ**–ဖြစ်ပေလတ္တံ့။

၅။ **သီဝလိစ** – သီဝလိ မထေရ်မြတ်သည်ကား၊ **ဝရံဝရံ**–မွန်မွန်မြတ်မြတ်ရှိသော၊ **နာနာ မဟာလာဘံ** – အထူးထူး အပြားပြားလာဘ်အများကို၊ **ဒေတိ**–ပေးတော်မူ၏၊ **ဣဒ္ဓမ္မိပူဇိတံ** – ဤ ပူဇော်အပ်သည်ကိုလည်း၊ **ဒေတိ**–ပေးတော်မူ၏၊ **မဟာသုခံ** – ချမ်းသာကြီးမားသည်၊ **ဘဝိဿတိ**–ဖြစ်ပေလတ္တံ့။

၆။ **ဘဝါဘဝေ** – ဘဝကြီးငယ် အသွယ်သွယ်၌ **ဝဏ္ဏာဒန္တံ**–အဆင်းလှသည့် တင့်တယ်ကောင်းမြတ်သော သွားရှိသည်၊ **နရာကိဏ္ဏံ**–လူတို့၌ ကျော်စောသည်၊ **အနာမယံ** –ရောဂါကင်းသည်၊ (**ဘဝေ**–ဖြစ်ရပါလို၏။) **ရုက္ခေ**–သစ်ပင်၌၊ **ဒေဝဓိတာ**–နတ်သမီးသည်၊ **ဘဝ** –ဖြစ်စေကြီးပွားစေသတည်း။ **သဗ္ဗကောဓံ** – အလုံးစုံသော အမျက်ဒေါသကို၊ **ဝိနဿန္တု**–ပယ်ဖျောက်စေကုန်သတည်း။

၇။ **သီဝလိစ မဟာလာဘံ**–လာဘ်လာဘများသော သီဝလိမထေရ်မြတ်ကိုလည်း၊ **သဗ္ဗလာဘံ**–အလုံးစုံသော လာဘ်လာဘသည်၊ **ဘဝိဿတိ**– ဖြစ်ပေလတ္တံ့၊ **ထေရဿ** – မထေရ်မြတ်၏၊ **အာနုဘာဝေန**–အာနုဘော်တော်ကြောင့်၊ **သဒါ**–အခါခပ်သိမ်း၊ **မမ**–အကျွန်ုပ်အား၊ **ပိယံ**–ချစ်ခင်ခြင်းသည်၊ **ဟောန္တု** – ဖြစ်စေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

၈။ **သီဝလိစ မဟာထေရော**–သီဝလိ မည်လတ် မထေရ်မြတ်သည်ကား၊ **ယေယေ**–အကြင် အကြင် လူတို့သည်၊ **မံ**–အကျွန်ုပ်ကို၊ **ပဿန္တု** – ကြည့်ရှုစေကုန်သတည်း၊ **တေတေ**–ထိုသူတို့သည်၊ **မံ**–အကျွန်ုပ်ကို၊ **ပီယံ**–ချစ်ခင်စွာ၊ **ပဿန္တု**–ကြည့်ကြစေကုန်သတတည်း၊ **ဇနပဒံ**–ဇနပုဒ်နေ လူအပေါင်းသည်၊ **ပူဇယန္တု**–ပူဇော်စေကုန်သတည်း။

၉။ **သီဝလိစ မဟာထေရော**–သီဝလိ မည်လတ် မထေရ်မြတ်သည်ကား၊ **မမသီသေ**–အကျွန်ုပ် ဦးခေါင်းထက်၌(**ပါဒံ**–ခြေတော်ကို) **ဌပေတွာန** – ထားတော်မူ၍၊ **မန္တိတဿ** – ရွတ်ဆိုအပ်သော၊ **မန္တံ–မန္တာ** – မန္တန်သည်ကား၊ **ဇယော**–အောင်မြင်၏၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

၁၀။ **သီဝလိစ(ယော)မဟာထေရော**–အရှင်သီဝလိမည်လတ် အကြင်မြတ်မဟာထေရ်မြတ်ကို၊ **ဒေဝမနုဿပူဇိတော** – နတ်လူတို့သည် ပူဇော်အပ်၏၊ **သော**–ထိုမထေရ်မြတ်သည်၊ **ပစ္စယာဒီနံ**–ပစ္စည်းလေးပါး စသည်များကို၊ **အရဟော**–ခံယူထိုက်၏၊ **မေ**–အကျွန်ုပ်အား၊ **မဟာလာဘံ**–ကြီးစွာသော လာဘ်လာဘကို၊ **ကရောတု** – ပြုတော်မူပါစေသတည်း။

*[ဤဂါထာတော်များ၊ ပါဠိအနက်ကို နကွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

**မြင်းခြံမြို့ သာသနဇောတိကာရုံကျောင်းဆရာတော် ဦးသူရိယက**ယခင် ဆရာတော် အရှင်ကောဏ္ဍည၏ ဩဝါဒဂါထာများ လက်ဆင့်ကမ်း မိန့်ကြားတော်မူသည်များ ဖြစ်ပါသည်။

ဓာတ်တော်ပူဇော်ခွင့် ရပြီးနောက် စီးပွားဖြစ်ထွန်းလာသည်ဟု ပြောပြသည့် **လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ ခရေ(၂)လမ်းနေ မချို**ကဲ့သို့ ဓာတ်တော်များ ပင့်ဆောင်ပူဇော်ခွင့် ရကြသူများ လိုက်နာအကျိုးဖြစ်ထွန်းနိုင်စေရန် ရည်သန်၍ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

**ခရီးသည်သုတေသီ**

---

# ရွှေဖရုံပင်

## အသီးသီးစေလိုသော်



ကျွန်တော်သည် ရွှေဖရုံသီးကို နှစ်သက်သဖြင့် အိမ်ခြံဝင်းအတွင်း၌ အများအပြား စိုက်ပျိုးထားပါသည်။ သို့သော် စိုက်ပျိုးထားသောအပင်တိုင်း အသီးမသီးကြပေ။

အချို့အပင်တွေမှာ (Vegetative Phase)ဟုခေါ်သော အပင်ပိုင်းသာ ဖွံ့ဖြိုးကြပြီးသီးပွင့်မှုကဏ္ဍ (Reproductive Phase)ဖြစ်ပေါ် မလာပါ။

အခြားအပင်များ သီးပွင့်လာသည့်တိုင်အောင် ယင်းအပင်တို့မှာ သီးပွင့်မလာဘဲ အရွက်၊ အညွန့်သစ်တို့သာ ဖြိုင်ဖြိုင်ထွက်နေကြ၏။ အရွက်ခူးခြင်း၊ အညွန့်ချိုးခြင်းများ ပြုလုပ်ပေးသော်လည်း ထူးခြားပြီး သီးပွင့်မလာသဖြင့်အကြံအိုက်နေရသည်။

မကြာသေးမီကမှ အသီးအပွင့် မလိုက်သော ရွှေဖရုံပင်များအား သီးပွင့်လာအောင် စီရင်ရသောနည်းတစ်နည်းကို အိမ်နီးချင်း ယောက်ဖဖြစ်သူ ကိုအောင်ဖေထံက အမှတ်မထင် ရရှိခဲ့သည်။ သူပြောပြသော နည်းလမ်းအတိုင်း စီရင်ဆောင်ရွက်ခဲ့ရာ မှန်ကန်ကြောင်း တွေ့ရှိခဲ့ရသည်။

ဤနည်းကား ခက်ခက်ခဲခဲ မဟုတ်ပါ။ လွယ်ကူလွန်းလှပါသည်။

'အသီးမသီးသော ရွှေဖရုံပင်၏ အပင်ခြေရင်း မြေနှင့်ကပ်လျက် ပင်စည်အတွင်းသို့ ငါးဖယ်ရိုး အနေတော်အရွယ်တစ်ချောင်းကို ထိုးထိုးသွင်းထား လိုက်ပါ'

မကြာမီ ယင်းအပင်သည် အပွင့်အသီးများ ဖြိုင်ဖြိုင်သီးပွင့်လာကြောင်း ကိုယ်တွေ့စိုက်ပျိုးနည်းတစ်နည်းကို စေတနာဖြင့် ရေးသားလိုက်ပါသည်။

ကျွန်တော်တင်ပြသောနည်းကို မှန်ကန်မှုရှိ မရှိ ကိုယ်တိုင် ဆောင်ရွက်ကြပါရန်။

**မောင်စန်းဝင်း** *(ကချင်ရိုးမ)*

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ မေလ

# ကျန်းမာရေးအတွက်

အကြံပေးချက်

✦ **မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို လျှော့ပေါ့ စားသုံးသင့်သည်။

**ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုးသား၊ ခါသား၊ ဆတ်၊ ဆိတ်သား၊ ချေသား၊ သမင်သား၊ ဒရယ်သား၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဖွတ်သား၊ ပုတတ်သား၊ လင်းမြွေ၊ စပါးကြီးမြွေသား၊ ပုရစ်၊ ပလူ၊ ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးသလောက်၊

ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ပုစွန်၊ ဆိတ်နို့၊ နွားနို့၊ ကျွဲနို့၊ ထောပတ်၊ ပိန်းဉ၊ ကိုင်းဉ၊ မျောက်ဉ၊ ကန်စွန်းဉ၊ ဉသျှစ်၊ တညင်း၊

မာလကာ၊ ဒူးရင်း၊ မန်ကျည်းမှည့်၊ မုန်လာဉ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ၊ ဒန့်သလွန်။

**အာပေါဓာတ်စာ ။ ။** ရေမြွေ၊ ကျွဲ၊ ကြွေ၊ ရေကြက်၊ ဘဲ၊ ငန်း၊ ဖား၊ လိပ်၊ ကဏန်း၊ ခရု၊ ကနကမာ၊ ဝက်သား(သုံးထပ်)၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးခူ၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကသပို၊ ငါးသလဲထိုး၊ စပျစ်သီး၊ ဆီးချိုသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊

ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သဘော်သီးနု၊ ဗီးကြမ်းငှက်ပျော၊ ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ အောင်မဲညို၊ ခဝဲ၊ သပွတ်၊ မင်းကွတ်သီး၊ ကြက်သွန်နီ၊ ကြံရည်၊ ကျောက်ပွင့်၊ ရေညှိ၊

စားတော်ပဲ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ၊ ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုန်းရည်ကြီး၊ မဲဇလီကြီး၊ အုန်းရည်၊ ဖလံတောင်ဝေ့။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်းမွေးသူ)တို့သည်** ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာကို ဆင်ခြင်လျှော့ပေါ့သင့်သည်။

**ဝါယောဓာတ်စာ ။ ။** ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ က,ကတစ်၊ ကြက်ဉ၊ ဘဲဉ၊ လိပ်ဉ၊ ငှက်ဉ၊ ကင်မွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဖူး၊ ခွေးတောက်၊ သပွတ်ခါးသီး၊ ကြောင်လျှာသီး၊ သဘော်သီးရင့်၊ တမာရွက်၊ ယင်းပြားရှားစောင်းခါး၊ လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ မုန့်ညင်းခါး။

**တေဇောဓာတ်စာ ။ ။** မြွေပွေး၊ မြွေဟောက်သား၊ ငါးပြေမ၊ ငါးဖယ်မ၊ ငါးတန်၊ ငါးသလောက်၊ ကဘီလူး၊ ကကတစ်၊ ကြက်သား၊ ငါးကြင်း၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား။

ဒူးရင်း၊ ရဲယို၊ သဘော်သီးမှည့်၊ ဩဇာသီး၊ ကြောင်လျှာသီး၊ မရန်းသီး၊ သံပရာ၊ ရှောက်ချဉ်သီး၊ ဆီးသီးချဉ်၊ ကနစိုသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဉ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ။

ချင်း(ဂျင်း)၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ကရဝေး၊ သစ်ကြံပိုး၊ လေးညှင်း၊ ပတဲကော၊ ကန့်ချုပ်နီ၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊

ကြိတ်မှန်ရွက်၊ လဲလူရွက်၊ ဝါရွက်၊ ချဉ်ပေါင်ရွက်၊ ကြာဟင်း၊ ကုက္ကို၊ သက်ရင်း၊ ကနစို၊ ဝ,ဉ၊ အင်ဉ၊ ပီလောပီနံ့ဉ၊ ထန်းရည်။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အားပြု၍ ပထဝီဓာတ်စာကို လျှော့ပေါ့စားသုံးသင့်သည်။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြုစားသုံး၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်သင့်သည်။



✦ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အမိကအားပြု၍ အာပေါဓာတ်စာကို လျှော့ပေါ့သုံးဆောင်သင့်သည်။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုသုံးဆောင်၍ တေဇောဓာတ်စာကို ဆင်ခြင်သုံးဆောင်သင့်သည်။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို ပိုမိုသုံးဆောင်၍ ပထဝီဓာတ်စာကို လျှော့ပေါ့ သုံးဆောင်သင့်သည်။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်သင့်သည်။

✦ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်း မွေးသူ)**တို့သည်ပထဝီဓာတ်စာကို အဓိက စားသုံး၍ အာပေါဓာတ်စာကို လျှော့ပေါ့ သုံးဆောင်သင့်သည်။

✦ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာကို ဆင်ခြင်သုံးဆောင်သင့်သည်။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)**တို့သည် အာပေါဓာတ်စာကို အဓိက စားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့ ဆင်ခြင်သင့်သည်။

✦ **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ရက်မှမတ် ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြုသုံးဆောင်၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်သင့်သည်။

***အာရောဂျဆုလာဘ်နှင့် ပြည့်စုံကြပါစေ။***

ဆေးသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရှုံးမတက်ဘူးလား'

'သြော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (ဧည့်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'ထိုင်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုံ့ပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လိုရှိသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉


ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာမှုက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com






**ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝ၆၁၂YR ဝဝ၆၇ဝ၈**

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျီးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျီးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျီးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျီးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း။ ကျီးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျီးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျီးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျီးပေါင်းရောဂါ၊ ခါးရိုးကျီးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျီးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျီးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျီးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျီးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျီးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)**



www.burmeseclassic.com

www.burmeseclassic.com

# လိပ်အင်းတစ်ကွက် ဆေးစွမ်းထက်သူ၏

လက်ဝါးပြင်ပေါ်မှာ

သန်းပညာ

အဝိုင်းမင်းကျောင်း သာသနာ့နယ်မြေကြီးရှိ **အောင်တော်မူ ဘုရားတန်ဆောင်းတော်ကြီးတွင်** သာသနာပြုနေသော လိပ်အင်းတစ်ကွက်ဖြင့် ဆေးစွမ်းထက်သူ၏ လက်ဝါးပြင်ကို လေ့လာကြည့်လိုက်မိပါသည်။

❖ ဘယ်ညာ လက်ဝါးပြင် နှစ်ဖက်လုံးတွင် **ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းမှာ** ကွာလွန်းလှပါသည်။(A)

မိမိ၏ စိတ်ထဲတွင် မှန်သည်ဟု ထင်လျှင် မဖြစ်မနေ ပြုလုပ်တတ်သော စိတ်ထားမျိုးကို ပိုင်ဆိုင်ထားပါလိမ့်မည်။ တစ်ခါတစ်ရံ အစွန်းရောက်တတ်မည်။

❖ ဘယ်လက်ဝါးပြင် **အင်္ဂါလွင်ပြင်နှင့် ရာဟုလွင်ပြင်ပေါ်တွင်** မြားသင်္ကေတန်ပါသည်။(B)

အနှောင့်အယှက် အန္တရာယ်ဟူသမျှကို ရှင်းလင်းအောင်မြင်စေမည့် ပါရမီ ပါရှိသည်။


❖ ညာလက်ဝါးပြင်ရှိ လက်သန်းတတိယဆစ်တွင် **မတ်ရပ်မျဉ်းတိုတစ်ချောင်းကို** တွေ့ရသည်။(C)

ဆေးစွမ်းထက်စေသည့် ပါရမီသင်္ကေတ ဖြစ်သည်။

❖ ဘယ်ညာ လက်ဝါးပြင် နှစ်ဖက်လုံး၏ နှလုံးလမ်းကြောင်းပေါ်တွင် **သရဖူတစ်ခုစီ** ရှိသည်။(D)

စေတီဘုရားများကို တည်ထားကိုးကွယ်ပြုပြင်ဖို့ အတိတ်ကံ ပါသလို လက်တွေ့ဆောင်ရွက်အောင်မြင်စေမည့် သာသနာပြုအမှတ်အသားကောင်း ဖြစ်ပါသည်။

❖ ဘယ်ညာ လက်ဝါးပြင် နှစ်ဖက်လုံး








www.burmeseclassic.com

www.burmeseclassic.com




ဘယ်လက်ဝါးပြင်

တွင် **တနလ်ာထီးရိုး** ပါရှိသည်။(က)

အများ၏ ကြည်ညိုလေးစားအားကိုးမှု ရရှိခြင်း၊ အများ၏ ထောက်ပံ့လှူဒါန်းချီးမြှင့်ခြင်းကို ကြုံရခြင်း၊ အများ ကိုးကွယ်အားထားရာ သဖွယ်ဖြစ်ပြီး လူသိများ ထင်ရှားကျော်စောမှုကို ဖြစ်စေခြင်း စသည့် အကျိုးထူးများကို မလွဲမသွေ ခံစားရမည်။

❖ ဘယ်ညာ လက်ဝါးပြင် နှစ်ဖက်လုံး၏ **သောကြာဂြိုဟ်ခုံတွင် စတုဂံကွက်များ** ထင်ရှားသည်။(ခ)

စတုဂံကွက်များကြောင့် သောကြာဂြိုဟ်ခုံ၏ စွမ်းအားကို ထိန်းသိမ်းလိုက်ရာ ကာမဆန္ဒ ကိလေသာအာရုံကို လျော့ပါးစေပါလိမ့်မည်။

ထို့ပြင် အရံအသက်လမ်းကြောင်း (ဂ)ကြောင့် သောကြာဂြိုဟ်ခုံ ကျဉ်းမြောင်းသွားသဖြင့် လောဘနည်းပါးခြင်းကို ဖြစ်စေပါသည်။

သို့သော် သောကြာဂြိုဟ်ခုံအားဖြစ်သော ခေါင်းဆောင်အုပ်ချုပ်စီမံနိုင်သော အရည်အသွေးကား လေးထောင့်ကွက်ကြောင့် အဟန့်အတားဖြစ်သွားသဖြင့် ဦးသျှောင်တစ်ဦးဖြစ်ရန် အခွင့်အလမ်း နည်းပါးသွားရသည်ဟု သုံးသပ်မိပါသည်။

❖ ဘယ်ညာ နှစ်ဖက်လုံးတွင် **အရံအသက်လမ်းကြောင်း** ပါသည်။(ဂ)

အန္တရာယ်ကင်းခြင်း၊ အသက်ရှည်ခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ စွန့်စားလုပ်ကိုင်သမျှ အောင်မြင်ခြင်းတို့ကို ဖြစ်စေမည်။

❖ ဘယ်ညာလက်ဝါးပြင်တွင် တနလ်ာထီးရိုးသည် **ငါးကြင်းမြီးသဏ္ဌာန်ခွ** ဖြစ်နေသည်။(ဃ)

ကံအကျိုးပေး အထူးကောင်းလှသဖြင့် ချမ်းသာကြွယ်ဝသူများ ထောက်ပံ့လှူဒါန်းသဖြင့် ငွေကြေးလာဘ်လာဘ ပေါ်ကြွယ်ပြီး သာသနာပြုလုပ်ငန်းများ အထူးအောင်မြင်မည်။

❖ ဘယ်ညာ လက်ဝါးပြင်တွင် **တနလ်ာဂြိုဟ်ခုံမှလာသော ခရီးသွားလမ်းကြောင်းသည်** ကံလမ်းကြောင်းကို ထိစပ်နေသည်။(င)

ထို့ပြင် ဘယ်ညာနှစ်ဖက်လုံးတွင် အသက်လမ်းကြောင်းမှ ဆင်းသော ဩဇာလမ်းကြောင်းရှိသည်။(ည)

တနလ်ာဂြိုဟ်ခုံ အားကောင်းသည်။ တနလ်ာဂြိုဟ်ခုံ အားကောင်းခြင်းမှာ စူးစမ်းလေ့လာလိုသော စိတ်မျိုးရှိခြင်းကိုပြသည်။ လှုပ်ရှားမှု သွားလာမှုများကြောင့် အကျိုးဖြစ်ထွန်းသည်။

ထို့ပြင် လက်ဖနှောင့်သည် ဝိုင်း


www.burmeseclassic.com

ဘဝတစ်သက်တာအတွက်

# အိမ်ထောင်ဖက်ဖေဒင်

တွက်ကြည့်စေချင်

ကောင်းခန့်
(သခွတ်မြေ)
ဝက်လက်





လူသားတိုင်းပင် အရွယ်ရောက်လာပြီဆိုသည်နှင့် မိမိ၏ ဘဝလက်တွဲဖော်ကို ရှာလိုကြသည်မှာ ဓမ္မတာပင်ဖြစ်၏။

အကြောင်းမဖန် ကံမလှ၍ အပျိုကြီး၊ လူပျိုကြီးဘဝနှင့် နေကြရသူတွေသည်လည်း တကယ်တမ်းမှာတော့ မိမိတို့၏ ဖူးစာဖက်နှင့် လက်တွဲလိုကြသည်ကို မည်သည့် အပျိုကြီး၊ လူပျိုကြီးမှ ငြင်းချက်ထုတ်နိုင်ကြမည် မဟုတ်ပေ။

ထို့ကြောင့်ပင်လည်း တချို့သော လေးဆယ်ကျော်၊ ငါးဆယ် အရွယ်တော်စာဆိတ်ဟိုင်းမှ တကယ်နော် စိတ်အရိုင်းတွေ စုပြီး မဟားတယား အိမ်ထောင်ပြုနေကြသည်ကို သင်ကိုယ်တိုင်ပင် တွေ့ဖူးမြင်ဖူးပေမည်။

ထိုသို့ အိမ်ထောင်ပြုပြီး ပြန်တော့လည်း တစ်သက်တာ မြဲ၊ မမြဲ၊ အိမ်ထောင်ရေးသာယာမှု ရှိ၊ မရှိ၊ မိမိ အိမ်ထောင်ဖက်၏ စိတ်နေသဘောထား၊ အသက်ကြီးသူ၊ အသက်ငယ်သူ အရွယ်ချင်း မျှ၊ မမျှ အိမ်ထောင်တစ်ဆက်တည်း ဟုတ်၊ မဟုတ် စသည် စသည်တို့ကို ကြိုတင်၍ သိရှိထားရန် လိုလာပါ၏။

မြန်မာ့ရိုးရာဗေဒင်ပညာတွင် ထိုအရာတို့ကို စုံလင်အောင် တွက်ကြည့်ပြီး သိရှိနိုင်အောင် ဗေဒင်တွက်နည်းတွေ အများကြီး ရှိပါသည်။

ယခု ကျွန်ုပ် တင်ပြမည့်တွက်နည်းသည်လည်း ထိုနည်းပေါင်းများစွာထဲမှ နည်းကောင်းတစ်ခု ဖြစ်ပါသည်။

ကဲ...စိတ်ဝင်စားလျှင် တွက်ကြည့်ကြပါစို့။

**တွက်နည်းမှာ...**

မိမိ၏ တွက်လိုသူ၏ မွေးသက္ကရာဇ်ကို တည်ပြီး (၁)ခု နုတ်ပါ။ နုတ်ပြီးကို (၇)နှင့် ထပ်ပြီးစားပါ။ ရလဒ်မလို အကြွင်းကို ယူပြီး အိမ်ထောင်ရေး ဝဲယာတိုင်လေးထူပြီး ဟောပြောနိုင်ပါသည်။

ဥပမာ **တွက်နည်းတစ်ခုကို အရင် တွက်ပြပါရစေ။**

**ဥပမာ... ၁၃၅၀ ပြည့်နှစ်မွေးကို** တွက်ကြည့်မည်ဆိုပါစို့။

**မွေးနှစ်** ၁၃၅၀
**နုတ်ကိန်း** – ၁
**စားကိန်း** ၇÷၁၃၄၉ = ၁၉၂ မလို
၇
၆၄
၆၃
၁၉
၁၄
၅ အကြွင်း ဂဏန်းကိုယူပါ။

**၁၃၅၀ ပြည့်နှစ်မွေးသူ**ကို နမူနာတွက်ကြည့်ရာ **အကြွင်း(၅)ရ၍ ၅–ခု တိုင်အဟော**ကို ဟောပါ။

အောက်တွင် အကြွင်းတိုင်တို့နှင့် တကွ အဟောတို့ကို တွဲ၍ ပြထားပါသည်။

**၁။ ၁–ခုကြွင်းတိုင်နှင့် အဟော...**

| ၁ | |
|---|---|
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

**၁–ခုကြွင်း**သမားတို့သည် မိမိထက် အသက်အရွယ်ကြီးသူနှင့် အိမ်ထောင်ပြုရတတ်၏။ အိမ်ထောင်ဖက်မှာလည်း တစ်ဆက်တည်း ခိုင်မြဲတတ်ပါသည်။ ထိုသို့မဟုတ်ဘဲ မိမိထက်ငယ်သူနှင့် အိမ်ထောင်ကျပါက အိမ်ထောင်မမြဲ နှစ်ဆက်ဖြစ်တတ်ပါသည်။

**၂။ ၂–ခုကြွင်းတိုင်နှင့် အဟော...**

| ၂ | |
|---|---|
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ |

**၂–ခုကြွင်း**သမားတို့သည် ချစ်သူ၏ သစ္စာမဲ့ခြင်းကို ခံရတတ်ပြီး ရည်းစား

www.burmeseclassic.com

ဦးနှင့် လွဲတတ်၏။ အလွန် "အ" သော သို့မဟုတ် အင်မတန်ရှုပ်သောသူနှင့် ကျတတ်၏။ အိမ်ထောင်ဆက်လည်း များ တတ်ပါသည်။

**၃။ ၃–ခုကြွင်းတိုင်နှင့် အဟော...**

၃

| | |
|---|---|
| ၂ | ၁ |
| ၀ | ၆ |
| ၅ | ၄ |

**၃–ခုကြွင်း**သမားတို့သည် မိမိ နှစ်သက်သူနှင့် အိမ်ထောင်ပြုရတတ်ခြင်း၊ မိမိအပေါ် အလွန်ချစ်မြတ်နိုး၍ အလိုလိုက်ခြင်း အိမ်ထောင် တစ်ဆက် တည်းဖြစ်၍ အိမ်ထောင်ရေး သာယာပါမည်။

**၄။ ၄–ခုကြွင်းတိုင်နှင့် အဟော...**

၄

| | |
|---|---|
| ၃ | ၂ |
| ၁ | ၀ |
| ၆ | ၅ |

**၄–ခုကြွင်း**သမားတို့သည် အနှောင့် အယှက်များစွာနှင့် ရုတ်တရက် အိမ် ထောင်ပြုရတတ်ခြင်း၊ အိမ်ထောင်ရေး သာယာမှု မရရှိတတ်ပါ။ ဇာတ်လမ်းတွဲ အသစ်က အရန်သင့်စောင့်နေ၍ အိမ် ထောင်ရေးအက်ကြောင်းကြီး ရှိနေ တတ်ပါသည်။

**၅။ ၅–ခုကြွင်းတိုင်နှင့် အဟော...**

၅

| | |
|---|---|
| ၄ | ၃ |
| ၂ | ၁ |
| ၀ | ၆ |

**၅–ခုကြွင်း**သမားတို့သည် အိမ် ထောင်ပျက်၊ တစ်ခုလပ် သို့မဟုတ် ဇာတ်လမ်းအထွေထွေရှိသူနှင့် ပြုရ တတ်ပါသည်။ အိမ်ထောင်ရေး၌ သာယာမှု မရရှိတတ်ပါ။ အိမ်ထောင် ဆက် များတတ်ပါသည်။

**၆။ ၆–ခုကြွင်းတိုင်နှင့် အဟော...**

၆

| | |
|---|---|
| ၅ | ၄ |
| ၃ | ၂ |
| ၁ | ၀ |

**၆–ခုကြွင်း**သမားတို့သည် မိမိ ချစ်ခင်နှစ်သက်သူနှင့် ဖူးစာဖက်ရမည်။ မိမိအား ချစ်ခင်မြတ်နိုးမည်။ မိမိ အိမ်ထောင်ဖက်သည် ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်မည်။ အိမ်ထောင်ရေး သာယာမည်။

**၇။ ၇–၀–ကြွင်းတိုင်နှင့် အဟော...**

၀

| | |
|---|---|
| ၆ | ၅ |
| ၄ | ၃ |
| ၂ | ၁ |

**၇–၀– သုညကြွင်း**သမားတို့သည် အပျိုစစ်၊ လူပျိုစစ်နှင့် ပေါင်းဖက်ရ မည်။ အိမ်ထောင်ရေး သာယာမည်။ စိတ်ချမ်းသာမှုတို့နှင့် ပြည့်စုံ၍ အိမ် ထောင်ရေး ခိုင်မြဲပါမည်။

အထက်ပါ အဟောတို့သည် အကြွင်းတစ်ခုကို ကြည့်၍ ဟောသော အဟောများဖြစ်၍ ပိုမိုပြည့်စုံစွာ ဟော လိုပါက **ဂြိုဟ်နေပရိယာယ်တို့ကို ထောက်ရှုပြီး ပြည့်စုံစွာ ကျယ်ကျယ် ပြန့်ပြန့် လေ့လာ ဟောပြောနိုင်ပါ သည်။**

***သုနက္ခတ္တံ ကောင်းသောနက္ခတ်နှင့် ကြုံ၍ ကောင်း၊ကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့် (သခွတ်မြေ)**
**ဝက်လက်**

စာမျက်နှာ (၁၄၆)မှ အဆက်

သည်။ ထိုအချက်များ ခြုံငုံသုံးသပ် ကြည့်လျှင် အမြတ်မ်း လှုပ်ရှားသွားလာ မှုဖြင့် အချိန်ကုန်တတ်သည်။

ထိုအချက်ကို သုံးသပ်ရာတွင် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်း ကြောင်းမှာ ကွာဝေးသဖြင့် ထိုပုဂ္ဂိုလ် မျိုးသည် မိမိ၏ စိတ်တိုင်းကျ ဖြစ်ခဲ သလို မိမိ၏ ယုံကြည်ချက်ကိုလည်း စွန့်ခဲ့သောကြောင့် ဖြစ်ပါသည်။

❖ ဘယ်ညာလက်ဝါးပြင်တွင် **ဗုဒ္ဓဟူး ဂြိုဟ်ခုံအနီးတွင် မတ်မျဉ်းတို** တစ်ချောင်းစီ တွေ့ရသည်။**(စ)**

ဆေးပညာ၊ နက္ခတ်ပညာ၊ ဗေဒင်ပညာ စသော လောကီပညာရပ်များကို ဝါသနာ ထုံလျက် လေ့လာလိုက်စားမည်။ ဆေးကု ခြင်း၌ အထူးအကျိုးပေးမည်။

❖ ဘယ်လက်ဝါးပြင်တွင် **စနေဂြိုဟ်ခုံ နှင့် ကြာသပတေးဂြိုဟ်ခုံကြား တွင် သန်လျက်သင်္ကေတ**ရှိသည်။ **(ဆ)**

ဩဇာတိက္ကမကြီးမားခြင်း၊ ဩဇာတိက္ကမ ကြီးမားသူတို့ ကိုးကွယ်ဆည်းကပ်ခြင်း ခံရ မည့် အတိတ်ကံပါသည်။

❖ ညာလက်ဝါးပြင်တွင် နှလုံးလမ်း ကြောင်းပေါ်မှာ **ဩဇာလမ်း တစ်ကြောင်း**သည် စနေဂြိုဟ်ခုံသို့ တက်နေသည်။**(ဇ)** အောင်မြင် ရေးလမ်းကြောင်း**(စ)**ပါရှိနေပါသည်။

ဘာသာရေးလုပ်ငန်းများ အထူးအောင်မြင် မည်ဟု သုံးသပ်ပါသည်။

❖ ဘယ်လက်ဝါးပြင်တွင် ဉာဏ်လမ်း ကြောင်းပေါ် ဩဇာလမ်းကြောင်း တစ်ခုသည် ကြာသပတေးဂြိုဟ်ခုံ ဆီသို့ တိုးတက်နေသည်။ **(ဈ)**

ကြံစည်စိတ်ကူးထားမှုများ စွမ်းနိုင် သလောက် အောင်မြင်မည်။

***အေးပါစေ အောင်ပါစေ***

**သန်းပညာ**




www.burmeseclassic.com

www.burmeseclassic.com

# မထွက်မြေကွက် ပိတ်မကွက်နှိ့





တစ်နေ့သ၌ စာရေးသူတစ်ယောက် အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်နေစဉ် တစ်လမ်းကျော်မှ အသိတစ်ဦး ရောက်ရှိလာလေသည်။ ယင်းသည် ကိုဘဦး ဆိုသူဖြစ်ပြီး မြေကွက်ဝယ်ရောင်း လုပ်ကိုင်လေသည်။ ရောက်လျှင် ရောက်ချင်း စာရေးသူအား လူမမာ အမဲခြောက်တောင်းသလို တဂျီဂျီဖြင့် သူလိုရာပြောပြီး ညည်းလေသည်။

'ဗျို့ဆရာ... ခင်ဗျားကတော့ ဇိမ်ပဲနော်။ ဘာမှ အပူအပင်မရှိဘူး။ စားမလား၊ နားမလား၊ သွားမလားဆိုတာ လိုပဲ။ ကျုပ်ကတော့ အပူမီးတွေဝိုင်းပြီး ဒုက္ခတော့ ရောက်နေပြီဗျ၊ အဲဒါ ခင်ဗျားက ဂမ္ဘီရပညာလေး လိုက်စားနေတာ ဆိုတော့ ကျုပ်ကိစ္စ ကူညီနိုင်မလားလို့ ခုလို လာရတာပါပဲဗျာ'

'ခင်ဗျားဟာက ရောက်,မရောက် သေးဘူး ညည်းတာက အရင်ပဲ။ မဟုတ်မှလွဲရော ခင်ဗျားမြေကိစ္စပဲ ဖြစ်မယ်မဟုတ်လား'

'ဟာ... အမှန်ပဲ ခင်ဗျားဗိုက်ထဲ ပုဏ္ဏားလေးရှိတယ်နဲ့ တူတယ်။ အမှန်ပဲဗျို့ ကျုပ်ဝယ်ထားတဲ့ ချောင်းနားက မြေကွက်က ရောင်းမထွက်တာ ကြာလှပြီ။ ဆရာမျိုးစုံနဲ့လုပ်တာ နည်းပေါင်းကို စုံနေပြီ၊ အခုထိ ရောင်းမထွက်သေးဘူး။ အဲဒါ ခင်ဗျားဆီက အစီအရင်လေးဘာလေး ဟဲ...ဟဲ အဲဒါ'

'ခင်ဗျား လိုချင်တာ ငွေကုန်ကြေးကျနည်းပြီး လွယ်လဲလွယ်ရမယ်၊ စွမ်းလဲစွမ်းရမယ် အဲဒါမျိုးမဟုတ်လား။ ခင်ဗျားအကြောင်း ကျုပ်သိပါတယ်ဗျာ'

'ဟဲ...ဟဲ ဟုတ်တာပေါ့ ဆရာရယ်။ လုပ်စမ်းပါ အားကိုးပါတယ်'

စာရေးသူလည်း မြေရောင်းထွက်စေသောနည်းတွေကို စဉ်းစားပြီး သူ့အလိုတိုင်း သက်သာလွယ်ကူ အစွမ်းထက်သော နည်းလေးကို ပြောပြလိုက်ရာ ယင်း ကိုဘဦးမှာ မှီရသောမျက်နှာဖြင့် စာရေးသူအား နှုတ်တောင်ဆက်ဖော်မရဘဲ ပြန်ချသွားလေသည်။


ထိုသို့ဖြင့် တစ်လကျော်ကျော်လေးမှာ ကိုဘဦး၏ ချောင်းဘေးမြေကွက် ရောင်းထွက်သွားပြီး ဝယ်သူက မြေယာပြုပြင် ခြံခတ်လိုက်ကြောင်း သတင်းကောင်းရလေတော့သည်။

ကိုဘဦးကို ပေးသောနည်းက မခက်ပါ။ မည်သူမဆို ရောင်းမထွက်သောမြေကို အောက်ပါအတိုင်း အချိန်နာရီ နေရာတိကျစွာဖြင့် လုပ်ဆောင်ပါက ရက်ပိုင်း လပိုင်းအတွင်း ရောင်းထွက်နိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ရပါသည်။ ရှေးဦးစွာ...

ရောင်းလိုသော မြေကွက်အလယ်က မြေလက်တစ်ဆုပ်ကို စနေသား/သမီးက စနေနေ့ (၁၀)နာရီမှ (၁၁)နာရီအတွင်းယူပြီး ရေနဲ့ဖျော်နယ်ပြီးကာ လေးထောင့်အပြားဖြစ်အောင် လုပ်ပြီး နေလှန်းထားရမည်၊ ပြီးလျှင် ထိုနေ့ညနေ (၅)နာရီမှ (၆)နာရီ အတွင်း ထိုမြေပြားပေါ်ကို "အနိစ္စ ဒုက္ခ အနတ္တ ထွက် ၅"ဟု ခဲတံ (သို့မဟုတ်) မှင်ကုန်ဘောလ်ပင်ဖြင့် ရေးရမည်။

**ဝါးခြမ်းပြားတစ်ထွာခန့် (၇) ချောင်း**ကို ဖောင်ပုံစံလုပ်ပြီး သားရေပင်ဖြင့်စည်းကာ မြေခဲကို **ထိုဖောင်ပေါ်တင် ခရေကိုင်းကို မြေခဲပေါ် အောက်ထိုးစိုက်ပြီး စီးနေသောရေမှာ မျှောရင်း ထွက်ပြီထွက်ပြီဟု** (၃)ခါ ဆိုလိုက်ပါ။ မကြာခင်ပင် လိုရာဆန္ဒ ပြည့်ဝအောင်မြင်စေတတ်၏။

* * *




မြေခဲပေါ်စာရေးရန် ဝါးခြမ်းပြားဖြင့် ဖောင်လုပ်ထားပုံ

**အောင်မင်းကျော်**
*(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)*

စာမျက်နှာ (၁၃၅)မှ အဆက်

www.burmeseclassic.com

သစ္စာအနက် (၁၆)ချက်ဖြင့် ခြေဖျက် ပေးထားခြင်းလည်း ဖြစ်သည်ဟု မိန့်ကြားနာယူခဲ့ရပါသည်။

စေတီတော်ကြီး၏ ဖိနပ်တော် ကြမ်းခင်းမှာ ထောင့်ပြေ (၁၆)ချိုးဖြင့် (၃)ပေမျှ ကျယ်ဝန်းလှသောကြောင့် အခိဋ္ဌာန်တင် ပုတီးစိပ် ဘာဝနာပွားသူ များအတွက် လွန်စွာ ကောင်းမွန်လှပေ သည်။

ပထမပစ္စယံကိုလည်း ထောင့်ပြေ (၁၆)ချိုးဖြင့် ဆုံမှတ်များ၌ ခြင်္သေ့ တစ်စီးကျ စီမံထားခြင်းကို တွေ့မြင်ရပါ မည်။ ကျမ်းဂန်များတွင် ခြင်္သေ့(၄) မျိုးဖော်ပြထားလေ၏။ ကေသရခြင်္သေ့ မျိုးနှင့်ပဏ္ဍုခြင်္သေ့မျိုးတို့မှာ အသားစား ကြူး ဟင်းမျိုးများဖြစ်ကြ၏။

တိဏခြင်္သေ့မျိုးနှင့် ကာလခြင်္သေ့မျိုး တို့ကား နေစာမြက်နုကိုသာ စား သောက်ကြသည်ဟု မှတ်သားရဖူး လေ၏။ ထိုခြင်္သေ့(၄)မျိုးတို့အား အစောင့်အကြပ်အနေဖြင့် လေးခုလျှင် တစ်ဖွဲ့ထားရှိသောကြောင့် ခြင်္သေ့ (၁၆)စီး ဖြစ်သည်ဟု မှတ်သားရလေ၏။

ဒုတိယပစ္စယံနှင့် တတိယပစ္စယံတို့ မှာ ပြေပြစ်သော (၁၆)ထောင့်ချိုး စိန် တောင်များဖြင့် စေတီတော်ကြီးအား ဝန်းရံ ပတ်ထားလေသည်။ စိန်တောင် တို့၏သဘောရိုးမှာ မင်္ဂလာ၏ အမှတ် အသားဖြစ်ခြင်း၊ ဂါရဝပြုခြင်း၊ အကာ အကွယ်ဖြစ်ခြင်း၊ ပိုင်ဆိုင်ခြင်းသဘော ကို ပြဆိုပါသည်။

ထူးခြားချက်မှာ ပစ္စယံတို့၏ အဆင့် တိုင်း **ကြာသွပ်အိုး၊ အရံစေတီများ** တန်ဆာဆင်ထားမှု မရှိပါ။

သပိတ်မှောက်မှာကား ကမ္ဗာကျော် မင်းကွန်း ခေါင်းလောင်းတော်ကြီးပမာ စီမံထားရှိလေ၏။ **ခေါင်းလောင်းမှောက် ၏ သဘောမှာ** ကုသိုလ်အမျှဝေခြင်း၊ ဒါနအောင်သံလွှင့်ခြင်း ဖြစ်လေ၏။



◆ လေးကျွန်းဆီမီးစေတီတော်၏ ကျောက်စာတိုက်အား ခုံညားလှသော ကျောက်တိုင်ကြီးများ တန်ဆာဆင်ထားပုံ

▼ လေးကျွန်းဆီမီးစေတီတော်မြတ်၏ သမိုင်းကျောက်စာတိုက်



ခေါင်းလောင်းတော်၏ အထက်တွင် ဖောင်းရစ်(၃)ရစ် ထားရှိလေသည်။ ဖောင်းရစ်တို့၏ စစ်ကိုင်းဒေသ အယူ ဓလေ့မှာ မိဖုရားကြီးသည် အင်္ဂါနေ့ ဖွားသန့်စင်သည်ဟု ယူဆကြလေ သည်။ တစ်နည်းအားဖြင့် သရဏဂုံ သုံးပါးအား ရည်ညွှန်းခြင်း ဖြစ်လေ၏။

ဖောင်းရစ်၏ အထက်တွင် ခရေသီး ကို မှောက်တင်၍ ဆင်ဖြူရှင်မင်းကြီး၏ ဦးသျှောင်ကို ရွှေထီးတော်အဖြစ် အထွတ်တင် ပူဇော်ထားပါသည်။

ဦးသျှောင်သဏ္ဍာန် ရွှေထီးတော် ကြီးအား နယားရှစ်ကောင်တို့က ကိုယ် လုံးဖြင့် ထမ်းပင့်ပူဇော် စောင့်ရှောက် ထားဟန် ထူးခြားစွာ ဖူးမြင်နိုင်ကြ လေ၏။


လေးကျွန်း ဆီမီးစေတီတော်ကြီးမှာ သစ္စာအနက် (၁၆)ချက်ကို အထူး ရည်ညွှန်းသောကြောင့် "**သစ္စာစည်း ဒါနစည်း၊ မေတ္တာစည်း**" ဖြစ်လေ သည်။

အကြောင်းဆိုက်၍ ဘုရားဖူးရောက်



www.burmeseclassic.com

www.burmeseclassic.com



◆ လေးကျွန်းဆီမီးစေတီတော်မြတ်၏ အောင်မြေနှုန်းရှိရာ မျှော်ရုံကြီး

ခိုက် ဆုံပါလျှင် သစ္စာတိုင်၍ ဆုတောင်း ကြည့်စေလိုပါ၏။ မိမိ၏ အဆိုးကောင်းကို ဖွင့်ဟဝန်ခံ သစ္စာတိုင်ခြင်းဖြင့် ကုသိုလ်အမှု လှူမှုကိစ္စအဝဝကို ကေန် ဝင် အောင်မြင်လေ့ရှိပါကြောင်း အဆိုရှိပါသည်။

## လေးကျွန်းချမ်းသာစေတီတော်

ဘုရားရှိခိုး ဂါထာတော်ကို လေးကျွန်း ဆီမီးဂါထာဖြင့် ရွတ်ဆိုပူဇော်ပါ။

### ဘုရားတည်နှစ်

သက္ကရာဇ် ၁၀၈၆ ခုနှစ်။

### ဘုရားဒါယကာ

ဆင်ဖြူရှင်မင်းကြီး၏ မိဖုရား အသတ် **"သီရိဓမ္မာဒေဝီ"**။

### တည်နေရာ

ဇေတဝန်စေတီတော်၏ အရှေ့ ဘက် ဖဝါးဦးတောင်၊ စစ်ကိုင်းတောင် [illegible]

### ပွဲတော်ရက်

၂၀၁၀ ပြည့်နှစ်မှ စ၍ အကြောင်း [illegible]မျိုးကြောင့် ပွဲတော် မရှိပါ။

### အောင်မြေ

စေတီတော်၏ အရှေ့ဘက် အာရုံခံ အတွင်း။

### အစောင့်အရှောက်

ဇေတဝန် ဘိုးဘိုးကြီး။

### ထူးခြားချက်

လေးကျွန်းချမ်းသာ စေတီတည်ရှိသော ဖဝါးဦးတောင်တော်မှာ ဗုဒ္ဓမြတ်စွာ ဝါတော်(၂၀)ကျော်သော အချိန် အရှင်အာနန္ဒာနှင့်အတူ စစ်ကိုင်းတောင်သို့ ကြွတော်မူခိုက် ဦးစွာ ဖဝါးဦးချခဲ့သောကြောင့် **ဖဝါးဦးတောင်**ဟု တွင်ခဲ့လေ၏။

ဤတောင်တောင်မှာ သမိုင်းဝင်၊ သိက်ဝင် တောင်တော်အမှတ်(၁၆)လည်း ဖြစ်လေသည်။ ဤစေတီတော်နှင့်အတူ လေးကျွန်းချမ်းသာချောင်ကြီး တည်ရှိပါသည်။ စေတီတော်၏ ပုံဟန်တော်ကို မဟာသီရိမိဖုရားကြီး၏ စေတီတော်အတိုင်း သဏ္ဌာန်တူ တည်ထားပူဇော်ထားပါသည်။

ဉာဏ်တော်အမြင့်မှာ (၂၅)တောင် တစ်မိုက် ရှိသည်ဟု သိရလေ၏။ စေတီတော်ကြီးအား လေးကျွန်းဆီမီးစေတီတော်ကဲ့သို့ပင် ပြေပြစ်သော ထောင့်ချိုး (၁၆)ခုဖြင့် ဝန်းဝိုင်းသော သဏ္ဌာန်ဖြစ်လေသည်။ ထောင့်ချိုးများ၏ အလယ်ဗဟိုတွင် ချစ်စဖွယ် ခြင်္သေ့ငယ်များကို ခြံရံထားလေသည်။

ခြင်္သေ့ငယ်များမှာ လိမ္မာယဉ်ကျေးဟန်ဖြစ်၍ သခင်၏ စကားကို နားဆင်နေသောဟန်ဖြစ်၍ နေလေ၏။ ထောင့်ချိုးများ၏ အလယ်၌ အပူဇော်ခံထားသော စကျင်ရုပ်တုတော်များမှာ ယခုအခါ တစ်ဆူမျှ မတွေ့နိုင်တော့။

နောင်တော်ကြီးစေတီကို တနင်္ဂနွေထောင့်တွင် ဆင်ဖြူရှင်မင်းကြီးအား ရည်မျှော်၍ တည်ထားပါလေ၏။ ခေါင်းလောင်းတော်၏ အခြေတွင် အရံစေတီငယ် (၁၆)ဆူကို ဝိုင်းရံလျက် ပူဇော်ထားပုံမှာ ထူးခြားလှပေတော့သည်။

**လေးကျွန်းချမ်းသာ စေတီတော်၏ မြောက်ဘက် မဟာရံဦးတိုင်း အခြေတွင် ဦးထိပ်၊ ပျောက်ကွယ်နေသော အစောင့်ရဲမက် ယက္ခကြီး ရှိနေလေ၏။ ထိုရဲမက် ယက္ခကြီးအား ဦးထိပ်အသစ် ပြည့်စွက်ပေးကြသော်လည်း ဧရာဝတီမြစ်ရေ ကျဆင်းချိန်၌ ပျောက်ကွယ်သွားလေ့ ရှိသည်သာ။**

လေးကျွန်းချမ်းသာ စေတီတော်ကြီးအား ပြန်လည် ပြုပြင်မွမ်းမံ ပူဇော်ရန်မှာ ကုသိုလ်ရှင်များ၏ အခွင့်အရေး ဖြစ်လေတော့သည်။

## လေးကျွန်းသာယာစေတီတော်

ရှိခိုးပူဇော်ဂါထာတော်မှာ ဖော်ပြထားပြီးဖြစ်ပါသည်။

### ဘုရားတည်နှစ်

သက္ကရာဇ် ၁၀၈၆ ခုနှစ်။

www.burmeseclassic.com

### ဘုရားဒါယကာ

ဆင်ဖြူရှင်မင်းကြီး၏ အငယ်ဆုံး မိဖုရား **"သီရိစန္ဒာဒေဝီ"** (အင်းဝမြို့တွင်လည်း **"လောကဒုသာန်မာရ်အောင်"** စေတီတော်ကြီးကိုပါ တည်ထားခဲ့၏။)

### တည်နေရာ

စစ်ကိုင်းမှ မင်းကွန်းဒေသသို့ ကားလမ်းအနီး တောင်တော်အမှတ် (၂၆) ရှင်ဖြူရှင်လှဘုရား အခြေတွင် အလွယ်တကူ ဝင်ရောက် ဖူးမြော်နိုင်ကြလေသည်။

### ပွဲတော်ရက်

သီတင်းကျွတ်လဆန်း (၈)ရက်။

### အစောင့်အရှောက်

ရက္ခစိုးမင်းကြီးဖြစ်၍ အောင်မြေဌာန သတ်မှတ်ထားခြင်း မရှိပါ။ သို့ရာတွင် ဤနေရာဌာနမှာ အလောင်းစည်သူမင်းကြီး ရှင်ဖြူရှင်လှ ရုပ်ပွားတော်များကို ဌာပနာပြုရန် ပင့်ဆောင်လာစဉ် ရုပ်ပွားတော်များက **"ငါ ဤနေရာတွင် စံတော်မူမည်"**ဟု နှုတ်မြွက်စကားခြွေခဲ့သော အောင်မြေဌာန အစစ် ဖြစ်သောကြောင့် လေးကျွန်းသာယာစေတီ တည်ရှိရာ တောင်ကုန်းသည်ပင် **အောင်မြေ အောင်ဓာတ်ကိန်းပေသည်ဟု** ဆရာတော်ကြီးက ဖွင့်ဟ လမ်းညွှန်ခဲ့လေ၏။

လေးကျွန်းသာယာ စေတီတော်မြတ်၏ ပုံဟန် အနေအထားမှာလည်း အစ်မတော် မိဖုရားနှစ်ပါးတို့၏ စေတီတော်များ ပုံဟန်အတိုင်း ပုံစံတူ တည်ထားကိုးကွယ်ခြင်း ဖြစ်လေသည်။ အစ်မတော်များ၏ စေတီများထက် သေးငယ်ခြင်းသာ ကွာခြားပါသည်။

ဉာဏ်တော်အမြင့်မှာ (၂၇)ပေ ရှိနေလေ၏။ ပြေပြစ်သော(၁၆) ထောင့်ချိုး စေတီဖြစ်သော်လည်း အဆင်တန်ဆာများ မပါရှိပါ။

ပစ္စယံသုံးဆင့်ကိုပင် ရိုးရှင်းစွာ ပြုလုပ်ထားလေ၏။ စိန်တောင်များ တပ်ဆင် ပူဇော်ထားမှု မရှိပါ။

ဖိနပ်တော် အခြေခံများ၏ အထက်တွင် ခြင်္သေ့ရုပ်များ လုံးဝ မပါရှိသလို ထင်သာမြင်သာ ရှိသော စေတီဖြစ်၍ ထူးခြားလှပေသည်။

ရင်ပြင်တော်မှာ မင်းကွန်းဒေသ အတွက် ကားလမ်းပေးထားရသော ကြောင့် အနည်းငယ် ကျဉ်းမြောင်းလှပေ၏။ သို့တစေ လွန်စွာ သန့်ရှင်းသပ်ရပ်လှသောကြောင့် အစဉ်အမြဲ ကြည်ညိုဖွယ် ဖြစ်တည်နေလေသည်။

မိဖုရားများ၏ စေတီတော်သုံးဆူတို့မှာ တစ်ဆူနှင့်တစ်ဆူ ဝေးကွာခြင်း မရှိပါ။ မင်းကွန်းသွား ကားလမ်းမကြီး၏ ဘေးတွင်သာ တည်ရှိနေကြသောကြောင့် အလွယ်တကူ သက်သာစွာ ဝင်ရောက် ဖူးမြင်နိုင်ကြပါသည်။

စေတီတော်သုံးဆူမှာ မိဖုရားများ၏ ဂုဏ်ထူး အဆင့်အတန်းအလိုက်၊ တောင်တော် အမြင့်အနိမ့်အလိုက် လိုက်ဖက်တင့်တယ်စွာ ရွေးချယ်ထားခြင်းကို တွေ့မြင်နိုင်ကြသောကြောင့် ဂါရဝတရား မည်မျှရှိကြောင်းကို မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအဖြစ် ဖော်ပြကုသိုလ်ပြုလိုက်ပါသည်။

***အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ...***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

**စာမူပို့လိုက...**

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၀၉ (မြေညီ)**
**၂၉-လမ်း (အထက်)**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့။**
**ဖုန်း-**
**၀၉-၇၇၆၃၄၉၇[illegible]**
**၀၉-၉၆၈၀၀၄၃၁၉၂**



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင် သူတော်စင်များ အနေဖြင့် လောကီ၊ လောကုတ္တရာ အကျိုးထူးများ ရရှိစေနိုင်သော အဓိဋ္ဌာန်များ၊ ကျင့်စဉ်များကို အမြတ်တနိုး တန်ဖိုးထား၍ အထူးလေ့လာ ပွားများ အားထုတ်လိုကြပါသည်။

စာရေးသူအနေဖြင့် ကိုယ်တိုင် ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်ကာ ကိုယ်တွေ့ အောင်မြင်မှုတွေ၊ အကျိုးထူးတွေ ရခဲ့သော ဘိုးဘိုးဉာဏ်ထံမှရသော (၁၀၈) ကွက်ပြည့် မြတ်ဘုရားဂုဏ်တော် ပုတီးစိပ်အားမျှဝေ ခံစားနိုင်ရန် မေတ္တာ ရှေ့ထားပြီး ဓမ္မဒါနအဖြစ် ရေးသား ဖော်ပြအပ်ပါသည်။

ဘိုးဘိုးဉာဏ်ထံမှ (၁၀၈)ကွက်ပြည့် မြတ်ဘုရားဂုဏ် ပုတီးစိပ်ကို **လွန်ခဲ့သော ၁၃၄၅ ခုနှစ်၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့၊ ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလ(၇)ရက်၊ ကြာသပတေးနေ့တွင်** စာရေးသူရဲ့ တစ်ဦးတည်းသောသား (၃)နှစ်အရွယ်ခန့်က မန္တလေးမြို့မှ အလှူပွဲကို သားအမေဘက်မှ အဘိုးအဘွားတွေနဲ့ အတူ သွားပါတယ်။

အဲဒီကမှအပြန်မှာ သားငယ်က သူ့လက်ထဲမှာ အလှူက ရလာတဲ့ စာအုပ်ကို စာရေးသူအား "ဖေဖေ ဒီစာအုပ်လေး ဖတ်ပြီး ပုတီးစိပ်ပါ"ဟု ပြောပြီး (၁၀၈)လုံး ပုတီးတစ်ကုံးနဲ့ အတူပေးပါတယ်။

စာအုပ်ကို ဖတ်လိုက်တော့ "ဘိုးဘိုးဉာဏ်ထံမှ ရသော (၁၀၈)ကွက်ပြည့် မြတ်ဘုရားဂုဏ်တော် ပုတီးစိပ်" **အရှင်ပညိန္ဒ(မန္တလေး)**ဟု တွေ့ရပါတယ်။

**စာအုပ်ရဲ့ စကားဦးလက်ဆောင်မှာ...**

လူဖြစ်လာရင် ပညာရှိမှ ဖြစ်မယ်၊

F.20A. May, 2017.

အကျိုးထူးများ မုချခံစားရမည့် ဘိုးဘိုးဉာဏ်ထံမှရသော (၁၀၈)ကွက်ပြည့်

# မြတ်ဘုရားဂုဏ်တော် ပုတီးစိပ်

အောင်ဝင်းတင့် (ဘူမိ၊ ကံမ)
ကျိုးမြူသာသနာပြု



ပညာရှိမှ မိတ်ကောင်းဆွေကောင်းရမယ်။
မိတ်ကောင်းဆွေကောင်းရှိမှ...
အလုပ်ကောင်း ရာထူးကောင်းရမယ်။
အလုပ်ကောင်း ရာထူးကောင်းရှိမှ...
ဥစ္စာတွေပေါ်မယ်၊
ဥစ္စာတွေပေါ်မှ...
ကုသိုလ်တွေပြုနိုင်မယ်။
ကုသိုလ်တွေပြုနိုင်မှ...
လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာရမယ်။

ဟူသော စာကို ဖတ်ရပြီး အဲဒီနေ့ကစ အဓိဋ္ဌာန်ပုတီး စတင်ခဲ့ပါတယ်။ (၂)နှစ်တာနီးပါး (၂၂၉)ရက် အဓိဋ္ဌာန်ဝင် အောင်မြင်ပြီး အကျိုးထူးများ ကိုယ်တိုင်ရရှိခဲ့ပါတယ်။

သို့သော် ဘိုးဘိုးဉာဏ်ထံမှ ရသော (၁၀၈)ကွက်ပြည့်၊ မြတ်ဘုရားဂုဏ်တော် ပုတီးစိပ်အား အကြွင်းမဲ့ ယုံကြည်ပြီးလျှင် ပါရမီဘုန်းကံ အလျောက် မုချ အကျိုးထူးများရစေရန်နဲ့ လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ ရရှိရန် ရည်ရွယ်ပြီးလျှင် ထိရောက်တဲ့ အဓိဋ္ဌာန် နည်းတွေကို မေတ္တာဖြင့် တစ်ဆင့် မျှဝေပေးလိုက်ပါတယ်။

နဝဂုဏောဟိ သမ္ဗုဒ္ဓေါ အဟံဝန္ဒာမိ သဗ္ဗဒါ။

(နဝ ဂုဏောဟိ သမ်ပန်နံ အဟံ ဝန်ဒါမိ သဗ်ဗဒါ)

ဖော်ပြပါ ပါဠိကို ပုတီးမစိပ်ခင် အမြဲ ဆိုရမည်။

ပုတီး (၁၀၈)လုံးပြည့်တဲ့အခါမှာလဲ ဖော်ပြပါ ပါဠိကို ဆိုရမည်။ လုံးဝ မမေ့ရပါ။

ဘိုးဘိုးဉာဏ်ထံမှ ရသော
(၁၀၈)ကွက်ပြည့်
မြတ်ဘုရားဂုဏ်တော်ပုတီးစိပ်

နဝဂုဏောဟိ သမ္ဗုဒ္ဓေါ အဟံဝန္ဒာမိ သဗ္ဗဒါ။

၁။အရဟံ (ပုတီး ၁ လုံးချ)
၂။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၃။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၄။သုဂတော (ပုတီး ၁ လုံးချ)
၅။လောကဝိဒူ (ပုတီး ၁ လုံးချ)
၆။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)



www.burmeseclassic.com

www.burmeseclassic.com

၇။သတ္တာ ဒေဝမနုဿာနံ (ပုတီး ၁ လုံးချ)
၈။ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၉။ဘဂဝါ (ပုတီး ၁ လုံးချ)
၁၀။ဘဂဝါ (ပုတီး ၁ လုံးချ)
၁၁။ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၁၂။သတ္တာဒေဝမနုဿာနံ (ပုတီး ၁ လုံးချ)
၁၃။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၁၄။လောကဝိဒူ (ပုတီး ၁ လုံးချ)
၁၅။သုဂတော (ပုတီး ၁ လုံးချ)
၁၆။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၁၇။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၁၈။အရဟံ (ပုတီး ၁ လုံးချ)
၁၉။အ-ရဟံ (ပုတီး ၁ လုံးချ)
၂၀။အရ-ဟံ (ပုတီး ၁ လုံးချ)
၂၁။အရဟံ (ပုတီး ၁ လုံးချ)
၂၂။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၂၃။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၂၄။အရဟံ (ပုတီး ၁ လုံးချ)
၂၅။အရဟံ (ပုတီး ၁ လုံးချ)
၂၆။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၂၇။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၂၈။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၂၉။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၃၀။အရဟံ (ပုတီး ၁ လုံးချ)
၃၁။အရဟံ (ပုတီး ၁ လုံးချ)
၃၂။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၃၃။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၃၄။သုဂတော (ပုတီး ၁ လုံးချ)
၃၅။သုဂတော (ပုတီး ၁ လုံးချ)
၃၆။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၃၇။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၃၈။အရဟံ (ပုတီး ၁ လုံးချ)
၃၉။အရဟံ (ပုတီး ၁ လုံးချ)
၄၀။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၄၁။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၄၂။သုဂတော (ပုတီး ၁ လုံးချ)
၄၃။လေ ာကဝိဒူ (ပုတီး ၁ လုံးချ)
၄၄။လောကဝိဒူ (ပုတီး ၁ လုံးချ)



၄၅။သုဂတော (ပုတီး ၁ လုံးချ)
၄၆။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၄၇။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၄၈။အရဟံ (ပုတီး ၁ လုံးချ)
၄၉။အရဟံ (ပုတီး ၁ လုံးချ)
၅၀။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၅၁။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၅၂။သုဂတော (ပုတီး ၁ လုံးချ)
၅၃။လောကဝိဒူ (ပုတီး ၁ လုံးချ)
၅၄။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၅၅။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၅၆။လောကဝိဒူ (ပုတီး ၁ လုံးချ)
၅၇။သုဂတော (ပုတီး ၁ လုံးချ)
၅၈။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၅၉။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၆၀။အရဟံ (ပုတီး ၁ လုံးချ)
၆၁။အရဟံ (ပုတီး ၁ လုံးချ)
၆၂။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၆၃။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၆၄။သုဂတော (ပုတီး ၁ လုံးချ)
၆၅။လောကဝိဒူ (ပုတီး ၁ လုံးချ)
၆၆။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၆၇။သတ္တာဒေဝမနုဿာနံ (ပုတီး ၁ လုံးချ)
၆၈။သတ္တာဒေဝမနုဿာနံ (ပုတီး ၁ လုံးချ)
၆၉။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၇၀။လောကဝိဒူ (ပုတီး ၁ လုံးချ)
၇၁။သုဂတော (ပုတီး ၁ လုံးချ)
၇၂။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၇၃။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၇၄။အရဟံ (ပုတီး ၁ လုံးချ)
၇၅။အရဟံ (ပုတီး ၁ လုံးချ)
၇၆။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၇၇။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၇၈။သုဂတော (ပုတီး ၁ လုံးချ)
၇၉။လောကဝိဒူ (ပုတီး ၁ လုံးချ)
၈၀။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၈၁။သတ္တာဒေဝမနုဿာနံ (ပုတီး ၁ လုံးချ)
၈၂။ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၈၃။ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၈၄။သတ္တာဒေဝမနုဿာနံ (ပုတီး ၁ လုံးချ)
၈၅။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၈၆။လောကဝိဒူ (ပုတီး ၁ လုံးချ)
၈၇။သုဂတော (ပုတီး ၁ လုံးချ)
၈၈။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၈၉။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၉၀။အရဟံ (ပုတီး ၁ လုံးချ)
၉၁။အရဟံ (ပုတီး ၁ လုံးချ)
၉၂။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၉၃။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၉၄။သုဂတော (ပုတီး ၁ လုံးချ)
၉၅။လောကဝိဒူ (ပုတီး ၁ လုံးချ)
၉၆။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၉၇။သတ္တာဒေဝမနုဿာနံ (ပုတီး ၁ လုံးချ)
၉၈။ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၉၉။ဘဂဝါ (ပုတီး ၁ လုံးချ)
၁၀၀။ဘဂဝါ (ပုတီး ၁ လုံးချ)
၁၀၁။ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၁၀၂။သတ္တာဒေဝမနုဿာနံ (ပုတီး ၁ လုံးချ)
၁၀၃။အနုတ္တရောပုရိသဒမ္မသာရထိ(ပုတီး ၁ လုံးချ)
၁၀၄။လောကဝိဒူ (ပုတီး ၁ လုံးချ)
၁၀၅။သုဂတော (ပုတီး ၁ လုံးချ)
၁၀၆။ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီး ၁ လုံးချ)
၁၀၇။သမ္မာသမ္ဗုဒ္ဓေါ (ပုတီး ၁ လုံးချ)
၁၀၈။အရဟံ (ပုတီး ၁ လုံးချ)

**(နဝဂုဏောဟိ သမ္ဗုဒ္ဓံ အဟံ ဝန္ဒာမိ သဗ္ဗဒါ)**

F.20B. May, 2017.



www.burmeseclassic.com

www.burmeseclassic.com

## နည်းမှန်လမ်းမှန်

**ပထမဆုံး**

နဝဂုဏောဟိ သမ္ဗုဒ္ဓံ အဟံ ဝန္ဒာမိ သဗ္ဗဒါ ကို ရွတ်ဆိုပါ၊

ပြီးမှ "အရဟံ" ကို ရွတ်ဆိုပါ။ ပုတီး (၁)လုံးချပါ။ ဆက်ပြီး သမ္မာသမ္ဗုဒ္ဓေါ ကို ဆိုပါ၊ ပုတီး (၁)လုံးချပါ၊ ဆက်ပြီး ဆိုပါ၊ ပုတီးတစ်လုံးစီ ချသွားပါ။

တစ်ရာ့ရှစ်ဂုဏ်တော်ဆိုပြီးတဲ့ အချိန်မှာ ပုတီး တစ်ရာ့ရှစ်လုံး ချပြီးလို့ ကုန်သွားမှာပါ။ တကယ်လို့ ပုတီး(၁၀၈) လုံးကျန်တာ၊ ပိုတာ၊ လိုတာတွေ ဖြစ်နေရင်တော့ မှားပြီလို့သာ မှတ်ပါ။ ပြန်ဆိုပြီး ပြန်ပြီး ပုတီးချရမယ်၊

နောက်ဆုံးမှာလဲ **"နဝဂုဏောဟိ သမ္ဗုဒ္ဓံ အဟံ ဝန္ဒာမိ သဗ္ဗဒါ"** ကို ရွတ်ဆိုရမယ်။ ဒီပါဠိကို ပထမဆုံး တစ်ကြိမ်၊ အဆုံးမှာ တစ်ကြိမ် မပျက်မကွက် အမြဲတမ်း ရွတ်ဆိုကြပါ။

ထူးထူးကဲကဲ သာသာလွန်လွန် သူများတကာတွေထက် သာချင်၊ ထူးချင်၊ ချွန်ချင်တဲ့ လူတွေအတွက် ထိရောက်တဲ့ အဓိဋ္ဌာန်နည်းတွေ ပေးလိုက်ပါတယ်။

၁။ တစ်နေ့လျှင် (၉)ပတ်၊ (၉)ရက် တိတိစိပ်ပါ။
၂။ တစ်နေ့လျှင် (၁၈)ပတ်၊ (၉)ရက် တိတိစိပ်ပါ။
၃။ တစ်နေ့လျှင် (၂၇)ပတ်၊ (၉)ရက် တိတိစိပ်ပါ။
၄။ တစ်နေ့လျှင် (၃၆)ပတ်၊ (၉)ရက် တိတိစိပ်ပါ။
၅။ တစ်နေ့လျှင် (၄၅)ပတ်၊ (၉)ရက် တိတိစိပ်ပါ။
၆။ တစ်နေ့လျှင် (၅၄)ပတ်၊ (၉)ရက် တိတိစိပ်ပါ။
၇။ တစ်နေ့လျှင် (၆၃)ပတ်၊ (၉)ရက် တိတိစိပ်ပါ။
၈။ တစ်နေ့လျှင် (၇၂)ပတ်၊ (၉)ရက် တိတိစိပ်ပါ။
၉။ တစ်နေ့လျှင် (၈၁)ပတ်၊ (၉)ရက် တိတိစိပ်ပါ။

အဓိဋ္ဌာန်နည်းနဲ့ ပုတီးစိပ်တဲ့အခါ ပုတီးအပတ်ရေပေါင်း (၄၀၅)ပတ်ရတယ်။ ရက်ပေါင်း (၈၁)ရက် ဖြစ်ပါတယ်။ အဲဒီလို ပုတီးစိပ်ပြီးသွားတာကို "တစ်ဝါရ" လို့ ခေါ်ပါတယ်။

၁။ (၈၁)ရက်ပြီးလျှင် တစ်ဝါရ အောင်မယ်။
၂။ သုံးဝါရပြီးလျှင် ပီယသိဒ္ဓိ အောင်မယ်။
၃။ ငါးဝါရပြီးလျှင် ဓနသိဒ္ဓိ အောင်မယ်။
၄။ ခုနစ်ဝါရပြီးလျှင် ကာယသိဒ္ဓိ အောင်မယ်။
၅။ ကိုးဝါရပြီးလျှင် ဝိဇ္ဇာမဟိဒ္ဓိ အောင်မယ်။

စာရေးသူအနေဖြင့် ယခုဖော်ပြခဲ့သော အဓိဋ္ဌာန်နည်းကို ကိုးဝါရ အောင်မြင်တဲ့အထိ (၇၂၉)ရက်ကြာ အဓိဋ္ဌာန်ဝင် အောင်မြင်ခဲ့ဖူးပါတယ်။

ထိုအချိန်မှစပြီး ထူးခြားသော အကျိုးထူးများရပြီး မျက်မှောက်ခေတ် လူဝိဇ္ဇာဓိုရ်များ၊ ဆုကြီးပန်ဝိဇ္ဇာဓိုရ် ဆရာတော်ကြီးများနဲ့ တွေ့ခွင့်ရပြီး သိခွင့်ရကာ ဘုရားတည်၊ ကျောင်းဆောက်၊ သိမ်နဲ့ ရေကန်တူး စသော သာသနပြုလုပ်ငန်းများကို အတူဆောက်တည် လှူဒါန်းကာ သာသနာပြုနိုင်ခဲ့ပါတယ်။

အမြဲတမ်း ခိုင်ခံ့အောင် မြတ်ဘုရားဂုဏ်တော်ကို ပုတီးနဲ့ချည်းပဲ စိပ်ရမယ်လို့ မဆိုလိုပါဘူး။ ကားပေါ်၊ ရထားပေါ်၊ လေယာဉ်ပေါ်၊ သွားရင်း၊ လာရင်း၊ အိပ်ရင်း၊ ထိုင်ရင်း၊ ရပ်ရင်း ရွတ်ဆိုလို့ ရပါတယ်။

ပုတီးမပါဘဲ မှန်အောင် ရွတ်ဆိုနေရင်လဲ ရပါတယ်။ တစ်နေ့လျှင် (၉) ခေါက်ရွတ်ဆိုပါက အကျိုးထူးတွေ မကြာခင်မှာ တွေ့ကြုံ ခံစားရပါလိမ့်မယ်။

## အောင်ပန်းတွေ ဝေဝေဝေ

(၁၀၈)ကွက်ပြည့် မြတ်ဘုရားဂုဏ်တော်ကို နေ့စဉ်(၉)ခေါက် ရွတ်ဆိုကြမယ်၊ ပုတီးစိပ်ကြမယ်ဆိုရင် ရွှေငွေ ရာထူး၊ စည်းစိမ်တွေ တိုးတက်မယ်။

သွားချင်တဲ့ တိုင်းပြည်ကို အဟန့်အတားမရှိ လျင်မြန်စွာ သွားရမယ်။ ဘေးအန္တရာယ်မှန်သမျှ ကင်းပျောက်မယ်။ အသက်ရှည်မယ်။ သိဒ္ဓိ အဆင့်ဆင့် အောင်မယ်။

ဒါ့အပြင် နိဗ္ဗာန်ချမ်းသာအထိ အကျိုးပြုမှာ မလွဲပါဘူး။ ယုံကြည်မှု သဒ္ဓါတရားအပြည့်နဲ့ ရွတ်ဆိုကြပါ၊ ပုတီးစိပ်ကြပါ။

ဘိုးဘိုးဉာဏ်ထံမှ ရသော (၁၀၈) ကွက်ပြည့် မြတ်ဘုရားဂုဏ်တော် ပုတီးစိပ်ကို စီစဉ်ရေးသားသော **အရှင်ပညိန္ဒ(မန္တလေး)၊ (ဂဏဝါစက နယဒေသက၊ စာချ ဥပဒေဝိဇ္ဇာဘွဲ့ရ အင်္ဂလိပ်-မြန်မာနည်းပြ၊ ထန်းတပင်ကျောင်း၊ စကုတိုက်၊ အနောက်တောင်မြို့နယ်၊ မန္တလေးမြို့။)** အား ဤဆောင်းပါးဖြင့် ဂါရဝပြု ဦးညွှတ်ပူဇော်အပ်ပါသည်။

**(၁၀၈)ကွက်ပြည့် မြတ်ဘုရားဂုဏ်တော်တန်ခိုးကြောင့် ဘေးကင်းရန်ကွာ၊ လျှင်စွာ ချမ်းသာအံ့။**

**အောင်ဝင်းတင့်(ဘူမိ၊ ကံမ)**
**ဂျီးဖြူသာသနာပြု**



www.burmeseclassic.com

www.burmeseclassic.com



ရဲမျိုးသူ (ဇောမိမြိုင်)

# ငလျင်လှုပ်မည်ကို ကြိုသိသူ

အချို့သော လောကီအသိအတတ်တို့ကား ဆန်းပြားသကဲ့သို့ သူတော်စင်ပုဂ္ဂိုလ်ကြီးများ၏ အသိများသည်ကလည်း သိပ္ပံအသိဖြင့် လိုက်မမီအောင် ရှိနေပြန်ပါသည်။

အသိထူးရှိကြသော ပုဂ္ဂိုလ်ထူးများတွင် မိသားစုအားလုံး ကြုံခဲ့ဖူးရသော **ရွှေပေါက်ကျွန်းဆရာတော်ကြီး ဖေယျသိဒ္ဓိဓမ္မဉာဏထိက အသျှင်သူမြတ်** အကြောင်း သတိတရ ရေးသားမိပါသည်။

ကျေးဇူးတော်ရှင် ရွှေပေါက်ကျွန်းဆရာတော်ကြီး သီတင်းသုံးတော်မူရာ စေတော်ဝင်ကျောင်းတော်ကြီးဆီသို့ ကလေးဘဝ ငယ်စဉ်ကပင် မိဘများနှင့်အတူ ရောက်ဖူးခဲ့ပါသည်။

မှတ်မိသည်မှာ **၁၉၈၇ ခုနှစ်**လောက်က ဖြစ်ပါသည်။ မိဘနှစ်ပါးမှာ ပညာရေးဝန်ထမ်းများ ဖြစ်ကြသည့်အတွက် နွေရာသီကျောင်းပိတ်ရက်တွင် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြခြင်း ဖြစ်ပါသည်။

ရွှေပေါက်ကျွန်းစေတော်ဝင် ကျောင်းတော်သို့ လာရောက်ကြသော ဝေနေယျများ ရောက်နေစဉ် ကုသိုလ်ထူးရကြစေရန်အတွက် နေ့စဉ်မပျက် စုပေါင်းဘုရားရှိခိုး ဝတ်တက်ရခြင်း ရှိပါသည်။ ဝေနေယျအများ စုပေါင်းဘုရားရှိခိုးသည့် နေရာအား နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံတွင် ပြုလုပ်ပါသည်။

ဆရာတော်ကြီး ချမှတ်ပေးထားသည့် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့အား ရှိခိုးကန်တော့သည့် ဝတ်ရွတ်စဉ်အား ရွတ်ဖတ်၍ ဘုရားရှင်တို့အား အရဟံဆွမ်း ကပ်လှူပူဇော်ခြင်းဖြစ်လေသည်။

ထိုကိစ္စအား ဦးစီးဆောင်ရွက်ရသူမှာ **ရသေ့ကြီးဦးကျော်သန်း** ဆိုသူဖြစ်လေသည်။ ကျွန်တော်တို့မိသားစု ရွှေပေါက်ကျွန်းသို့ ရောက်ရှိပြီး (၇)ရက်မြောက်သောနေ့တွင် ထူးခြားမှုတစ်ခုကို မျက်ဝါးထင်ထင် ကြုံကြိုက်ရတော့သည်။

နေ့စဉ် အရုဏ်အမီ အိပ်ရာထရသည်မို့ ကလေးသဘာဝ မကျေနပ်ခဲ့ပါ။ အိပ်ချင်မူးတူးဖြင့် မိဘများနှင့်အတူ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံသို့ သွားရသည်ကို ထိုစဉ်ကာလ ပျင်းရိခဲ့ကြသည်မှာ အမှန်ဟု ဝန်ခံရပေမည်။

တစ်နေ့ ထူးထူးခြားခြားပင် ဆရာတော်ကြီး၏တပည့်ဖြစ်သူ ဦးမြဲ နှစ်ကျိပ် ရှစ်ဆူဓမ္မာရုံသို့ ရောက်ရှိလာပြီး ရသေ့ကြီးအား ဆရာတော်ကြီး မှာကြားသည်ကို တီးတိုးပြောလေသည်။ ရသေ့ကြီးဦးကျော်သန်း ဘုရားဝတ်တက်နေသော ဝေနေယျ အပေါင်းတို့ဘက် မျက်နှာမူလျက် ရပ်ကာ...

'ဝေနေယျအပေါင်းအား ဆရာတော် အခုပဲအမှာတော် ရှိပါတယ်။ မကြာမီ ငလျင်လှုပ်တော့မှာမို့ အနောက်မြောက်အရပ်ကို လှည့်ပြီး မြေနတ်မင်းနဲ့ ကမ္ဘာစောင့် နတ်မင်းကြီး(၄)ပါးအား မေတ္တာ ရှူးရှူးရှိုက်ရှိုက် ပို့ပေးစေလိုကြောင်း မိန့်မှာပါတယ်ခင်ဗျား။ ဘာမှ အန္တရာယ် မရှိပါဘူး။ စိုးရိမ်စိတ်တွေ မဖြစ်ကြဖို့ရယ်၊ သံသိမ်းသော သတ္တဝါများ ဒုက္ခရောက် မဖြစ်စေရေးဆိုင်ရာ ပုဂ္ဂိုလ်များကို မေတ္တာပေးဆေခိုင်းခြင်းသာ ဖြစ်ပါတယ်'

သို့ဖြင့် နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအတွင်းရှိ (၇)ရက်သားသမီး တပည့်ဝေနေယျများ အနောက်မြောက်အရပ်သို့ အာရုံပြုလျက် မေတ္တာပို့သံများ တကွဲတပြား ပေါ်ထွက်၍ လာပါတော့သည်။

ထိုအချိန်သည်ကား မှတ်မှတ်ရရ နံနက် (၆)နာရီထိုးရန် (၁၀)မိနစ်သာလိုတော့သည်ဟု ဖခင် ပြောပြ... အရ မှတ်သားရပါသည်။

မိသားစုများ စုပေါင်းမေတ္တာပို့သအပြီး တောင်ငူဆောင်သို့ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ကြပါသည်။ ကျွန်တော်တို့ မိခင်တွင် ဝါသနာပါလှသည်က ဓာတ်နိမိတ်ကောက်ခြင်း ဖြစ်လေသည်။ နှစ်ကိုယ်ရှစ်ဆူမှအပြန် ဆွမ်းတော်ကျဖယာကြော်အား တစ်ခုစီ ဝေငှကာ ကျွေးရင်း...

'သားတို့(၃)ယောက်ကို မကောင်းတဲ့ဆောဘယာတွေ ဝေးကွာအောင် ဓာတ်ဆင်ပြီး ဖယာကြော် ကျွေးတာ'

ဟုဆို၍ ကျွန်တော်တို့ ညီအစ်ကို(၃)ယောက် ပြုံးစိစိနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း စားခဲ့ကြသည်ကို အသက်ကြီးသည့်တိုင် မှတ်မိနေတော့သည်။

မိသားစု(၅)ဦး (၈း၃၀)နာရီအချိန် ဘုရားလိုက်ဖူးကြရန် ပြင်ဆင်နေကြခိုက် အမှတ်မထင် အဆောင်အသီးသီးရှိ ဝေနေယျများဆီမှ တစ်ပြိုင်တည်း ကြားရသည့်အသံကား...

'လျှောင်လျှပ်တယ်...လျှောင်လျှပ်တယ်'

အသံမြည်ဟည်းလျက် (၁၅)စက္ကန့်မျှ မြေငလျင် လှုပ်သွားခြင်း ဖြစ်လေသည်။ ထိုစဉ်ကာလဝယ် ငယ်စဉ်ကလေးဘဝဖြစ်၍ ထူးထူးခြားခြား အံ့ဩခြင်းမျိုး မရှိခဲ့ပါ။

အသက်အရွယ်အရ အသိဝင်လာသောအချိန်တွင် မိခင်ဖြစ်သူနှင့် ငယ်စဉ် ကလေးဘဝ ရွှေပေါ်ကျွန်းစေတော်ဝင်ကျောင်းသို့ သွားရောက်ခဲ့ပုံများ ပြန်ပြောဖြစ်ကြပါသည်။ မိခင်ကြီးပြောသော ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ အသိထူး အမြင်ထူး ရရှိပုံများနှင့် အံ့ဩဖွယ် အတွေ့အကြုံတို့ကား ယခုအခါ စေတော်ဝင်ကျောင်း၏ အတိတ်ပုံရိပ်တစ်ခု ဖြစ်လေသည်။

မြေငလျင် လှုပ်ခြင်းအား သိပ္ပံအသိဖြင့် လေ့လာကြည့်ရာ ကမ္ဘာမြေကြီးအောက် ကျောက်လွှာများရှိကြောင်း၊ ထိုကျောက်လွှာများမှာ ကမ္ဘာ့တိုက်ကြီးများ၏ ရွေ့လျားမှုကြောင့် ကျောက်လွှာများအား ရုတ်ခြည်းကျိုးပြတ်အက်ကွဲမှုကြောင့် ထုတ်လွှတ်လိုက်သော စွမ်းအင်သည် မြေကြီးအတွင်း အဘက်ဘက်သို့ အရှိန်ပြင်းစွာ လှိုင်းလှိုင်းများအဖြစ် ပျံ့နှံ့သွားပြီး ကြီးမားသော တုန်ခါမှု ဖြစ်ခြင်းကို လျှောင်လှုပ်ခြင်းဟု ဆိုပါသည်။

တစ်ဖန် ဂမ္ဘီရဆန်စွာ ရှေးပညာရှိတို့က အရပ်မျက်နှာလိုက် လျှောင်လှုပ်ခတ်ပုံကို နိမိတ်သဘော၏ အဓိပ္ပာယ်ကို တိရစ္ဆာန်အသွင်ဖြင့် ဖော်ဆောင်ကြပြန်သည်။

၁။ မြွေကဲ့အသွင် လျှော်၊
၂။ လိပ်သို့အသွင် လျှော်၊
၃။ ဆင်သို့အသွင် လျှော်၊
၄။ ဝက်သို့အသွင် လျှော် လှုပ်ခတ်ခြင်းတို့ ဖြစ်လေသည်။

ထိုလှုပ်ခတ်မှုများအား အရပ်မျက်နှာများအလိုက် ကောင်းခြင်း၊ ဆိုးခြင်း အကျိုးအသွားများအား ဖော်ပြထား၍ ငယ်စဉ်ကာလ ရွှေပေါ်ကျွန်းသို့ ရောက်ရှိစဉ် လှုပ်ခတ်ခဲ့သော လျှော်နိမိတ်အား လေ့လာကြည့်ရာ တနင်္လာနေ့နံနက်တွင် လှုပ်ခြင်းဖြစ်၍ အဟောနိမိတ်အား ကြည့်မိရာ တဘောင်အလင်္ကာအရ...

'ဩဇာမြေကြီး အသီးသီးပင်၊ စီးပွားဝေဖြာ၊ သာယာပေအံ့'

ဟုဆိုလေသည်။ တစ်ဖန် မြေငလျင်မှာ အနောက်မြောက်ထောင့်မှ အရှေ့တောင်ထောင့်ဆီသို့ လှုပ်ခတ်သည်ဆိုသဖြင့် "**ဆင်သို့အသွင် မြေငလျင်လှုပ်ခြင်း**"ဖြစ်လေသည်။

ထိုအဟောသည်ကား **မိုးကောင်းပြီး စည်ပင်ဝပြောသာယာမည် ဖြစ်လေသည်**။ ထိုနည်းတူစွာ ဆန်းပြားသော ကိစ္စများစွာ ရှိသေးကြောင်း မိခင်ကြီးမှ ဆိုပြန်ပါသည်။

'သားရယ်... မေမေတို့ တစ်ခါတစ်ရံ အံ့ဩမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာတော်ဟာ အကြောင်းကိစ္စထူးရှိတာနဲ့ ထူးထူးခြားခြားတွေ နိုင်းစေတတ်တယ်၊ မိတ္ထီလာမြို့ ဓီးမလောင်ခင် မိတ္ထီလာမြို့ရှိရာအရပ်ဘက် ဝေနေယျများကို မေတ္တာပို့ခိုင်းတယ်။ ဘာကြောင့်မှန်း မသိကြဘူးပေါ့။ မကြာဘူး သားရယ်... မိတ္ထီလာ မီးလောင်တဲ့ သတင်း ကြားရပြီး အံ့ဩကြရတာသား၊'

ဟု ဆိုပါသည်။ မိခင်,ဖခင် ကျေးဇူးရှင် နှစ်ဦးစလုံးမှာ ရွှေပေါ်ကျွန်း ဆရာတော်ကြီး၏ တပည့်ရင်းများ ဖြစ်ကြ၍ ကျွန်တော်တို့ကိုယ်တိုင် ငယ်စဉ်ကပင် ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ဝေနေယျဖြစ်ကြရကာ ယနေ့တိုင် ကုန်းသုတ္တဝါတို့၏ အသွေးအသား ရှောင်ရှားကြသူများ ဖြစ်သွားကြပါတော့သည်။

ရွှေပေါ်ကျွန်းဆရာတော်ကြီး ခန္ဓာဝန်ချခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပြီး ဖြစ်သော်လည်း မိဘများမှာ ဆရာတော်ကြီး သက်ရှိထင်ရှား ရှိစဉ်လိုပင် ဓာတ်ပုံတော်အား အိမ်ဦးတွင် ထားကာ ပူဇော်ကန်တော့နေဆဲ ဖြစ်ပါသည်။

ယခုတိုင် အမှတ်တရ ရှိနေသေးသည်မှာ ဘုရားရှိခိုး အမျှဝေလေတိုင်း ရွှေပေါ်ကျွန်းဝေနေယျတို့က "**အမျှ... အမျှ... အမျှ... ယူတော်မူကြပါ သာဓု...သာဓု...သာဓု...**"ဟု တိုက်ရိုက်မဆိုဘဲ ရှေ့တွင် ကုသိုလ်ခံ၍ "**ကုသိုလ် အမျှ...အမျှ...အမျှ... ယူတော်မူကြပါ၊ သာဓု...သာဓု... သာဓု...**"ဟု ခေါ်ဆိုလျက် ရွှေပေါ်ကျွန်းသာသနာ့မြေသို့ အမှတ်တရ ရှိနေဆဲ ဖြစ်ပါတော့သည်။

***ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံပြု၍ ဦးခိုက်လျက်...***

**ရဲမျိုးသူ(ဗောဓိမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# မြေဆိပ်နိုင် ဂမုန်း

## သိသူများမှ ဖြေကြားပေးကြပါရန်

ပွင့်ဆန်း (ပုပ္ပား)



ကျွန်တော် ပြောပြမှာကတော့ အလွန်ထူးဆန်းတဲ့ ဂမုန်း။ ဒါမှမဟုတ် အလွန် အစွမ်းထက်တဲ့ ဂမုန်းခင်ဗျ။ ကျွန်တော် ရန်ကုန်–ပြည်လမ်းပေါ်က စစ်ကွင်းတာဆုံကို ရောက်သွားတယ်။ **ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်ထဲမှာ စစ်တောင်းကွေ့**ဆိုတဲ့ ရွာလေးခင်ဗျ။

အဲဒီရွာလေးမှာ အသက်(၇၀) အရွယ် ဦးထွန်းမင်းဆိုတဲ့ အဘိုးတစ်ယောက်ရှိတယ်။ အဲဒီ အဘိုးအိမ်မှာ စောစောက ထူးဆန်းတဲ့ ဂမုန်းက ရှိတာခင်ဗျ။

အနီးဝန်းကျင်မှာရှိတဲ့ **စီတုန်းရွာ၊ ရှမ်းတောရွာ၊ အထက်စီခွရွာ၊ အောက်စီခွရွာ၊ ကရင်တောရွာ** အဲဒီရွာခံမိတ်ဆွေတွေကလဲ စောစောက ဂမုန်းအကြောင်းတော့စပ်မိတိုင်း တအံ့တဩ ပြောထတ်ကြသဗျို့။

'ဒီလောက်တောင် လူပြောများတဲ့ ဂမုန်းကိုယ်တိုင် လေ့လာချင်လှသဗျာ'

လို့ ကျွန်တော်ကက တမ်းတတော့ မိတ်ဆွေတစ်ဦးက ဦးထွန်းမင်းအိမ်ကို လိုက်ပို့ မိတ်ဆက်ပေးတော့တာပဲဗျို့။ ကျွန်တော်လဲ ကြည့်လိုသမျှ ကြည့်၊ သိလိုသမျှ မေးတော့တာပါပဲ။

'အဘိုးခင်ဗျာ ဂမုန်းက နာမည် ဘယ်လိုခေါ်သလဲဗျ'

'**စေတီဂမုန်းလို့** ခေါ်တယ်မောင်ရ'

'ဘာကြောင့် စေတီဂမုန်းလို့ ခေါ်ရတာလဲ သိပါရစေ ခင်ဗျ'

'ဒီလိုကွယ့် နွေပေါက်လို့ အပင်ကျသွားရင် ဉကအဖုများချွန်ပြီး အောက်ပိုင်းက လုံးဝိုင်းဝိုင်းလေးဆိုတော့ စေတီနဲ့ တူသလိုပေါ့ကွယ်၊ အရောင်ကလဲ အဖြူကိုး။ ဒါကြောင့် စေတီဂမုန်းလို့ ခေါ်တာပါ'

ကျွန်တော်က အဘိုးဦးထွန်းမင်း လက်ထဲမှ ဂမုန်းဉကလေးကိုယူကြည့်လိုက်ရာ အဖုများထိပ်စူချွန်ချွန်လေးနှင့် အောက်ပိုင်း လုံးဝိုင်းသော ဂမုန်းဉလေးများဖြစ်ကြောင်း တွေ့ရတယ်ခင်ဗျ။

'ဟုတ်တယ် အဘိုးစေတီ... ရောင်ရောင်လေးပဲခင်ဗျ။ **သူ့ရဲ့အစွမ်းသတ္တိလေးကို**လဲ ပြောပြပါဦး'

'သူလား သူက မြွေဆိပ်ကိုနိုင်တာ၊ ဘယ်လိုနိုင်တုန်းဆိုတော့ ဘာမြွေပဲကိုက်ကိုက် အသက်မီအောင် ဒီဂမုန်းနဲ့တွေ့ဖို့ပဲလိုတယ်။

အေး...၊ စပ်မိလို့ပြောရဦးမယ်မောင်ရ။ တစ်ခါက အဘိုးအိုအိမ် အရှေ့ဘက်က လမ်းပေါ်မှာ လူနာတစ်ယောက်ကို စောင်ပုခက်နဲ့ ထမ်းလာတာ မြင်ရသကွယ့်။

အဘိုးကလဲ စပ်စပ်စုစုနဲ့ "ဘာဖြစ်တာလဲ" လို့ မေးကြည့်တော့ "ပိုးထိလို့ စစ်ကွင်းဆေးရုံသွားမှာ" လို့ ပြောသကွယ့်။ ဒါနဲ့ အဘိုးကလဲ "**ဟနေဦး ဒီက ဆေးလေးစားကြည့်သွားပါ။ မြွေဆိပ်အရမ်းနိုင်တယ်**" ဆိုပြီး လက်သန်းဖျားလောက် သုံးခု ဂမုန်းဉလေး ဖဲ့ကျွေးလိုက်တယ်၊ အဲဒီတုန်းက မှတ်မှတ်ရရ စစ်ကွင်းဆေးရုံအုပ်က ဒေါက်တာအောင်ကျော်ဦးကွယ့်'

'ဆေးရုံရောက်လို့ လူမမာအပ်ပြီး ဆေးစစ်ကြည့်တော့ မြွေဆိပ်မတွေ့ဘဲ ဖြစ်နေတယ်။ ဒီတော့ ကိုက်တဲ့မြွေဟာ အဆိပ်မရှိတဲ့မြွေလို့ အဖြေထွက်လာတာပေါ့။

ဒီတော့မှ လူမမာရှင်တွေက ရိုက်ယူလာခဲ့တဲ့ တရားခံ မြွေပွေးကို ပြလိုက်တော့ အတွေးရခက်သွားတာပေါ့။

နောက်တော့အဘိုးဂမုန်းအကြောင်း ဆက်စပ်ပြောပြတော့မှ ဆရာဝန်က အဘိုးဂမုန်းအကြောင်း သိထားပြီးသားလေ။ ဒီတော့မှ အားလုံး စိတ်အေးသွားရတာမောင်ရေ'

'တော်တော် အားရစရာကောင်းတဲ့ ဂမုန်းပါလား အဘိုး၊ အဘိုးကိုယ်တိုင်ရော ပိုးထိလူမမာတွေ ကုသပေးဖူးသလား'

'ကုသဖူးတာပေါ့ကွယ်၊ အရေးပေါ် လူမမာငါးယောက်ကို အသက်ကယ်ဖူးပြီ။ နောက်ပြီး ကြောင်တို့,ခွေးတို့, နွားတို့ ပိုးထိတာမှန်သမျှ အကုန် ကုပေးခဲ့တာပါပဲကွယ်'

'အဘိုးဆီရောက်ပြီးမှ အကြောင်းတစ်ခုခုကြောင့် အသက်ဆုံးရှုံးရတဲ့ လူမမာမျိုးရော ကြုံဖူးခဲ့သေးလား



www.burmeseclassic.com

www.burmeseclassic.com

အဘိုး'

'တစ်ခါမှ မကြုံဖူးဘူးကွယ့်။ အသက်ပါလာရင် ရှင်တာချည်းပဲ'

'အဘိုးကိုယ်တိုင်ရော အဘိုးဆေးဂမုန်းကို အသုံးပြုဖူးသေးလား'

'ဟဲ...ဟဲ..., အဘိုးလား အဘိုးကိုယ်တိုင် မြွေပွေးချည်းပဲ ခုနစ်ခါ အကိုက်ခံရဖူးတာကွယ့်။ ဘာလို့လဲဆိုတော့ အဘိုးက မြွေမုဆိုးလေ၊ မြွေကို ဟင်းလျာအဖြစ် လိုက်ရှာနေတဲ့လူဆိုတော့ ထိတာပေါ့။

အဘိုးကတော့ ထိတာနဲ့ ဂမုန်းလက်သန်းဖျားလောက် (၃)ခု စားပြီး အုန်းရည်သောက် စောင်ခြုံအိပ်လိုက်တာပဲ နိုးတာနဲ့ လုပ်စရာရှိတာ ဆက်လုပ်တာပဲ'

'တော်တော် အံ့ဩစရာကောင်းတဲ့ ဂမုန်းပဲ အဘိုးရေ။ ထူးခြားချက်တွေ ရှိရင်လဲ ပြောပြပါဦး'

'ရှိတယ်ကွယ့်။ ဒီဂမုန်းဉကို ကျော်လို့လွှားလို့ မရဘူး။ ကျော်လွှားမိရင် ကျော်လွှားမိသူရဲ့ အင်္ဂါဇာတ်ဟာ ဖူးရောင်လာတာ၊ သိတာနဲ့ ဥရှေ့မှာ လက်ဖက်,ဖယောင်းတိုင် ဆီမီး,အမွှေးတိုင်နဲ့ ထွန်းညှိပြီး တောင်းပန်ရတယ်။

နောက်ပြီး မသန့်ရှင်းတဲ့နေရာမှာ စိုက်လို့လဲမရဘူး။ အပင်ပတ်ဝန်းကျင်မှာ တံတွေး,ကျင်ကြီးကျင်ငယ် မစွန့်ရဘူး။ စွန့်ရင် အပင်ဟာ သေသွားတာပဲ။ ဥတဲ့အခါ တစ်လုံးချင်းဥတယ်။ ချင်းတို့,နနွင်းတို့လို အတက်မထွက်ဘူး'

'ဒါနဲ့ ဒီဂမုန်းကို အဘိုး ဘယ်ကရလာတာလဲ'

'ဒီဂမုန်းကို **ပုပ္ပားတောင်က ရလာတာကွယ့်။** ပွဲပေးပြီး ပင့်လာရတာ'

'ကျွန်တော် သိချင်တာလေးတွေ ပြည့်စုံသွားပါပြီ အဘိုး၊ ကျေးဇူးအများကြီး တင်ပါတယ်'

'အေး...အဘိုးအနေနဲ့လဲဂုဏ်ယူစရာ အမှန်တရားကို ပြောပြရတဲ့အတွက် ဝမ်းသာပါတယ်ကွယ်'

စာဖတ်သူများလဲ ကျွန်တော်သိသမျှ သိရပြီမို့ ကျေနပ်လိမ့်မယ်လို့ ယူဆပါတယ်။ သိစရာဆိုလို့ အပင်အကြောင်း နည်းနည်း ကျန်ခဲ့တယ်။

အပင်က နနွင်းပင်တို့၊ မိဿလင်ပင်တို့၊ ဖုဒ္ဓိသရဏံပင်တို့ အနွယ်ဝင်ပါခင်ဗျ။ **အရွက်ဖားဖား အရောင်စိမ်းစိမ်းရှိတယ်ခင်ဗျ။** စိုစိုခြောက်ခြောက်ဥကိုဆောင်ထားရင် အသုံးပြုလို့ရကြောင်း သိရသေးတယ်ခင်ဗျ။

အဘိုး ဦးထွန်းမင်းကိုယ်တိုင် သူ့ရဲ့ဂမုန်းကို စီးပွားရေးအတွက် အသုံးမချသလို၊ စီးပွားရေးအသုံးချလိုသူများ ကျွန်တော့်ထံ စုံစမ်းခြင်းသည်းခံပါ။

မြွေအန္တရာယ်များသူများ မိမိအတွက် ကာကွယ်အသုံးပြုရန်ဆိုပါက ကူညီပါသည်ခင်ဗျား...။

**ပွင့်ဆန်း (ပုပ္ပား)**

စာရှုသူ...သုတေသီနှင့်...

ဂမုန်းပညာရှင်များခင်ဗျာ...

ဤဆောင်းပါးပါ စေတီဂမုန်းမျိုးတွေ့ရှိဖူးသူများမှ ဓါတ်ပုံနှင့်တကွ တင်ပြပေးပါရန်နှင့် အစွမ်းသတ္တိများကိုလည်း ထုတ်ဖော် ရေးသားပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

*စာတည်းချုပ်*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*

**စာမျက်နှာ (၁၆၀)မှ အဆက်**

ဒီနည်းဟာ ဘာမှ မဖြစ်နိုင်စရာ မရှိဘူး။ ငါတော့ ဒီအတိုင်းကို ယုံကြည်ထားတယ်'

ကျွန်ုပ်က ပြောလိုက်သည်။ ထို့နောက် လောလောဆယ် ကျွန်ုပ်လုပ်ကိုင်နေသော လုပ်ရတ်လက်ကာကလေးကို ရွတ်ပြလိုက်၏။

'ဆေးအနံ့ရှူပါကတ်သော ကန့်ဓိဋ္ဌ် လက်များ ၎င်းဆေးတတ် ကျပ်စီမှတ် ဟင်းရိုင်းခြောက်ကျပ်ထား။ ထိုဆေး တစ်မတ် ကိတ်တစ်ကျပ် နီးလတ်လုံးပိတ်ထား။ မီးသွေးတစ်ပြည် ကုန်ပေစီ (စေ) တစ်လီထိုးလိုက်ပြား။ ထိုဆေးရှစ်ပဲ ယင်းကိတ်မှ ယှဉ်တွဲလုံးပိတ်ထား။ မီးသွေးတစ်စိတ် ကုန်အောင်နိုပ် မီးချက်အနိုပ်ထား။

ထိုဆေးရှစ်ပဲ ယင်းကိတ်မှ ယှဉ်တွဲလုံးပိတ်ထား။ မီးသွေးရှစ်ပြည် ကုန်ပေစီ(စေ) တစ်လီထိုးလိုက်ပြား။

မီးပေါင်းသုံးဆယ် ပြည့်ကာလယ် မည်းနက်ရွှေရှိတ်သား ရေနံသုံးမီး လောင်းချပြီး မီးကျိုခဲ့အလား။ အောက်စင်တစ်ကျပ် လေးရွှေခတ် ဖြစ်လင်၏ ရွှေနီပြား။ မဖြစ်တဲ့ပင် ထားခဲ့လျှင် ပါယ်ခွင့်ဝင်စေသား၊ တွေ့လျက်နှင့်ပေ မလုပ်နေ ပွဲလေ မိုက်မလား'

'အေး ငါက ''သိလျက်နှင့်ပေ မလုပ်နေ မွဲလေမိုက်မလား''၊ ''ကြားလျက်နှင့်ပေ မလုပ်နေ မွဲလေမိုက်မလား'' လို့ ထပ်ဖြည့်လိုက်ရဦးမယ်။ မင်းတို့ ငါ အခုရွတ်ပြတဲ့ လက်ာလေးကို ကြားလဲကြားပြီး သိလဲသိပြီ မဟုတ်လား။ အဲဒီတော့ အမိုက်မသားလို့ပဲ အပြောခံမလား။ ဒီနည်းကိုပဲ လုပ်မလား ငါ့လူများ ကြိုက်ရာလမ်းကို ရွေးကြပေတော့။

ငါကတော့ ယုံလဲ ယုံကြည်သလို အမိုက်မရဲ့သားလို့လဲ အပြောမခံချင် တာနဲ့ ဒီနည်းကို လုပ်နေတာပဲ'

ကျွန်ုပ်က ပြောလိုက်ပါသည်။

'ဟော...လက်စသတ်တော့ မင်းက ငါတို့အားလုံးကို အမိုက်မသားဖြစ် အောင် လုပ်တော့တာကိုးကွ၊ ဟား... ဟား... ဟား...ဟား...'

ကျွန်ုပ်၏မိတ်ဆွေများမှာ တဟားဟားနှင့် ပွဲကျသွားပါတော့၏။

စာရှုသူများလည်း အမိုက်မသားများ မဖြစ်ကြစေရန် ကျွန်ုပ် ရိုးသားစွာ ဆန္ဒပြုလိုက်မိပါသတည်း။

**သွေးရမင်းနိုင်(ဖျာပုံ)**



www.burmeseclassic.com

www.burmeseclassic.com

# မပြစ်အပ်ပင် ထားခဲ့လျှင်

ပါယ်ခွင်ဝင်စေသော

သုရမင်းနိုင် (ဖျာပုံ)



ကျွန်ုပ်၏ မိတ်ဆွေအချို့သည် လက်ထဲတွင် ငွေရှိပါလျက် မည်သည့် ရင်းနှီးမြှုပ်နှံမှုမျိုးကိုမျှ မလုပ်ဝံ့ မကိုင်ဝံ့သဖြင့် ကြီးပွားချမ်းသာသင့် သလောက် မကြီးပွား မချမ်းသာ ဖြစ်နေကြရ၏။

သူတို့သည် ရှိသည့်ငွေကို အသုံးမချတတ်ကြပေ။ လက်ထဲတွင် ကျစ်ကျစ်ပါအောင်သာ ဆုပ်ကိုင်ထားကြ၏။ ယုတ်စွအဆုံး ဘဏ်တွင်သော်မှ ငွေအပ်နှံပြီး အတိုးထုတ်ယူရကောင်းမှန်းပင် မသိကြသူများဖြစ်ကြ၏။

ကျွန်ုပ်က သူတို့အား လုပ်ငန်းတစ်စုံတစ်ရာတွင် ရင်းနှီးမြှုပ်နှံရန် အကြံပေးသည့်အခါတိုင်းတွင်လည်း "ရှိတာလေးတွေ ကုန်သွားရင် ဘယ်လိုလုပ်မလဲ" ဟူ၍သာ ကျွန်ုပ်အား ပြန်လည်မေးခွန်းထုတ်တတ်ကြပေသည်။

မကြာသေးမီက တစ်ရက်တွင်တော့ ကျွန်ုပ်၏မိတ်ဆွေများမှာ စုံစုံညီညီ စုစုစည်းစည်းဖြင့် ကျွန်ုပ်ထံ ရောက်လာကြ၏။ ထိုအချိန်တွင် ကျွန်ုပ်ကား ဖိုတိုက်မှ ထွက်လာခါစအချိန် ဖြစ်နေသည်မို့ ခေါင်းပေါ်မှ ပြာမှုန်များကို မျက်နှာသုတ်ပဝါဖြင့် ခါချရင်းက...

'ဘယ်ပုံဘယ်နည်း မျက်စိလည် လမ်းမှားလာကြသလဲ'

ဟု မေးလိုက်ရပါသည်။

သူတို့က ယခုတလော သတင်းစာများတွင် ကြံစိုက်ပျိုးရန် ရှယ်ယာခေါ်နေပုံ၊ နှစ်ရှည်သီးနှံစိုက်ပျိုးရန် မြေအငှားချပေးနေပုံနှင့် ရေနက်ကွင်းများတွင် စပါးစိုက်ပျိုးရန် ပုဂ္ဂလိကများက ဖိတ်ခေါ်နေပုံများကို ကျွန်ုပ်အား ပြောပြကြ၏။

'မင်းက စိုက်ပျိုးရေးနဲ့ ကြံစိုက်ပျိုးရေးတွေမှာ အတွေ့အကြုံရှိလို့ မင်းနဲ့ လာတိုင်ပင်တာပဲ။ ဖြစ်နိုင်ခြေ ရှိမရှိနဲ့ တို့အဖွဲ့လုပ်ရင် အကျိုးရှိနိုင် မရှိနိုင် သိချင်လို့ပေါ့ကွာ'

ဟု သူတို့က ပြောကြပါသည်။

သို့နှင့် ကျွန်ုပ်၏ မိတ်ဆွေများသည် တစ်ဦးနှင့်တစ်ဦး တိုင်ပင်ကြပြီး...

'အေး...မင်းပြောသလို ဆိုရင်တော့ ငါတို့တစ်တွေ ရှိတာကလေး စုထည့်ပြီး ရေနက်ကွင်းမှာ စပါးစိုက်ကြမယ်လေကွာ။

တို့ ရှိတာကလေး ထည့်တာက မင်းရှိတာ ထည့်သလိုတော့ မပြောင်တန်ကောင်းပါဘူးနော်။ မင်း လောလောဆယ် လုပ်နေတဲ့ ရှိထည့် ရှိထည့်မျိုးတော့ မဖြစ်ပါရစေနဲ့'

ကျွန်ုပ်ကို နောက်ကြသည်။ သူတို့အားလုံးက ကျွန်ုပ် အင်္ဂရုတ်ထိုးနေမှန်း သိနေကြပေသကိုး။

'မင်းတို့ထဲမှာ ငရဲကျချင်တဲ့လူများ ရှိကြသလား'

ဟု ကျွန်ုပ်က မေးလိုက်၏။

'ဟ...ငရဲတော့ ဘယ်သူက ကျချင်ပါ့မလဲကွ၊ ဖြစ်နိုင်မယ်သာဆိုရင် တို့တစ်တွေ အရှင်လတ်လတ်တောင် နတ်ပြည်ကို ရောက်လိုက်ချင်သေးတယ်'

တစ်ဦးက ပြော၏။ တစ်ဦးကတော့...

'မင်း အင်္ဂရုတ်ထိုးတာကို အခုလို ပြောမိတာလေးနဲ့များ တို့တွေ ငရဲကျရောလားကွာ'

ဟု ကျွန်ုပ်ကို မေးခွန်းထုတ်နေကြပါသည်။

'ဒီသဘောနဲ့ ပြောတာတော့ မဟုတ်ပါဘူး ငါ့လူရာ၊ မင်းတို့လိုပဲ တို့ ဗုဒ္ဓဘာသာဝင်တွေဟာ ဘယ်သူမှ ငရဲကျချင်တဲ့လူဆိုတာ မရှိပါဘူး။ ဗုဒ္ဓဘာသာဝင်မှ မဟုတ်ပါဘူးလေ ကောင်းကင်ဘုံနဲ့ ငရဲရှိတယ် ဆိုတာကို လက်ခံတဲ့ ဘာသာတိုင်းက ဘာသာဝင်တွေဟာ ငရဲကျမှာ ကြောက်ကြတာချည်းပါပဲ။

ငါ အခုထိုးနေတဲ့ အင်္ဂရုတ်နည်းလမ်းကို ထားခဲ့တဲ့ ဆရာကြီးက သူ ဒီနည်းကို မဟုတ်မမှန်ဘဲနဲ့ (အမှန်တကယ် မဖြစ်ပါဘဲနဲ့) ထားခဲ့တာဆိုရင် အပါယ်ကျပါစေလို့ သူ့ကိုယ်သူ ကျိန်စာတိုက်ပြီး နောင်လာနောက်သားလေးတွေအပေါ် မေတ္တာစေတနာ အပြည့်နဲ့ ထားခဲ့တာကွ။

မဖြစ်ရင် သူ ဒီနည်းကို ဘယ်ထားခဲ့ပါ့မလဲ သူလဲ ငရဲကို ဘယ်မှာ ကျချင်ပါ့မလဲ။ ဓာတ်စစ်ဓာတ်မှန်ကို ပီပီပြင်ပြင်သိထား မှန်မှန်နဲ့သာ လုပ်တတ် ကိုင်တတ်ကြမယ်ဆိုရင်

စာမျက်နှာ (၁၅၉) သို့

www.burmeseclassic.com

# ထုက္ကန့်သိမ်ပုထိုးတော်မှ

ရှေးခေတ် ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၁၅)

ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)



ပုံ-၄၁



ပုံ-၄၂

* * *[ပုံ-၇၁]

ထုက္ကန့်သိမ် ပုထိုးတော်ကြီး ဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက်ကျောက်နံရံ**ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၇၃)**မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ်(၃၈) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၀)စင်တီမီတာခန့်၊ အကျယ် (၂၂)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၉)စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဖောင်းတော်ချော နေသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးလည်း ချောနေသည်ကို တွေ့ရှိရပါ၏။ ရင်ဘတ်အောက်တွင် ကျောက်ဆက် အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ခန္ဓာကိုယ်၌ အဝတ်အဆင် တန်ဆာများလည်း ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၇၁)**ပုံဆွဲဒီဇိုင်းလက်ရာ၏ ဖောင်းတော်ဖွဲ့စည်းပုံမှာ အပေါ်ပိုင်း လုံးချော ပြီး အောက်ပိုင်းတွင် ဖောင်းတစ်ဆင့်ခံထားသည်ကို တွေ့ရှိရပါသည်။ ဤဖောင်းတော်ပုံစံမျိုးကို **ခွင်ဆရာဖောင်းတော်ပုံစံ** ဖြစ်သည်ဟု ခေါ်ဆိုကြပါသည်။

မျက်နှာလုံးသွယ်ပြီး မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့မှာ ပီပီပြင်ပြင် တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းလုံးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ် သုံးရစ်ဖော်ထားပါသည်။ ဘယ်ဘက်ပခုံးတွင် တဘက် ပတ်ထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ ဘယ်ဘက်သို့ ထုတ်ကာ လက်နှစ်ဖက်ကို ပူး၍ အဖျားထောင်ထားပါသည်။

ပူးထားသော လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူး ကိုင်ထားပါသည်။ ဘုရားပူဇော်နေဟန် အနေအထားမျိုး တွေ့ရှိရပါသည်။

တဘက်စ တစ်ဖက်ကို တံတောင်ဆစ်အောက် ညာဘက်ဘေးအောက်တွင် ဖြန့်ကားစွာ ချထားပါသည်။

ခါးတွင် ခါးပတ်ကြီးတစ်ပတ် ပတ်ထားပါ၏။ ခါးပတ်အောက်မှ ကွန်ခြွေကာပြား တစ်ပြားကို ပေါင်ပေါ်တွင်တင်ထားပါသည်။ နောက် ကွန်ခြွေကာပြား တစ်စကို ခြေသလုံးအောက်ထိ ရောက်အောင် ချထားပါသည်။

ဤအစတွင် အောက်၌အရစ်

www.burmeseclassic.com

နှစ်ရစ်ဖော်ထားပါသည်။ ခြေဖနောင့်ကို တင်ပါးတွင် ကပ်ကာ ခြေဖျားကွ၍ ထောက်ထားပါသည်။ ဒူးနှစ်ဖက်ကို ညာဘက်သို့ လှည့်၍ ထိုင်ထားပါသည်။

ဤပုံ(၇၁)ခွင်ဆရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာသည်လည်း ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

* * *[ပုံ-၇၂]

**ပုံ(၇၂)** ပုံဆွဲဒီဇိုင်းလက်ရာသည်လည်းထုက္ကန့်သိမ် ပုထိုးတော်ကြီး ဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံ **ကျောက်ဆစ်ရုပ်ကြွ နံပါတ် (၇၄)လက်ရာမှ** ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမှန်ငယ်(၃၉)လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၄၆)စင်တီမီတာ၊ အကျယ်(၂၁)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု(၁၀)စင်တီမီတာခန့် ရှိပါသည်။ ဖောင်းတော်မှာ ချောနေပြီး အရာလောက်သာ တွေ့ရှိရပါသည်။

မျက်နှာ လုံးဝန်းပြီး မျက်ခုံး,မျက်လုံး, ပါးစပ် ချောနေသည်ကို တွေ့ရှိရပါသည်။ အဆင်တန်ဆာများလည်း ချောနေပါ၏။ ခါးဆစ် ကျောက်ဆက် အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၇၂)၏ ဖောင်းတော်ဖွဲ့စည်းပုံမှာ** အပေါ်ပိုင်းတွင် ပွင့်ဖတ်ချွန်များဖြင့် ကြားညှပ်ပွင့်ဖတ်များနှင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အောက်နားကို ဖောင်းပြားတစ်ပြား ခံထားသည်ကို တွေ့ရှိရပါသည်။

ဖောင်းတော်ဖွဲ့စည်းပုံအရ ရွှေတော်ခံ ဖောင်းတော်ဖွဲ့စည်းပုံနှင့် နီးစပ်သည်ကို တွေ့ရှိရပါသည်။ ရွှေတော်ခံ



ပုံ-၇၃

ဖောင်းတော်ဖြစ်မည်ဟု ခန့်မှန်းရပါ၏။

မျက်နှာအနေအထားမှာ လုံးဝန်းပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းများ ပန်ဆင်ထားပါ၏။ လည်ပင်းတွင် လည်ရစ် သုံးရစ် ဖော်ထားပါသည်။

လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှ ကွေးကာ ဘယ်ဘက်သို့ လက်နှစ်ဖက်ကို ထုတ်ထားပါသည်။ လက်နှစ်ဖက်ကို ပူး၍ အဖျားကို မြှောက်ထားရပါ၏။

ပူးထားသော လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်ကြိုးတစ်ပင် ပတ်ထားပါ၏။ ခါးပတ် ထက်အောက်ကို ကျော့၍ ကန္ဒြေကာပြားတစ်ပြား ချထားပါသည်။

ကန္ဒြေကာပြား တစ်စကို ဒူးထိ ရောက်အောင် အပြားလိုက်ချ၍ နောက်တစ်စကို ပေါင်ကြားနှင့် ခြေသလုံးကြားကို ထိုးထည့်ထားပါ၏။

ဤအစတွင် အစင်းပြားများဖြင့် အလှဆင်ထားပါသည်။ ပုဆိုးကို ခြေချင်းဝတ်ထိချ၍ ဝတ်ဆင်ထားပါသည်။ ခြေဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားထောက်ကာ ဒူးကို ဘယ်ဘက်သို့လှည့်၍ ထိုင်ထားပါ၏။

ဤပုံ(၇၂) ရွှေတော်ခံ ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာမှာ ရိုးလွန်းလှသည်ကို တွေ့ရှိရပါသည်။

* * *[ပုံ-၇၃]

**ပုံ(၇၃)** ပုံဆွဲဒီဇိုင်းလက်ရာမှာ ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝ လိုဏ်ပတ်လမ်းလက်ဝဲဘက် **ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၇၅)မှ** ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမှန်ငယ်(၃၉)လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၅၀)စင်တီမီတာခန့်၊ အကျယ်(၂၅)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု(၉)စင်တီမီတာခန့် ရှိပါသည်။ ဖောင်းတော် ချောနေသည်ကို တွေ့ရှိရပါသည်။

စဥ့်အဖြူရောင် အနည်းငယ် ကပ်ကျန်နေသေးသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးဝန်းပြီး နှာခေါင်းသာ တွေ့ရှိရပါတော့သည်။ ကျန် မျက်ခုံး,မျက်လုံး, ပါးစပ်များ ချောနေပါ၏။ ခါးဆစ် ကျောက်ဆက် အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၇၃)၏** ဖောင်းတော်မှာ ရေတပ်သားဖောင်းတော်နှင့် နီးစပ်လိမ့်မည်ဟု ခန့်မှန်းရပါ၏။ အထက်ပိုင်း လုံးချောစွာ တွေ့ရှိရပြီး အောက်နား ဖောင်း အကြီးတစ်ဆင့်,အငယ်တစ်ဆင့် ခံထားသည်ကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားပါသည်။ လည်ပင်းတွင်လည်ရစ်သုံးရစ် ဖော်ထားပါ၏။

www.burmeseclassic.com

လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချကာ တံတောင်ဆစ်မှကွေး၍လက်ဖျားမြှောက်ကာ ဘုရားကန်တော့နေဟန် တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်တစ်ပတ် ပတ်ထားပါ၏။ ခါးပတ်ကို ကျော့၍ ကွန်ချွေကာပြားကို ထက်အောက် ချထားပါသည်။ အထက်ပြားကို ပေါင်ပေါ်တွင် ချ၍ နောက်တစ်စကို ခြေသလုံးအောက်တွင် ချထားပါသည်။

ပုဆိုးကို ခြေချင်းဝတ်ထိ ရောက်အောင် ချ၍ ဝတ်ထားပါ၏။ ဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားကော့ ထောက်ကာ ညာဘက်သို့ ဒူးလှည့်၍ ထိုင်ထားပါ၏။

ဤပုံ(၃၃) ရေတပ်သားပုံဆွဲ ဒီဇိုင်းလက်ရာဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးစင်းလှပါသည်။



ပုံ-၄၄



ပုံ-၄၅

* * *[ပုံ-၃၄]

ထုက္ကန့်သိမ်ပုထိုးတော်ကြီး ဝင်ဝလိုဏ်ပတ်လမ်းလက်ဝဲဘက် ကျောက်နံရံ **ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၃၆)** လက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ်(၄၀) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၅)စင်တီမီတာခန့်၊ အကျယ်(၃၀)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၁၃)စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာဝန်းပြီး ပါးစပ်နှင့်မျက်လုံး အရာသာ တွေ့ရှိရပါတော့သည်။ နှိုသောက်ကျောက်ဆက်သည်လည်း အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၃၄)လက်ရာ၏ ဆံထုံး ဖွဲ့စည်းပုံမှာ ထိပ်ဆုံးတွင် အလုံးကြီးတစ်လုံး တင်၍ အလုံးကြီးအောက်တွင် အရစ်တစ်ရစ် ခံထားသည်ကို တွေ့ရှိရပါသည်။ ထိပ်တင်ဆံထုံး ထုံးပုံနှင့် နီးစပ်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ထိပ်တင်ဆံထုံး ထုံးပုံဟု ပြောရမည်ပင် ဖြစ်ပါသည်။

နားနှစ်ဖက်တွင် နားတောင်းလုံးကြီးများ ပန်ဆင်ထားပါ၏။ လည်ပင်းတွင် လည်ရစ် သုံးရစ် ဖော်ထားပါ၏။

ဘယ်ဘက်လက်ကို ဘေးသို့ထုတ်၍ လက်ဖျားမြှောက်ကာ ပန်းဖူးတစ်ဖူး ကိုင်ထားပါ၏။ ညာဘက်လက်ကို အောက်သို့ချ၍ ထောက်ထားပါသည်။

လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်တွင် လက်ကောက်ပတ်ကွင်းကြီး နှစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

တဘက်ကို နောက်ကျောပခုံးတွင် တင်ထားသည့် အနေအထား တွေ့ရှိရပြီး တဘက်စ နှစ်ဖက်ကို လက်ဝဲလက်ယာ ဖြန့်ကား ချထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီဝတ်ထားသည့် အနေအထားမှာလည်း အင်္ကျီအပေါ်ပိုင်းကို အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပြီး အင်္ကျီအောက်ပိုင်းကို အချောသာ တွေ့ရှိရပါသည်။

အင်္ကျီကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားပါ၏။ အင်္ကျီအောက်နား ခါးအောက်တွင် ခါးကြိုးစ နှစ်ပင်ကို ပေါင်ပေါ်တွင် တင်ထားပါသည်။

ခါးကြိုးစအရင်းကို ကျစ်ဆံမြီးကဲ့သို့ ဖော်ထားပြီး အောက်ပိုင်းကို ပန်းဖူးသဏ္ဌာန် တွေ့ရှိရပါသည်။ ထဘီအောက်နားကို ခြေချင်းဝတ်ထိချ၍ ဝတ်ထားပါ၏။

ဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျား ကော့ထောက်ကာ ဘယ်ဘက်သို့လှည့်၍ ဒူးကုပ်ထိုင်ထားသည်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိရပါသည်။

ဤ အမျိုးသမီးဝတ်ဆင်ထုံးဖွဲ့မှုမှာလည်း ရိုးရှင်းလှပါသည်။ ဒေါလောဦးစီးကတော် ဝတ်ဆင်ထုံးဖွဲ့မှု ဖြစ်သည်ဟု သိရှိရပါသည်။

*** * *[ပုံ-၇၅]**

**ပုံ(၇၅)** ပုံဆွဲဒီဇိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက်နံရံ **ကျောက်ဆစ်ရုပ်ကြွ နံပါတ် (၇၇)လက်ရာမှ** ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၅၄)စင်တီမီတာ၊ အကျယ်(၃၇)စင်တီမီတာခန့်နှင့် ရုပ်ကြွ အထူ(၁၀)စင်တီမီတာခန့် ရှိပါသည်။

မောင်းတော်တွင် စဥ့်အဖြူရောင်ကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။ မျက်နှာဝန်းပြီး ခါးအထက် ကျောက်ဆစ် အက်ကွဲကာ အဆင်တန်ဆာများလည်း ချောနေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၇၅)ပုံဆွဲ** ဒီဇိုင်းလက်ရာ၏ မောင်းတော်ဖွဲ့စည်းပုံမှာ နှစ်ထပ်ပွင့်ဖတ်နှင့် အထပ်ပွင့်ဖတ်များဖြင့် အစီအရီ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ထိုပွင့်ဖတ်များအောက်တွင် ဖောင်းနှစ်လုံးကြား၌ ကျောက်မြှုပ်ခဲ့သည့် သဏ္ဍာန်၊ ရွှဲလုံးသဏ္ဍာန်ဖြင့် အစီအရီ တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းကို လေးထောင့်ကျကျ လုပါ၏။

မျက်နှာတွင် မျက်လုံး,နှာခေါင်းတို့ ပေါ်လွင်လှပါ၏။ လည်ပင်းတွင် လည့်ရစ် သုံးရစ် တွေ့ရှိရပါသည်။ တဘက်(ပုဆိုးပိုင်း)ကို ညာဘက် ပခုံး နှစ်ဖက် ချိုင်းအောက်တွင် ပတ်၍ ဝတ်ဆင်ထားပါသည်။

တဘက်စ နှစ်ဖက်ကို လက်ဝဲ, လက်ယာ ဖြန့်ကားပြီး ချထားပါ၏။ လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ် ချ၍ တံတောင်ဆစ်မှ ကွေးကာ လက်ဖျားကို ထောင်ထားပါသည်။

ထောင်ထားသော လက်ဖျား နှစ်ဖက်ကို ပူး၍ ပန်းဖူးတစ်ဖူးကိုင်ကာ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ် တစ်ပတ် ပတ်ထားပြီး ခါးပတ်ကို ကျော့၍ က္လန္တေကာပြား နှစ်စကို ချထားပါသည်။

ပေါင်ပေါ်တွင် တစ်စ ချထားပြီး ကျန်တစ်စကို ပေါင်နှင့် ခြေသလုံးကြားကို ထိုး၍ ချထားပါသည်။ ပုဆိုးကို ခြေချင်းဝတ်လောက် ရောက်အောင်ထိ ချဝတ်ထားသည်ကို တွေ့ရှိရပါသည်။

တင်ပါးတွင် ခြေဖနောင့် ကပ်၍ ခြေဖျားထောက်ကာ ဒူးကို ညာဘက်သို့ လှည့်၍ ထိုင်ထားနေပါသည်။

ဝတ်ဆင်ထုံးဖွဲ့မှုမှာ မောင်းတော် တစ်ခုသာ လက်ရာအနုစိတ်ပြီး ဝတ်ဆင်မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၇၅) ဒီဇိုင်းလက်ရာကို ဒေါလောဦးစီး ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်း လက်ရာဖြစ်သည်ဟု သိရှိရပါသည်။

အထက်ဖော်ပြပါ ဒီဇိုင်းလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှုများကို ဖော်ပြနေသော ဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို ထာဝရဦးထိပ်ပန်ဆင် ကန်တော့လျက်...*

**ပန်းချီထူးလှ**
*(ရွှေပေါင်းသုတေသန)*

စာမျက်နှာ (၁၆၅)မှ အဆက်

သွားခဲ့ပါသည်။

ထိုသို့ နှစ်ရက်ခန့် ဆေးလူးပြီးနောက် ဆေးဆရာလုပ်သူက သူ့လက်ဖြင့် အနာပေါ်မှ ဆေးများကို ရှေးဦးစွာ ဖယ်ချလိုက်သည်။ သည့်နောက်မှာတော့ အနာဖေးများကို ခပ်ကြမ်းကြမ်း ဆွဲလှန်လိုက်၍ လူနာမှာ ထအော်ပါတော့သည်။

ထို့နောက် ဇာဂနာတောင်း၍ လူအများကို ''လာ...ကြည့်ကြပါ''ဟု ဆိုကာ အနာထဲမှ ပဲပင်ပေါက်ကဲ့သို့ အမျှင်ဖြူ သေးသေးလေးများကို တစ်မျှင်ချင်း ဆွဲနုတ်၍ ပြနေပါတော့သည်။

'ဒီ ရောဂါပိုးကောင်တွေ မယုတ်ဘူးနော်၊ ဒီအနာကို လိုက်စားနေတဲ့ အနာဆိုးကြီးရဲ့ အမြစ်တွေပါ'

ဟု ပြောသည်။

ထိုဧည့်သည် ပြန်သွားပြီးနောက် ဦးညွန့်မှာ ယုံယုံကြည်ကြည်နှင့် ဆက်တိုက် ဖန်ဆေးပြီး ပုံမှန် ဆေးလူးပေးလိုက်သောအခါ တစ်လခန့် အကြာမှာ ထိုဆင်ဝိုလည်ပြွတ်နာကြီးမှာ လုံးဝ ပကတိ ပျောက်ကင်းသွားပါတော့သည်။

ထို့နောက် ယင်းဝေဒနာရှင် ဦးညွန့်မှာ သူ၏ သားငယ်ရှိရာ တောင်ကြီးမြို့သို့ လိုက်သွားပါ၍ သားငယ်နှင့် အတူနေပြီး သူ ငယ်စဥ်က သူ့ဆရာ ဘုန်းတော်ကြီး သင်ပေးခဲ့သည့် ဗေဒင်ပညာဖြင့် ဟောစားပြီး အသက်(၈၀) အထိ သက်တမ်းစေ့ နေသွားခဲ့ရတာ လက်တွေ့ဖြစ်ပါသည်။

*လေးစားစွာဖြင့်...*

**တက္ကသိုလ် မေလှလှ**



www.burmeseclassic.com

www.burmeseclassic.com

# ဆင်ငိုလည်ပြွတ်နှာ

ကြောက်စရာ မလိုပါ

တက္ကသိုလ် မောင်လှ

အချိန်က ဂျပန်ခေတ်ပျက်ကြီးထဲမှာ ဖြစ်ပါသည်။ ဒေသက **ကျောက်ပန်းတောင်းမြို့နယ်ထဲရှိ ပန်းကြိုင်ရွာက အသက်(၅၀)ခန့်ရှိ ဦးညွန့်ဆိုသူ၏ လည်ကုပ်ပေါ်မှာ** ဤ**ဆင်ငိုလည်ပြွတ်နာကြီး** အမှန်ဖြစ်ပွားခဲ့ပါသည်။

ထိုဦးညွန့်က သူ၏အနာကို ကံနာလား၊ ဝဋ်နာလား မခွဲခြားတတ်ပါ။ သို့သော် ဤအနာဆိုးကြီး၏ ဒဏ်ကိုတော့ သူ မချိမဆံ့ ခံစားနေရသည်မှာ လနှင့်ချီ၍ ကြာမြင့်ခဲ့ပါပြီ။

အနာမှာ ကြာလာသည်နှင့်အမျှ ညှီစို့စို့နံလာပြီး လက်သီးဆုပ်ခန့်ရှိ၍ ကျွဲပခုံး ထလာနေပါသည်။

ထိုအခိုက်မှာ ပန်းကြိုင်ရွာရှိ ဦးညွန့်တို့အိမ်သို့ ရွာတကာလှည့်ပြီး ဆိတ်သားရေ လိုက်ဝယ်နေသူတစ်ဦး မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ပါသည်။

ထိုလူကလည်း ဦးညွန့်၏အနာမှ အနံ့ဆိုးကိုလည်းရ၊ သူ့မျက်စိနှင့်လည်း တပ်အပ်မြင်လိုက်ရတော့...

'ဦးညွန့်ရေ...ဘာဖြစ်တာလဲဗျ။ ကျုပ်ကို အဖြစ်မှန် ပြောပြစမ်းပါ။ ကျုပ်က ခင်ဗျားရဲ့ အနာကို ပျောက်အောင် ကုပေးခဲ့ချင်လို့ပါဗျာ'

တဲ့။ ထိုအခါ ဦးညွန့်ကလည်း...

'ကျုပ်လည်ကုပ်ပေါ်မှာ ယားလာတာကစပြီး ဒီအနာကြီး ပေါ်လာခဲ့တာပဲ။ မှတ်မိပါတော့တယ်'

တဲ့။ ဦးညွန့်က...

'ကျွန်တော့်အနာကို ကျောက်ပန်းတောင်းဆေးရုံကြီးကို သွားပြခဲ့ပါသေးတယ်။ ခေတ်ပျက်ကြီးမို့ ဘာဆေးဝါးမှလဲ မစုံပါဘူး။ ဒါနဲ့ လူပြောသူပြော ဆေးမြီးတို အားလုံးနဲ့လဲ ကုကြည့်ပါသေးတယ်။ ဒါပေမယ့် နောက်ဆုံးတော့ ခင်ဗျား မြင်တဲ့အတိုင်း ဒုံရင်းဒုံရင်းပါပဲ'



တဲ့။ ထိုအခါ ဆိတ်သာရေး ဝယ်သူက ဦးညွန့်ကို သူ့အနားခေါ်ပြီး အနာကို စူးစမ်းသပ်ကြည့်လိုက်သည်။

အနာဝမှာ ကြွက်တွင်းက မြေစာများ ပမာ စုံ့ပွကာထနေသည်။ ထို ဦးညွန့်မှာ ကပ်ကြည့်တော့မှ အနာပေါက်ရဲ့ သာမက မျက်မမြင်တစ်ဦးပါ ဖြစ်နေခဲ့ရကြောင်းကို သူစိမ်းက သိလိုက်ရတော့သည်။

သူစိမ်းက "စိတ်မကောင်းလှပါဘူး"ဟု ထုတ်ပြောပြန်သည်။ "ဘာကြောင့်များ မျက်စိကွယ်ရတာလဲ"ဟု ထပ်မံ စပ်စုကြည့်တော့...

'ကျုပ်ရဲ့ မွေးရာပါ မျက်စိက အကောင်းပကတိပါ။ ဒီအနာဆိုးကြီး ပေါက်လာပြီးတော့မှ မျက်ကြောလိုက်သွားလို့ ကွယ်သွားတာလို့ အရပ်က ပြောကြတာပါပဲ။ ကျုပ်ကတော့ ဘာကြောင့် ကွယ်မှန်းကို မသိဘူးဗျာ'

ဟု ပြောသည်။ တစ်ခါ ဆိတ်သားရေဝယ်သူ လူစိမ်းက ဦးညွန့်တို့အိမ်ခေါင်းရင်းရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်၍ ကွမ်းယာများကို စိတ်တိုင်းကျ စားပြီးနောက်...

'ကဲ...ဒီအနာဆိုးကြီးကို ကျုပ် ကြည့်လဲကြည့်ပြီးပြီ၊ သိလဲ သိနေပြီ။ အဲဒီတော့ ကျုပ်က ဗိုလ်တဒါနအဖြစ်နဲ့ ဒီအနာကြီးကို လုံးဝ ပျောက်ကင်းအောင် ကုပေးခဲ့မယ်။

အေး...တစ်ခုတော့ရှိတယ်၊ ကျုပ်ဆေးနည်းက လွယ်လွန်းလို့တော့ ခင်ဗျားတို့ တန်ဖိုးမထား မလေးမစားတော့ မလုပ်ကြဖို့ ကျုပ် တောင်းပန်ချင်ပါတယ်'

ထိုသူစိမ်းက...

'ခင်ဗျားတို့ ရွာနားမှာ **ခြတောင်ပို့** ရှိတယ် မဟုတ်လား၊ အဲဒီတောင်ပို့ထဲက **သံခဲလို မာနေတဲ့ အမာဆုံး ခြသံခဲကို** ကျုပ်ဆီ ယူလာပေးပါ'

ဟု ပြောပါသည်။ ဒီနောက်တော့ **ဓနီ(ဆီး)ခေါက်နှင့် တမာခေါက်**တို့ကို ဆတူရောပြုတ်ပြီး ယင်းပြုတ်ရည်ဖြင့် အနာဆိုးကြီးကို အကြိမ်ကြိမ် ဖန်ဆေးပေးလိုက်ပါသည်။

ထို့နောက် စောစောက ယူလာခဲ့သည့် **ခြသံခဲကို ကျောက်ပျဉ်ပေါ်ဝယ် သနပ်ခါးကဲ့သို့ ခပ်ပျစ်ပျစ်လေးသွေး၍** အနာကို ခပ်ထူထူလိမ်းပေးလိုက်ပါတော့သည်။

ဆေးတန်ခိုးကြောင့်လား မသိ။ ယင်းညက လူနာမှာ ယခင်ညများကဲ့သို့ တစစ်စစ် မကိုက်တော့၍ အိပ်ပျော်

 စာမျက်နှာ (၁၆၄) သို့

www.burmeseclassic.com

## တနင်္ဂနွေ

**စီးပွားရေး** ။ ။ယာဉ်ကား အရောင်းအဝယ်လုပ်ငန်းများ၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများ အရောင်းအဝယ် ကောင်းမည်။ ငွေလဲလှယ်ရေးလုပ်ငန်း အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရမည်။ မိမိအတွက် အလုပ်ဂုဏ်သိက္ခာသာမက ငွေကြေးအရပါ ရရှိမည့် ခရီးဖြစ်မည်။

**အိမ်ထောင်ရေး** ။ ။ သားသမီးများ လိမ္မာရေးခြားရှိပြီး မိဘစကားနားထောင်သောကာလဖြစ်၍ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့ရသော ကာလဖြစ်သည်။

**အချစ်ရေး** ။ ။အချစ်ရေးကောင်းပါသည်။ ဘဝတစ်သက်တာအတွက်ဖြစ်၍ ဘဝတစ်သက်တာအတွက် စဉ်းစားဆုံးဖြတ်ပြီးမှ ရွေးချယ်ပါ။

**ပညာရေး** ။ ။ အခက်အခဲတွေ့သော် လုံးဝ စိတ်မပျက်ပါနှင့်၊ လုံးဝ အားမလျှော့ပါနှင့်၊ အခက်အခဲများသည် မိမိဘဝအောင်မြင်မှုအတွက် စမ်းသပ်မှုများသာဖြစ်သည်။

**ကျန်းမာရေး** ။ ။ ရောဂါဟောင်းရှိသူများ ရောဂါပြန်ထတတ်၍ အစားအသောက်အနေအထိုင် သတိပြုပါ။ ဆေးစားနေရပါက

**ဆောင်ရန်ရက်များ** ။ ။၂၊၄၊၇၊၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၃၊၅၊၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ။ ၂၊၆၊၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၂၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ လာဘ်လာဘပေါများစေရန် မွေးနေ့ နံနက် (၉)နာရီ (၁၅)မိနစ် အချိန်မှစ၍ ရှင်သီဝလိ (ဆယ်ဂါထာ)ကို (၆)ခေါက်ရွတ်ပွားပါ။

## တနင်္လာ

**စီးပွားရေး** ။ ။လျှပ်စစ်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းရောင်းဝယ်ခြင်းလုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ။ မိမိတာဝန်ယူထားသော လုပ်ငန်းများ၊ အလုပ်များ အချိန်မီပြီးစီး၍ လူကြီးများ၏ ချီးကျူးခြင်းခံရမည်။ လုပ်ဖော်ကိုင်ဖက်များကလည်း ဝိုင်းဝန်းကူညီကြပါလိမ့်မည်။

**အိမ်ထောင်ရေး** ။ ။ မိသားစုအတွင်း စီးပွားရေး၊ ကြီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများ အဆင်ပြေ ကောင်းမွန်နေ၍ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့ရသော ကာလဖြစ်မည်။

**အချစ်ရေး** ။ ။ အချစ်ရေး အောင်မြင်သော်လည်း လက်ထပ်ရန် မစဉ်းစားသင့်သေးပါ။ လူကြီးမိဘများ၏ သဘောတူညီမှုကို ရရှိအောင် ဆောင်ရွက်ပါဦး။

**ပညာရေး** ။ ။နိုင်ငံခြားပညာသင်သွားလိုပါက စီစဉ်ဆောင်ရွက်ပါ။ သွားခွင့် သင်ခွင့် ကြုံလိမ့်မည်။ ပညာရေး ကံဇာတာတက်နေသော ကာလဖြစ်ပါသည်။

**ကျန်းမာရေး** ။ ။ အဆစ်အမြစ်များ နာကျင်ကိုက်ခဲတတ်သည်။ ညဘက်ရေချိုးလျှင် ရေနွေးစပ်ပြီး ချိုးပေးပါ။

**ဆောင်ရန်ရက်များ** ။ ။၁၊၃၊၆၊၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။၂၊၄၊၇၊၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ။ ၃၊၅၊၈၊ ၁၂၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၃၊ ၅၊ ၆၊ ၈ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

၂၀၁၇ ခုနှစ်၊ မေလ (၁)ရက် မှ (၃၁)ရက်နေ့အထိ ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်








**အဆောင်ယတြာ** ။ ။စီးပွားရေး၊ ကျန်းမာရေး ကောင်းမွန်စေရန် သံဃာတော်(၂)ပါးအား အုန်းဆွမ်းကပ်လှူပါ။

## အင်္ဂါ

**စီးပွားရေး** ။ ။ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်မည်။ ဆန်များ ဈေးကောင်းရမည်။

**ဝန်ထမ်းရေးရာ** ။ ။လုပ်ငန်းများ၊ တာဝန်များ သတ်မှတ်ချိန်အတွင်း ပြီးစီး၍ လူကြီးများ၏ အားပေးချီးမြှောက်ခြင်းခံရမည်။

**အိမ်ထောင်ရေး** ။ ။ မိသားတစ်စု စီးပွားရေး၊ ကြီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ အောင်မြင်တိုးတက်မည့် ကာလဖြစ်မည်။ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းသော အချိန်လေးဖြစ်မည်။

**အချစ်ရေး** ။ ။ ကြားလူနှောင့်၍ အချစ်ရေးတွင် မယုံသင်္ကာ ဖြစ်ရတတ်သည်။ မိမိဘက်က သစ္စာရှိရှိ နေထိုင်ပြလိုက်ပါ။

**ပညာရေး** ။ ။အချစ်ရေးကြောင့် စိတ်လေပြီး ပညာရေးကို မထိခိုက်ပါစေနှင့်။ ဘဝတစ်သက်တာ အရေးဖြစ်၍ မည်သည့် အခြေအနေကိုပဲ ရောက်ရောက် ကြိုးစားပေးပါ။

**ကျန်းမာရေး** ။ ။ ကျန်းမာရေးကောင်းနေရာမှ အစာမှား၍ ရုတ်တရက် ဝမ်းလျှောတတ်သည်။ ဝမ်းနူးစာများကို ရှောင်ပါ။

**ဆောင်ရန်ရက်များ** ။ ။၁၊၄၊၆၊၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀

**ရှောင်ရန်ရက်များ** ။ ။၂၊၅၊၇၊၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁

**ထီထိုးရန်ရက်များ** ။ ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉

**ထီထိုးရန်ဂဏန်းများ** ။ ။ ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ စီးပွားရေး ကျန်းမာရေး ကောင်းမွန်စေရန် သံဃာတော်(၃)ပါးအား တစ်ပါးလျှင် (၈)ကျပ်၊ (၈၀)ကျပ်၊ (၈၀၀)ကျပ်၊ (၈၀၀၀)ကျပ် လှူဒါန်းပေးပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ ။ ယာဉ်ကား ရောင်းဝယ်ရေးလုပ်ငန်း၊ ငွေကြေးလဲလှယ်သည့် လုပ်ငန်း၊ ကွန်ပျူတာ ရောင်းဝယ်ရေး လုပ်ငန်းများ ရောင်းအားကောင်းမည်။ အမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ။ ပေးအပ်သော စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ထက် စောပြီး၍ လူကြီးများ၏ ဂုဏ်ပြုချီးကျူးခြင်းခံရမည်



www.burmeseclassic.com

www.burmeseclassic.com





**အိမ်တွင်းရေး။** ။ စီးပွားရေး၊ ကြီးပွားရေး ကိစ္စများနှင့် ပတ်သက်၍ မိသားစုအတွင်း သဘောထား ကွဲလွဲတတ်သည်။ အလျှော့ပေးခြင်းဖြင့် အောင်မြင်မှုကို ရယူပါ။
**အချစ်ရေး။** ။ အချစ်ရေး အောင်မြင်သော ကာလဖြစ်မည်။ ဘဝကြင်ဖော်အဖြစ် ရွေးချယ်ရာတွင် နှလုံးသားတစ်ခုတည်းဖြင့် မရွေးချယ်ပါနှင့်၊ ဦးနှောက်ဖြင့် ဆုံးဖြတ်ရွေးချယ်ပါ။
**ပညာရေး။** ။နိုင်ငံခြားကျောင်းများ (သို့မဟုတ်) ပြည်တွင်းရှိ နိုင်ငံခြားကျောင်းများတွင် ပညာသင်ယူရန် ဆန္ဒရှိလျှင် ယခုလမှ စတင်လှုပ်ရှားပါ။ သင်ယူခွင့်ရလိမ့်မည်။
**ကျန်းမာရေး။** ။ရုတ်တရက် ခေါင်းကိုက်၊ ခေါင်းမူးဖြစ်တတ်၍ နေပူထဲမှ အိမ်ပြန်ရောက်ရောက်ချင်း ခေါင်းကို ရေမလောင်းပါနှင့်၊ ခြေမဆေးပါနှင့်။
**ဆောင်ရန်ရက်များ။** ။၁၊ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။
**ထီထိုးရန်ရက်များ။** ။ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။
**ထီထိုးရန်ဂဏန်းများ။** ။၃၊ ၅၊ ၆၊ ၈ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ ကံမြင့်ယတြာအတွက် မွေးနေ့နံနက် (၉း၁၅)မိနစ် အချိန်မှစ၍ ပဋ္ဌာန်းဒေသနာတော်အကျဉ်းကို (အိမ်ရှိဘုရားစင်တွင်) (၁၇)ကြိမ် ရွတ်ပွားပူဇော်ပေးပါ။

## ကြာသပတေး

**စီးပွားရေး။** ။ အိုးအိမ်တိုက်တာ ဆောက်လုပ်ရေးလုပ်ငန်းများ ခေတ္တရပ်နားခြင်း ပြုလုပ်ရကိန်းရှိသည်။ မြေအရောင်းအဝယ် သတိ ထားစစ်ဆေးစုံစမ်းပြီးမှ ဆောင်ရွက်ပါ။
**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ၊ တာဝန်များကို သတ်မှတ်ချိန် အတွင်း ပြီးစီးရန် အတော်လေး ကြိုးစားရလိမ့်မည်။ အားမလျှော့ ပါနှင့်။ မိမိအရည်အချင်းကို ပြလိုက်ပါ။
**အိမ်တွင်းရေး။** ။အိမ်တွင်းရေးတွင် ပြဿနာမရှိဘဲ အဆင်ပြေမည်။ သားသမီးတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကောင်းမည်။
**အချစ်ရေး။** ။အချစ်ရေးအဆင်ပြေနေမည်။ နှစ်ဖက်သော လူကြီးမိဘများကလည်း သဘောတူ ကြည်ဖြူကြပါသည်။ ရုတ်တရက် အိမ်ထောင်ပြုရကိန်း ရှိနေသည်။
**ပညာရေး။** ။ပညာရေး ကံဇာတာ တက်နေပါသည်။ ဉာဏ်နှင့် ဝိရိယပါ ပေါင်းစပ်ပေးလိုက်လျှင် ပို၍တော်သွားမည်။ ထူးချွန်စွာ အောင်မြင်ပါလိမ့်မည်။
**ကျန်းမာရေး။** ။သွေးတိုးရောဂါဖြစ်တတ်၍ လူပင်ပန်း စိတ်ပင်ပန်း မခံပါနှင့်။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။
**ဆောင်ရန်ရက်များ။** ။၁၊ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ။** ။၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။
**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၆၊ ၈၊ ၀ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။လုပ်ငန်းစီးပွားတိုးတက်ရန် သံဃာတော် (၅)ပါးအား လှူငွေ(၅၀၀)ကျပ်စီ နဝကမ္မလှူဒါန်းပါ။

## သောကြာ

**စီးပွားရေး။** ။ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်လက်စလုပ်ငန်းများကို ပုံမှန် ဆက်လက် လုပ်ကိုင်နေရမည်။ လုပ်ငန်းများ မတိုးချဲ့ပါနှင့်ဦး။
**ဝန်ထမ်းရေးရာ။** ။ အထက်လူကြီးနှင့် လုပ်ဖော်ကိုင်ဖက်တို့၏ ကူညီမှုကြောင့် မိမိတာဝန်ယူထားသော လုပ်ငန်း၊ အလုပ်များ သတ်မှတ်ချိန်မတိုင်မီ အောင်မြင်စွာ ပြီးမြောက်မည်။
**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေမည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကောင်းမည်။ မိသားတစ်စု ပျော်ရွှင်ရသာ ကာလတစ်ခုဖြစ်မည်။
**အချစ်ရေး။** ။အချစ်ရေး အဆင်ပြေမည်။ နှစ်ဖက်မိဘများ ကလည်း သဘောတူကြည်ဖြူကြမည်။
**ပညာရေး။** ။ စာမေးပွဲများ၊ အလုပ်ခွင် စာမေးပွဲများ၊ သင်တန်း ဆိုင်ရာ စာမေးပွဲများရှိလျှင် ဝင်ရောက် ဖြေဆိုပါ။ ထူးချွန်စွာ အောင်မြင်ပါလိမ့်မည်။
**ကျန်းမာရေး။** ။ ဒူးနာ၊ ခါးနာဖြစ်တတ်၍ အလေးအပင်များ မ,မ ပါနှင့်။ ပင်ပင်ပန်းပန်းလုပ်ရသော လုပ်ငန်းများကို ခေတ္တနားပေးပါ။
**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၁။
**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။
**ထီထိုးရန်ရက်များ။** ။ ၄ ၇ ၁၀ ၁၂ ၁၅ ၂၀ ၂၃ ၂၆ ၂၈ ၃၀။
**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ စီးပွားရေး ကြီးပွားရေး ဘေးအန္တရာယ်ကင်းရှင်းစေရန် ဒေါနပန်း(၆)ခက်ဘုရားအား ကပ်၍ သမ္ဗုဒ္ဓေဂါထာကို (၆)ခေါက် ရွတ်ပွားပေးပါ။

## စနေ

**စီးပွားရေး။** ။လေကြောင်းလိုင်းလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေရမည်။ ယခုလအတွင်း ခရီးစဉ် တိုးချဲ့မှုကို မစတင်ပါနှင့်ဦး။
**ဝန်ထမ်းရေးရာ။** ။လုပ်ငန်းတွင် မနာလိုသူများ၏ နှောင့်ယှက်မှုကို ခံရတတ်သည်။ မိမိက ရိုးရိုးသားသား မှန်မှန်ကန်ကန် လုပ်ဆောင်ပြပါ။ မိမိတွင် အကြီးအကျယ် ဒုက္ခမရောက်နိုင်ပါ။
**အိမ်တွင်းရေး။** ။ အတွေးအခေါ်ချင်း မတူညီကြ၍ မိသားစုအတွင်း သဘောထား ကွဲလွဲမှုများရှိမည်။ အရာရာကို ခန္တီ၊ မေတ္တာဖြင့် အောင်မြင်ပါစေ။
**အချစ်ရေး။** ။ မိမိ၏ အပြုအမူ အနေအထိုင် အပြောအဆိုတို့ကြောင့် ချစ်သူ၏ အထင်မြင်လွဲမှားမှုကို ခံရတတ်သည်။ မိမိက မှန်ကန်ရိုးသားသစ္စာရှိကြောင်း ပြလိုက်ပါ။
**ပညာရေး။** ။စာမေးပွဲဖြေဆိုရန် ရှိလျှင် ဖြေဆိုပါ။ အင်တာဗျူးဖြေရမည်ဆိုလျှင် ဖြေဆိုပါ။ သင်တန်းတက်ရန်ရှိလျှင် တက်လိုက်ပါ။ အားလုံးအောင်မြင်မည်။
**ကျန်းမာရေး။** ။ သွေးနှင့် ပတ်သက်သော သွေးတိုး၊ သွေးကျ ရောဂါများ ဖြစ်တတ်သည်။ အစားအသောက်ကို သတိဖြင့် ရွေးချယ်စားပါ။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။
**ဆောင်ရန်ရက်များ။** ။၁ ၄ ၇ ၉ ၁၃ ၁၆ ၁၈ ၂၂ ၂၅ ၂၇ ၃၀။
**ရှောင်ရန်ရက်များ။** ။၂ ၅ ၈ ၁၀ ၁၄ ၁၇ ၁၉ ၂၃ ၂၆ ၂၈ ၃၁။
**ထီထိုးရန်ရက်များ။** ။၃၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။
**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။လာဘ်လာဘပေါ်များစေရန် ရှင်သီဝလိ(၁၀)ဂါထာကို အိမ်မရှိ မြတ်စွာဘုရားရုပ်ပွားတော်ရှေ့တွင် မွေးနေ့နံနက်(၉း၁၅)နာရီ အချိန် စတင်၍ (၁၀)ခေါက်ရွတ်ပွားပါ။

*ကျန်းမာ ချမ်းသာကြပါစေ*

**ဆရာ ရောင်ခြည်**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# သာမညဆရာတော် အထူးပေးသော ဂါထာတော်

ကျွန်တော်အား ဆရာမဒေါ်အေးကြည်(အ.ထ.က)မှ...

'မောင်မြင့်မောင်တို့လို လူမပြောနဲ့ ဘုရားရှင်တော်တောင်မှ အမှီရှိမှ ပွင့်လို့ရတာပဲ။ တို့လိုလူတွေမှာ အူမတောင့်မှ သီလစောင့်နိုင်မှာဆိုတဲ့ စကားလိုပေါ့။ နံပါတ်တစ်အနေနဲ့ စားဝတ်နေရေး ပြေလည်မှ ဥပုသ်သီတင်းကို ကောင်းကောင်း စောင့်နိုင်မယ် မဟုတ်လား။

ဒီတော့ မြတ်ဘုရားရဲ့ ဂါထာတော်တွေကို ရွတ်ဖတ်ပူဇော် ပွားများနေကြရင် အရာရာကို အဆင်ပြေအောင်မြင်မှု ရနိုင်မယ်'

ဟု ဆိုဆုံးမခဲ့သော ဆရာမဒေါ်အေးကြည်(အ.ထ.က)အား အထူးသတိရသောအားဖြင့် လည်းကောင်း၊ တပ်ကုန်းမြို့မှ ကျွန်တော်တို့ မင်းဘူးမြို့သို့ ပြောင်းရွှေ့လာသော ဒေါ်ဖြူအား သတိရသောအားဖြင့် လည်းကောင်း မိတ္တူပေးသွားသော ဝန်ထမ်းများ ရွတ်ဖတ်ပွားများရန် တကယ်အကျိုးပေးကြောင်း ပြောဆိုပြီး ကျွန်တော်တို့အား ပေးပါသည်။

မိတ္တူကူးထားသော ဂါထာတော်အား ကြည့်သောအခါ ကျွန်တော် ပူဇော်နေကျ **"ဗုဒ္ဓဘာသာဝင်တိုင်း သိထားသင့်သော ငါးပါးသီလနှင့် ကိုးနဝင်း အဓိဋ္ဌာန်အောင် ပုတီးစိပ်နည်း၊ စာအုပ်ထဲမှ** ဂါထာတော်နှင့် အတူတူ ဖြစ်နေပါသည်။

ထို့ကြောင့် မိမိသိပြီး ပူဇော်နေကျ ဖြစ်သောကြောင့် ပိုမိုခိုင်လုံသောကြောင့် ဓမ္မမိတ်ဆွေ သူတော်ကောင်းများလည်း တိုးတက်ရာ တိုးတက်ကြောင်း စေတနာဖြင့် တင်ပြအပ်ပါသည်။

ဒေါ်ဖြူမှ ဤသာမညဆရာတော် အထူးပေးသော ဂါထာတော်သည် ရာထူးဖြေဆိုရာတွင် လည်းကောင်း၊



ခရီးသွားလာရာတွင် လည်းကောင်း၊ မိသားစု ဆက်ဆံရာတွင် လည်းကောင်း အဆင်ပြေချောမွေ့ပါကြောင်း သူ၏ကိုယ်တွေ့အား ပြောပြပါသည်။

ထို့ပြင် ယခုအခါတွင် သူပြောင်းရွှေ့လိုသောနေရာသို့ အခက်အခဲမရှိ ပြောင်းရွှေ့သွားနိုင်ပါသည်။ ဂါထာတော်မှာ...

---

သာမညဆရာတော်ကြီး

အထူးပေးသော ဂါထာတော်

---

'ဦး သိဒ္ဓိဘုရား၊ နားမှာ ဗြဟ္မာ၊ လက်မှာ သိကြား၊ ခါးမှာဘီလူး၊ ဒူးမှာခြင်္သေ့၊ ခြေမှာ နဂါး၊ ကိုယ်မှာဂဠုန်၊ အစောင့်ထားပါ၏။

ဦး ကောဏ္ဍညံ၊ ဦး ကောဏာဂုံ၊ ဦး ကဿပ၊ ဦး ဂေါတမ၊ ဦး အရိမေတ္တေယျ၊ ဦး ဒီပင်္ကရာ မြတ်စွာဘုရားကို ကိုးကွယ်ပါ၏။

ဓာတ်တော်ဝင်၊ မဟာဝင်၊ ရောဝင်၊ မဟာဝိနယော၊ ဗောဓိရှစ်တန်၊ ဉာဏ်တော်(၁၈)ပါး၊ ဦး ဘုရား၊ ဦး တရား၊ ဦး သံဃာတော်နှင့် ရွှေအဆင်းအလား ဦးခေါင်းတော်က မြင်းမိုရ်တောင်၊ မျက်လုံးတော်က ပုလဲရောင်၊ သွားတော်က ဝရဇိန်၊ လည်တော်က သံချောင်း၊ မဏိဗောဓိရွှေညောင်ပင်က ပွင့်တော်မူပါ၍ လေးသင်္ချေ ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေကမ္ဘာတစ်သိန်း ပါရမီ ဖြည့်လာသော ဘုရား....

သားတော် သမီးတော်တို့ကို ဆင်းရဲဒုက္ခ ဝင့်ဆင်းရဲမှ လွတ်ကင်းအောင်၊ ချမ်းသာ သုခဘဝသို့ ရောက်အောင် ပို့ဆောင်နိုင်သော အရှင်ဘုရား၊ ချမ်းသာအောင် စောင့်ရှောက်တော်မူပါ အရှင်ဘုရား'

မှတ်ချက်

- ✱ အမှုအခင်းရှိပါက (၉)ခေါက်
- ✱ ပစ္စည်းပျောက်လျှင် (၃)ခေါက်
- ✱ နေထိုင်မကောင်းလျှင် (၇)ခေါက်
- ✱ ချမ်းသာချင်လျှင် (၁၂)ခေါက်
- ✱ စစ်တိုက်သွားလျှင် (၅)ခေါက်

မိမိ အာရုံပြုချင်သည့် ဘုရားအား အာရုံပြုရွတ်ဖတ် သရဇ္ဈာယ်ပွားများပါ လက်တွေ့ အကျိုးပေးပါကြောင်း တင်ပြအပ်ပါသည်။

ဦးမြင့်မောင်

(အသေးစားချေးငွေလုပ်ငန်း)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဂုဏ်ဆောင်မြောက်ရှင်

# သမားတော်ကြီး ဦးစိုးအောင်နှင့် တွေ့ဆုံခြင်း

နာမည်ထင်ရှား ကျော်ကြားသည့် အရိုးအကြောအဆစ်နှင့် လေဖြတ်၊ ဆီးချို၊ လေးဖက်နာ ရောဂါကု သမားတော်ကြီး ဦးစိုးအောင်ထံ စာရေးသူ ရောက်ရှိသွားသည်။

ဆရာကြီး၏ နှစ်ထပ်တိုက်ကြီးတွင် အောက်ထပ်၌ ဘုန်းတော်ကြီးများ၊ လူနာကျား၊ မများ အများအပြား တွေ့ရသဖြင့် စာရေးသူသည် တိုက်ရှေ့သို့ ထွက်လာခဲ့သည်။


မြောက်ဘက် လှည့်ထားသည့် တိုက်ရှေ့တွင် စိုက်ပျိုးထားသည့် ဆေးပင်များကို ကြည့်ရှုနေသည့် ဆရာကြီး၏ဇနီး ဒေါ်ခင်ရီနှင့် ပထမဦးဆုံး တွေ့ရသည်။

စာရေးသူမှာ ရှားပါးလှသည့် ဆေးပင်များကို မှတ်သားချင်သဖြင့် တိုက်ရှေ့တွင်ပင်ရပ်လျက် ဒေါ်ခင်ရီအား မေးမြန်းမှတ်သားခဲ့သည်။ ဆေးပင်အမျိုးပေါင်း(၁၀၀)ခန့် ရှိမည်ထင်သည်။

ဒေါ်ခင်ရီ ရှင်းပြသည့် ဆေးပင်များထဲတွင် **ကနစိုပင်**(ဝတ္တဝရောပင်)၊ **ဆစ်တုံပင်၊ သင်းဂနိုတ်ပင်**(ကစွမီပင်) **သင်းဂနိုတ်ကြီး**(မဟာဂါကျွဲရေကျပင်)၊ **ပဒိုင်းနက်ပင်**(သုံးထပ်ပွင့်သည်)၊ ပန်းယဉ်ပင်၊ အင်းဂမုန်း အဖိုပင်နှင့် အမပင်၊ စန္ဒကူးပင်တို့ကို မှတ်သားခဲ့သည်။

ဆေးပင်များမှာ တိုက်အနောက်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်တို့တွင် စိုက်ထားသည်။ တိုက်တောင်ဘက်တွင် ဆေးကိုဒေါင်တိုက်ရှိသည်။

စာရေးသူသည် လူနာဧည့်ခန်းသို့ ဝင်၍ လူနာများကို တို့တို့မေးကြည့်ရာ မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်ကြသူများဖြစ်သည်။



ဆရာကြီးဦးစိုးအောင်

## ဆရာကြီး ရရှိသည့် ဘွဲ့လက်မှတ်များ

တိုက်ကြီးအတွင်း နံရံတွင် ဆရာကြီး ရရှိခဲ့သည့် ဘွဲ့လက်မှတ်များကို မှန်ပေါင်သွင်း၍ ကပ်ထားသည်ကို တွေ့ရသည်။ ပထမဆုံး ဘွဲ့လက်မှတ်မှာ ၁၉၆၂ ခုနှစ်က အမေရိကန် ဆေးကောလိပ်မှ (The American Medical College)က ဆရာကြီးအား ချီးမြှင့်ထားသည့် ဒီပလိုမာ လက်မှတ်ဖြစ်သည်။ ဆရာကြီး၏ ဓာတ်ပုံကို လည်စီး(Necktie)နှင့် တွေ့ရသည်။ ဘွဲ့လက်မှတ် ရေးထိုးထားသူမှာ ဒေါက်တာဘချစ်(MD,Phd) ဖြစ်သည်။ ဆရာကြီးမှာ ထိုစဉ်က အသက်(၃၀) သာ ရှိသေးသည်။

ဒုတိယဘွဲ့လက်မှတ်မှာ ၁၉၆၂ ခုနှစ်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရာသက်ပန် အသင်းသား ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည့် လက်မှတ်ဖြစ်သည်။

တတိယဘွဲ့လက်မှတ်မှာ ၁၃၂၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁၀)ရက် (၁၉၆၃ ခုနှစ်) **မြန်မာနိုင်ငံ ပရမတ္ထဆေးပညာအဖွဲ့ချုပ်၊ တိုင်းရင်းမြန်မာဆေးကျောင်းကြီး မန္တလေး**မှ ချီးမြှင့်သည့် ကျောင်းဆင်းလက်မှတ်။ ထိုစဉ်က ထိုဆေးကျောင်းကြီးမှာ တည်ထောင်ခါစပင် ရှိသေးသည်ဟု သိရသည်။ ကျောင်းအုပ်ကြီးမှာ ဦးအောင်မြညွှန့်။ ထိုစဉ်က ဆရာကြီးမှ အသက်မှာ(၂၉)နှစ်သာ ရှိသေးသည်။

စတုတ္ထချီးမြှင့်ခြင်း ခံရသည့် "နာမည်ကောင်းဆု"မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ သတ္တမအကြိမ်မြောက် ဗ.တ.လ.စ ညီလာခံသဘင်ကြီး ပြိုင်ပွဲ ပျော်ပွဲရွှင်ပွဲမှ ချီးမြှင့်သော လက်မှတ်ဖြစ်သည်။

ပဉ္စမလက်မှတ်မှာ "ဂုဏ်ထူးဆောင်"လက်မှတ်ဖြစ်သည်။ ၁၉[illegible] ခုနှစ်၊ မေလ(၂၁)မှ(၂၄)အထိ ကျင်းပသည့် မန္တလေးမြို့ ကျုံးအနောက်

www.burmeseclassic.com



ဆရာကြီးလက်အပ် လာနာသည့် ဆင်ကြီး

တောင်တွင် ကျင်းပခဲ့သော နိုင်ငံလုံးဆိုင်ရာ သတ္တမအကြိမ်မြောက် ဗ.တ.လ.စ နှစ်ပတ်လည် ညီလာခံ သဘင် ကျန်းမာရေးတွင် မြန်မာ့ဆေးပညာ မြှင့်တင်ရေးအဖွဲ့ကြီး၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဆဋ္ဌမ လက်မှတ်မှာ ဆရာကြီး အသက်(၃၀)အရွယ် အထက်မြန်မာနိုင်ငံ မန္တလေးခရိုင် သဘာဝဓမ္မဆရာများအဖွဲ့ မန္တလေးက ချီးမြှင့်သည့် (ဒ-ဘ-ဗ)ဆရာဖြစ် လက်မှတ်ဖြစ်သည်။

သတ္တမ လက်မှတ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ကျန်းမာရေးဌာနက ချီးမြှင့်သည့် တိုင်းရင်းမြန်မာဆေးဆရာ စာမေးပွဲအောင်လက်မှတ်ဖြစ်သည်။

## အစဉ်အဆက် သမားတော်မျိုးရိုး

လူနာတစ်သုတ် ရှင်းသွားသည်နှင့် ဆရာကြီးသည် စာရေးသူကို ကျယ်ပြန့်သည့် ဧည့်ခန်းတွင်းသို့ ခေါ်ပြီး သိလိုသမျှကို စိတ်ရှည်ရှည် ပြောပြသည်။

ဆရာကြီးသည် **မြန်မာသက္ကရာဇ် ၁၂၉၆ ခုနှစ်ဖွား၊ ရေဦးမြို့နယ်၊ သံသေရွာဇာတိ**။ ဆရာကြီး၏ အဘိုး၏ဖခင်များမှာ အလောင်းဘုရားလက်ထက် နန်းတွင်းသမားတော်ကြီးများ ဖြစ်သည်။

အဘိုး အဘေးများဖြစ်သည့် ဦးဖော့ဆိုသူမှာ အလောင်းဘုရားလက်ထက် **အင်းဝိဇ္ဇာ**၊ ဦးသော့မှာ **မန္တန်ဝိဇ္ဇာ**ဖြစ်သည်။ အလောင်းဘုရား၏ နန်းတွင်းသမားတော်မျိုးရိုးမှ ဆင်းသက်လာသူဟု သိရသည်။

## ဆေးပညာ သင်ယူခဲ့ပုံ

▲**'ဆရာကြီးခင်ဗျား ဆေးပညာကို ဘယ်နှနှစ်သားမှာ၊ ဘယ်ဆရာကြီးတွေဆီမှာ သင်ယူခဲ့ပါသလဲ'**

○'(၁၅)နှစ်သားမှာ စသင်ခဲ့တယ်။ အရိုးပညာကို ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ရက္ခမူကျောင်းတိုက် ဆရာတော် ဦးပါမောက္ခဆီမှာ သင်ယူခဲ့တယ်။ ဆရာရင်းပေါ့။

နောက်ပြီး ရွှေဘိုခရိုင်၊ တန့်ဆည်မြို့ ရိပ်သာကျောင်း ဆရာတော်ကြီးထံ သင်ကြားပညာသင်ယူခဲ့တယ်။

မြင်းခြံမြို့ စွန်းလွန်းဆရာကြီး ဦးစံဘထံက အရိုးအဆစ်ပညာနဲ့ အနှိပ်ပညာ၊ တနင်္သာရီမြို့ ရွှေကျောင်းကြီးဆရာတော် ဦးဉာဏဝံသရဲ့ ခမည်းတော် ဆရာကြီးဦးအေးကို (အသက်–၈၆နှစ်)ဆီမှာလဲ (၆)နှစ် ဆေးပညာသင်ယူခဲ့တယ်'

▲**'ဆရာကြီး ခု ကုသနေတဲ့ ရောဂါတွေက...'**

○'အရိုးကျိုးတာ၊ အကြောအဆစ်လွဲတာ၊ ပေါင်ထိပ်လျှော(တင်ပါးခွက်ပြုတ်)ရောဂါ၊ သွက်ချာပါဒရောဂါ၊ လေးဖက်နာရောဂါ၊ ဆီးချိုရောဂါတို့ကို ကုသပါတယ်။ ပယောဂလဲ ခဏခဏ ကုပေးရတယ်'

## အရိုးကျိုး ကုပုံ

▲**'အရိုးကျိုး ကုတာကို ဘယ်လိုနည်း နဲ့ ကုသပါသလဲ'**

○'တစ်ခုခုဖြစ်လို့ အရိုးကျိုးသွားရင် ဥပမာ ခြေထောက် ကျိုးတယ်ဆိုရင် ထုံးနဲ့ဆေး မန်းပြီး လိမ်းပေးပါတယ်။ ကျောက်ပတ်တီး မစည်းပါ။ ဝါးမညှပ်ပါ။ လူနာကို သူ့ရဲ့အိမ်မှာ ငြိမ်ငြိမ်လေး နေခိုင်းပါတယ်။

ကျိုးသွားတဲ့ နေရာအောက်က ခေါင်းအုံးထူထူလေး ခံခိုင်းထားပါတယ်။ (၅)ရက်ပြည့်တဲ့အခါ ခြေထောက် ထောက်ကြည့်ခိုင်းပါတယ်။ (၁၂)ရက်ပြည့်တဲ့အခါ လမ်းလျှောက်ခိုင်းပါတယ်။

ကားတိုက်မိလို့ အရိုးစိစီညက်ညက်ကြေသွားရင် အရိုးကို အသာဆွဲဆန့်ပဲ့ထွက်သွားတာတွေကိုစု၊ လက်နဲ့ အသာဆုပ်ပေးတယ်။ အပေါ်ကနေ ဆေးလိမ်း၊ ပတ်တီးပါးပါးလေးနဲ့ စည်းပြီး ထိန်းပေးပါတယ်။ အောက်က ခေါင်းအုံးထူထူလေး ခံထား၊ (၁၂)ရက်ဆိုရင် အရိုးပြန်ဆက်ပါတယ်။

## အကြောအဆစ် ကုသပုံ

လက်သေ၊ လက်ကပ်၊ လက်ဆစ်ပြုတ်၊ ဒူးဆစ်ပြုတ်၊ ဒူးဆစ်လွဲ၊ ခြေခွတ်တိုင်လည်၊ အဆစ်လွဲ၊ တင်ပါးခွက်ပြုတ်တာတွေကို ပျောက်ကင်းအောင်





www.burmeseclassic.com

www.burmeseclassic.com

ကုသပေးပါတယ်။ ဖြစ်ဖြစ်ချင်း လာကုရင် ကုသရာမှာ မြန်ပါတယ်။

အကြောအဆစ် ရောဂါထဲက တင်ပါးခွက်လျှောတာက အဖြစ်များပါတယ်။ တစ်ခုခုကြောင့် တင်ပါးခွက်လျှောတာ၊ ကျွံတာ၊ ပြုတ်တာကို ချက်ချင်းမလာဘဲနဲ့ တခြားမှာ ဆေးထိုးပြီး ကုသနေတဲ့အခါ အရိုးခြင်ဆီ (သို့မဟုတ်) ကျီးပေါင်းတက်ပြီး ကုသလို့ မရတော့ဘဲ တချို့ ဘဝဆုံးသွားသူတွေ၊ ချိုင်းထောက်နဲ့ သွားလာနေကြတာတွေ အများကြီးပဲ'

▲ **'ခုနက တင်ပါးခွက် ကျွံတာ၊လျှောတာ၊ပြုတ်တာကို ကြာသွားလို့ ကျီးပေါင်းတက်သွားတဲ့ လူနာကို ဘယ်လိုနည်းနဲ့ ကုသကြည့်ပါသေးသလဲ'**

○ 'ဆီးဖြူသီးပြုတ်ပြီးအုံ၊ ကျီးပေါင်းကို ခွာချကြည့်ပါတယ်။ ကျီးပေါင်းခွာလို့ ကွာလာရင် တင်ပါးခွက်ကို ပြန်ထည့်ပါတယ်။ ဆီးဖြူသီးပြုတ်အုံလို့မှ ခွာမရရင် ကုမရတော့ပါ။ ပြန်လွှတ်လိုက်ရပါတယ်။ တချို့လဲ တခြားမှာ ခွဲစိတ်ကုသကြတယ်။ အဆင်မပြေတာများပါတယ်။ တချို့ ဘဝဆုံးသွားကြတယ်'

## တချို့ ခပ်ကြမ်းကြမ်းပြောရ

စာရေးသူသည် ဆရာကြီး၏ လက်ချောင်းများကို ကြည့်လိုက်သောအခါ အလွန်သန်မာနေသည်ကို တွေ့ရသည်။ လူနာများ၏ ခန္ဓာကိုယ်ရှိ အကြောတစ်ခုခုကို အသာအယာ ကိုင်လိုက်တိုင်း လူနာမှာ ရှုံ့မဲ့သွားရရှာသည်။ တချို့ အသံထွက်၍ အော်ရသည်။ တစ်မိနစ်အတွင်း အနာခံမှသာ ရောဂါပျောက်ပေမည်။

'ဒီနေရာမှာ လူနာနောက်ကိုင်ဖြစ်တဲ့ ကျွန်တော့်သားက လက်နှစ်ဖက်ကို ချုပ်ကိုင်ထားရတယ်။ လူနာ စလှုပ်ရှားနိုင်မှ ရှေ့ကိုင်ဖြစ်တဲ့ ကျွန်တော်က အကြောတွေ ပွင့်သွားအောင် သွေးလမ်းလေလမ်း ပွင့်သွားအောင် မိမိရရ နှိပ်ရတာ။

လူနာက အော်လို့ လူနာအကြိုက် ကျွန်တော်က ညှာလိုက်ရင် လူနာ ဘဝဆုံးသွားတော့မယ်။ တစ်ခါတလေ လူနာက ဟစ်အော်ငြင်းဆန်နေပြီး ခန္ဓာကိုယ်ကို တောင့်တောင့်ထားနေရင် သူ့စိတ် ပျော့ပျောင်းသွားအောင် ခပ်မာမာ ပြောရတယ်။

ငေါထွက်နေတဲ့ သူ့အရိုး၊ လွဲနေတဲ့ အဆစ်ကို ပြန်တည့်အောင် ထည့်ဖို့ရာ သူ့ကို ညှာလို့ မဖြစ်ဘူး။ သူ့ကို ညှာလိုက်ရင် အတင်းရုန်းလို့ အရိုးပဲ့သွားရင် ဘဝဆုံးတော့မယ်။ ဒါကြောင့် ခပ်ကြမ်းကြမ်းလေး ပြောရတာပေါ့ဗျာ'

## လက်လှေ့ကျင့်ခန်း

▲ **'ခုလို ဆရာကြီး လက်ချောင်းလေးတွေ သန်မာအောင် ဘယ်လို လေ့ကျင့်ခဲ့ရပါသလဲဗျာ'**

○ 'ကျွန်တော် ငယ်ရွယ်စဉ်က အရိုး၊ အဆစ်၊ အကြော လက်တွေ့သင်ပေးတဲ့ ဆရာတော်ကြီးရှေ့မှာ ကျွန်တော်က လူနာတစ်ဦးကို ပျောက်ကင်းအောင် အရိုးအဆစ်နေရာကို ထည့်ပြီးရင် အကဲခတ်ကြည့်နေတဲ့ ဆရာတော်က လူနာရဲ့ရှေ့မှာ ကျွန်တော့်ခေါင်းကို လက်သီးနဲ့မိမိရရ တစ်ချက်ထိုးလိုက်တယ်။

ဆရာတော့်လက်တွေကလဲ သန်ပါဘိဗျာ၊ ခေါင်းကို မူးမိုက်သွားတယ်။ ကျွန်တော်လဲဘာမှမပြောရဲဘဲ နေလိုက်ရတယ်။ညကျောင်းကြီးပေါ် ဆရာတော်မကျိန်းစက်မီ နှင်းနှိပ်ပေးရင်း...

"အရှင်ဘုရား လူနာတစ်ယောက် ကုပြီးတိုင်း ဘာပြုလို့ တပည့်တော်ခေါင်းကို ထိုးရတာလဲ ဘုရား"

လို့ လျှောက်တော့...

"ငါတို့က မကြာခင် သေသွားကြတော့မယ်။ လူနာတစ်ဦးကို အောင်အောင်မြင်မြင်နဲ့ ကုပြီးတိုင်း မင်းအနေနဲ့ ငါ သင်ပေးခဲ့တဲ့ ပညာတွေကို မှတ်မိအောင် ငါ့ကိုလဲ အမြဲ သတိရအောင်လို့ လက်သီးနဲ့ ထိုးတာကွ"

တဲ့။ နောက်တော့ အထိုးမခံရတော့ပါဘူး။ ဆရာတော်ကြီး အမိန့်ရှိသလို လူနာတစ်ဦးကို အောင်မြင်စွာနဲ့ ကုပြီးတိုင်း ဆရာတော်ကြီးကို အမြဲ သတိရနေမိတယ်။

**နောက်ပြီး ည ဆရာတော်ကြီးရဲ့ အိပ်ရာနဲ့ မနီးမဝေးမှာ ဘုရားဆင်းတုရှေ့မှာ ဆောင့်ကြောင့်ထိုင် (၃)ပိဿာလေးတဲ့ ကျောက်မြလုံးကြီးကို လက်နှစ်ဖက်နဲ့ မိမိရရ အထက်ကို မြှောက်ထိုင် ထေထတ် ကျောက်ခဲတုံး လိုမျိုးပြီက ဘုရားရှင်က ရဟန်းတော်တွေကို ဟောကြားတော်မူခဲ့တဲ့ ဂါထာကို ရွတ်ကာ**



ဆရာကြီး ရရှိခဲ့သည့် ဘွဲ့လက်မှတ်များ



www.burmeseclassic.com

www.burmeseclassic.com

**အသံထွက်ပြီး ပီပီသသ ရွတ်ဆိုရတယ်။**

ဂါထာ(၁)ပုဒ် ဆုံးသွားတိုင်း ဆရာတော်က အိပ်ရာထဲကနေပြီး ပုတီး(၁)လုံးချတယ်။ ကျောက်ဖြူတုံးကြီးကိုလဲ မ,ထားရပြီး ဂါထာ(၁)ထောင် ပြည့်အောင် ဆိုရတယ်။

လက်တွေ တုန်လာပြီး ခန္ဓာကိုယ်လဲ ဟန်ချက်ပျက် ယိမ်းယိုင်လာရင် ဆရာတော်ရဲ့ လက်သီးချက်က ပြင်းကပြင်းပါဘိ။ အနည်းဆုံးတော့ အိပ်ရာဘေးက ထွေးခံနဲ့ လှမ်းအပေါက်ခံရမှာ သေချာတယ်။ ကျောက်ဖြူတုံးကြီး ပြန်မ အစကနေ ပြန်ဆိုရတယ်။

ခုခေတ်မှာတော့ တချို့လူငယ်တွေဟာ ပညာတစ်ခုကို လေးလေးစားစားနဲ့ ဆုံးခန်းတိုင်အောင် အနစ်နာခံ မသင်ချင်ကြဘူး။ အလွယ်လိုက်ကြတယ်။

ကျွန်တော်တို့တုန်းက ဆရာ့ရဲ့ နောက်ကနေ ဆေးလွယ်အိတ်ကို ပခုံးပွန်းအောင် လွယ်ပြီး ခြေညောင်းအောင် လိုက်ရတယ်။ ညမှာ ဆရာ့ကို နှင်းနှိပ်ပေးရသေးတယ်။

နှင်းနှိပ်ပေးရင်း လူနာတွေကို ဒီနေ့ လက်တွေ့ကုသခဲ့တဲ့ ဆေးပညာကို ဆရာသမားရဲ့ ထပ်ဆင့် ထင်မြင်ချက် အကြံပြုချက်ကို လိုက်နာမှတ်သားရတယ်'

## လေဖြတ်ရောဂါ

▲ **'လေဖြတ်ခံရတဲ့ လူနာကို ပျောက်အောင် ကုသနိုင်ပါသလား'**

○ 'ကုသနိုင်ပါတယ်။ အရိုး အကြောအဆစ် ပေါင်ထိပ်လျှော တင်ပါးခွက်လျှော လေဖြတ်ရောဂါတွေကို နှိပ်နည်း၊ ဓာတ်စာ(စားဆေး)၊ သောက်ဆေး၊ လူးဆေး ဒီ(၄)ချက်နဲ့ပဲ ပျောက်အောင် ကုသပါတယ်'



**ဆေးပင်များအကြောင်း ရှင်းပြနေသည့် ဆရာကြီးဇနီး ဒေါ်ခင်ရီ**

## ပယောဂ

'ပယောဂကို ဘယ်လို ကုသလဲဆိုတာ ဆရာ သိချင်ရင် အပေါ်ထပ်ကိုကြွပါ'

ဟုဆို၍ ဆရာကြီးက စာရေးသူအား တိုက်အပေါ်ထပ်သို့ ခေါ်သွားပါသည်။

**တိုက်အပေါ်ထပ်တွင် တောင်ဘက် လှည့်ထားသော ဘုရားစင်ရှေ့ ပိတ်ဖြူကို အရှေ့ အနောက် ခင်းထားသည်။ ပိတ်ဖြူပေါ်တွင် ပိတ်နီကိုလည်း အရှေ့ အနောက် ခင်းထားသည်။ ယင်းအပေါ်တွင် ပိတ်ဝါကို တောင်မြောက် ခင်းထားသည်။**

မကြာမီ အမျိုးသားနှင့် အမျိုးသမီး အပေါ်ထပ်သို့ တက်လာသည်။ ထိုနှစ်ဦးမှာ ဘုရားကို ဦးချ၍ ပိတ်ဝါပေါ်တွင် ပက်လက်အနေအထား နေသည်။

အမျိုးသားကို အမျိုးသမီးတစ်ဦးက သူ့ကိုမကြိုက်ရကောင်းလားဟု ပညာဖြင့် လုပ်ထားသည်။ ချစ်သူ အမျိုးသမီးလေးကိုလည်း လုပ်ထားသည်။ အမျိုးသမီးလေးမှာ မဟာဝိဇ္ဇာ(ကျမ်းပြု)ဖြစ်သည်။

အမျိုးသမီးလေး စာမေးပွဲဖြေမရအောင် လက်ကပ်နေအောင် မျက်စိနာနေအောင် လုပ်ထားသည်။ အမျိုးသားမှာ သူ့ကို လုပ်ထားမှန်းမသိ။ အမျိုးသမီးလေး လက်ကပ်နေသည်ကို လာပြခြင်းဖြစ်သည်။ ဆရာကြီးဆီ ရောက်မှ ပယောဂ ဖြစ်နေမှန်း သိရသည်။ မနေ့က အင်းရေတိုက်ပြီး ဖြစ်သည်။

'ဒီပယောဂတွေက လူနာတွေနဲ့ ခဏခဏ ပါလာတော့ ဒါတွေကိုလဲ ကုပေးနေရတယ်'

## ဆရာကြီးလက်ပေါ်သို့

စာရေးသူမှာ ဆရာကြီးနှင့်အတူ အောက်ထပ်သို့ ဆင်းလာပြီး တိုက်ရှေ့တွင်ရပ်လျက် အဂ္ဂိရတ်ပညာအကြောင်း ဆရာကြီးက ရှင်းပြနေစဉ် တိုက်အရှေ့ဘက်မှ ရုတ်တရက် ပျံဝဲလာသည့် ငှက်ကြီးတစ်ကောင်သည် ဆရာကြီး၏ ညာလက်ပေါ်သို့ နားလိုက်သည်။

စာရေးသူမှာ လန့်သွားသည်။ စွန်ကြီးတစ်ကောင်ဟု သိရသည်။ လွန်ခဲ့သည့် တစ်နှစ်က အမရပူရမြို့ နန်းတော်ရာရပ် ရွှေကွန်ချာဘုရားတွင် တရားအားထုတ်ပြီး မေတ္တာပို့နေစဉ် ဘယ်အရပ်က ပျံလာမှန်း မသိသည့် စွန်ကြီးသည် ဆရာကြီး၏ ပခုံးထက်တွင် လာနားသည်။

တခြားသူများက ပစ်ခတ်မည်စိုးသဖြင့် စွန်ကြီးကို အိမ်သို့ ခေါ်လာခဲ့သည်။ တိုက်အရှေ့ဘက် အုန်းပင်အောက် တန်းလုပ်၍ တင်ထားသည်။ စွန်မှာ အလွန်ရိုင်းသည်။ လူနှင့် [illegible] ကပ်ကပ် မနေ။

ယခုလို လူနှင့် နီးနီးကပ်ကပ် နေပြီး



www.burmeseclassic.com

www.burmeseclassic.com

ကြိုးချည်မထားရဘဲ ယဉ်ပါးနေသည်မှာ ဘဝအဆက်ဆက်က ဆရာကြီးနှင့် ဆွေမျိုး တော်စပ်ခဲ့ဟန်တူသည်။

အသီးမှန်း အမှန်း ယခုထိ မသိ။ ဘယ်မှလည်းမသွား။ အိမ်နီးချင်း ကြက်ငယ်လေးများကို လုံးဝ မထိ၊ မသုတ်၊ အသားမစား။ ထမင်းနှင့် ငယာကြော်၊ ပေါင်မုန့်သာ စားသည်။

▲**'ဆေးတွေကို ဘယ်လို ရှာဖွေစုဆောင်းရပါသလဲ'**

○'ကိုယ်တိုင် ရှာဖွေစုဆောင်းပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းစီအောင်၊ အင်းတော်မြို့နယ်ရှိ တောတောင်တွေထဲကို ကိုယ်တိုင် သွားရောက်ပြီး တောကျွမ်းတဲ့ မုဆိုးတွေကိုခေါ် **ကြံ့အစာအိမ်ဥ၊ ကျားနို့ဥ၊ ဖားပြုတ်တိုင်နိုင်ဥ၊ တောင်ကြာဥ၊ တပင်ရွှေထီးဥ (ညောင်ရွက်ပုံ တစ်ရွက်တည်းနှင့် ဥတစ်ဥသာရှိသည်။)၊ မယားကန်ဇီမပင်၊ စတုခါးပင်(တစ်ပင်တည်းနှင့် အခါးလေးမျိုးရှိ)၊ ဆစ်ပုခါးယားပင်** စတာတွေကို ကိုယ်တိုင်တောနင်းရှာ၊ အိမ်မှာ ကိုယ်တိုင်ထောင်း၊ ဆေးဂိုဒေါင်ထဲ သိမ်းထားပါတယ်'

## ကျင့်ကြံအားထုတ်မှုများ

▲**'ဆေးကုသရာမှာ အထောက်အကူ ဖြစ်ဖို့အတွက် ဘယ်လို အားထုတ် ကျင့်ကြံခဲ့ပါသလဲ'**

○'ဟိုတုန်းကတော့ သုသာန်တွေကို သွားပြီး တစ်ယောက်တည်း တစ်ချိန်တည်းမှာ သုသာန်ဓူတင်၊ ကောသနိက်ဓူတင်၊ ရုက္ခမူဓူတင် ဆိုတဲ့ ဓူတင်သုံးမျိုးကို စွဲစွဲမြဲမြဲ ကျင့်ကြံခဲ့ဖူးတယ်။

ဒါမှလဲ လူရဲ့ အရိုးအကြောအဆစ်တွေ မြင်လာပြီး လူနာတွေ ကုသရာမှာ အလွန် အထောက်အကူ ပြုပါတယ်။

ရေဦးမြို့နယ်၊ မဟာမြိုင်တောကြီးထဲမှာ (၆)လ အဓိဋ္ဌာန်ဝင် တရားကျင့်ကြံအားထုတ်ခဲ့ပါတယ်။

အခုလဲ ဆေးခန်းကို မနက်(၈)နာရီမှ ညနေ(၂)နာရီထိဖွင့်ပြီး (၂)နာရီမှာ ဆေးခန်းပိတ်၊ (၂)နာရီကနေပြီး နောက်တစ်နေ့ မနက်(၆)နာရီထိ မန္တလေး-စစ်ကိုင်း ကားလမ်းမကြီး အနောက်ဘက်ရှိ ကပ်ကျော်ဘင်ကြို ရွှေဂူဘုရားနားက သိကြားဂူထဲမှာ (၁)လ အဓိဋ္ဌာန်ဝင်ပြီး ကျင့်ကြံအား ထုတ်နေပါတယ်'

## ကုသိုလ်ကောင်းမှုများ

▲**'ဆေးဖိုးဝါး၊ ဆေးကုသခ ဘယ်လို ယူပါသလဲ'**

○'ရောဂါ အနုအရင့်အလိုက်၊ ပေးတဲ့ဆေးရဲ့ တန်ဖိုး အနည်းအများလိုက် ယူပါတယ်'

▲**'ဆရာကြီးတို့ မိသားစုရဲ့ ဒါနကုသိုလ်တွေကို သိခွင့်ပေးစေချင်ပါတယ်'**

○'မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်က နှစ်စဉ် ကျင်းပတဲ့ အဘိဓမ္မာစာပြန်ပွဲ ကျောင်းပေါင်းစုံ (၂၈၈)ကျောင်းအတွက် ဆွမ်းကွမ်းကို နှစ်စဉ် တာဝန်ယူထားပါတယ်။ ရာသက်ပန် ငွေပဒေသာပင် စိုက်ထူထားပါတယ်'

▲**'ဆရာကြီးအနေနဲ့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် ဘာများ မှာချင်ပါသလဲ'**

○'လှည်းမြီးတို့၊ ဖိနပ်မြီးတို့ဆိုရင် သုံးမရတော့ဘူး မဟုတ်လား။ တိုင်းရင်းမြန်မာဆေးမှာ ဆေးမြီးတို့ အစား ဆေးနည်းတို့လို့ ခေါ်စေချင်ပါတယ်။ နောက်ပြီး မြန်မာ့ဆေးပညာကို သင်ယူလိုက်စားကြမယ် ဆိုရင်လဲ လုံ့လဝီရိယ ဖွဲနပဲနဲ့ သင်ယူကြဖို့ပါပဲ ဆရာ'

ဆရာကြီး ဦးစိုးအောင်သည် **သား ကိုကျော်ဆန်းမြင့်(ဒ.ဘ.န.ဝ)၊ သား ကိုကျော်မင်းဟန်တို့နှင့်အတူ** နံနက်(၈)နာရီမှ ညနေ(၂)နာရီထိ ပိတ်ရက်မရှိ ဆေးကုသနေပါသည်။

ဆရာကြီးဦးစိုးအောင်+ဒေါ်ခင်ရီ
နေကြယ်ဆေးတိုက်အမှတ်
အမှတ်(၄/၄၄)၊ ဗိုလ်ဇင်လမ်း
နန်းတော်ရာရပ်၊ အမရပူရမြို့။

**မြန်စာဂုဏ်ခင်မောင်ရင်**

စာရှုသူ...သုတေသီ...ပညာရှင်များခင်ဗျား...

ဤဆောင်းပါးမှာ (၂၇-၂-၁၉၉၇) ခုနှစ် နေ့စွဲဖြင့် ရောက်ရှိလာသော စာမူဖြစ်ပါသည်။ ဖော်ပြခွင့် မကြုံခဲ့ပါ။ ယခုမှ ဖော်ပြပေးလိုက်ပါသည်။

'ရှေးရှေး မြန်မာဆေးပညာရှင်ကြီးတို့၏ ပညာရပ်များနှင့် စွမ်းအားများ၊ အကျင့်စရဏများ၊ ပညာသင်ကြားခဲ့ရသည့် ဖွဲ့လုံ့လများကို အတုယူရန်အတွက် ဖြစ်ပါသည်။

ဆရာကြီး၏ အဆက်အနွယ်များမှ ပညာရပ်များ ဖော်ထုတ်ပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာပညာ

# တစ်ချက်ကောင်း ဟောကွက်

သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


'ဒီဘဝမှာ ကိုယ်ရောစိတ်ပါ မပင်မပန်းရဘဲ သက်သာအေးချမ်းစွာ အောင်မြင်တိုးတက် ချမ်းသာကြီးပွားနိုင်ပါသလား'

အထက်ပါမေးခွန်းကို မေးမြန်းသူမှာ အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ သူမ အသက်သုံးဆယ်ဝန်းကျင် လွန်ခဲ့သော အနှစ်(၁၅)နှစ်ခန့်က ကျွန်ုပ်ထံ တွေ့ဆုံမေးမြန်းခဲ့သူ ဖြစ်ပါသည်။ ထိုစဉ်က ပုံနှိပ်ယူထားသော သူမ၏ ဘယ်လက်ဖဝါးပုံကို ဖော်ပြပေးထားသည်။

လက်ဖဝါးစောင်း တနင်္လာဂြိုဟ်ခုံတွင် **ငါးရုပ်ပုံဖြစ်စေ၊ ညောင်ရွက်ပုံဖြစ်စေ မင်္ဂလာ**အခြံအရ သင်္ကေတ တစ်မျိုးမျိုးရှိသူတို့မှာ စီးပွားဥစ္စာ ချမ်းသာပြည့်စုံနိုင်ကြသည်။


ဤလက္ခဏာတွင် ညောင်ရွက်ပုံ မင်္ဂလာအခြံအရံ သင်္ကေတရှိနေသည်။ **"က"အက္ခရာနှင့်** ညွှန်ပြထားပါသည်။

* * *




ညောင်ရွက်ပုံ

ဘယ်လက်ဖဝါးပုံစံ




လက်ညှိုးနှင့် လက်ခလယ်ကြားမှနေ၍ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံဘက်သို့ ရောက်ရှိ ထွက်ပေါ်နေသော ညောင်ရွက်ပုံမင်္ဂလာအခြံအရံ သင်္ကေတရှိသူတို့မှာလည်း အလုပ်အကိုင် စီးပွားရေးများ အောင်မြင်တိုးတက်ချမ်းသာပြည့်စုံခြင်း၊ သူဌေး




www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့ ထူးဂုဏ်ထူးများ ရရှိခြင်း ဖြစ်စေနိုင်ပါသည်။

ဤလက္ခဏာတွင် ညှောင်ရွက်ပုံ မင်္ဂလာအခြံအရံ သင်္ကေတရှိပါသည်။ "ခ"အက္ခရာနှင့် ညွှန်ပြထားသည်။


* * *




လက်ခလယ်အောက် စနေဂြိုဟ်ခုံ အောက်ခြေမှ လက်ခလယ် လက်ချောင်းရင်းထိအောင် ထောင်တက်နေသည့် ကံလမ်းကြောင်း အရှည်ဖြစ်စေ၊ အတိုဖြစ်စေ ထင်ရှားပါရှိသူတို့မှာ ကိုယ်ရောစိတ်ပါ လုပ်ရှားပင်ပန်းခံ၍ ကြိုးစားလုပ်ကိုင်ရတတ်သည်။

ဤလက္ခဏာမှာ ထိုသို့သော ကံလမ်းကြောင်းမျိုး ရှိပါသည်။ "ဂ" အက္ခရာနှင့် ညွှန်ပြထားပါသည်။

* * *




ထို့ကြောင့် လက္ခဏာရှင်အမျိုးသမီးသည် ဒီဘဝမှာ ကိုယ်ရောစိတ်ပါ မပင်မပန်းရဘဲ သက်သာ အေးချမ်းစွာ အောင်မြင်တိုးတက် ချမ်းသာကြီးပွားနိုင်မည် မဟုတ်ပါ။

ကိုယ်ရောစိတ်ပါ လှုပ်ရှားပင်ပန်းခံ၊ ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ အောင်မြင်တိုးတက် ချမ်းသာကြီးပွားမည့်သူသာ ဖြစ်ကြောင်း ဟောပြောလိုက်ရပါသည်။

ယခုအခါ အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်း၊ လူသုံးကုန် ထုတ်လုပ်ဖြန့်ချိသောလုပ်ငန်း၊ ပြည်တွင်းပြည်ပ ကုန်သွယ်လုပ်ငန်းကြီးများကို ဦးဆောင်လုပ်ကိုင်နေသော စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်နေပါပြီ။

ကျွန်ုပ်နှင့် မကြာခဏ လာရောက်တွေ့ဆုံရင်း လွန်စွာ ရင်းနှီးခဲ့ပါသည်။

'အောင်မြင်တိုးတက် ချမ်းသာကြီးပွားဖို့အတွက် ပင်ပန်းခံရတာလား၊ ဒါမှမဟုတ် ပင်ပန်းခံ လုပ်ကိုင်ကြီးပွားတာလား'

ဟူ၍ သူမက ထူးထူးခြားခြား မေးတတ်ပါသေးသည်။

စာဖတ်သူများ မည်သို့ ယူဆပါသနည်း။ ကျွန်ုပ်ကိုယ်စား ဖြေကြားပေးစေချင်ပါသည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**(လက္ခဏာဗေဒင်ပညာသုတေသီ)**

## စာမျက်နှာ (၁၇၆)မှ အဆက်

လေးများ ရတတ်ပါသည်။

ယခု စာရေးသူလည်း ရွှေရှာဖွေရင်း ရရှိထားသည့် ရွှေဆတ်ကို အင်္ဂါရတ်နည်းဖြင့် အမျိုးမျိုး စမ်းသပ်ကြည့်ဖူးပါသည်။

အနီးစပ်ဆုံး ရွှေဖြစ်နိုင်မည့် ကိုယ်တိုင် စမ်းသပ်တွေ့ရှိချက် အလား အလာကောင်း တစ်ခုကို အင်္ဂါရတ် ဝါသနာရှင်များအတွက် ဖော်ပြပါဦးမည်။

ရွှေဆတ်(၁)ကျပ်သားကို အမှုန့်ထောင်းပါ။ ဘော်စင်(၁)ကျပ်သားကို ဖားဆုံးစာချပါ။ လက်ချားပီးပေါက်(၁)ကျပ်သားကို လုံတွင် ထည့်၍ ချော်ချက်ပါ။ ချော်လည်လျှင် ရွှေဆတ်(၁)ကျပ်သား အမှုန့်ကို ထည့်၍ အရည်လင်အောင် ထိုးပါ။ (၁၅)မိနစ်ခန့်ကြာလျှင် ဘော်ဖားဆုံးစာ(၁)ကျပ်သားကို ထည့်၍ (၄၅)မိနစ်ခန့် မီးလုံ့ထိုးပါ။

လုံကို အအေးခံပြီး ခွဲကြည့်လျှင် ရွှေဆတ် သတ္တုက အပေါ်၊ ဘော်သတ္တုက အောက် တစ်ထပ်စီ တွဲနေပါသည်။ ပထမ တစ်ပီးတွင်ပင် ဘော်ကို မှတ်တင်ပြီး ငရဲမီး စားကြည့်ရာ အဝါရောင်သန်းပြီး ခံနိုင်ရည် ရှိနေပါပြီ။

ထို့နောက် ရွှေဆတ်ကို အရည်လင်အောင်ပြန်ကျိုပြီး ဘော်ကို ချေနေမီးရအောင် အကြိမ်ကြိမ် အထပ်ထပ် ထိုးပေးပါက ရွှေဆတ်၏ ဂုဏ်သတ္တိဖြစ်သည့် ရွှေဝါရောင်နှင့် ဓာတ်ဂုဏ်သတ္တိ ဖြစ်သည့် ငရဲမီးအစားခံသည့် နာမ်ဓာတ်တို့သည် ဘော်သားအတွင်း လုံးလုံးလျားလျား စိမ့်ဝင်ကူးပြောင်းသွားပါတော့သည်။

ထိုအခါ ဘော်သည် ရွှေဝါရောင်အဖြစ် ပြောင်းလဲလာပြီးမှတ်တင်ငရဲမီး အစားခံနိုင်သည့် အဆင့်သို့ ရောက်လာပါတော့သည်။

ထို့အပြင် သိပ်သည်းကျစ်လျစ်လာပြီး အလေးချိန်လည်း မူလထက် လျော့နည်းသွားခြင်း မရှိပါ။

ဓာတ်သား အနည်းငယ် မာနေလျှင်တော့ ဓာတ်ပျော့ဆေးကို ထည့်ထိုးပေးပါ။ စိတ်ရှည်ဖို့တော့ လိုပါသည်။ ပြီးလျှင် ဆရာဆရာကြီးများ ဉာဏ်ရှိသလို အသုံးပြု၍ရပါပြီခင်ဗျား။

ယခု စာရေးသူ ရေးသားတင်ပြခဲ့သည့် နည်းစဉ်ကတော့ ကိုယ်တိုင် စမ်းသပ်တွေ့ရှိချက်သာဖြစ်၍ နည်းလမ်းတကျ ဖြစ်ချင်မှ ဖြစ်ပေမည်။

အင်္ဂါရတ်အကြောင်း၊ ဓာတ်အကြောင်း နားလည်သဘောပေါက်၍ ရေးသားတင်ပြခြင်း မဟုတ်ကြောင်း ရိုးသားစွာ ဝန်ခံပါသည်။

**ရွှေဆတ်ကို အခြားသော နည်းလမ်းမျိုးစုံဖြင့် ရွှေဖြစ်အောင် လုပ်နိုင်သည့် နည်းပညာများကို သိရှိထားကြသည့် အင်္ဂါရတ်ပညာရှင်ကြီးများအနေဖြင့်** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ပညာဒါနပြုပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

***အားလုံး မင်္ဂလာရှိပါစေ။***

**အေးမြင့်စိုင်း(ဝန်းသို)**



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်ပညာရှင်များအတွက်

# ရွှေဆတ်

အေးမြင့်ခိုင်
(ဝန်းသို)

စာရေးသူတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူ ပူအမျှ ချစ်ကြည်ရင်းနှီးစွာ မှီတင်း နေထိုင်ကြသည်။

ထို့အပြင် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ ဆန်ရေစပါး ကောက်ပဲသီးနှံမျိုးစုံ၊ သားငါးသစ်သီး ဝလံမျိုးစုံ၊ သစ်ဥသစ်ဖုသစ်မြစ် ဆေးဝါး မျိုးစုံ၊ သစ်ဝါးမျိုးစုံ၊ ကျောက်မျက် ရတနာမျိုးစုံ ရေနံဓာတ်ငွေ့နှင့် ဓာတ် သတ္တုမျိုးစုံ အစရှိသည့် အဖိုးတန် သယံဇာတအမျိုးမျိုး ထွက်ရှိသည့် နိုင်ငံ ဖြစ်ပါသည်။

အဲဒီလို များပြားလှစွာသော သယံ ဇာတတွေထဲက ရှားပါးပြီး အဖိုးတန် သည့် **"ရွှေဆတ်"** အကြောင်း တစေ့ တစောင်းကို စာရေးသူကိုယ်တိုင် တွေ့ရှိလေ့လာ မှတ်သားမိသရွေ့ စာဖတ်သူများ ဗဟုသုတ တိုးပွားပြီး အကျိုးများစေရန် ရေးသားတင်ပြ လိုက်ပါသည်။

**ရွှေဆတ်ဆိုတာ ရွှေသမင်၊ ရွှေယုန်နှင့် ရွှေကျားတို့လို တိရစ္ဆာန်မျိုးမဟုတ်ပါ။**

**ကမ္ဘာ့မြေအောက် အလယ်ဗဟိုမှ ကျောက်ရည်များ ချော်ရည်များနှင့် အတူ ကမ္ဘာ့မြေပေါ်သို့ တိုးထွက်လာသည့် မီးတောင်ဟောင်းများ တည်ရှိရာ သက်ရင့် မီးသင့်ကျောက် အမျိုးအစားတွင် တွေ့ ရှိနိုင်သော ရွှေဓါတ်ရောင် သတ္တုတစ်မျိုး ဖြစ်ပါသည်။**

ရွှေထွက်ရာ ဒေသတိုင်းတွင် ရွှေဆတ်ကို မတွေ့ရှိနိုင်သော်လည်း ရွှေဆတ်တွေ့ရှိရာ နေရာအနီးတစ်ဝိုက် တွင်မူ စီးပွားဖြစ် ရွှေအမြောက်အမြား ထွက်ရှိကြောင်း စာရေးသူကိုယ်တိုင် ရွှေ ရှာဖွေတူးဖော်ရင်း လေ့လာတွေ့ရှိ မှတ်သားမိခဲ့ပါသည်။

ရွှေဆတ်သည် ရွှေကဲ့သို့ **အဝါ ရောင်ရှိပြီး ငရဲမီး အစားခံနိုင်သော် လည်း မပျော့မပျောင်းဘဲ မာဆတ် ဆတ်ရှိနေပါသည်။** တူနှင့် ထုကြည့် လျှင် ဆတ်ဆတ်ကြေသွားပါသည်။



ရွှေဆတ်ကို အမှုန့်ထောင်း၍ သင့် တော်မည့်လုံတွင် လက်ချားမီးပေါက် ဖြင့် အရည်ကျိုပါက (၁၅)မိနစ်ခန့်နှင့် အရည်ပျော်နိုင်ပြီး ရွှေပိတုန်းရောင် သတ္တု ကျလာပါသည်။

ယင်းသတ္တုကို မှတ်ကျောက်တင်ပြီး ဝါဂွမ်းဖြင့် ပွတ်ပါက ဝါဂွမ်းတွင် မည်း ပေသွားပြီး မှတ်ကျောက်တွင် ရွှေရောင် တင်ကျန်ခဲ့ပါသည်။

မှတ်ကျောက်ကို နိုက်ထရစ်အစ်စစ် ရွှေစား ငရဲမီးဖြင့်စားပါက ရွှေရောင် ပျောက်မသွားပါ။ သို့သော် ထိုသတ္တု ရွှေပိတုန်းရောင်အခဲကို တူဖြင့် ထုလျှင် ဆတ်ကြေသွားပြန်ပါသည်။

အနှီကဲ့သို့သော ဂုဏ်သတ္တိနှင့် ပြည့်စုံသည့် ရွှေဆတ်ကို အင်္ဂလိပ် ဆရာကြီးများ သဲကြီးမဲကြီး လိုက်လံ ရှာဖွေနေကြကြောင်း ကြားသိရပါ သည်။

ရွှေဆတ်ရခဲ့လျှင် ရွှေမှုချဖြစ်တော့ မည်ကို အင်္ဂလိပ်ဆရာကြီးများက လုပ်ရတ်ကို သိရှိထား၍ ဖြစ်ပေလိမ့် မည်။

စာရေးသူတို့ ငယ်စဉ်က အင်္ဂလိပ် ဆရာကြီးတစ်ဦး (တကယ်ရွှေဖြစ်သူ) သည် ဒေါင်းမြူးချောင်းတံတား အထက် ရေအိုက်အနက်ထဲမှ ကျောက် စရစ်ခဲများကို ရေချိုးနေသည့် ကလေး များအား ငွေတစ်မတ်၊ ငါးမူးပေး၍ ငုပ်ယူခိုင်းဖူးပါသည်။

ရေငုပ်သန်သည့် ကလေးများက အိုက်ထဲမှ ကျောက်စရစ်ခဲများကို ခါးပိုက်ထဲထည့်လာပြီး ကုန်းပေါ်မှာ သွန်ချပေးရပါသည်။

အင်္ဂလိပ်ဆရာကြီးက ကျောက်စရစ် ခဲများထဲမှ လုပ်ရတ်ဝင် သတ္တုလုံးလေး များကို ရွေးယူပါသည်။ သတ္တုခဲများ များရလျှင် ရေငုပ်သည့် ကလေးကို ငွေတစ်ကျပ်ထိ ပေးသွားတတ်ပါသည်။

ဆရာကြီး၏ အမည်မှာ **နမလင်ရွာ မှ ဦးစိန်ဖြစ်၍ "နမလင်စိန်"** ဟု အများက ခေါ်ကြပါသည်။ ယခု ကွယ်လွန်သွားပြီ ဖြစ်ပါသည်။

စာရေးသူတို့ အသက်အရွယ်ကြီး လာပြီး အတွေ့အကြုံ အတော်အတန် ရလာမှ အဆိုပါ အင်္ဂလိပ်ဆရာကြီး ရေထဲမှ ငုပ်ယူခိုင်းသည့် သတ္တုခဲ ကလေးများမှာ ရွှေဆတ်ဆိုတာ သိ လာပါတော့သည်။

**ဒေါင်းမြူးချောင်း ရေကြည်ကြီး ရွှေကျင်ခြင်း လျှင် ရွှေနှင့်အတူ ရွှေဆတ်အလုံးအခဲ**

စာမျက်နှာ (၁၇၅) သို့

www.burmeseclassic.com

ရင်နှစ်သည်းချာ

# ရင်သွေးရတနာတို့အတွက် ၁၃၇၉ ခုနှစ် တစ်နှစ်စာ



အောင်နန္ဒ
(ကျိုက်လတ်)

၁၃၇၉ ခုနှစ်သို့ ရောက်ရှိ၍ လာခဲ့ပါပြီ။ **၁၃၇၉ ခုနှစ်၏ မူလမဟာဘုတ်မှာ (၀)ကြွင်းမဟာဘုတ်** ဖြစ်ပါသည်။

* * *

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

၆
၅ ၄
၃ ၂
၁ ၀

၆
၂
၅
၁
၄
၀
၃

ထို့ကြောင့် ဤနှစ်တွင် မွေးဖွားလာသော...

❖**တနင်္ဂနွေ သားသမီးလေးများသည်** ပုတီဖွားလေးများဖြစ်ပြီး ဆန်းအလို ဒွယဖွား၊ လက်ဝဲဖွားများ ဖြစ်ပါသည်။

❖**တနင်္လာ သားသမီးလေးများသည်** သိုက်ဖွားလေးများဖြစ်ပြီး ဆန်းအလို ဝရဖွား၊ လက်ယာဖွားများ ဖြစ်ပါသည်။

❖**အင်္ဂါ သားသမီးလေးများသည်** မရဏဖွားလေးများဖြစ်ပြီး ဆန်းအလို ကိစ္စဖွား၊ လက်ဝဲဖွားများ ဖြစ်ပါသည်။

❖**ဗုဒ္ဓဟူး သားသမီးလေးများသည်** အဓိပတိဖွားလေးများဖြစ်ပြီး ဆန်းအလို ဗျယဖွား၊ လက်ယာဖွားများ ဖြစ်ပါသည်။

❖**ကြာသပတေး သားသမီးလေးများသည်** ရာဇဖွားလေးများဖြစ်ပြီး ဆန်းအလို လာဘဖွား၊ လက်ဝဲဖွားများ ဖြစ်ပါသည်။

❖**သောကြာ သားသမီးလေးများသည်** အထွန်းဖွားလေးများဖြစ်ပြီး ဆန်းအလို ဇေယျဖွား၊ တိုင်ထိပ်ဖွားများ ဖြစ်ပါသည်။

❖**စနေ သားသမီးလေးများသည်** ဘင်္ဂဖွားလေးများဖြစ်ပြီး ဆန်းအလို မရဏဖွား၊ လက်ယာဖွားများ ဖြစ်ပါသည်။

**နတ်၊ လူ၊ ဘီလူး** ဟူ၍ နက္ခတ်(၃)မျိုးရှိရာတွင် ယခု ၁၃၇၉ ခုနှစ် မွေးဖွားလာသော (၇)ရက်သားသမီး ရင်သွေးငယ်များ အားလုံးတို့သည် "**လူ**" **နက္ခတ်ဖွားလေးများ** ဖြစ်ကြပါသည်။



ကျွန်ုပ်သည် ၁၃၇၉ ခုနှစ်တွင် မွေးဖွားလာကြမည့် (၇)ရက်သားသမီး ရင်သွေးငယ်လေးများအား ၁၃၇၉ ခုနှစ် တစ်နှစ်စာအတွက် ဆောင်ရန်၊ ရှောင်ရန် ယတြာနှင့် သိသင့်သိထိုက်သော အချက်အလက်အချို့ကို ရင်သွေးငယ် မိဘနှစ်ပါးနှင့် စာဖတ်ပရိသတ်တို့ အကျိုးများစေရန် စေတနာ ရှေ့ထား၍ ရေးသားပေးလိုက်ရပါသည်။

ဆောင်းပါးပါ အကြောင်းအရာတို့တွင် ဆောင်ရန်၊ ရှောင်ရန်နှင့် ပတ်သက်၍ သိရှိထားရန်မှာ **ဥပမာ ။ ။ ဆောင်ရန်အတွက် အင်္ဂါ ပါဝင်သည် ဆိုပါစို့။**

ရင်သွေးငယ်လေးအား အင်္ဂါသားသမီး၊အင်္ဂါနာမည်ရှင်များနှင့် မျက်နှာလွှဲထားနိုင်ခြင်း၊ ထိန်းခိုင်းခြင်း၊ အင်္ဂါနံနှင့်စသော ဆရာဝန်၊ သမားတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

များနှင့် ဆေးဝါးကုသမှု ခံယူခြင်း...

အင်္ဂါနံနှင့်စွသော မြို့ရွာဒေသများသို့ ခေါ်သွားနိုင်ခြင်း၊ ကံပွင့်အရောင်နှင့် ပတ်သက်၍ ကလေး၏ အဝတ်အစား၊ အသုံးအဆောင်တို့အား ယင်းအရောင်တို့ကို အသုံးပြုစေခြင်း အစရှိသည်ဖြင့် ဉာဏ်ယှဉ်၍ သုံးရမည် ဖြစ်ပါသည်။

## တနင်္ဂနွေသားသမီး

## ရှင်သွေးငယ်များ

**ဆောင်ရန်** ။ ။ အင်္ဂါ၊ သောကြာ၊ စနေ။

**ရှောင်ရန်** ။ ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး။

ကြာသပတေး–တနင်္ဂနွေ အပြန်အလှန်အတွဲများ**(ဥပမာ – အေးမီဖြိုး၊ ဖြူဖြူအောင်၊ အိမ်မဲ၊ အဖျောက်...)**

**ကံပွင့်အရောင်** ။ ။ ရောင်စုံ ရေယှက်ရောနှောဖြူ၊ နီညို၊ အဝါနု၊ အနက်၊ နက်ပြာ။

**ညံ့တတ်သောလများ** ။ ။ မွေးလ မှ စ၍ (၁) လမြောက်၊ (၂)လမြောက်၊ (၄)လမြောက်၊ (၅)လမြောက်၊ (၈)လမြောက်။

**ကျန်းမာရေး** ။ ။ အစာ မကြေ၊ လေပွ၊ ဝမ်းပျက်၊ လေဆန်နာ၊ ဗိုက်အောင့်၊ အအေးပတ်၊ ဦးခေါင်း မူး,မူးနေ၍ အီ,အီနေတတ်သည်။ ဝက်သက်ကာကွယ်ဆေး ထိုးဖြစ်အောင်ထိုးပါ။

**ယတြာ** ။ ။ ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **"သုဂတော သိဒ္ဓိ"**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။ လူ (၄)ဦး၊



(၅)ဦး၊(၁၀)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ်ကို ခေါ်မသွားရ၊ မပါဝင်စေရပါ။ အရှေ့မြောက်၊ အနောက်၊ တောင် အရပ်ထောင့်များ ထောင့် မတည့်ပါ။

အသက်ဝင်ပီပြင်သော ဝက်,ဝက်ဝံ၊ ယုန်,လင်းပိုင်၊ ရှဉ့်၊ မျောက်၊ ဖျံ၊ မြင်း၊ ဘဲ၊ ဖား၊ မိကျောင်း၊ ခွေး၊ ကြောင်၊ ကျား၊ ခြင်္သေ့၊ ကျားသစ်၊ ငါးအရုပ်များ၊ အိုးပုတ်၊

အိမ်၊ အိုးစည်၊ ကျောက်ကျက်၊ ကား၊ လေယာဉ်ပျံ၊ ရထား၊ ဘိုမ၊ ဖိုးဝ၊ ပစ်တိုင်းထောင် ကစားစရာများ ဝယ်မပေးရ၊ မကစားစေသင့်ပါ။

ရေတွင်း,ရေမြောင်း, အိုးကွဲ,အင်တုံကွဲ၊ ကိုက်တတ်,ကုတ်ဖဲ့တတ်သော ခွေး, ကြောင်,ကြွက်,မျောက်တို့၏ အနီးအနား၊ မြေမသန့်သောနေရာ၊ အိမ်အိုး အိမ်ဟောင်း အိမ်ဖျက်နေသော နေရာ၊ မျက်လုံးမကောင်းသူ၊ ဝမ်းပျက်နေသူ၊ လေငန်းဝေဒနာရှင်, ဦးခေါင်း မကောင်းသူတို့၏အနီးအနား၊ အိမ်ကိစ္စ, မြေကိစ္စ, အမွေကိစ္စ, ရွှေကိစ္စ ပြဿနာ ဖြစ်ပွားနေသောနေရာ အနီးအနား ကလေးကို မရှိစေရ၊ ခေါ်မသွားရပါ။

ရေလမ်းခရီး ဂရုစိုက်ပါ။ ကြီးကျယ်ခမ်းနားသော အလှူ,မင်္ဂလာပွဲများသို့ ကလေးကို ခေါ်မသွားသင့်ပါ။ **အင်း, အဆောင်,လက်ဖွဲ့များ မဆောင်စေရပါ။** ရွှေထည်,ငွေထည်,ပလက်တီနမ်,ကျောက်နီတို့ မဆင်ရပါ။

## တနင်္လာသားသမီး

## ရှင်သွေးငယ်များ

**ဆောင်ရန်** ။ ။ စနေ (ဒုတိယကောင်း)၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး။

**ရှောင်ရန်** ။ ။ တနင်္ဂနွေ၊ ကြာသပတေး။

ဗုဒ္ဓဟူး–တနင်္ဂနွေ အပြန်အလှန်အတွဲများ **(ဥပမာ–ယဉ်မော်ဦး၊ အေးယုဝေ၊ အောင်လံ၊ အင်းဝ...)**

**ကံပွင့်အရောင်** ။ ။ အနက်၊ နက်ပြာ၊ အဖြူပြောင်၊ အဝါနု၊ နီညို။

**ညံ့တတ်သောလများ** ။ ။ မွေးလ မှ စ၍ (၄) လမြောက်၊ (၇)လမြောက်၊ (၁၁)လမြောက်။

**ကျန်းမာရေး** ။ ။ အဆုတ် အအေးပတ်၊ ဗိုက်နာ၊ မှက်ခရု၊ မက်ကလောင်၊ လေအောင့်၊ ဦးခေါင်း မူး,မူးနေ၍ အီ,အီနေတတ်သည်။

**ယတြာ** ။ ။ ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကိုကိုင်၍ လည်းကောင်း **"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။ လူ (၅)ဦး၊ (၁၀)ဦးသွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ၊ ခေါ်မသွားရပါ၊ အရှေ့မြောက်၊ အနောက် ထောင့်အရပ်များ ထောင့်



www.burmeseclassic.com

www.burmeseclassic.com

မတည့်ပါ။

အသက်ဝင် ပီပြင်သော မျောက်၊ ဖျံ၊ မြင်း၊ ဘဲ၊ ဖား၊ မိကျောင်းအရုပ်များ၊ အိုးပုတ်၊ အိမ်၊ အိုးစည်၊ ဘိုမ၊ ဖိုးဝ၊ ပစ်တိုင်းထောင် ကစားစရာများ ဝယ်မပေးရ၊ မကစားစေသင့်ပါ။

အိမ်ပြင်၊ အိမ်ဆောက်သောနေရာ၊ မြေမသန့်သောနေရာ၊ မီးလုံး၊ မီးချောင်း၊ ဖန်ထည်၊ မှန်၊ ပန်းကန် အကွဲအပျက်တို့၏ အနီးအနား ကလေးကို မရှိစေရပါ။

ဦးခေါင်းမကောင်းသူ၊ အဆုတ်မကောင်းသူ၊ မျက်စိမကောင်းသူ၊ အိမ်ကိစ္စ၊ မြေကိစ္စ၊ အမွေကိစ္စ ပြဿနာဖြစ်ပွားနေသော နေရာ၊ အရက်သမားတို့၏ အနီးအနား ကလေးကို မရှိစေ၊ ခေါ်မသွားရပါ။

ကလေးကို ရွှေထည်၊ ပလက်တီနမ်ထည်၊ ကျောက်နီ မဆင်ရပါ။ **အင်း၊ အဆောင်၊ လက်ဖွဲ့များ မဆင်ယင်ရပါ။**

---

အင်္ဂါသားသမီး ရင်သွေးငယ်များ

---

**ဆောင်ရန်** ။ ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေ။

**ရှောင်ရန်** ။ ။ တနင်္လာ၊ အင်္ဂါ၊ သောကြာ။

သောကြာ–တနင်္လာ အပြန်အလှန် အတွဲများ**(ဥပမာ–သဒ္ဒါခိုင်၊ ချောကေသွယ်၊ ကေ့သောင်၊ သုံးခွဲ...)**

**ကံပွင့်အရောင်** ။ ။ အနီ၊ ရွှေအို၊ အစိမ်း၊ အဝါရင့်၊ အနက်၊ နက်ပြာရောင်။

**ညံ့တတ်သောလများ** ။ ။ မွေးလ မှစ၍ (၁)လမြောက်၊ (၅)လမြောက်၊ (၇)လမြောက်၊ (၈)လမြောက်။



**ကျန်းမာရေး** ။ ။ ချောင်းဆိုး ချွဲကျပ်၊ ကျောပူ ခေါင်းပူ၊ ဆီးမကောင်း၊ မျက်စိနာ၊ သွေးထွက်သံယို၊ သွေးနှင့်ဆိုင်သော ရောဂါတို့ ဖြစ်တတ်ပါသည်။

ခြင်အန္တရာယ် အထူးဂရုစိုက်ပါ။ မိခင် အစား မများစေရန် ဂရုပြုပါ။ ကျိုက်သိုးကာကွယ်ဆေး ထိုးဖြစ်အောင် ထိုးပါ။

**ယတြာ** ။ ။ ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ဦးခေါင်းကို ကိုင်၍ လည်းကောင်း **"ဗုဒ္ဓေါ သိဒ္ဓိ"**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။ လူ (၃)ဦး၊ (၆)ဦး၊ (၉)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရပါ၊ ခေါ်မသွားရပါ။ အရှေ့မြောက်၊ အရှေ့တောင် အရပ်၊ ထောင့်များ ထောင့်မတည့်ပါ။

အသက်ဝင်ပီပြင်သော ခွေး၊ ကြောင်၊ ကျား၊ ကြက်၊ ခြသေ့်၊ ငါး၊ ကျားသစ်၊ သမင်၊ သစ်ကုလားကုတ်၊ ဆိတ်၊ ဆင်၊ ဖီးကွက်၊ စင်ရော်အရုပ်များ...

ဂျောက်ဂျက်၊ ကား၊ စက်ရုပ်၊ အနုပညာ အသံထွက်ပစ္စည်းများ ဝယ်မပေးရ၊ မကစားစေသင့်ပါ။

ကိုက်တတ်၊ ကုတ်တတ်သော ခွေး၊ ကြောင်၊ ကြက်၊ သွပ်ပြား၊ သံထည်၊ စက်ဘီး၊ ဆိုင်ကယ် စက်ပစ္စည်းကိရိယာတို့၏ အနီးအနား၊ မျက်စိမကောင်းသူ၊ အဆုတ်ရောဂါသည်၊ ခရုသင်းစွဲနေသူ...

ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူ၊ ခါးနာနေသူ၊ ချောင်းဆိုးနေသူ၊ စိတ်ဝေဒနာရှင်၊ သိုက်ရှိသည်ဟု ထင်ရသောနေရာ၊ ဘုရား...

ဆေးရုံ၊ ဆေးခန်း၊ ခြံကိစ္စ၊ စက်ကိစ္စ၊ ငွေကြေးကိစ္စ ပြဿနာ ဖြစ်ပွားနေသော နေရာအနီးအနား ကလေးကို မရှိစေရ၊ ခေါ်မသွားရပါ။

ရေလမ်းခရီး ဂရုစိုက်ပါ။ ကားစီးလျှင် လူကြီးတစ်ဦးမှ ဘုရားဂုဏ်တော် တစ်ပါးပါးကို ရွတ်ဖတ်ပေးနေပါ။ ကလေးကို အလှူ၊ မင်္ဂလာပွဲများသို့ ခေါ်မသွားသင့်ပါ။ ငွေထည် လုံးဝ မဆင်ရပါ။

---

ဗုဒ္ဓဟူးသားသမီး ရင်သွေးငယ်များ

---

**ဆောင်ရန်** ။ ။ အင်္ဂါ၊ ကြာသပတေး၊ သောကြာ။

**ရှောင်ရန်** ။ ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ။

သောကြာ–တနင်္လာ အပြန်အလှန် အတွဲများ **(ဥပမာ–ချောမြတ်သွယ်၊ သန္တာခိုင်၊ သဃန်းကျွန်း၊ သုံးခွ...)**

**ကံပွင့်အရောင်** ။ ။ နီညို၊ အဝါ၊ ရောင်စုံရောယှက်၊ ရောနှောဖြူ။

**ညံ့တတ်သောလများ** ။ ။ မွေးလ မှစ၍ (၁)လမြောက်၊ (၄)လမြောက်၊ (၅)လမြောက်၊ (၈)လမြောက်။

**ကျန်းမာရေး** ။ ။ လေထိုး၊ လေဆန်နာ၊ ဝမ်းပျက်၊ အပူနာ၊ ဖျားနာ၊ ဦးခေါင်းပိုင်း၊ ကျန်းမာရေး ညံ့တတ်သည်။ အပူကြီးလျှင် တက်တတ်၍ သတိပြုပါ။ ဝက်ခြံက် ကာကွယ်ဆေး ထိုးဖြစ်အောင်ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ယတြာ** ။ ။ ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **"ဗုဒ္ဓေါ"**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။ လူ (၄)ဦး၊ (၇)ဦး၊ (၈)ဦး (၁၀)ဦးသွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ၊ ခေါ်မသွားရပါ။ အရှေ့မြောက်၊ အနောက်တောင်၊ တောင် အရပ်,ထောင့်များ ထောင့်မတည့်ပါ။

အသက်ဝင်ပီပြင်သော ဝက်,ဝက်ဝံ, လူဝံ, ယုန်, လင်းပိုင်, ရှဉ့်, နွား, ဒိုင်နိုဆော, မြွေ အရုပ်များ၊ တင့်ကား, အိုးပုတ်, အိုးစည်, အိမ်, လေယာဉ်ပျံ, ရထား ကစားစရာများ ဝယ်မပေးရ၊ မကစားစေသင့်ပါ။

တုတ်,ဓား,ထင်းပုံ, မီးအပူ,လျှပ်စစ် ပစ္စည်း, နတ်စင်,နတ်ကွန်း, ရေတွင်း, ရေမြောင်း, အိုးကွဲ,အင်တုံကွဲတို့၏ အနီးအနား။ ဖျားနာနေသူ၊ နားလေးသူ၊ နာစေးနေသူ၊ ဝမ်းပျက်နေသူ၊ ဦးခေါင်းမကောင်းသူ၊ အရက်သမား၊ နာတာရှည်ဝေဒနာရှင်တို့၏ အနီးအနား၊ တိုက်ခိုက်ရန်ဖြစ်နေသော နေရာ...

အိမ်ကိစ္စ, ရွှေကိစ္စ, လယ်ကိစ္စ ပြဿနာ ဖြစ်ပွားနေသောနေရာ အနီးအနားတို့တွင် ကလေးကို မရှိစေရ၊ ခေါ်မသွားရပါ။ လူမျိုးကွဲများနှင့် ပူးတွဲသွားလာခြင်းများ မကောင်းပါ။ ငွေထည်,ရွှေထည် မဆင်ရပါ။ အင်း, အဆောင်,လက်ဖွဲ့များ မဆောင်စေရပါ။

ကြာသပတေးသားသမီး

ရင်သွေးငယ်များ

**ဆောင်ရန်** ။ ။ အင်္ဂါ၊ သောကြာ၊ စနေ။



**ရှောင်ရန်** ။ ။ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး

ကြာသပတေး-တနင်္လာ အပြန်အလှန်အတွဲများ **(ဥပမာ–ဖြူဖြူချို၊ ခင်ချမ်းမြေ့၊ ကျောက်ဖြူ၊ ပုဝံ...)**

**ကံပွင့်အရောင်**။ ။ရေနွေးဖြူ ရောင်စုံ ရေယုက်၊ အနက်၊ နက်ပြာ၊ နီညို၊ အဝါနု။

**ညှို့တတ်သောလများ** ။ ။ မွေးလ မှစ၍ (၁)လမြောက်၊ (၄)လမြောက်၊ (၇)လမြောက်၊ (၈)လမြောက်။

**ကျန်းမာရေး** ။ ။ လေဆန်နာ၊ ဝမ်းပျက်၊ မှက်ခရု၊ မက်ကလောင်၊ ကျောပူခေါင်းပူ၊ ဦးခေါင်းပိုင်း ကျန်းမာရေးညှို့၊ ဗိုက်နာ တတ်ပါသည်။

**ယတြာ** ။ ။ ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **"အရဟံဗိနော"**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။ လူ (၄)ဦး၊ (၅)ဦး၊ (၈)ဦး၊ (၁၀)ဦးသွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ၊ ခေါ်မသွားရပါ။ အရှေ့မြောက်၊ အနောက်မြောက်၊ တောင်၊ အနောက် ထောင့်,အရပ်များ ထောင့်မတည့်ပါ။

အသက်ဝင်ပီပြင်သော ဝက်,ဝက်ဝံ, လူဝံ, ယုန်, ရှဉ့်, လင်းပိုင်, ဖွံ့,မျောက်, မြင်း, ဘဲ, ဖား, မိကျောင်း, ခွေး, ကြောင်, ကျား, ကြက်, ခြင်္သေ့, ကျားသစ်, ငါး အရုပ်များ...

အိုးပုတ်, အိမ်, အိုးစည်, ဂျောက်ဂျက်, ကား, ဘိုမ, ဖိုးဝ, ပစ်တိုင်းထောင်, လေယာဉ်ပျံ, ရထား ကစားစရာများ ဝယ်မပေးရ၊ မကစားစေသင့်ပါ။

ရေတွင်း,ရေကန်, မီးလုံး,မီးချောင်း, ဖန်,မှန်,ပန်းကန် အကွဲအပျက်၊ အိုးကွဲ အင်တုံကွဲ၊ ကိုက်တတ်,ကုတ်တတ်သော ခွေး,ကြောင်,ကြက်,မျောက်တို့၏အနီးအနား။ ခါးနာနေသူ၊ ခြေထောက်မကောင်းသူ၊ မျက်စိမကောင်းသူ၊ ဝမ်းပျက်နေသူ...

ယောင်ယမ်းတတ်သူ၊ ဦးခေါင်းမကောင်းသူ၊ နာတာရှည်ဝေဒနာရှင်တို့၏အနီးအနား၊ မြေကိစ္စ, အမွေကိစ္စ, အိမ်ကိစ္စ, ရွှေကိစ္စ, လယ်မြေကိစ္စ ပြဿနာ ဖြစ်ပွားနေသော နေရာအနီးအနားတို့တွင် ကလေးကို မရှိစေရ၊ ခေါ်မသွားရပါ။

ငွေထည်, ပလက်တီနမ်ထည်, ရွှေထည်, အင်း,အဆောင်,လက်ဖွဲ့များ မဆင်ယင်ရပါ။ **ပုခက်ကြိုးကို မကြာခဏ စစ်ဆေးပေးပါ။ ပန်ကာလေ ရှောင်ပါ။**

သောကြာသားသမီး

ရင်သွေးငယ်များ

**ဆောင်ရန်** ။ ။ တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး။

**ရှောင်ရန်** ။ ။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ ဗုဒ္ဓဟူး-စနေ အပြန်အလှန်အတွဲ



www.burmeseclassic.com

www.burmeseclassic.com

များ(ဥပမာ–ယုယနှင်း၊ ထက်နှင်းဝေ၊ ခလ၊ ရွှေတောင်...)

**ကံပွင့်အရောင်** ။ ။ အနီ၊ အဖြူပြောင်၊ အဝါရင့်။

**ညံ့တတ်သောလများ** ။ ။ မွေးလ မှ စ၍ (၂)လ၊ (၃)လမြောက်၊ (၆)လမြောက်၊ (၇)လမြောက်။

**ကျန်းမာရေး** ။ ။ လေထိုး၊ လေနာ၊ ဆီး မကောင်း၊ မျက်စိနာ၊ အပူနာ၊ ဖျားနာ၊ သွေးနှင့်ဆိုင်သော ရောဂါတို့ ဖြစ်တတ်သည်။ ထိခိုက်ဒဏ်ရာလေးများ ရတတ်သည်။ ခြင်အန္တရာယ် ဂရုစိုက်ပါ။

**ယတြာ** ။ ။ ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ဦးခေါင်းကို ကိုင်၍ လည်းကောင်း "**ဗုဒ္ဓေါဖိနော**"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။ လူ (၃)ဦး၊ (၆)ဦး၊ (၇)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ၊ ခေါ်မသွားရပါ။ အရှေ့တောင်၊ အနောက်တောင်၊ တောင်၊ မြောက် အရပ်,ထောင့်များ ထောင့်မတည့်ပါ။ နာရေးခရီးတွင် ကလေးကို ခေါ်မသွားရပါ။

အသက်ဝင် ပီပြင်သော ဆိတ်၊ ဆင်၊ ဇီးကွက်၊ စင်ရော်၊ နွား၊ ဒိုင်နိုဆော၊ မြွေ၊ သမင်၊ သစ်ကုလားအုတ်၊ ဝက်၊ ဝက်ဝံ၊ လူဝံ၊ ယုန်၊ ရှဉ့်၊ လင်းပိုင်အရုပ်များ...

စက်ရုပ်၊ လေယာဉ်ပျံ၊ ရထား၊ တင့်ကား၊ အနုပညာအသံထွက်ပစ္စည်းများ ဝယ်မပေးရ၊ မကစားစေသင့်ပါ။

နတ်စင်,နတ်ကွန်း၊ တုတ်၊ ဓား၊ ထင်းပုံ၊ မီးအပူ,လျှပ်စစ်ပစ္စည်း၊ သိုက်ရှိသည်ဟု ထင်ရသောနေရာ၊ သွပ်ပြား၊



သံထည် စက်ပစ္စည်းကိရိယာ၊ စက်ဘီး၊ ဆိုင်ကယ်, ရေအိုး,ရေကန်တို့၏အနီးအနား၊ ယားနာပေါက်နေသူ၊ နားလေးသူ၊ ဖျားနာနေသူ...

မျက်လုံးမကောင်းသူ၊ အဆုတ်မကောင်းသူ၊ ဝမ်းပျက်နေသူ၊ ခရုသင်းစွဲနေသူ၊ စိတ်ဝေဒနာရှင်၊ နတ်ဝင်သည်တို့၏အနီးအနား၊ တိုက်ခိုက်ရန်ဖြစ်နေသောနေရာ၊ လင်မယားရန်ဖြစ်နေသော နေရာ...

ရွှေကိစ္စ,စက်ကိစ္စ,သစ်ကိစ္စ ပြဿနာဖြစ်ပွားနေသော နေရာအနီးအနားတို့တွင် ကလေးကို မရှိစေရ၊ ခေါ်မသွားရပါ။ ကလေးကို လူမျိုးကွဲများနှင့် ပူးတွဲသွားလာခြင်းများ ရှောင်ပါ။ အဆိပ်ရှိသတ္တဝါရန် ဂရုစိုက်ပါ။ ရွှေထည်များ မဆင်ရပါ။

### စနေသားသမီး ရင်သွေးငယ်များ

**ဆောင်ရန်** ။ ။ တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊ သောကြာ။

**ရှောင်ရန်** ။ ။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ။ အင်္ဂါ–စနေ အပြန်အလှန်အတွဲများ အထူးရှောင်ပါ။ **(ဥပမာ–ဆုလဲ့နှင်း၊ ထိပ်ထားရွှေ၊ စစ်တွေ၊ စစ်တောင်း ...)**

**ကံပွင့်အရောင်** ။ ။ အနီ၊ အဖြူ၊ ရောင်စုံရောယှက်၊ အဝါရင့်။

**ညံ့တတ်သောလများ** ။ ။ မွေးလ မှ စ၍ (၁)လမြောက်၊ (၄)လမြောက်၊ (၅)လမြောက်၊ (၈)လမြောက်။

**ကျန်းမာရေး** ။ ။ အနာ ပေါက်တတ်၊ အပူနာ၊ ဖျားနာ၊ ဆီးမကောင်း၊ မျက်စိနာ၊ ဝမ်းပျက်၊ ဆေးမှား၊ အစားမှားတတ်ပါသည်။ ထိခိုက်ဒဏ်ရာလေးများ ရတတ်သည်။

**ယတြာ** ။ ။ ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း "**သုဂတောသိဒ္ဓိ**"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။ လူ (၃)ဦး၊ (၄)ဦး၊ (၇)ဦး၊ (၈)ဦးသွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ၊ ခေါ်မသွားရပါ။ တောင်၊ အရှေ့တောင်၊ အနောက်မြောက် အရပ်,ထောင့်များ ထောင့်မတည့်ပါ။

အသက်ဝင် ပီပြင်သော ဆိတ်,ဆင်, ဇီးကွက်, စင်ရော်, ဝက်, ဝက်ဝံ, လူဝံ, ယုန်, ရှဉ့်, လင်းပိုင်, နွား, ဒိုင်နိုဆော, မြွေ အရုပ်များ၊ တင့်ကား,လေယာဉ်ပျံ, ရထား,စက်ရုပ် ကစားစရာများ ဝယ်မပေးရ၊ မကစားစေသင့်ပါ။

စက်ပစ္စည်းကိရိယာ၊ စက်ဘီး,ဆိုင်ကယ်၊ ဆေးရုံ,ဆေးခန်း၊ ရေတွင်း, ရေကန်၊ တုတ်,ဓား,ထင်းပုံ၊ မီးအပူ, လျှပ်စစ်ပစ္စည်း၊ နတ်စင်,နတ်ကွန်း၊ တိုက်ခိုက်ရန်ဖြစ်နေသော နေရာ၊ ယောင်ယမ်းတတ်သူတို့၏ အနီးအနား၊ ဝမ်းပျက်နေသူ၊ မျက်လုံးမကောင်းသူ၊ အဆုတ်မကောင်းသူ၊ စိတ်ဝေဒနာရှင်၊ ယားနာပေါက်နေသူ၊ နားလေးသူ၊ ဖျားနာနေသူ၊ ဒူးနာနေသူတို့၏ အနီးအနား...



www.burmeseclassic.com

www.burmeseclassic.com

စက်ကိစ္စ၊ ရွှေကိစ္စ၊ လယ်ကိစ္စ ပြဿနာ ဖြစ်ပွားနေသော နေရာအနီး အနား ကလေးကို မရှိစေရ၊ ခေါ်မသွားရပါ။ လူမျိုးကွဲများနှင့် ပူးတွဲသွားလာခြင်းများ မကောင်းပါ။ ရွှေထည် လုံးဝ မဆင်ရပါ။

## ရာဟုသားသမီး ရင်သွေးငယ်များ
### (ဗုဒ္ဓဟူးမွန်းလွဲဖွား)

**ဆောင်ရန်** ။ ။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ။

**ရှောင်ရန်** ။ ။ တနင်္ဂနွေ၊ ကြာသပတေး၊ သောကြာ။

အင်္ဂါ–သောကြာ အပြန်အလှန် အတွဲများ အထူးရှောင်ပါ။ **(ဥပမာ– ဆုနှင်းသွယ်၊ သင်းယုံဖော်၊ သာစည်၊ ဆိပ်သာ...)**

**ကံပွင့်အရောင်** ။ ။ ရွှေအို၊ အစိမ်း၊ နီညို၊ အဝါနု၊ အနက်၊ နက်ပြာ။

**ညံ့တတ်သောလများ** ။ ။ မွေးလ မှစ၍ (၂)လမြောက်၊ (၃)လမြောက်၊ (၅)လမြောက်၊ (၉)လမြောက်။

**ကျန်းမာရေး** ။ ။ အစာ မကြေ၊ လေပွ၊ ဗိုက်နာ၊ အဆုတ်အအေးပတ်၊ ဦးခေါင်း မူး,မူးနေ၍ အီ,အီနေတတ်သည်။ သွေးနှင့်ဆိုင်သောရောဂါ၊ မှက်ခရု၊ မက်ကလောင်**(ခြင်အန္တရာယ် ဂရုစိုက်ပါ။)**

**ယတြာ** ။ ။ ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **"လောကစိဒ္ဓ"**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။ လူ (၅)ဦး၊ (၆)ဦး၊ (၁၀)ဦး သွားသော ခရီးစဉ်တွင် ကလေး ငယ် မပါဝင်စေရ၊ ခေါ်မသွားရပါ။ အရှေ့မြောက်၊ မြောက်၊ အနောက် အရပ်၊ ထောင့်များ ထောင့်မတည့်ပါ။

အသက်ဝင် ပီပြင်သော မျောက်,ဖျံ၊ မြင်း၊ ဘဲ၊ ဖား၊ မိကျောင်း၊ သမင်၊ သစ်ကုလားအုတ် အရုပ်များ။ အိုးပုတ်၊ အိမ်၊ အိုးစည်၊ ဘိုမ၊ ဖိုးဝ၊ ပစ်တိုင်းထောင်၊ အနုပညာအသုံးအဆောင်ပစ္စည်းများ ဝယ်မပေးရ၊ မကစားစေသင့်ပါ။

အိမ်ဖျက်၊ အိမ်ဆောက်နေသောနေရာ၊ သိုက်ရှိသည်ဟုထင်ရသောနေရာ၊ မြေမသန့်သောနေရာ၊ အိုးကွဲ၊ အင်တုံကွဲ၊ မီးလုံး,မီးချောင်း၊ ဖန်,မှန်၊ ပန်းကန်အကွဲအပျက်၊ သွပ်ပြား,သံထည်တို့၏အနီးအနား။ ခရုသင်းစွဲနေသူ၊ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူ...

အဆုတ်မကောင်းသူ၊ ဦးခေါင်းမကောင်းသူ၊ သတိမေ့သူ၊ မူးမေ့တတ်သူ၊ မြေကိစ္စ,အမွေကိစ္စ၊ အိမ်ကိစ္စ ပြဿနာဖြစ်ပွားနေသော နေရာ အနီးအနား ကလေးကို မရှိစေရ၊ ခေါ်မသွားရပါ။ ပလက်တီနမ်ထည်များ မဆင်ရပါ။

ရင်သွေးငယ်အပေါင်း အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ခွန်အားကြီးခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ကျော်စောထင်ရှားခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ဘုန်းကြီးခြင်း...

အစရှိသော ကောင်းမြတ်သော ဣဋ္ဌာရုံ ဘဝကောင်း၊ ဘဝမြတ်တို့ကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားကြရပါစေသတည်း။

*ဘဝအစစ လှကြပါစေ၊*

**အောင်နန္ဒစ်**
***(ကျိုက်လတ်)***



# သက်ရှည်ကျန်းမာ ဆေးမဟာ

သက်ရှိတိုင်း အသက်ရှည်ချင်သည်။ အနာရောဂါ ကင်းစေချင်သည်မှာ သဘာဝကျသည်။ ထို့ကြောင့် အနာရောဂါကင်းပြီး အသက်ရှည်အောင် နည်းလမ်းပေါင်းစုံဖြင့် သက်ရှိလူသားများက ကြိုးစားဆောင်ရွက်လျက် ရှိသည်။

ဤသို့ အနာမဲ့ပြီး အသက်ရှည်အောင် ကြိုးစားဆောင်ရွက်သည့် နည်းလမ်းများအနက် ၁၃၅၉ ခုနှစ်၊ ကဆုန်လဆုတ်(၆)ရက်၊ ၁၉၉၇ ခုနှစ်၊ မေလ(၂၇)ရက်၊ အင်္ဂါနေ့တွင်မှ ပျံလွန်တော်မူခဲ့သော သက်တော်(၉၅)နှစ်၊ ဝါတော်(၇၅)ဝါရှိ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ သရက်ငူရွာ မင်းကျောင်း ကျောင်းတိုက်၏ **ဆရာတော် ဘဒ္ဒန္တပညာဝံသ(သဒ္ဓမ္မဇ္ဇတိဓွဇအနုနာယက)**၏ **"သက်ရှည်ကျန်းမာဆေးမဟာ"**ကို စေတနာဖြင့် ဖော်ပြလိုက်ပါသည်။

- နွယ်ချို
- ဆေးရိုး
- ဗုဒါက်
- ဆင်တုံးမနွယ်

တို့ကို ဆတူ အခြောက်လှန်းပြီး အမှုန့်ထောင်းပါ။

ထို့နောက် ပျားရည်နှင့် ဆီးယိုကဲ့သို့ ရအောင် ဖော်၍ စားသုံးပါက မင်းကျောင်းဆရာတော်ကဲ့သို့ အနာရောဂါ ကင်းရှင်းစွာဖြင့် အသက်ရှည်ကြာစွာ လူ့လောက၌ နေထိုင်ရမည်ဖြစ်ပါသည်။

**ပန်းတနော် နောင်ထက်**



www.burmeseclassic.com

www.burmeseclassic.com

# ကြူးလေးကြူး

ဘာကြီးသလဲ

စကြာလင်း
(လှိုင်ကော်)

ဗျည်းအက္ခရာ(၃၃)လုံး ရှိသည့်အနက် **"က-ဃ-ဏ-ဠ"**ဟူသော အက္ခရာဗျည်းလေးလုံးဟု သတ်မှတ်ထား၏။ တစ်နည်းအားဖြင့် စမလေးလုံး ဖြစ်သည်။ **"ခါတ်စာမ"**ဆိုက အပြည့်အစုံမှန်သည်။

ဘုရားရှင်၏ ဆံတော်(၄)ဆူ ဌာပနာထားရှိရာ နဝင်းစေတီတစ်ဆူ ဖြစ်သည့် ပြည်ရွှေဆံတော်ဘုရားကြီးတွင် အဓိဋ္ဌာန်စခန်း ဝင်ခဲ့စဉ်က **ဖေဆရာကြီးဦးတင်မြင့်** မိန့်မှာဖူးသည်ကား...

- **က** – ကိလေသာတည်း ဟူသော အမိုက်မှောင်ကို ပယ်ဖျက်တော်မူနိုင်သော မြတ်စွာဘုရား၊
- **ဃ** – ဃာဋီကာရပြဟ္မာမင်းကြီး လှူဒါန်းခဲ့သော ပရိက္ခရာ၊
- **ဏ** – တဏှာတည်းဟူသော အမိုက်မှောင်ကိုလည်း ဖြိုခွင်းတော်မူနိုင်သော မြတ်စွာဘုရား၊
- **ဠ** – လပြည့်ဝန်း၏ မျက်နှာတော်နှင့်တူသော မြတ်စွာဘုရား၊

ဟု အနက်ဖွင့်ပေးခဲ့ပါသည်။

ထိုဂါထာကို မတင်ပြမီ ကျွန်ုပ်ဆရာ၏အကြောင်းကို အနည်းငယ် တင်ပြလို၏။

## ဖေဆရာဦးတင်မြင့်၏ အမူအရာ

ဆရာ၏ အမူအရာသည် ငြိမ်သက်အေးကြည်၏။ ရိုးသား၏။ ညိုသောအသားအရောင်ပိုင်ရှင်ဖြစ်ပြီး ကျွန်ုပ်တွေ့စဉ်က အသက်(၄၀)အရွယ်ရှိသည်။ အရပ် (၅)ပေ (၇)လက်မ၊ မျက်စိပြူးပြူး၊ သွားဖွေးဖွေး၊ ဝဝ ခံ့ခံ့ ညားညားနှင့် လူကို အမြဲ မေတ္တာပွားတတ်၏။ စကားမတိုးမကျယ် ပြောဆိုတတ်ပြီး ဆွဲဆောင်မှုအပြည့် ရှိ၏။

ညာပိုင်းဆိုင်ရာများကို မကြာခဏ မိန့်မြွက်တတ်ပြီး၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအကြောင်း အစဉ်ပြောတတ်လေ့ရှိ၏။ အိပ်မက်ထဲတွင် အဘပုဂ္ဂိုလ်တစ်ဦး အမြဲလာပြီး အကြောင်းရှိလျှင် ရှိသလို သွန်သင်ညွှန်ကြားတတ်ကြောင်းကို တပည့်ရင်းဖြစ်သည့် အလျောက် ပြောပြတတ်လေ့ရှိ၏။

သူနှင့် စမပညာသည် အပ်စပ်၏။ သူ စီရင်သော အစီအရင်သည် အောင်မြင်သည်က များ၏။ ကောင်းကင်က သက်တံကို ဖြတ်ပြဖူးခဲ့သည်။ မြွေပညာကို ကျွမ်းကျင်သည့် အလျောက် မြွေကိုက်သူများကို ရှေ့တွင်ပင် ကုမ ကယ်တင်ပြခဲ့သည်။

သူ့ကုထုံးကား **ထုံးကို "ဝစကြာဂါထာ"မန်းပြီး သုံးလိုင်းတိတိ မြွေကိုက်ဒဏ်ရာ** အထက်တွင် တားပြီး အဆိပ်များကို ဖောက်ထုတ်ပစ်သည်။

ဤနည်းဖြင့် ကယ်မနိုင်သူ မနည်းပါပေ။ သူကိုယ်တိုင်လည်း မြွေအကိုက်ခံရဖူးသည်။ သို့သော် ယနေ့ထိ အသက်ရှင်ဆဲအဖြစ် ရပ်တည်နေနိုင်ခြင်းကား အံ့ဩဖွယ်ရာဖြစ်၏။ သွေးဆိပ်,လေဆိပ်က အစ ပိုင်နိုင်သည်။

သူသည် ခံ့ညားထည်ဝါ၏။ ပြောသည့်အတိုင်း လုပ်တတ်သည်။ စကားကို များများမပြော၊ ဘယ်အခါမှ မပျာယာ ဆင်ခြင်တတ်၏။ ဤသည်ကား ဆရာ့ကို အလွန်ချစ်စေသော



ကျွန်ုပ်၏ အကြောင်းရင်းတည်း။

ဆန္ဒမစောတတ်၊ သူ့စကားများသည် နားထောင်သူအဖို့ နားထဲတွင် တစ်လုံးချင်း ဝင်စေ၏။ သို့သော် ပညာမာနကိုကား ထားတတ်၏။ ပြောခဲ့သောစကား တည်တတ်၏။

ထို့ကြောင့် စမပညာသည် သူ့အား ထက်မြက်စေ၏။ မိန်းမများကြောင့် ပျက်စီးရပုံ၊ ဒေါသများကြောင့် ပျက်စီးရပုံတို့ကို ရှင်းပြတတ်လေ့ ရှိပါသည်။

"ဆရာမဖျောက်နှင့်၊ အပါတ်မပို့နှင့်"

ဆိုသည့် စကားကို အမြဲ မှာကြားပါသည်။ သို့သော် ဆရာနှင့် ဝေးကွာခဲ့ရသည်မှာ (၅)နှစ်ကျော် ကြာမြင့်ခဲ့ပြီ။ **"ပဲခူးရိုးမပတ်ဝန်းကျင်သို့ သွားဦးမည်တပည့်"**ဟု ထွက်ခွာသွားကတည်းက ယနေ့ထိ ပြန်လည်မဆုံမိကြသေးပေ။

ဆရာက ဂါထာစွမ်းသည် မစွမ်းသည် ဆိုတာသည် စိတ်၏ သန့်ရှင်းမှုနှင့် ထက်သန်သည့် ဝီရိယအပေါ် အများကြီး စကားပြောသည်ဟု ပြောဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်ကန်သည့် စိတ်စေတနာ အပြည့်ရှိရမည်။ ဖြစ်ရမည်ဆိုသည့် စေ့ဆော်မှု၊ ယုံကြည်မှု ရှိဖို့လည်း လိုသည်။

**ဂါထာတစ်ပုဒ် ရွတ်ပြီဆိုလျှင် ယင်းဂါထာသည် မည်သည်ကိုရည်ညွှန်းသည်။ ဘယ်နေ့ဓါက်ရွတ်က ဘာဖြစ် မည်။ ဘယ်နေ့ဓါက်ရွတ်က ဘယ်အကျိုးရသည်။ ဂါထာ၏ အနက်ကအစ သိရှိရန်လိုကြောင်းများကိုလည်း အမြဲပြောခဲ့မှုသည်။**

ဆရာသည် **"ကြီးလေးကြီးဂါထာ"** ကို သေချာ စေ့စပ်စွာ သင်ကြားစေခဲ့ပါသည်။ ဝိဇ္ဇာ(၄)ပါး စောင့်ရှောက်စေသည့် စမဖြစ်ကြောင်း... ထိုဂါထာ ရွတ်ဖန်များက၊ ပုတီးစိပ်ဖန်များက လူဝိဇ္ဇာ၊နတ်ဝိဇ္ဇာတွေ စောင့်ရှောက်သည့်အကြောင်း ဆောင်ထားရန် မှာကြားခဲ့၏။ ယင်းဂါထာကား...



"က"တံဝိဝိ ဒေါသဗ္ဗညော၊
"ဃ"ဓံကောဓံဝိ ဒေသိနော၊
"ဏ"ကမ္မတိစ သေဌ္ဌကော၊
"ဋ္ဌ"ဟုံသော ဒေတုမေဖိနော၊

**"က"တံဝိဝိ ဒေါသဗ္ဗညော** – ပါရမီဆယ်ဖြာ ပြည့်စုံစွာ ဖြည့်ကျင့်လျက် အထူးထူးသော တန်ခိုးတော်နှင့် ပြည့်စုံပြီး၍ လိုရာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးထသော၊

**"ဃ"ဓံကောဓံ ဝိဒေသိနော** – လောဘ၊ဒေါသ၊မောဟ ကင်းကွာစင်ကြယ်စွာဖြင့် အပြစ်မရှိ ငြိမ်းအေးခြင်း အတိဖြင့် မဂ်ဖိုလ်ဉာဏ်ကိုလည်း သိတော်မူပြီးထသော၊

**"ဏ"ကမ္မတိစ သေဌ္ဌကော** – မြင့်မြတ်ခြင်းရာ လေးသစ္စာကို ပိုင်းပိုင်းထင်ထင် သိမြင်စေလျက် မတုန်မလှုပ် တည်ငြိမ်ခြင်းလည်း ရှိတော်မူပြီးထသော၊

**"ဋ္ဌ"ဟုံသော ဒေတုမေဖိနော** – ထိုမြတ်စွာဘုရားရှင်သည် အကျွန်ုပ်အား အောင်ရာအောင်မှု အောင်ပန်းခိုင်ဆုကို မနှေးလျင်မြန် ပေးသနားတော်မူပါဘုရား။

✱ ✱ ✱ ⟶

ထိုဂါထာသည် **"ကျောက်စိမ်း၊ စိန်၊မြ ပေါက်ကျိန်းကျ"** ဟူသော စာဆိုနှင့်လည်း အလွန်သက်ဆိုင်နေပေသည်။

မည်သည့်နှစ်မဆို တန်ဆောင်မုန်းလပြည့်နေ့ ညဥ့်သန်းခေါင်ယံ စက်(၁၂)နာရီသည် ထိုဂါထာအတွက် အလွန်အဖိုးတန်သော အချိန်ဖြစ်ပြီး၊ **အလောင်းတော်ကဿပသည် ထိုဂါထာအတွက်** အလွန် အဖိုးမဖြတ်နိုင်သော နေရာဖြစ်၏။

ထိုအချိန် ထိုနာရီသည် ကဿပဂူ ပွင့်ရာနေ့ဖြစ်ပြီး ပွင့်နေသော လူတစ်ကိုယ်စာပေါက်ထဲသို့ ဝင်ရောက်ရာ၏။ ကျောက်စိမ်းဆင်းတု၊ စိန်ဆင်းတု၊ မြဆင်းတု ရှေ့သို့ ရောက်ပြီးမှ...

**ပထမ**

"စက္ခုမာစရ" အစရှိသော "စ.ခ.ပ.ဝ" ဂါထာကို ပုတီးများများစိပ်၊

**ဒုတိယ**

"ကတံဝိဝိဒေါ"အစရှိသော"က.ဃ.ဏ.ဋ္ဌ" ဂါထာကို ပုတီးများများစိပ်၊

**တတိယ**

"အရဟံ" အစရှိသော ဂုဏ်တော်ကိုးပါးကို ပုတီးများများစိပ်ပါက...

ထိုနေရာတွင်ပင် စရဏကျင့်ကြံမှုအပေါ် မူတည်၍ အောင်မြင်မှု သိဒ္ဓိကို ရစေနိုင်သော လောကီရက္ခာရီ ဝိဇ္ဇာမိုရ်တို့၏ ထိပ်တန်းလျှို့ဝှက်ချက်တစ်ခု ဖြစ်ကြောင်း မိန့်မှာဖူးသော ဆရာ့စကားကို မူတည်၍ သိမြင်စေလိုသောသူတို့ အဖို့ငှာ ရေးသားလိုက်ပါသည်။

**မှတ်ချက်**

ဤနည်းဖြင့် အားထုတ်လိုသူသည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ နှစ်ဖြာနှင့် ပြီရမည်။ "စ.ခ.ပ.ဝ"လေးပါဒ စမနှင့် "က.ဃ.ဏ.ဋ္ဌ"လေးပါဒ စမတို့ကို အနက်အဓိပ္ပာယ်ပါမကျန် ပိုင်းပိုင်းခြားခြား သိမြင်ထားရမည်။ ဂုဏ်တော်ကိုးပါးကိုလည်း အနက်အဓိပ္ပာယ်နှင့် အတူ အနုလုံ၊ပဋိလုံ အဆင့်ထိ သိမြင်နေရပေမည်။

ထိုသုံးဂါထာ ပေါင်းပါမှ လမ်းစဉ်တစ်မျိုးဖြစ်ပြီး ထိုနေရာ၊ ထိုအချိန်တို့ကို သိမြင်နိုင်ပါမှ ထွက်ရပ်ပေါက်တို့နှင့် ဆုံစည်းနိုင်ရာ နူးညံ့သော မာစတာကီးသော့ချက် တံခါးကို ဖွင့်နိုင်သော လူစွမ်းကောင်းတစ်ဦး ဖြစ်နိုင်ကြောင်း အာစရိယဆရာအား ဦးထိပ်မှာ ပန်လျက်...

**စကြာလင်း(လှိုင်မကော်)**



www.burmeseclassic.com

www.burmeseclassic.com

ပန်းလိပ်ပြာဂမုန်း(ဝါ)

# ဇော်ကျိုမုတ်ဆိတ်

**လိပ်ပြာဂမုန်းသည်** ကျွန်တော့် အနေနှင့် စီးပွားဂမုန်းအဖြစ် စိုက်ပျိုးထားရှိပါသည်။ **လိပ်ပြာဂမုန်း(ဝါ) ဇော်ကျိုမုတ်ဆိတ်**ဟု ခေါ်ပါသည်။

ဉစ္စာလိုရန်ကြိုဟ်ရှာ ဆိုသလို **"ဦးဝေ စံကူး ရေဘူးတောသူ ခတ်ရန်သူ"** ဖြစ်သည်။

**လိပ်** – **ပြာ** – **ဇော်** – **ကျို**

၄ – ၅ – ၃ – ၂

ရေ – ဘူး – စံ – ကူး

**"လိပ်ပြာ"**က **"ရေဘူး"**ခတ်ရသည်။ **"ဇော်ကျို"**က **"စံကူး"**ခတ်ရသည်။

ဒါကြောင့် **ဉစ္စာပေးဂမုန်း၊ စီးပွားဂမုန်းဖြစ်ပါသည်။**

အပင်မှာ အပင်ပွားသော အပင်မျိုးဖြစ်ပါသည်။ နနွင်းရွက်သဏ္ဍာန် အရွက် ဝိုင်းပြီးချွန်သည်။ မာကျော်သော အရွက်ဖြစ်ပြီး အပွင့်မှာ လိပ်ပြာပုံဖြစ်သည်။

ဇော်ကျိုမုတ်ဆိတ်ပုံကဲ့သို့ မုတ်ဆိတ်များ တွဲလျားကျနေသည့်မှာ ကျက်သရေ ရှိလှသည်။

ဤအပွင့်ကို အခြောက်လှန်းထားပြီး အဆုတ်ရောဂါ, ချောင်းဆိုးရောဂါရှင်များ ရေသုံးခွက် တစ်ခွက်တင် ကျိုသောက်လျှင် ချောင်းဆိုးသွေးပါရောဂါ ပျောက်ကင်းပါသည်။

ဈေးရောင်းဈေးဝယ် ဆိုင်များအတွက်**"ရော်ဘာ ရေပုံး"**+**"ရေဘူးခတ်"** ဖြစ်သည်။ ယင်းအထဲကို မြေထည့်ပြီးလျှင် လပြည့်ည (၈း၀၀) နာရီ အကျော် (၉း၀၀)နာရီမထိုးခင် ကိုးနဝင်းယူပြီး **ရွှေပြား, ဆွဲပြား ရေစိမ်** လောင်းပါ။

သို့မဟုတ် ရွှေဆိုင်းပြား(ရွှေပြား) တစ်ချပ်ခံပြီး စိုက်ပါ။ ရေဘူးခတ် ယူရမှာ ဖြစ်ပါသည်။



အပင် စိုက်နေစဉ် အခါတွင်ဂုဏ်တော်ကိုးပါးကို ရွတ်ပြီး စိုက်ပါ။ စိုက်ပြီး ရေလောင်းစဉ်အချိန်မှာ...

"သီဝလိစ မဟာလာဘံ
သဗ္ဗလာဘံ ဘဝိဿတိ"

အနက်

**သီဝလိစ** – သီဝလိ မထေရ် မြတ်သည့်ကား၊ **မဟာလာဘံ** – ကြီးမားများမြတ်သော လာဘ်လာဘကို လည်းကောင်း၊ **သဗ္ဗလာဘံ** – အလုံးစုံသော လာဘ်လာဘကို လည်းကောင်း၊ **ဘဝိဿတိ** –ဖြစ်စေလိမ့်မည်။

*[ဤဂါထာတော် ပါဠိ အနက်ကိုနက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိ အယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [မှော်စရိယ(မဟာဝဏ္ဏဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ (နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ဆိုသော ဂါထာကို ရွတ်ဖတ်ပေးပြီး ဆိုင်ရှေ့ ခေါင်းရင်းထောင့်မှာ စိုက်ပျိုးထားလျှင် စီးပွားဖြစ်မှာ ကေန်အမှန်ပဲ ဆိုပြီး စိုက်ပျိုးပါက အောင်မြင် တိုးတက်လာပါလိမ့်မည်။

အလုပ်တစ်ခုကို လုပ်သည့် နေရာမှာ ယုံယုံကြည်ကြည်ရှိမှ၊ ယုံကြည်ကိုးစားမှသာ အကျိုးပေး သန်မည်ဖြစ်သဖြင့် နေ့စဉ်နေ့ဘိုင်း အမွှေးတိုင်ထွန်းပေးပါရန် စာဖတ်ပရိသတ် အပေါင်းကို သိကောင်းစရာ ဆောင်းပါးတစ်ခုအဖြစ် တင်ဆင်လိုက်ရပါသည်။

**ဦးမြသန်း**
*(ပြည်တွင်းကုန်တင်ကုန်ချရုံး)*
**ကျုံပျော်မြို့**



www.burmeseclassic.com

www.burmeseclassic.com

# ပြဒါးမှ ရွှေဖြစ်နိုင်ပါသလော (၁)

ဦးမနောမယ (ပြည်)



အဂ္ဂိရတ်ဖိုထိုးသည် ဆိုလျှင်ပင် ရွှေဖြစ်ငွေဖြစ် လုပ်ကြခြင်းသာ ဖြစ်သည်ဟု အများက သဘောပေါက် ယူဆကြပါသည်။

သို့သော် **"ပြဒါးမှ ရွှေဖြစ်တယ် ဆိုတာ မဖြစ်နိုင်ဘူး"**ဆိုပြီး လုံးဝ ပယ်ကြည့်မှုမရှိ လက်မခံနိုင်ကြသူများ ရှိသလို အကယ်၍ ရွှေဖြစ်သည်ဆိုပါက နောက်ယောင်ခံ လိုက်သင့်က လိုက်မည်ဟု အကြံရှိပြီး အခြေအနေကို စောင့်ကြည့်ကာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် တွေဝေနေကြသူများလည်း ရှိကြပါသည်။

ဆရာ့ ဆရာကြီးများ ကြည်ညို လေးစားစွာဖြင့် စိတ်ချယုံကြည်ကာ အကြောင်းအကျိုး ဆင်ခြင်ပြီး လက်ခံကြသူများအပြင် လက်တွေ့သော်လည်းကောင်း၊ မျက်မြင်သော် လည်းကောင်း သိမြင်ကြသူများကလည်း လုံးဝ လက်ခံကြကာ အခိုင်အမာ စွဲမြဲကြပါသည်။

အဂ္ဂိရတ်လောကမှ မဟုတ်သည့် ရင်းနှီးသော အချို့မိတ်ဆွေများကမူ စာရေးသူအား ယင်းကိစ္စနှင့် ပတ်သက်၍ ဖြစ်နိုင် မဖြစ်နိုင်ကို ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးလာကြပါသည်။

စာရေးသူက ဖြစ်နိုင်သည့်ဘက်မှ ထောက်ခံခဲ့ပါသည်။ သို့သော် ဆွေးနွေးကြသူများက ထောက်ခံသည် ဆိုရုံမျှဖြင့် 'မကျေနပ်ကြဘဲ ဘာကြောင့် ဖြစ်နိုင်သည်ကို စောဒကတက်ကြပါသည်။

စာရေးသူအနေဖြင့် အဂ္ဂိရတ်နှင့် စိမ်းနေသေးသော ပုဂ္ဂိုလ်များ လက်ခံနိုင်လောက်အောင် ရှင်းပြဖို့ သိပ်မလွယ်ကူလှဟု ထင်ပါသည်။ သို့သော် အဂ္ဂိရတ်ပညာ အခြေခံ ရှိထားကြပြီး ကိုယ်တိုင် လက်တွေ့လည်း လုပ်ကိုင်ကြဖူးသူများအတွက်မူ အဂ္ဂိရတ်ဝေါဟာရများမှစ၍ အရပ်ရပ်ကို သဘောပေါက်နိုင်ကြမည် ဖြစ်ပါသည်၊

မည်သို့ပင်ဖြစ်စေ အမေးက ရှိလာပြီဖြစ်၍ စာရေးသူအနေဖြင့် ထောက်ခံရသည့် အကြောင်းကို တတ်စွမ်းသမျှ ရှင်းပြရပါသည်။

မြန်မာ့အဂ္ဂိရတ်ပညာနှင့် ဖိုထိုးကြသည့်အခါ အဓိက မူရင်းဓာတ်အနေဖြင့် သံနှင့်ပြဒါး နှစ်မျိုးကိုသာ တည်ကြပါသည်၊ ထို့ကြောင့်လည်း **"ပြဒါးသေ တစ်ဆွေ၀၊ သံသေ တစ်ပြည်၀"**ဆိုသော စကားပင် ယနေ့တိုင် ဥဒါန်းတွင်လျက် ရှိနေပါသည်။

ရှေးအခါကမူ ထိုသို့မျှ မဟုတ်ဘဲ **"ပြဒါးသေသော် တစ်ပြည်၀၊ စိန်သေသော် တစ်ဆွေ၀၊ သံသေသော် အနန္တ"**ဟူ၍ပင် ဆိုစမှတ် ပြုကြပါသည်။

ပြဒါးသေရုံမျှ၊ စိန်သေရုံမျှ၊ သံသေရုံမျှဖြင့် တစ်ပြည်တစ်ဆွေ ဝ,နိုင်ကြသည် ဆိုသည်ကို မည်သို့ နားလည်နိုင်ရပါမည်နည်း။

ယင်းကိစ္စနှင့် ပတ်သက်၍ အဂ္ဂိရတ် စကားဝိုင်းများ ဖြစ်တိုင်းလိုလို ခေါင်းစဉ်ငယ်တစ်ခုအနေဖြင့် ပါလာတတ်စမြဲ ဖြစ်ပါသည်။

ယခုခေတ် မြင်တွေ့နေကြရသည်မှာ တစ်ပြည်,တစ်ဆွေကို မဆိုထားဘဲ၊ များသောအားဖြင့် "ရှိစည့်,ရှိထည့်" နှင့် တစ်ဝမ်းတစ်ခါးပင် ပြည့်စုံဖို့ မမျှော်မှန်းနိုင်သလောက် ဖြစ်နေကြရပါသည်။

ထို့ကြောင့်လည်း အချို့ပုဂ္ဂိုလ်များက အဂ္ဂိရတ် ဆိုရုံမျှဖြင့် အရာမသွင်း ချင်လောက်အောင်ပင် အထင်သေးနေတတ်ကြပါသည်။

ဤသို့ဆိုလျှင် **"သံသေ တစ်ပြည်၀၊ ပြဒါးသေ တစ်ဆွေ၀"**ဆိုသော ရှေးအစဉ်အဆက် စကားသည် မည်ကဲ့သို့ ဖြစ်ပေါ်လာ၍ မည်ကဲ့သို့ နားလည်ရမည်နည်းဟု တွေးတောစဉ်းစားစရာ ဖြစ်လာပါမည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ယခုမှပင် မဟုတ်၊ ရှေး နှစ်ပေါင်း နှစ်ရာခန့်မှ





www.burmeseclassic.com

www.burmeseclassic.com

စ၍ ဝါဒအမျိုးမျိုး ဖြစ်ပေါ်လာခဲ့သဖြင့် အများသူငါ ကွဲကွဲပြားပြား သိရှိနိုင်ကြရန်အတွက် **မုံရွာမြို့မှ အသျှင်သီရိမာလာမထေရ်မြတ်က ၁၁၇၂ ခုနှစ်တွင် မုံရွေးဇေတဝန် ဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသ အာဒိစ္စရံသီ အသျှင်မြတ်အား** မေးလျှောက်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးက...

❖ "ပါရဒမည်သော ပြဒါးသည် အားလုံးသော သတ္တုမျိုးတို့ကို ရွှေဖြစ်စေရန် စွမ်းနိုင်သည်" ဟု လည်းကောင်း၊

❖ "ပြဒါးကို မီးနှင့် ပြုလုပ်ဆောင်ရွက်ပါက စာမီကရွှေ ရသည်ဟု အဘိဓာန်ဋီကာကျမ်း၌ ဆိုထားသဖြင့် မီးနေ မီးရပ်ကို နားလည်တတ်သိပြီး ဓာတ်နု၊ ဓာတ်ရင့် စသည်တို့ကို ချင့်ချိန်ကာ အစွမ်းရှိသော ဆေးတို့နှင့် တွဲဖက်လုပ်ဆောင်တတ်လျှင် ရွှေငွေဆိုတာ ဖြစ်နိုင်သည်" ဟုလည်းကောင်း၊

❖ "ရှေးအဋ္ဌရတ် ကျမ်းရင်းများတို့တွင်လည်း ပြဒါး၊ ဒုတ္တာ စသည်တို့ကို မီးဖြင့် စီရင်၍ ရွှေ၊ ငွေဖြစ်ကြောင်း များစွာပြထားကြသည်" ဟုလည်းကောင်း မိန့်တော်မူခဲ့ပါသည်။

**မုံရွေးဇေတဝန် ဆရာတော်ကြီး၏ ဝိသဇ္ဇနာတော်အရ** ပြဒါးမှ ရွှေဖြစ်နိုင်ကြောင်း သိရပြီ ဖြစ်သော်လည်း ပြဒါးကို မီးဖြင့်ပြုမှသာ ရွှေဆိုတာ ဖြစ်နိုင်သည်။ မီးနေမီးရပ်ကိုလည်း တတ်သိနားလည်ပြီး ဓာတ်နု၊ ဓာတ်ရင့် စသည်တို့ကိုပါ ချင့်ချိန်နိုင်ပါမှဟု ဆိုထားသဖြင့် လက်တွေ့လုပ်ထုံးပေါ်တွင်သာ မူတည်နေကြောင်း ပေါ်လွင်လာပါပြီ။

ပြဒါး၊ ဒုတ္တာ စသည်တို့ကို မီးဖြင့် စီရင်၍ ရွှေ၊ ငွေဖြစ်သည် ဆိုရာ၌ ဓာတ်တစ်ခုချင်းလည်းဖြစ်သည်။ သို့မဟုတ် ဓာတ်များ ပေါင်းရောပြီး စီရင်မှ ဖြစ်သည် စသည်ဖြင့် ခွဲခြားပြဆိုထားခြင်း မရှိသဖြင့် **ပြဒါးသည်လည်းကောင်း၊ ဒုတ္တာသည်လည်းကောင်း၊** သို့မဟုတ် **ဓာတ်များပေါင်းရော၍** လည်းကောင်း ဖြစ်သည်ချည်းဟု ယူဆရပါမည်။

ရှေးဆရာတော်ကြီးများ၊ ဆရာကြီးများတို့၏ ဩဝါဒတော်များတွင် ပြဒါးကို မီးပညာဖြင့် မီးဝင်ကြီးပြဒါး ဖြစ်အောင် (သို့မဟုတ်) ကိစ္စပြီးမြောက်အောင် (သို့မဟုတ်) ပါရဒပြဒါးဖြစ်အောင် ဆောင်ရွက်နိုင်ပါမည် ဆိုပါက ရွှေဆိုသည်မှာ သာမညမျှသာဖြစ်ပြီး အလုံးစုံသော သိဒ္ဓိများပါ ပြည့်စုံကာ သံသရာတစ်ဖက်ကမ်းသို့ပင် လှမ်းတက်နိုင်ကြောင်း ပြဆိုထားတော်မူကြပါသည်။

ထို့ကြောင့် ပါရဒပြဒါးသည် **"ရွှေဆိုတာ သုံးတော့အနန္တ"** ဆိုသည့်အတိုင်း သတ္တုမျိုးအားလုံးတို့ကို ရွှေဖြစ်စေတတ်သည် ဆိုသဖြင့်လည်းကောင်း၊ သံသရာတစ်ဖက်ကမ်းသို့ပင် ကူးလှမ်းနိုင်သည် ဆိုသဖြင့် လည်းကောင်း အဆင့်က အလွန်မြင့်မားလွန်းနေပါသည်။ ထိုအဆင့်မျိုးသို့ ရောက်ဖို့ (သို့မဟုတ်) ပါရဒပြဒါးကို ရရှိဖို့ဆိုလျှင် စာရေးသူတို့လို သာမညပုဂ္ဂိုလ်များအတွက် အလှမ်းက ကွာလွန်းနေသဖြင့် မမျှော်မှန်းဝံ့ပါ။

ထိုမျှ မြင့်မားလှသော အဆင့်ကို မမျှော်မှန်းဝံ့သေးသော်လည်း **"မီးဖြင့် ပြုပြင်စီရင်ပါက ရွှေ၊ ငွေဆိုတာ ဖြစ်နိုင်သည်"** ဟု ဆိုသော လမ်းညွှန်မိန့်ဆိုချက်အရ **ရိက္ခာထောက်** အနေကိုတော့ဖြင့် အောင်မြင်မှုရရန် ကြိုးစားလုပ်ဆောင်ဖို့သာ ရှိတော့သည်။

ဩဝါဒတစ်ခုတွင်လည်း...

"ဒန်(ကြေးနီ)သည်လည်း လူတို့ကဲ့သို့ ပဋိသန္ဓေ နေတတ်လျှင် ရွှေချိပ်၊ ငွေချိတ် ဖြစ်နိုင်သည်"

ဟု ဆိုထားသောကြောင့် နည်းမှန်လမ်းမှန်ဖြင့် **ပြဒါးတွင် ဒန်(ကြေးနီ) မျိုးစေ့ကို** သန္ဓေတည်စေရန် ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါသည်။

သန္ဓေ တည်ပြီဆိုလျှင်လည်း အနှောင့်အယှက် အဖျက်အဆီး ကင်းရှင်းစွာဖြင့် ထိုသန္ဓေသား ရှင်သန်ကြီးထွားစေဖို့ကို ကျွမ်းကျင်လိမ္မာစွာဖြင့် ပြုပြင်စောင့်ရှောက် ပေးနိုင်ရပါမည်။

အလုံးစုံ မှန်ကန်ပြည့်စုံပြီး အချိန်ကာလ ပြည့်စေပါက အဆင်းသဏ္ဍာန် လှပတင့်တယ်၍ စွဲမက်စရာကောင်းသော သားရတနာ ကိတ်ရွှေစင်ကို ဖွားသန့်စင်ပေးမှာ ဖြစ်ပါသည်။

ဖိုခွင်ဝင်၍ လုပ်ဆောင်ပုံ အဆင့်ဆင့်ကို စာရေးသူ လေ့လာမှတ်သားခဲ့ရသမျှ ဆက်လက်တင်ပြသွားပါမည်။

---

***ရွှေလ ဆက်ဖတ်ပါရန်***

---

*ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။*

**ဦးမနောမယ(ပြည်)**

**စာရှုသူ...သုတေသီ...ပညာရှင်များသို့...**

ဤဆောင်းပါးမှာ (၄.၅.၂၀၀၀) ပြည့်နှစ်က လက်ခံရရှိခဲ့သောဆောင်းပါး ဖြစ်ပါသည်။ ထိုစဉ်က ထည့်သွင်းခွင့်မရခဲ့ပါ။ ယခုမှ ဆရာကြီး ဦးမနောမယ (ပြည်)၏ ဆောင်းပါးများ မျှော်လင့်နေသူများအတွက် ဖော်ပြအပ်ပါသည်။

*လေးစားစွာဖြင့်...*
**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com


(၁၂)လရာသီ နက္ခတ်စာတ်စာ

# တပေါင်းလ

## မိန်ရာသီ (Pisces)

# နက္ခတ်စာတ်စာ

ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ





သရာ မင်းသွေးသော

‘နွေမိန်…တပေါင်း… နေရှိန်လောင်းလို့… ရွက်ဟောင်းကြွေကျ…မြေလို့ခြီး …ပင်လုံး ပွင့်နီ… လက်ပံပင်သို့ ငှက်အပေါင်း… ခညောင်း… ညံစီ… နွေသရုပ်ပန်းချီ… ဘယ်ပန်းချီရေးလို့မမီ’

မိုးလေဝသကင်းလွတ်ပြီး တောတောင်တစ်ခွင် သာယာကြည်လင်နေပြီး ပင်လုံးကျွတ် လက်ပံပွင့်နီနီရဲရဲများ ဖူးပွင့်ဝေဆာ၍ လက်ပံပင်ဇရက်ကျပြီး ကျွက်ကျွက်ညံစီ နွေဦးကာလ၏ သဘာဝတေးပန်းချီပုံရိပ်ကို…

ဆရာကြီး ဘိုကလေးတင့်အောင်၏ “လက်ပံပွင့်ကောက်တေး”သံကို ကြားရသူတိုင်း၏ စိတ်ဘဝင်မှာ သူ့အလိုလို နွေမိန်တပေါင်းလ၏ သဘာဝ လှပ လွန်းလှတဲ့ ပုံရိပ်ကို တွေ့မြင်မိကြလေမည်။

နွေဦး လေရူးသုန်သုန် ဝေ့ဝဲပြီး နေ့ပူလို့ ညချမ်းတဲ့ တပေါင်းလ ရာသီချိန်ခါတွင် **ရာသီပန်း၊ သရဖီ**တို့ကလည်း ဖူးပွင့်ဝေဆာ သင်းပျံ့ကာ သဘာဝပန်းချီကားကြီးကို ဖြည့်ဆည်းပေးထားသလို **ရာသီပွဲတော် သဲပုံစေတီ**ပွဲတော် ကျင်းပပြီး ကုသိုလ်ဒါန မျှဝေကြပါသေးသည်။

တောတောင်တစ်ခွင် သာယာလှသလို နွေအလွမ်းတေးငှက် ဥဩမြည်သံလေးကလည်း အလွန်လွမ်းမောဖွယ်ရာ ကောင်းလှပါသည့်ပျား၊ ပိတုန်းတို့လည်း ပန်းစုံပွင့်ဖူးကြတဲ့ တပေါင်းလမှာ ပန်းဝတ်ရည် စုဆောင်းပြီး ပျားရည်ဘဏ်တိုက် ဆောက်လုပ်ကြပြီး….

လူသားအကျိုးပြု အလွန်အစွမ်းထက် ဆေးဖက်ဝင်လှတဲ့ သဘာထွက်ပျားရည်ဟာ တပေါင်းလမှာ ထွက်ရှိတဲ့ ပျားရည်ဟာ ဆေးသုံးရန်အတွက် အကောင်းဆုံး ဖြစ်ပါတော့သည်။





ဒါကြောင့် ရာသီ ရေမြေတောတောင် သာယာကြည်လင်လှတဲ့ မိန်ရာသီတပေါင်းလမှာ ကျန်းမာရေးအတွက် ခန္ဓာကိုယ်ပေါ့ပါး လန်းဆန်းတက်ကြွစေမည့် ရာသီအလိုက် ဓာတ်အကြိုက် သတိပြု၍ စားသုံးနိုင်ကြရန်အတွက်…

### ရှောင်ကြဉ်ရမည့် အစားအစာများ

ဒူးရင်းသီး၊ ဥသျှစ်သီး၊ ကုလားအော်ငရုတ်သီး၊ ပတဲကောကြီး၊ ဥသျှစ်ရွက်၊ ရဲယိုရွက်၊ တညင်းသီး၊ ဆူးပုပ်ရွက်၊ အီကုတ်၊ ပုရစ်၊ တမာရွက်၊ တမာချဉ်၊ ငရုတ်သီး အပူအစပ်၊ ငရုတ်ကောင်းများများ၊ အုန်းထမင်း၊ ဒံပေါက်ထမင်း၊ ကျပ်တင်ခြောက်များ၊ ကြောင်လျှာသီး၊ ခွေးတောက်ရွက်၊ ဆိတ်[illegible] တောက်တာဥ၊ မျှစ်ချဉ်၊ မှ[illegible] မိဿလင်၊ ချင်း(ဂျင်း)၊ ရှမ်းနံ့နံ၊

အမဲသား၊ တွင်းအောင်းသား [illegible] သား၊ ဖားသား၊ သိုးသား စသည်[illegible] ရှောင်ကြဉ်ရပါမည်။

### ကျန်းမာရေးအတွက် အကျိုး[illegible] ဆေးဖက်ဝင် စားသုံးသင့်သ[illegible] အစားအစာများ အသီးအရွ[illegible]

ဖရဲသီး၊ သခွားသီး၊ ကျော[illegible] သီး၊ မင်းကွတ်သီး၊ သဘော်သ[illegible] အုန်းစိမ်းရည်၊ ထန်းမြစ်၊ [illegible] သရက်သီးမှည့်၊ သရက်[illegible] မန်ကျည်းရွက်၊ မန်ကျည်းမှည့်၊ ကင်ပွန်းချဉ်၊ ပါးရောင်းခဉ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ယိုးဒယားချဉ်ပေါင်၊ ကန်စွန်းဥ၊ ရွှေဖရုံသီး၊ ပဲမြစ်၊ လက်ပံပွင့်၊ ကင်းပုံသီး၊ တင်းပုံရွက်၊ သနပ်ရွက်နု၊ ဆီးသီးအချို အချဉ်။

ကန်စွန်းရိုးနီ၊ မရန်းသီး၊ မုန်လာဥ၊ မုန်လာရွက်၊ ကနဖော့၊ ကြာရိုး၊ ကြာစွယ်၊ ကြာသီးဆန်စေ့၊ ရေမုန်ညင်း၊ စပါးဥ(ရေပြောင်း)၊ ဆန်ဆေးရွက်၊ ဟင်းနုနယ်၊ မြင်းခွာရွက်၊ သခွတ်ပွင့်၊ ရုံးပတီသီး၊ ပြောင်းဖူး စသည်တို့ကို စားသုံးနိုင်ပါသည်။

## အသား၊ ငါး

ဘဲသား၊ ဘဲဥ၊ ရေကြက်၊ ရေစွလီ၊ ဝက်သား၊ ကျွဲသား၊ ဆိတ်သား၊ ကျွဲနို့၊ ဆိတ်သား၊ ဆိတ်နို့၊ ငုံး၊ ခါ၊ လိပ်ဥ၊ ငါးမြင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်း၊ ငါးရံ့၊ ငါးဖယ်။

ငါးပတ်၊ ငါးသလောက်၊ ငါးမြွေလုံး၊ ငါးစင်ရိုင်း၊ ပုစွန်တုပ်၊ ငါးဥ၊ ကြက်သား၊ ရစ်သား၊ ငါးနုပ်ခြောက်၊ ငါးမုတ်၊ ငါးညို့၊ ငါးကွမ်းရှပ်၊ ငါးခွေးလျှာ။

ငါးရှဉ့်၊ ငါးဒေါင်စင်း၊ ငါးပိ၊ ငါးချဉ်(ပါစွန်) စသည်တို့ကို စားသုံးနိုင်ပါသည်။

## အချဉ်သီး

သံပရိုသီး၊ ဆီးချဉ်သီး၊ ငွေချဉ်သီး၊ သလဲသီး၊ သီးသီး၊ မန်ကျည်းသီးမှည့်၊ မရန်းသီး၊ သရက်သီးစိမ်း၊ ဝါးရောင်းချဉ်၊ ကင်ပလင်းရွက်။

ပအုန်းရည်၊ ဆန်ပုံးရည်ချဉ် စသည်တို့ကို အသုပ်ဟင်းပွဲများတွင် ထည့်သွင်း စားသုံးပေးနိုင်ပါသည်။

## အထူးသဖြင့်

ဤမိန်ရာသီ တပေါင်းလရာသီတွင် ကိုယ်ပူအဖျားကြီး အပူကန်နာများ၊ ဝက်သက်၊ ရေကျောက်၊ ပဲသီတာ၊ အနာမီး၊ အနာစက်များ ဖြစ်ခဲ့သော်...

ကရမက်နှင့် ကောရောင်မြစ် ဆေး(၂) မျိုးကို ဆန်ဆေးရည်နှင့်သွေးပြီး ဆား ဇရုတ်ကောင်း (၃)စေ့ခန့်ခပ်ပြီး ဆေးရည် ဟင်းစားဇွန်း(၁)ဇွန်း တစ်နေ့(၃)ကြိမ် တိုက်ပေးပြီး ခန္ဓာကိုယ် တစ်ကိုယ်လုံးကို ကရမက်သွေးပြီး အနှံ့လိမ်းပေးပါ။

ဝမ်းပျက်၊ ဝမ်းလျှော၊ အစာအဆိပ်သင့်ခဲ့သော် ကြက်သွန်ဖြူ (၇)တက်ကို ငရုတ်ကောင်း(၇)စေ့နှင့်ရော၍ အညက်ထောင်းပြီး ပျားရည်(၁)ဇွန်းနှင့်ဖျော်ပြီး ရေနွေးပူပူနှင့် တစ်ခါတည်း တိုက်ချလိုက်ပါက ရောဂါပျောက်ကင်းစေပါသည်။

## မိန်ရာသီ တပေါင်းလ

## မိသားစုကျန်းမာရေး

## ထမင်းပွဲအတွက် ဆေးဖက်ဝင်

## ဓာတ်စာ ဟင်းစပ်အတွဲများ

## [(၇)ရက် (၁)ပတ်စာ

## ဟင်းစပ်အတွဲများ]

**၁။ ငါးရံ့နှင့် သနပ်ရွက်နု ချဉ်ရည်ဟင်း**

- ပြောင်ချဉ်ဖူးသုပ်၊
- ငါးခုံးမငါးကလေး အကြွပ်ကြော်၊
- ငါးပိရည် တို့စရာ အစုံ၊

**၂။ ငါးရံ့ ဆီပြန် မန်ကျည်းမှည့်အုပ်ချက်**

- သရက်ချဉ်သုပ်၊
- ပဲနီလေးဟင်းချို၊
- ငါးပိဆီကြော်၊

**၃။ ဘဲသား ဒန့်သလွန်သီးအုပ် အချဉ်ချက်**

- မန်ကျည်းရွက်သုပ်၊
- ပြည်ပန်းချိုဟင်းချို၊
- အညာငရုတ်သီးဆားထောင်း၊

**၄။ ဆိတ်သားထောင်းကြော်**

- မြင်းခွာရွက်သုပ်၊
- ချဉ်ပေါင်မှုန်ရောင်ဟင်းချို၊
- ရခိုင်ငါးပိသုပ်၊

**၅။ ငါးမြင်းသား ဝါးရောင်းချဉ်ရွက်အုပ်ချက်**

- ကြာရိုးဟင်းချို၊
- ပဲပင်ပေါက်ကြော်၊
- ချဉ်ပေါင်သီး ငါးပိထောင်း။

**၆။ အညာဝက်သား ငါးခြောက်ချက်**

- ငှက်ပျောဖူးသုပ်၊
- ကျောက်ဖရုံသီး၊ ဝက်နံရိုး ဟင်းချို၊
- ခရမ်းချဉ်သီး ပူစီပေါင်းချက်၊

**၇။ အညာနွားနို့ခဲချက်**

- မြေပဲဆန် ဘာလချောင်ကြော်၊
- ငါးခူ ငါးပိကောင် မန်ကျည်း မှည့်အုပ်ချက်၊
- နွားလျှာကြီး ဆူးပုပ်အသေးရွက် ဟင်းချို၊

## အချိုပွဲ

သီးသီးယို၊ သီးသီးထောင်း၊ ဆီးယို၊ မုန့်ပျားအုံ၊ မုန့်ဆီကြော်၊ ထန်းသီးမုန့်၊ တည်သီးမှည့်၊ ထန်းသီးနု၊ အုန်းကြာဖံဖျော်ရည်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း စသည်တို့ကို အချိုပွဲ တည်ခင်းနိုင်ပါသည်။

ယခု တင်ပြခဲ့သည့် (၇)ရက် (၁)ပတ်စာ ဟင်းစပ်အတွဲများသည် မိန်ရာသီတပေါင်းလအတွက် ရာသီအလိုက် ဓာတ်အကြိုက် ဆေးဖက်ဝင် ကျန်းမာရေး အကျိုးပြု "**နက္ခတ် ဓာတ်စာ ဟင်းလျာ**"များ ဖြစ်ပါသည်။

***"စားသမျှ ဆေးဖက်ဝင်၍ ကျန်းမာကြပါစေ"***


**ဆရာ မင်းချမ်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌာန်း၂၄ ပစ္စည်း စည်းချအစီအရင်





ရွှေလွန်းခိုင် (ရေကြည်)

အရှေ့မြောက်အရပ်

(တနင်္ဂနွေသားသမီး)

၁။ ဟေတု ပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိ ပစ္စယော၊

အရှေ့အရပ်

(တနင်္လာသားသမီး)

၄။ အနန္တရပစ္စယော
၅။ သမနန္တရ ပစ္စယော
၆။ သဟဇာတပစ္စယော၊

အရှေ့တောင်အရပ်

(အင်္ဂါသားသမီး)

၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော၊

တောင်အရပ်

(ဗုဒ္ဓဟူးသားသမီး)

၁၀။ ပုရေဇာတ ပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော၊

အနောက်တောင်

(စနေသားသမီး)

၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော၊

အနောက်တောင် အရပ်

(ကြာသပတေးသားသမီး)

၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော၊

အနောက်မြောက်အရပ်

(ရာဟုသားသမီး)

၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော၊

မြောက်အရပ်

(သောကြာသားသမီး)

၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အ,ဝိဂတ ပစ္စယော တိ။

အရှေ့မြောက်ပြန်အုပ်

ဟေတုပစ္စယော
အာရမ္မဏပစ္စယော
အဓိပတိ ပစ္စယော

အညွှန်း

ဤကား **တနင်္ဂနွေသားသမီး အတွက်စည်းချပုံဟုမှတ်ပါ။တနင်္လာ သားသမီးဖြစ်ပါက အရှေ့အရပ်မှ စ၍ ချရမည်။**

**အရပ်ရှစ်မျက်နှာကို ကြပ်စင်နံစဉ်ကို မှတ်သား၍ မိမိ၏ မွေးနံအရပ်၊ ထောင့်က စ၍ စည်းချရမည်။ မွေးနံမဟုတ်သော အရပ်၊ ထောင့်က စ၍ မချရ။**

ရှေးဦးစွာ မိမိစည်းချလိုသော အိမ်၊ ကျောင်း၊ ဇရပ်၊ တရားအားထုတ်ရာ ဌာန၊ တောအရပ် စသည်များကို ဖြစ်စေ၊ မိမိအိမ်နေရာ စည်းချလိုသော် နေရာကို စိတ်နှင့်ဖြစ်စေ (သို့မဟုတ်) တုတ်ဖြင့် မြေသို့ ရေးခြစ်၍ ဖြစ်စေ၊ သဲ၊ ရေ စသည်တို့ဖြင့် နေရာပိုင်းခြား၍ ဖြစ်စေ စည်းချရန် သတ်မှတ်ရမည်။

မိမိကိုယ်ကို မတ်တတ်ရပ်ပြီး မိမိ မွေးနံ့ကစ၍ လက်ညှိုးထိုးပြီး ဟေတု ပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော စသည်ဖြင့် လက် ယာရစ်အတိုင်း တစ်မျက်နှာလျှင်(၃) ပစ္စည်း လက်ညှိုးထိုး၍ စည်းချရမည်။

စည်းချသောအခါ မွေးနံ့အရပ်က စ,သဖြင့် မွေးနံ့အရပ်၊ ထောင့်မှာပင် အဆုံးသတ်ရမည်။

**မိမိလက်ညှိုးထိုး၍ လက်ယာရစ် စည်းချသောအခါ ခြေကပါ လှည့် လိုက်ပါ။ ဖနောင့် မမြောက်ပါနှင့်၊** ခြေဖျားနှင့်သာ လှည့်လိုက်ပါ။ **မိမိ မွေးနံ့အရပ်ရောက်လျှင် ရပ်ပါ။**

**ညအိပ်ရာဝင်တိုင်း စည်းချအိပ်ပါ။ မိမိ အိမ်အတွင်း ပထမပတ်၊ မိမိခြံအတွင်း ဒုတိယပတ်၊ မိမိနယ်မြေအတွင်း တတိယ ပတ် စည်း(၃)ချက် တားပြီး အိပ်ပါက**

စာမျက်နှာ (၁၉၁) သို့

www.burmeseclassic.com


စေလေးလုံး

# သာသနာ့ငါးထောင် အင်းတော်

ထီ ပေါက် ပါ စေ
၇ ၅ ၅ ၃

၁၀|၇၅၅၃|၉၄×၈=၇၅၂
၇၂၀
၃၅၃
၃၂၀
၃၃

သာသာနာ ၅၀၀၀
− ၇၅၂
၄၂၄၈
\+ ၉၄
၄၃၄၂
\+ ၉၄
၄၄၃၆
\+ ၉၄
၄၅၃၀
\+ ၉၄
၄၆၂၄
\+ ၉၄
၄၇၁၈
\+ ၉၄
၄၈၁၂
\+ ၉၄
၄၉၀၆
\+ ၉၄
၅၀၀၀



| | | |
|---|---|---|
| ၄၂၄၈ (၁) | ၄၅၃၀ (၄) | ၄၈၁၂ (၇) |
| ၄၇၁၈ (၆) | ၅၀၀၀ (၉) | ၄၃၄၂ (၂) |
| ၄၄၃၆ (၃) | ၄၉၀၆ (၈) | ၄၆၂၄ (၅) |

စာရေးသူအဘိုး၏ စာအုပ်မှ **စေလေးလုံး သာသနာ့ငါးထောင် အင်းတော်ကြီး** တွေ့ရှိ၍ အသုံးပြုကြပါရန် ရေးသားပေးပို့လိုက်ပါသည်။

ဤအင်းတော်ကြီးကို တန်ခိုးကြီး ဘုရားရှေ့မှာ ကိုးပါးသီလ ခံယူ၍ အသုံးလိုသော စေလေးလုံးကို မြင်းသွားရေးသွင်းပြီး ဂုဏ်တော်တစ်ထောင် ခန်းမှတ်ပြီး အင်းကို အသုံးပြုပါ။

ရွှေပြား၊ ငွေပြား၊ ကြေးကမ္ဗဝါ၊ သိမ်ဝင်သပိတ်များတွင် ကိုယ်လိုသော စေလေးချက်ကို အင်းဆန်ပြုလုပ်ပါ။

'သာသနာ့ငါးထောင်(၅၀၀၀) အင်းတကာ ထိပ်ခေါင် တွက်လိုလျှင် တယ်မခက်ပါဘူး။ စေလေးချက် တည်မသွေ ရှစ်ဆယ်(၈၀)နှင့် ချေ၊ လဒ်အရ ကိန်းအနေ တိမ်းမသွေ(၈)ခု နှင့်မြှောက် နှုတ်ရောက်ကာ အင်းဆန်ပ၊ လဒ်အရနှင့်တိုးပါလေ၊ စေလေးချက် ဒီအင်း အနေ တန်ခိုးတွေ ကြွယ်လွန်လှလေး"

၁။ ကျန်းမာပါစေ။
၂။ ချမ်းသာပါစေ။
၃။ စီးပွားတိုးစေ။
၄။ ဘေးကင်းပါစေ။
၅။ ထီပေါက်ပါစေ။
၆။ ကာဝင်ပါစေ။
၇။ ကာထွက်ပါစေ။

**ဦးအေးချို(အငြိမ်းစား)**

စာမျက်နှာ (၁၉၀)မှ အဆက်

**အန္တရာယ်အမျိုးမျိုးကို ကာကွယ်နိုင်ပါသည်။**

သူခိုး၊ ဓားပြ စသော ရန်အမျိုးမျိုး၊ အဆိပ်ရှိသော သတ္တဝါတို့မှအစ ရန်သူ များ စည်းအတွင်းသို့ မဝင်နိုင်၊ မနှောင့်ယှက်နိုင်ကြပါ။

ည အိပ်ရာဝင်၊အိပ်ရာထ နေ့စဉ် မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ပါက ဘေး ရန်ကင်းခြင်း၊ မျက်နှာပွင့်လန်းခြင်း၊ စည်းစိမ်ဥစ္စာတိုးတက်ခြင်း၊ ကျန်းမာ ရွှင်လန်းခြင်း ဒိဋ္ဌအကျိုးထူးတရားတို့ကို ရရှိခံစားရပေမည်။

**အကျွက်စရုန်း၊ သဲ၊ ရေ စသည်တို့ကိုလည်း (၃)ခါက ရွတ်ဖတ် မန်းမှုတ်လျှက် မြှမ်းထားလျှင် သူခိုး၊ ဓားပြ စသော ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှ အစဉ်အမြဲ အကာအကွယ်ကောင်း ဖြစ်ပေသည်။**

၂၄ ပစ္စည်းကို နေ့စဉ်မှန်မှန် ရွတ်သောသူအား မိမိခန္ဓာကိုယ်ကို သည်းကောင်း၊ မိမိပိုင်ဆိုင်ရာ ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း ရန်သူဟူသမျှတို့သည် ဖျက်ဆီးယူငင်ခြင်းငှာ မစွမ်းနိုင်ကြကုန်။

မကောင်းဆိုးရွား ယုတ်မာသော ဖုတ်ပြိတ္တာ၊ တစ္ဆေ၊ စုန်း၊ နတ်၊ ဂဝေ၊ ဘီလူး စသည်တို့ ပူးဝင်ခိုကပ် ဖမ်းစား ခြောက် လှန့်ခြင်းငှာ မစွမ်းနိုင်ကြကုန်။

အထူးသဖြင့် မိမိ၌ စိတ်ဆင်းရဲဖွယ်ရာ အကျပ်အတည်း ဒုက္ခနှင့် ရင်ဆိုင်ရပါက အမြဲမပြတ် ရွတ်ဖတ်ခြင်း၊ စိပ်ပုတီးဖြင့် အဓိဋ္ဌာန်ပြု၍ စိပ်ပါက အကျဉ်းအကျပ် အခက်အခဲဒုက္ခမှလွတ် ကင်းနိုင်ပါသည်။ ၂၄ ပစ္စည်းကို (၂၄)ရက်၊ တစ်နေ့ (၂၄)ပတ် အဓိဋ္ဌာန်ဖြင့် အနုလုံ၊ပဋိလုံ ရွတ်ဆိုပုတီးစိပ်ပါက ထူးခြားသော အကျိုးထူးတရားများကို ကိုယ်တိုင် တွေ့ကြုံ ခံစားရပေလိမ့်မည် ဖြစ် သတည်း။ ***သုခီအတ္တာနံ ပရိဟရန္တု***

**ရွှေထွန်းဦး (ရွှေကြည်)**


www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ မေလတွင်

# ထီ

## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့





မေလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြစေရန် ၂,၃,၆,၇ ဂဏန်းခြေများကို **ဃ,ည,ထ,ပ** အက္ခရာများနှင့် တွဲဖက်ကံစမ်းပါ။

ဂဏန်းတူ အပူးအထပ်များ အလိုရှိပါက ၂,၃,၆,၇ ဂဏန်းများအနက် နှစ်လုံးထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။

**ဆိုင်တည်ရာအရ ရွေးချယ်လိုပါက** လွှင်ပြင်ကျယ်, ကစားကွင်း, လမ်းထိပ်, ကုန်းမြင့်ထက် စသည့်နေရာများ၌ ဖွင့်လှစ်သော ထီလက်မှတ်အရောင်းဆိုင်၊ တရားရုံး, အစိုးရအာဏာပိုင်အဖွဲ့အစည်း ရုံးစိုက်ရာများအနီး ရောင်းချသောဆိုင်၊ စားဖိုဆောင်သုံးပစ္စည်းအရောင်းဆိုင်များ အနီးရှိဆိုင်များတွင် ကံစမ်းပါ။

မိမိတို့ မွေးလရာသီအရ ကံအခွင့်အလမ်းကို အသုံးချလိုပါက ဇယား၌ကြည့်ပါ။

* * * ⟶

**ဥပမာ။ ။ မိဿရာသီဖွား(မတ်လ ၂၁-ရက်မှ ဧပြီလ ၂၀-ရက် အတွင်း မွေးသူ)**တို့သည် (၆)ဂဏန်း၊ အပြာရောင်၊ ချိုသောအရသာ၊ အရှေ့တောင်ထောင့်အရပ်၊ စိန်ကျောက်မျက်နှင့် စနေနေ့တို့က ကံလာဘ် ပွင့်လင်းစေပါလိမ့်မည်။

**စပ်တူထိုးလိုပါက** အင်္ဂါသားသမီးများနှင့် ကံစပ်ပါ။ သောကြာသားသမီးများနှင့် အစုစပ် ကံစမ်းခြင်းကို ရှောင်ပါ။

**ဤလအတွက် ထီကံထူးနိုင်သူများမှာ** တနင်္ဂနွေနှင့် အင်္ဂါသားသမီးများဖြစ်ကြသည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက** ပေါက်ပန်းဖြူရွက်(၉)ရွက်ကို ကြမ်းပြင်တွင် ချနင်း၍ အဝါရောင်ကို ခေါင်းထက် ဆင်မြန်းကာ ထီကံစမ်းနိုင်ကြသည်။ ဥပမာ အဝါရောင် ခေါင်းစည်းပဝါ, ထီး, ပန်း, ဆံညှပ်ကလစ်, ဦးထုပ် စသည် တစ်ခုခုကို အသုံးပြုနိုင်လေသည်။

***ထီဆုကြီးများဆွတ်ခူးနိုင်ကြပါစေ...***

### ထက်မင်းကျော်စွာ

| ရာသီ | ဂဏန်း | အရောင် | အရသာ | အရပ် | နေ့ကောင်း | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၁မှဧပြီ၂၀ | ၆ | ပြာ | ချို | အရှေ့တောင် | စနေ | စိန် | အင်္ဂါ | သောကြာ |
| ပြိဿရာသီ ဧပြီ၂၀မှမေ၂၀ | ၃ | ပန်း | ခါး | တောင် | တနင်္ဂနွေ | သန္တာ | စနေ | တနင်္လာ |
| မေထုန်ရာသီ မေ၂၀မှဇွန်၂၀ | ၉ | ဖြူ | ငန် | အရှေ့မြောက် | တနင်္လာ | ကြောင် | တနင်္လာ | ဗုဒ္ဓဟူး |
| ကရကဋ်ရာသီ ဇွန်၂၀မှဇူ၂၀ | ၀ | နက် | ဖန် | အနောက် | သောကြာ | နီလာ | ဗုဒ္ဓဟူး | တနင်္ဂနွေ |
| သိဟ်ရာသီ ဇူ၂၂မှဩ၂၀ | ၇ | နက် | ဖန် | အနောက် | သောကြာ | နီလာ | ဗုဒ္ဓဟူး | တနင်္ဂနွေ |
| ကန်ရာသီ ဩ၂၂မှစက်၂၀ | ၅ | ဝါ | ချို | အရှေ့မြောက် | တနင်္လာ | ဥဿဖရား | တနင်္လာ | ဗုဒ္ဓဟူး |
| တူရာသီ စက်၂၂မှအောက်၂၂ | ၃ | ပန်း | ခါး | တောင် | တနင်္ဂနွေ | သန္တာ | စနေ | တနင်္လာ |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို၂၀ | ၆ | ပြာ | ချို | အရှေ့တောင် | အင်္ဂါ | စိန် | အင်္ဂါ | သောကြာ |
| ဓနုရာသီ နို၂၂မှဒီ၂၀ | ၈ | မြောက်ကျား | ပုပ်သိုး | အနောက်တောင် | ဗုဒ္ဓဟူး | ဂေါမိတ် | တနင်္ဂနွေ | အင်္ဂါ |
| မကာရရာသီ ဒီ၂၀မှဇန်၁၉ | ၂ | ဖြူ | ငန် | အနောက်မြောက် | ကြာသပတေး | ပုလဲ | သောကြာ | ကြာသပတေး |
| ကုံရာသီ ဇန်၂၀မှဖေ၁၈ | ၁ | နီ | စပ် | အရှေ့ | အင်္ဂါ | ပတ္တမြား | ကြာသပတေး | စနေ |
| မိန်ရာသီ ဖေ၁၉မှမတ်၂၀ | ၄ | စိမ်း | ရောနှော | မြောက် | ဗုဒ္ဓဟူး | မြ | တနင်္ဂနွေ | အင်္ဂါ |

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်တန်းစာမေးပွဲကို

ထူးချွန်စွာ အောင်မြင်မလား

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ပုံစံ(၁)
ခွဲစိတ်ဆရာဝန်မ




အသက်(၁၆)နှစ်အရွယ် ကျောင်းသူတစ်ဦးဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းဖြေဆိုမှာဖြစ်ကြောင်း သိရပါတယ်။ သူမရဲ့ ဘယ်လက်ဖဝါးပြင်ကို **ပုံစံ(၂)**နဲ့ ဖော်ပြထားပါတယ်။

ဘာသာစုံဂုဏ်ထူး ရနိုင်ပါ့မလား ဆိုတဲ့ မေးခွန်းကိုလဲ မေးမြန်းခဲ့ပါတယ်။

ဒါကြောင့် ကျွန်ုပ်အနေနဲ့ သူမရဲ့ လက္ခဏာနဲ့ အနီးစပ်ဆုံးတူညီတဲ့ ဘယ်လက်ဖဝါးပုံစံတစ်ခုကို ရွေးထုတ်ယူပြီး ယှဉ်တွဲပြသလိုက်ပါတယ်။

**ကျွန်ုပ်နဲ့ လာရောက်တွေ့ဆုံခဲ့ဖူးတဲ့ အသက်(၃၂)အရွယ် ခွဲစိတ်ဆရာဝန်မတစ်ဦးရဲ့** လက္ခဏာပုံစံဖြစ်ပါတယ်။


ဘွဲ့လွန်
စာမေးပွဲ
အောင်မြင်ဖို့
ကျွန်ုပ်နဲ့လာရောက်
တွေ့ဆုံခဲ့သူဖြစ်ပါတယ်။
**ပုံစံ(၁)နဲ့**
ဖော်ပြထားပါတယ်။

**(က)အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံပေါ်က ရည်မှန်းချက်လမ်းဖြစ်ပါတယ်။

ကြာသပတေးဂြိုဟ်ခုံကို အားကောင်းစေပါတယ်။ ကြာသပတေးဂြိုဟ်ခုံက ပညာရေးနဲ့သက်ဆိုင်တဲ့အတွက် ဒီသက်တရှိခြင်းဟာ ပညာရေး ထူးချွန်ခြင်း၊ ပါရဂူဘွဲ့အထိ သင်ယူတတ်မြောက်နိုင်ခြင်း ဖြစ်စေပါတယ်။


**ပုံစံ(၁)နဲ့ (၂)မှာ** ထိုသင်္ကေတမျိုး

www.burmeseclassic.com




ရှိကြတယ်။

* * *





**(ခ)အက္ခရာနဲ့** ညွှန်ပြထားတာက လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်က **ကြာဖူးသင်္ကေတ**ဖြစ်ပါတယ်။

ဘာပဲလုပ်လုပ် အောင်မြင်ကျော်ကြား လူသိများခြင်း၊ အကြံအစည်အောင်မြင်ခြင်း၊ လိုအင်ဆန္ဒပြည့်ဝခြင်း၊ ချမ်းသာကြွယ်ဝခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။

ဒီသင်္ကေတရှိခြင်းဟာ ဘာသာစုံဂုဏ်ထူး ရရှိမှုကို များစွာ အထောက်အကူပြုပါတယ်။ **ပုံစံ(၁)နဲ့ (၂)**နှစ်ခုလုံးမှာ ရှိတယ်။

* * *





**(ဂ)အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဉာဏ်လမ်းကြောင်း ဖြောင့်တန်းရှည်လျားအားကောင်းပြီး လက်ဖဝါးစွန်း နှစ်ဖက်စလုံး ထိစပ်နေခြင်း၊ ဉာဏ်လမ်းကြောင်းအဆုံးမှာ ကြာဖူးသင်္ကေတရှိခြင်း၊ ဉာဏ်လမ်းကြောင်းပေါ်မှာတြိဂံ၊ စတုဂံ၊ အညွှန့်စတဲ့ သင်္ကေတများ ရှိခြင်း ဖြစ်ပါတယ်။

ဒီသင်္ကေတဟာ ဉာဏ်လမ်းကြောင်းကို အားကောင်းစေပြီး ဉာဏဗလယုဂ်ရစေတယ်။

ကျက်ဉာဏ်၊ မှတ်ဉာဏ်၊ ထိုးထွင်းဉာဏ်၊ တီထွင်ဉာဏ် အလွန်ကောင်းတယ်။ ဘယ်လိုပညာရပ်မျိုးကိုမဆို လွယ်ကူစွာ လေ့လာသင်ကြားတတ်မြောက်နိုင်တယ်။ **ပုံစံ(၁)နဲ့ (၂)**နှစ်ခုစလုံးမှာ ရှိတယ်။

* * *



www.burmeseclassic.com

**(ဃ)အက္ခရာနဲ့** ညွှန်ပြထားတာဟာ အသက်လမ်းကြောင်း အရင်းဘက်မှ တနလ်ာဂြိုဟ်ခုံဘက်ကို ခွဲဆင်းတဲ့ နိုင်ငံခြားသွားလမ်းများ ဖြစ်ပါတယ်။

ပြည်ပနိုင်ငံရပ်ခြားမှာ ပါရဂူဘွဲ့များ သွားရောက် သင်ကြားရရှိတဲ့သူမှာ အများအားဖြင့် တွေ့ရတတ်တယ်။ **ပုံစံ(၁)ရော (၂)မှာ**ပါရှိတယ်။

**(င)အက္ခရာနဲ့** ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းအတွင်း ထောင်လိုက် မျဉ်းမတ်များဖြစ်ပါတယ်။ သောကြာဂြိုဟ်ခုံပေါ်မှာ သံဆန်ခါကွက်တွေ၊ အရံလမ်းတွေ ပြည့်နေတယ်။

ဒီသင်္ကေတဟာ မိတ်ဆွေကောင်း၊ မိဘကောင်း၊ ဆရာသမားကောင်း၊ တပည့်ကောင်း၊ ခြွေရံကောင်းများ ပြည့်စုံစေတတ်တယ်။

မိမိဘဝကို မပူပင် မကြောင့်ကြရအောင် ဆန္ဒပြည့် ပံ့ပိုးပေးနိုင်သူများ ရှိမှလဲ ပညာရေးမှာ ထူးချွန်အောင်မြင်ဖို့ အခွင့်အလမ်း ပိုမို ရှိပါတယ်။ **ပုံစံ(၁)၊ (၂)တို့မှာ** ရှိပါတယ်။


**ပုံစံ(၁)လက္ခဏာရှင်**ဟာ(၁၀)တန်းစာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးရပြီး ဆေးတက္ကသိုလ် တက်ရောက် အောင်မြင်ခဲ့သူ ဖြစ်ပါတယ်။

ဒါကြောင့် **ပုံစံ(၂)လက္ခဏာရှင်** (၁၀)တန်း ကျောင်းသူဟာလဲ တက္ကသိုလ်ဝင်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့အောင်မြင်ပြီးဆေးတက္ကသိုလ် တက်ရောက်ရဖို့ သေချာပါတယ်။ စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်နိုင်ကြောင်း ကြိုတင်ဟောကိန်းထုတ်ပေးလိုက်ပါတယ်။

ဒါပေမယ့်...

**ပုံစံ(၂)မှာ** ဉာဏ်လမ်းကြောင်းပေါ် ကျွန်းသင်္ကေတရှိနေတယ်။ **(စ)အက္ခရာနဲ့** ညွှန်ပြထားပါတယ်။

* * *



**အဲဒီကျွန်းသင်္ကေတဟာ စာကျက်ရင် အိပ်ငိုက်ခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ မေ့လွယ်ခြင်း၊ ခေါင်းမူးခေါင်းကိုက်ဖြစ်ခြင်းဆိုတဲ့အညွှန်းများကိုပြနေပါတယ်။**

သောကြာဂြိုဟ်ခုံပေါ်မှာ သံဆန်ခါကွက်တွေ အားကောင်းခြင်းကြောင့် အပျော်အရွှင်လဲ မက်တတ်တယ်။ အဲဒါတွေကို ပြုပြင်ပေးဖို့လိုကြောင်း သတိပေးလိုက်ရပါတယ်။

အဲဒီကျွန်းသင်္ကေတ မှေးမှိန်ပျောက်ကွယ်သွားစေဖို့ ရေကြာကြာမချိုးနဲ့၊ အချိန်မဲ့ရေမချိုးနဲ့၊ ခေါင်းခဏခဏမလျှော်နဲ့၊ ရေခဲရေ၊ အအေးများများမသောက်နဲ့၊ လေပန်ကာ၊ အဲယားကွန်း ကြာကြာမခံနဲ့၊ ညဥ့်နက်ခံပြီး အိပ်ပျက်အောင် စာမကျက်နဲ့၊ မနက်စောစောထကျက်။

ဝတ္ထုမဖတ်နဲ့၊ ရုပ်ရှင်၊ ဗီဒီယိုမကြည့်နဲ့။ ဖြစ်နိုင်ရင် လုံးဝမကြည့်နဲ့ဆိုတဲ့ တားမြစ်ချက် စည်းကမ်းတွေလဲ လမ်းညွှန်ပေးလိုက်ရပါတယ်။

စာဖတ်သူများလဲ မိမိတို့ သားသမီးများ တက္ကသိုလ်ဝင်တန်းမှာ ထူးချွန်စွာ ဖြေဆိုအောင်မြင်နိုင်ခြင်း ရှိ၊မရှိ ယခုလက္ခဏာများနဲ့ တိုက်ဆိုင်စစ်ဆေးပြီး သိရှိနိုင်ကြပါစေသတည်း။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**[လက္ခဏာဗေဒင်ပညာသုတေသီ]**

**စာမျက်နှာ (၁၉၇)မှ အဆက်**

ကျွန်တော် ကျွမ်းကျင်ပြီးသော လျှောတက်ကျင့်စဉ်သည် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်နှင့်လေပြီ။

ထိုအခါ အဖေမှာခဲ့သော စကားတစ်ခွန်းကို ပြန်လည် သတိရမိသည်။ **"အလေ့အကျင့်မပြတ်ဖို့ အရေးကြီးတယ်"**ဟူသော စကားဖြစ်သည်။

မြန်မာ့ ဆိုရိုးတစ်ရပ်အရ "ဂီတအသက် (၇)ရက်"ဟု ဆိုကြသည်။ ဦးနှောက်နှင့်လက် ပေါင်းစပ်လှုပ်ရှားရသည့် ဂီတပညာသည် (၇)ရက်ကြာ ပြတ်လပ်သောအခါ မူလပင်ကိုယ် ကျွမ်းကျင်မှု ယုတ်လျော့ရလေသည်။

ကျွန်တော့်မှာကား (၁၀)နှစ်ကျော် ပြတ်လပ်ခဲ့ပြီးသော ရုပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုဖြစ်သည့် "လျှောတက်" အတတ်သည် ကျွန်တော့်ထံမှ ပျောက်ကွယ်သွားသည်ထိ အံ့သြခြင်း မဖြစ်မိတော့ပါချေ။

အဖေပေးခဲ့သော ပညာအမွေများ အနက်မှ ဆေးနည်းများနှင့် ကျင့်စဉ်နိဿယများကို အဖေ့မှတ်တမ်းများ အရ ပြန်လည်ရှာဖွေရရှိခဲ့သော်လည်း ကိုယ်ဖော့ပညာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည့် လျှောတက်၊ တောက်တဲ့ကပ် ကျွမ်းကျင်မှုပညာသည်ကား မည်သို့သောအခါမှ ပြန်လည်ရရှိနိုင်မည် မဟုတ်တော့ဟု နှမြောတသကာ မွေးဘခင်၏ ဂုဏ်ကျေးဇူးတို့ကို ဦးညွှတ်ပျပ်ဝပ်မိသည်။

ကိုယ်ခံပညာ၏ အဆင့်မြင့်လှို့ဝှက်ကျင့်စဉ်များကို ဝါသနာရှင်တို့ လေ့ကျက် လိုက်စားနိုင်ခြင်းငှာ မိတ်ဆက်တင်ပြလိုက်ပါသည်။ ဖွံ့ လုံ့လဖြင့် စူးစမ်းလေ့လာ လေ့ကျင့်နိုင်ကြပါစေ။

**ဟူဂျင်းဇီ *(Hu Jin Zhi)***

www.burmeseclassic.com

# တောက်တဲ့ကပ်တက်နည်း

ကျင့်စဉ်

**ဟုကျင်းဇီ (Hu Jin Zhi)**

အဖေသည် ကျွန်တော်(၅)နှစ်သား အရွယ်ကပင် "မင်နန်း"ဒေသသုံး ရှေးဟောင်းတရုတ်စာကို စတင်သင်ကြားပေးခဲ့သည်။

(၆)နှစ်အရွယ် မူလတန်းကျောင်းနေစအချိန်တွင် **ဝူရှု(wu shu)ခေါ် ဂန္ဓာလရာဇ်သိုင်းပညာ** အခြေခံများကို သင်ကြားလေ့ကျင့်စေခဲ့သည်။ ထိုအခါ ကျွန်တော် ကြားသိခဲ့ရဖူးသည့် အကြောင်းအရာတစ်ခုကို အဖေ့အား မေးမြန်းကြည့်သည်။

'အဖေ နံရံမှာ တောက်တဲ့ကပ်သလို လူတွေလဲ ကပ်လို့ တက်လို့ရတာ တကယ်ပဲလား'

'တကယ်ပေါ့ သားရယ်။ သားလဲ ဖွဲနဲ့ လေ့ကျင့်ရင် ကိုယ်တိုင် တက်နိုင်လာမှာပေါ့။ အရေးကြီးတာက အလေ့အကျင့် မပြတ်ဖို့ဘဲ'

သို့နှင့်အဖေသည် **(၁၀)တောင်ခန့် ရှည်သော သစ်သားထုတစ်ချောင်း**ကို အုတ်နံရံတွင် ခပ်လျောလျော မှီ၍ ထောင်ထားလိုက်သည်။

'ကဲ... မင်း ဒီသစ်ပြားပေါ်တက်ပြီး လမ်းလျှောက်ကြည့်စမ်း'

သစ်ပြားမှာ ရွှေဘော် ထိုးမထားသော ပျဉ်ကြမ်းဖြစ်ရာ ကိုယ်ခန္ဓာကို ကောင်းမွန်စွာ ထိန်းသိမ်း၍ လျှောက်နိုင်ခဲ့သည်။ အမြင့်သို့ရောက်လျှင် ကိုယ်ကိုရှိုလျက် လက်ဝါးနှစ်ဖက်ဖြင့် ထိန်းကာ လျှောက်တက်ရသည်။

'ဒါကို (၄၅)ဒီဂရီ စောင်းတယ်လို့ ခေါ်တယ်။ ဒီလျှောက်တန်းပေါ်ကို လက်ဝါးနှစ်ဖက်နဲ့ မဆုပ်မကိုင်ဘဲ တည်တည်ငြိမ်ငြိမ် လျှောက်ပြီး တက်နိုင်အောင်လဲ ကြိုးစားရမယ်'



ထိုလျှောက်တန်း ပျဉ်ပြားပေါ်သို့ ငြိမ်တစ်လှည့်၊ ကျတစ်လှည့်ဖြင့် တစ်နေ့လျှင် တစ်နာရီနှုန်း ကြိုးစားလေ့ကျင့်ခဲ့ရာ (၁၅)ရက်အကြာတွင် တည်ငြိမ်စွာ လျှောက်ပြီး တက်နိုင်အောင် ကြိုးစားရမယ်။

ထိုအခါ အဖေက ပျဉ်ချပ်အား ရွှေဘော်ထိုးကာ ချောလိုက်သည်။ ထို့နောက် မူလနေရာတွင် ပြန်ထောင်ကာ အခု "ချော"ပစ်လိုက်တော့ မင်းအဖို့ အခက်အခဲ နည်းနည်းတွေ့လိမ့်မယ်။ ဖွဲနဲ့ ကြိုးစားသွားရင် တစ်နေ့မှာ တည်တည်ငြိမ်ငြိမ်နဲ့ လျှောက်နိုင်မှာပါ။

သို့ဖြင့် လျှောက်တန်းအချောပေါ်သို့ **"လှမ်းလျှောက်တက်"** လေ့ကျင့်ခန်းကို ဆက်လက်လေ့ကျင့်ရပြန်သည်။ အစနေ့များတွင် ခြေကုပ်မမြဲ၊ ထက်ဝက်ခန့်ရောက်မှပြန်၍လျောလျောကျနေလေသည်။

ဖွဲကြီးစွာဖြင့် အကြိမ်ကြိမ် လေ့ကျင့်ခဲ့ရာ (၂)လကျော်ကာမှပင် တည်ငြိမ်စွာ လျှောက်နိုင်တော့သည်။

'ကဲ...ဒီအချိန်ကစပြီး ပျဉ်ပြားအောက်ခြေကို နံရံဘက်ရောက်အောင် တဖြည်းဖြည်း ရွှေ့သွားရမယ်။ သုံးရက်ပြည့်ရင် လက်မတက်နှုန်း နံရံဘက် နီးကပ်စေရမယ်။

လျှောတန်းကြီး ပိုမတ်လာပြီပေါ့။ ဒါကြောင့် လေ့ကျင့်ချိန်ကို အရင်ကထက် အနည်းဆုံး (၂)ဆတိုး (၂)နာရီထားပြီး လေ့ကျင့်ပေါ့'

ထိုစဉ်က ကျွန်တော်သည် အ,ဏ လေးသာသာ (၆)နှစ်အရွယ်ဖြစ်သည်မို့ အဆော့မက်သည်။ အဖေ့အား ကြောက်သဖြင့်သာ လေ့ကျင့်ချိန်ကို မလျှော့ရဲ။

ပျဉ်ပြားကို လက်ဝါး(၂)ဖက်ဖြင့်ကိုင်ကာ လျှောတက်ရသည့် ဤရိုးရှင်းသော လေ့ကျင့်ခန်းထက် **ခြေလက်များ သွက်လက်စွာ လှုပ်ရှားရသည့် ကွန့်ဖူးကရာတေးစသည့်တိုက်ကွက်**



www.burmeseclassic.com

www.burmeseclassic.com





**ကကွက်များကို** ပိုမို စိတ်သန်နေလေသည်။

(၆)လခန့်ကြာလျှင် အဖေက လေ့ကျင့်ခန်းမဝင်မီ ဒဏ်ကြေဆေးရည်နွေးနွေးတွင် လက်ဖဝါးနှစ်ဖက်အား စိမ်၍ ဆုပ်နယ်စေသည်။ ခြေဖဝါးများကိုလည်း ထိုနည်းတူ စိမ်၍ ဆုပ်နယ်ရသည်။

ထိုဒဏ်ကြေဆေးတွင် **ချင်းလက်တစ်ဆစ် (ချင်းဆူးပြန်–ဆူးချွန်များအထက်သို့လန်နေသောချင်း)၊ ငရုတ်ကောင်း (၂၅)စေ့၊ စပါးလင် အမြစ်နှင့်လက်တစ်ဆစ်၊ ဆားတစ်ဇွန်း၊ ဆက်ဖက်အဖန်ခြောက် တစ်ဇွန်း၊ ဒူးရင်းခွံပြာရည် အကြွမ်းပန်းကန်တစ်လုံးတို့ကို** ပေါင်းစည်းကာ ရေ(၂)ပုလင်းဖြင့်ဆူအောင် ကျိုချက်ထားကြောင်း ကျွန်တော်ကြီးပြင်းလာသည့်နောင်အခါတွင် အဖေ့မှတ်တမ်းများအရ သိရပေသည်။

ထိုကဲ့သို့ လက်နှင့်ခြေကို ဒဏ်ကြေဆေးတွင် (၁၅)မိနစ်စီခန့်စိမ်၍ ဆုပ်နယ်ပေးရသည်။

ဤသို့ ပြုပြင်ပြီး၍ လျှောတက်လေ့ကျင့်ခန်းကို ပြုလုပ်သောအခါ ခြေ၊ လက်၊ ညောင်းညာခြင်းများ လျော့ပါး၍ ရဲဖန်ရဲခါ ခြေချော်၊ လက်ချော် ပြုတ်ကျသောအခါ နာကျဉ်မှုဒဏ်ကို ခံနိုင်ရည် ရှိလာလေသည်။

တစ်နှစ်ခန့် လေ့ကျင့်ပြီးသောအခါ ပျဉ်ပြားအား သုံးရက်လျှင် လက်မဝက်နှုန်းဖြင့် နံရံဆီသို့ ရွှေ့ခြင်းဖြင့် မတ်မြင့်လာသော လျှောတန်းအား တည်ငြိမ်စွာ မတက်နိုင်တော့ချေ။

မကြာခဏဆိုသကဲ့သို့ ပြုတ်ကျလေရာ အဖေက လေးရက်လျှင် လက်မဝက်နှုန်းဖြင့်သာ ရွှေ့စေတော့သည်။

နောက်ထပ် နှစ်လခန့်ကြာလျှင် (၅)ရက်မှ လက်မဝက်နှုန်းဖြင့် ရွှေ့စေလေသည်။

ဤနှုန်းဖြင့် လေ့ကျင့်လာရာ **သုံးနှစ်ကျော်ကာလအတွင်း၌** မတ်ရပ်နံရံများအား အမှီအတွယ်မပါဘဲ ဆယ့်ငါးပေအမြင့်ခန့်အထိ ကြိုးပမ်းတက်နိုင်လာလေသည်။

သို့သော် **ကွေးကောက်နေသည့် (လျှောစောက်မမှန်) အုန်းပင်များ** ကဲ့သို့ လှုပ်ရှားယိမ်းနွဲ့နေတတ်သည့် **အမြင့်မျိုးကိုကား လက်ယှက်ဖက်တွယ်မှုပြုမှသာ တက်ရောက်နိုင်လေသည်။**

ထိုကဲ့သို့ အမြင့်မျိုးနှင့် မျက်နှာကျက်ကဲ့သို့ ရေညီအမြင့်နံရံများတွင် တောက်တဲ့ကဲ့သို့ ကိုယ်ဖော့တက်ရောက်နိုင်ရန် **"ချိကုန်း" ခေါ် အာနာပါနကျင့်စဉ်နှင့် တွဲဖက်လေ့ကျင့်ရမည်**ဟု အဖေက ပြောလေသည်။

သို့သော် ချိကုန်းကျင့်စဉ်များ သင်ကြားပြသခြင်း မပြုနိုင်မီမှာပင် လောကအား မျက်နှာမလိုက်တတ်သည့် မရဏရှင်သေမင်းသည် အဖေ့အား တမလွန်ဘဝသို့ ခေါင်ကျဉ်းသွားလေသည်။

ကျွန်တော် အသက်(၂၀)ကျော်အရွယ်တွင် ကိုယ်ခံပညာကို စေ့စပ်ကြော့ စိတ်လည်လာသောအခါတွင်


စာမျက်နှာ (၁၉၅) သို့

www.burmeseclassic.com

# ထာဝရနှင့် ရက်မှ

ကုသိုလ်ယတြာအကြောင်း

ဇော်မြင့် (မြင်းခြံ)



ဘုရားဖူးခရီး ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာသော တပည့်မလေး ခင်မာလာသည် စားသောက်ဖွယ် မုန့်မျိုးစုံတို့ဖြင့် ကျွန်ုပ်ကို ရှိသေပျပ်ဝပ်စွာ လာရောက် ကန်တော့သဖြင့် ဆုမွန်ဆုကောင်း ပေးလိုက်ပြီးနောက်...

'ဘယ့်နှယ်လဲသမီး... ဘုရားဖူးထွက်တာ ကုသိုလ်နဲ့ စိတ်ချမ်းသာမှုရခဲ့လား'

ဟု ဆရာဝတ္တရားအရ မေးလိုက်သည်။

'တစ်ခါတစ်ရံ ခရီးထွက်ရတာဆိုတော့ စိတ်ချမ်းသာတယ်လို့ ပြောရမှာပဲ အဘ၊ တစ်နှစ်ထက် တစ်နှစ်ပြောင်းလဲနေတဲ့ခေတ်လို့ ပြောရမလားမသိ၊ အမြင်ဆန်း,အတွေ့အဆန်း, နေထိုင်မှု အဆန်းတွေချည်းပဲ အဘ။ ဝယ်ချင်တဲ့ပစ္စည်းလေးတွေ မေးကြည့်တော့ ဈေးနှုန်းက လန့်စရာတွေအဘ၊ ခရီးစထွက်လိုက်တာနဲ့ အိတ်ထဲက ငွေက ချွေတာလို့ မရဘူး။ တောက်လျှောက်ထွက်တော့တာပဲ အဘရယ်'

ဟု ခင်မာလာက စိတ်မကျေသလို ညည်းညူသံဖြင့် ပြောပြသည်ကို ကျွန်ုပ်၏ နား၌ ကြားနေရ၏။

ခင်မာလာ ပြောစကားသံကို နားထောင်ရင်း သူ့ကို ပြုံးကြည့်လိုက်သည်။ လက်ကလဲ ရွှေယုန်လေး ဆေးပေါ့လိပ်တို့ကို အမှတ်မဲ့ကိုင်ရင်း...

'သမီးရယ် ခရီးထွက်ရင် ငွေကုန်မှာပေါ့၊ ခရီးဆိုတာ လူကသွားတာ မဟုတ်ဘူး၊ ငွေက သွားတာပဲလေ'

ဟု ကျွန်ုပ်က နှစ်သိမ့်စကားပြောလိုက်ရပြန်သည်။

'အဘ'

ဟု ခေါ်လိုက်သည်။

'ဘာလဲပြောလေ သမီး'

'သမီးတို့လုပ်ငန်းက ပုံစံစနစ်တစ်မျိုးနဲ့ မကြာခင်ပြောင်းတော့မှာ ရှေ့မှာကောင်းမလား၊ ဆိုးမလား စဉ်းစားလို့တောင် မရဘူးအဘ'

ဟု ခင်မာလာက ပြောလိုက်သည်

ခင်မာလာ၏ အမျိုးသားမောင်အောင်ထွန်းသည် ကိုယ်ပိုင်ထီဆိုင်ဖြင့် ထီလက်မှတ်များကို လက်လီလက်ကားရောင်းသူ ဖြစ်သည်။

ထီရောင်းဝယ်ဖြင့် စီးပွားရေး အဆင်ပြေစွာ ဘဝကို လျှောက်နေသူဖြစ်သည်။ သူ၏ အမျိုးသားသည် ကွမ်းယာ၊ ဆေးလိပ်၊ အရက်ဘီယာကို သောက်တတ်သူ မဟုတ်သော်လည်း တစ်ခါတစ်ရံ ဘောလုံးမောင်းရိုက်ခြင်းလောင်းကစားနှင့်ကား ကင်းသူမဟုတ်ဘဲ အပျော်လုပ်လေ့ရှိသည်။

'သမီးရယ်... ဘယ်လုပ်ငန်းဖြစ်စေ၊ ကံသေကံမ ကြိုတွက်လို့ရတာ မဟုတ်ဘူး အခြေနေနဲ့ လက်တွေ့ကမှ မှန်တာ၊ ကိုယ်ဖြစ်ချင်တာ မဖြစ်လို့ ဖြစ်လာတဲ့ အခြေနေကြည့်ပြီးတော့ လုပ်ရတဲ့လူတွေက အများကြီးပဲ။ ဒီအတွက် သိပ်ကောင်းတော့မယ်၊ သိပ်ဆိုးတော့မယ်လို့ တွက်မထားနဲ့ သမီး'

ဟု ပြောပြ အားပေးလိုက်ရသည်။

'သမီးအနေနဲ့ ဘာများကြိုတင်လုပ်ထားရင် ကောင်းမှာလဲ အဘ'

ဟု ခင်မာလာက မေးလိုက်သည်။

ခင်မာလာသည် မကြောင့်ကြအပ်သည်ကို ကြောင့်ကြသော ကြိုးကြာနှင့်တူနေလေသည်။ ကြိုးကြာငှက်သည် မြေကြီး တုန်လှုပ်သွားမည်ကို စိုးရိမ်၍ အသာယာ နင်းသွားလေ့ရှိသည်ဟု ဆိုထားသည်။

'နေ့စဉ် ကုသိုလ်ကောင်းမှုများ လုပ်ပေးသမီး။ ကုသိုလ်ကောင်းမှုများက လူချမ်းသာနတ်ချမ်းသာကို ပေးတယ်။ မကောင်းသောဘေးဥပဒ်ကိုလ် ကာကွယ်ပေးတယ်။

စီးပွားရေးကို မဆုတ်ယုတ်လေအောင် စောင့်ရှောက်ပေးနိုင်သလို မကောင်းတဲ့ အကုသိုလ်ကို တားမြစ်ပိတ်ပင်နိုင်တယ်။

လူ့ဘဝမှာပဲ ဖြစ်ဖြစ်၊ အခြားသောဘဝတွေမှာပဲဖြစ်ဖြစ် ကုသိုလ်နဲ့ အကုသိုလ်လို့ ခေါ်တဲ့ ကံအကြောင်းတရားတွေက အယုတ်အလတ်အမြတ် ချမ်းသာဆင်းရဲ စသဖြင့် အမျိုးမျိုးအဖုံဖုံ ပြုပြင်ပြောင်းလဲ ပေးနေတာသမီး။

ကံတရားက အဓိကပဲ။ စီးပွားရေး ပြည့်ပြည့်



www.burmeseclassic.com

www.burmeseclassic.com

စုံစုံနဲ့ နေချင်တယ်ဆိုရင်တော့ အလှူဒါန ပြုတ်လုပ်ပေးနေရမယ်'

ဟု ကျွန်ုပ် ပြောပြလိုက်သည်။

'အဘပြောတာ သဘောပေါက်ရဲ့လား သမီး'

'သမီး သဘောပေါက်ပါတယ်၊ အဘ ပြောပြတဲ့အတိုင်း တတ်နိုင်သမျှ ကုသိုလ်ကောင်းမှု လုပ်ပါ့မယ်'

ဟု ကတိပေးလိုက်သည်။

'အေး အေး ကောင်းပါလေ့ကွယ်'

'သမီး ဆက်မေးပါရစေ အဘ'

'ဘာများလဲ မေးလေ သမီး'

'လောကီယတြာ တစ်ခုလောက်ပါ လုပ်ချင်သေးတယ်အဘ'

အဘဆရာသည် ခေါင်းကို လေးလေးကန်ကန် ညိတ်ပြီးနောက်...

'လောကီယတြာတို့၊ အင်းဂါထာ မန္တန်တို့ကလဲ သူ့နေရာနဲ့သူ ကောင်းပါတယ်။ ယတြာ အင်းဂါထာများက စိတ်ကို ပြုပြင်ပြောင်းလဲပေးနိုင်တယ်။ မကောင်းပါလားလို့ ဆိုတဲ့ ဥပါဒါန်စိတ်ကို အကောင်းဥပါဒါန်စိတ် ဖြစ်အောင် လုပ်လို့ရတယ်။ မကောင်းတဲ့ စိတ်ကို ပြုပြင်ပေးလိုက်တော့ ရုပ်ကပါ ပြောင်းလဲလာပြီပေါ့ သမီး...

လောကုတ္တရာဆိုတာက ရုပ်နာမ်ခန္ဓာ အာယတန မရအောင်၊ မဖြစ်အောင်၊ သံသရာက ထွက်မြောက်အောင် ရှုမှတ်တဲ့အလုပ်ပေါ့ သမီး။

အဘတို့ လောကီအလုပ်ကတော့ နိဗ္ဗာန်မရသေးမီ ဖြစ်လေရာဘဝမှာ စီးပွားရေးပြည့်စုံစွာ နေနိုင်အောင်၊ စိတ်ချမ်းသာအောင် လုပ်ပေးရတဲ့ အလုပ်ဆိုတော့ ဟုတ်တာရှိသလို မဟုတ်တာလဲ ရှိနေတယ်လေ။

ဘယ်လိုပဲဖြစ်ဖြစ် ဆရာရယ် ကံတွေက ညံ့လွန်းလို့ ပြောပြီး စိတ်က



မချမ်းသာ ကျန်းမာရေးချူချာလာလို့ ကိုယ်စိတ်ဆင်းရဲ စီးပွားရေးမပြေလည် မိသားစု စကားတကျက်ကျက် ဖြစ်နေကျသူတွေအတွက် ကိုယ်စိတ်ချမ်းသာလာအောင် ယတြာနည်း၊ အင်းပညာနည်း တစ်မျိုးမျိုးနဲ့ ဆောင်ရွက်တယ်။

နက္ခတ်ဗေဒင်ပညာ မှတစ်ပါး လောကီအင်းနဲ့ ဂါထာများကို အားကိုးသင့်သလောက် အဘ အားကိုးတယ်။

အထူးသဖြင့် ပိဋကတ်သုံးပုံ ဘုရားဟော ပါဠိတော်များမှ လျော်ညီမယ် ထင်ရသော အနက်အဓိပ္ပါယ်ရှိ ဂါထာများကို ယုံလဲ ယုံတယ်၊ အားလဲ ကိုးတယ်'

အဘသည် သူ၏ စိတ်ရင်းစွဲ အရှိအတိုင်း စကားတို့ကို တရစပ် ပြောလိုက်ပြီးနောက် မောသွားပြီလားမသိ အဝေးတစ်နေရာသို့ ငေးကြည့်နေလေသည်။

နှစ်ဦးစလုံး အတွေးကိုယ်စီဖြင့် ခဏတာမျှ တိတ်ဆိတ်နေ၏။

'စီးပွားရေးလုပ်ငန်းနဲ့ ကျန်းမာရေး အစစ အဆင်ပြေအောင် တစ်ခုခုတော့ ကြိုတင်လုပ်ထားချင်တယ် အဘ'

'ဘာလုပ်ထားရင် ကောင်းလဲ ဆိုတာ စဉ်းစားပြီး လုပ်ပေးလေ'

ဟု ခင်မာလာက ပြောလိုက်ပြန်သည်။

'သမီးကတော့ အဘကို ခိုင်းပြန်ပြီ'

'အဲဒီလို မထင်ပါနဲ့ အဘ၊ လောကီပညာက အဘအနေနဲ့ ခဲယဉ်းတာ မဟုတ်ဘူး စဉ်းစားနေရတာမှ မဟုတ်ဘဲ ပြောပြလိုက်လဲပြီးရော'

ခင်မာလာသည် မိမိ၏ သမီးအရွယ် ဖြစ်သည်။ ဆွေမျိုးရင်းချာတစ်ယောက်ကို နီးနီးစပ်စပ်ပေါင်းနေသော သူဖြစ်၍ ကျွန်ုပ်က အရေးပေးထားသကဲ့ ဖြစ်နေရလေသည်။

ခင်မာလာကို ငြင်းဆန်နေပါက လေကုန်ရုံသာ ဖြစ်မည်။ မလုပ်ပေးက ရမည် မဟုတ်ကြောင်းကို ကျွန်ုပ်၏ စိတ်က သိနေသည်။

'အေး...ပြောပြပါဆို သမီးကျေနပ်အောင် ပြောမယ် နားထောင်'

'ဟုတ်ကဲ့ ပြောလေအဘ'

'ယတြာဆိုတာ... **ထာဝရယတြာ** အမြဲတည်သော ယတြာနည်း၊ **ဇင်္ဂမယတြာ** 'အမြဲမတည်သော ယတြာနည်းရယ်လို့ နှစ်မျိုးရှိတယ်။

**ထာဝရယတြာဆိုတာ** ကျန်းမာရေးအတွက် အာယုအရပ်ကနေ ကုသိုလ်ပြု အသက်ရှည်သမျှ ကာလပတ်လုံး အကျုံးဝင်နေတယ်။ ပြောင်းလဲလို့ မရဘူး။

**ဇင်္ဂမယတြာဆိုတာက** သက်တမ်းအရ မတူဘဲ တစ်မျိုးနဲ့တစ်မျိုး ပြုပြင်ပြောင်းလဲ စီရင်ပေးရတာ။ ဒီနှစ် ဒါကိုဆောင်၊ ဒါကို ယတြာလုပ်နိုင်၊ ဆောင်နိုင်ပေမယ့် ရွှေ့လာမယ့်နှစ်ကျတော့ ယတြာလုပ်ခြင်း၊ ဆောင်ခြင်း လုပ်လို့ မရပြန်ဘူး။

တစ်နည်း ပြောင်းပေးရတာ။ အချိန် အင်းစီရင်တဲ့အခါမှာလဲ တစ်နှစ်နဲ့ တစ်နှစ် မတူပြန်ဘူး။ အစီရင် သစ်ရွက် သစ်ခက်တွေပါ ပြောင်းပေးရတာ...

www.burmeseclassic.com

အပြောင်းလဲ ယတြာလုပ်ပြီး အင်းစီရင်ရလို့ **ဇာမယတြာ၊ ဇာမအင်းလို့ ခေါ်**ရတာ **အင်းသေအင်းရှင်လို့ ခေါ်ကလဲ မမှားဘူး**သမီး။

သမီးကို ဒီထက် နားလည်အောင် ပြောရရင် **မွေးဇာတာမှာ အညှိစီးနင်းတို့၊ စန်းသုဉ်းစန်းပြတ်၊ လွှမ်းပြတ် ရှိလာခဲ့ရင်** ရှိနေတဲ့အညှိုကို ဆင်ခြင်ပြီးတော့ ယတြာပုံသေနည်းကို မသုံးတော့ဘဲ ပြုပြင်ပြောင်းလဲ လုပ်ပေးရတာ...

ဥပမာထားပြောရင်...

မွေးဇာတာမှာ **စနေဂြိုဟ်ကောဇာစီး**က ထီး၊ ဖိနပ်လှူခိုင်းတာ၊ တံတားခင်းတာ။ **ကောဇာရာဟုဂြိုဟ်စီး ခံရသူ**ကို ရွှေသင်္ကန်းလှူတာ၊ ရေလှူတာက **ဇာမယတြာတွေပဲ** သမီး။

ကိုယ့်နည်းကိုယ့်ဟန်နဲ့ ယတြာနည်းတွေ ဘယ်လောက်ပဲ မတူကွဲပြား ကွဲပြား နက္ခတ်ဗေဒင်ဆရာတိုင်း မူလအခြေခံစနစ်ကို သွေဖည်ဆန့်ကျင်လို့ မရဘူး'

'ဟုတ်ကဲ့ ဆက်ပြောဦးအဘ၊ သမီးလဲ ဗဟုသုတလဲ ဖြစ်၊ မှတ်နိုင်တာလဲ မှတ်တော့ ကောင်းမကောင်း ဆင်ခြင်စဉ်းစားလို့ ရတာပေါ့'

ဟု ခင်မာလာက ပြောလိုက်သည်။

**ယတြာအလုပ်ဆိုတာ...**

မိမိ၏ ဇာတာမှာ မကောင်းသော ဂြိုဟ်ပြောင်းဂြိုဟ်စား၊ ဂြိုဟ်ပျက်၊ ဂြိုဟ်ထွက် ဂြိုဟ်ဝင်တွေကြောင့် ကိုယ်စိတ်ဆင်းရဲခံရတာကို ပျောက်လွင့်အောင်၊ မရောက်လာအောင် ကာရံတားဆီးပေးတာ၊ ကောင်းကျိုးများ ရောက်ရှိလာအောင် ကုသိုလ်ကောင်းမှု ပြည့်ဆည်းပေးတာ ယတြာအလုပ်ပဲ သမီး'

'ဒါဖြင့် သမီးက ဘာယတြာကို လုပ်ပေးနေရမှာတုန်းအဘ'

ဟု ခင်မာလာ မေးလိုက်သည်။

'အဘ ပြောရမယ်ဆိုရင် **ထာဝရကုသိုလ်ယတြာ လုပ်ထား**ရမယ်'

'ဘယ်လိုလုပ်ထားရမှာလဲ ပြောပါအဘ'

'တနင်္လာသမီးဆိုတော့...အိမ်ဝိုင်းထဲမှာ ကောင်းကျိုးပြုမယ့် သစ်ပင်ကလဲ အိမ်ဝိုင်းက ကျဉ်းတော့ စိုက်မရပြန်ဘူး။ "ဗုဒ္ဓယတြာနည်းပဲ လုပ်ရမှာ"တနင်္လာနေ့တိုင်း ဘုရားစေတီတော်၏ အနောက်မြောက်ထောင့်အရပ်ရယ်၊ အရှေ့မြောက်ထောင့်အရပ်ရယ် တံမြက်စည်း သွားရောက်လှည်းပေးရမယ်။ ဘုရားစေတီတော်ရဲ့ အနောက်ဘက်အရပ်ကနေပြီး အလင်းတိုင်၊ ပန်း လှူဒါန်းပူဇော်ပေးရမယ်။ လုပ်နိုင်ရင် ကြာသပတေးနံဂြိုဟ်ဘုရားကို ဝိတ်ဖြူအခင်း လှူပေး၊ အဘပြောတာ မှတ်ကော မှတ်မိရဲ့လား သမီး'

ဟု မေးလိုက်သည်။

'မှတ်မိပါတယ် အဘ'

'အေး... **တစ်လမှာ သုံးကြိမ်လောက်တော့** ဖြစ်အောင်လုပ်'

'ဟုတ်ကဲ့ လုပ်ပါ့မယ်အဘ'

'နောက်တစ်ခု ဆက်ပြောမယ်'

'ပြောပါ အဘ'

'နံနက်စောစော ထရမယ်၊ နေထွက်အောင် မအိပ်နဲ့ စောစောထပြီး ကိုယ်လက်သန့်ရှင်းပြီးတာနဲ့ ဘုရားကို ကန်တော့၊ ပခုံးပေါ်မှာ တဘက်ပဝါဖြူလေးကို တင်ထားပြီးတော့ ပရိတ်ကြီးထဲက ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်တို့ နေ့တိုင်း ရွတ်ဆိုရမယ်။

အလွတ်မရ၊ မကျက်နိုင်ခဲ့ရင် စာအုပ်ကို ကြည့်ပြီး ရွတ်ဆိုသမီး၊ ပြီးရင် အသံကျယ်ကျယ်နဲ့ နတ်အားလုံး ကုသိုလ်အမျှဝေ အသံကျယ်ပါစေ မရှက်နဲ့နော်သမီး။

ကနေ့ခေတ်က ရှက်ရမယ့်ကိစ္စ မရှက်၊ မရှက်ရမယ့်ကိစ္စ ရှက်နေကျတာ သမီးရဲ့။

**ဒီနည်းက ပစ္စုပ္ပန်ဘဝနဲ့ သံသရာအတွက် ထာဝရယတြာနည်း**ပဲ သမီး၊ မှတ်ကော မှတ်မိရဲ့လား'

ဟု မေးလိုက်သည်။

ခေါင်းညိတ်ပြီး ခင်မာလာက အဖြေပေးလိုက်၏။

'နောက်ပြီး လောကီယတြာလုပ်ချင်သေးရင် တနင်္လာနေ့ ရက်ကောင်းမှာ အိမ်ရဲ့အနောက်မြောက်ထောင့်အရပ်က ဩဇာပင်စိုက်ထား။ ဒါက သမီးအတွက် ထာဝရယတြာပဲ၊ ထာဝရယတြာဆိုတာ လွဲမှားခြင်း မရှိနိုင်ဘူး၊ အမြဲကင်းတယ်'

ဟု ပြောပြီး အဘသည် ကန်တော့ထားသော မုန့်တို့ကို ကြည့်ပြီး စိတ်မောကိုယ်မော ဖြစ်သွားဟန်ရှိသည်။

ထိုင်ရာကနေ ဆေးလိပ်တိုကို ယူပြီး အိမ်၏နောက်သို့ ထွက်သွားလေ၏။ ခင်မာလာသည် စကားမပြောလိုချင်ဖြစ်စေ၊ နားလိုချင် ဖြစ်စေ၊ ထွက်သွားတတ်သော စိတ်ရှိကြောင်း သိထားသောကြောင့် ထိုင်နေရာမှ ခင်အေးအေး ထွက်သွားလေ၏။

နက္ခတ်ဗေဒင်ဆရာဘဝသည် ငြိမ်သက်နေသော ရေကန်ကြီးနှင့် တူနေ၏။ ဗေဒင်မေးသူတို့သည် ငြိမ်သက်နေသော ရေပြင်ကို ခဲတစ်လုံးပစ်ချသော သူတို့နှယ်ရှိသည်။

ခဲတစ်လုံးပစ်ချတိုင်း ရေကန်ပြင်သည် လှုပ်ခတ်နေရသည်။ မည်သို့ပင် လှုပ်ခတ်နေရစေကာမူ နီးသော ကုသိုလ်အကြောင်းများ ရှိထားမှသာ ဝေးသော ကုသိုလ်အကျိုးတရားများ ရရှိ ခံစားနိုင်မည်ဖြစ်ကြောင်း သမီးခင်မာလာကို ပြောပြပေးလိုက်သည် ဖြစ်ရာ...

**ဇော်မြင့်(မြင်းခြံ)**



www.burmeseclassic.com


www.burmeseclassic.com

### စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် **နံပါတ်(၁)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက်လေးဆယ်ကျော် မုံရွာသူ အသားညိုညိုအမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

"ကြည်ကြည်မြ" ဆိုသော နာမည်(၃)လုံးမှ ထိပ်ဆုံးနှစ်လုံး၏ အင်္ဂလိပ်လိုအက္ခရာစာလုံးကိုတွဲ၍ လက်မှတ်ရေးထိုးထားခြင်းဖြစ်သည်။

**၁၃၃၆ ခုနှစ် မွေးသော၊ တနင်္လာသမီး**ဖြစ်၍ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချကြည့်လျှင်... * * * [နံပါတ်-၁]

အနိဋ္ဌနာမည်နှစ်လုံး ပူးမပေးသင့်သလို "က" မှာ ဖိုအက္ခရာဖြစ်နေခြင်း၊ ထိပ်ဆုံးစာလုံး "က" မှာ အဖြူရောင်နှစ်သက်၍ နောက်ဆုံးစာလုံး "မ" မှာ အမည်းရောင်နှစ်သက်ခြင်း၊ အရောင်ဆန့်ကျင်မှု တွေ့ရသောကြောင့် ဖြစ်သည်။

**ဤထိုးမြဲလက်မှတ်ပိုင်ရှင်မှာ ကျန်းမာရေးညံ့ အိမ်ထောင်ရေးညံ့ ငွေကြေးကိစ္စအကြွေးကိစ္စများ၊ အမြဲစိတ်ညစ်နေရကြောင်း၊ သိရသည်။**

အညိုရင့်ရောင်အသားနှင့် လိုက်ဖက်ပြီး မူလမဟာဘုတ်တွင် အထွန်းဌာနၡရှိသည့် နာမည်နောက်ဆုံးစာလုံး "မြ" ကိုသာ လက်မှတ် ရွေးထိုးသင့်ပါသည်။




"Y"ကို ငွေအိတ်ပုံ၊ "M"ကို အသည်းပုံ ဆွဲပြီး အညွန့်နေရာမှာ ပွင့်ဖတ်(၅)ခုပါသော ပန်းပွင့်သင်္ကေတဖြစ်အောင် ဆွဲပေးလျှင် ထိုးမြဲလက်မှတ်ကောင်းတစ်ခု ဖြစ်လာပြီး ကံကောင်းလာပါမည်။

၂။ * * *



ယခုလအတွက် **နံပါတ်(၂)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **တောင်ငူဇာတိ** အသက်လေးဆယ်ကျော် အမျိုးသားတစ်ဦး ဖြစ်ပါသည်။ **"ထွန်းသစ်"** ဆိုသော နာမည်နှစ်လုံးတွဲကိုပင် မြန်မာလို လက်မှတ်ရေးထိုးထားခြင်း ဖြစ်သည်။

'ဝန်ထမ်းအရာရှိ အလုပ်အကိုင်မှာ ရာထူးတိုးတက်ဖို့ နှောင့်နှေးကြန့်ကြာနေတယ်။ ကိုယ့်နောက်ကလူတွေက ကိုယ့်ကို ကျော်တက်သွားတယ်။




တနင်္လာမရဏဖွားဖြစ်သူကို**တနင်္လာ+တနင်္လာ+ကြာသပတေး+အနိဋ္ဌ+အနိဋ္ဌ+ဣဋ္ဌ (မရဏ+မရဏ+အထွန်း)** နာမည်ပေးညံ့ပါသည်။

နာမက္ခရတိုင်စဉ် မှန်သော်လည်း

* * *







www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းခွင်မှာလဲ နေရာကောင်းဆိုရင် ကြာအောင်မလုပ်ရဘဲ ခဏခဏ ပြောင်းရွှေ့ရတယ်'

ထိုးမြဲလက်မှတ်ပိုင်ရှင် အမျိုးသားက ပြောပြခြင်း ဖြစ်ပါသည်။ သူ၏ ထိုးမြဲလက်မှတ်ပုံက ဘယ်ဘက်သို့ နောက်ပြန်လန်နေခြင်းကပင်လျှင် ကံကြမ္မာအညံ့များ ဖြစ်ပေါ်ရခြင်းပေတည်း။

**၁၃၃၅ ခုနှစ်၊ ဝါခေါင်လ၊ စနေဖွား** ဖြစ်၍ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဥ် ချကြည့်လျှင်...

* * * [နံပါတ်-၂]

နံပါတ်-၂

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မူလမဟာဘုတ်ခွင်)

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

| | |
|---|---|
| ၄ | |
| ၃ | ၂ |
| ၁ | ၀ |
| ၆ | ၅ |


(နာမက္ခရတိုင်)

စနေသိုက်ဖွားဖြစ်သူကို စနေအစ၊ သောကြာအဆုံး၊ မွေးနံပေါ် အမြစ်အုပ် နာမည်ပေးမှားထားသည်။

ထို့ပြင် **သိုက်+ပုတိဖြစ်၍ ဣဋ္ဌ+အနိဋ္ဌ**နာမည်ညံ့သည်။ နာမက္ခရတိုင်စဥ်လည်း မှားသည်။


ဤနာမည်နှစ်လုံးတွဲကို လက်မှတ်တွဲထိုးခြင်း မပြုသင့်ပါ။ သိုက်ဌာနဖြစ်၍ မွေးနံ စနေ၊ နာမည်အစစာလုံးကိုသာ လက်မှတ်ထိုးသင့်သည်။

* * *



**“ထ”အက္ခရာသေးသေး။ ဝဲ့ကြီးကြီး။ အောက်ခြေပြား။ မွေးဇာတ်ပုံ ရေးခြင်းဖြင့် ထိုးမြဲလက်မှတ်ကောင်းတစ်ခု ဖြစ်လာပြီး ကံကောင်းလာပါမည်။**

၃။ * * *



ယခုလအတွက် **နံပါတ်(၃)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ စစ်ကိုင်းတိုင်းဒေသမှ အသားညိုရင့်ရောင် **အသက်(၃၅)နှစ်အရွယ်** အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

နံပါတ်-၃

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မူလမဟာဘုတ်ခွင်)

| | | |
|---|---|---|
| | ၃ | |
| * ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

| | |
|---|---|
| ၅ | |
| ၄ | ၃ |
| ၂ | ၁ |
| ၀ | ၆ |

(နာမက္ခရတိုင်)

**“မြတ်စိုးစိုး”**ဆိုသော နာမည်(၃)လုံးမှနောက်ဆုံးစာလုံး“စိုး”ကိုအင်္ဂလိပ်လို လက်မှတ်ထိုးပြီး အင်္ဂလိပ်ဂဏန်း “2”တင်ထားခြင်းဖြစ်သည်။

ဤနာမည်ရှင် အသားညိုရင့်ရောင်မှာ “မြတ်”ဆိုသော အမည်းရောင်နှစ်သက်သည့်စာလုံးနှင့် နာမည်စတင်ပေးခြင်း ကောင်းမွန်သော်လည်း လက်မှတ်ရွေးထိုးရာတွင်တော့ အဖြူရောင်နှစ်သက်သော “စိုး”စာလုံးကိုရွေးချယ်ခြင်း မှားယွင်းပါသည်။

အထူးသဖြင့် လက်မှတ်ပေါ်မှာ “2”ဆိုသောဂဏန်း တင်ထားခြင်းက ဆိုးပါသည်။

လက်မှတ်ပုံသဏ္ဍာန်မှာ အပြိုင်သင်္ကေတနှင့် “2”ပေါင်းစပ်မိပြီး အိမ်ထောင်ရေးမှာ ခင်ပွန်း၏ သစ္စာမဲ့မှု၊ ဖောက်ပြန်မှုများနှင့် ကြုံတွေ့ရပေတော့မည်။

'ခင်ပွန်းက နောက်မိန်းမ ရှုပ်ထွေးနေလို့ စိတ်ညစ်နေရတယ်။ သူ့ရှာဖွေရရှိတဲ့ ပိုက်ဆံလဲ ကျွန်မကိုမပေးဘူး။ သူ့မယားငယ်ဆီပဲ သွားပေးတယ်'

ထိုးမြဲလက်မှတ်ပိုင်ရှင် အမျိုးသမီး၏ ရင်ဖွင့်ချက်ဖြစ်ပါသည်။

**၁၃၄၃ ခုနှစ်၊ ပြာသိုလ၊ ကြာသပတေးသမီး**ဖြစ်၍ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဥ် ချကြည့်လျှင်...

* * * [နံပါတ်-၃]

**ကြာသပတေး အထွန်းဖွားကို ကြာသပတေးအစ အင်္ဂါအဆုံး**

www.burmeseclassic.com

# ထီကံပွင့်

## ဆုတောင်းပြည့်အဓိဌာန်

**သန်းဇော်**
**(ပညာရေး)**



ထီကံပွင့် ဆုတောင်းပြည့်အဓိဌာန်ကို...

အာစရိယဝါဒအရ...

ထီကံကောင်းစေရန် လည်းကောင်း၊ ပိတ်ဆို့နေသော လာဘ်လာဘများ ဝင်လာစေရန်လည်းကောင်း၊ ငွေကြေး အထူးပွင့်လန်းစေရန် လည်းကောင်း၊ စီးပွားရေးများ တိုးတက်လာစေရန် လည်းကောင်း ဆောင်ရွက်လေ့ရှိတဲ့ ဖွင့်နည်းအစီအစဉ်ကို တင်ပြပါဦးမယ်။

"**ထီ**"ဟူသော ပညတ်သည် စနေနံဖြစ်၍ စနေနံ၏ အညွှန့်သည် တနင်္ဂနွေ ဖြစ်ပါတယ်။

ဒါကြောင့် တနင်္ဂနွေနံဖြင့် အစပြုထားသော ဘုရားစေတီ ရုပ်ပွားတော် တစ်ဆူဆူ၌ သက်ဆိုင်ရာ အညွှန့်ပန်းများကို လှူဒါန်းပြီး ဆုတောင်းရပါမယ်။

တစ်ဖန်...

"**ငွေကြေး**"ဟူသော ပညတ်သည် တနင်္လာနံဖြစ်၍ တနင်္လာနံ၏အညွှန့်ဖြစ်သော အင်္ဂါနံဖြင့် အစပြုထားသော ဘုရားစေတီ ရုပ်ပွားတော်ရှေ့တွင် သက်ဆိုင်ရာ မိတ်ဖက်ပန်းကို လှူဒါန်းပြီး ဆုတောင်းရပါမယ်။

ဤကျင့်စဉ်...

တနင်္ဂနွေနံသင့် စေတီတော်ကို ဦးစွာ အညွှန့်ပန်းများ လှူဒါန်းပြီး ဆောင်ရွက်ပါ။ ပြီးမှ အင်္ဂါနံသင့် စေတီတော်တွင် ဆောင်ရွက်ရပါမယ်။ စေတီ(၂)ဆူလုံး၌ ရွတ်ဖတ်ပူဇော်ရမည့် ဂါထာများမှာ အတူတူဖြစ်၍ နောက်တွင် ဖော်ပြပေးထားပါတယ်။

ဦးစွာ...

**အောင်တော်မူရုပ်ပွားတော်**(၁-နွေနံသင့်ရုပ်ပွားတော်)၌ လှူဒါန်းရမည့် နေ့သားအလိုက် အညွှန့်ပန်းကို မှတ်သားလိုက်ပါဦး။

* * *

| နေ့သား | အညွှန့်ပန်း |
|---|---|
| ၁-နွေ | ကံ့ကော် |
| ၂-လာ | သီး(ဖီး) |
| ၃-ဂါ | ရွက်လှ |
| ၄-ဟူး | ပျဉ်းမ |
| ၅-တေး | သိပ္ပိုဒ်ပြ |
| ၆-ကြာ | ပိတောက် |
| ၇-နေ | အုန်း |

ပြီးရင်...

**ရှာနမုဒြာရုပ်ပွားတော် (အင်္ဂါနံသင့်ရုပ်ပွားတော်)** လှူဒါန်းရမည့် မိတ်ဖက်အညွှန့်ပန်းကိုလဲ မှတ်သားလိုက်ပါဦး။

* * *

| နေ့သား | မိတ်ဖက်ပန်း |
|---|---|
| ၁-နွေ | ပန်းရောင်ပန်း |
| ၂-လာ | အဝါရောင်ပန်း |
| ၃-ဂါ | အပြာရောင်ပန်း |
| ၄-ဟူး | အဖြူရောင်ပန်း |
| ၅-တေး | လိမ္မော်ရောင်ပန်း |
| ၆-ကြာ | အစိမ်းရောင်ပန်း |
| ၀-နေ | ခရမ်းရောင်ပန်း |

ရွတ်ဖတ်ရမည့် ဂါထာတော်များ

ဦးစွာ သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်း၍ အလင်းတိုင်၊ နံ့သာထိုင်၊ ရေတော်တို့ကို သဒ္ဓါအလျောက် လှူဒါန်းပြီး "**အဂ္ဂပသာဒဘုရားရှိခိုး**"ဖြင့် ကန်တော့လိုက်ပါဦး။

ရတနဂ္ဂေ ပယန္တာနံ
အဂ္ဂပုညံ ပဝမုတိ။
အဂ္ဂံ အာယု စ ဝဏ္ဏော စ၊
ယသော ကိတ္တိ သုခံ ဗလံ၊
တံ သဗ္ဗံ ဝမုတံ မယှံ၊
မဂ္ဂေ ယေန နမာမဟံ။

*[၉-ခေါက်]*

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ရတနဂ္ဂေ** | = | ရတနက်ဂေ |
| **ပယန္တာနံ** | = | ပသန်နာနံ |
| **အဂ္ဂပုညံ** | = | အက်ဂန်ပုန်ညံ |
| **ပဝမုတိ** | = | ပဝတ်ဒတိ |
| **အဂ္ဂံ** | = | အက်ဂံ |
| **ဝဏ္ဏော စ** | = | ဝန်နောစ |
| **ကိတ္တိ** | = | ကိတ်တိ |
| **သဗ္ဗံ** | = | သပ်ဗံ |
| **ဝမုတံ** | = | ဝတ်ဒတံ |
| **မယှံ** | = | မယ်ရှံ |
| **မဂ္ဂေ** | = | မက်ဂေ |

**အနက်အဓိပ္ပာယ်**

**အဂ္ဂေ** - ထွတ်မြတ်လှစွာသော၊


www.burmeseclassic.com

www.burmeseclassic.com

**ရတနေ** – ရတနာမြတ်သုံးပါး၌၊ **ပသန္နာနံ** – ကြည်ညိုကြသူတို့အား၊ **အဂ္ဂံပုညံ**–ထူးမြတ်သော ကောင်းမှုသည်၊ **ပဝဍ္ဎတိ**–တိုးပွားလေတော့သည်။

**အဂ္ဂံအာယုစ** – ထွတ်မြတ်သော အသက်ရှည်ခြင်းသည် လည်းကောင်း၊ **အဂ္ဂံဝဏ္ဏောစ**–ထူးမြတ်သော အဆင်းလှခြင်းသည်လည်းကောင်း၊ **အဂ္ဂံယသော**–ထူးမြတ်သော အခြွေအရံသည်လည်းကောင်း၊ **အဂ္ဂံကိတ္တိစ** – ထွတ်မြတ်သော ကျော်စောခြင်းသည်လည်းကောင်း၊ **အဂ္ဂံသုခ**–ထွတ်မြတ်သော ချမ်းသာခြင်းသည် လည်းကောင်း၊ **အဂ္ဂံဗလဉ္စ**–ထွတ်မြတ်သော ခွန်အားနှင့် ပြည့်စုံခြင်းသည်လည်းကောင်း၊ **ပဝဍ္ဎတိ**–တိုးပွားလေတော့၏။

**ယေန**–အကြင် အကြောင်းကြောင့်၊ **အဟံ**–ဘုရားတပည့်တော်သည်၊ **အဂ္ဂေ**–ရတနာသုံးပါး အမြတ်ရတနာတို့ကို၊ **နမာမိ**–ရှိခိုးကန်တော့ပါ၏။

**တေန**–ထိုသို့ ရှိခိုးရခြင်းကြောင့်၊ **မယှံ**–ဘုရားတပည့်တော်အား၊ **တံသဗ္ဗံ**–အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခြွေရံပေါခြင်း, ကျော်စောခြင်း, ချမ်းသာခြင်း,အားတိုးခြင်း စသည့် အလုံးစုံသော အကျိုးသည်၊ **ပဝဍ္ဎတံ ပဝဍ္ဎတု**–တိုးပွားပါစေသတည်း။

ပြီးရင်...

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါ ဝိပါကော မေ ဟောတု၊
ယံယံ ဣစ္ဆာသမိဇ္ဈတု။

*[၂၇–ဒေါက်]*

ခက်ခဲသော ပါဠိအသံထွက်

**အဂ္ဂေါဗုဒ္ဓေါ** = အက်ဂေါဗုတ်ဓေါ
**ဓမ္မော** = ဓမ်မော
**အနုတ္တရော** = အနုတ်တရော
**အဂ္ဂေါ** = အက်ဂေါ
**ဣစ္ဆာ** = အိတ်ဆာ
**သမိဇ္ဈတု** = သမိတ်ဈတု

**အနက်**

**ဗုဒ္ဓေါ**–ဘုရားမြတ်စွာရတနာသည်၊ **အဂ္ဂေါ**–အမြတ်ဆုံးဖြစ်ပါပေ၏၊ **ဓမ္မော**–တရားမြတ်စွာရတနာသည်၊ **အဂ္ဂေါ**–အမြတ်ဆုံးဖြစ်ပါပေ၏၊ **အနုတ္တရော**–တပည့်အများစုတွင် အတုမရှိသော၊ **သံဃော**–သံဃာတော်အပေါင်းသည်၊ **အဂ္ဂေါ**–အမြတ်ဆုံးဖြစ်ပါပေ၏။

**တေနသစ္စေန**–ဤမှန်သော သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **အဂ္ဂေါ**–အမြတ်ဆုံးဖြစ်သော၊ **ဝိပါကော**–အကျိုးသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။ **ယံယံ ဣစ္ဆာ သမိဇ္ဈတု**–လိုလိုရာရာ ဆန္ဒမှန်သမျှသည် ကောင်းစွာပြည့်စုံပါစေသတည်း။

ပြီးရင် ဆုတောင်းပါ။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မှော်ဇရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

***အေးမြရင်မှာ ရှိပါစေ။***

**သန်းခေါင်(ပညာရေး)**

**စာမျက်နှာ (၂၀၂)မှ အဆက်**

**အထွန်း+အဓိပတိ**နာမည်ပေးထားခြင်း သိပ်မညံ့သော်လည်း သိပ်မကောင်းပါ။ နာမက္ခရတိုင်စဉ်မှားသည်။

ရှေ့စာလုံး "မ"နှင့် နောက်စာလုံး "စ"တို့ အရောင်လွဲသည်။ ထို့ပြင် သောမဂြိုဟ်နှင့် ပါပဂြိုဟ် မြေဓာတ်နှင့် လေဓာတ်ဟူ၍ မညီညွတ်မှုများလည်း ဖြစ်ပေါ်နေသည်။

ဤနာမည်မျိုးမှာ အသားအရောင်နှင့် ညီညွတ်သော နာမည်ရှေ့စာလုံး "**မြတ်**"ကိုသာ လက်မှတ်ရွေးထိုးသင့်ပါသည်။

* * *



ငွေအိတ်သင်္ကေတ တည့်တည့်လှလှဆွဲ၍ အညွန့်နေရာမှာ"X"ကို **ကြက်ခြေသင်္ကေတမဆွဲဘဲ "F" အညွန့်အခက်ပုံဆွဲခြင်း၊ အညွန့်ထိပ်မှာ ပွင့်ဖတ်"၅"ခုပါသော ပန်းပွင့်သင်္ကေတ** ထည့်ခြင်းတို့ဖြင့် ထိုးမြဲလက်မှတ်ကောင်းတစ်ခု ဖြစ်လာစေပြီး ကံကောင်းလာပါလိမ့်မည်။

***ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# ကရဝိက်ငှက်ဦးခေါင်း အဆောင်

နတ်မောက်မြို့နယ်၏ အရှေ့မြောက်ဘက် မိုင်(၃၀)ကျော် ဝေးကွာသော "ကျောက်တန်းရွာ"သို့ ရောက်ရှိစဉ်တွင် ဦးစံဝင်း (ရ.ယ.ကဥက္ကဌ ဟောင်း)နှင့် တွေ့ဆုံရသည်။

ယင်းနေအိမ်တွင် ဖော်ပြပါ ငှက်ရုပ်ဦးခေါင်းကို တွေ့ရှိသဖြင့် ဗဟုသုတ လေ့လာ မေးမြန်းကြည့်ရာ...

'ဒါ... ဒီရွာက လက်ဖြစ်ကရဝိက်ငှက်ဦးခေါင်းပုံပေါ့။ ကရဝိက်ငှက်သံ၊ ကြိုးကြာငှက်သံဟာ သာယာနာပျော်ဖွယ်ကောင်းပြီး ကျက်သရေမင်္ဂလာရှိတယ်လို့ ယုံကြည်ယူဆကြတာ ရှေးကတည်းကပါ။

ဒီကရဝိက်ငှက်ဦးခေါင်းကို နွားလှည်းရဲ့ ထမ်းပိုးတုံးအလယ်မှာလဲ အလှအပ တပ်ဆင်ကြတယ်။ ခုလို နေအိမ်မှာ ဆောင်ထားတော့ "ကောင်းသော သတင်းစကား၊ မင်္ဂလာရှိသောစကား အသံများ ကြားရတတ်တယ်။ လာဘ်ရွှင်တယ်၊ စီးပွားတိုးတက်စေတယ်" ဆိုတဲ့ အယူအဆနဲ့ ဆောင်ထားခြင်း ဖြစ်ပါတယ်'

ကျောက်တန်းကျေးရွာမှ ဦးစံဝင်း၏ ရှင်းပြပြောဆိုချက်ကို ဗဟုသုတ တိုးပွားဖွယ် မြန်မာ့ကျေးလက် လက်မှုပညာဖြင့် ပြုလုပ်ဆောင်ထားသည့် ကရဝိက်ငှက်ဦးခေါင်း အဆောင်ပစ္စည်းတစ်မျိုးကို ဓာတ်ပုံမှတ်တမ်းနှင့်တကွ တင်ပြ ရေးသားလိုက်ပါတယ်။

**မြေမိုးချစ်(နတ်မောက်)**




▲ မြန်မာ့ကျေးလက် လက်မှုပညာဖြင့် ပြုလုပ်ဆောင်ထားသည့် လာဘ်ရွှင် အဆောင် ကရဝိက်ငှက်ဦးခေါင်းပုံ



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဇင်
(ရွှေနဝင်း)

# သွပ်ဖမ်းဝိဇ္ဇာ

အပိုင်း(၂)

ဆရာက ဖိုခွင်မှာ မီးနေ လုံထား ခါးတိုက် မီးအနေအထားကို ပြင်ပေးပြီး သည်နှင့် မီးသွေးခဲ(၃,၄)ခဲ ထည့်လိုက် ပြီး မီးစတင်ပျိုး၍ ဖိုကို စတင်၍ ဆွဲခိုင်းပါသည်။

စာရေးသူတို့လည်း ဖိုခွင်မှာ တည် ထားသည့် လုံနံ့ပါတ်(၁၂)ထဲမှာ ထည့် ထားသည့် သွပ်ပြဒါးတွဲ (၁၀)ကျပ် သားရှိသည့် ဓာတ်စိမ်းကို ယမ်း,ဆား, လက်ချားနှင့် မဖောက်ထုံးတို့ အုပ်ပြီး သွပ်ပြဒါးတွဲ ဓာတ်စိမ်းကို ဖမ်းရမှာ ဖြစ်ပါသည်။

ပြီးတော့ အတော်ကြီးကို စိုးရိမ် သတိကြီးမားစွာနှင့် ဖားဖိုကလေးကို လှုပ်ရှုံသာ သာသာလေး ဖိုကြိုးကို ဆွဲပြီး မီးစတင်ကြလေသည်။

ဤဖြစ်စဉ်မှာ သာမန်အင်္ဂရတ် ဝါသနာရှင် (၉၉)ရာခိုင်နှုန်း၏ အမြင် အရ ပြောရမည်ဆိုလျှင်တော့ မီးလေး နည်းနည်း ခပ်ပြင်းပြင်းလေး ဆွဲလိုက် သည်နှင့် မုံးတစ်လုံးလို ထပြီး ကန် ထွက်ပေါက်ကွဲ ပွင့်ထွက်လာမည်ဆို တာကို မလွဲဧကန် လက်ခံကြပေမည်။

သို့သော် အစွပ်ဖမ်းဝိဇ္ဇာဆရာက...

'ဟာ...ခင်ဗျားတို့ ဖိုဆွဲနေတာက အပျိုမ ပါး သနပ်ခါးလိမ်းသလို ညင်သာညက်ညော နေလိုက်ကြတာ။ ကျုပ် သွပ်ဓာတ်ဖမ်းတာက ဒီမျိုး ညင်သာနေစရာ လုံးဝ မလိုဘူးဗျာ၊ ပေး...ပေး...ကျုပ်ကိုယ်တိုင် ဖိုဆွဲမယ်'

ဆိုပြီး ဖားဖိုကြိုး သူ့လက်ထဲရောက် သည်နှင့် စတင်ပြီး တရမန်းကြမ်း သံ သတ္တုဓာတ်ကို ချသည့် မီးမျိုးနှင့် စတင်ပြီး သွပ်ပြဒါးဓာတ်ကို ဖမ်းပါ တော့သည်။

စာရေးသူတို့လည်း ဖိုရုံတံခါးဝနား အထိ နောက်ကို ဆုတ်လိုက်ကြပြီ။ အကယ်၍များ ဓာတ်ကထပြီး ပွင့်ထွက်ပေါက်ကွဲလာလျှင် ပြေး၍ လွတ်အောင် နေရာအသင့်ယူထားကြ လေသည်။

ဒီလိုနှင့် ပထမ မီး(၁)အုပ်ကျလို့ လုံငှားအဖုံး ပေါ်လာသည့်အခါမှာ လုံထဲမှာ ထည့်ထားသည့် ဓာတ်ဆေး များ ပျော်လာပြီး လုံထက်ဝက်ခန့် လျော့ကျသွားတာကို မြင်နေရပြီ။ သွပ်ခိုးအပြာပွင့်ကြီးကြီး (၄,၅)ချက် ကန်ထွက်လာတာကို တွေ့ရလေ သည်။

ထိုအခါမှာ ဆရာက လက်ချား အခဲကြီးကြီး(၁)ခဲ ပစ်ထည့်လိုက်ပြီး လက်ချား ပွလာပြီး ချော်အရည်ပေါ် အုပ်သွားသည့်အချိန်မှာ ဆား(၁)ဇွန်း ခပ်ထည့်လိုက်သည်နှင့် တစ်ပြိုင်နက် တည်း မဖောက်ထုံး အမှုန့်ကို လုံပြည့် ပါနီးအထိ ဖြည့်ထည့်လိုက်ပါသည်။

ထို့နောက် လုံအဖုံးကို ပြန်ပိတ် လိုက်ပြီး မီးသွေးအပြည့် ထည့်ကာ ယခင်ကအတိုင်း မီးပြင်းဆက်ဆွဲလေ သည်။

အထက်ပါ နည်းစဉ်အတိုင်း ဒုတိယ၊ တတိယနှင့် စတုတ္ထ မီးအုပ် ရောက်သည့်အထိ ဆေးထပ်ဖြည့်ပြီး မီးကို အပြင်းထိုးပြီး ဖိုကိုဆွဲလာလိုက် တာ မီး(၅)အုပ်ရောက်၍ လုံအဖုံးဖွင့် သည့်အခါ လုံထဲမှာ ချော်အရည်သည် လုံ၏ (၄)ပုံ (၃)ပုံကျော်ကျော် ပြည့်ပြီး အရည်လင်နေပြီ။ သွပ်ခိုးပိတောက် ပွင့်လေးများ တဖျောက်ဖျောက် လည် ပြီး ရိုက်ပွင့်လို့ နေလေသည်။

ဒီအချိန်မှာ ဖိုဆွဲတာ ခဏနားပြီး လုံနှုတ်ခမ်း ညိုလာသည်အထိ ခဏ နားထားပြီး၊ နောက်ထပ် မီးသွေးထပ် ဖြည့်ကာ နောက်ဆုံး မီးသွေး(၃)အုပ် ကို မီးပြင်း ဆက်ထိုးပေးလိုက်ပြီး လုံးဝ နားလိုက်ပြီး လုံကို ဖိုခွင်ထဲမှာ အအေးခံထားလိုက်ပါသည်။

www.burmeseclassic.com

စာရေးသူတို့လည်း သွပ်ဓာတ်၊ ပြဒါး ဓာတ်တို့ကို ပိသသာနှင့်ချိုပြီး ဖမ်းလာခဲ့ ဖူးကြပါသော်လည်း ယခုလိုမျိုး မီးကြမ်းတိုက်ပြီး သံပန်းချသည့် မီးမျိုး နှင့်ထိုးပြီး သွပ်ပြဒါးတွဲဓာတ်ကို ဖမ်းပြ တာမျိုး တစ်သက်နှင့်တစ်ကိုယ် ဒီတစ်ခါပဲ ကြုံဖူးရတာမို့ အံ့သြလွန်း လို့ ဘာပြောရမှန်းကို မသိကြတော့ပါ။

ဒီအချိန်မှာ ဆရာက...

'ကဲ...ကျုပ် သွပ်ဖမ်းတဲ့နည်းကတော့ လုံ အကြီးဆုံးမှာ ဓာတ်ကို ဆုံသလောက်ထည့် ပြီး အပြင်းဆုံးမီးနဲ့ ထိုးပြီး ဖမ်းတဲ့နည်းပါပဲ။ ဒါ ခင်ဗျားတို့ အမြင်ပဲလေ'

ဟု ပြောပါသည်။

'ဟုတ်ပ ဆရာရေ... ဆရာ စပြီး မီးပြင်း စဆွဲတုန်းက လုံပွင့်ထွက်ပြီး ပေါက်ကွဲမှာကြောက်လို့ ကျွန်တော် တို့ ဖိုရုံအဝမှာ သွားပြီး စုနေတာ၊ မီး(၂)အုပ်၊ (၃)အုပ် ရောက်တော့မှပဲ နည်းနည်း စိတ်သက်သာလာပြီး ဖိုခွင်အနီး ကပ်ရဲကြတာလေ။ ဒီလို သွပ်ဖမ်းတဲ့နည်းကိုတော့ တစ်သက်နဲ့ တစ်ကိုယ် ဒါ ပထမဦးဆုံး တွေ့ဖူးတာ ပဲ ဆရာရေ'

စာရေးသူတို့လည်း ရေနွေးကြမ်း သောက် စကားစမြည် ပြောဆိုနေရင်း နှင့် လုံ အေးသွားပြီဆိုသည်နှင့်(ဒီလို မီးပြင်းထိုးဖမ်းတာမျိုးနှင့်) လုံကိုခွဲပြီး အထဲက သွပ်ပြဒါးဓာတ် ဖမ်းမိပြီးသား ရှိမှရှိပါ့မလားဟု သံသယစိတ်တွေ ရှိနေပါသည်။

သို့နှင့် လုံကို ဂရုတစိုက် ခွဲလိုက် သည့်အခါ လုံထဲမှာ ချော်သား အနည်း ငယ်သာရှိပြီး လုံအောက်ခြေနားအထိ ချော်ဆင်းထိုင်နေတာကို တွေ့လိုက်ရ တော့..."သွားပြီ ဒါလောက် အပြော ကြီးပြီး မီးပြင်းထိုးဖမ်းတာ ဘာဓာတ်မှ မမိတာ သေချာပြီ"ဟု တွက်လိုက် ကြသည်။

သို့သော် ဆရာက မင်းလှ(၁၂)လုံ ဖင်ပိုင်း၏ (၄)ပုံ (၁)ပုံလောက်မှာ ထိုင်နေသည့် ချော်သားကို ရိုက်ခွဲ လိုက်သည့်အခါမှာတော့ အားလုံးက ဟာခနဲ ဖြစ်သွားလေတော့သည်။

ဖြစ်ပုံက... ဟိုး လုံအောက်ခြေ ဖင်နားမှာ ကပ်နေပြီး ဝင်းဝါစိုရွှဲနေ သည့် အဝါရောင်ဓာတ်သားကို ရှင်းရှင်း ကြီး မြင်လိုက်ရတော့ သွပ်ပြဒါးဓာတ် ဖမ်းလို့ မိတယ်ဟ ဆိုပြီး ဝမ်းသာသွား ကြလေသည်။

သို့နှင့် လုံသားကို သေချာစင်ကြယ် အောင် ခွဲလိုက်သည့်အခါမှာ ကျစ်လျစ် သိပ်သည်းပြီး ဓာတ်တစ်ခုလုံး မီးလင်း အခေါက်ရွှေအရောင် ဖြစ်နေသည့် သွပ်ပြဒါးဓာတ်ကို အလွန် လှပစွာ တွေ့လိုက်ရပါသည်။

မြင်သာအောင် ပြောရလျှင် ပထမ သွပ်(၅)ကျပ်သား၊ ပြဒါး(၅)ကျပ်သား (၂)မျိုးတွဲ သွပ်ပြဒါး(၁၀)ကျပ်သား ဓာတ်သားအနေအထားမှာ ဘဲဥအကြီး ဆုံးအရွယ်ခန့် ရှိပါသည်။

ယခု ဖမ်းမိသည့် ရွှေဝါရောင် သွပ်ပြဒါးဓာတ်သား အလုံးသည် တောကြက်ဥအရွယ် သေးသေး ကျစ်ကျစ်နှင့် လက်လေးလက်ဆ နှစ်နေပြီး အင်မတန် နှစ်လိုဖွယ်ရာ ကောင်းလှပါသည်။

သူ့ကို ချိန်ခွင်မှာ အလေးတင် ချိန် ကြည့်လိုက်တော့ (၉)ကျပ်နှင့် (၈)ပဲ သားတိတိ ရှိတာကို တွေ့လိုက်ရ တော့...

သွပ်ပြဒါးတွဲ ဓာတ်စိမ်း(၁၀)ကျပ် သားကို ဖမ်းတာကို (၅)မူးသားပဲ လျော့တာကို အံ့သြစွာ တွေ့ရပါတော့ သည်။

ခဏနားပြီး ဖိုခွင်ကို အသစ်ပြင်ပြီး ကျန်နေသည့် သွပ်(၁၀)ကျပ်သားကို အသင့်ပြင်ထားသည့် လုံကို စာရေးသူ ကိုယ်တိုင်ပဲ ဆရာ ပြခဲ့သည့် နည်းစဉ် အတိုင်း လုံခါးတိုက် အနေအထားပြီး ဆက်လက်၍ သွပ်ဓာတ်ကို ဖမ်းကြရာ တွင်လည်း ကိုယ်တိုင် လက်တွေ့ လုံကို ခွဲယူလိုက်သည့်အခါမှာ...

ပထမ သွပ်ပြဒါးဓာတ် ဖမ်းခဲ့သလို မျိုး အခေါက်မီးလင်းရွှေအရောင်မျိုး နှင့် သွပ်ဓာတ်ဖမ်းမိပြီးသား (၁၀)ကျပ် သားကို (၁)မတ်သားလောက်ပဲ လျော့ ပြီး ဖမ်းမိလေသည်။

ဘာတွေပဲပြောပြော... ယခုလို သွပ်ဓာတ်နှင့် သွပ်ပြဒါးတွဲဓာတ် မီးထိ မခံနိုင်တဲ့ အာကာသဓာတ်မျိုးတွေကို ထုထည်အလေးချိန် များများနှင့် တစ်လုံ တစ်မီး မီးပြင်းထိုးပြီး အရောင် အဆင်း ဝါဝင်းစိုရွှဲနေအောင် ဓာတ်ဖမ်း ပြနိုင်သည့် ဆရာမျိုး တစ်သက်မှာ ဒီတစ်ခါပဲ ကြုံခဲ့ရပါသည်။ ဝမ်းသာပြီး ကျေးဇူးလည်း အထူးတင်မိပါသည်။

စာရှုသူ ဝါသနာရှင် အဂ္ဂိရတ် မိတ်ဆွေများလည်း ယခုလို ကိုယ်တိုင် ကြုံတွေ့ခဲ့ရမည်ဆိုလျှင်...

ထိုပုဂ္ဂိုလ်မျိုးကို "**သွပ်ဖမ်းပိဋ္ဋာ အဂ္ဂိရတ်ဆရာ**"ဟု တင်စားဂုဏ်ပြု မိကြလိမ့်မည်ဟု ထင်ပါသည်။

**[ရှေ့လတွင် ဖမ်းမိထားသည့် ရွှေဝါရောင်သွပ်ဓာတ်နှင့် သွပ်ပြဒါး ဓာတ်တို့၏ ဂုဏ်သတ္တိနှင့် ဓာတ် တက်လမ်း နည်းစနစ်များကို တင်ပြ ပေးပါမည်။]**

***ဝါသနာရှင်များ ပညာပြည့်ဝ နှလုံးလှ၍ လှိုလမှီလှီ နည်းယူနိုင်ကြပါစေ။***

**ဦးမင်းဖေ(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ မေလအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာကနသိရှိစေရန် အလို့ငှာစေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ခြင်းဖြစ်ပါသည်။

ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**မေလ (၁၇)**ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ **(၁၇)**ရက်နေ့၏ စိုးမိုးဂဏန်းမှာ **(၅)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၂၈)**ရ၏။ ယင်း **(၂၈)**ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် **၂ + ၈ = ၁၀ = ၁** ရ၏။ ထို့ကြောင့် ထိုသူအတွက် **မေလ(၁၇)**ရက်နေ့တွင် **(၁)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

သော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း**ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်သည်ဟု တော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်လျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီအကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု ကောင်းကျိုး ပြည့်ပါစေ။***

**သုခရုစ်(ကျိုက်လတ်)**

**❖ ၂၀၁၇ ခုနှစ်၊ မေလ ❖**

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | 1 ၇ | 2 ၈ | 3 ၉ | 4 ၁ | 5 ၂ | 6 ၃ |
| 7 ၄ | 8 ၅ | 9 ၆ | 10 ၇ | 11 ၈ | 12 ၉ | 13 ၁ |
| 14 ၂ | 15 ၃ | 16 ၄ | 17 ၅ | 18 ၆ | 19 ၇ | 20 ၈ |
| 21 ၉ | 22 ၁ | 23 ၂ | 24 ၃ | 25 ၄ | 26 ၅ | 27 ၆ |
| 28 ၇ | 29 ၈ | 30 ၉ | 31 ၁ | | | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထား

www.burmeseclassic.com

www.burmeseclassic.com

ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ၏

# မိတ်ဓာတ်(၄)ပါး ကျင့်စဉ် (၃)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

တစ်မနက်လုံး အိုက်စပ်စပ် ဖြစ်နေသောကြောင့် အိမ်ဘေးမှ ခရေပင်ရိပ်တွင်ရှိသော ဝါးစားပွဲတွင် **"မှုသညာခ ဂါထာ"** အသုံးချနည်းမှတ်စုကို ဖတ်ရှုနေပါ၏။ ထိုဂါထာမှာ ဆရာတော်ကြီး ပေးထားသည်မှာ (၁၅)နှစ်မျှ ရှိနေလေပြီ။

ဆရာတော်ကြီး၏ အခြား ဆောင်းပါးများကိုသာ ရေးလက်စ ဖြစ်၍ မေ့လျော့နေခြင်း ဖြစ်ပါသည်။

သည်အချိန်မှာပင် တပည့်ရင်း တစ်ယောက်ဖြစ်သော မောင်မြင့်ဒွေး ရောက်ရှိလာပြီး ပျားရည်တစ်ပုလင်းနှင့် မိဿလင်ဆေးရည်ဘူး ကန်တော့လေ၏။

'ဆရာ ခြေဖနောင့် သက်သာရဲ့လား'

'အေး...သိပ်တော့ မဆိုးပါဘူး။ လမ်းလျှောက်ဖို့ အဆင်မပြေသေးလို့ အငြိမ်ပဲ နားနေရတာပေါ့။ အခုဟာက ဖနောင့်သားထဲ အနာမမြင်ရဘဲ နာတာဆိုတော့ကွာ'

'အခု ယူလာတဲ့ ဆေးကတော့ "ချင်းစိမ်းနဲ့မိဿလင်"ကို ထောင်းပြီး ဦးရည်ပြင်းပြင်းနဲ့ စိမ်ထားတာဆိုတော့ အဆင်ပြေမှာပါ'

'အေးပါကွာ...သာဓုပါ... သာဓုပါ... လမ်းမလျှောက်ရတာကြာပြီး စာကိုပဲ ဒိရေးနေတာမို့ ငါ့ခြေဖမိုးတွေ ရောင်လာတယ်'

ဟု ပြောလိုက်ပါ၏။

'ဒါထက် ဆရာရေးနေတဲ့ မိတ်ဓာတ်(၄)ပါးကျင့်စဉ်တွေက ပြီးသွားပလား'

'ဘယ်ပြီးရမှာလဲကွာ၊ တစ်ပုဒ် ကျန်နေသေးတယ်'

'ဆရာရေးပြီးရင် မိတ္တူတစ်စောင် ဆွဲပေးပါ။ ကျွန်တော့်ရဲ့ အမှတ်(၂) ကျင့်စဉ်က ရက်နှစ်ပတ်လောက်ဆို



အောင်တော့မှာ ဆရာရဲ့။ ဒါမှ တစ်ဆက်တည်း အားထုတ်ချင်လို့ပါ'

'အေးပါကွာ ဒီမိတ်ဓာတ်(၄)ပါး ပြီးရင် **"ရန်ဓာတ် ၄-ပါး"**ကလဲ ဆက်တိုက်ရေးမှ ငါ့ဆရာရဲ့ ကျေးဇူးကို ဆပ်ရာရောက်မှာပါ'

ဟု ပြောလိုက်ရလေ၏။

ဤသို့အားဖြင့် မောင်မြင့်ဒွေးသည် ကျွန်ုပ်အား ကန်တော့ကာ ရေခါးရွာသို့ ပြန်သွားသောအခါ အမှတ်(၃)ဆောင်းပါးကို မှတ်မှတ်ရရ ရေးသားရပါတော့သည်။

---

အန္တောမိတ်ဓာတ်

---

အောင်ဓာတ်အောင်မြေ ပြည့်စုံသော သက်တော်ရှည်စေတီတော် တစ်ဆူကို ရွေးချယ်ထားပါ။ **မင်္ဂလာရှိသော တနင်္ဂနွေနေ့(အမြိတ္တစုဝ်၊ ရက်တံခွန်၊ ရက်ရာဇာနှင့်ကြုံသော)** နေ့ဖြစ်လျှင် အကောင်းဆုံး ဖြစ်ပါသည်။

အဓိဋ္ဌာန်တင် အားထုတ်ဖို့ ရက်ဝေးနေပါလျှင် အနီးဆုံး တနင်္ဂနွေကိုသာ ရွေးချယ်ရပါတော့မည်။ ထိုနေ့တွင်...

၁။ ပုဗ္ဗဏှသုတ် (၉)ခေါက်ရွတ်ဖတ်
၂။ မေတ္တသုတ် (၉)ခေါက်ရွတ်ဖတ်
၃။ ရတနသုတ် (၉)ခေါက်ရွတ်ဖတ်

ပူဇော်ရပါမည်။

---

အချိန်ရွေးပါ

---

**တနင်္ဂနွေနေ့** နံနက် (၆း၀၀)နာရီ (၇း၃၀)နာရီအတွင်း စတင် အားထုတ်ပါ။

အားထုတ်ချိန်မှာ (၄၅)မိနစ်မျှသာ ဖြစ်သည့်အတွက် တစ်နာရီအတွင်း ဖြစ်သောကြောင့် လုပ်ခွင်မပျက် ဆောင်ရွက်နိုင်ကြမည်။

---

နေရာ

---

အန္တောမိတ်ဓာတ်အတွက် ရွေးချယ်ထားသော စေတီတော်၏ တနင်္ဂနွေ ထောင့်ဂြိုဟ်တိုင်နှင့် စနေထောင့်ဂြိုဟ်





www.burmeseclassic.com

www.burmeseclassic.com

တိုင်နေရာတွင် သန့်ရှင်းရေး လုပ်အား ကုသိုလ်ပြုလုပ်ခြင်း၊ ဘုရားရေသပ္ပါယ်ခြင်း စသည့် ဗုဒ္ဓဝေယျာဝစ္စများကို စိတ်တိုင်းကျ ဆောင်ရွက်ပါ။

**တနင်္ဂနွေနေ့ဖွား မြတ်စွာဘုရားအားလည်းကောင်း၊ စနေနေ့ဖွား မြတ်ဘုရားတို့ကိုလည်းကောင်း...**

၁။ ဖယောင်းဆီမီး
၂။ အမွှေးတိုင်
၃။ အောင်သပြေ
၄။ ရေတော်
၅။ အသက်လွှတ်ဆွမ်း

တို့ဖြင့် ဆက်ကပ်လှူဒါန်းပါ။

မိမိကိုယ်တိုင် **အသက်သတ်လွတ် မစားသုံးနိုင်ပါက** ပထမဦးဆုံး စားသောက်သော ထမင်းဖြူကို ဟင်းလျာမပါ (၃)လုတ်စားခြင်းဖြင့် အာရုံပြုနိုင်ကြလေ၏။

* အင်းသောက်မျိုးသူများအတွက် အင်းတစ်ကွက်နှင့် နံ့သာဖြူရည် လိုအပ်ပါမည်။
* မိမိအတွက် သစ္စာတိုင်ဖို့ ရေသန့်တစ်ဘူးဖွင့်၍ ရေစင်တော်ပြုထားပါ။

## ပုဂ္ဂိုလ်များ ပင့်ဖိတ်ခြင်း

ဆိုင်ရာဂြိုဟ်မင်းကြီး၊ ဆရာအရှင်များ၊ စေတီတော်အစောင့်အရှောက်များ၊ ဒေသဆိုင်ရာမြို့တော်အရှင်၊ နယ်တော်ရှင်နှင့် မိမိအာရုံရှိရာ ပုဂ္ဂိုလ်တို့အား ပင့်ဖိတ်၍ **ပုဗ္ဗဏှသုတ်၊ မေတ္တသုတ်၊ ရတနသုတ်**တို့ဖြင့် (၉)ခေါက်စီ ရွတ်ဖတ်ပူဇော်ပါ။

နတ်မင်းကြီးများအား အသီသက်သေ အစောင့်အရှောက်အဖြစ် လေးစားစွာပြု၍ အမိဋ္ဌာန် (၁၀၈)ရက် ပြုရပါမည်။

တနင်္ဂနွေဂြိုဟ်တိုင်တွင် လည်းကောင်း၊ စနေဂြိုဟ်တိုင်တွင်လည်းကောင်း ပုတီး(၂၇)ပတ် စိပ်ပါ။

## ပုတီးစိပ်ဂါထာ

**"သတ္တာဒေဝမနုဿာနံ"** တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ ပုတီး (၂၇)ပတ်၊ (၂၇)ရက်စေ့အောင် စိပ်ရပါမည်။***(တစ်ထောင့်လျှင် ၂၇–ပတ် ဖြစ်၍ ၅၄–ပတ် ရှိမည်။)***

(က) အသံထွက်၍ ရွတ်ဆိုပုတီးစိပ်ပါ။
(ခ) မိမိအသံကို စဉ်ဆက်မပြတ် ရှုဆိုက်ပါ။
(ဂ) သမာဓိကောင်းစွာ လုံ့လပြုပြီး အားထုတ်ပါ။

အခက်အခဲမရှိ လွတ်လပ်ချမ်းသာစွာ ပြီးစီးအောင်မြင်ပါလိမ့်မည်။

တစ်နေရာတွင် ပြီးစီးတိုင်း မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ အမျှဝေခြင်း၊ ဆုတောင်းခြင်းများ ပြုရပါမည်။ ဖြစ်သင့်ဖြစ်ထိုက်သည်ကိုသာ ဆုတောင်းပါ။

## သစ္စာတိုင်ပါ

'တပည့်တော် ယနေ့ယခု အားထုတ်ခံယူသော အဓိဋ္ဌာန်သည် သီလဂုဏ်၊ သရဏဂုံ၊ ဒါနဂုဏ်တို့ဖြင့် ကောန်အမှန် အားပြုပူဇော်ခြင်းဖြစ်ပါ၏။ ဤမှန်သစ္စာစကားကြောင့် "အန္တောမိတ်ဓာတ်"၏ အာနုဘော်အကျိုးကို ရရှိပါစေသား'

သစ္စာတိုင်၍ ရေစင်တော်ကို သောက်ပါ။

အင်းတော်ကို သောက်မျိုပါ။

***(အင်းတော်ကို ဆောင်းပါးအဆုံးတွင် ဖော်ပြထားပါသည်။)***

## အန္တောမိတ်ဓာတ်၏အကျိုး

၁။ လောဘမီး၊ ဒေါသမီး၊ သောကမီး၊ ရာဂမီးတို့၏ နှိပ်စက်မှုမှ ကင်းဝေးချမ်းသာခြင်းကို ရရှိကြပါမည်။
၂။ မိမိအား မုန်းတီးသူ၊ ကုန်းချောသူ၊ မဟုတ်တမ်းတရားပြောသူနှင့် ငြူစူသူတို့၏ ဘေးအန္တရာယ်မှ ကင်းဝေးလိမ့်မည်။
၃။ စုန်းပယောဂ၊ သံဖမ်းနာမ်နှိုက်ခြေရာကောက်အပင်းတိုက်၊ အင်းမြှုပ်မကောင်းကြံစည်ခြင်း စသောဘေးဆိုးတို့ မဝင်ရောက်နိုင်ကုန်။
၄။ လောင်မီးဘေး၊ မီးဘေး၊ အပူဘေးဆိုးတို့မှ ကင်းဝေးစေသည်။
၅။ အကြီးအမှူးအဖြစ်၊ လေးစားထိုက်သူအဖြစ်၊ အားထိုးကိုက်သူအဖြစ် ယုံကြည်ဂါရဝပြုခြင်းနှင့် ဩဇာအာဏာ တည်လိမ့်မည်။
၆။ ပုဂ္ဂိုလ်ထူးတို့၏ အထောက်အပံ့ကို ပါရမီအားလျော်စွာ ခံစားရရှိနိုင်ကြပါမည်။

အန္တောမိတ်ဓာတ်သည် တနင်္ဂနွေနေ့တွင် အောင်ဓာတ်ယူ၍ စတင်ခဲ့သောကြောင့် သောကြာနေ့တွင် (၂၇)ရက် ပြည့်ခဲ့လေပြီ။ တစ်ရက်လျှင် **"သတ္တာဒေဝမနုဿာနံ"** နှစ်နေရာပေါင်း ပုတီး(၅၄)ပတ် ပူဇော်ခြင်းကြောင့် ဂုဏ်တော်**(၁၄၅၈)ကြိမ်** ပူဇော်ပြီးလေပြီ။

မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်၊ ရတနသုတ် (၉)ကြိမ်စီ ရွတ်ဖတ်ခြင်းကို (၅၄)ကြိမ်မျှ ပူဇော်ခဲ့ပြီး ဖြစ်သောကြောင့် **ဝစီကံကုသိုလ်တော်(၁၄၅၈)ကြိမ်** ရရှိလေပြီ။

ဦးပဉ္စင်းကြီး သျှင်သီရိက **"အောင်လျှံပြည့်လျှံ"**ခြင်းဖြစ်သည်ဟု အဆိုပြုခဲ့ပါသည်။

## ဂမ္ဘောမိတ်ဓာတ်

**ဂမ္ဘောမိတ်ဓာတ်**ကို **စနေနေ့နံနက်တွင်** ဆက်လက် အားထုတ်ရပေမည်။

အဓိဋ္ဌာန်ပြုထားသော စေတီတော်မြတ်၏ အရှေ့အရပ်ဖြစ်သော တနင်္ဂနွေ မျက်နှာတွင်လည်းကောင်း၊ မျက်နှာ ယူအရပ်ဖြစ်သည့် အနောက်ဘက် ကြာသပတေး ဂြိုဟ်အိမ်ဌာန၌





www.burmeseclassic.com

www.burmeseclassic.com

သန့်ရှင်းရေး လုပ်အားကုသိုလ်ပြုခြင်း၊ ရေသပ္ပါယ်ခြင်း စသော ဗုဒ္ဓဝေယျာဝစ္စများ ပြုပေးပါ။

အဓိဋ္ဌာန် စတင်ချိန်မှာ နံနက် (၆း၀၀)နာရီ (၇း၃၀)နာရီအတွင်း ဖြစ်ပါသည်။

**တနင်္လာနေ့ဖွား ဘုရားရှင်နှင့် ကြာသပတေးနေ့ဖွား မြတ်ဘုရားတို့အား...**

၁။ ဆွမ်းတော်တစ်ပွဲ
၂။ ဖယောင်းသီး
၃။ အမွှေးတိုင်
၄။ ကုံကော်ပန်း

တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ပါ။

* ရေသန့်တစ်ဘူးကိုဖွင့်၍ ရှေ့တွင် ချထားပါ။
* အင်းပညာအတွက် အင်းတစ်ကွက်ကို ဆောင်ထားပါ။

### ပုဂ္ဂိုလ်များ ပင့်ဖိတ်ရန်

မိမိ၏ဆရာအရှင်များ၊ ဂြိုဟ်မင်းကြီးများ၊ စေတီတော်အစောင့်အရှောက်များ၊ ဒေသဆိုင်ရာ မိရိုးဖလာနတ်မင်းများ၊ မြို့တော်အရှင်၊ နယ်တော်ရှင်နှင့် မိမိယုံကြည်ကိုးစားသော ပုဂ္ဂိုလ်ထူးများကို အထူးပင့်ဖိတ်ပါ။

အထက်ပါ ဆရာအရှင်တို့အား အသိသက်သေအရာ ထား၍ အစောင့်အရှောက်ခံယူပြီး အဓိဋ္ဌာန်တင်ပါ။

၁။ ပုဗ္ဗဏှသုတ် (၉)ခေါက်ရွတ်ဖတ်
၂။ မေတ္တသုတ် (၉)ခေါက်ရွတ်ဖတ်
၃။ ရတနသုတ် (၉)ခေါက်ရွတ်ဖတ်

ရွတ်ဖတ်ပူဇော်ပါ။

**တနင်္လာဂြိုဟ်တိုင်နှင့် ကြာသပတေးဂြိုဟ်တိုင်**တို့တွင် ပုတီး(၂၇)ပတ်စီ (၂၇)ရက်စေ့အောင် ကြိုးစားအားထုတ်ပါ။ ပုတီးစိပ်ဂါထာမှာ **"သဗ္ဗာဒေဝမနုဿာနံ"** ဖြစ်ပါ၏။



တနင်္လာဂြိုဟ်တိုင်တွင် ပထမရက်စနေနေ့တွင် ပုတီး(၂၇)ပတ် ပြီးစီးပါလျှင် မိမိပိုင်ငွေ (၂၀၀)ကျပ်ဖြစ်စေ၊ (၂၀၀၀)ကျပ်ဖြစ်စေ စွမ်းသမျှကို **"ပုံ့သကူအလှူ"**အဖြစ် နေရာတွင် စွန့်လှူခဲ့ပါ။

နေ့စဉ် အားထုတ်ပြီးတိုင်း မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ အမျှဝေခြင်း၊ ဆုတောင်းခြင်းများ ပြုရပါမည်။ ပုဂ္ဂိုလ်များကို ပြန်ပို့ရန် မမေ့သင့်ပါ။

### သစ္စာတိုင်ပါ

'တပည့်တော် ယနေ့ယခု အားထုတ်ခံယူသော အဓိဋ္ဌာန်သည် သီလဂုဏ်၊ သရဏဂုဏ်၊ ဒါနဂုဏ်တို့ဖြင့် ကောန်အမှန် အားပြု ပူဇော်ခြင်းဖြစ်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် "ဂဗ္ဗေမိတ်ဓာတ်"၏ အာနုဘော်အကျိုးကို ရရှိပါစေသား'

သစ္စာတိုင်ပြီး ရေစင်တော်ကို သောက်မျိုပါ။

အင်းတော်ကို သောက်မျိုပါ။

***(အင်း၊ ဆေး၊ ဓာတ်၊ မန္တန်၊ လက်ဖွဲ့ စသည်တို့အားလည်း အကျုံးဝင်ပါသည်။)***

ပုဂ္ဂိုလ် ဆရာအရှင်များကို ပင့်ဖိတ်သောအခါ မိမိတို့ ဝါသနာထုံသော ကိစ္စတို့အားလျော်စွာ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ဓာတ်ဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ အစရှိကုန်သော ဝိဇ္ဇာမင်း၊ ရသေ့မင်းတို့အား ပင့်ဖိတ်ပြီး အဓိဋ္ဌာန်ပြုသင့်ပါ၏။

### ဂဗ္ဗေမိတ်ဓာတ်၏အကျိုး

၁။ ဂုဏ်သရေရှိသော အမျိုးကောင်းသမီးများက မိခင်သဖွယ်၊ အစ်မကြီးသဖွယ် အကူအညီကောင်း၊ အထောက်အပံ့ကောင်းများ ပေးလာတတ်ကြပါသည်။ ယောဂီကဲ့သို့ တရားရှင်တို့နှင့် ကြုံတွေ့လမ်းညွှန်မှု ရရှိနိုင်လေ၏။
၂။ ခရီးဝေးသို့ ရောက်ရှိနေထိုင်သော မိခင်၊ အစ်မ စသည်တို့အား သွားရောက်၍ ပျော်ရွှင်ဖွယ် ဘဝလေးဖြစ်လာတတ်သည်။
၃။ ဝန်ထမ်းဖြစ်ပါလျှင် ရာထူး၊ ဂုဏ်ထူး တိုးတက်လာလိမ့်မည်။
၄။ ကျောင်း၊ ကန်၊ လှေကား စသော သာသနဋ္ဌာနများ ပြုပြင်မွမ်းမံခွင့် ရလိမ့်မည်။
၅။ ငွေကြေးလာဘ်လာဘများ မမျှော်လင့်ဘဲ ရရှိရတတ်လေသည်။

ဂဗ္ဗေမိတ်ဓာတ်သည် (၂၇)ရက်ပြည့်မြောက်သောအခါ ထိုနေ့မှာ ကြာသပတေးနေ့ ဖြစ်လေရာ အဓိဋ္ဌာန်မှ ထမြောက်ချိန်တွင် ဘုန်းတော်ကြီးတစ်ပါးဖြစ်စေ၊ အသက်ဝါကြီးသော သီလရှင်အိုကြီးတစ်ပါးဖြစ်စေ တွေ့ခွင့်ကြုံရပါက အောက်ဖော်ပြပါ မုန့်များကို ရရာလှူလိုက်ပါ။

* ပျော့ကစ်စီ
* ပဲကိတ်
* ပေါင်မုန့်
* မုန့်ပျားသလက်
* ကွတ်ကီး



www.burmeseclassic.com

www.burmeseclassic.com

စသည်တို့မှ သင့်တော်ရာ တစ်မျိုး လှူဒါန်းပါ။ ထူးခြားမှု ရှိပါလိမ့်မည်။

## စနေမိတ်ခေတ်

စနေမိတ်ခေတ်ကို **သောကြာနေ့တွင်** စတင်ရပါတော့မည်။

သောကြာနေ့ နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီအချိန်အတွင်း စေတီတော်မြတ်ကြီး၏ အရှေ့တောင်ထောင့်ရှိ အင်္ဂါဂြိုဟ်တိုင်နှင့် ရာဟုဂြိုဟ်တိုင်တို့တွင် ယခင်ကနည်းတူ သန့်ရှင်းရေး လုပ်အားဒါနဖြင့် ဗုဒ္ဓဝေယျာဝစ္စ ကုသိုလ်ပြုပါ။

**အင်္ဂါနေ့ဖွား ဘုရားရှင်အား...**

၁။ ဆွမ်းတော်ပွဲ
၂။ ယပ်တစ်ချောင်း
၃။ ဖယောင်းဆီမီး
၄။ အမွှေးတိုင်
၅။ ငွေနှင်းပန်း

တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ပါ။

✳ ရေသန့်ဘူး အင်းတော်၊ ဆေး၊ ဓာတ်လုံး စသည်တို့အား အဆင်သင့်ထားပါ။

## ပုဂ္ဂိုလ်များကို ပင့်ဖိတ်ရန်

အင်္ဂါဂြိုဟ်မင်း၊ ရာဟုဂြိုဟ်မင်း၊ စေတီတော် အစောင့်အရှောက်များ၊ မိမိ၏ ဆရာအရှင်များ၊ ဒေသဆိုင်ရာ မိရိုးဖလာ နတ်မင်းများ၊ မြို့တော်အရှင်၊ နယ်တော်ရှင်များအား ပင့်ဖိတ်ပါ။

အထက်ပါ ဆရာအရှင်တို့အား အသိသက်သေအရာ ထား၍ အစောင့်အရှောက်ခံယူပြီး အဓိဋ္ဌာန်ပြုပါ။ ပုတီးစိပ်ဖို့ အဆင်သင့် ဖြစ်လေပြီ။

၁။ ပုဗ္ဗဏှသုတ် (၉)ခေါက်
၂။ မေတ္တာသုတ် (၉)ခေါက်
၃။ ရတနသုတ် (၉)ခေါက်

ရွတ်ဖတ်ပူဇော်ပါ။

စနေမိတ်ခေတ်အတွက် **အင်္ဂါဂြိုဟ်တိုင်နှင့် ရာဟုဂြိုဟ်တိုင်**တို့တွင် သီလခံယူပြီးပါလျှင် **ပုတီး(၂၇)ပတ်စိပ်၊** (၂၇)ရက်စေ့အောင် ကြိုးစား အားထုတ်ပါ။

ပုတီးစိပ်ဂါထာမှာ **"သဗ္ဗာဒေဝ မနုဿာနံ"**သာ ဖြစ်ပါသည်။

(၂၇)ရက်အတွင်း အားထုတ်ပြီးတိုင်း မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ အမျှဝေခြင်း၊ ဆုတောင်းခြင်းများ ပြုရပါမည်။ ပုဂ္ဂိုလ်များကို ပြန်ပို့ဖို့ မမေ့ သင့်ပါ။

## သစ္စာတိုင်ပါ

'တပည့်တော် ယနေ့ယခု အားထုတ်ခံယူဆောက်တည်သော အဓိဋ္ဌာန်သည် သီလဂုဏ်၊ သရဏဂုဏ်၊ ဒါနဂုဏ်တို့ဖြင့် ဖောန် အမှန် အားပြုပူဇော်ခြင်းဖြစ်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် "စနေမိတ်ခေတ်" ၏ အာနိသင်အကျိုးကို ရရှိပါစေသား'

သစ္စာတိုင်ပြီး ရေစင်တော် သောက်ပါ။

***(အင်း၊ ဆေး၊ ဓာတ် စသည် အားလုံး)***

ဤနည်းအားဖြင့် အဓိဋ္ဌာန်(၂၇) ရက်စေ့သောအခါ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူရာ **"ဗုဒ္ဓဟူးနေ့"**တွင် စနေမိတ်ခေတ်ကြီး အောင်မြင်လေပြီ။

ထို့ကြောင့် အဓိဋ္ဌာန်ရှင် သူတော်ကောင်းတို့သည်ကား **"အောင်လျှံ ပြည့်လျှံ"** (၃)ကြိမ်မြွက် ပူဇော်ပြီးခြင်း ဖြစ်လေ၏။

## စနေမိတ်ခေတ်အကျိုး

၁။ မိမိ ကြံစည်လုပ်ကိုင်သမျှ ကောင်းသော ကိစ္စအဝဝသည် လျင်မြန်လွယ်ကူချောမွေ့စွာ အောင်မြင်ပြီးစီးနိုင်ကြလေ၏။

၂။ နှုတ်မှုပညာစွမ်းဖြင့် လုပ်ကိုင်သူ ဆရာ, ဆရာမများ၊ ဗေဒင်လက္ခဏာပညာရှင်များ၊ လူမှုရေး အသင်းအဖွဲ့ ခေါင်းဆောင်များ၊ တေးသံရှင်များအတွက် အောင်မြင်ထင်ရှားနိုင်ကြလေ၏။

၃။ လေမုန်တိုင်းအန္တရာယ်၊ မတော်တဆမှုအန္တရာယ်မှ ကင်းဝေးစေတတ်၏။

၄။ ဩဇာအာဏာ ထက်မြက်စေတတ်ပါသည်။

## ဝံသေမိတ်ခေတ်

ကြာသပတေးနေ့တွင် အဓိဋ္ဌာန်ရှင်သည် မိတ်ခေတ်(၄)ပါး၏ ဂုဏ်ထူးတန်းကို ရောက်ရှိလာပြီဖြစ်လေ၏။ အလေ့အကျင့်လည်း ကောင်းစွာ ပြည့်ဝလာသောကြောင့် သီလအား၊ ဒါနအား၊ ဘာဝနာအားတို့ဖြင့် ခွန်အားကောင်းနေပြီ ဖြစ်ပါ၏။

ပိုင်ဆိုင်ရရှိထားပြီးသော ခွန်အားတို့ကို ပိုမိုထွန်းတောက်နေစေဖို့လည်း မိမိကိုယ်ကို စောင့်ရှောက်ထိန်းချုပ်ရန် အချက်များ ရှိနေပါသည်။

## ပယ်ထုတ်အပ်သော တရားကိုးပါး

၁။ သူ့အသက်ကို ဖျက်ရန် မကြံအပ်။
၂။ သူ့ဥစ္စာကို ခိုးယူရန် မကြံအပ်။
၃။ သူပိုင် မယား/လင်ကို မပြစ်မှားအပ်။
၄။ မဟုတ်မမှန်သောစကား မပြော အပ်။
၅။ ကုန်းချောခြင်း မပြုအပ်။
၆။ ရိုင်းစိုင်းကြမ်းတမ်းသော စကား မဆိုအပ်။
၇။ သိမ်ဖျင်းသော အလေလာပေ စကားမပြောအပ်။
၈။ အလိုဆန္ဒ မကြီးစေအပ်။
၉။ မှားယွင်းမိစ္ဆာအယူကို အလိုမရှိအပ်

ဟူ၍ **ဆရာတော်ကြီး ဦးဥတ္တမ**



www.burmeseclassic.com

www.burmeseclassic.com

**သိဒ္ဓိမှ ဩဝါဒစကားဖြင့်** မှတ်သား လိုက်နာရန် ပြောကြားခဲ့ပါသည်။

**ကြာသပတေးနေ့ နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီအချိန် အတွင်း** စေတီတော်မြတ်ကြီး၏ တောင်ဘက်အရပ်၊ ဗုဒ္ဓဟူးဂြိုဟ်တိုင်နှင့် မြောက်ဘက်မျက်နှာရှိ သောကြာဂြိုဟ်တိုင်တို့တွင် ဗုဒ္ဓဝေယျာဝစ္စတို့ကို လုပ်အားဖြင့် ဒါနကုသိုလ်ပြုပါ။

**ဗုဒ္ဓဟူးနေ့ဖွား မြတ်ဘုရားနှင့် သောကြာနေ့ဖွား မြတ်ဘုရားတို့အား...**

၁။ ဆွမ်းဖြူကို သီဆမ်း၊ သားဖြူးတစ်ပွဲ

၂။ ရေသန့်

၃။ ဖယောင်းဆီမီး

၄။ အမွှေးတိုင်

၅။ ရှက်လှပန်းတစ်အိုး

ဖြင့် ကြည်ဖြူသဒ္ဓါ ပူဇော်ဆက်ကပ်ပါ။

ရေစင်ဘူး တစ်ဘူးနှင့် အင်း၊ ဆေး၊ ခါတ်လုံးများအား အသင့်ထားရှိပါ။

ဗုဒ္ဓဟူးဂြိုဟ်မင်း၊ သောကြာဂြိုဟ်မင်း၊ စေတီတော်အစောင့်အရှောက်များ၊ မိမိ၏ဆရာအရှင်များ၊ ဒေသဆိုင်ရာ မိစ်ုးဖလာနတ်မင်းများ၊ မြို့တော်ရှင်၊ နယ်တော်ရှင်များအား အထူးပင့်ဖိတ်ပါ။

အထက်ပါ ဆရာအရှင်များအား အသိသက်သေအရာထား၍ အစောင့်အရှောက်ခံယူပြီး အဓိဋ္ဌာန်ဖြည့်ဆည်းဖို့ အသင့်ဖြစ်လေပြီ။

၁။ ပုဗ္ဗဏှသုတ် (၉)ခေါက်

၂။ မေတ္တသုတ် (၉)ခေါက်

၃။ ရတနသုတ် (၉)ခေါက်စီ

တို့ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**ဝံသေမိတ်ခါတ်အတွက်** ဂြိုဟ်တိုင်ဌာနတွင် သီလခံယူ၍ ပုတီး(၂၇)ပတ်၊ (၂၇)ရက်စိပ်ပြီး ကြိုးစားအားထုတ်ပါ။

ပုတီးစိပ်ဂါထာမှာ ဖော်ပြထားပြီး ဖြစ်ပါသည်။ (၂၇)ရက်အတွင်း အားထုတ်ပြီးတိုင်း မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ အမျှဝေခြင်း၊ ဆုတောင်းခြင်းနှင့် ပုဂ္ဂိုလ်များကို ပြန်ပို့ရမည်။

ရေစင်တော်ကို သစ္စာတိုင်ပြီးမှ သောက်သုံး ဆောင်ယူပါ။

ဝံသေမိတ်ခါတ် ပြီးမြောက်အောင်မြင်ပါလျှင် အဓိဋ္ဌာန်ရှင် သူတော်ကောင်းသည်ကား **"ရန်ပယ်ခါတ် ၄-ပါး"** ကျင့်စဉ်တော်ကို ဆက်လက်အားထုတ်နိုင်ကြလေပြီ။

---

**ဝံသေမိတ်ခါတ်၏အကျိုး**

---

၁။ ရေဘေးကြောင့် ဆင်းရဲခြင်း ကင်းဝေးစေ၏။

၂။ ရေကြောင့် ရေပိုး,ရေမွှား ရောဂါဝေဒနာ မကပ်ရောက်နိုင်။

၃။ စားသောက်စရာ အလျှံပယ် ရရှိစေ၏။

၄။ ကျန်းမာခြင်း၊ စိတ်ချမ်းမြေ့ခြင်း ရရှိစေ၏။

ထိုမျှမက သင်သည် တစ်ရက်လျှင် ဂုဏ်တော် (၅၄)ကြိမ် ×(၁၀၈)ကြိမ်၊ ပုတီးပတ်ပေါင်း(၅၈၃၂)ပတ်၊ ပရိတ်တော်ရွတ်ဖတ်မှု(၅၈၃၂)ကြိမ်၊ **ဗုဒ္ဓဝေယျာဝစ္စပေါင်း** (၂၁၆)ကြိမ်နှင့် အလှူဒါန(၁၀၈)ကြိမ် ကောင်းမှုပြုခဲ့လေပြီ။ အကုသိုလ်တရား (၉)ပါးကိုလည်း (၁၀၈)ကြိမ် ပယ်သတ်နိုင်ခဲ့သော သူရဲကောင်း ဖြစ်လေတော့သည်။

* * * ⟶

◎ **အင်းရံ** = အဋ္ဌော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ။

◎ **အင်းဆန်** = သတ္တာဒေဝမနုဿာနံ =မြင်းသွားချ။

◎ **အင်းပညာနည်းဖြင့်** ပြည့်စုံစွာ ဆောင်ရွက်ပါ။

◎ **မိတ်ခါတ်-၄ပါး၏** အကျိုးအာနုဘော်များ ရရှိနိုင်ပါသည်။

◎ **လမ်းညွှန်သူ ဆရာအရှင်တို့၏** သဘောကို ဆန့်ကျင်ပြီး မသုံးဆောင်အပ်ပါ။ ခွင့်ပန်ပြီးမှ သုံးဆောင်ပါ။

<u>ဆုတောင်းဂါထာ</u>

ဗုဒ္ဓဂုဏာနုဘာဝေန၊ ဓမ္မဂုဏာနုဘာဝေန၊ သံဃဂုဏာနုဘာဝေန၊ နဝလောကုတ္တရာနုဘာဝေန၊ ပဋ္ဌာနအဘိဓမ္မာနုဘာဝေန၊ အဟံ ဒိနေ ဒိနေ ဂါထာနုဘာဝေန၊ ပရိတ္တာ နုဘာဝေန၊ မယာ ကတေန ဒါန သီလ ဘာဝနာ နုဘာဝေန၊ အဋ္ဌဝိဓ္ဓာနံလဘေယျာဟံ၊ ဝိဇ္ဇာနံ ပစ္စယံ ကရေ၊ ဂုရုတ္တမေစ သေဝေယျံ၊ ဒါနံ သီလဉ္စ ဘာဝနံ၊ အနုတ္တရာ သမ္ဘူနာနံ၊ အနုတ္တံ၊ သမ္ဘာသမ္ဘုဒ္ဓါနံ၊ ဗလေန တေဇေန၊ အာကာသဋ္ဌာစ၊ ဘုမ္မဋ္ဌာ ရုက္ခဋ္ဌာစ၊ ပဟိဒ္ဓိကာ သဗ္ဗေဒေဝါ၊ ဣန္ဒြာ မဟာဗြဟ္မာ အမှေ ရက္ခန္တု သဗ္ဗဒါ။

အနက်

**ဗုဒ္ဓဂုဏာနုဘာဝေန**– ဘုရားဂုဏ်တော် အာနုဘော်ကြောင့်၊ **ဓမ္မဂုဏာနုဘာဝေန**–တရားဂုဏ်တော် အာနုဘော်ကြောင့်၊ **သံဃဂုဏာနုဘာဝေန**– သံဃာ့ဂုဏ်တော်အာနုဘော်ကြောင့်၊ **နဝလောကုတ္တရာနုဘာဝေန**

<u>အင်းတော်ကြီးပုံစံ</u>

| | | | | |
|---|---|---|---|---|
| 7^ | 19 | 2^ | 56 | 7^ |
| 56 | သ ၁ | ဟံ ၄ | သ ၇ | 19 |
| 2^ | နံ ၆ | နံသွင်း | ဗ ၂ | 2^ |
| 19 | ဒေ ၃ | နံ ၈ | ပ ၅ | 56 |
| 7^ | 56 | 2^ | 19 | 7^ |



www.burmeseclassic.com

www.burmeseclassic.com

–လောကုတ္တရာ တရားကိုးပါး၏ အာနုဘော်ကြောင့်၊ **မမ အဓိဋ္ဌာနာ နုဘာဝေန**–အကျွန်ုပ်၏ အဓိဋ္ဌာန် အာနုဘော်ကြောင့်၊ **အဟံ**– ကျွန်ုပ်သည်၊ **ဒိနေ ဒိနေ**–နေ့တိုင်း နေ့တိုင်း၊ **ဂါထာနုဘာဝေန**– ရွတ်ဆိုအပ်သော ဂါထာအာနုဘော်ကြောင့်၊ **ပရိတ္တာနုဘာဝေန**– ပရိတ်တော်၏ အာနုဘော်ကြောင့်၊ **မယာကတေန**–အကျွန်ုပ် ပြုအပ်သော၊ **ဒါန သီလ ဘာဝနာ နုဘာဝေန**–ဒါန,သီလ,ဘာဝနာ၏ အာနုဘော်ကြောင့်၊ **အဟံ**– ကျွန်ုပ်သည်၊ **အဋ္ဌဝိဇ္ဇာနံ**–ရှစ်ပါးသော ဝိဇ္ဇာတို့ကို၊ **လဘေယျံ**– ရရပါလို၏၊ **ဝိဇ္ဇာနံ**–ဝိဇ္ဇာရှစ်ပါးတို့၏၊ **ပစ္စယံ**–ရရာရကြောင်း အထောက်ပံ့ကောင်းကို၊ **ကရေ**–ပြုနိုင်ရပါလို၏၊ **ဂုရုတ္တမေစ**–ဆရာကောင်း ဆရာမြတ်တို့ကိုလည်း၊ **သေဝေယျံ**– မှီဝဲဆည်းကပ်ရပါလို၏၊ **ဒါနံ**–အလှူဒါနကို လည်းကောင်း၊ **သီလဥ္စ**–ငါးပါး,ရှစ်ပါး စသည်အားဖြင့် အစားစားသော သီလကို လည်းကောင်း၊ **ဘာဝနံ**–သမထဝိပဿနာ နှစ်ဖြာသော ဘာဝနာကို လည်း ကောင်း၊ **သေဝေယျံ**–မှီဝဲနိုင်ရပါလို၏၊ **အနန္တဉာဏသမ္ဗုဒ္ဓံ**–အဆုံး မရှိသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူကုန်သော၊ **အနန္တသမ္ဗုဒ္ဓသမ္ဗုဒ္ဓါနံ**–အဆုံးမရှိသော ဘုရားရှင်တို့၏၊ **ဗလေန**–စွမ်းအားတော်ကြောင့် လည်းကောင်း၊ **တေဇေန**–တန်ခိုးတော်ကြောင့် လည်းကောင်း၊ **အာကာသဋ္ဌာ** –ကောင်းကင်၌ တည်ကုန်သော၊ **ဘုမ္မဋ္ဌာ**–မြေ၌ တည်ကုန်သော၊ **ရုက္ခဋ္ဌာစ**–သစ်ပင်၌ တည်ကုန်သော နတ်တို့သည် လည်းကောင်း၊ **မဟိဒ္ဓိကာ** –တန်ခိုးကြီးကုန်သော၊ **သဗ္ဗေ ဒေဝါစ** – ခပ်သိမ်းသော နတ်တို့သည် လည်းကောင်း၊ **ဂ္ဂဟနွာစ**–သိကြားမင်းတို့သည် လည်းကောင်း၊ **မဟာဗြဟ္မာ**–ဗြဟ္မာကြီးတို့သည် လည်းကောင်း၊ **အမှေ**–အကျွန်ုပ်တို့ကို၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ရက္ခ န္တု**–စောင့်ရှောက်ကြပါကုန်သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာဝဏ္ဏိဒီပြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ (နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*


*အဝေရာ ဘောမ အေးမြချမ်းသာကြပါစေ...*

**အောင်ရွှေမြတ်** *(စစ်ကိုင်းတောင်)*

---

ကြာရှည် သိုလှောင်ထားတတ်စေဖို့

# ကြက်သွန်နီဥများ



ကြက်သွန်နီဥသည် ထမင်းဝိုင်းမှာလည်း အသုံးဝင်သည်၊ ဆေးဖက်ဝင်လည်း ဖြစ်သည်။

သို့ဖြစ်၍ အဆိုပါ ကြက်သွန်နီဥကို များများစားစား သိုလှောင်ထားမည်ဆိုပါက ကြာရှည်ခံနည်းလည်း သိထားဖို့ လိုပေသေးသည်။

ကြက်သွန်နီဥများကား **"မထားတတ်က ပုပ်၊ ထားတတ်မှ ဟုတ်"** ပါလိမ့်မည်။

ကြက်သွန်နီဥများကို များများစားစား(အချို့က တစ်နှစ်စာ) သိုလှောင်ထားလိုသူများ ရှိမည်။

စာရေးသူတို့အိမ်ကမူ နှစ်စဉ် ကြက်သွန်နီဥများကို တစ်နှစ်စာ မှန်းပြီး ဝယ်ယူ သိမ်းဆည်းလေ့ရှိပါသည်။

ကြာရှည်ခံနည်း မသိဘဲ လွဲမှားစွာ သိုလှောင်ထားသူများကိုလည်း စာရေးသူ တွေ့ရှိနေရသည်။

၁။ **ကြက်သွန်နီဥများကို ကျွန်းသားပျဉ်အခင်းပေါ် ပုံ၍ ထားရှိမူ**

(၁)လ၊ (၂)လအတွင်း ကျွန်းသားပျဉ်အခင်းနှင့် ထိစပ်နေသော ကြက်သွန်နီဥများ ပုပ်သွားပေလိမ့်မည်။

ကြက်သွန်နီဥအတွင်းမှ အဆီအနှစ်များ ပိန်ရှုံ့ခြောက်ကပ်ကာ စားစရာမရှိ ဖြစ်သွားပေလိမ့်မည်။

၂။ **ကြက်သွန်နီဥများကို မြေကြီးပေါ်တွင်ဖြစ်စေ၊ သံမံတလင်းပေါ်တွင်ဖြစ်စေ စုပုံထားရှိပါကလည်း**

ဝါခို၊ ဝါခေါင်လများတွင် အစိုဓာတ်များရရှိကာ ကြက်သွန်နီဥများမှ အညှောက်များ တဖြည်းဖြည်းချင်းရှည်ထွက်လာကာ ကြက်သွန်နီ အနှစ်အသားမရဘဲ ချက်မစားရ ဖြစ်သွားလိမ့်မည်။

**သို့ပါ၍ ကြက်သွန်နီဥများကို ကြာရှည်ခံအောင် သိုလှောင်ထားလိုပါက အကောင်းဆုံး နည်းလမ်းမှာ...**

ဝါးခြမ်းကပ်ကို အောက်က သစ်သားတုံးများ ကန့်လန့်ခံ၍ ယင်းသစ်သားတုံးများပေါ် ချပ်။ ဆိုလိုသည်မှာ ကြက်သွန်နီဥများကို မြေကြီးနှင့် မထိမိစေရန် ဖြစ်သည်။

ထို့အတူ သမံတလင်းနှင့် မထိစေရန်(ဝါ) သမံတလင်းနှင့် မနီးကပ်စေရန်ဖြစ်သည်၊ ယင်း ဝါးခြမ်းကပ်ပေါ်မှာ ကြက်သွန်နီဥများကို ပုံ၍ သိမ်းဆည်းထားသိုလှောင်မည်ဆိုပါက လကြာသော်လည်း အပုပ်ကင်းခြင်း၊ အညှောက်ထွက်ရန် မလွယ်ကူခြင်းတို့ကြောင့် ကြက်သွန်နီဥများကို ကြာရှည်စွာ အသုံးချ စားသုံးနိုင်မည် ဖြစ်ပါကြောင်း စာရေးသူကိုယ်တွေ့ နည်းများ အရံစေတနာဖြင့် ရေးသား ဖော်ပြလိုက်ရပါသတည်း။

**မှတ်ချက်။ ။ ဝါးခြမ်းကပ်ပေါ်တော့ ကြက်သွန်နီဥကို တင်ပါသည်။ သို့သော် ဖြန့်လျက် မတင်ဘဲ အိတ်လိုက် စုပုံတင်ထားပါကလည်း ပူလောင်ကာ ပုပ်ရိသွားနိုင်ပါသည်။**

***ဤနည်း၊ ဤထုံး၊ စိတ်ကြိုက်သုံး၍ ရှင်ပြုံးနိုင်ကြပါစေ။***

**ဆရာသညာမှူး**




www.burmeseclassic.com

www.burmeseclassic.com


ထက်မင်းကျော်စွာ

# ပျားအိမ်ကို တွေ့ရှိချင်



▲ ပျားမွေးပြီး ကျန်ရစ်သော ပျားအိမ်

▼ အခန်းကွက်မှသည် (၃)ပတ် (၆)ပတ်သို့ ပန်းပွင့်များဖြစ်ပေါ်စဉ်



ဒူးရင်းခြံ သီးစားချုပ်သူ ဝူယုင်းလီ၏ ကျုံက ဒူးရင်းခြံသို့ အလည်ရောက်ရှိစဉ် ရင့်မှည့်နေသော အသီးများအား ရှာဖွေ အသီးထိုး(ဆွတ်ခူး)မည့်ရက်ကို တွက်ချက်သည်နှင့် တိုက်ဆိုင်နေသည်။

သီးထိုးသမားနှင့် အလုပ်များနေသော ဝူယုင်းလီအား အနှောင့်အယှက် မပေးလိုသဖြင့် တောင်ကြောတစ်လျှောက် သစ်ပင်၊ နွယ်ပင်များအား လှည့်လည်လေ့လာမိသည်။

လူသုံးဦးဖက်စာမျှ ကြီးမားသော လက်ပံပင်ခြေအနီးတွင် ပျားဖွပ်သမားတို့ ချန်ရစ်သော ပျားအိမ်အစ အချို့ကို တွေ့ရှိရသည်။

မီးခြစ်ဆံခေါင်းတွင် အရွယ်ရှိ ပြွန်ကလေးများ စနစ်တကျ စီဆင့်ထားသကဲ့သို့ ညီညာလှသည်။ ပျားသလက် (ပျားအိမ်)သည် ကြည့်၍ပင် ကောင်းတော့သည်။

အခြေတွင် စေးထန်းထန်း ပျားဖယောင်းများ ကျန်ရှိနေသည်ကို တွေ့ရသည်။ ထိုစဉ် ဝူယုင်းလီ ရောက်လာကာ...

'ဒီတစ်လ ဘယ်ကို ခရီးထွက်မယ် မှန်းထားသလဲ'

'ထားဝယ်ပြည်ဆံတော်ရှင် (ကလိန်အောင်ရှာ)ကို သွားမလို့ပါပဲ။ ရဟန်းခံဖို့နဲ့ သင်္ကြန်ရက်တွေ ခရီးသွားကျပ်တာ တွေကြောင့် ခရီးဖင့်နေတယ်'

'အခုတော့ သွားဖြစ်မှာပါ။ ရည်မှန်းတဲ့ အလုပ်တွေလဲ အကုန်အကျ မများ တန်ရာ တန်ကြေး သုံးစွဲပြီး အဆင်ပြေပါလိမ့်မယ်'

ခန့်မှန်းယွီအမြင်ဟော ပညာအရ တွက်ချက်ချခြင်း ဖြစ်သည်ဟု သိရသော်လည်း မည်သည်ကို အကြောင်း

www.burmeseclassic.com

ရင်း ခံသည်ကိုမူ ရုတ်တရက် ဝေခွဲမရချေ။

'မယုံတာလား ကိုယ့်လူ'

'ယုံပါသဗျား။ **ပဲနံ့ချဲ့**(Běu Cè မူလအကြောင်းရင်းခံဒြပ်)ကို စဉ်းစားနေတာပါ'

'**ပဲနံ့ချဲ့က** မောင့်လက်ထဲက ပျားအုံပျားသလက်ကလေးပဲပေါ့'

'ဆက်ပြီး ရှင်းပြပါဦး'

ဝူယှင်းလီသည် တရုတ်စာပေ သင်ကြားပေးသူ ကျောင်းဆရာဟောင်းကြီးဖြစ်လေရာ ဂနုသေချာစွာ ရှင်းပြပါသည်။

'( 蜂 窩 )(Fēng Wō) **"ဖွန်းအော"** **"ပျားအုံ"**ဆိုတာ အလွန်တိကျ ညီညာတဲ့ အိမ်ခန်းကလေးတွေ မဟုတ်လား'

'ဟုတ်တယ်၊ လူက ဖန်တီးရင့်တောင် တူအောင် မနည်းလုပ်ယူရလိမ့်မယ်'

'(蜂)**"ဖွန်း"**ဆိုတဲ့ စာလုံးမှာ ဝဲဘက်က ပိုးကောင် အမှတ်အသား ( 虫 )ကို အသာဖယ်ထားရင် ( 夂 ) **ကျို(Jiǔ)ရှည်ကြာခြင်း**ကို ( 丰 ) **"ဖွန်း" ကြွယ်ဝခြင်း၊ တင့်တယ်ခြင်း** အပေါ် ဆင့်ရေးထားတာ တွေ့ရမယ်။

( 夆 ) ← **ရှည်ကြာခြင်း** / ← **ကြွယ်ဝခြင်း၊ တင့်တယ်ခြင်း**

ဆီလျော်အောင် ပြောရရင် **"အရှည်အဝေးနဲ့ ပြည့်စုံခြင်း"**လို့ ဆိုနိုင်တယ်။ **အဲဒီစာလုံးရှေ့မှာ မီး( 火 )သင်္ကေတ စာလုံး တွဲဖက်ရင်...**

(烽)(Fēng)**ဖွန်း"မီးညွှန့်မီးလျှံ"** လို့ အဓိပ္ပါယ် ရှိသလို...

**တောင်( 山 )သင်္ကေတ စာလုံး တွဲဖက်တဲ့အခါ...**

( 峰 )(Fēng) **"တောင်အထွတ်အထိပ်"**လို့ အဓိပ္ပါယ် ရပြန်တယ်။

ပျားကိုရည်ညွှန်းတဲ့ (蜂)(Fēng) စာလုံးမှာတော့ ပိုးကောင်သင်္ကေတ စာလုံးနဲ့ တွဲဖက်ထားတယ်။ **"ပျား= အရှည်အဝေးကောင်းခြင်းနဲ့ ပြည့်စုံတဲ့ပိုးကောင်"**ပေါ့။

( 窩 )(Wō)**"အော"** ဆိုတာက အုံ၊ ကျင်း၊ ခိုလှုံနားနေရာလို့ ဆိုတယ်။


ဒါကြောင့် မောင်ရင်သွားမယ့် ခရီးမှာ ပျားအိမ်လို ကြိုးကြိုးကုတ်ကုတ်နဲ့ တောက်ပြောင်တဲ့ အရှည်အဝေးကို ထုတ်ပြနိုင်ပါမယ်။

ဘေးအန္တရာယ် အနှောင့်အယှက်ကြုံတွေ့ရင်လဲ ခိုလှုံနားနေစရာ နေရာရမှာပါ။ ဒါက စာလုံးရေးထုံးအရ သုံးသပ်တာနော်။

တကယ့်မျက်မြင်အရ သုံးသပ်ရအောင် တွင်းကလေးတွေကို ညီညီညာညာ ' ထောင့်တန်းစီထားတဲ့ တစ်တွင်းချင်းကို ကြည့်ပါဦး။ **ခြောက်နားညီ ဆဋ္ဌဂံပုံလေးတွေ** တွေ့ရမယ်။

အပေါ်က ဆီးကြည့်တဲ့အခါ ပွင့်ဖတ် (၃)ဖတ်ရှိတဲ့ ပန်းပွင့်ပုံ တွေ့ရသလို ပွင့်ဖတ်(၆)ခုပါ ပန်းပွင့်လိုလဲ မြင်နိုင်တယ်။

* * *




ဆဋ္ဌဂံပုံနဲ့ (၆)ဖတ်ပန်းတွေက **လျို့**(Liù)**"ခြောက်"**ဆိုတဲ့ ဂဏန်းခြေ အပွင့်အရ...

"ချွန်းသာကြွယ်ဝခြင်း"

သုံးဖတ်ပါပန်းပွင့် **စန်း(Sān)"သုံး"** ဆိုတဲ့ ဂဏန်းခြေအပွင့်အရ...

"လျင်မြန်စွာခရီးရောက်ခြင်း"

ဒီတော့ မောင်ရင် မျှော်လင့်ထားတဲ့ ခရီးကို အမြန်ဆုံး သွားနိုင်ဖို့ တွန်းအားကူညီပံ့ပိုးမှု တွေ့ကြုံမယ်။ အခက်အခဲတွေ ကျော်လွှားပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ဖြစ်မယ်လို့ ဆိုနိုင်တာပေါ့'

ဝူယှင်းလီ၏ ကောက်ချက်အတိုင်း ပင် စာတည်းချုပ်က ထားဝယ်ဒေသသို့ သွားသင့်ကြောင်း အကြံပေး လမ်းညွှန်လေရာ ခရီးစဉ် စတင်ဖြစ်ခဲ့သည်။

ထိုသို့ သွားရောက်စဉ် မိုးဦးမုန်တိုင်းကြောင့် အနည်းငယ် ကသိကအောက်ဖြစ်ရသော်လည်း ကရုဏာကြီးမားတော်မူသော ဆရာတော်ကြီးများနှင့် ထားဝယ်မြို့၊ ဇရစ်ရပ်မှ မိတ်ဆွေများ၏ နွေးထွေးစွာ ရိုင်းပင်းမှုများ ပေါင်းစည်းကာ ထားဝယ်ဘုရားအချို့ လမ်းညွှန်မှု ဆောင်းပါးများကို ရေးသားနိုင်ခဲ့လေသည်။

**ကျိုကရှာမှ မိတ်ဆွေကြီးဝူယှင်းလီ ကျန်းမာရွှင်လန်းပါစေ...**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

ပြန်လည်သုံးသပ်ကြည့် ထိထိမိမိ

သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) (၇)






ကျွန်တော်သည် **ဘားအံသိုင်းသင်တန်း**မှ ပြန်လာပြီးနောက် တုတ်ရှည်သိုင်းကို လေ့ကျင်မြဲ လေ့ကျင့်သည့်အပြင် ဆရာကြီးဦးချစ်သန်း လက်ထပ်သင်ကြားပေးခဲ့သော လက်တွေ့ တိုက်ကွက်သုံးကွက်ကို ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင် အထူးလေ့ကျင့်ခဲ့သည်။

ကျွန်တော်သည် လက်တွေ့စမ်းသပ်ရန် ယှဉ်ပြိုင်ဘက်ကို ရှာဖွေနေခဲ့ပါသည်။

တစ်နေ့တွင် ဆရာကြီးဦးချစ်သန်းက ဆရာဖြစ်ရပြီးသော ကျွန်တော်ကိုထွန်းစိန်(ယခု–မင်းယက္ခ)၊ ဆရာသန်းအောင်မြင့်၊ ဆရာဇော်ဝင်း(၁)၊ ဆရာဇော်ဝင်း(၂)တို့ကို တုတ်ရှည်သိုင်းသင်တန်းတွင် တုတ်ရှည်ယှဉ်တိုက် လေ့ကျင့်ပေးရန် တာဝန်ပေးလိုက်ပါသည်။

ကျွန်တော်တို့သည် တုတ်ရှည်သမား ငါးယောက်လျှင် ကျွန်တော်တို့အုပ်စုက တစ်ဦးနှုန်းဖြင့် လေ့ကျင့်ကြပါသည်။

တုတ်ရှည် ယှဉ်တိုက်သည် အလုပြသက်သက် မဟုတ်ပါ။ တုတ်ရှည်သမားချင်း သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော်နှင့် ပွဲဦးထွက် ယှဉ်တိုက်မည့်သူသည် မောင်မောင်သွင် ဖြစ်ပါသည်။ သူသည် ကျွန်တော့်ထက် အရပ်ရှည်ပြီး ခြေတံလက်တံ ကောင်းပါသည်။ ကျွန်တော်နှင့် သက်တူရွယ်တူဖြစ်ပါသည်။

သူက သင်တန်းသို့ နောက်ကျပြီး ရောက်လာသူဖြစ်၍ ဆရာဖြစ်အဆင့် မရရှိသေးပါ။ ကျွန်တော်က ၁၉၆၄ ခုနှစ်ကတည်းက ဆရာဖြစ်ရရှိ၍ (ဆရာကြီးဦးချစ်သန်း၏ ခွင့်ပြုချက်အရ)"**ယက္ခ**"အမည်ဖြင့် (၉)နယ်မြေတွင် ကိုယ်ပိုင်သင်တန်းတစ်ခု ဖွင့်ခဲ့ပါသည်။

ကျွန်တော်သည် အခွင့်သင့်တုန်း ဆရာကြီးဦးချစ်သန်း ဘားအံသိုင်းသင်တန်းတွင် သင်ကြားပေးခဲ့သော တုတ်ရှည်သိုင်းသုံးကွက်ကို အသုံးပြုကြည့်ချင်ပါသည်။

**[ယခုကဲ့သို့ ကျွန်တော့် အတွေ့အကြုံများကို ဖော်ပြရာတွင် ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ခုနစ်ပါးစာရင်း ဝင်သွားမှာလည်း စိုးရပါသေးသည်။ ကျွန်တော် ရရှိခဲ့သော နည်းပညာရပ်များကို စေတနာဖြင့် ထုတ်ဖော်ပေးခြင်း ဖြစ်ပါသည်။**

**ကျွန်တော်က မထုတ်ဖော်ပါက ကျွန်တော် သေသွားခဲ့လျှင် မည်သူမျှ မသိရှိ မရနိုင်တော့ပါ။ ထို့ကြောင့် ထုတ်ဖော်တင်ပြနေခြင်း ဖြစ်ပါသည်။**

**ကျွန်တော်နှင့် ယှဉ်ပြိုင်ဘက် အမည်များကို အတိအကျ ဖော်ထုတ်ခြင်းမှာလည်း သူငယ်ချင်း အပေါင်းအသင်းတို့ကို သိက္ခာချရန်၊ အရှက်ခွဲရန် မဟုတ်ပါ။**

**ကျွန်တော် တကယ်ရ၍ တကယ်ချခဲ့သော အကြောင်းကို မှန်ကန်ကြောင်း သူငယ်ချင်းတို့နှင့် သက်သေထူခြင်း ဖြစ်ပါသည်။ ယှဉ်ပြိုင်ဘက် သူငယ်ချင်းတို့ကလည်း နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်ပါသည်။]**

ကျွန်တော်နှင့် မောင်မောင်သွင်တို့ ခံရေပင်ကွင်းတွင် ရင်ဆိုင် ယှဉ်ပြိုင်ကြ





www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထုံးစံအတိုင်း ထုတ်ဖျားများဖြင့် တုတ်များကို ခတ်ထုတ်လိုက်၊ ဖယ်ထုတ်လိုက်၊ ရိုက်လိုက်၊ ကာလိုက်ဖြင့် ယှဉ်ပြိုင်ကစားနေကြပါသည်။

ကျွန်တော်က ဘယ်တုတ်စကို ရှေ့သို့ထုတ်၍ တုတ်ရင်းကို ပေါင်ရင်းဘေးတွင် ကပ်လျက် ညာလက်ကို ပက်လက်လှန်၍ တုတ်ရင်းညာစကို ကိုင်ရင်း သူ၏ အရိုက်ကို စောင့်နေပါသည်။

ဒီနည်းက တို့ကာ,ဆိတ်ကာဖြင့် ကစား၍ မရ။ သူ၏ ရိုက်ချက်ပြင်းပြီး အားလွန်သွားသည့်အခါမှ လျှပ်တစ်ပြက် သုံးလိုက်ရခြင်းဖြစ်သည်။

မောင်မောင်သွင် စိတ်မရှည်တော့။ ညာခြေတက်၍ တုတ်ရင်းစ(ညာစ)ကို ညာတစ်ဖက်တည်းဖြင့် ကိုင်၍ ဘယ်လက်ကိုလွှတ်ပြီး တုတ်ကို ဘေးတိုက်တစ်ပတ်လှည့်ကာ မိုးတုတ်ဖြင့် ခေါင်းကို ရိုက်ချလိုက်ပါသည်။ ဒီယုန်မြင်၍ ဒီချုံထွင်လိုက်ခြင်းပင်ဖြစ်သည်။

မောင်မောင်သွင်က ခြေတက်ပြီး ရိုက်ချလိုက်သည်နှင့် ကျွန်တော်၏ ဘယ်ခြေကို ညာခြေနောက်ရောက်အောင် လျင်မြန်စွာ ဆုတ်လိုက်ပြီး တုတ်ရင်း(ညာစ)ကို ညာလက်ဖြင့် ပက်လက်လှန်ကိုင်ထားရာမှ တုတ်ကို တစ်ပတ်လှည့်ပြီး လျှပ်တစ်ပြက် ရိုက်ချလိုက်သည်။

ထိုအခါ မောင်မောင်သွင်၏ ညာဘက်လက်မောင်း အဆစ်မှ ပြုတ်ပြီး လက်မှာ တန်းလန်းကြီးဖြစ်နေ၍ သူ့အား ရန်ကုန်ဆေးရုံကြီးသို့ အမြန်ဆုံး ခေါ်သွားရပါသည်။ **(ဆေးရုံရောက်သော် လက်မောင်းအဆစ်ကို ပြန်ထည့်ပေး၍ ဆေးလိမ်း၍ ပတ်တီးစည်းပေးလိုက်ကြောင်း သိရပါသည်။)**



မောင်မောင်သွင် လက်ဆစ်ပြုတ်သွားသော်လည်း ကျန်လူများက ဆက်ကစားလိုကြ၍ ဆက်လက်ကစားနေရပါသည်။

ထိုအဖြစ်အပျက်ကို လှမ်းမြင်လိုက်ရသော ဆရာဇော်ဝင်း(၁)က ကျွန်တော်တို့ လေ့ကျင့်နေသော ကွပ်လပ်သို့ ရောက်လာကာ…

'ဟ…ထွန်းစိန်က လက် တော်တော်တက်နေပါလား။ ငါနဲ့ ကစားကြည့်ရအောင်၊ မင်းလက်စွမ်း ဘယ်လောက်ရှိတယ်ဆိုတာ သိရတာပေါ့'

ဟု ပြောကာ ဘယ်ခြေရှေ့တွင် ခင်း၍ ဘယ်တုတ်စကို ထောင်၍ ညာအရင်းစကို အောက်တွင်ထား၍ အသင့်ပြင်ထားပါသည်။

ဇော်ဝင်းသည် ကျွန်တော့်ထက် အရပ် တစ်လက်မ ပိုမြင့်ကာ ခြေတံလက်တံရှည်ကာ အားခွန်ဗလကောင်းပါသည်။ ထို့ကြောင့် သင်တန်းတွင် သူ့ကို “မျောက်ကြီး”ဟု ခေါ်ကြပါသည်။

သူ့ကို ကြည့်ရသည်မှာ ဘယ်စဖြင့် ကျွန်တော့်တုတ်ကို ခတ်ထုတ်ပြီး သူ့ဘယ်လက်ကို လွှတ်ပြီး တုတ်ရင်းစကို ညာတစ်ဖက်တည်းဖြင့် ကိုင်ကာ တုတ်ကို ဝှေ့ပြီး ညာဘက်မှ ပတ်တုတ်ဖြင့် ရိုက်ချင်ပုံ ရပါသည်။

ထို့ကြောင့် ဆရာဦးချစ်သန်း သင်ပေးလိုက်သော ခတ်တုတ်အရှိန်ကို ယူ၍ နောက်လှည့်တုတ်ကို သုံးကြည့်ရန် ဆုံးဖြတ်လိုက်ပါသည်။

နှစ်ယောက်သား ရင်ဆိုင်လိုက်သည်နှင့် ဇော်ဝင်း၏ မျက်နှာက ပြုံးနေပါသည်။ ကျားပြုံး ပြုံးခြင်းသာ ဖြစ်ပါသည်။ သူ့တပည့် မောင်မောင်သွင်ကို လက်မောင်းအဆစ် ဖြုတ်လိုက်၍ မကျေမနပ် ဖြစ်နေပုံရပါသည်။

သို့သော် မကျေနပ်ကြောင်းတော့ ထုတ်မပြော။ လက်တွေ့ ရိုက်ချက်ဖြင့် ကျွန်တော့်ကို သိက္ခာချပြမည် ဖြစ်သည်။

မကျေနပ်ချက်တို့ကို လူမသိအောင် မျိုသိပ်ထားပုံ ရပါသည်။ ကျွန်တော်ကတော့ သတိထားရပါတော့သည်။

ကျွန်တော်က ဘယ်လက်ကို လွှတ်၍ တုတ်ရင်း(ညာစ)ကိုသာ တစ်ဖက်တည်းဖြင့်ကိုင်၍ ဓားထိုးသကဲ့သို့ သူ့မျက်နှာကို လက်ဖြောင့်ထိုး ထိုးထည့်လိုက်ပါသည်။

သူကလည်း ထင်ထားသည့်အတိုင်း ကျွန်တော့်တုတ်ဖျားကို သူ့ဘယ်တုတ်စဖြင့် အားကုန်ခတ်၍ ပတ်တုတ်ရိုက်ရန် ဘယ်လက်ကို လွှတ်ပြီး တုတ်စကို ဘယ်ပခုံးဘက်မှ ကျော်ကာ ဝှေ့ပြီးရိုက်ရန် ညာလက်ကို မ,လိုက်ပါသည်။

သူ တစ်ကွက် နောက်ကျသွားပါသည်။ သူ့တုတ် ဘယ်စဖြင့် အားကုန်ခတ်ထည့်လိုက်သည်နှင့် သူ့တုတ်အရှိန်နောက်သို့ တုတ်ကို လိုက်သွားကာ ဘယ်ခြေကို ညာဘက်မှ နောက်သို့လှည့်၍ ဘယ်ခြေကို ညာခြေနောက်ရောက်အောင် အမြန်ဆုံး တက်လိုက်ကာ…

တုတ်ရင်းစကို ညာတစ်ဖက်တည်း

www.burmeseclassic.com

ဖြင့် ကိုင်ထားရင်းက ညာဘက်မှ (တွက်တုတ်)ကို အားနှင့် အရှိန်နှင့် ထုတ်ရိုက်လိုက်ရာ တုတ်ဖျားသည် ဇော်ဝင်း၏ ညာဘက်မေးရိုးနှင့် ညာဘက် လည်ဘေးကို ပြင်းထန်စွာ ရိုက်လိုက်မိပါသည်။

ရိုက်ချက်မှာ ခတ်အား လှည့်အား တို့ကို ပေါင်းစပ်၍ ခါးအား၊လက်မောင်း အားတို့ကို ပေါင်းစပ်ထားသောကြောင့် **(သူက ခတ်လိုက်သည်နှင့် စက္ကန့် ပိုင်းအတွင်း လျှပ်တစ်ပြက်ထွက် သွား၍)** ဝင်လာသော တုတ်ကို မကာ ကွယ်လိုက်နိုင်ဘဲ ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားပါသည်။

ထို့ကြောင့် ဇော်ဝင်းကို ခုံပေါ်တွင် ထိုင်ခိုင်းကာ သန်းအောင်က ရေခဲ ကပ်ပေးနေပါသည်။

ဇော်ဝင်းက လက်သီးဆုပ်ပြီး လက်မထောင်ကာ **"ကောင်းတယ် ကောင်းတယ်"**ဟု မပြောသော်လည်း **"ကောင်းတယ် ကောင်းဘယ်"**ဟု ပြောနေသယောင်ယောင်။ ဇော်ဝင်း ထိသွားသော်လည်း တုတ်ရည်ပိုင်းက ပျက်မသွားပါ။

ယခု ကျွန်တော်နှင့် ယှဉ်ပြိုင်ကစား ရန် ထွက်လာသူက **ကျော်မျိုးဝင်း**။

**[ဒေါက်တာ ကျော်စိုးဝင်း(လူငယ် သိုင်းပင်မ)၏ အစ်ကို၊ ကျွန်တော် နှင့် ကစားဖက်၊ ငယ်သူငယ်ချင်း (ဗ–လ–စ) သိုင်းခြံဝင်းကြီးထဲတွင် အတူတူ ကြီးပြင်းလာသူ။**

**သူက ထိုစဉ်ကတည်းက သိုင်း ဆက်မကစားတော့ဘဲ စီးပွားရေး ဘက်ကို လိုက်သွား၍ လိုင်းအပြောင်း ကောင်းကာ အောင်မြင်သော စီးပွားရေးသမား ဖြစ်သွားသူ။]**

ကျော်မျိုးဝင်းမှာ ဒေါင်ကောင်း ကောင်း ရုပ်ချောချော၊ အသားဖြူဖြူ၊



တရုတ်သွေး ပါလေသလားမသိ။ သူက လူသွက်။ ကစားလျှင် ဝင်လိုက် ထွက်လိုက်ဖြင့် လှုပ်ရှားကစားတတ်သူ။ သူ့ကို လိုက်တုပြီး ကစားလို့ကတော့ ရှုံးပြီးသားပဲ။ သူ့ကိုလည်း လက်ပြန် သိုင်းကွက်ဖြင့် တစ်ချက်ကောင်း ကစားရန် စဉ်းစားထားသည်။

ထုံးစံအတိုင်း ဘယ်ခြေခင်း၍ ဘယ်တုတ်စ ရှေ့သို့ထုတ်၍ ရင်ဆိုင် လိုက်ကြသည်။ ကျော်မျိုးဝင်းနှင့်က အသက်တူ၊ ပညာတူ၊ အဆင့်တူ၊ သူက ပိုကြံ့ခိုင်ပြီး ပိုသွက်လက်သည်။

ထို့ကြောင့် သူ့ရိုက်ချက် ထွက်လာ ရန် သူ့ကို ပရိယာယ်ဖြင့် ရိုက်လိုက် ချောင်းလိုက် ထွက်လိုက် လုပ်နေ လိုက်သည်။ သူ ကြာကြာ သည်းမခံ နိုင်၊ မစောင့်နိုင်တော့။ သူ့ကို မထိ တထိ ဝင်,ဝင်ရိုက်၍ ပြန်ထွက်သည်။

ကြာကြာ မစောင့်လိုက်ရ။ သူက ဘယ်လက်ကို လွှတ်၍ ညာစ(တုတ် ရင်းစ)ကို ညာတစ်ဖက်တည်းဖြင့် ကိုင်၍ မိုးရိုက်ချရန် ညာလက်ကို မြှောက်လိုက်ပါသည်။

သူ ဘယ်လောက်မြန်မြန် နောက် ကျသွားပါပြီ။ ညာတုတ်ကို ညာလက် ပက်လက်ကိုင်၍ ရိုက်ရန် အသင့်ပြင် ထားသည့်အခိုက် သူ့တုတ်ချက် ဝင်လာကတည်းက ကျွန်တော်က ဘယ်ခြေကို ညာခြေနောက်သို့ ဆုတ်၍ လက်ပြန်ရိုက်ချလိုက်ရာ...

သူ့အရိုက် ကိုယ်အရိုက် တစ်ပြိုင် တည်းကျသွား၍ သူ့တုတ်ချက် နောက် တစ်ချက် ထပ်မလာခင် ကျွန်တော်၏ ဘယ်တုတ်စက သူ့ခေါင်းပေါ်သို့ အုပ်ချလိုက်ပါသည်။ သူက လျှင်သည်။ ဒီအတိုင်း ဘယ်အငြိမ်ခံပြီး အထိခံပါ့ မလဲ။

သူက သူ့ခေါင်းကို နောက်သို့ လျင်မြန်စွာ လှန်ချလိုက်ရာ တုတ်ဖျား သည် ခေါင်းကို မရိုက်မိဘဲ တုတ်ဖျား ထိပ်သည် သူ့ရင်ဘတ်ကို ရိုက်မိသွား သောကြောင့် အရေပြားမှာ အထစ်ငေါစ် အခြစ်ခံရကာ သွေးစို့လာပါသည်။

တုတ်ဖျားထိပ်ဖြင့် ရိုက်ချခံရသော ကြောင့် ရင်ဘတ်မှာ နာသွားပါသည်။ ပွဲရပ်လိုက်ရပါသည်။

ပွဲက မပြီးသေးပါ။ ကျော်မျိုးဝင်း ထွက်သွားသည်နှင့် ခင်မောင်လွင် ဝင်လာပါသည်။ ခင်မောင်လွင်က အရပ်မြင့်မြင့် ခပ်ဝဝ ခွန်အားဗလ ကောင်းသည်။ ကျွန်တော်နှင့်ကတော့ ဆင်နှင့်ဆိတ်ပမာ။

ခင်မောင်လွင် ရယ်ကျဲကျဲဖြင့် ဝိုင်း ထဲဝင်လာသည်။ သူ့စိတ်ထဲတွင် မတော့...

'ထွန်းစိန် မင်း တော်တော်စွာနေပါလား၊ ငါနဲ့တွေ့ရင်တော့ မင်း မစွာနိုင်တော့ပါဘူး'

ဟု ပြောနေ တွေးနေသယောင် ယောင်။ သူ့စိတ်ထဲတွင်ရှိသော အတွေးပုံရိပ်တို့ကို သူ့မျက်လုံးက ဖော်ပြနေပါသည်။

သူ့ကိုတော့ သူ့အားနှင့် သူ ပြန်ချ သောနည်းကို သုံးရပေမည်။ ထုံးစံ အတိုင်း ရမ်းကြီးသိုင်းသမားချင်းဖြစ်၍ ဘယ်ခြေခင်းပြီး ဘယ်တုတ်စ အရှည် ကို ရှေ့သို့ ထုတ်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ခတ်ထုတ်ရန် ဘယ်တုတ်စဖြင့် သူ့ရင်ဘတ်၊ သူ့မျက်နှာတို့ကို (ဘက်နက်ဖြင့် ထိုးသကဲ့သို့၊ လှံဖြင့် ထိုးသကဲ့သို့) ဆတ်ခနဲ ဆတ်ခနဲ ထိုးပြီး နောက်သို့ ပြန်ဆွဲထားလိုက်သည်။

သူကလည်း ဝင်လာသမျှသော တုတ်ဖျားစကို သူ့ဘယ်တုတ်ဖြင့် ခတ်,ခတ်ထုတ်သည်။ တုတ်ဖြင့် ထိုးလျှင် ခတ်ခုတ်လျှင် ရသည်။ လွတ်သည်။ ဒီနည်းဖြင့် ခုခံကာကွယ်နိုင်သည်ဟူသော အသိကို သူ ရသွားသည်။

သူကလည်း တုတ်ဖျားကို ခတ်လုတ်ရင်း ပြုံးတုံ့တုံ့ဖြင့် ကြည့်နေသည်။

"မင်း ငါ့ကို ထိုးလို့ မရပါဘူးကွာ၊ ကလေးကွက်တွေနဲ့ လာလုပ်နေတယ်" ဆိုပြီး သူ့စိတ်ထဲမှာ တွေးနေပြောနေမည်ဟု ထင်ရပါသည်။ "ဒီယုန်မြင်၍ ဒီချုံထွင်ခြင်း"ဖြစ်သည်။

နောက်ဆုံး ချတော့မည်ဟု ဆုံးဖြတ်လိုက်သည်နှင့် သူ့ကို တုတ်ဖျားဖြင့် မထိုးသေးဘဲ ဟိုချောင်း ဒီချောင်း လုပ်နေရင်းက မိမိ၏ ဘယ်လက်ကို လွှတ်ပြီး တုတ်ရင်း(ညာစ)ကို ကိုင်ကာ သူ့ညာဘက် လည်ပင်းဘေးသို့ (လည်ပင်းကို ကျော်လွန်အောင်) လက်ကို ဆန့်ပြီး ထိုးထည့်လိုက်ရာ...

ထင်ထားသည့်အတိုင်း သူက သူ့ဘယ်တုတ်စဖြင့် အတွင်းသို့ အားဖြင့် ခတ်ထည့်လိုက်ရာ သူ ခတ်ထုတ်လိုက်သော အရှိန်ဖြင့် ကျွန်တော့် တုတ်ဖျားသည် သူ့ညာဘက်နားရင်းကို ရိုက်ထည့်လိုက်ပါတော့သည်။

ကျွန်တော်က ရိုက်ခြင်းမဟုတ်ပါ။ သူခတ်လိုက်သော တုတ်က ကျွန်တော့် တုတ်ကို သူ့နားရင်းဆီသို့ သယ်ဆောင်ပြီး ရိုက်လိုက်ခြင်းသာ ဖြစ်ပါသည်။



"အား" ဆိုသောအသံ ခင်မောင်လွင်ထံမှ ထွက်ပေါ်လာပြီး ဒီညစာကိုတော့ ဆန်ပြုတ်လေးနှင့် တွေ့ရမှာ သေချာနေပါတော့သည်။

ဒီလို သူတစ်ပါးကို ချရတာကို မြိန်ရေရှက်ရေ ရေးသားဖော်ပြနေခြင်း မဟုတ်ပါ။ ဆရာကြီး ဦးချစ်သန်း သင်ပေးလိုက်သော တုတ်ရှည်သိုင်း သုံးကွက်မှာ တကယ်ပင် သုံး၍ရကြောင်း ပြောပြလိုခြင်း ဖြစ်ပါသည်။

ဆရာတို့သည် အကြောင်းဆုံသည့်အခါ၊ အခါအခွင့် ကြုံသည့်အခါ တပည့်များကို ပညာပေးတတ်ကြပါသည်။ သင်တန်းတွင် မသင်ဘူးသော ပညာရပ်များလည်း ဖြစ်နိုင်ပါသည်။

'သိုင်းသုံးမျိုး၊ အနေအထိုင်သုံးမျိုး၊ စည်းသုံးချက် အနေအထား မပျားအောင် အသုံးပြုပါ'

ဟူသော **သိုင်းကထာတစ်ရပ်** ရှိပါသည်။ သိုင်းသုံးမျိုး ဆိုသည်မှာ မိမိနှင့် သိုင်းပညာအဆင့်သာသူ၊ မိမိနှင့် သိုင်းပညာအဆင့်တူသူ၊ မိမိနှင့် သိုင်းပညာနိမ့်သူ ဟူ၍ သုံးမျိုးရှိပါသည်။

အနေအထိုင်သုံးမျိုး ဆိုသည်မှာ ရပ်လျက်၊ ထိုင်လျက်၊ အိပ်လျက်(ဝါ) လဲလျောင်းလျက် ဟူ၍ အနေအထိုင် သုံးမျိုး ရှိပါသည်။

သင်တန်းတွင် မတ်တတ်ရပ်လျက် သင်ကြတာက များပါသည်။ ထိုင်လျက် အနေအထားမှ ခုခံကာကွယ်သော ပညာရပ်များကို သင်ပေးကြပါသည်။

သို့သော် အိပ်လျက်၊ လဲလျောင်းလျက် အနေအထားမှာ သိုင်းသင်တန်းတွင် သင်ကြားရန် အခွင့်မသာကြပါ။ ဆရာနှင့် အတူအိပ်သူ၊ ဆရာနှင့် ခရီးအတူသွားသူများကို ဆရာက သင်ကြားပေးလေ့ ရှိပါသည်။

ထို့ကြောင့် ကျေးဇူးရှင် ဆရာသမားတို့သည် အလျဉ်းသင့်လျှင် သင့်သလို၊ ကြုံလျှင် ကြုံသလို၊ အခွင့်ကြုံလျှင် ကြုံသလို တပည့်များကို သင်ကြားပေးလေ့ ရှိပါသည်။

သင်ပေးရန် စေတနာလည်း ရှိကြပါသည်။ ထိုသို့ သင်ပေးသော သိုင်းပညာရပ်များကို လျှို့ဝှက်သိုင်းပညာဟု ခေါ်ဆိုပါလျှင် ကျွန်တော်လည်း ဆရာကြီးဦးချစ်သန်း၏ လျှို့ဝှက်သိုင်းပညာရပ်များကို ရရှိခဲ့ပါသည်ဟု ဂုဏ်ယူပြီး ခပ်ကြွားကြွားလေး ပြောပါရစေခင်ဗျား။

ရှေ့လဆက်ဖတ်ပါရန်

**ဆရာကြီးမင်းယကျ**
*(တိုက်ပွဲဝင်)*

www.burmeseclassic.com

နေ့တစ်နေ့ ညနေခင်းအချိန်တွင် ဦးသီလတို့၏ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ဦးသီလနှင့် ဦးသုတတို့ လက်ဖက်ရည်ကြမ်းသောက်ရင်း စာပေဆွေးနွေးကြသည်။

ဦးသီလမှ...

'နီလာရတနာ, ကြောင်ရတနာ, စိန်ရတနာ, ပတ္တမြားရတနာ, မြရတနာ, ဂေါ်မုတ်ရတနာ, ဥဿဖရားရတနာ, သန္တာရတနာနဲ့ ပုလဲရတနာတို့ ရတနာ (၉)ပါးရှိတာတာမှ ပတ္တမြားရတနာအကြောင်း ပြောပြစမ်းပါဦးဗျာ'

ဦးသုတမှ...

'အင်း... ပတ္တမြားရတနာအကြောင်း မပြောခင် ရတနာဆိုတဲ့အကြောင်းကလေးကို ကျွန်တော်တို့ အရင်သိထားဖို့ လိုတယ်ဗျို့။ ရတနာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုပုံက အဖိုးထိုက်တန်ခြင်း၊ လူတို့တန်ဖိုးထားခြင်း၊ ရှားပါးသော ပစ္စည်းဖြစ်ခြင်း၊ ဘုန်းတန်ခိုးရှိသောသူတို့သာ ကိုင်ဆောင်နိုင်ခြင်းတို့ဖြစ်ပါတယ်။

ရတနာကိုးပါးထဲမှာ ပတ္တမြားရတနာဟာ အဖိုးထိုက်တန်ဆုံး ဖြစ်ပါတယ်။ ပတ္တမြားရတနာကို အဆောင်အဖြစ်တပ်ဆင်ထားပါက ဘုန်းတန်ခိုးကြီးစေတယ်လို့ ဆိုပါတယ်။

"ပတ္တမြားဘုန်းတောက်၊ မြကျောက်အေးချမ်း၊ စိန်နှစ်ွမ်းဂုဏ်ရောင်၊ ကြောင်ကားသိဒ္ဓိ မဏိနီလာ၊ မေတ္တာကဲချုပ်၊ ဂေါ်မုတ်ခွန်အား၊ ဥဿဖရားကျန်းမာ၊ သန္တာကြည်ကဲ၊ ပုလဲကျက်သရေ၊ ကွန့်ကွန့်ဝေသည်၊ ကိုးထွေနဝရတ်အစွမ်းတည်း"

လို့ ရှေးပညာရှိကြီးများဟာ နဝရတ်ကိုးပါးတို့ရဲ့ အကျိုးပြုစွမ်းရည်သတ္တိများကို လင်္ကာဗျာနဲ့ စပ်ဆိုခဲ့တယ်လေ။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်မှာ

စွမ်းအားရှိသော

# ပတ္တမြားကျောက်များနှင့်

အခြံအရံကျောက်များ

**စလင်း ဦးကျော်**



ရှေးအခါက **မောက်ပတ္တမြားရတနာ** ဆိုတာ ရှိခဲ့တယ်။ နန်းစဉ်ပတ္တမြားကြီးပေါ့။ မင်းအဆက်ဆက် လက်ဝယ်ကိုင်ဆောင်ထားခဲ့ကြတယ်။

ကုန်းဘောင်မင်းဆက်ဖြစ်တဲ့ သီပေါမင်းကို အင်္ဂလိပ်တို့ ဖမ်းဆီးပြီး အိန္ဒိယနိုင်ငံကို ခေါ်ဆောင်သွားခဲ့တယ်၊ ဖမ်းဆီးသွားတဲ့ ခုနှစ်ကတော့ တစ်ထောင့်နှစ်ရာလေးဆယ့်ခုနစ်ခုနှစ် ဖြစ်ပါတယ်။

သီပေါမင်းကို ဖမ်းဆီးသွားတဲ့ အချိန်ကစပြီး နန်းစဉ်ပတ္တမြားကြီးဟာလဲ ပျောက်ဆုံးခဲ့ရတယ်လို့ စာပေမှာ မှတ်သားရပါတယ်။

ဆိုလိုတာက လူမျိုးတိုင်း ပတ္တမြားရတနာကို အဆောင်ပြုလုပ်ထားပါက ဘုန်းတန်ခိုး တောက်ပစေတတ်တယ်လို့ လက်ခံယုံကြည်ကြခြင်းပါပဲ။

ပတ္တမြားကျောက်မျက်ရဲ့ အရောင်အသွေး အနုအရင့်ကို ကြည့်ပြီး **"ခိုသွေး,ယုန်သွေး"** စသဖြင့် အမျိုးမျိုးခေါ်ကြသေးတယ်။

ပတ္တမြားရတနာဟာ အဖိုးထိုက်တန်ပြီး ရှားပါးသော ပစ္စည်းဖြစ်ကြောင်းကို **လောကနီတိ၊ ပဏ္ဍိတ** ကဏ္ဍမှာ ဖော်ပြထားတာ တွေ့ရတယ်၊ အဲဒါကတော့...

သေလေ သေလေ န မဏိကံ၊
ဂဇေ ဂဇေ န မုတ္တိကံ။
ဝနေ ဝနေ စန္ဒနံ၊
ဌာနေ ဌာနေ န ပဏ္ဍိတံ။

**သေလေ သေလေ**– တောင်တောင်ဟူသမျှ၌၊ **နမဏိကံ**–ပတ္တမြားမရှိ။

**ဂဇေ ဂဇေ** – ဆင်ဆင်ဟူသမျှ၊ **နမုတ္တိကံ** – အမြုတေမရှိ။

**ဝနေ ဝနေ** – တောတောဟူသမျှ၌၊ **န စန္ဒနံ** – စန္ဒကူးမရှိ။

**ဌာနေ ဌာနေ** – အရပ်ရပ် ဟူသမျှ၌၊ **န ပဏ္ဍိတံ** – ပညာရှိသူခမိန်မရှိ။

ဆိုလိုတာကတော့ တောင်တိုင်းမှာ ပတ္တမြား မရှိနိုင်ဘူး၊ ဆင်တိုင်းမှာ အမြုတေ မရှိနိုင်ဘူး၊ တောတိုင်းမှာ စန္ဒကူးနံ့သာ မရှိနိုင်ဘူး၊ အရပ်တိုင်းမှာ ပညာရှိသုခမိန် မရှိနိုင်ဘူး ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ပတ္တမြားရတနာ အလွန်ရှားပါးတဲ့ ပစ္စည်းတစ်ခုပါပဲ။ ပတ္တမြားရတနာဟာ စကြာမင်းတို့ရဲ့ ရတနာ(၇)ပါးထဲမှာလဲ အပါအဝင်ဖြစ်တယ်။

အဲဒီ ရတနာ(၇)ပါးကို **"စကြာ, ဆင်,မြင်း,မြား,မိ,ကြွယ်,သား"** လို့ အမြဲသတိရ မှတ်မိနေအောင် ကျွန်တော် အတိုကောက် မှတ်ထားတယ်။

**"စကြာ"** ဆိုတာက စကြာယာဉ်ရထားကြီးကို ဆိုလိုပါတယ်၊ **"ဆင်"** ဆိုတာက ဆင်ရတနာပါ။ **"မြင်း"** ဆိုတာက မြင်းရတနာပါ။ **"မြား"** ဆိုတာက ပတ္တမြားရတနာကို ဆိုလိုတာ



www.burmeseclassic.com

www.burmeseclassic.com

ပါ။ **"ဓိ"**ဆိုတာက စကြာမင်းကြီး၏ မိဖုရားကြီးကို ဆိုလိုတာပါ။ **"ကြွယ်"** ဆိုတာက ချမ်းသာကြွယ်ဝတဲ့ သူကြွယ်ကို ဆိုလိုတာပါ။ **"သား"**ဆိုတာက စကြာမင်းကြီးရဲ့ အခြံအရံ သားသမီးများကို ဆိုလိုတာပါ။ အဲဒီ(၇)မျိုးဟာ စကြာမင်းကြီးရဲ့ ရတနာ(၇)ပါး ဖြစ်ပါတယ်'

'စကြာမင်းကြီးရဲ့ ပတ္တမြားရတနာ အကြောင်း ပြောပြပါဦး'

'စကြာမင်းကြီးရဲ့ ပတ္တမြားရတနာကို **မနောမယပတ္တမြား**လို့ ခေါ်တယ်။ **"မနော"**ဆိုတာက စိတ်၊ **"မယ"**ဆိုတာ ပြီးစီးတာလို့ အဓိပ္ပာယ်ရပါတယ်။ မနောမယပတ္တမြားဆိုတော့ လူတို့ရဲ့ စိတ်အလိုဆန္ဒကို ပြီးစီးစေနိုင်တဲ့ ပတ္တမြားကြီးပေါ့'

'အဲဒီ မနောမယပတ္တမြားကြီး ဘယ်မှာရှိသလဲဟင်'

'ဝေပုလ္လတောင်မှာ ရှိတယ်လို့ စာပေမှာ တွေ့လို့ မှတ်သားရပါတယ်'

'ပတ္တမြားကြီးရဲ့ အရွယ်အစားကော ဘယ်လောက်ရှိသလဲ'

'ပတ္တမြားကြီးရဲ့ အရွယ်ပမာဏက တော့ **အလျားလေးတောင်၊ လုံးပတ်သုံးတောင်** ရှိတယ်လို့ **မော်လမြိုင်မြို့၊ ကတိုးရွာဇာတိ ဆရာကြီး ဦးဘိုးမြစ် ပြုစုရေးသားတဲ့"လောကဟိတရာသီကျမ်း"**မှာ ဖတ်ရှုရပါတယ်။

လောကဟိတရာသီ ကျမ်းထဲမှာ ဆရာကြီးဦးဘိုးမြစ်ဟာ "စိန္တာမဏိဂါထာတော်ကြီး"ရေးသားရာမှာ "စိန္တာမဏိဂါထာတော်ကြီး"ကို ရိုသေစွာ ရွတ်ဖတ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများသည် စကြဝတေးမင်းကြီးတို့ရဲ့ မနောမယပတ္တမြား အကျိုးပေးခြင်းနဲ့ တူညီတယ်လို့ အောက်ပါအတိုင်း



ဖော်ပြခဲ့တယ်။

"**သီရိဒေါ** – အသရေကို တိုးစေတတ်သော၊ **ဝေပုလ္လ ပဗ္ဗတ ပဒေသ**– ဝေပုလ္လတောင်ယံ၌ ရောက်၍ ရံကျောက် ရှစ်သောင်းလေးထောင်ရှိသော၊ **မနောဟရော**–လူတို့ နှလုံးကို ပြည့်စေ ဆောင်စေတတ်သော၊ **မဏိရတံစီယ**– ရေနောက်မြူနှစ်ကို ကြည်စေတတ်သော လုံးပတ်(၃)တောင်၊ အလျား(၄)တောင် ပမာဏရှိသော မနောမယပတ္တမြား ရတနာစက်ကဲ့သို့၊ **သဗ္ဗထကာမပူရဏော**– အလုံးစုံသော အလိုဆန္ဒကို ပြီးစေတတ်သော"လို့ မနောမယ ပတ္တမြားကြီးရဲ့ စွမ်းအင်ကို ဖော်ပြထားတယ်'

'စောစောက ဦးသုတ ပြောခဲ့တဲ့ အထဲမှာ မနောမယပတ္တမြားကြီးမှာ အခြံအရံ ပတ္တမြားကျောက်ရတနာ ပေါင်း ရှစ်သောင်းလေးထောင် ရှိတယ်လို့ ကြားလိုက်ရတယ်။ အထူးအဆန်းပဲနော်။ သက်ရှိသတ္တဝါတွေမှာသာ အခြံအရံရှိတယ်လို့ ကျွန်တော် ယူဆခဲ့တာ။ သက်မဲ့အရာဝတ္ထုတွေမှာ အခြံအရံရှိမယ် မထင်ခဲ့ဘူး'

'ဦးသီလနှယ် ဘုန်းကြီးတဲ့ စကြာမင်းတို့ ကိုင်ဆောင်တဲ့ မနောမယ ပတ္တမြားကြီးမှာ ရံကျောက်ရှစ်သောင်းလေးထောင်ရှိတယ် ဆိုတာကို အသာထားလိုက်ပါ။ **အခြား ပတ္တမြားများမှာပင် အခြံအရံကျောက်တွေ** ရှိပါတယ်ဗျာ'

'ကျွန်တော် ဗဟုသုတအဖြစ် မှတ်သားရအောင် ပြောပြပါဦး'

'လွန်ခဲ့တဲ့ အနှစ်(၅၀)ဝန်းကျင်က ရွှေပုရှာ ဘုန်းတော်ကြီးကျောင်းမှာ ဆရာတော်ဦးခန္တီ ကျောင်းထိုင်ခဲ့ပါတယ်။ ဆရာတော်ကြီးဟာ ရွှေပုရှာရဲ့ တောင်အရပ် (၃)မိုင်ခန့် အကွာမှာရှိတဲ့ လက်ပကန်ရွာဇာတိဖြစ်တယ်။ အသက်(၇၀)ကျော်မှာ ဆရာတော်ကြီး ပျံလွန်တော်မူတယ်။

ဆရာတော်ကြီး ပျံလွန်တော်မူပေမယ့် အရှင်မြတ်ရဲ့ မွေးချင်းများဟာ အခါကြီး ရက်မြတ်ကြီးတွေမှာ ရွှေပုရှာ ဘုန်းတော်ကြီးကျောင်းသို့ လာရောက် ဥပုသ်သီတင်းစောင့်ကြတယ်။

အဲဒီလို ဥပုသ်သီတင်းစောင့် လာသူတွေထဲမှာ ဆရာတော်ကြီးရဲ့ တူအရင်းဖြစ်တဲ့ ဦးတင်ဦး တစ်ယောက်လဲ အမြဲတမ်း ပါ,ပါတယ်။ ဦးတင်ဦးဟာ လူပျိုပေါက်အရွယ်မှာ မိုးကုတ်မြို့ကို သွားခဲ့တယ်။ ကျောက်တူးသမား လုပ်ခဲ့ဖူးတယ်။

ကျောက်တူးသမားဘဝက မိုးကုတ်မြို့ မော်ထဲမှာ ပတ္တမြားကျောက်နဲ့ ပတ်သက်လို့ ထူးခြားဆန်းပြားမှုတစ်ခု တွေ့ခဲ့ရတာကို အောက်ပါအတိုင်း ပြောပြတယ်။ ဦးတင်ဦးက...

"ကျုပ် လူပျိုပေါက် အသက်(၁၆) နှစ်ကျော်က စွန့်စားလိုစိတ်နဲ့ မိုးကုတ်မြို့ကို တက်သွားခဲ့တယ်။ မိုးကုတ်မြို့ ရောက်တော့ ကျောက်တွင်းပိုင် သူဌေးတွေရဲ့ ကျောက်တွင်းတွေမှာ ဝင်ရောက်တူးတယ်။

နေ့စဉ် ထမင်းစား ကျောက်ကလေးတွေကတော့ ရနေတာပဲ။ အဲဒီလို ... ရင် တန်ဖိုးကြီးတဲ့ ကျောက်တူး... ရခဲ့ရင် တစ်နေ့မှာ သူဌေး... ရည်ရွယ်ချက်ထားပြီး ကျောက်တူး...



www.burmeseclassic.com

www.burmeseclassic.com

တယ်။

အနယ်နယ် အရပ်ရပ်က လာကြတဲ့ ကိုယ်လို ကျောက်တူးသမားတွေလဲရှိတယ်။ တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးကြတယ်။ မိတ်ဆွေအပေါင်းအသင်း ဖြစ်ကြတယ်။ ညီရင်းအစ်ကိုလို တသွေးတည်း တသားတည်း ဖြစ်ကြတယ်။

ဒီလိုနဲ့... "ဒီတစ်ကျင်း မတွေ့ရင် နောက်တစ်ကျင်း" ဆိုတဲ့ စကားလိုပဲ တစ်နေ့ ကျောက်ပွင့်မှာပဲဆိုပြီး အားမာန်အပြည့်နဲ့ တူးနေကြတယ်။ တစ်နေ့မှာ မမျှော်လင့်ဘဲ တော်လှန်ရေးအစိုးရက ပုဂ္ဂလိကပိုင် ပစ္စည်းတွေကို ပြည်သူပိုင် သိမ်းလိုက်တယ်လို့ တစ်နိုင်ငံလုံးကို အမိန့်ထုတ်ကြေညာလိုက်တယ်။

မိုးကုတ်မြို့က ပုဂ္ဂလိက ကျောက်တွင်းတွေလဲ ပြည်သူပိုင် သိမ်းတာထဲပါသွားတယ်။ မိုးကုတ်မြို့ဇာတိ မဟုတ်သူများ မိုးကုတ်မြို့မှာ နေခွင့်မပြုလို့ အမိန့်ထုတ်ပြန်တယ်။ ဆိုလိုတာက မိုးကုတ်သားအဖြစ် မှတ်ပုံတင် မရှိသူများ၊ နယ်ပေါက်သားများ မိုးကုတ်မြို့မှာ မနေရလို့ အမိန့်ထုတ်ခြင်းဖြစ်တယ်။

ကျုပ်နဲ့ဘဝတူ နယ်ပေါက်သား ကျောက်တူးသမားများ စိတ်ဆင်းရဲဖြစ်ကြရတာပေါ့။ ရည်မှန်းချက်တွေလဲ ဝေးရပြီပေါ့။ လမင်းကြီး ထိန်ထိန်သာတဲ့ ညတစ်ည (၈)နာရီခန့်မှာ ကျုပ်တို့ ကျောက်တူးသမားတွေ ညစာ ထမင်းစားအပြီး မော်တဲထဲကနေ မနီးမဝေးမှာရှိတဲ့ ကျောက်တွင်းဆီကို လှမ်းမျှော်ကြည့်နေကြတယ်။

လမင်းကြီးက သာနေတော့ ကျောက်တွင်းဆီကို အထင်းသား မြင်ကြရတယ်။ အဲသလို ကြည့်နေတုန်း ကျောက်တွင်းထဲက ဝင်းလက်တောက်



ပြောင်တဲ့ အရောင်ကလေးများ ကျောက်တွင်းပေါ် ပျံတက်လာတယ်။

ကျောက်တွင်းဝနဲ့ တည့်တည့် အပေါ် လဟာပြင်မှာ တစုတဝေးတည်း လှုပ်ရှားနေကြတယ်။ ကျုပ်တို့လဲ ထူးခြားတဲ့ မြင်ကွင်းကို မြင်လိုက်ရတော့ အားလုံး အံ့အားသင့်သွားကြတယ်။ ပထမတော့ မီးပွားကလေးတွေလို့ ထင်မှတ်ကြတာပေါ့။

အသေအချာ စူးစမ်းကြည့်တော့မှ ကျောက်တွင်းထဲက ပတ္တမြားကျောက်ကလေးတွေ ပျံတက်လာမှန်း သိကြရတယ်။ ပတ္တမြားကျောက်ကလေးတွေရဲ့ အရည်အသွေး တောက်ပမှုကြောင့် သူတို့ရဲ့ အနီးတစ်ပိုက်မှာ ဝင်းလက်တောက်ပနေတယ်။

**မကြာခင်မှာ အဲဒီကျောက်တွင်းကြီးထဲက ထွန်းလင်းတောက်ပတဲ့ ပတ္တမြားကျောက်ကြီးတစ်လုံးဟာ ကျင်းအပေါ် တည့်တည့် လဟာပြင်ဆီကို ပျံတက်လာတယ်။**

**ပတ္တမြားကျောက်ကြီး အပေါ်ရောက်လာတဲ့အခါမှာ စောစောက ရောက်ရှိနေကြတဲ့ ပတ္တမြားကလေးများက ပတ္တမြားကျောက်ကြီးကို ဝိုင်းရံကာ လှုပ်ရှားနေကြတယ်။**

ခဏအကြာမှာ ပတ္တမြားကျောက်ကြီးက ဦးဆောင်ပြီး လဟာပြင်အတိုင်း အခြားတစ်နေရာကို ရွေ့လျားသွားကြတယ်။

ပတ္တမြား ကျောက်ကလေးများက ဘေးမှ ဝန်းရံပြီး လိုက်ပါသွားကြတယ်။ ကျုပ်တို့ရဲ့ မြင်ကွင်းအတွင်း တစ်နေရာအရောက်မှာ ပတ္တမြားကြီးနဲ့ အခြံအရံ ကျောက်ကလေးတွေဟာ မြေပြင်ကို ထိုးဆင်းကာ မြေကြီးထဲကို ငုပ်လျှိုးသွားကြတယ်။

အဲဒီ ထူးခြားဆန်းပြားစွာ မြင်လိုက်ရတာကို အိပ်မက် မက်နေကြသလားလို့ ထင်မိကြတယ်။ နောက်တော့မှ စွမ်းအင်ရှိတဲ့ ပတ္တမြားကျောက်ကြီးနဲ့ အခြံအရံ ကျောက်ကလေးများ တစ်နေရာမှ အခြားတစ်နေရာသို့ ရွေ့ပြောင်းတာပါလားလို့ သဘောပေါက်ကြတယ်"

လို့ ပြောပြတယ်'

ဦးသုတမှ...

'ဒါကတော့ စွမ်းအားရှိတဲ့ ပတ္တမြားကျောက်ရတနာများမှာ အခြံအရံ ကျောက်ကလေးများ ရှိတာကို လက်တွေ့မြင်တွေ့ခဲ့ရတဲ့ တစ်ချိန်က ကျောက်တူးသမား ဖြစ်ခဲ့တဲ့ ဦးတင်ဦးရဲ့ ပြောပြချက်ပါပဲဗျာ'

ဦးသီလမှ...

'စောစောက ဦးသုတ ပြောခဲ့တဲ့ စကြာမင်းကြီးတို့နဲ့သာ ထိုက်တန်တဲ့ ဝေပုလ္လတောင်ယံမှာရှိတဲ့ မနောမယ ပတ္တမြားကြီးမှာ ရံကျောက်ပေါင်း ရှစ်သောင်းလေးထောင် ရှိတာရယ်... ဦးတင်ဦး တွေ့မြင်ခဲ့ရတဲ့ ပတ္တမြားကျောက်ကြီးမှာလဲ အခြံအရံကျောက်တွေရှိတာကို သိရခြင်းကြောင့် တန်ခိုးစွမ်းအင် ရှိကြတဲ့ ပတ္တမြားကျောက်ရတနာများမှာ အခြံအရံကျောက်များ ရှိတာကို မှတ်သားရတာ ဗဟုသုတ တိုးပွားတာပဲဗျို့'

**မှတ်ချက် ။ ။ ကျောက်တူးသမား ဦးတင်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ဦးတင်ဦးအား ကျေးဇူးတင်ပါကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ပါသည်။**

**စလင်း ဦးကျော်**



www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်များအတွက်

### လွယ်ကူလျင်မြန် ဝမ်းချုနည်း



တိရစ္ဆာန်များ ရောဂါတစ်ခုခု ဖြစ်ပွားလာပါက အဓိက အသိသာဆုံး လက္ခဏာမှာ **ဆီး(သို့မဟုတ်)ဝမ်းချုပ်လာခြင်း**ပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိရစ္ဆာန်ပိုင်ရှင်များသည် ရောဂါဖြစ်သော တိရစ္ဆာန်များအား ဝမ်းနုတ်ဆေးတိုက်ခြင်း၊ ဝမ်းချုခြင်းများ ပြုလုပ်လေ့ ရှိပါသည်။

ဝက်နှင့် မြင်းသည် ဆေးတိုက်ရ ခက်ခဲသော သတ္တဝါများ ဖြစ်ကြပါသည်။

မြင်းများသည် တိုက်သောဆေးကို ငုံထားပြီး ထွေးပစ်လေ့ရှိပါသည်။ ဝက်များကို ဆေးတိုက်ပါက အသက်ရှုလမ်းကြောင်းထဲသို့ ဝင်သွားပြီး သေသွားနိုင်ပါသည်။

ဝမ်းနုတ်ဆေးတိုက်ခြင်းသည် ရောဂါတိုင်းအတွက် မသင့်လျော်ပါ။ အူရောင်နေသော တိရစ္ဆာန်အား ဝမ်းနုတ်ဆေး တိုက်မိပါက ရောဂါပိုဆိုးသွားနိုင်ပါသည်။

တိရစ္ဆာန်များကို ဝမ်းနုတ်ဆေးတိုက်ကျွေးရာတွင် သတိထားသင့်ပါသည်။ ဝမ်းချုရာတွင်လည်း တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလိုပင် နည်းမျိုးစုံ ရှိပါသည်။

ကျွန်တော် တင်ပြမည့် ဝမ်းချုနည်းမှာ လွယ်ကူပြီး လျင်မြန်စွာ ဝမ်းသွားစေပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီနည်းကို သုံးပြီး ဆေးကုသလေ့ ရှိပါသည်။ လက်တွေ့ ကောင်းမွန်စွာ ကုသနိုင်သောနည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် **လသာပင်**ကို လူတိုင်းသိကြပါသည်။ နေရာတိုင်းတွင်လည်း ရှိပါသည်။ အရွက်မှာ ကွမ်းရွက်သဏ္ဍာန်ဖြစ်ပြီး အပွင့်မှာ လော်စပီကာပုံစံ မရန်းရောင်ဖျော့ဖျော့လေး ဖြစ်ပါသည်။

နွားကြီး (သို့မဟုတ်) မြင်းကြီးဆိုလျှင် လသာရွက်(၁၀)ရွက်၊ ဆားဒိုးလုံးခန့်၊ ဝက်ကြီးဆိုလျှင် လသာရွက် (၃)ရွက်၊ ဆား ဆီးဖြူသီးခန့်၊ ဝက်လက်ဆိုလျှင် လသာရွက်(၂)ရွက်၊ ဆားမန်ကျည်းသီးစေ့(၂)စေ့ခန့်၊ ဝက်ငယ်ဆိုလျှင် လသာရွက်(၁)ရွက်၊ ဆားမန်ကျည်းသီးစေ့(၁)စေ့ခန့် အချိန်အဆ ဖြစ်ပါသည်။

လသာရွက်နှင့် ဆားကို ထောင်း၍ ကြေသွားသောအခါ တိရစ္ဆာန်စအို(ဖင်)အား ဆီဆွတ်၍ လသာရွက်နှင့်ဆား ထောင်းပြီးသားများအား စအိုအတွင်းသို့ ထည့်သွင်းပေးရန် ဖြစ်ပါသည်။

ထည့်သွင်းပြီး (၁၀)မိနစ်အတွင်း ဝမ်းသွားလာသည်ကို တွေ့ရှိရမှာ ဖြစ်ပါသည်။ မွေးမြူရေးသမားများ အသုံးပြုနိုင်ရန် လွယ်ကူလျင်မြန်သော ဝမ်းချုနည်းကို လက်ဆင့်ကမ်းလိုက်ပါသည်။

***ကိုယ်စိတ်နှစ်ပါး ချမ်းသာပါစေ။***

ငွေသိန်း(တိ/မွေး/ကု)



www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ထီးရိုးလေး ဘုရားများနှင့်

ဆက်နွယ် ထူးခြားဆန်းကြယ်မှုများ
သိရှိသူများ ဖော်ထုတ်ရေးသားပေးကြပါရန်

မြိုင်မြေဇော်ဝေလွင်



ကျော်အကွာရှိ
ပေ(၁၅၀၀)ကျော်
မြင့်သော
**မူစီးခိုတောင်ပေါ်တွင်**
တည်ထားကိုးကွယ်ထားပါသည်။

စာရေးသူအနေဖြင့် ဗုဒ္ဓဘာသာဝင် လူမျိုးတိုင်းအတွက် ကြည်ညိုသဒ္ဓါ ပွား များနိုင်စေရန် အလို့ငှာ ကျိုက်ထီးရိုး လေး ဘုရားသမိုင်းအကျဉ်းကို လေ့လာ ရရှိသမျှ ရေးသား ဖော်ပြလိုက်ရပါ သည်။

စာရေးသူအနေဖြင့် မှတ်တမ်း ဓာတ်ပုံရိုက်ကူးနိုင်ရန် အခြေအနေ မပေးပါသဖြင့် လေ့လာသိရှိရသမျှသာ လျှင် ရေးသား ဖော်ပြလိုက်ရပါသည်။

ကျိုက်ထီးရိုးလေး ဘုရားသမိုင်းကို ယခုအချိန်အထိ တိတိကျကျ သမိုင်း မှတ်တမ်းများကို မတွေ့ရသေးသော် လည်း ဘုန်းတန်ခိုးကြီးမားမှုနှင့် ထူးခြား ဆန်းကြယ်မှုများသည် ယနေ့ထိတိုင်း မျက်ဝါးထင်ထင် သက်သေတည်ခဲ့ပါ သည်။

ကျိုက်ထီးရိုးလေး စေတီသည် **ရွှေကျင်မြို့ အရှေ့ဘက် မိုင်(၂၀)**

**ကျိုက်ထီးရိုးလေးဘုရား (၇)ဆူရှိ ကြောင်း** စေတီ (၇)ဆူမှာ ယခုလက်ရှိ လေ့လာရရှိသမျှ (လေး)ဆူမျှသာ သိရှိခဲ့ပါသည်။ ယင်းဘုရားလေးဆူ မှာ...

၁။ကွမ်းဆိပ်ကျေးရွာ၊ ဝေမြူတောင်တွင် (၁)ဆူ
၂။သက်ကယ်တောင်တွင် (၁)ဆူ၊
၃။မဲပိုင်ကျေးရွာတွင် (၁)ဆူ
၄။ယခု မူစီးခိုတောင်ပေါ်တွင် (၄)ဆူ
တို့ ဖြစ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျိုက်ထီးရိုးလေး ဘုရား(၇)ဆူမှာ ကျိုက်ထီးရိုးကြီး တည်ထားကိုးကွယ်ရန် အတွက် အောက်ခံကျောက်တုံးကြီး အဖြစ် ရသေ့ကြီးဦးခေါင်းပုံသဏ္ဍာန်နှင့် တူသော ကျောက်တုံးကြီးများ သွား ရောက် ရှာဖွေရာ နတ်သမီး(၇)ပါးမှ ယူဆောင်လာသော ကျောက်တုံးကြီး များ ဖြစ်သည်။

ယင်း ကျောက်တုံးကြီးများသည် ရသေ့ကြီးဦးခေါင်းနှင့် ပုံသဏ္ဍာန် အနည်းငယ် ကွာခြားသဖြင့် နတ်သမီး (၇)ပါးမှာ သက်ဆိုင်ရာ တောစောင့် နတ်၊ တောင်စောင့်နတ်များထံသို့ ပြန် ဘည်အပ်နှံထားသော ကျောက်တုံးများ ဖြစ်ကြောင်း လေ့လာ သိရှိခဲ့ရပါသည်။

ယင်း ကျောက်တုံးများပေါ်တွင် ကျိုက်ထီးရိုးကြီးစေတီအစား ကြည်ညို သဒ္ဓါပူဇော်များနိုင်ရန် တည်ထား ကိုးကွယ် ခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ယခု ကျိုက်ထီးရိုးလေးဘုရား ရာဇဝင်နှင့်ပတ်သက်၍ အသက်(၇၀) ခန့်ရှိ ဘုရားလူကြီးတစ်ဦး၏ ပြောပြ ချက်အရ လွန်ခဲ့သော နှစ်ပေါင်း(၅၀၀) ကျော်ခန့်က ကျိုက်ထီးရိုးလေး တောင် ခြေတွင် တောင်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ဗုဒ္ဓ ဘာသာဝင် ကရင်ရွာလေးတစ်ရွာ ရှိခဲ့ ပါသည်။

ထိုရွာလေးတွင် အကြီးအကဲ (သူကြီး)အရာဖြင့် ဦးစောလယ်ကယ်ဖူး ဆိုသူ အုပ်ချုပ်လျက် ငြိမ်းချမ်းစွာ နေထိုင်ခဲ့ကြသည်။ ဦးစောလယ်ကယ် ဖူးမှာ တရားမွေ့ဖြင့် မွေ့လျော်သူဖြစ်ပြီး တောင်ယာအလုပ်ဖြင့် အသက်မွေးဝမ်း ကျောင်းပြုနေသူဖြစ်သည်။

တောင်ယာလုပ်ငန်းခွင် သိမ်းသော အချိန်များတွင် သူကြီးလင်မယား နှစ်ယောက်တို့သည် စားနပ်ရိက္ခာ အပြည့်အစုံဖြင့် တောတောင်များကို ဖြတ်ကာ (၃)ည အိပ်တာမျှ သွားရတာ ခရီးဖြင့် ကျိုက်ထီးရိုးကြီးစေတီရှိရာသို့ နှစ်စဉ်ဘုရား ဖူးသွားကြမြဲ ဖြစ်သည်။

တစ်နှစ်တွင် ဇရာပိုင်းသို့ ရောက်နေ ကြပြီးဖြစ်သော်လည်း မယားဖြစ်သူက **"ဒီတစ်နှစ်တော့ ဘုရားဖူးသွားလို ကြောင်း"** ပြောလာသဖြင့် ဒီတစ်နှစ် သာလျှင် သွားရောက် ဖူးမြော်နိုင်တော့ မည်အကြောင်း ပြောကာ လိုအပ်သည် များကို ပြင်ဆင်ပြီး ဘုရားဖူးရန် ထွက် လာခဲ့ကြတော့သည်။

ဤသို့ဖြင့် နှစ်ညအိပ်မျှ သွားရသော နေရာသို့ ရောက်သောအခါ အိပ်စက် ရန် နေရာများ ပြင်ဆင်ပြီး တောစောင့် နတ်၊ တောင်စောင့်နတ်များကို ပူဇော် ပသကာ စေတီတော်ကြီးကို စိတ်ဝယ် မှန်း၍ ရှိခိုးကန်တော့ပြီး အိပ်စက်ကြ လေတော့သည်။

ညသန်းခေါင်ယံအချိန်သို့ ရောက် သောအခါ အိပ်မက်များ မြင်မက်လေ တော့သည်။ အိပ်မက်ထဲတွင် ဝတ်ဖြူ စင်ကြယ်ဝတ်ဆင်ထားသော ပုဂ္ဂိုလ် တစ်ဦးရောက်ရှိလာပြီး...

'အသက်အရွယ် အိုမင်းနေကြပြီဖြစ်၍ ဘုရားဖူးသွားရန် မသင့်တော့ကြောင်း နောင် အခါမှာ၌လည်း ကျိုက်ထီးရိုးကြီးစေတီတော် ကြီးသို့ မရောက်ရှိ မဖူးမြော်ခဲ့ရသူများ ကြည်ညိုပူဇော်များနိုင်ကြရန် အလို့ငှာ...

ကျိုက်ထီးရိုးလေး စေတီတော်တစ်ဆူကို သူတို့၏ အနီးပတ်ဝန်းကျင်ရှိ မြင့်မြတ်သော နေရာတစ်ခု၌ ကျိုက်ထီးရိုးကြီးစေတီတော်၏ အောက်ခံကျောက်တုံးနှင့်တူသော ကျောက် တုံးတစ်ခုကို ရှာဖွေ၍ ကျိုက်ထီးရိုးလေးစေတီ တော်တစ်ဆူတည်ရန်'

ပြောခဲ့ပြီး အိပ်မက်ထဲမှ ပျောက် ကွယ်သွားတော့သည်။ ထို့နောက် သူကြီးသည် အိပ်မက်မှနိုးလာပြီး ထူးဆန်းသောအိပ်မက်၏ အံ့ဖွယ် အကြောင်းကို ဇနီးဖြစ်သူအား ပြောပြ၍ မနက်လင်းသော် ရွာသို့ ပြန်လာခဲ့တော့ သည်။

သူကြီးအဘိုးအိုလင်မယား လှည့် ပြန်ခဲ့သောနေရာကို **ဖိုးပြန်တောင် (ဘိုးပြန်တောင်)**ဟု မှည့်ခေါ်ထားရှိခဲ့ ရာ ကျိုက်ထီးရိုးလေးနှင့် ကျိုက်ထီးရိုး ကြီးဘုရား နှစ်ဆူအကြားတွင် ယခု အချိန်အထိ ဖိုးပြန်တောင်ဟူ၍ ရှိခဲ့ ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

သူကြီးသည် ရွာသို့ ပြန်ရောက်သော အခါ ရွာသားများကို စုစည်းပြီး ယင်း တောင်ကုန်းပေါ်တွင် ချုံနွယ်များကို ခုတ်ထွင်၍ ရှင်းလင်းခဲ့ကြသည်။

သို့သော် ဘုရားစေတီ တည်ထား ကိုးကွယ်မည့်နေရာ မဟုတ်သဖြင့် အိပ်မက်ပေးကာ ထပ်မံ ရှာခိုင်းပြန် သည်။

ဤသို့ဖြင့် (၇)ရက်တိတိတိုင် အောင် ရှာဖွေခဲ့သော်လည်း ဘုရား တည်မည့်နေရာကို မတွေ့သဖြင့် စိတ် ပန်းလူပန်းဖြစ်ကာ စိတ်ပျက် အား လျော့နေမိပါသည်။

သူကြီးသည်လည်း လူစုကွဲသွားကာ ခွေးကလေးတစ်ကောင်ဖြင့် ကျန်ခဲ့ပြီး စိတ်ပျက်ကာ အိမ်သို့ ပြန်လာခဲ့တော့ သည်။

အိမ်သို့ပြန်ရာ လမ်းစာတစ်ဝက်တွင် ဖွတ်ကြီးတစ်ကောင်ကို မြင်လိုက်၍ ခွေးမှ လိုက်ရာ ဖွတ်သည် ကင်ပွန်းချုံ ထဲသို့ ဝင်ပြေးလေသည်။ ခွေးသည် ကင်ပွန်းချုံထဲသို့ ဝင်ပြေးလိုက်သည်ကို မြင်လျှင် သူကြီးသည် ကင်ပွန်းချုံများ အား ခုတ်ထွင်ကာ လိုက်သွားသည်။

ထိုအခါ ဖွတ်သည်လည်း ကျောက် တုံးနှင့်ကွယ်ကာ ပျောက်ကွယ်သွား တော့သည်။ ထိုအခါမှ ချုံကြားမှ

www.burmeseclassic.com

သူတို့လိုက်လံရှာဖွေနေသော **ကျောက်တုံးကြီး**ကို ရှာဖွေ တွေ့ရှိခဲ့လေသည်။

သူကြီးလည်း နေရာကို သေချာစွာ မှတ်သား၍ အိမ်သို့ ပြန်လာခဲ့သည်။ ညသို့ရောက်သောအခါ အိပ်မက်များကို ထပ်မံ မြင်မက်ပြန်သည်။ အိပ်မက်ထဲမှ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်သည် **"ဤကျောက်တုံးသည် ဘုရားတည်ရမည့် ကျောက်တုံးဖြစ်ကြောင်း"** ပြောဆိုကာ အိပ်မက်ထဲမှ ပျောက်ကွယ်သွားပါတော့သည်။

နောက်တစ်နေ့သို့ ရောက်သော် သူကြီးသည် လူစုလူဝေးဖြင့် ထိုနေရာသို့ သွားရောက်၍ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီး စေတီတော်တည်ရန် စီမံဆောင်ရွက်ကြစဉ် သူကြီး၏ မြေးမလေးသည် ကျောက်တုံးကြီးပေါ်သို့ တက်ရောက်ပြီး သန့်ရှင်းရေး ဆောင်ရွက်နေစဉ် ရုတ်တရက် မိုးကြိုးပစ်ချလိုက်၍ ကျောက်တုံးကြီးမှာ (၅)ပုံ(၁)ပုံခန့် ကွဲအက်သွားခဲ့သည်။

ထိုကဲ့သို့ အက်ကွဲကြောင်းဖြစ်သွားခဲ့သော်လည်း ယိုင်လဲပြိုကျခြင်းမရှိဘဲ ယခင်အတိုင်းသာ ဆက်လက် တည်ရှိနေခဲ့သည်။

အောက်ခံ ကျောက်တုံးကြီး၏ အောက်ခြေနှင့် ရင်ပြင်တော်ကျောက်သားမျက်နှာပြင် နှစ်ခုကြားတွင် အောလ်ပင်အလုံးအရွယ် (၀.၅)မျှရှိသော ကြိုးနှင့် ဆွဲကြည့်လျှင်ပင် လွတ်နိုင်မည်ဟု ယူဆရသည်။

စာရေးသူတို့အဖွဲ့ သွားရောက်၍ ရွှေသက်နီး ကပ်လှူပူဇော်သည့်အချိန်၌ စေတီနှင့် ကျောက်တုံးမျက်နှာပြင် ချို့နေရာများတွင် ရွှေသက်နီးအစစ်များ ကပ်လှူပူဇော်ထားသည်ကို တွေ့ရှိရပါသည်။

ယခင်က ရွှေသက်နီးအစစ်များကို



စေတီတော်နှင့် အောက်ခံ ကျောက်တုံးကြီးပေါ်တွင် အပြည့်ကပ်လှူထားကြောင်း ခန့်မှန်းသိရှိရပါသည်။ **ကျိုက်ထီးရိုးလေးတောင်ပေါ်တွင်...**

၁။ ဉာဏ်တော်(၅)တောင်ခန့်ရှိစေတီ (၂)ဆူ၊

၂။ ဉာဏ်တော်(၇)တောင်ခန့်မြင့်သော ကျိုက်ထီးရိုးလေးစေတီ (၁)ဆူ၊

၃။ ဉာဏ်တော်(၃)တောင်ခန့်မြင့်သော စေတီ (၁)ဆူ၊

၄။ ဉာဏ်တော်(၁၁)တောင်ခန့် မြင့်သော စေတီ (၁)ဆူ၊

၅။ ဉာဏ်တော်(၅)တောင်ခန့်မြင့်သော ဆင်းတုတော်(၃)ဆူ၊

၆။ ရေကန် (၃)ကန်၊

၇။ ဇရပ်(၂)ဆောင်၊ တန်ဆောင်း(၆)ခု၊ နတ်စင် (၁)စင်နှင့် တခြားကျောက်ဆင်းတုတော်ယယ်များ တည်ရှိပါသည်။

**စေတီတော်၏ ပရိဝုဏ်အတွင်းရှိ ထူးခြားမှုများ**

၁။ စာရေးသူတို့အဖွဲ့သည် သကြိန်မတိုင်မီ ရွှေသက်နီးကို ကပ်လှူပူဇော်နိုင်ရန် အလို့ငှာ ဒေသခံရွာသူရွာသားများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်နေကြရသော်လည်း ရေအခက်အခဲကြောင့် ရေသယ်ပွါယ်ရန် ကြန့်ကြာမှုရှိခဲ့သည်။

ထိုအခါ စာရေးသူတို့အဖွဲ့သည် **"အောက်ခံ ကျောက်တုံးကြီးကို ရေညှိများ ခွာချပြီးသော် မိုးရွာရင် တော်တော်မြန်မှာပဲ"**လို့ ပြောနေမိကြစဉ်မှာပင် ဘယ်ဆီနေမှန်းမသိသော မိုးသားတိမ်လိပ်များသည် ချက်ချင်းပင် လိမ့်တက်လာကာ မိနစ်(၂၀)ခန့်အကြာမှာပင် ခွေခေါင်ခေါင် မိုးများသည်းမည်းစွာရွာသွန်းဖြိုးလေတော့သည်။

ထိုအခါကျမှ စာရေးသူတို့အဖွဲ့သည် ရွှေသက်နီးကပ်လှူပူဇော်ခြင်း ကုသိုလ်အမှုကို သကြိန်မတိုင်မီ (၁) ရက်အလိုတွင်ပင် အောင်မြင်စွာ ကပ်လှူပူဇော်နိုင်ခဲ့ပါသည်။

ဤသည်မှာ စာရေးသူ ပထမဦးဆုံး တွေ့မြင်ခဲ့ရသော ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။

၂။ ရေကန်အနီး၌ **"အမျိုးသမီးများ ရေပိုက်ကို မကျော်ရ"** ဆိုင်းဘုတ်များ ရေးဆွဲထားပါလျက် အမျိုးသမီးတစ်ဦးမှ အမှုမဲ့ ကျော်နင်းမိရာမှ ရေပိုက်များတွင် ရေ လုံးဝမလာဘဲ ရှိတော့သည်။

ထိုအကြောင်းကို ဆရာတော်ကြီး ချက်ချင်းသိတော်မူ၍ ကန်တော့ပွဲများပေးပြီး တောစောင့်နတ်၊ တောင်စောင့်နတ်များထံ ပြန်လည်တောင်းပန်မှသာလျှင် ရေပိုက်မှ ရေများသည် ယခင်အတိုင်းကဲ့သို့ စဉ်ဆက်မပြတ် ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

ဤသည်မှာ စာရေးသူ ဒုတိယအကြိမ် ကြုံတွေ့ခဲ့ရသော ထူးခြားမှုပင် ဖြစ်ပါသည်။ ကျိုက်ထီးရိုးလေးစေတီတွင် ဂမ္ဘီရဆန်သော ဖြစ်ရပ်များစွာရှိလိမ့်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

စေတီတော်၏ အရှေ့တောင်ဘက်ခြမ်း မနီးမဝေးတွင် ကျောက်လိုဏ်ဂူများ ထူးခြားဆန်းကြယ်စွာ တည်ရှိနေသေးသည်။ **ဤလိုဏ်ဂူများမှ ကျိုက်ထီးရိုးကြီးစေတီတော်အထိ မြေအောက်လိုဏ်ဂူများမှ သွားနိုင်ကြောင်း ပြောကြပါသည်။**


လိုဏ်ဂူအတွင်း၌ ဘုရားဆင်းတုတော် (၇)ဆူရှိကြောင်း ပြောကြသော်လည်း စာရေးသူအနေဖြင့် (၂)ဆူသာလျှင် ဖူးမြော်ကြည်ညို ခွင့်ရခဲ့ပါသည်။

လိုဏ်ဂူများ၏ ရာဇဝင်နှင့် ပတ်သက်၍လည်း ပါးစပ်ရာဇဝင်အရ လေ့လာရရှိသမျှတွင် အဆန်းတကြယ်နှင့် ရှိနေပြန်ပါသည်။ **သုတေသီများအနေဖြင့် ဆက်လက် လေ့လာမှတ်တမ်းတင်စေလိုပါသည်။**

ကျိုက်ထီးရိုးလေးစေတီနှင့် ပတ်သက်၍ ထူးခြားဆန်းကြယ်မှုများ၊ ဘုန်းတန်ခိုးကြီးမားမှုများအကြောင်း စာရေးသူအနေဖြင့် လေ့လာရရှိသမျှ တွေ့ကြုံရသမျှသာလျှင် မှတ်တမ်းတင် ရေးသား ဖော်ပြရခြင်းဖြစ်ပါ၍ **ဝါသနာ၊ သုတေသီ၊ ပညာရှင်များမှ** ဆက်လက်လေ့လာ မှတ်တမ်းတင်နိုင်ရန်နှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် သိရှိသမျှ ပြန်လည်မျှဝေပေးကြပါရန် ဆန္ဒမွန်ဖြင့် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

**မြိုင်မော်ဝေလွင်**

၂၀၁၇ ခုနှစ်၊ မေလ



ထီးလိုက ရွေးချယ်ပါ ဤဂဏန်း


၂၀၁၇ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၄၀ |
| **မေလ** | + ၅ |
| **ခုနှစ်** | ၂၀၁၇ |
| | ၂၃၆၂ = ၁၃ = ၄ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက **(၄)** ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၃၊ ၄၊ ၆၊ ဝ** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၁၊ ၃၊ ၄၊ ၆** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၃...၁ | ၄...၁ | ၆...၁ |
| ၁...၃ | ၃...၃ | ၄...၃ | ၆...၃ |
| ၁...၄ | ၃...၄ | ၄...၄ | ၆...၄ |
| ၁...၆ | ၃...၆ | ၄...၆ | ၆...၆ |
| ၁...ဝ | ၃...ဝ | ၄...ဝ | ၆...ဝ |



မှတ်ချက်။ ။ (...)ကွင်းအတွင်းတွင် **၁၊ ၃၊ ၄** ဂဏန်းများကို များများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၅+ ၂ +ဝ + ၁ + ၇)=၁၅=၆ ဂဏန်းရသည်။ သို့ဖြစ်၍ "၆" ဂဏန်းမှာအား ကောင်းပါသည်။

သို့ဖြစ်၍...

| စ... ဆုံး | | | | |
|---|---|---|---|---|
| ၁... ၁၊ | ၃၊ | ၄၊ | ၆၊ | ဝ |
| ၃... ၃၊ | ၄၊ | ၆၊ | ဝ၊ | ၁ |
| ၄... ၄၊ | ၆၊ | ဝ၊ | ၁၊ | ၃ |
| ၆... ၆၊ | ဝ၊ | ၁၊ | ၃၊ | ၄ |

ဤလတွင် **ဗုဒ္ဓဟူးနှင့် သောကြာသားသမီးများ** ထီကံပွင့်နေပါသည်။

ထို့ကြောင့် မိမိအိမ်ရှိ ဘုရားတွင် သစ်သီး (၄)မျိုး သို့မဟုတ် (၆)မျိုးနှင့် သစ်သီးဆွမ်းကပ်လှူပြီး (၄)ရက်တိတိ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို မိမိသက်စေ့ ရွတ်ပွားပူဇော်ပြီး အဓိဋ္ဌာန်ဝင်ရန် ဖြစ်ပါသည်။

ထိုအဓိဋ္ဌာန် အောင်မြင်ပြီးမှ မိမိနေရာဝန်းကျင်ရှိ သက်ကြီးရွယ်အိုများအား ဆေးဝါး၊ အာဟာရများ တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦ **၄၃၆၆၁ဝ** ✦ **၄၄၆၁၁၃** ✦ **၃၆၄၃၁၃**

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် *(သုတေသီ)***



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

## အဖြေညှိကြစို့

သာရကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုလအတွက် ဖော်ပြပေးလိုက်သည့် ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ အသက်သုံးဆယ်ခန့် အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ လက်ဖဝါးပုံစံကို သေချာစွာ ကြည့်ရှုလေ့လာ စစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့ရသူလား(သို့မဟုတ်)ဘွဲ့ရပြီးဆုံးခဲ့သူလား။

၂။ အလုပ်အကိုင်မှာ သာမန် အောက်ခြေဝန်ထမ်းဘဝမှာ လုပ်ကိုင်ရမည့်သူလား (သို့မဟုတ်)အရာရှိအဆင့်ထိ တိုးတက်လုပ်ကိုင်ရမည့်သူလား။

၃။ ယခုလက်တလော စီစဉ်ထားသော ထယ်ချစ်ဦးနှင့် စေ့စပ် လက်ထပ်ရေးကိစ္စ အဆင်ပြေမှာလား (သို့မဟုတ်) ပျက်ပြားနိုင်သလား။

မိမိတို့၏အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်မှာ ကြိုတင်ရေးမှတ်ပြီးမှသာ ပဟေဠိအဖြေများနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ပါရန် အကြံပြု တိုက်တွန်းအပ်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၂၃၂)တွင်
ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ပျောသီး

## အဖီးများ အသီးထွားစေဖို့

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ(၁၁၀)မှာ သန်းထွန်းအောင်ရဲ့ "ငှက်ပျောသီး ကြီးထွားစေဖို့"ဆိုတဲ့ စိုက်ပျိုးရေးရာအကြောင်းလေး ရေးထားတာဖတ်ရလို့သဘောကျမိပါတယ်။

သူရေးထားတာက **ပထမ ငှက်ပျောခိုင်မှာ ငှက်ပျောသီး(၁၀)ဖီး သီးတယ်ဆိုရင် နောက်ထပ်သီးတဲ့ ငှက်ပျောပင်မှာ (၁၀)ဖီးထိ မထားဘဲ (အရောက်မခံဘဲ)ရှစ်ဖီးမျှ အသီးထွက်ပြီးပါက ထွက်လက်စ ငှက်ပျောဖူးမှ အသီးကို နမြောမနေဘဲ အဖူးကို ဖြတ်တောက်ပစ်ပါက** အဖူးမဖြတ်ဘဲထားတဲ့ ငှက်ပျောခိုင်ထက် ပိုမိုကြီးထွားတဲ့ ငှက်ပျောသီးလုလု ရရှိနိုင်တယ်ဆိုတဲ့အကြောင်း တင်ပြထားပါ၏။


စာရေးသူ ထပ်ပြီး တင်ပြချင်တဲ့နည်းကတော့ ထိုသို့မဟုတ်။

စာရေးသူ စိုက်ပျိုးသည်က စီးပွားဖြစ် စိုက်ပျိုးသည်မဟုတ်။ စားသုံးရန်နှင့် မိမိ အိမ်နီးနားချင်းများကို ဝေခြမ်းဒါနပြုလုပ်ရန် ဖြစ်ပါ၏။

မည်သို့ပင်ဖြစ်စေ စာရေးသူအနေဖြင့် ငှက်ပျောသီး,သီးပြီဆိုမှု အဖီးလည်းများမှ အသီးလည်း ထွားမှုဆိုတဲ့ ဆန္ဒ ရှိနေပါ၏။

ငှက်ပျောဖူးထွက်ပြီးမှ ငှက်ပျောသီးပါသော အဖူးကို မခုတ်ရက်။ ငှက်ပျောဖီးထွက်သမျှကို ထား၍ အဖူးရောက်မှ ခုတ်ချပစ်ပါ၏။ ထိုအခါ ငှက်ပျောသီးအဖီးချောရန် လိုအပ်လာပါ၏။

သည်တော့ ငှက်ပျောခိုင်ထွက်သည်နှင့် တစ်ပြိုင်နက် အသီးကြီးထွားစေရန်အတွက်(အခြားသစ်ပင်များ စိုက်ပျိုးနည်းအတိုင်း) သဘာဝမြေဩဇာများ ပံ့ပေးပါ၏။



ထို့နောက် ထိုငှက်ပျောရုံအား ထွက်ဆဲ ငှက်ပျောပင်အပါအဝင် အပင်ကြီး (၃)ပင်မှ (၅)ပင်အထိသာ ထား၍ ကျန်ပင်ညှပ်များကို တူးဆွ၍ ရွှေ့ပြောင်းစိုက်ပျိုးခြင်း ဖယ်ရှားသုတ်သင်ပစ်ခြင်းတို့ ပြုလုပ်ပေးပါ၏။

အဓိပ္ပါယ်မှာ ငှက်ပျောခိုင်မှ ငှက်ပျောဖီးကို အကုန်ယူထားကြောင့် အားယုတ်၍ ငှက်ပျောသီး မချောမည်မှာ သေချာပါ၏။

ထို့ကြောင့် အဖီးကို မစွန့်ဘဲ အားမယုတ်အောင် အပင်အောက်များကို သွယ်ပိုက်၍ ခုတ်ထွင် ရှင်းလင်းပစ်ခြင်း ဖြစ်ပါ၏။

ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ငှက်ပျောခိုင်ကြီးထွားမှုကို အားပေးစေပါ၏။

**ထို့နောက် ငှက်ပျောခိုင်မရင့်မီ တစ်လခန့်အလိုတွင် ထိုငှက်ပျောပင်၏ အရွက်များကို (၅)ရွက်ထက် ပိုမထားဘဲ ခုတ်ပစ်ပါ၏။ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ငှက်ပျောခိုင်ကြီးထွားမှုကို အားပေးစေပါ၏။ နေရောင်ခြည်ကို ကောင်းစွာ ရစေပါ၏။**

ထို့အပြင် "**အရိုးပေါ် အရွက်မဖုံး**" ဆိုသည့် စကားအတိုင်း ငှက်ပျောခိုင်၏ ကြီးထွားမှု၊ ငှက်ပျောဖီး၏အလှကို အခြားသူများ မြင်စေ၍ ဝယ်လိုစိတ်၊ စားလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်စေပါ၏။

မိမိမှာလည်း မိမိစိုက်ပျိုးထားသည့် ငှက်ပျောခိုင်ကို အလှယ်တကူ ကြည့်၍ ပီတိဖြစ်စေပါ၏။

ဤသို့ စိုက်ပျိုးပါကလည်း အလှူအတန်းအတွက်ဖြစ်ဖြစ်၊ လက်ဆောင်ပေးဖို့ဖြစ်ဖြစ်၊ ရောင်းဖို့ပဲဖြစ်ဖြစ်၊ အလှပြဖို့ ဖြစ်ဖြစ်၊ စားဖို့ပဲ ဖြစ်ဖြစ် အဖီးလည်းများများ အသီးလည်း ထွားထွားနှင့် ငှက်ပျောသီး၊ ငှက်ပျောခိုင်များ ရရှိနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**ကျော်ကျော်အောင်**
**(တောင်သာမြေ)**



www.burmeseclassic.com

www.burmeseclassic.com

ရာသီပန်းပွင့်ချိန်

# အကိုက်အခဲပြေစေ

ပျောက်ချင်သော်

ကျွန်မတို့မိန်းကလေးများ ဖြစ်ရိုးဖြစ်စဥ် တစ်လတစ်ကြိမ် ရာသီပန်းပွင့်ချိန်မှာ ကိုက်ခဲတတ်သည့် ဝေဒနာကို မကြာခဏဆိုသလို ခံစားကြရပါသည်။

ကျွန်မ အသက်(၂၀)နှစ်လောက် (၁၀)တန်းအောင်ပြီး မူလတန်းပြ ဆရာမအလုပ်ဖြင့် စာပေးစာယူ သမိုင်းဘာသာဖြင့် တက်နေသောအချိန်က ဖြစ်ပါသည်။

ကျွန်မသည် တစ်လတစ်ကြိမ် ရာသီပန်းလာချိန်တွင် ကိုက်ခဲသော ဝေဒနာကို အမြဲခံစားခဲ့ရပါသည်။ ယင်းဝေဒနာကို ခံစားရသည့်အချိန်တွင် ကျောင်းမတက်နိုင်ခြင်း၊ ထမင်းစားပျက်ခြင်း၊ အိပ်ရေးဝဝ မအိပ်ရခြင်းကြောင့် ဆေးအမျိုးမျိုးကို မှီဝဲခဲ့ပါသည်။

မည်သို့ပင် ဆေးများမှီဝဲခဲ့သော်လည်း ခဏသာ သက်သာပြီး အမြစ်ပြတ်သွားခြင်း မရှိပါ။ ကျွန်မ ခန္ဓာကိုယ်လည်း ပိန်လှီသွားပါသည်။ လူတိုင်းမှ...

'ဆရာမ ပိန်လှပါလား၊ ဝ,ဆေးလေးဘာလေး စားပါဦး ဆရာမကြီးရဲ့'

စသည်ဖြင့် တွေ့သူတိုင်းမှ စေတနာဖြင့် ပြောခဲ့ကြပါသည်။

တစ်နေ့တွင် ကျွန်မအဖေမှ ဆေးတစ်မျိုးကို ဖော်စပ်ပေးပါသည်။ ယင်းဆေးကို စားသည့်နေ့မှစပြီး ကျွန်မဝေဒနာသည် သက်သာခဲ့ပါသည်။

တစ်နေ့တွင် ကျွန်မအဖေမှ ဆေးတစ်မျိုးကို ဖော်စပ်ပေးပါသည်။ ယင်းဆေးကို စားသည့်နေ့မှစပြီး ကျွန်မဝေဒနာသည် သက်သာခဲ့ပါသည်။

ဤဆေးကို ဆက်စားရာ **ယခုအသက်(၂၉)နှစ်**အတွင်း **ယင်းတစ်လတစ်ကြိမ် ခံစားခဲ့ရသည့် ရောဂါမှာ** သိသိသာသာ ပျောက်ကင်းသွားပါသည်။

ယခု ကျွန်မမှာ ကိုယ်ကာယ ဖွံ့ဖြိုးလာခြင်း၊ ထမင်း စားကောင်းခြင်း၊ အိပ်ကောင်းခြင်း၊ သွားလာလှုပ်ရှားမှု သွက်လက်လာခြင်းတို့ကြောင့် ကျွန်မ ရောဂါပျောက်ပြီဟု သိရပါသည်။

ဤဆေးကို အဖေ့ထံမှ ကူးယူပြီး ကျွန်မကဲ့သို့ ခံစားနေကြရသော စာဖတ်ပရိသတ်များအား တိုက်ဆိုင်သူများ သုံးစွဲကြပါရန် တင်ပြအပ်ပါသည်။

**ဆေးနည်းမှာ...**

| | | |
|---|---|---|
| ၁။ | ကြိတ်မှန်ရွက်ပဥ္စငါးပါးသတ္တုရည် | (၂၅)ကျပ်သား။ |
| ၂။ | ထန်းဖိုထန်းလျက် | (၁၀)ကျပ်သား။ |
| ၃။ | ရှောက်သီး | (၁၀)ကျပ်သား။ |
| ၄။ | ကြက်သွန်နီ(မြန်မာ) | (၁၀)ကျပ်သား။ |
| ၅။ | စမုန်မျိုးငါးပါး | (၁)ကျပ်သား။ |
| ၆။ | သား | အနည်းငယ် |

**ဖော်စပ်ပုံမှာ...**

(က) ကြိတ်မှန်ရွက် ပဥ္စငါးပါးကို ရေဆေးပါ။ ထုခြေပြီး သတ္တုရည် ယူပါ၊ **(၂၅)ကျပ်သား**ရပါစေ။

(ခ) ရှောက်သီး(၁၀)ကျပ်သားကို အခွံပါ၊ ပါးပါးလှီးထားပြီး ရေအနည်းငယ်နှင့် ပြုတ်ပြီး အနှစ်ရအောင် ဆန်ကာဖြင့် တိုက်ချယူပါ။

(ဂ) ကြက်သွန်နီ(မြန်မာ)ကို ပါးပါးလှီးပါ။

(ဃ) စမုန်မျိုးငါးပါး (၁)ကျပ်သားကို အမှုန့်ပြုထားပါ။

**ပထမတွင်** မြေအိုးသစ်မှာ ကြိတ်မှန်ရွက်သတ္တုရည် (၂၅)ကျပ်သား၊ ထန်းလျက်(၁၀)ကျပ်သား ထုခြေ ထည့်ပါ။ ရှောက်သီးနှစ်ထည့်ပါ။ ကြက်သွန်နီ



အစိတ်များ ထည့်ပါ။ ပြီးလျှင် မီးဖိုပေါ်တင်ပြီး မီးမှိုန်းမှိုန်းဖြင့် တည်လိုက်ပါ။ သားအနည်းငယ်လည်း ထည့်လိုက်ပါ။

အတော်ဆူပွက်လာလျှင် မွှေပေးပါ။ ရှောက်သီး+ကြက်သွန်နီများ ကြေမွသွားလျှင်၊ ရေလည်း အတော်ခန်းသွားလျှင် အောက်သို့ချပြီး စမုန်မျိုးငါးပါး အမှုန့်ကို ထည့်ပြီး မွှေပေးပါ။

အေးလျှင် ဖန်ဘူးတွင် ထည့်ပါ။ ယင်းဆေးကို **နံနက် ကော်ဖီတစ်ဇွန်း၊ ည ကော်ဖီတစ်ဇွန်း စားသုံးပါ။**

တစ်လတစ်ကြိမ် ခံစားရသော ရာသီပန်းလာချိန် ကိုက်ခဲသောဝေဒနာ ပျောက်ကင်းပါမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**(ဤဆောင်းပါးဖြင့် ဆေးဖော်ပေးသော ဖခင်ကြီးအား ကန်တော့ပါသည်။)**

**ရွှေထီး/ယဥ်မင်းထွေး**

***(BA.History)***



www.burmeseclassic.com

www.burmeseclassic.com


စာမျက်နှာ (၂၂၉)မှ အဆက်

**လက္ခဏာပဟေဠိ အဖြေများ**

**၁။ ပညာရေးမှာ တစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့ရသူ မဟုတ်ဘဲ ဘွဲ့ရပြီးဆုံးခဲ့သူ ဖြစ်ပါမည်။ ဘွဲ့တစ်ခုမက ရရှိခဲ့နိုင်သည်။**

အဘယ်ကြောင့်ဆိုသော်... ဉာဏ်လမ်းကြောင်း အားကောင်းပြီး ဉာဏ်လမ်းကြောင်းပေါ်မှာ တြိဂံငယ်များရှိခြင်း၊ ဉာဏ်လမ်းအဆုံးမှာ လမ်းခွဲရှိပြီး၊ တြိဂံကြီးပုံ ဖြစ်ပေါ်နေခြင်းတို့ကြောင့် ဖြစ်သည်။**"က"အက္ခရာ**

* * *





**၂။ အလုပ်အကိုင်မှာ သာမန် အောက်ခြေ ဝန်ထမ်းဘဝမှာသာ လုပ်ကိုင်ရမည့်သူ မဟုတ်ဘဲ၊ ရာထူးအဆင့်ဆင့်ထိ တိုးတက်ကာ အရာရှိအဆင့် ရာထူးမြင့်မားနိုင်သူ ဖြစ်ပါသည်။**

အဘယ်ကြောင့်ဆိုသော်... အသက်လမ်းကြောင်းပေါ်တွင် တိုးတက်မှုလမ်းများရှိခြင်း**"ခ"အက္ခရာ၊**

လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် ရည်မှန်းချက်လမ်းနှင့် ထိစပ်ဖြစ်ပေါ်နေသော စတုဂံပုံ သင်္ကေတရှိခြင်း **"ဂ"အက္ခရာ**တို့ကြောင့် ဖြစ်သည်။


* * *




**၃။ ယခုလတ်တလော စီစဉ်ထားသော ငယ်ချစ်ဦးနှင့် စေ့စပ် လက်ထပ်ရေးကိစ္စ အဆင်မပြေဘဲ ပျက်ပြားတတ်ပါသည်။**

အဘယ်ကြောင့်ဆိုသော်... နှလုံးလမ်းကြောင်း အဖျားတွင် ကန့်လန့် အဖျက်လမ်းတို ဖြတ်ထားခြင်း **"ဃ" အက္ခရာ**နှင့် လက်သန်းအောက် အိမ်ထောင်ရေးလမ်း နှစ်ခွကွဲပြီး ထိပ်ပိုင်းကို ထောင်လိုက်မျဉ်း ကာထားခြင်း **"င"အက္ခရာ**တို့ကြောင့် ဖြစ်ပါသည်။

* * *




**မှတ်ချက်** ။ ။ ထို လက္ခဏာရှင်မှာ ယခု အရာရှိအဆင့် မြင့်မားသော ရာထူးတွင် တာဝန်ထမ်းဆောင်နေ သော ပုဂ္ဂလိကလုပ်ငန်း ဝန်ထမ်း တစ်ဦး ဖြစ်သည်။

အချစ်ရေး၊ အိမ်ထောင်ရေး ကိစ္စ များတွင် ကံမကောင်း၊ စေ့စပ်ပျက်၊ အချစ်ဦးနှင့်မပေါင်းရ၊ အမှန်တော့ အိမ်ထောင်ပင် မကျတတ်သော အပျိုကြီးလက္ခဏာရှင် ဖြစ်ပါသည်။

သို့သော်...ဘာသာရေး ကိုင်းရှိုင်းခြင်း၊ အကျင့်ကောင်း အဓိဋ္ဌာန်ကောင်းများ စွဲမြဲလုပ်ခြင်းရှိပါက လက္ခဏာတွင်ညံ့သော သင်္ကေတ/လမ်းကြောင်းများ မှေးမှိန်ပျောက်ကွယ်၍ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းလာနိုင်ပါသည်။

*(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)*

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com



ကုက္ကိုပင်ကြီးပေါ်မှ

# ဆင်ကြီးများ

ဆရာမင်းဦးစိမ်
(ဝေဒနက္ခတ္တပညာရှင်)

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ကျွန်ုပ်တို့ မြို့ကလေးရှိ ကျွန်ုပ် နေထိုင်သော ဖေယျာဝတီရပ်ကွက် အရှေ့ဘက်အစွန် နဂုံး(နွားကုန်း)အရပ် မြို့ဦးကျောင်း အနီးတွင် အဘသာဒွန်းဦးဆိုသူ တစ်ယောက် ရှိလေသည်။

အဘသာဒွန်းဦးသည် အသက် (၆၀)ခန့်ရှိ၍ ကျန်းမာရေး ကောင်းမွန်ပြီး သန်မာ ဖျတ်လတ်မှုရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်ငယ်ငယ် (၇)နှစ်သား၊ (၈)နှစ်သားအရွယ်တွင် အဘနှင့် ခင်မင်မှုရှိပြီး အဘပြောပြသော သူ၏ အတွေ့အကြုံများ အကြောင်းအရာများမှာ စိတ်ဝင်စားဖွယ်ရာ ပုံပြင်များကဲ့သို့ နားထောင်၍ မငြီးနိုင်အောင် ရှိလှသည်။

အဘ၏ လက်စွဲတော် ခွေးသွမင်လေးကောင်နှင့် တောတွင်း တောလိုက်သွားပုံ အကြောင်းအရာများ၊ ငန်းမြွေကြီးများ၊ မြွေဟောက်ကြီးများကို ခွေးလေးကောင်နှင့် ရှူးတိုက်၍ မြွေများ၏ စရိုက် ဘယ်သန်ခြင်း၊ ညာသန်ခြင်းတို့အား လေ့လာ၍ မြွေကြီးများအား ညာသန်သောမြွေကို ဘယ်ဘက်မှ လည်းကောင်း၊ ဘယ်သန်သော မြွေကို ညာဘက်မှ လည်းကောင်း ဖျတ်ခနဲဝင် လက်နှစ်ဖက်မှ ထန်းရည်ပုလင်းနှစ်လုံးဖြင့် မြွေ၏ဦးခေါင်းကို ရိုက်၍ မြွေဖမ်းခြင်းများ **(တကယ်လည်း တစ်ခါတစ်ရံ ရရှိသော မြွေကြီးများကို ကြိုးနှင့် ချည်၍ မြေကြီးမှ တရွတ်တိုက် အိမ်အပြန် ဆွဲလာခြင်းများ တွေ့ရဖူးလေသည်။)**

ရရှိလာသော မြွေကြီးများကိုလည်း ချက်ပြုတ်၍ ထန်းရည်နှင့် အမြည်းလုပ်စားသောက်လေ့ရှိသည်။

မိုးတွင်းအခါများတွင် ဝါးထရံရက်ခြင်း၊ ကွမ်းခြင်းများ၊ ဈေးခြင်းတောင်းများ ရက်လုပ်ရောင်းချသည်။

သီတင်းဝါလကျွတ်၍ ခြောက်သွေ့သော နွေကာလတို့တွင် ကလေးကစားစရာ ပစ်တိုင်းထောင်၊ ဖိုးဝရုပ်၊ ဆင်ရုပ် စသည်တို့ ပြုလုပ်၍ အရပ်တကာ ပတ်ဝန်းကျင်ကျေးရွာများ၊ ဘုရားပွဲများ၊ ဘုန်းကြီးပျံပွဲများသို့ လှည့်လည်ရောင်းချခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။



တစ်နေ့ ကျောင်းပိတ်ရက် တစ်ရက်တွင် အဘသုဘွန်းဦးထံ သွားရောက်လည်ပတ်ခဲ့ရာ စိတ်ဝင်စားစရာ၊ ချောက်ချားဖွယ်ရာ သူ၏ အတွေ့အကြုံဖြစ်ရပ်ကို အောက်ပါအတိုင်း ပြောပြပါသည်။

* * *

ကျွန်ုပ်သည် ယမန်နေ့က လက်စမသတ်ရသေးသော ဆင်ရုပ်(၅)ရုပ်အား ဆေးများ ခြယ်သလျက်ရှိရာ ကျွန်ုပ်နှင့် တူတော်စပ်သော မကျီးကုန်းရွာမှ စံရွှေမောင်တစ်ယောက် အိမ်သို့ရောက်လာ၍ ဈေးရောင်းထွက်ကြရန်ကိစ္စ ပြောဆိုကြသည်။

'အဘ အားလုံးပြီးပြီလား'

'အေး...ပြီးပါပြီ။ ဒီကျန်တဲ့ အရုပ်တွေ ဆေးခြယ်ပြီးပြီ။ တို့ မိုးမချုပ်ခင် သွားကြတာပေါ့။ မင်း ညစာထမင်းစားခဲ့ပြီးပြီလား'

'ပြီးခဲ့ပါပြီ အဘ... အဘကောစားပြီးပြီလား'

'အေး...ငါလဲ စောစောကပဲ စားပြီး အရုပ်တွေ လက်စသတ်နေတာ'

'ဒါဖြင့် အဘခရီးစဉ် ဘယ်လိုစီစဉ်ထားသလဲ'

'တို့အခု စ,ထွက်ကြမယ်၊ **ဆာမိကုန်းရွာ** ငါ့ညီ ကျော်သာဆီ ညဝင်အိပ်ပြီး ရွှေညောင်ပင်,ဂုံတော,မိုးကောင်း လျှောက်ရောင်းမယ်ကွာ၊ အဆင်သင့်ရင်လဲ မိုးဖုံး,မြွေရှိ, ဂေါင်ငင့်ရွာတွေဘက်လှည့်ပြီး ရွာစဉ် လျှောက်ရောင်းကြမယ်ကွာ'

'ကောင်းတယ်အဘ... အစီအစဉ်ကောင်းတယ်။ အခု (၆)နာရီတောင်ခွဲနေပြီ ထွက်ကြစို့'

ဟု ဆို၍ ယူစရာများ ထည့်သိုစီစဉ်ပြီး တူအရီးနှစ်ယောက် ထွက်ခဲ့ကြသည်။ အားလုံး ဆင်ရုပ်(၂၁)ရုပ်ပါရှိ၍ လမ်းခရီးမှာ ထိုစဉ်အခါက ခြေကျင်ခရီးပင် သွားလာကြရသည်။ လမ်းတွင် လှည်းကြုံများ တွေ့ရှိပါက အကူအညီတောင်း လိုက်ပါ၍ ရသည်။

ကျွန်ုပ်တို့ တူအရီးနှစ်ယောက် စကားတပြောပြော အထမ်းကိုယ်စီထမ်း၍ ခရီးထွက်ခဲ့သည်။ ကျွန်ုပ်နေသော နေရာနှင့် ဆာမိကုန်းရွာသည် တစ်မိုင်ကျော်ကျော် ခရီးဝေးသည်။

လမ်းတွင် လှည်းကြုံလည်း မတွေ့သဖြင့် **ပြည်–မကွေး လမ်းမကြီးအတိုင်း** ခြေကျင်လျှောက်ခဲ့ကြရာ ဈေးကုန်းရပ်လွန်၍ ဘိုကုန်းရပ် အစွန်ထိပ်တွင် ဆာမိကုန်းရွာသို့ ဖြတ်လမ်းအဖြစ် နွေရာသီစပါးများ ရိတ်သိမ်းပြီးချိန် လယ်ကွင်းများမှ ဖြတ်၍ သွားကြရသည်။

ကျွန်ုပ်တို့သည် ထိုဖြတ်လမ်းမှပင် သွားရန် ရှေးရှုလျက် သွားရောက်သော ရပ်ကွက် လွန်သည်နှင့် မိုးစုတ်စုတ်ချုပ်၍ အမှောင်ထုကြီး စိုးလာတော

www.burmeseclassic.com



သည်။

လယ်ကွင်းများကို ဖြတ်ကျော်ရန် ဦးတည်လိုက်သည်နှင့် ဆာမိကုန်းရွာ မရောက်မီ လယ်ကွင်းများအတွင်း အတော် ခပ်လှမ်းလှမ်းတွင် ပွဲဈေးလိုလို ရေနံဆီမီးခွက်ကြီးများ ထွန်းလျက် လူအများ စည်စည်ကားကား လှုပ်ရှားသွားလာလျက် ရှိနေသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်... ဆိ

'စံရွှေမောင်ရေ... ဟိုးရှေ့မှာ လှမ်းကြည့်စမ်း ပွဲခင်းလား၊ ဘုန်းကြီးပျံပွဲလား တစ်ခုခုတော့ တစ်ခုခု မင်းမြင်လား'

'ဟုတ်တယ် အဘ... ပွဲဈေးခင်းနဲ့ တူတယ်။ ကျွန်တော်တို့ အဲဒီမှာ ဝင်ပြီး ရောင်းရရင် ကောင်းမယ် ထင်တယ်'

'အေး...ကောင်းသားပဲ'

ဟု ဆို၍ တူအရီးနှစ်ယောက် ဆာမိကုန်းရွာ ဦးတည်လျှောက်လျက်ရှိသော ခရီးစဉ်အား အနောက်မြောက်ဘက်တွင် လှမ်းမြင်နေရသော ပွဲခင်းလိုလိုရှိရာသို့ လျှောက်ကြတော့သည်။

အနီးရောက်သည်တွင် ပွဲခင်းတစ်ခုဖြစ်လျက် (ဘုန်းကြီးပျံပွဲဟု ထင်ရသည်။) ဈေးသည်များ ရေနံဆီမီးခွက်ကြီးများထွန်းလျက် စည်စည်ကားကား တွေ့လိုက်ရသည်။

မြောက်ဘက်နှင့် အရှေ့ဘက်ကွင်းအစပ်တွင် ဘုန်းကြီးပျံများတွင် တွေ့ရတတ်သော စံခေါင်းတင် ပြာသာဒ်တစ်ခု တွေ့ရ၍ မြေကြီးပေါ် ချထားလျက် ရှိသည်။

ထိုခေတ် ထိုအခါက ကျွန်ုပ်တို့ဒေသ ၌ ဘုန်းတော်ကြီးများ ပျံလွန်တော်မူလျှင် ပွင့်လင်းခြောက်သွေ့သော နွေအခါတွင် လယ်ကွင်းများ စပါးရိတ်ပြီးချိန်တွင် အဂ္ဂိမရျာပနကို သိုက်မြိုက် စည်ကားစွာ ကျင်းပပူဇော်လေ့ရှိကြသည်။

ထိုအခမ်းအနားကို အမှီပြုလျက် ပွဲခင်းဖြစ်လေ့ရှိသည်။ မြို့နေ လူအများသာမက ရွာနီးချုပ်စပ်ကပါ လာရောက်ပူဇော်ကြ၊ ပွဲခင်းတွင် ဝယ်ကြချမ်းကြပြုလုပ်လေ့ ရှိကြသည်။

ညဘက်ဖြစ်၍လား မသိ၊ စတုဒိသာကျွေးမွေးသောမဏ္ဍပ်များ၊ ဧည့်ခံဖျော်ဖြေသော ဆိုင်းဝိုင်း, တီးဝိုင်းများ မတွေ့ရှိရပါ။

ကျွန်ုပ်တို့ တူအရီးနှစ်ယောက် ပွဲခင်းထိပ် ရောက်ရှိကြ၍ လွတ်လပ်နေသော မြေအတန်ငယ်ညီသော နေရာတွင်ပင် ပါရှိသော အထမ်းများ ချလျက် ပွဲဈေးခင်းလိုက်ကြသည်။

ဈေးခင်းပြီး မကြာမီပင် ဈေးဝယ်သူများ တဖွဲဖွဲ ရောက်လာကြသည်။ စံရွှေမောင်မှာ ဆင်ရုပ် လက်တစ်ဖက်တွင် တစ်ရုပ်စီ ကိုင်လျက်က...

'ဆင်တစ်ကောင် တစ်မတ်နဲ့... ဆင်တစ်ကောင်ရမယ်'

ဟု နှုတ်မှ တကြော်ကြော် အော်ဟစ်ရောင်းချနေတော့သည်။

**[ထိုခေတ်က ငွေတစ်ကျပ်လျှင် ခြောက်ဆယ့်လေးပြား၊ တစ်ကျပ်လျှင် လေးမတ်၊ တစ်မတ်လျှင် နှစ်မူး၊ တစ်မူးလျှင် နှစ်ပဲ၊ တစ်ပဲလျှင် လေးပြား ဖြစ်သည်။]**

ညဉ့်နာရီပြန် သုံးချက်နီးပါးတွင် ပွဲလာပရိသတ် အတော်ကျဲသွားလျက် ရောင်းရန် ပါရှိလာသော ဆင်ရုပ်များလည်း အားလုံးကုန်သွားသည်။

တစ်ခု သတိပြုမိသည်မှာ လာရောက်ဝယ်ယူကြသော ပရိသတ်တို့သည် ငွေဒင်္ဂါးကျပ်စေ့၊ ငါးမူးစေ့ စသည်တို့ မပေးဘဲ ပိုက်ဆံကျသင့်ငွေ မတ်စေ့ အတိအကျကိုသာ ပေး၍ ဝယ်ယူကြခြင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့ တူအရီးနှစ်ယောက် ဈေးခင်းသိမ်းလျက် ဆိုင်းထမ်း ဈေးတောင်းများ တစ်လုံးအပေါ် တစ်လုံး ဆင့်လိုက်ပြီး...

'ကဲ... စံရွှေမောင်ရေ မကြာခင် မိုးလင်းတော့မှာပဲ။ တို့ ဒီမှာပဲ အချိန်စောင့်ရင်း တုံးလုံးပက်လက် အနားယူကြတာပေါ့။ မိုးလင်းမှ အိမ်ကို ပြန်ကြမယ်'

'အဘက အဘညီ ဦးသာကျော်ဆီ မသွားတော့ဘူးလား'

'တို့က ဈေးရောင်းထွက်ခဲ့တာပဲကွာ၊ ကုန်ပစ္စည်း ကုန်တော့လဲ တို့အိမ် ပြန်ကြတာပေါ့။ နောက် ခရီးကြုံမှ သွားကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုပြီး ပါလာသော တင်းတိမ်စောင်ကို ဖြန့်ခင်း၍ တူအရီး(၂)ယောက် ပက်လက်လှန်တုံးလုံး လှဲလိုက်သည်နှင့် တစ်ပြိုင်နက် ပွဲခင်းဈေးကြီးတစ်ခုလုံး ပစ္စည်းများ လူအများ မီးခွက် မီးတိုင်များ(သိမ့်)ခနဲ တစ်ချက်ဖြစ်ပြီး ဝုတ်ခနဲ ပျောက်ကွယ်ကုန်ကြလေတော့၏။

တိုင်ပင်၍ မထားဘဲ တူအရီးနှစ်ယောက် ငေါက်ခနဲ ငုတ်တုတ် ထထိုင်၍ အံ့အားသင့်လျက်ရှိပြီး စံရွှေမောင်မှာ ငယ်ရွယ်သူ ဖြစ်သည့်အလျောက် လူတစ်ကိုယ်လုံး . နတ်ပူးသကဲ့သို့ ဆတ်ဆတ်ခါ တုန်လျက် ရှိလေတော့၏။

ကျွန်ုပ်မှာမူ ရခိုင်ပြည်နယ် ရိုးမဘက်၌ ဤသို့အဖြစ်မျိုး ခပ်ဆင်ဆင် တွေ့ဖူးသဖြင့်...

'ကဲ...စံရွှေမောင်ရေ သိပ်ကြောက်မနေနဲ့ ဘကြီး ရှိတယ်။ ဒါ...တို့ကို ကျက်ပြိတ္တာတွေက လှည့်စားတာပဲ။ သူတို့က လူယောင်သူယောင် ဖန်ဆင်းတတ်တယ်။ ကျေးရွာသဏ္ဌာန်၊ အခုလို ပွဲဈေးလိုသဏ္ဌာန်တွေ ဖန်ဆင်းတတ်တယ်။

အခုနေ တို့ ခရီးဆက်သွားလို့ကလဲ မဖြစ်သေးဘူး။ အရှေ့ဘက်က ရောင်ခြည်လဲ လာတော့မယ်။ ခေတ္တစောင့်ပြီး ဒီကွင်းကနေ ပြန်ထွက်ကြတာပေါ့'

ဟု အားပေးနှစ်သိမ့်စကား ပြောပြတော့မှ စံရွှေမောင်မှာ အနည်းငယ် ကြောက်စိတ်ပြေလာပြီး...

'အဘရာ တစ်ခါမှ ကျွန်တော် ဒီလို အဖြစ်မျိုး မတွေ့ဖူးဘူး။ တကယ် ဆန်းကြယ်တာပဲနော်'

ဟု ပြန်ပြောရှာပါသည်။

အလင်းရောင်ကလေး ထွက်ပေါ်လာသည်နှင့် ကျွန်ုပ်တို့ တူအရီးနှစ်ယောက် လယ်ကွင်းတွင်းမှ ထွက်ခဲ့ကြရာ လယ်ကွင်းအစွန် ဘိုကုန်းရွာသွားသော လမ်းမကြီး မရောက်တရောက်၌ ရောမ ကုက္ကိုပင်ကြီး တစ်ပင် ရှိလေသည်။



ထိုကုက္ကိုပင်ထိပ်ဖျားတွင် တိုးလိုးတွဲလဲ အရာများ ချိတ်ထားသည်ကို အဝေးမှ လှမ်းမြင်လိုက်ကြရသဖြင့် အနီးရောက်သည်နှင့် ကုက္ကိုပင်ပေါ်သို့ တူအရီးနှစ်ယောက် ပြိုင်တူလို မော့ကြည့်မိကြရာ **ကျွန်ုပ်တို့ ညက ရောင်းချခဲ့သော ဆင်ရုပ်များ ချိတ်လျက်သား ရှိနေသည်ကို တွေ့လိုက်ရပါတော့သည်။**

ကုက္ကိုပင်ကြီးမှာ ကြီးမားသည့်အလျောက် ထိပ်ဖျားများမှာလည်း အလွန်မြင့်မားလျက်ရှိရာ တက်ရောက်ယူငင်နိုင်ခြင်း မရှိတော့သဖြင့် လာရာလမ်းသို့ ပြန်ခဲ့ကြရသည်။

'ကဲ... စံရွှေမောင်ရေ တို့ ဈေးကြီးဘက်သွားပြီး လက်ဖက်ရည်လေး၊ မုန့်ကလေးစားပြီး အဲဒီကျမှ ရောင်းရသမျှ စာရင်းရှင်းကြတာပေါ့'

ဟု ဆိုပြီး မြို့ပိုင်ရုံးအနီးရှိ ကာကာ လက်ဖက်ရည်ဆိုင်ရှိရာသို့ လျှောက်ခဲ့ကြသည်။ ထိုခေတ်က လက်ဖက်ရည်ဆိုင်လုပ်ငန်းတို့၌ ကုလား၊ တရုတ်တို့သာ ကြီးစိုးလျက်ရှိသည်။

လက်ဖက်ရည်ဆိုင် ရောက်ကြ၍ လက်ဖက်ရည် နှစ်ခွက်၊ နံပြားနှစ်ချပ်မှာပြီးလျှင် ပခုံး၌ လွယ်ထားသော လွယ်အိတ်ကို ဖြုတ်၍ လက်ဖက်ရည် စားပွဲပေါ်သို့ အသာအယာသွန် သွန်ချလိုက်ရာ ပိုက်ဆံငွေအကြွေများ ထွက် မလာဘဲ အိုးခြမ်းကွဲများ၊ အိုးခြမ်းပဲ့များသာ အပြင်ထွက်ကျလာတော့သည်။ ယမန်နေ့က အိမ်မှ အိတ်စောင့်အဖြစ် ထည့်ယူလာခဲ့သော ပိုက်ဆံကြေးပြား ခြောက်ပြားသာ ထွက်လာတော့၏။

ထိုအခါကျမှ ကျွန်ုပ်တို့တူအရီးနှစ်ယောက်မှ ငိုအားထက် ရယ်အားသန် ဖြစ်ကြရလျက် လက်ဖက်ရည် နံပြားဖိုးတောင် ပြည့်မီအောင် မပေးနိုင်ဘဲ ကျန်သောပိုက်ဆံ နောက်မှ ယူပါရန် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ဆိုင်ရှင်ကာကာ ကုလားအား ပါလာသော ပိုက်ဆံ ခြောက်ပြားပေးရင်း ပြောပြ၍ တူအရီးနှစ်ယောက် လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့ကြသည်။

နောက်ပိုင်းတွင်ကား လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကာကာနှင့်တကွ ဆိုင်ရှိလူများ၊ စားသုံးလျက် ရှိကြသူများပါ တဝါးဝါး တဟားဟား ရယ်မော ကျန်ရစ်ခဲ့ကြလေတော့သည်။

**သုခံလဘတ္တု**

**ဆရာမင်းဦးအိမ်**
**(ဝေဒနက္ခတ္တပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com



# မြတ်မုဒ္ဒေါ

အစွမ်းထက် ဂါထာတော်များနှင့် ပရလောကသားများ

ကိုဝင်းတင် (လယ်လှ)
(အ[illegible]က်မင်းလှ)

တစ္ဆေ့သရဲဟူသည်...

ယနေ့ခေတ် လူငယ်တို့သည် တစ္ဆေသရဲ စသော အပါယ် အပါယ်လေးဘုံသားတို့အား အယုံအကြည် မရှိကြပေ။ ဘယ်နေရာတွင် ဘယ်ပုံစံတွေ့ခဲ့သည်။ ဘယ်သူကတော့ ဘယ်သို့ကြီးတွေ မြင်ခဲ့ကြသည်ဟု ဆိုလျှင် မယုံကြည်တတ်ကြပေ။ လက်မခံလိုကြပေ။

အမှန်တကယ်တွင် ဤလောကကြီး၌ နာနာဘာဝ၊ တစ္ဆေ၊ သရဲ၊ သဘက်၊ ဥစ္စာစောင့် စသည်တို့သည် သူ့နေရာနှင့်သူ၊ သူ့အကုသိုလ်ကံဖြင့် ကံအကြောင်းမလှ၍ ပြိတ္တာနွယ်ဝင် တစ္ဆေသရဲအဖြစ်နှင့် ရှိနေကြပါသည်။

ဤသည်တို့ကို ခေတ်လူငယ်ဖြစ်သော ကျွန်တော်သည်လည်း ကိုယ်တိုင် မတွေ့ဘူး၊ မကြုံဘူးသောအခါက လက်ခံယုံကြည်၍ မရခဲ့ပေ။

ကျွန်တော်ကဲ့သို့ပင် ယနေ့ခေတ် လူငယ်အများစုသည် တစ္ဆေ၊ သရဲ စသော ပရလောကသားများကို အယုံ

www.burmeseclassic.com

www.burmeseclassic.com

အကြည် မရှိကြသကဲ့သို့ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ ပဋ္ဌာန်းဒေသနာတော်၊ ပရိတ်တော်တို့နှင့် ဂါထာတော်များကို ကျက်မှတ်၍ ရွတ်ဖတ်သရဇ္ဈာယ်မှုမှာ လည်း အလွန်ပင် နည်းပါးလာသည်ကို တွေ့မြင်နေကြရပါသည်။



## လက်တွေ့ကြုံတော့ စိန်ခေါ်ပြီ

တစ်နေ့တွင် သရဲလား၊ တစ္ဆေလား၊ သဘက်လား ဆိုသည်ကို ခွဲခြားမသိနိုင်သော်လည်း တကယ် လက်တွေ့ကြုံသောနေ့ကို ရောက်လာခဲ့ပါသည်။

**တွေ့ခဲ့ရပုံမှာ** အချိန်ကာလအားဖြင့် **၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ**တွင် ဖြစ်သည်။ ထိုအချိန်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ စတင် အုပ်ချုပ်သော အချိန်ဖြစ်ပါသည်။

ဤအချိန်တွင် ကျွန်တော်တို့ ဒေသမှ တောင်သူများမှာ မိုးဦးနှမ်း နုတ်ပြီး နှမ်းထောင်ထားချိန်လည်း ဖြစ်နေပါသည်။

ထိုကဲ့သို့ပင် ကျွန်တော်တို့ဒေသ၌ နှမ်းခိုးသော နှမ်းသူခိုးတောကြောင်များ မှာလည်း အုပ်စုဖွဲ့ကာ ညအခါတွင် နှမ်းထောင်များကို လိုက်လံခိုးယူလျက် လက်ခမောင်းခတ်နေကြပါသည်။

ထိုသို့သော အခြေအနေများတွင် ကျွန်တော်တို့ တောင်သူများမှာလည်း အဖော်များနှင့် နှမ်းထောင်များကို ညအိပ်စောင့်ကြရပါသည်။

ကျွန်တော်သည် နှမ်းထောင်စောင့် သွားရန်အတွက် လိုအပ်သည့် ဓား၊ လေးခွ၊ ဓာတ်မီး၊ အိပ်ရာတို့ကို ပြင်ဆင် နေချိန်တွင် ကျွန်တော်၏ဘကြီးမှာ...

'မင်း... နှမ်းထောင်စောင့် သွားမလို့လား'

'ဟုတ်ကဲ့ ဘကြီး'

'အဖော် ဘယ်သူပါသေးလဲ'

'ရတယ်ဘကြီး၊ အဖော် ဘယ်သူမှ မပါဘူး။ ကျွန်တော်တစ်ယောက်တည်း အိပ်ရဲပါတယ်။ ဟိုမှာ ယာနားနီးချင်း တွေလဲ ရှိသားပဲ'

'သူခိုးတွေကို မကြောက်ဘူးဆိုတာ၊ ဒါပေမယ့် အဲဒီယာက ဆိုးတယ်ကွ'

'ဘယ်လိုဆိုးတာလဲ ဘကြီး'

'အဲဒီယာ အဝင်က ညောင်ပင်ကြီးရယ်၊ ယာတောင်ဘက်က ညောင်ချဉ်ပင်ကြီးရယ်၊ အဲဒီအပင်ကြီးတွေဆီက သရဲခြောက် တယ်ကွ'

'ဟာ... မယုံပါဘူး ဘကြီးရာ၊ ဘကြီးက ဘယ်လိုတွေ့ခဲ့လို့လဲ'

'အေး... ငါ့တုန်းက ယာအဝင် ညောင်ပင်ကြီးပေါ်က ခေါင်းမပါတဲ့ လူကြီးက ဖောက်ထိုးကြီးဆင်းလာပြီး ယာတောင်ဘက်က ညောင်ချဉ်ပင် ကြီးပေါ်ကို ဖောက်ထိုးကြီးပဲ တက် သွားတာ။

နောက်ပြီး... ညမှာ နွားဖြူကြီး တစ်ကောင် ယာခင်းထဲ ဝင်နေလို့ သွားမောင်းတာ နွားဖြူကြီးက ကြည့်ရင်းကြည့်ရင်းနဲ့ မြင့်မြင့်လာပြီး တဖြည်းဖြည်းနဲ့ လူပေါ်ကို ကျော်လာ တာ နောက်ဆုတ်ပြီး ပြန်ပြေးခဲ့ရတယ်။ အဲဒါကြောင့် မင်းကို တစ်ယောက် တည်း မအိပ်နဲ့လို့ပြောတာ'

'အဲဒါတွေဟာ ဘကြီးတို့ခေတ်တုန်း ကပါဗျာ၊ ခုခေတ်မှာ ဒါမျိုးတွေ မရှိ တော့ပါဘူး'

'အေးပေါ့လေ... ခုခေတ်လူငယ် တော်တော်များများ ဒါမျိုးတွေကို သိပ်ပြီး မယုံချင်ကြဘူး။ ဒါပေမယ့် သတိနဲ့တော့ အိပ်ပေါ့ကွာ'

'ဟုတ်ကဲ့ ဘကြီး'

ကျွန်တော်သည် ထိုသို့ပြောပြီး လိုအပ်သည်များကို ယူ၍ ယာခင်းသို့ လာခဲ့ပါသည်။ ယာသို့ ရောက်သော အခါ တဲအောက်၌ မီးဖိုပြီး တဲပေါ်တွင် ထိုင်ကာ ညဉ့်နက်သည်အထိ ထိုင်နေ ခဲ့ပါသည်။

ညဉ့်နက်လာမှပင် အိပ်ရာထဲ ဝင်ခဲ့ ရာ မကြာမီ တဲနှင့် မလှမ်းမကမ်း ယာတဲဆီမှ စကားပြောသံသဲ့သဲ့ ကြား ရပြီး တဲဆီသို့ လှမ်းလာသော ခြေသံ များကို ကြားနေရပါသည်။

ကျွန်တော်သည် ငုတ်တုတ်ထထိုင် ကာ ဓားရှည်ကို တစ်ဖက်က ကျစ်ကျစ် ပါအောင်ဆုပ်၍ ကျန်တစ်ဖက်က ဓာတ်မီးကို ကိုင်ကာ အမှောင်ထဲမှပင် အသင့်စောင့်နေခဲ့ပါသည်။ ခြေသံမှာ တဖြည်းဖြည်း တဲနှင့်နီးလာရာ...

'ဝရုန်း...ဝရုန်း'

ဆိုသည့် ပုဆိုးအနားခတ်သံကိုပါ ကြားလာရပါသည်။ ထိုအသံများသည် တဲနှင့် နီးသထက် နီးကပ်လာပြီး တဲ အနား ရောက်လျှင်...

'ဟေ့ကောင်'

ဆိုသည့် ခေါ်သံကြားရာ ကျွန်တော် သည် ချက်ချင်းပင် လက်ထဲမှ ဓာတ်မီး ဖြင့် အသံလာရာဆီသို့ ထွန်းချလိုက် ရာမည်သည့်အရာကိုမှလည်း မမြင်ရ မည်သည့်အသံကိုမှလည်း မကြားရ တော့ဘဲ ယာကွင်းပြင်ကြီးကိုသာ တွေ့မြင်လိုက်ရပါသည်။

ထိုအချိန်ကျမှသာလျှင် ကျွန်တော် မှာ ကြက်သီးမွေးညင်းထကာ ခေါင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်များပင် ထောင်သွားသလားဟု ပင် ထင်မှတ်လိုက်ရပါသည်။ ထိုအချိန် ထိပင် မြတ်ဗုဒ္ဓ၏ ပရိတ်တော်၊ ဂါထာတော်တို့ကို သတိမရ သေးပါ။ လူငယ် ပီပီ ကြောက်စိတ် မရှိသေး။

'တွေ့ကြသေးတာပေါ့'

ဆိုသည့် မိုက်ရူးရဲဆန်သော အတွေးများ ဝင်ကာ နှုတ်မှလည်း...

'ဘိုဝင်းရယ်ကွ... ဘာကိုမှ မကြောက်လို့ တစ်ယောက်တည်း လာခဲ့တာ၊ သတ္တိရှိ ရင် အသံပြုရုံတင် မပြုနဲ့ ဒီတစ်ခါ တဲပေါ် အထိ တက်ခဲ့'

ဟု သရဲမှန်း ဘာမှန်း မသိရသေး သောအရာကို စိန်ခေါ်လိုက်မိပါသည်။

## သရဏဂုံအစွမ်းဖြင့် အသက်ချမ်းသာခဲ့ပြီ

ကျွန်တော်သည် ထိုသို့ နှုတ်မှ စိန်ခေါ်ပြီး တဲအောက်ဆင်းကာ မီးထပ် ထည့်၍ တဲပေါ်ပြန်တက်ကာ ဓာတ်မီး ကိုပင် မကိုင်တော့ပါ။

ဓားရှည်ကို လက်နှစ်ဖက်ဖြင့် ကိုင် ကာ ပရလောကသားအလာကို စောင့် ဆိုင်းနေခဲ့ပါသည်။ စိတ်ထဲမှပင်...

'ဒီတစ်ခါ ထပ်လာလို့ကတော့ မြင်ရ မမြင်ရ အသံကြားရာကို ဓားရှည်နဲ့ အခုတ်ပဲ'

ဟု စိတ်ကိုတင်းကာ အသင့်ရှိနေခဲ့ ပါသည်။ သိပ်မကြာလိုက်ပါ... တဲနှင့် လှမ်းမကမ်းဆီမှ တီးတိုးစကားပြော သံ တဲဆီသို့ လှမ်းလာသော ခြေသံ၊ ဆူညံအနားခတ်သံများကို ကြားရပြီး...

'ဘိုဝင်းဆိုတာ...မင်းလား'

ဟု ဆိုကာ ကျွန်တော်၏ကိုယ်ပေါ် သို့ ညှိသည့်အရာမှန်း မသိရသော အရာ၏ ခုန်အုပ်ခြင်းကို ခံလိုက်ရပါ သည်။

ဓားနှင့်ခုတ်နိုင်ရန် ဝေးလေစွ၊ လှုပ်ရှားချိန်ပင် မရလိုက်ပေ။ လက်ထဲမှ ဓားမှာလည်း ဘယ်ကျလို့ ကျသွား မှန်းပင် မသိလိုက်ပေ။

ကျွန်တော်သည် အားကုန်ရုန်းထပြီး ပြန်လုံးခဲ့ရာ သူတစ်ပြန် ကိုယ်တစ်ပြန် နှင့် တဲတစ်ခုလုံး ရုန်းရင်းဆန်ခတ်နှင့် လှုပ်ရှားယိမ်းထိုးနေပါသည်။

ကျွန်တော်သည် လက်သီးနှင့် ပြန်ထိုးသော်လည်း ဂွမ်းပုံကြီးကို ထိုးမိ သကဲ့သို့ ပွအိနေပြီး နောက်ဆုံးတွင် ပရလောကသား၏ ခွစီးလည်ညှစ်ခြင်း ကို ခံရပါတော့သည်။

တွန်းဖယ်သော်လည်း ယင်းကိုယ် လုံးကြီးမှာ ဖက်လည်းမရ၊ ဖယ်လည်း မရ ချောလျောလျော ဖြစ်နေပါသည်။

ရင်ဘတ်ကြီးတစ်ခုလုံး လေးလံ လာကာ အသက်ရှူ၍ပင် မဝတော့ပေ။ လူတစ်ကိုယ်လုံးမှာလည်း ချွေးတို့ဖြင့် ရွှဲနစ်နေပါသည်။ ထိုအချိန်ကျမှသာ...

'ငါ ဒီအတိုင်း ဆက်လုံးနေရင် သေတော့မှာပဲ'

ဟု တွေးမိပြီး မြတ်ဗုဒ္ဓ၏ သရဏဂုံ ကို သတိရကာ...

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ'

ဟု နှုတ်မှ သုံးကြိမ်သုံးခါ ရွတ်ဆို လိုက်မှသာလျှင် ရင်ဘတ်ပေါ်မှ လေးလံသော အရာကြီးမှာ ချက်ချင်း ပျောက်ကွယ်သွားကာ အသက်ရှူရပြီး ပြန်လည်၍ လှုပ်ရှားရလာ ပါတော့သည်။

## ပဋ္ဌာန်းဒေသနာဖြင့် စည်းတားလိုက်ပြီ

အင်မတန် သတ္တိကောင်းလှပါသည် ဆိုသော ကျွန်တော်သည် ဤအချိန်ကျ မှသာလျှင် မြတ်စွာဘုရားရှင်၏ ဂါထာ တော်၊ ပဋ္ဌာန်းတော်၊ ပရိတ်တော်တို့ ကို သတိရကာ ၂၄ပစ္စည်း ပဋ္ဌာန်း ဒေသနာတော်အား တနင်္ဂနွေထောင့်မှ စတင်ကာ ထောင့်တစ်ထောင့်လျှင် (၃)ပစ္စည်းစီကို ဟေတုပစ္စယောမှစ၍ လက်ယာရစ် ရစ်ပတ်ကာ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ... စသော ထောင့်(၈) ထောင့်ကို စည်းချလိုက်ပါသည်။

ညမှာလည်း လပြည့်ကျော်ည ဖြစ် သဖြင့် လ၏ အလင်းရောင်မှာလည်း ကြည်လင်လာကာ ပတ်ဝန်းကျင်အား ကောင်းစွာ မြင်နေရပါသည်။

ကျွန်တော်သည် ဓာတ်မီးဖြင့် အောက်ကျသွားသော ဓားရှည်ကို ပြန်ရှာပြီး မီးဖိုအား ထင်းထည့်ကာ တဲပေါ်ပြန်တက်ပြီး ငုတ်တုတ်ထိုင်နေ ခဲ့ပါသည်။

မီးဖိုမှ မီးရောင်မှာ တဖြည်းဖြည်းနှင့် လျော့နည်းလာချိန်တွင် တဲနှင့်မလှမ်း မကမ်းဆီမှ စကားပြောသံကို ကြားရ ပြန်ပါသည်။

ကျွန်တော်သည် ထိုစကား ပြောသံ ကြားရာဆီသို့ ဓာတ်မီးမထွန်းဘဲ လရောင်ဖြင့်ပင် လှမ်းကြည့်လိုက်ရာ အင်္ကျီမပါ၊ ပုဆိုးအပြာကွက်ထောင် ခေါင်းတွင် ဆံပင်က မရှိ၊ မျက်လုံးက နီနီရဲရဲ၊ ပါးကြီးများမှာ တွဲလျဲလျက် ပခုံးကို ထောက်နေသော လူကြီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

သည် တဲဆီသို့ လှမ်းလာနေသည်ကို လရောင်အောက်တွင် အတိုင်းသား မြင်တွေ့နေရပါသည်။ ထိုလူကြီးထံမှပင်...

'ဝရုန်း...ဝရုန်း'

ဟူသော ပုဆိုးအနားခတ်သံကို လည်း အတိုင်းသား ကြားနေရပါသည်။ ထိုလူကြီးမှာ တဲနှင့် နီးကပ်လာချိန်တွင် ကျွန်တော်သည် ဓားကို ကိုင်ကာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေခဲ့ရာ အသက်ရှူရန်ပင် မေ့နေခဲ့ပါသည်။

ထိုလူကြီးမှာ တဲအနီးသို့ရောက်လျှင် တဲပေါ်သို့ တက်မရသဖြင့် ကျွန်တော့်အား မျက်စောင်းတခဲခဲနှင့်ပင် တဲကို တစ်ပတ် ပတ်ကာ ယာတောင်ဘက်မှ ညောင်ချဉ်ပင်ကြီးဆီသို့ ထွက်သွား ကာ ပျောက်ကွယ်သွားခဲ့ပါသည်။

ကျွန်တော်သည် နှုတ်မှ သမ္ဗုဒ္ဓေဂါထာအား ရွတ်ဖတ်ရင်း ငုတ်တုတ်မိုးလင်းခဲ့ရပေသည်။

---

ယာ/ချောင်းအတွင်း

---

ပရလောကသားတို့ ကင်းဝေးအောင်

---

ကျွန်တော်သည် နံနက်မိုးလင်းသောအခါ စည်းချထားသော တဲအား တနင်္ဂနွေထောင့်မှ စတင်ကာ လက်ဝဲရစ် ပြန်လည်စည်းဖွင့်ပြီးလျှင် ယာခင်းအား တနင်္ဂနွေထောင့်မှ စတင်ကာ ပရိမိတ္တဇာလပရိတ်တော်အား စတင် ရွတ်ဖတ်ပါလေတော့သည်။

တနင်္ဂနွေထောင့်ပြီးလျှင် အင်္ဂါထောင့်၊ တစ်ဖန် အင်္ဂါထောင့်ပြီးလျှင် စနေထောင့်၊ စနေထောင့်မှ ရာဟုထောင့် စသော ထောင့်လေးထောင့်တွင် တစ်ထောင့်လျှင် တစ်ခေါက်စီ ရွတ်ဆိုခဲ့ပါသည်။

ထိုသို့ ရွတ်ဆိုပြီးသောအခါ တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့နှင့်တကွ မကျွတ်မလွတ်ကြသေးကုန်သော မြင်အပ် မမြင်အပ်သော ဝေနေယျသတ္တဝါအများတို့အား အမျှပေးဝေပြီး... မကျွတ်မလွတ်ကြသော ပရလောကသားတို့အား ဤအရပ် ဤယာခင်းတို့နှင့် ဝေးရာတို့ကို ပြောင်းရွှေ့နေထိုင်ကြရန် မေတ္တာရပ်ခံခဲ့ပါသည်။

**ညတောက်ဆို့ ရောက်သောအခါ အိပ်မက်ထဲ၌ ကျွန်တော်၏ ယာခင်းထဲမှ တောဝက်များမှာ ဝက်ကြီး,ဝက်ငယ် အရွယ်အစားမျိုးစုံတို့မှာ အဝေးသို့ ထွက်ပြေးနေသည်ကို မြင်မက်ခဲ့ပါသည်။**

ဤတောဝက်တို့သည် ပရလောကသားတို့နှင့် မည်သို့မည်ပုံ ဩက်ဆိုင်သည်၊ မသက်ဆိုင်သည်ကို မသိနိုင်သော်လည်း ယနေ့ထက်တိုင် ကျွန်တော် ယာခင်းထဲ၌ မည်သို့သော ခြောက်လှန့်မှုမျိုးမှ မကြုံတွေ့ရတော့ပေ။

ထို့ကြောင့် စာဖတ်ပရိသတ်တို့ အနေဖြင့် ဘေးဒုက္ခများနှင့် ကြုံတွေ့ခဲ့ရသည်ဖြစ်စေ၊ မကြုံတွေ့ရသည်ဖြစ်စေ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ ပရိတ်တော်၊ ဂါထာတော်များမှာ လောကီအကျိုး၊ လောကုတ္တရာအကျိုးများဖြစ်ထွန်းနိုင်သည်ဖြစ်၍ ယုံယုံကြည်ကြည်ဖြင့် ရွတ်ဖတ်ကြစေလိုကြောင်း စေတနာ ရှေ့ထားပြီး ရေးသားလိုက်ရပါသည်။

*သတ္တဝါအများ ကျန်းမာ ချမ်းသာကြပါစေ။*

**ကိုဝင်းတင်(လယ်လှ)**
**(အထက်မင်းလှ)**

နက္ခတ္တ
ရောင်ခြည်
မဂ္ဂဇင်း
တိုက်သို့
ဆက်သွယ်
နိုင်သော
ဖုန်းနံပါတ်
အသစ်များ...
၀၉-၇၇၆၃၄၉၇၈၅
၀၉-၉၆၈၀၀၄၁၉



www.burmeseclassic.com

www.burmeseclassic.com

အောင်ချိမ့်ကြည်
(ကြို့ပင်ကောက်)

# သိုက်နန်းဝင်ထွက်

## သက်ပြောင်းသက်ခွာ

စာရေးသူ အထက်တန်းကျောင်းသားဘဝက သင်ခဲ့ရသော ဆရာကြီး ဦးကြင်ဥ၏ **“ပဒေသာသီချင်းများ”** စာအုပ်လာ“**ဖော်ဂျီချင်း၊**”ဖော်ဂျီဂုဏ်ပြ ကိုယ်ရည်သွေးဆိုင်းဆင့်စကားမှ…

‘ရော… သည့်တစ်ခါ၊ ငါဖော်ဂျီသနစ်ကို၊ ဗိုကာဖြစ်လောင်းတော့မည်။ သက်ပြောင်းသက်ခွာ၊ ဂါထာမန္တန်၊ မှော်ပုံစုန်းနတ်၊ ဆယ့်နှစ်ရပ်ကို၊ ပတ်ပတ်နှောက်မွှေ……’

အစရှိသော စကားရပ်ကို ပြန်လည်သတိရမိသည်။

အလွန်ဆန်းပြားလှသော သဘာဝလွန် လောကီဝိဇ္ဇာပညာရပ်များတွင် သက်ပြောင်းသက်ခွာ ဟူသည် အသက်ကို ခွာထုတ်ပေးတတ်သော ပညာ၊ အသက်ကို ပြောင်းလဲပေးတတ်သော အတတ်ဟူ၍ သင်ယူမှတ်သားခဲ့ရဖူးပါသည်။

မကြာသေးမီက ရွှေတောင်မြို့နယ်၊ မြို့မအုပ်စုသို့ ခရီးသွားရင်း ထိုအုပ်စုတွင်းရှိ အနောက်ပြင်ရွာမှ မိတ်ဆွေတစ်ဦး၏ ပြောပြချက်အရ တစ်ခါက သိုက်ထဲသို့ ဝင်နိုင်ထွက်နိုင်သော အမျိုးသမီးတစ်ဦးရှိကြောင်း…

ထိုအချိန်က ယင်းအမျိုးသမီးသည် “**မြစိမ်းသိုက်**”တွင် ဝင်နိုင်ထွက်နိုင်သူဟု အများက လက်ခံထားခဲ့ကြောင်း၊ သူမ၏ ရုပ်ကလာပ်ကို စိတ်ချသော နေရာတွင်ထား၍ ဝိညာဉ်က





www.burmeseclassic.com

www.burmeseclassic.com

သိုက်ထဲဝင်ကြောင်း...

ထိုသို့ ဝိညာဉ် ထွက်သွားစဉ် ရုပ်ကလာပ်မှာ လူသေကောင်ကဲ့သို့ မလှုပ်မယှက် အသက်မရှိတော့ဘဲ ဝိညာဉ် ပြန်ကပ်မှ လူကောင်းပကာတိ ပြန်ဖြစ်လာသည်ဟု အများသိထား လက်ခံထားကြောင်းများဖြစ်သည်။

စာရေးသူ၏ မိတ်ဆွေအား သိလိုသမျှ မေးကြည့်ရာ စိတ်တိုင်းမကျ ရှိခဲ့သော်လည်း ဆက်လက် လေ့လာနိုင်ရန် လမ်းစတော့ ရခဲ့သည်။

'ယုံတာ မယုံတာကတော့ ခင်ဗျားအပိုင်းပဲ ကျွန်တော်ပြောခဲ့သမျှက အမှန်တွေချည်းပဲ။ အဲဒီအချိန်က ကျွန်တော်က တော်တော်ငယ်သေးတော့ ခရေစေ့တွင်းကျ ပြည့်စုံအောင်တော့ မပြောတတ်ဘူး။

ဂဃဏန သိချင်တယ်ဆိုရင်တော့ ခင်ဗျားတို့ ရွှေတောင်မြို့အဝင်က ဆီမီးထူးကျောင်း ဆရာတော်ကြီး ဦးဝိနယာလင်္ကာရဆီ ရောက်တဲ့အခါ လျှောက်ထားကြည့်ပေါ့။ သူလဲ မြို့မဇာတိပဲ။ အဲဒီအမျိုးသမီးကြီးနဲ့ ငယ်သူငယ်ချင်းတွေထဲမှာ သူပဲ သက်ရှိထင်ရှား ကျန်တော့တယ်လို့ ပြောကြတာပဲ'

ရုပ်ခွဲနာမ်ခွဲ သက်ပြောင်းသက်ခွာ ကိစ္စရပ်များအကြောင်း ကြားဖူးနားဝ ရှိခဲ့သော်လည်း ယခုလောက် ခြေခြေမြစ်မြစ် မကြားခဲ့ဘူးပါ။ မိတ်ဆွေဖြစ်သူ၏ စကားကြောင့် စာရေးသူ၏ စိတ်ဝင်စားမှုက ပိုမိုလာခဲ့တော့သည်။

သို့ဖြင့် စာရေးသူ ရွှေတောင်သို့ ပြန်ရောက်ပြီးနောက် နောက်တစ်ပတ်ခန့်အကြာ ဆီမီးထူးကျောင်းဆရာတော်ကြီးအား သွားရောက် ဖူးတွေ့၍ ဆရာတော်ကြီး၏ ဩဝါဒစကားများကို ခံယူပြီးနောက် မိမိ ကြားသိခဲ့ရသော သက်ပြောင်းသက်ခွာလုပ်၍ သိုက်တွင်း ဝင်ထွက်လုပ်ခဲ့သော မြို့မအနောက်ပြင်ရွာသူ ဒေါ်ခင်သိုက်အကြောင်း မိန့်နိုင်ပါရန် တောင်းပန်လျှောက်ထားခဲ့သည်။

ဆရာတော်ကြီးက ခေတ္တမျှ ငြိမ်သက်နေပြီးနောက် ငယ်ဘဝ ရှေးဟောင်းနှောင်းဖြစ်များကို စိတ်လိုလက်ရ မိန့်ကြားတော်မူသဖြင့် အောက်ဖော်ပြပါအတိုင်း ကြားသိခွင့်ရခဲ့ပါတော့သည်။

* * *

## မခင်သိုက်၏ ငယ်ဘဝ

မခင်သိုက်ကို ရွှေတောင်မြို့နယ်၊ မြို့မအုပ်စု အနောက်ပြင်ရွာ တံငါသည် ကိုထွန်းရင်နှင့် မရွှေခင်တို့မှ မွေးဖွားခဲ့သည်။ ဆင်းရဲသော မိဘနှစ်ပါးထံ အိပ်မက်ပေး၍ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ကိုထွန်းရင်နှင့် မရွှေခင်တို့ သမီးကလေး မွေးဖွားပြီးချိန်မှစ၍ တံငါလုပ်ငန်း အဆင်မပြေ စီးပွားကျဆင်းလာခဲ့ပြီးနောက် စားရေးနေရေး အကျပ်အတည်း ဖြစ်လာခဲ့သည်။

တစ်ညတွင် ကိုထွန်းရင် အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲတွင် နန်းဆန်ဆန် ဝတ်စားထားသော မိန်းကလေးတစ်ဦးက...

'မနက်စောစော လှေဆိပ်ကို ဆင်းတဲ့အခါ လှေချည်တိုင်ငုတ်ကို သတိထား နှိုက်ကြည့်ပါ။ အထဲမှာ အထုပ်တစ်ခုရှိတယ်။ အဲဒီအထုပ် ယူပြီးရင် လှေကလေးကို ကြိုးဖြုတ်မြစ်ထဲမျှောလိုက်ပါ။ နောက် တံငါအလုပ်ကို အပြီး စွန့်လွှတ်ပြီး အကုသိုလ်နည်းသော ကိုင်းကျွန်း ထူထောင်စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုပါ'

ဟု မှာကာ အိပ်မက်မှ နိုးထခဲ့သည်။ နောက်နေ့ နံနက် အိပ်မက်ထဲကအတိုင်း ရတနာပစ္စည်းအချို့ ရရှိပြီးနောက်တံငါအလုပ်ကို စွန့်၍ ကိုင်းကျွန်းမြေဝယ်ယူကာ သီးနှံစိုက်ပျိုးခြင်းဖြင့် အသက်မွေးခဲ့သည်။

မခင်သိုက် ငါးနှစ်သမီးခန့်တွင် ကိုထွန်းရင် ကိုင်းထွန်ယက်ရင်း မြေကြီးထဲမှ **ရွှေမန်ကျည်းတောင့် တစ်ခုနှင့် ပုတီးကုံးကလေးတစ်ကုံး ရပြန်သဖြင့်** စီးပွားတိုးတက်ကာ အိမ်ကောင်းကောင်းဆောက် အလှူအတန်းပင် ပြုနိုင်ခဲ့သည်။

ရွာတွင် သိမ်ငယ်သော တံငါသည်ဘဝမှ တိုးတက်၍ လူတန်းစေ့ နေနိုင်လာခဲ့သည်။ မခင်သိုက်က ငယ်ရွယ်စဉ်ကပင် ယဉ်ကျေးသိမ်မွေ့၍ အလွန် ဘုရား,တရား ကြည်ညိုကာ ရှုချစ်လူခင်များခဲ့သည်။

သူမ၏ အိမ်နီးနားချင်း ကစားဖော်ကစားဘက်များမှာ ဘုတ်ထုံမ၊ မိခင်နှောင်း၊ ဖိုဒီလုံးနှင့် ဝင်းမောင်တို့ဖြစ်သည်။

ဤလေးယောက်နှင့် ညီအစ်မ မောင်နှမရင်းချာများပမာ အတူနေ အတူစား အတူကစားရင်း မူလတန်းကျောင်းသားဘဝမှ အပျိုလူပျိုပေါက်များဖြစ်သည့်တိုင် တစ်မိဝမ်းတွင်း မောင်နှမညီအစ်မများပမာ ချစ်ခင်ရင်းနှီး သံယောဇဉ်ကြီးခဲ့ကြသည်။

တစ်နေ့ ဝင်းမောင်က မြစ်ကမ်းပါးတွင် ပြေးလွှားဆော့ကစားကြပြီး ထိုင်နားကြစဉ် ခင်သိုက်ကို အကြံပေး စကားတစ်ခု ပြောလိုက်သည်။

'ခင်သိုက်ရယ်...နင်က သိုက်ထဲက လာသူဆိုတော့ နင့်မိကတွေကို ရွှေတွေ ငွေတွေ အများကြီးပေးရင် ကောင်းမှာပဲ'

'အေး... ဟုတ်တယ်ဟ၊ ဒါမှ နင့်အဖေ,အမေတွေ ချမ်းသာပြီး မော်တော်ကြီးဝယ်ရင် ငါတို့တစ်တွေ လဲ လိုက်စီးလို့ရမှာ'

ဘုတ်ထုံမက ဝင်းမောင်စကားကို ထောက်ခံပေးလိုက်သည်။ ခင်သိုက်





www.burmeseclassic.com

www.burmeseclassic.com

ခဏစဉ်းစားနေပြီးမှ သူတို့ကို ရှင်းပြခဲ့သည်။

'ငါလဲ ပေးတော့ပေးပါတယ်ဟာ၊ ဒါပေမယ့် သူဌေးဖြစ်အောင်တော့ မပေးနိုင်ဘူး။ သိုက်ထဲမှာ ရွှေငွေရတနာတွေ အများကြီး ရှိပေမယ့် အဲဒါတွေက ဘုရားတည်ဖို့ ပစ္စည်းတွေဟ၊ ပေးချင်တိုင်းပေးလို့ မရဘူး။

အေး...ဒါပေမယ့် တချို့ ဥစ္စာစောင့် သိုက်ငယ်ကလေးတွေက



အစောင့်တွေ ကျွတ်လွတ်သွားတဲ့အခါ အဲဒီ ပစ္စည်းတွေက ရတနာရှိရာ ရတနာလာ ဆိုသလို ငါတို့ စောင့်နေရတဲ့ သိုက်ကြီးထဲကို လာပြီးစုကြတယ်ဟ။

ပေးချင်ရင် အဲဒီပစ္စည်းတွေထဲက တချို့ကိုပဲ ပေးလို့ရတယ်။ ဒါတောင် သိုက်ချုပ်ဘိုးဘိုး ဆီက ခွင့်ပြုချက်ရမှ ပေးနိုင်တယ်'

'ဒါဆို နင်တို့သိုက်က အကြီးကြီး ပေါ့နော်၊ အစောင့်တွေက အများကြီး လား'

ဖိုးဒီလုံး စကားဆုံးလျှင် ခင်သိုက် က...

'အေး... ဟုတ်တယ်လေ၊ အများကြီးပဲ။ ဒါပေမယ့် သိုက်ချုပ်ဘိုးဘိုးက ရတနာတွေ ကို နေရာခွဲထားသလို သိုက်စောင့်တွေ၊ သိုက်နန်းရှင်တွေကိုလဲ သူ့အစုနဲ့ သူခွဲပြီး တာဝန်ပေးထားတာ ဖိုးဒီလုံးရဲ့။

ငါတို့အစုမှာ ငါရယ်၊ ငါ့အစ်မတော်နဲ့ အစ်ကိုတော်ရယ်၊ သိုက်စောင့်ဘီလူးကြီး ပွကြီး ရယ် လေးဦးရှိတယ်လေ'

* * *

မူလတန်းကျောင်းက ထွက်လျှင် ခင်သိုက်တို့ သူငယ်ချင်းတစ်စု ခါတိုင်း ဆုံစည်းဖြစ်ကြတော့။ လယ်ထဲ၊ ကိုင်းထဲ၊မြစ်ထဲတွင် ငါးရှာ၊ဖားရှာ ဆော့ကစားမှုများ၊ အိမ်မှုကိစ္စများ ဝိုင်းကူ ရင်း အချိန်ကုန်ခဲ့ကြရသည်။

ဝင်းမောင်တစ်ယောက်သာ ရွာဦး ကျောင်းဆရာတော်ထံ၌ လောကဝတ္တရာစာများဆက်၍ သင်ယူနေသည်။ သို့ဖြင့် ခင်သိုက်တို့ အပျို၊လူပျိုများ ဖြစ်လာ ခဲ့ကြသည်။

အရင်ကလို အမြဲမဟုတ်သော် လည်း သူငယ်ချင်းတစ်စု မကြာမကြာ တော့ ဆုံဖြစ်ကြသည်။ ဆုံမိကြတိုင်း ငယ်စဉ်ကလို နောက်ကြပြောင်ကြ ထွေးလုံးသတ်ပုတ် ဆူညံကြသဖြင့် ပျော်ရွှင်ခဲ့ကြသည်။

နှစ်တို့ကုန်၍ အိမ်ထောင်သည်ဘဝ ရောက်ကြသောအခါ ဝင်းမောင် တစ်ယောက်မှလွဲ၍ အသီးသီး အိမ်ထောင်ကျကာ တစ်ရွာတည်းမှာ ပင် အတူနေခဲ့ကြသည်။

ခင်သိုက်တစ်ယောက် မကြာ မကြာဆိုသလို အိမ်မှ ပျောက်သွား တတ်၍ အရီးလေး ရွှေခင်ကို မေးကြည့် ရာမှ အခြေအနေမှန်ကို သူတို့ သိခွင့် ရခဲ့သည်။

**သူမ ပျောက်သွားတိုင်း ရှင်ကလာပ် ကြီးက အိမ်မှာနေခဲ့ပြီး နာမ်ထွက်သွား ကြောင်း အရီးလေးက ပြောပြခဲ့သော် လည်း သူတို့ မယုံခဲ့ကြပါ။**

ကိုလူမောင်က လူရိုးလူအေး တစ်ယောက်ဖြစ်ပြီး ဇနီးသည် အပေါ် အလွန် နားလည်ခွင့်လွှတ်တတ်ဖြစ်၍ ခင်သိုက် စိတ်တိုင်းကျ သိုက်ထဲသို့ ဝင်ထွက်ခွင့် ပြုထားသူ ဖြစ်သည်ဟု တော့ ပြောကြသည်။

ခင်သိုက်တို့ သားကလေး တစ်ယောက် မွေးလာသောအခါ တစ်အိမ်သားလုံးက သည်းသည်းလှုပ် မျှ ချစ်ကြသလို သူငယ်ချင်းများက လည်း ဝိုင်းအုံ ချစ်ကြသည်။

ခင်သိုက်၏သားလေး အခါလယ် ကျော်လောက်က ဝင်းမောင်တို့ သူငယ် ချင်းများ ဆုံမိကြပြီး ခင်သိုက်တို့အိမ် သို့ တစ်ခေါက် လှူစုံတက်စုံသွားရင်း ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို ကိုယ်တွေ့ ကြုံခဲ့ကြတော့သည်။

'ဗျို့...အရီးလေးရွှေခင် နေကောင်း ရဲ့လား။ ကျုပ်တို့ အလည်လာတယ် ဘာကျွေးမှာလဲ'

ဝင်းမောင်တို့အဖွဲ့ အိမ်ပေါ်တက်၍ ညှော်ခန်းမှာ ထိုင်ကြသည်။

ခင်သိုက်၏ မိခင်ဖြစ်သူ ဒေါ်ရွှေခင် က မြေးချီရင်း ဆီးကြိုလိုက်သည်။ ဖိုးဒီလုံးက ခင်သိုက်ကို မမြင်မိသဖြင့်...

'အရီးလေး ခင်သိုက်တစ်ယောက် မရှိဘူးလား'

ဒေါ်ရွှေခင်၏ ပဟေဠိဆန်သော အဖြေကြောင့် ဝင်းမောင်က ကြောင် တက်တက် ဖြစ်နေရာမှ မကျေမနပ် လေသံဖြင့်...

'ဟင်...အရီးရွှေခင်ကလဲဗျာ၊ ဘယ့် နှယ် ရှိတယ် မရှိဘူးလို့ဘဲ'

'ဟဲ့ကောင်လေး... ငါက ရှိလို့ ရှိတယ် ပြောတာပေါ့။ မရှိဘူးဆိုတာလဲ မရှိလို့ မရှိ ကြောင်း ပြောတာပေါ့ဟယ်'

"ဗျာ"ဝင်းမောင် စိတ်ပျက်သွားမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အရီးလေးရွှေခင်က ငိုမဲ့ငိုမဲ့ဖြစ်နေသော မြေးကလေးကို ချီထားရင်း ခင်သိုက်တို့ ခန်းစည်းကန့်လန့်ကာကို အသာဆွဲဖယ်၍...

'ရှိတယ် ဆိုတာက ဟောဒီမှာဟေ့ နင်တို့သူငယ်ချင်း...ဒါပေမယ့် သွားမနှိုးနဲ့ သူ့ကို နင်တို့ အခုစကားပြောလို့ မရဘူး။ သူ တကယ်မရှိဘူး'

ဘုတ်ထုံမနှင့် ခင်နှောင်းတို့ ပြိုင်တူ ထရပ်လိုက်ရင်း အရီးလေးရွှေခင်အနီးသို့ ရောက်သွားကာ အိပ်ခန်းထဲသို့ လှမ်းကြည့်လိုက်သည်။

အိပ်ရာကို အသေအချာခင်း၍ အိပ်ရာပေါ်တွင် ဝတ်ကောင်းစားလှ ဝတ်ကာ နံ့သာလိမ်း ပန်းပန်၍ စန့်စန့် တောင့်တောင့်ကြီး ပက်လက် အနေအထားဖြင့် ငြိမ်သက်နေသော ခင်သိုက်ကို တွေ့လိုက်ရတော့သည်။

တမင်ညစ်၍ အိပ်နေသည်အထင်ဖြင့် ဘုတ်ထုံမနှင့်ခင်နှောင်းက အိပ်ခန်းထဲသို့ လှမ်းဝင်ရန် ဟန်ပြင်လိုက်သော်လည်း အရီးလေးရွှေခင်က အခန်းဝမှ ပိတ်၍ ရပ်လိုက်ရင်း မျက်နှာခပ်တည်တည်ဖြင့်...

'ဟဲ့ ဟာမလေးတွေ... ညည်းတို့ ဝင်မနှိုးကြနဲ့၊ မရဘူး။ သူ့ကို စကားပြောလို့ မရသလို သူကလဲ ညည်းတို့ကို ဘာစကားမှ ပြန်မပြောနိုင်ဘူးဟဲ့။ အခု သူက သူ့သိုက်ထဲ ခဏပြန်သွားတယ်။ သူ့ဝိညာဉ်က လောလောဆယ်တော့ သိုက်ထဲရောက်နေတယ်။ ဟောဟိုမှာ ရှိနေတာက သူ့ရုပ်ချည်းပဲ'

အရီးလေးရွှေခင် စကားဆုံးလျှင် ဖိုးဒီလုံးနှင့် ဝင်းမောင်တို့ တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ကြည့်၍ မဲ့ပြုံး ပြုံးလိုက်မိကြသည်။ သူတို့ အယုံအကြည် မရှိကြ။

'ဟာဗျာ... အရီးလေးကလဲ မဟုတ်



က ဟုတ်ကတွေ လျှောက်ပြောပြန်ပြီ။ နှိုးလိုက်ပါဗျ။ ဟေ့... ခင်သိုက် တော်တော်အပျင်းကြီးတဲ့ အိပ်ပုတ်ကြီး ထတော့လေ'

ဖိုးဒီလုံးက ခင်သိုက်တစ်ယောက် သူတို့လာမှန်း သိလျက်သားနှင့် တမင် ရွဲ့၍ အိပ်ချင်ယောင်ဆောင်နေသည် အထင်ဖြင့် အသံခပ်ကျယ်ကျယ်ဖြင့် အော်၍ နှိုးလိုက်ရာ ကလေးငယ် လန့်၍ အော်ငိုပါတော့သည်။

ဘွားအေဖြစ်သူက ချော့မော့သော်လည်း မတိတ်ဘဲ တဝါးဝါးသာ အော်၍ ငိုတော့သည်။ အရီးလေးရွှေခင် စိတ်တိုသွားသည်။

'ဟေ့...မိခင်သိုက် ညည်းကလေးက မနေတော့ဘူးဟဲ့။ ကိစ္စပြီးကြရင်လဲ မြန်မြန် ပြန်ခဲ့တော့ဟယ်'

'ရအောင်နှိုးလိုက်စမ်းပါ အရီးလေးရာ၊ အသံကုန်အောင် လျှောက်အော်မနေစမ်းပါနဲ့'

ဘုတ်ထုံမ စကားမဆုံးမီမှာပင် တအားအော်ငိုနေသော ကလေးက အငိုရပ်၍ အိပ်ခန်းဘက်ကြည့်ရင်း ပြုံးရွှင်လာသဖြင့် အားလုံး အံ့အားသင့်နေကြစဉ် အရီးလေးက...

'ဟော... သူရောက်လာတော့မယ်၊ ခဏလေးပဲ စောင့်ကြ'

ဖိုးဒီလုံးနှင့် ဝင်းမောင်က နောက်တစ်ကြိမ် မထိတထိ မျက်နှာဖြင့် ပြုံးမိပြန်တော့သည်။

ထိုစဉ် အိပ်ခန်းထဲမှ လှုပ်လှုပ်ရှားရှား အသံကြားရပြီး ခင်သိုက် ပြေးထွက်လာကာ သူငယ်ချင်းများကို ပြုံး၍ နှုတ်ဆက်ရင်း မိခင်ကြီးလက်မှ သားငယ်ကို ပြေး၍ ပွေ့ပိုက်နမ်းရှုံ့ပြီးမှ သူငယ်ချင်းများအနီး ဝင်ထိုင်ကာ အားပါးတရ နှုတ်ဆက်စကား ပြောတော့သည်။

'နင်တို့ ရောက်နေကြတာ ငါသိပါတယ်ဟာ၊ သိုက်ထဲမှာကလဲ အရေးကြီးကိစ္စလေး ရှိလို့ နည်းနည်းကြာသွားတယ် သူငယ်ချင်းတို့ရာ'

'ဟေ...'

'ဟဲ့...သိုက်ရှူးမ ဘာလဲ နင်တမင်တကာ အိပ်ချင်ယောင်ဆောင်နေတာ မဟုတ်လား၊ မသိရင် ခက်မယ်နော်၊ တို့က လူစုံတုန်း နင့်ကို သတိရလွန်းလို့ လာကြတာ။ နေပါဦး... နင်က ဘယ်သိုက် ဘယ်နန်းက ပြန်လာတယ် ပြောဦးမလို့လဲ၊ အရီးလေးတို့ ကိုလူမောင်တို့ကိုသာ နင် လိမ့်လို့ ရမယ် ငါတို့ကတော့ လုံးဝ မယုံဘူး ကြားလား'

သားငယ်ကို နို့တိုက်ချော့မော့သိပ်နေသော ခင်သိုက်က ပြုံး၍ ဝင်းမောင် ဒေါသဖြစ်နေပုံကို ကြည့်ကာ မခံချိမခံ သာ ပြောလိုက်သည်။

'ဟဲ့ဝင်းမောင်... နင်ကတော့လေ ငယ်ငယ်ကအတိုင်းပဲ။ လူနဲ့ဒေါသနဲ့ တစ်လုံးပဲ နင်မယုံရင် ခဏစောင့် ငါသားလေး သွားသိပ်လိုက်ဦးမယ်'

ကလေးသိပ်အပြီး ခင်သိုက်က ဘုတ်ထုံမနှင့် ခင်နှောင်းတို့ကြား တိုးဝင်ထိုင်ရင်း နှစ်ဦးစလုံး၏ လည်ပင်းကို ငယ်ငယ်တုန်းကကဲ့သို့ တအား

●



www.burmeseclassic.com

www.burmeseclassic.com

ဆွဲဖက်လိုက်သည်။

ပြီးမှ သူမ၏ ဇာတ်ကြောင်းစုံလင်ကို ပြောပြလိုက်သည်။ ဤတွင် ဝင်းမောင်နှင့် ဖိုးဒီလုံးတို့က ခွက်ထိုးခွက်လှန် ရယ်မောလှောင်ပြောင်ရင်း ခင်သိုက်အား လက်ညှိုးထိုး၍...

'ဟဲ့...အရူးမ...သိုက်ရူးမ၊ နင် ဘာပြောပြော တို့ကတော့ မယုံ'

ဟုပြောလိုက်သည်။ အရီးလေးရွှေခင်က ဝိုင်းကူပြောသည်။

'ကဲ... သမီးရေ နှင့်သူငယ်ချင်းတွေက အမေ့စကားလဲ မယုံ၊ သမီးစကားကိုလဲ မယုံနဲ့ ဘယ့်နှယ်လုပ်ကြမတုံး'

ခင်သိုက်က တစ်ချက်ပြုံးလိုက်သည်။ သူမ အပြန်တွင် အဖော်အဖြစ် သိုက်ချုပ်ဘိုးဘိုးက ထည့်ပေးလိုက်သော သိုက်စောင့်ဘီလူးကြီး ပွကြီး မပြန်သေးဘဲ အိမ်နောက်ဘက်က ကုက္ကိုပင်ကြီးမှာ ရှိနေသေးကြောင်း သိသဖြင့် ဝင်းမောင်နှင့် ဖိုးဒီလုံးကို မှတ်လောက်ရုံ ပညာပေးရန် စိတ်ကူးမိတော့သည်။

'ငါတကယ်ပဲ ခုမှ သိုက်ထဲက ပြန်လာတာပါဟ။ ငါ့ကို လိုက်ပို့ပေးတဲ့ သိုက်စောင့်ဘီလူးပွကြီးတောင် မပြန်သေးဘူး။ နင်တို့ ပွကြီးနဲ့ နပန်းလုံးရဲ့လား ငါခေါ်လိုက်မယ်လေ'

ခင်သိုက်စကား ကြားရသော ဝင်းမောင်နှင့် ဖိုးဒီလုံးတို့က အလွန်ဟာသမြောက်သော ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို နှစ်ယောက်သားပြိုင်တူအော်၍ ခွက်ထိုးခွက်လှန် ရယ်လိုက်ကြပြီးနောက်...

'လုပ်စမ်းပါ၊ လုပ်လိုက်စမ်းပါ၊ ကဲ... ဘယ်မှာလဲ သိုက်စောင့်ဘီလူးပွကြီး ထွက်ခဲ့'

ဖိုးဒီလုံးနှင့်ဝင်းမောင် ပြိုင်တူ ထရပ်၍ ပုဆိုးခါးပုံစ ပြင်ဝတ်လိုက်ကာ မချိ



မချဉ် မျက်နှာပေးများဖြင့် သိုက်စောင့်ဘီလူးပွကြီးကို ပွဲတောင်းစိန်ခေါ်ကာ အသင့်ရပ်နေလိုက်ကြသည်။

ခင်သိုက်က ခဏငြိမ်သက်နေပြီးမှ သိုက်စောင့်ဘီလူးပွကြီးအား မနောဖြင့် ခေါ်ယူလိုက်ရင်း သူငယ်ချင်းတွေဖြစ်၍ မှတ်လောက်သားလောက်ရုံ နပန်းလုံးရုံသာ လုပ်ရန် အမိန့်ပေးလိုက်သည်။

စကားဆုံးသည်နှင့် ခင်သိုက် တစ်ကိုယ်လုံး မသိမသာ လှုပ်ရှားလာသည်။ နဂိုဖြူဖွေ့သော အသားများ နီရဲလာကာ မျက်နှာက မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် တင်းမာလျက် အံကြိတ်သံကြီး ထွက်လာကာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်၏။

ခါးပေါ်တွင် တင်းမာစွာ ဆုပ်ထားသော လက်သီးများထောက်၍ ဒူးများကြွကာ ခြေကလည်း သိုင်းကွက်နင်းသကဲ့သို့ နင်းလျက် တိုက်ပွဲဝင်သတ်ပုတ်မည့်ဟန်ဖြင့် ဝင်းမောင်တို့နှစ်ယောက်အား မျက်ထောင့်နီနီဖြင့် ကြည့်နေတော့သည်။

ဘုတ်ထုံမနှင့် ခင်နှောင်းက လွတ်ရာရွှေ့ထိုင်ကာ ထိတ်ထိတ်ပျာပျာဖြစ်နေကြသည်။ ဝင်းမောင်နှင့် ဖိုးဒီလုံး အခက်ကြုံနေကြသည်။ ဝင်းမောင်တို့က ခင်သိုက်အပေါ် ညာတာစိတ်ရင်းဖြင့် ငယ်စဉ်ကကဲ့သို့လည်း နပန်းမလုံးချင်ကြ။ ကလေးငယ်ငယ်နှင့် မတော်တဆ ထိခိုက်နာကျင်သွားက မကောင်း။

ဒီကိစ္စ ကိုလူမောင် တွေ့လျှင်လည်း စိတ်မကောင်း ဖြစ်မည်ဟု အသီးသီး တွေး၍ နှစ်ယောက်လုံး ငေးကြောင်နေမိသည်။ အရီးလေးရွှေခင်က အော်၍ သတိပေးလိုက်မှ သတိဝင်လာခဲ့ကြသည်။

'ဟဲ့...ဝင်းမောင် ပြေးဝင်လုံးတော့လေ ဘာရပ်ကြည့်နေတာလဲ'

ဖိုးဒီလုံးက ချီတုံချတုံဖြင့် နောက်ဘက် ခြေလှမ်းဆုတ်သွားသည်။

ဝင်းမောင်စိတ်ထဲတွင် "သိုက်ရူးမတော့ ငါပြေးလုံးလိုက်ရင် ချက်ချင်း ပစ်ကျသွားတော့မှာပဲ"ဟု တွေးရင်း သနားနေမိသည်။ ခင်သိုက်က ခြေဖနောင့် ဆောင့်ကာ ဆောင့်ကာ ရှေ့တဖြည်းဖြည်း တိုးလာနေသည်။

'ဟဲ့ကောင် ဝင်လုံးတော့လေ ဘာလုပ်နေတာလဲ'

အရီးလေး အသံနေ အသံထားက သူ့ကို လှောင်ပြောင်နေသကဲ့သို့ ရှိသဖြင့် ဝင်းမောင် စိတ်တိုသွားကာ ဘာညာ မစဉ်းစားတော့ဘဲ ခင်သိုက် ထံ ပြေးဝင်၍ အတင်းလုံးတော့သည်။

အရီးလေးရွှေခင်ကလွဲ၍ ကျန်သောလူများက ခင်သိုက်တော့ မရှုမလှခံရတော့မည်ဟု တွေးကာ မျက်လုံးများ မှိတ်ထားလိုက်ကြသည်။

'ဝုန်း...အား...အား... အောင်မယ်လေး ဗျ...ရှူးတယ်...ရှူးတယ်'

ထင်မှတ်မထားသော မြင်ကွင်းကြောင့် ဘုတ်ထုံမတို့ ကြက်သေ သေနေကြသည်။ အံ့ဩလွန်း၍ ပါးစပ်အဟောင်းသားဖြစ်ကာ စကားတစ်လုံးမျှပင် ပြော၍ မထွက်တော့။ ဝင်းမောင်



www.burmeseclassic.com

www.burmeseclassic.com

ဖင်ရွှေ့ဖင်ရွှေ့ လုပ်ရင်းက နောက်ဆုတ်ကာ ခင်သိုက်ကို တအံ့တသြ ကြည့်နေမိသည်။

ထိုစဉ် ဖိုးဒီလုံးက ဝင်းမောင်ကို မကျေမနပ်ဖြစ်ကာ ရှေ့လှမ်းတက်လိုက်သည်။ ပါးစပ်မှလည်း "အတော် အသုံးမကျတဲ့အကောင်"ဟု ရွတ်ချလိုက်သည်။

ရုတ်တရက် လျင်မြန်သောအရှိန်၊ မကျေနပ်သော ဒေါသစိတ်ဖြင့် အထင်သေးစိတ်တို့ လှုံ့ဆော်လျက် ဘီလူးဟန်ခင်းနေသော ခင်သိုက်အား ခုန်အုပ်လိုက်ရာ...

'ဟိတ်... ဝုန်း... အား... စူး... စူးတယ်၊ အား...အား...'

ဖိုးဒီလုံးကိုယ်ကြီး လေထဲ မြောက်တက်လွင့်စင်၍ အဝေးသို့ လွင့်ကျကာ မျက်စိပျက် မျက်နှာပျက်ဖြစ်၍ ခေါင်းထဲ မိုက်ခနဲ ဖြစ်ကာ ခဏမေ့သွားသည်။

ကြည့်နေသူများ ဟယ်ခနဲ ဟာခနဲ ဖြစ်ကြ၍ ကြောင်စီစီ ဖြစ်နေကြစဉ် ခင်သိုက် လူစိတ်ပြန်ဝင် သတိထားလျက် ဖိုးဒီလုံးကို ပြေးပွေ့ထူရင်း အရီးလေး ရွှေခင်ထံ ရေတစ်ခွက် လှမ်းတောင်းလိုက်သည်။

မူးဝေနေသော ဖိုးဒီလုံးကို ရေတိုက်လိုက်မှ သတိပြန်ဝင်ကာ"အင်း...အဲ... ကျွတ်...ကျွတ်..."ဟူသော စုတ်သတ်သံများ ထွက်ပေါ်လာတော့သည်။

'ဟဲ့...ဝင်းမောင် နင်ကော ဘယ်လိုနေသေးလဲ'

ခင်သိုက်က စိုးရိမ်မကာင်း မေးလိုက်သည်။ ဖိုးဒီလုံးကလည်း သက်သာပြီဖြစ်ကြောင်းပြော၍ လူးလဲ ထလိုက်သည်။

သူတို့နှစ်ဦး ပြောပြချက်အရ ခံရချက်များက ထပ်တူဖြစ်သည်။ ပြေးဝင်လုံးလိုက်ချိန်တွင် လျှပ်စစ်ကျဉ်စက်



ထိသလို ခံစားလိုက်ရပြီး ခင်သိုက်ကိုယ်တစ်ခုလုံးတွင်လည်း အပ်များပေါက်နေသလို စူး၍ အလွန်အားကြီးသော လေလှိုင်းလုံးကြီးတစ်ခုက သူ့တစ်ကိုယ်လုံးအား အရှိန်ပြင်းစွာ ဆောင့်တွန်းလိုက်သလို လေထဲမြောက်တက် လွင့်စဉ်၍ ပုံပျက်ပန်းပျက် ပစ်ကျသွားကြောင်း၊ ယခုထက်ထိ ရင်ထဲ ကတုန်ကယင်ဖြစ်၍ ပူထူနေကြောင်းနှင့် မည်သို့ စဉ်းစား၍မျှ မရကြောင်း ပြောပြသည်။

'ခင်သိုက်ရယ်... နင့်ကိုယ်တစ်ခုလုံး ဆူးတောင်တွေခြုံပြီး အုရင်းသီးကြီး ပြေးဖက်မိသလိုမျိုး စူးလိုက်တာဟာ ခုထက်ထိတောင် ပူထူနေတုန်းပဲဟ'

ထိုအခါမှ ခင်သိုက်က သေချာစွာ ရှင်းပြရာ သူငယ်ချင်းအားလုံးက ငြိမ်သက်လျက် နားထောင်နေကြသည်။

ပွဲကြီးဆိုသော သိုက်စောင့်ဘီလူးကြီးသည် သိုက်ချုပ်ဘိုးတော်၏ လက်ရုံးကြီးဖြစ်ကြောင်း၊ သူတို့ သိုက်နန်းကြီးကို စောင့်နေသော ဘီလူးကြီးလေးကောင်ရှိ၍ ပွဲကြီးက အကြီးဆုံး သိဒ္ဓိအမြင့်ဆုံးဖြစ်ကြောင်း...

သာမန်လူတို့ အရပ်ထက် နှစ်ဆခန့် မြင့်၍ သူ၏ ခန္ဓာကိုယ်တွင် တစ်ထွာကျော်ရှည်သော အမွေးကြမ်းကြီးများ အုပ်လျက်ရှိပြီး ထိုအမွေးများမှာ စေးထန်းမာကျောရုံမျှမက မီးခြစ်ဆံချောင်းပမာဏကြီး၍ အပ်ကဲ့သို့ အဖျားချွန်ထက်သော အမွေးကြီးများဖြစ်ကြောင်း...

လက်နှစ်သစ်ခန့် ရှည်သော ခြေသည်း၊ လက်သည်းများနှင့် ကွမ်းသီးလုံးပမာဏရှိ ဟင်္သပဒါးကဲ့သို့ နီးစွေးသော မျက်လုံးကြီးများအပြင် တစ်မိုက်ခန့် ရှည်ထွက်နေသော တုတ်ခိုင်သန်မာသည့် အစွယ်ကြီးများ ရှိကြောင်း ပြောပြကာ သူမ၏ကိုယ်တွင် ပွဲကြီးက ဝင်ရောက်ဝိညာဉ်ပူးကပ်သဖြင့် ယခုလို သဘာဝလွန်အင်အားများ ထွက်လာကြောင်း ပြောပြခဲ့သည်။

"ပြောမယုံ ကြုံဖူးမှသိ" ဆိုသလို ဝင်းမောင်နှင့် ဖိုးဒီလုံး ခင်သိုက်အပေါ် နားလည်သွားကြသည်။

စိတ်မကောင်းစရာ တစ်ခုမှာ ခင်သိုက် သူ့ဘဝ ဖြစ်ကြောင်းကုန်စင် ပြောပြရာတွင် နောက်ဆုံး ပြောလိုက်သော စကားတစ်ခွန်းကြောင့် သူငယ်ချင်းများ စိတ်မကောင်း ဖြစ်ရသည်။

'ငါက သားလေးရှင်ပြုပြီးရင် သိုက်ထဲ ပြန်ရတော့မှာ။ အစ်မတော်ဘုရားနဲ့ အစ်ကိုတော်ဘုရားတို့က ခုတစ်ပတ် သိုက်ထဲ ပြန်တုန်းက အမိန့်ချလိုက်ပြီဟ'

ခင်သိုက်တို့ စကားဝိုင်းကောင်းနေစဉ် ကိုလှမောင် ကိုင်းထဲမှ ပြောင်းဖူးထမ်းကြီးထမ်းကာ ပြန်ရောက်လာခဲ့သည်။ အားလုံးနှင့် ခင်မင်ရင်းစွဲရှိသော ကိုလှမောင်က ပြောင်းဖူးပြုတ်၊ ပြောင်းဖူးဖုတ်များ စားပြီးမှ ပြန်ရ... ဟု ပြောသဖြင့် ကျေနပ်အောင် ...ပြီး... သူတို့ သူငယ်ချင်းများ ...ခဲ့ ပြန်ခဲ့

စာမျက်နှာ (၂၄၈) သို့

www.burmeseclassic.com

ကျွန်ုပ် တွေ့ကြုံခဲ့ဖူးသော

# ဘိုးတော်ကြူ

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ဘိုးတော်ကြူသည်ကား **ကျွန်ုပ်ထက် အသက်(၃)နှစ်မျှ ကြီးပါသည်။** ကျွန်ုပ်၏အစ်မဖြစ်သူ ဒေါ်ခင်မြင့်နှင့် ဘိုးတော်ကြူတို့မှာ အလွန်ရင်းနှီးကျွမ်းဝင်သော ငယ်သူငယ်ချင်းများ ဖြစ်ကြလေ၏။

ရွှေဘိုမြို့ ပျဉ်ဈေးရပ်ကွက်တွင် တစ်ရပ်ကွက်တည်း နေထိုင်ကြ၍ အစ်မကြီး၏ ရောင်းရင်းများနှင့်လည်း ပျော်ရွှင်စွာ ဝိုင်းဖွဲ့စကားပြောလေ့ရှိကြပါသည်။

အစ်မကြီးမှာ ဘိုးတော်ကြူထက် တစ်နှစ်ကျော်ကျော် ငယ်ရွယ်ပါသော်လည်း ဘိုးတော်ကြူအား နင်နဲ့ငါနဲ့ဟူ၍သာ ပြောဆိုလေ့ရှိပြီး **"ဟဲ့...အေးကြူ ငါ့ ဗေဒင်ဟောစမ်း"**ဟူ၍ နေ့တိုင်းလိုလို မေးပါသည်။ ဘိုးတော်ကြူကလည်း အလွန်စိတ်ရှည်စွာ ဟောလေ့ရှိလေ၏။

ဗေဒင်မေးတိုင်းမှာပင် ဘိုးတော်ကြူက...

'နင် ဘယ်တော့မှ ယောကျ်ားရမှာ မဟုတ်ဘူး။ ကျန်းမာရေးကောင်းကောင်းနဲ့ အသက်ရှည်မယ်'

ဟု ပြောလေ၏။

တောင်တောင်အီအီ ဟောပြီးသောအခါ အစ်မကြီးဒေါ်ခင်မြင့်ကျွေးသော ဓာကလေးငှက်ပျောသီးတစ်လုံးကို စားပါသည်။

ဘိုးတော်ကြူက တစ်လုံးတစ်လေမျှ စားပြီး ကျန်သမျှကို ကျွန်ုပ်ကသာ အားလုံးစားရသောကြောင့် ဘိုးတော်ကြူကို အလွန်ခင်မင်ခဲ့ရလေသည်။

ဘိုးကြူ ငှက်ပျောသီးစားပုံမှာ ငှက်ပျောသီးကို အခွံခွာပြီး အဖျားဘက်မှ ...၍ အရင်းဘက်မှ စားလေ့ရှိပါသည်။ ...ကလည်း သူစားသကဲ့သို့ အစု...



...ခိုး၍ စားသောကြောင့် ယနေ့တိုင် စားကျင့်ဖြစ်နေလေ၏။

အစ်မကြီး ဒေါ်ခင်မြင့်မှာ ယခုအခါ (၇၈)နှစ်ရှိနေပြီဖြစ်သော်လည်း ဘိုးကြူ ဗေဒင်ဟောထားသည့်အတိုင်း အပျိုကြီးဘဝနှင့် ကျန်းမာလျက် ရှိနေဆဲပါ။ ဘိုးတော်ကြူ ယနေ့အထိ ရှိနေပါမူ အသက်(၈၀)ပြည့် ရှိနေပေလိမ့်မည်။

နောင်အခါ၌ စစ်ကိုင်းမြို့နယ်ရှိ နတ်ကတော်များ၏ အားကိုးရာ ဦးစီးဖြစ်လာသောကြောင့် ဖောင်တော်ပုံ စေတီတော်တွင် နေထိုင်ခဲ့လေ၏။ ဖောင်တော်ပုံစေတီ ပရိဝုဏ်အတွင်း နတ်ကနားပွဲကြီးများ ခြိမ့်ခြိမ့်သဲ မပြတ်အောင် ကျင်းပလေတော့သည်။

ဖောင်တော်ပုံ စေတီတော်မှာလည်း အလှူရှင်များ၊ ဘုရားဖူးများဖြင့် အမြဲစည်ကားနေလေ၏။ အထူးသဖြင့် တရုတ်အမျိုးသားများက ကုလားမျိုးနွယ် ဘိုးတော်ကြူအား များစွာ အားထား ယုံကြည်ကြပါသည်။

ဘိုးကြူကလည်း ဖောင်တော်ပုံ စေတီအား ပူဇော်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အာရုံခံများ ဆောက်လုပ်ခြင်း ပြုလုပ်လေ့ရှိပါသည်။

ဘိုးတော်ကြူမှာ ရက္ခစိုးကျင့်စဉ်လည်း အောင်မြင်ထားခြင်းကြောင့် သူသွားလေရာ လမ်းခရီး၌ ငွေ၊ မိုး၊ ဆောင်း ရာသီအလိုက် အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်၊ အိုးခွက် ပန်းကန်၊ ဓာတ်ဘူးနှင့် ငွေစက္ကူများကို ကြဲဖြန့်ပေးလေ့ရှိပါသည်။

အထုပ်ကြီး အထုပ်ငယ်များကို မမြင်

ရဘဲ ဆွဲထုတ်ပေးခြင်းမှာ အံ့စရာပင် ဖြစ်လေသည်။

ဘိုးတော်ကြူ၏ ထူးခြားချက်မှာ အောင်ဘာလေထီဆုကြီးများ ခဏ တိုင်း ပေါက်ပါသည်။ လများမကြာဘဲ ပေါက်သလောက် အလှူအတန်းမှာ လည်း ရက်ရောလှပါသည်။

ဖောင်တော်ပဲ့စေတီတော်တွင် နှစ် ပေါင်းများစွာ နေထိုင်စဉ်အတွင်း အသက်သတ်လွတ်စားသုံးခြင်း၊ အရပ် မျက်နှာများအားလုံးသို့ မေတ္တာပို့ခြင်း များ မပြတ်အားထုတ်ခြင်း ပြုပါသည်။

နရွဲသီးခန့်ကြီးသော ရွှေသား (၁၀၈)လုံး ပုတီးကြီးဖြင့် အမြဲလိုလို စိပ်နေလေ၏။

ဖောင်တော်ပဲ့စေတီတော်တွင် ခုနစ် ရက်သားသမီးများအား ပဲ့ပြင်ဆုံးမ ခြင်း၊ လိုရာခရီးအတွက် ဖြည့်ဆည်း ခြင်းတို့ဖြင့် ဖောင်တော်ပဲ့စေတီတော် ၏ အမည်နာမတော်အတိုင်း နိမိတ် ဆောင်ကာ သာသနာပြုနေလေ၏။

နောင်အခါ၌ သက်နှ်းစည်းပြီး သာသနာကိစ္စများ ဆောင်ရွက်လေရာ မုခ်ဦး၊ တရုတ်နဂါးရုပ်ကြီးများ၊ အာရုံခံ အဆောက်အအုံများ၊ အောင်တံခွန် တိုင်များ၊ အရံအတားများစွာ ပြုလုပ် ၍ စေတီယင်္ဂဏဝတ်ကို ကျေပွန်ခဲ့လေ သည်။

စေတီတော်ကြီး၏ ဗျူပွတ်နှင့် နည်းတူ ဘိုးတော်ကြူသည် ပိုမို၍ အောင်မြင်ခဲ့ချိန်မှာပင် **အမရပူရမြို့ ရတနာဂူသို့** ပြောင်းရွှေ့သွားလေတော့ သည်။ ယနေ့တိုင် ကျွန်ုပ်နှင့် မဆုံရ တော့ပါ။

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

**စာမျက်နှာ (၂၄၆)မှ အဆက်**

သည်။

နောက်ပိုင်း ဝင်းမောင်တို့ ယခုကဲ့သို့ လူစုံအောင် မဆုံစည်းကြတော့ပါ။ ဝင်းမောင်က ဆရာတော်ကြီးကျောင်းမှာပင် ကိုရင်ဝတ်၍ စာဝါတက်ခဲ့သည်။ ရွာကျောင်းမှာပင်မြို့မဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းဘောင်တက်ခဲ့သည်။

ထိုမှတစ်ဆင့် မြို့မကျောင်းဆရာတော်ကြီး၏ အစီအစဉ်ဖြင့် မန္တလေး၊ ရန်ကုန်၊ အမရပူရ စာသင်တိုက်များတွင် လောကုတ္တရာ စာပေကျမ်းခန်းများ လေ့လာရင်း **ဝိနယာလင်္ကာရ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရကာ ပရိယတ္တိ ပရိပတ္တိအလုပ် များဖြင့်** နှစ်တို့ ကြာလာခဲ့သည်။ ရွာကိုတော့ သိပ်မရောက်ဖြစ်တော့ပါ။

နောက်ပိုင်း ကြားရသည်မှာ ခင်သိုက်တစ်ယောက် သားရှင်ပြုပြီး မကြာခင် ရုတ်တရက် သေဆုံးခဲ့ကြောင်း၊ ခင်သိုက်၏ မိဘနှစ်ပါးမှာ သူမအရင် ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ကိုလှမောင်တို့ သားအဖက မြစ်အနောက် ဘက်ကမ်းကိုလှမောင်၏ ဆွေမျိုးများရှိရာ ညောင်ကျိုးနယ်ဘက် ပြောင်းရွှေ့နေထိုင် ကြသည်ဟု သိရကြောင်း ဆရာတော်က နောက်ကြောင်းပြန်ပြောပြခဲ့သည်။

တစ်ချိန်က **အနောက်ပြင်ရွာမှ ခင်သိုက်၏ သူငယ်ချင်း ဝင်းမောင်ယခု ဆီမီးထွန်းဆရာတော် ဘဒ္ဒန္တ ဝိနယာလင်္ကာရ ဘုန်းတော်ကြီး**က စာရေးသူအား သူ၏ ငယ်ဘဝ ကြုံတွေ့ခဲ့ရသော သိုက်နန်းသူ မခင်သိုက် ဘဝဇာတ်ကြောင်း များကို မိန့်ကြားပြီး နောက် ထိုမိသားစုများ ရောက်ရာဘုံဘဝတွင်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သကာ နိဂုံးချုပ်ခဲ့သည်။

ထိုအခါမှပင် စာရေးသူ ရင်တွင်း၌ လိပ်ခဲတင်းတင်း ဖြစ်နေမိသော **သက် ပြောင်းသက်စွာ ဂန္ဓာရီပညာရပ်၏ သဘာဝလွန် အစွမ်းသိဒ္ဓိများနှင့် ပတ် သက်သော ပဟေဠိသည်လည်း** အဖြေရှိပြီ ဖြစ်ပါ၍ စာရှုသူတို့အား တစ်ဆင့် ရေးသားဖော်ပြလိုက်ပါသည်။ လောကီပညာ ဗဟုသုတများ တိုးပွားနိုင်ကြပါစေ ဟု...။

**အောင်ချစ်ကြည်** ***(ကြို့ပင်ကောက်)***


စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)၊ ၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။
၀၉-၇၇၆၃၄၉၇၈၅၊ ၀၉-၉၆၈၈၀၄၃၁

www.burmeseclassic.com



သွန်းနေနီ

# အိမ်မှာ ဘွားဘွားရှိနေတယ်

ကျွန်မတို့ မောင်နှမခုနစ်ယောက်ထဲက အစ်မအကြီးဆုံး မသန်းသန်းခင် အိမ်ထောင်ကျသွားသောအခါ အစ်ကိုမရှိသော ကျွန်မတို့အဖို့ အစ်ကိုကြီးတစ်ယောက်ကို အလိုလိုရလိုက်သည်။ သူက မြို့နယ်ဆေးရုံကြီးက ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်၍ ကျန်းမာရေးနှင့်ပတ်သက်လျှင် သူ့ကို အားကိုးကြရသည်။

ကိုထွန်းမင်းက နှုတ်ရေးကြွယ်ပြီး ဗဟုသုတလည်း လေ့လာလိုက်စားသူတစ်ဦးဖြစ်ရာ၊ သူတို့လင်မယား ဖေဖေမေမေတို့ဆီ အကြောင်းအားလျော်စွာရောက်လာတိုင်း ကျွန်မတို့အတွက် မသိဘူး၊ မကြားဘူးသော အကြောင်းအရာများစွာကို သိခွင့်ရသဖြင့် သူတို့ရောက်လာလျှင် လုပ်လက်စအလုပ်တွေ၊ ကျောင်းစာတွေကို ဘေးချပြီး လူကြီးတွေ၏ စကားဝိုင်းထဲ ကျွန်မတို့မောင်နှမ ဝင်စပ်စုမြဲဖြစ်သည်။

တစ်ခါတလေ အချင်းချင်းစကားပြောလျှင် "ငါသာ တတ်သည်" ဆိုသည့်သဘောဖြင့် လေလုံးထွားတတ်သော်လည်း အမှန်တော့ ခဲအိုကြီးက စကားပြောကောင်းသူ တစ်ယောက်ဖြစ်တော့ သူ့အပြောကို ကျွန်မတို့ မရိုးနိုင်ကြပါ။

ထို့ကြောင့်ပင် ထင်သည်။ သူ့တွင် အပေါင်းအသင်းများသလို လူမှုရေးကိစ္စလည်း များပြားသည်။ သူနှင့် အတွဲဆုံး သူငယ်ချင်းလေးယောက် ရှိသည်။ သူတို့ကတော့ ကိုသန်းထွေး၊ ကိုသန်းရွှေ၊ ကိုမောင်လေးနှင့် ကိုကိုကြီးတို့ဖြစ်ပြီး ခဲအိုကလွဲရင် အားလုံးက လူပျိုသိုးတွေချည်းသာ။ ကျွန်မတို့ အိမ်ကိုလာလျှင် တစ်ခါတလေ ထိုသူငယ်

www.burmeseclassic.com

ချင်းလေးယောက်ကိုပါ ခေါ်လာလေ့ရှိသည်။

တစ်နေ့တော့ မမကြီးတို့လင်မယားနှင့် သူငယ်ချင်းတစ်သိုက် ထုံးစံအတိုင်း ကျွန်မတို့အိမ်ကို တစ်စုတစ်ဝေးကြီး ရောက်လာကြပါသည်။

ကျွန်မတို့လည်း သူတို့အတွက် လက်ဖက်သုပ်၊ ချင်းသုပ်၊ ရေနွေးကြမ်းတို့ကို အလိုက်တသိ ချပေးရင်း စကားသံတွေကို ကိုယ့်အလုပ်ကို လုပ်နေရင်းက နားစွင့်လျက်သား ရှိနေပါသည်။

သူတို့အုပ်စု မေမေတို့နှင့် ရောက်တတ်ရာရာ ပြောဆိုနေကြရင်းမှ ကိုထွန်းမင်းက ကိုသန်းထွေးကို ကြည့်ပြီး အမှတ်တမဲ့ မေးလိုက်သည်။

'ဟေ့ကောင်သန်းထွေး...မင်းတို့အမွေဆိုင် အိမ်ကြီးကို ဘယ်လိုလုပ်ဖို့ စိတ်ကူးထားလဲ၊ ဟို...ခြောက်တယ်ဆိုတဲ့ကိစ္စကလဲ သတင်းကြီးနေတယ်နော်။ ဝယ်မယ့်သူတွေကတော့ သေချာစုံစမ်းနေပြီ ကြားရတယ်'

ဒီလို မေးလိုက်သံလဲကြားရော ကျွန်မတို့တွေလည်း ရေးလက်စ၊ ဖတ်လက်စ စာတွေမှာ တစ်ခါတည်း အောက်တိုမစ်တစ် ရပ်သွားပြီး မျက်လုံးပိုင်းလေးတွေဖြင့် မေမေတို့ရှိရာကို စူးစမ်းလိုက်ကြလေသည်။

ကိုသန်းထွေးကတော့ သူ့ဝသီအတိုင်း စားလက်စ ချင်းသုပ်ကို အေးဆေးစွာ လက်စသတ်လိုက်ပြီးမှ ခပ်ပြုံးပြုံးဖြင့်...

'အလုပ်ဖြစ်သွားမှာပါ ထွန်းမင်းရာ၊ လူတွေက ဒီလိုပဲ မလိုတမာ လျှောက်ပြောနေကြတာပါ။ ရက်လည် ဆွမ်းသွတ်တဲ့နေ့ကတည်းက ပရိတ်ရွတ်ပြီးသားကို ဘာဖြစ်စရာရှိသေးလို့လဲ မဟုတ်ဘူးလားကွာ'

'ဟုတ်ပါတယ် ငါတို့အားလုံးလဲ အဲဒီမှာ တောက်လျှောက်ရှိနေတာပဲလေ၊ ဒါပေမယ့် ဒီသတင်းက မဟုတ်တဲ့ပေါ်လာမှာ မဟုတ်ဘူးနော်၊ ဒါကိုလဲ စဉ်းစားဦး'

'ဟာ...ထွန်းမင်းပြောတာ ဟုတ်မယ်ထင်တယ်၊ ခုမှ ငါသတိရတယ်။ ပြီးခဲ့တဲ့လက ငါတို့ မီးကင်းကျခဲ့တယ်။ ညဉ့်နက်လာလေလေ အချမ်းပိုလာလေလေမို့ မီးလှုံဖို့ ထင်းလိုက်ရှာကြတာ၊ အဲဒါ တင်ဝင်းနဲ့ သိန်းအောင်က သန်းထွေးတို့ အဘွားခြံထဲမှာ ထင်းတွေ ဒီအတိုင်း ထားထားတာ တွေ့ထားလို့ ဆိုပြီး ထင်းသယ်သွားကြတယ်။

အဲဒီအချိန်မှာကွာ မမျှော်လင့်ဘဲ အိမ်ကြီးပေါ်က ချောင်းဆိုးသံကြီး ထွက်လာလို့ ဆိုပြီး တစ်ချိုးတည်း ထွက်ပြေးလာခဲ့ကြတာ ကင်းတဲရောက်တော့ ငါ့မှာ ရပ်ကွက်လူကြီးတွေ ပြေးခေါ်ပြီး ဒီကောင်တွေကို မနည်း နှာနှပ်ယူလိုက်ရတယ်ကွ'

'ဟင်...ဟုတ်လား အဲဒါ ငါတို့ကို ဘာလို့ စောစောက မပြောလဲ သန်းရွှေရာ'

'ငါလဲ ရုတ်တရက် ခရီးထွက်စရာ ကြုံသွားလို့ မေ့သွားတာ၊ ခု ထွန်းမင်း စကားနဲ့ စပ်တော့မှပဲ သတိရသွားတော့တယ်'

'အဲဒါလဲ တစ်ဆင့်စကားပဲလေ၊ ငါတော့ မယုံသေးဘူး။ အဲဒီအနီး တစ်ဝိုက်က အိမ်တွေမှာလဲ အဘွားအိုတွေရှိကြတာပဲ၊ ချောင်းဆိုးသံက လေသင့်ပြီး အိမ်ကြီးပေါ်က ဆိုးတာလို့ ထင်သွားတာ ဖြစ်မှာပေါ့'

ထိုစဉ် ကိုမောင်လေးကလည်း ဝင်ပြီး ကိုသန်းထွန်းကို ထောက်ခံလိုက်ပြန်သည်။

'ငါလဲ မဖြစ်နိုင်ဘူးလို့ ထင်တယ်ကွာ'

'တကယ်တော့ သန်းထွေးလဲ ရက်လည် ဆွမ်းသွတ်ပြီးတဲ့ နောက်နေ့ကစ နယ်ကို ဆင်းသွားလိုက်တာ ခုမှပဲ ပြန်ရောက်တာကိုး ဘွားဘွားရှိစဉ်တုန်းကလဲ အဲဒီအိမ်ကြီးမှာ တစ်ယောက်တည်းပဲ နေလာခဲ့တယ်၊ သူမရှိတော့တဲ့ အချိန်ကစပြီးတော့ လုံးဝ လူသူ မရောက်တော့တာလဲ နှစ်ချို့ ကြာခဲ့တာဆိုတော့ ခုလိုတွေ ဖြစ်လာခဲ့တာနဲ့ တူပါရဲ့ ငါ့အထင်ပြောရရင် ဒီအတိုင်းကြီးတော့ ဆက်မထားသင့်ဘူးနော်'

အလွန် စကားနည်းသော ကိုကိုကြီးကပါ နှိုင်းနှိုင်းချင့်ချင့်နှင့် ဝင်ဆွေးနွေးလိုက်ပြီဆိုတော့ အားလုံးမှာ တွေဝေသွားတော့သည်။

သူတို့အဖြစ်ကို အသာ အကဲခတ်နေရင်း ဖေဖေမှာ မနေသာတော့သလို ချောင်းတစ်ချက် ဟန့်လိုက်ရင်းက ဝင်ပြောလိုက်သည်။

'ဒီလိုကွ...တကယ်တော့ လူဆိုတာ စွဲလမ်းမှုဆိုတဲ့ ဥပါဒါန်ကို ဖြတ်နိုင်သူက ရှားတယ်။ စွဲလမ်းမှုကြောင့်ပဲ ဘဝဖြစ်လာရတယ်လို့ ဘုရားဟောခဲ့တယ်မဟုတ်လား။ နေရာတစ်ခုထဲမှာ နှစ်ကာလ အကြာကြီးနေခဲ့ရသူတွေဟာ အဲဒီနေရာကို စွဲလမ်းသွားတာမျိုး ဖြစ်တတ်တယ်။

ဒီလို နေအိမ်အဆောက်အအုံ၊ ရွှေငွေ၊ လူနှင့်တိရစ္ဆာန်၊ ဒါတွေကို စွဲလမ်းလွန်းတာကြောင့် နာနာဘာဝဆိုတာတွေ ဖြစ်လာခဲ့ကြရတာပါပဲ၊ လူ အယောက်တစ်ရာသေလို့ တစ်ယောက် ကျွတ်လွတ်သွားဖို့ မလွယ်ဘူးလို့ တရားတော်မှာ နာကြားခဲ့ဖူးတယ်ကွယ်၊ ဒါကြောင့် မင်းတို့တစ်တွေ ခုလို အငြင်းပွားမနေကြဘဲ လက်တွေ့ကျကျ လေ့လာသုံးသပ်ကြည့်ဦးမှပေါ့၊ ပြီးမှ အကောင်းဆုံး ဖြစ်အောင် စီစဉ်ကြတာ သဘာဝကျပါတယ်ကွယ်'

အဲဒီနောက်မှာတော့ အများပြောနေသည့်အတိုင်း ဟုတ်မဟုတ်ကို ကာယကံရှင် ကိုသန်းထွေးကိုပင် အဲဒီအိမ်ကြီးမှာ မနက်ဖြန်ည သွားအိပ်ပြီး စူးစမ်းလေ့လာဖို့နဲ့ အဖော်အဖြစ်





www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းရွှေက လိုက်ပါပေးဖို့ သဘောတူ ဆုံးဖြတ်လိုက်ကြတာကို ကျွန်မတို့ အဖို့ စိတ်လှုပ်ရှားဖွယ် ကြားသိလိုက်ရသည်။

ဘာများ ဖြစ်လာဦးလဲ ဆိုသော အတွေးများဖြင့် မနက်ဖြန်၊ သဘက်ခါဆိုသည့် ရက်ကို မြန်မြန် ရောက်လာစေချင်လှတော့သည်။

ဒီလိုနှင့်ပဲ ကျွန်မတို့ မျှော်နေသည့် အချိန်ကို ရောက်လာပါပြီ။ ကျောင်းစာတွေအတွက်ရော ညသည်ကို ညခံဖို့ ကိုပါ ကြိုတင်စီစဉ်စရာရှိတာ စီစဉ်ပြီး မေမေကိုလည်း ဒီတစ်ခါတော့ သမီးတို့ကို ဝင်နားထောင်ခွင့်ပြုဖို့ အတန်တန် ခွင့်တောင်းထားရသည်။

မကြာပါ။ ညခန်းထဲက တိုင်ကပ်နာရီမှ ည(၈)နာရီ ထိုးလိုက်သံကြား၍ အပြီးမှာတော့ ကိုထွန်းမင်းတို့ တစ်သိုက် ဆိုင်ကယ်ကိုယ်စီဖြင့် ရောက်ရှိလာကြပါပြီ။ ခါတိုင်းလို အချင်းချင်း ငြင်းခုံတာတွေ သိပ်မရှိတော့ဘဲ ခပ်အေးအေးပုံစံတွေနှင့် မေမေတို့ကိုနှုတ်ဆက်ကာ ဆက်တီတွင် အသီးသီး ဝင်ထိုင်လိုက်ကြပါသည်။

ဖေဖေကတော့ ဖတ်လက်စ တရားစာအုပ်ကို အသာချ၍ စာကြည့်မျက်မှန်ကို ချွတ်လိုက်ကာ သူတို့ကိုနှုတ်ဆက်လိုက်သည်။

'ဘယ်လိုလဲ ငါ့တူတို့ အဖြေရှာတွေ့ခဲ့ကြလား'

ဒီလိုမေးလိုက်တော့ ကိုသန်းထွေးက မချိပြုံးကလေး ပြုံးပြရင်း...

'တွေ့ခဲ့ပါပြီဦးရယ်... တိတိကျကျကို ကျွန်တော်တို့ သိခဲ့ရပါပြီ။ ဒီလိုပါဦးနဲ့ ဒေါ်ဒေါ်ရေ...'

ဟု အစချီကာ မနေ့ညက တွေ့ခဲ့ကြုံခဲ့ရသမျှတွေကို ကာယကံရှင်ဖြစ်သည့် ကိုသန်းထွေးက ပြောလိုက်၊ အဖော်လိုက်ပေးခဲ့သည့် ကိုသန်းရွှေက ဖြည့်စွက်ပြောလိုက်ဖြင့် နားထောင်နေရသူတို့အဖို့ အသည်းတထိတ်ထိတ်၊ ရင်တဖိုဖို ဖြစ်ခဲ့ရသည့် **"အိမ်မှာ ဘွားဘွားရှိနေသေးကြောင်း"** နာနာဘာဝဇာတ်လမ်းကို ပြန်လည်ပြောပြရမည်ဆိုပါလျှင်...

သူတို့နှစ်ယောက် ထိုအိမ်ကြီးဆီ ရောက်တော့ ည(၁၀)နာရီ ထိုးနေပြီ။ လရောင်ကတော့ မလင်းတလင်းနှင့်မို့ ဓာတ်မီးကိုယ်စီနှင့် ခြံတံခါးကို တွန်းဖွင့်လိုက်သည်။ မြို့တွင်းရပ်ကွက်တစ်ခုပင်ဖြစ်သော်လည်း ခြံဝင်းကိုယ်စီနှင့် နေကြသည့် လမ်းတစ်လမ်းဖြစ်၍ လူသူအသွားအလာ သိပ်မရှိဘဲ တိတ်ဆိတ်နေသည်ကပင် အသည်းအေးစရာ ဖြစ်နေမလား မသိပါ။

ဘွားဘွား၏ခြံက ကေဝက်နီးပါးကျယ်ပြီး အိမ်ကတော့ ရေနံချေး အဝသုတ်ထားသော ခြေတံရှည် ပျဉ်ထောင်အိမ်ကြီးဖြစ်၍ ခြံ၏ နောက်ဘက်ကျကျတွင် ဆောက်ထားသည်။

လှေကားပေါ်တက်လိုက်တော့ လူမနေတာ ကြာလှပြီဖြစ်သောကြောင့် တကျွိကျွိပင် အသံမြည်သွားသည်။ စေ့ရုံ စေ့ထားသော လှေကားအဖုံးကို မဖွင့်ပြီး အိမ်ပေါ်ရောက်သွားတော့ ပါလာသည့် ဓာတ်မီးတွေနှင့် ဟိုဟိုဒီဒီ ထိုးကြည့်မိသည်။

လျှပ်စစ်မီးမရှိ။ ညခံကြီးထဲမှာ ကြိမ်ဆက်တီတစ်စုံ၊ ရောမဗီရိုကြီးများနှင့် ကိုယ်လုံးပေါ်မှန်အပြည့်ထည့်ထားသော ရှေးဗီရိုများက ညခန်းထဲမှာ နေရာယူထားကြသည်။

နံရံပေါ်မှာ ဓာတ်ပုံတွေကို ချိတ်ထားပြီး ဘွားဘွား အပျိုအရွယ်တုန်းက ရိုက်ထားဟန်တူသည့် ဓာတ်ပုံကြီးတစ်ပုံ အပါအဝင် ဖြစ်သည်။ ဘုရားစင်မှာတော့ မြဘုရားတစ်ဆူကို ဖူးတွေ့ရပေမယ့် ပြုပြင်သူမရှိ၍ ပင့်ကူအိမ်များဖြင့် ညစ်ပတ်ရှုပ်ထွေးနေသည်။

ခြေတင်ပါသည့် ရှေးလက်ရာ သစ်သား ကုလားထိုင်ကြီးတစ်လုံးကိုတော့ ညခန်းနံရံမှာ ကပ်ထားသည်။ အိပ်ခန်းတွေ၏ အလယ်မှာ မင်းလမ်းခြားထားပြီး ကျယ်ဝန်းသော မီးဖိုဆောင်၏ အလယ်တွင်မူ ထမင်းစားပွဲကြီးတစ်စုံ ရှိသည်။

ဘယ်ဘက်တွင် ကြောင်အိမ်နှင့် ရေအိုးစင်၊ အနောက်ဘက်တွင် ရှေးပုံစံမီးဖိုတန်း၊ ညာဘက်တွင် အိမ်သာနှင့် ရေချိုးခန်းတို့ရှိပြီး ယင်းနှစ်ခုကြားမှ အောက်ထပ်ကိုဆင်းသော အဖုံးပါလှေကားရှိသည်။ လူသူမရှိတာ ကြာပြီဖြစ်၍ ဖုန်နံ့လိုလို၊ အပုပ်နံ့လိုလို အောက်သိုးသိုး အနံ့တွေကြောင့် နှစ်ယောက်သား ရှိသမျှ ပြတင်းပေါက်တွေ အကုန်လိုက်ဖွင့်ကြသည်။

ရောမ ဖယောင်းတိုင်ကြီးကိုလည်း တစ်အိမ်လုံး လင်းထိန်အောင် ထွန်းညှိလိုက်ပြီးမှ သူတို့က အိပ်ခန်း(၄)ခန်း ရှိသည့်အနက် အကျယ်ဆုံးအိပ်ခန်း

www.burmeseclassic.com



တွင် အိပ်စက်ရန် ရွေးချယ်လိုက်သည်။

ဖုန်မှုန့်တွေကို ပြီးစလွယ်ရှင်းလိုက်ပြီး ပါလာသော အိပ်ရာလိပ်ကို ခင်းလျက် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ ကျောဆန့်လိုက်ကြလျှင် ဧည့်ခန်းထဲမှ ရှေးပုံစံ တိုင်ကပ်နာရီကြီးက (၁၁)ချက် တိတိ ထိုးလိုက်သံကို ကြားလိုက်ရပြီးနောက် နှစ်ယောက်သား စကားစမြည် ပြောနေရင်းက မျက်တောင်များ စင်းလာပြီး အိပ်ပျော်သွားကြတော့ရာ အချိန်မည်မျှ ကြာသွားသည် မသိပါ။ ထိုစဉ်...

'အဟွတ်...အဟွတ် ရှီး...ရှီး... အဟွတ်... အဟွတ်...ရှီး'

တစ်စုံတစ်ယောက်၏ အူလှိုက်သည်းလှိုက် ချောင်းဆိုးလိုက်သော အသံကြီးတစ်သံက သူတို့ကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။

နှစ်ယောက်သား မတိုင်ပင်ဘဲ အိပ်ရာမှ ဝေါက်ခနဲ ထထိုင်လျက် အသံလာရာကို မှန်းဆကြည့်တော့ ဘွားဘွားရှိစဉ်က နေထိုင်လာခဲ့သော မျက်နှာချင်းဆိုင်အခန်းထဲက ဖြစ်ကြောင်း သိလိုက်ရသည်။

ယုံရခက်စွာဖြင့် အသေအချာ နားစိုက်ထောင်ကြည့်သော အခါမှာတော့ ထိုအသံမှာလည်း ဘွားဘွား၏ အသံနှင့် လုံးဝ တူနေကြောင်းကိုပါ ခေါင်းနားပန်းကြီးစွာ ခံစားသိရှိလိုက်သည်။

ကိုသန်းထွေးမှာ တုန်လှုပ်ချောက်ချားစွာဖြင့် ထိုအခန်းကို သွားဖွင့်ကြည့်ရန် ခုတင်ပေါ်မှဆင်း၍ အလျင်စလို ခြေလှမ်းပြင်လိုက်ရာ ကိုသန်းရွှေက အတင်းပြန်ဆွဲထားလိုက်ရသည်။ တိတ်တိတ်နေရန်လည်း အချက်ပြလိုက်သည်။

ကိုသန်းထွေးမှာတော့ လုံးဝကို မယုံကြည်နိုင်စွာ ဖြစ်နေလျက် ချွေးသီးချွေးပေါက်များပါ ကျနေသည်အထိ စိတ်လှုပ်ရှားနေသည်။ ချောင်းဆိုးသံကား အဆက်မပြတ် ထွက်ပေါ်နေဆဲ၊ တစ်ချက်တစ်ချက် ရင်ကျပ်သလို တရှီးရှီးဖြစ်နေသံကြီးပါ ပါနေသည်ကို ကြားရသည်မှာ စိတ်မချမ်းသာစရာ ကောင်းလှသည်။

အတန်ကြာတော့မှ ချောင်းဆိုးသံ ပျောက်သွားပြီး အိပ်ခန်းထဲက ထွက်လာသံ၊ ပြီးတော့ မိမိတို့အခန်းဆီကို လျှောက်လာသံတို့ကြောင့် တံခါးချက်ချထားသော်လည်း ဘာကြောင့်မှန်း မသိဘဲ နှစ်ယောက်သား ရင်တထိတ်ထိတ်ဖြင့် အသက်ကို အောင့်ထားမိသည်။

ရင်ကျပ်လျက်ရှိ၍ အသက်ရှူလိုက်တိုင်း လည်ချောင်းထဲမှ မြည်နေသံ တရှီးရှီးကိုပါ အနီးကပ်ကြားလာရသဖြင့် မိမိတို့ အနားကိုများ ရောက်လာပြီလားဟူသော တုန်လှုပ်စိတ်ကြောင့် တစ်ဦးလက်ကို တစ်ဦး မလွှတ်တမ်း ဆုပ်ကိုင်ထားမိသည်။

အသံက မိမိတို့ အခန်းဝမှာပင် ရပ်နေတော့ရာ ထိုအချိန်ကား အလွန်ပင် ကြာမြင့်လှသည်ဟုပင် ထင်မြင်မိလေသည်။ ကိုသန်းထွေးမှာ သည်းမခံနိုင်တော့သည့်အဆုံး၌ အပြင်ကို ရုတ်တရက် ထထွက်သွားတော့မည့် အလုပ်တွင်ပဲ ထိုခြေသံက မီးဖိုဆောင်ဘက်ကို ဦးတည်သွားတော့သည်။ ဒီတော့မှ နှစ်ယောက်သားမှာ သက်မကို ပြိုင်တူချလိုက်ကြရသည်။

ဟင်း...။

အသံရှင်ကား သောက်ရေအိုးစင်အထိ လျှောက်သွားပြီး ကြွေရည်သုတ်ပန်းကန် ရေအိုးအဖုံးကို ကျွီခနဲ ဆွဲဖွင့်လိုက်သံ၊ ရေကို ခပ်ယူလိုက်ပြီး သောက်ချလိုက်သံ တဂွပ်ဂွပ်ကိုပါ အတိုင်းသား ကြားနေရသည်။

ပြီးမှ ရေခွက်ကို အဖုံးပေါ် ပြန်ချသံ၊ သူ့အခန်းထဲ ပြန်ဝင်သွားလျက် တစ်စုံတစ်ခုကို မွှေနှောက် ရှာဖွေနေသံကို တချွတ်ချွတ်တို့ကို ကြားနေရပြီးနောက် ဘာသံမှ ထပ်မကြားရတော့ဘဲ တိတ်ဆိတ်ခြင်းက ကြီးစိုးသွားပြန်သည်။

မိနစ်(၂၀)ခန့် ကြာသည်အထိ ဘာသံမှ ထပ်မထွက်လာတော့သဖြင့် နှစ်ယောက်သား ပြန်အိပ်ရန် အသာအယာလှဲချလိုက်ပြီး အိပ်ပျော်ရန် ကြိုးစားလိုက်သည်။

မှေးခနဲ အိပ်ပျော်သွားခိုက်တွင် လမ်းလျှောက်သံတစ်ခုကို ကြားလိုက်ရပြန်သဖြင့် ပြိုင်တူနိုးသွားချင်းချင်း နားစိုက်ထောင်လိုက်ရပြန်သည်။ ခြေသံတွေက မင်းလမ်းကနေ ဧည့်ခန်းမကြီးဆီ ဦးတည်သွားသည်။

ဟိုလျှောက်သည်လျှောက် လုပ်နေပြီးမှ မိမိတို့ အခန်းအပြင်ဘက် ဧည့်ခန်း နံရံတွင် ကပ်ပြီးထားသော ကုလား

စာမျက်နှာ (၂၅၆) သို့

www.burmeseclassic.com

ကျွန်တော် ကြုံတွေ့ခဲ့ရတဲ့

# ဆိုင်ကယ်သရဲ

ဦးကိုကိုကြီး (စမ်းချောင်း)
(၂)မတာယ၊ ထုံးဘို



ပရလောကသားများ အကြောင်း ဖတ်မိရင်း ၂၀၀၇ ခုနှစ်က ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို တင်ပြလိုပါသည်။

စာရေးသူ စာရေးရာတွင် စာရေးသူ၏ အမည်အောက်တွင်**(၂)မတာယ၊ ထုံးဘို**ဟု ရေးသားထားသည်ကို စာရှုသူများ အလေးထား ဖတ်မိကြမည် ဖြစ်ပေလိမ့်မည်။

ထုံးဘိုဟု စာရေးသူ ရေးသားထားသော်လည်း တကယ်တော့ စာရေးသူ နေထိုင်ရသည့်မှာ **ထုံးဘိုမြို့မှ (၅)မိုင်ကွာဝေးသည့် ကွင်းလှကျေးရွာအနီး ဝန်ထမ်းရပ်ကွက်ဖြစ်သော အေးချမ်းသာယာ(၁)ရပ်ကွက်**တွင် နေထိုင်ပါသည်။

ဒါပြင့် ထုံးဘိုဟု ဘာကြောင့်အမည်တပ်ရသနည်းဟု မေးဖွယ်ရှိလေရာ စာရေးသူ ဖြေရလျှင်ဖြင့် စာရေးသူ တာဝန် ထမ်းဆောင်နေသည့် **မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံကြီးသည် ထုံးဘိုမြို့နှင့် နီးစပ်စွာ တည်ရှိနေသဖြင့်** အနီးစပ်ဆုံးဖြစ်သည့် ထုံးဘိုမြို့ကို အမှီသဟဲပြုကာ ထုံးဘိုဟု အမည်တွင်စေခဲ့ခြင်းဖြစ်သည်။

ထုံးဘိုဟု ဆိုရာတွင် မန္တလေးမြို့အနီးတွင်လည်း ထုံးဘိုဆိုသည့်မှာ ရှိနေသဖြင့် စာရေးသူ အမည်တပ်ထားသည့် ထုံးဘိုနှင့် အမည်ချင်းတူနေသောကြောင့် ဘယ်ထုံးဘိုပါလိမ့်ဟု စာရှုသူတို့၏ စိတ်ထဲတွင် ဝါးတားတားဖြစ်စရာ အကြောင်း ရှိနိုင်ပါသည်။

ထို့ကြောင့် ရှင်းလင်းအောင် ရေးသားရပါက စာရေးသူ နေထိုင်ရာ ထုံးဘိုသည် **ပြည်မြို့အနီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်းမှ ထုံးဘိုသာ**ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါသည်။

ထုံးဘိုတည်ရှိရာကို အနည်းငယ်မျှ ရေးသားရခြင်းကတော့ စာရေးသူသည် ထုံးဘိုသို့ ဆိုင်ကယ်နှင့် သွား

www.burmeseclassic.com

စဉ်က ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်အကြောင်းအား ရေးသား တင်ပြလိုပါသဖြင့် စာရှုသူတို့ ဖတ်ရှုရာတွင် ထုံးဘိုဆိုသည်ကို ဝေ့လည်လည် မဖြစ်စေရန် ရေးသားရခြင်း ဖြစ်ပါသည်။

*　　*　　*

ထုံးဘိုမြို့ရှိ ဈေးသည် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဘူးသီး၊ ပဲသီး စသဖြင့် အသီးအရွက်များ စုံလင်စွာ ရှိကြပြီး လတ်လတ်ဆတ်ဆတ်လည်း ရှိရုံသာမက ဈေးနှုန်းမှာလည်း အထူး ချိုသာလွန်းလှပါသည်။

သို့အတွက်ကြောင့် ထုံးဘိုမြို့သို့ ဆိုင်ကယ်နှင့် ၂၁–၁–၂၀၀၇ တနင်္ဂနွေနေ့ နံနက်(၅)နာရီတွင် ဈေးအမီ အိမ်မှ ထွက်ခဲ့ပါသည်။

စောစောသွားရခြင်းသည် ထုံးဘိုတစ်ဖက်ကမ်းရှိ ပဒေသာကျွန်း၊ စကားများကျွန်း၊ ရွှေမင်းသာကျွန်းတို့မှ ပဲ့ထောင်စက်လှေများဖြင့် လာရောက်ကြသော ဈေးသည်များကို အမီသွားရခြင်း ဖြစ်ပါသည်။

ထိုကျွန်းဘက်မှလာသော ဈေးသည်များသည် ထုံးဘိုဈေးတွင် နံနက်(၄)နာရီခွဲလောက်ကတည်းက ရောက်ရှိလာကြပြီး သူတို့ ပါလာသည့် အသီးအရွက် အစုံတို့ကို ရောင်းချကြသည့်အခါ ကိုယ်တိုင်စိုက်ပျိုးကြသော အသီးအရွက်များဖြစ်သည့် အားလျော်စွာ ဈေးနှုန်းကို အဖိုးချိုချိုဖြင့် ရောင်းချကာ ပြီးလျှင် သူတို့ကျွန်းဆီသို့ စောစောပြန်ကြပါသည်။

သို့အတွက် ဝီရိယစိုက်ကာ စောစောထ၍ စောစောသွားရခြင်း ဖြစ်ပါသည်။ နောက်ကျမှ ရောက်ရှိသွားပါမူ တစ်ဆင့် ပြန်ရောင်းချသော ဈေးသည်များလက်ထဲသို့ ရောက်သွားပြီး ဈေးကြီးပေး၍ ဝယ်ယူရမည် ဖြစ်ပေသည်။

*　　*　　*

**၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလသည်** ဆောင်းမကုန်သေး၍ ချမ်းနေဆဲ ဖြစ်သလို နှင်းများလည်း ကျဆဲဖြစ်ပါသည်။

ဆောင်းကာလ၏ နံနက်(၅)နာရီမှာ မိုးမလင်းသေး၍ စာရေးသူသည် ဆိုင်ကယ်ရှေ့ မီးကြီးကိုဖွင့်ကာ အရှိန်မှန်မှန်ဖြင့် မောင်းနှင်ထွက်ခွာခဲ့ပါသည်။

**ပုသိမ်–မုံရွာ လမ်းနှင့် ကွင်းလှလမ်းတို့ ဆုံရာသို့ ရောက်လျှင်** စက်ရှိန်လျှော့ချကာ ညာကွေ့ရန် အချက်ပြမီးကို ပြပြီး ပုသိမ်–မုံရွာလမ်းမပေါ်သို့ ချိုးကွေ့လိုက်ကာ နှင်းများကျနေ၍ စက်ရှိန်ကို ဖြည်းဖြည်းမှန်မှန်နှင့်သာ ဆက်လက် မောင်းနှင်လိုက်ပါသည်။

ထိုစဉ် စာရေးသူ၏ ဆိုင်ကယ်နောက်မှ ဆိုင်ကယ်တစ်စီး ကပ်ပါလာသံကို နားတွင် ကြားလိုက်ရပါသည်။

စာရေးသူလည်း စာရေးသူ၏ ဆိုင်ကယ်အား ကျော်တက်နိုင်ရန်အတွက် ဆိုင်ကယ်၏ စက်ရှိန်ကို လျှော့ချပေးပြီး ဘယ်လက်နှင့် ကျော်တက်ရန် အချက်ပြပေးလိုက်ပါ သည်။

သို့သော် ကပ်ပါလာသည့် ဆိုင်ကယ်သမားသည် ကျော်မတက်ဘဲ စာရေးသူ၏ ဆိုင်ကယ်နောက်မှ ကပ်လိုက်၍ နေပါသည်။

စာရေးသူလည်း သူ ကျော်မတက်ပါက စက်ရှိန်ကို ပြန်မြှင့်ကာ မောင်းနှင်လိုက်လေသည်။ ထိုအခါတွင်လည်း နောက်မှ ကပ်ပါလာသည့် ဆိုင်ကယ်သည် စက်ရှိန်မြှင့်ပြီး စာရေးသူသည် နောက်မှ ထက်ကြပ်မကွာ ကပ်ပါလာနေသည်ကို နောက်လှည့်မကြည့်ဘဲ ကြားသိနေရပါသည်။

စာရေးသူ၏ စိတ်ထဲဝယ် ဇဝေဇဝါ ဖြစ်လာကာ လူဆိုး၊ ဓားပြများလားဟု တွေးထင်မိလိုက်ပါသည်။

လမ်းတွင်လည်း လူသူသွားလာမှု မရှိသဖြင့် စိုးရိမ်စိတ် ဖြစ်လာမိပါသည်။ သို့နှင့် သေချာစေရန် ဆိုင်ကယ်၏ စက်ရှိန်ကို လီဗာကုန် မောင်းနှင်ပြေးမိလေသည်။

နောက်မှ ဆိုင်ကယ်သမားသည်လည်း စာရေးသူ၏ စက်ရှိန်မြှင့်သည့်အတိုင်း တရကြမ်း နောက်မှ အမီလိုက် မောင်းနှင် ကပ်ပါလာနေပြန်ပါသည်။

ဆိုင်ကယ်၏စက်ရှိန် ပြင်းစွာမောင်းနှင်မှုကြောင့် လေများ ခန္ဓာကိုယ်အား အတိုးခံရခြင်း၏ ချမ်းအေးမှုနှင့် ဆောင်း၏ ချမ်းအေးမှုတို့ကို စာရေးသူ မခံစား မသိရှိနိုင်ဘဲ ဘာကြောင့် ဒီလူ ငါ့နောက် လိုက်နေသလဲဆိုသည်ကသာ လွှမ်းမိုးလျက် ရှိနေပါသည်။

စာရေးသူသည် စိုးရိမ်စိတ်ကြောက်စိတ်များ ဖြစ်လာသလို ဘာလုပ်လျှင် ကောင်းမလဲ၊ ဆိုင်ကယ်ရပ်၍ ရင်ဆိုင်ရလျှင်ကော ကောင်းမလား စသည့် အတွေးပေါင်းစုံတို့သည် စာရေးသူဦးနှောက်ထဲသို့ အလုံးလိုက် အခဲလိုက် ဝင်၍ လာကြပါသည်။


အကယ်၍ ရင်ဆိုင်မည်ဆိုပါက နောက်မှ ပါလာသည့် ဆိုင်ကယ်တွင် (၂)ယောက်ဖြစ်နေခဲ့လျှင် နှစ်ယောက် တစ်ယောက် ထိုးကြိတ်ကြပါက စာရေးသူ မနိုင်လောက်ပေ။ တစ်ယောက်တစ်ယောက်ချင်း ဆိုလျှင်တော့ စာရေးသူ ရင်ဆိုင်ရဲပါသည်။

သို့သော် သူ့မှာ လက်နက်ပါလာ



www.burmeseclassic.com

www.burmeseclassic.com



လျှင်... ဒါဆိုလျှင်တော့ စာရေးသူ ခံစားသွားရမည်ဖြစ်သည်။

ဟိုတွေးဒီတွေးနှင့် တွေးတောရင်း ဆက်ပြေးနေရင်လည်း အကြောင်း မထူးနိုင်တော့သဖြင့် ရင်ဆိုင်မည်ဟု ဆုံးဖြတ်ကာ ဆိုင်ကယ်ကို တုံ့ခနဲ နေအောင် ရပ်ချလိုက်ပါသည်။

ထို့အတူ နောက်က ဆိုင်ကယ်သည်လည်း ကျွီခနဲမြည်အောင် ရပ်လိုက်သံ ကြားရပါသည်။

စာရေးသူသည် ဆိုင်ကယ်ပေါ်မှ မဆင်းသေးဘဲ နောက်ကို သမင်လည်ပြန် လှည့်ကြည့်လိုက်သည့်အခါ နောက်ဆိုင်ကယ်မှာ ရှေ့မီးကြီးကို ပိတ်ထားသဖြင့် ဆိုင်ကယ်နှင့် လူပုံသဏ္ဌာန်တို့ကိုသာ ဝိုးတဝါး မြင်တွေ့နေရပါသည်။

ထိုအခါ နောက်ဆိုင်ကယ်က လူမှ စတင်၍...

'အစ်ကိုကြီး ကျွန်တော့်ဆိုင်ကယ် ရှေ့မီးလုံး ကျွမ်းသွားလို့ ရှေ့ကို ဘာမှ မမြင်ရတာနဲ့ အစ်ကိုကြီးဆိုင်ကယ် နောက်က ကပ်ပြီး လိုက်နေတာပါ'

ဟု စတင် စကားဆိုလာပါသည်။

ထိုစကားကြောင့် စာရေးသူ စိတ်အမောပြေသွားကာ...

'တော်သေးတာပေါ့ဗျာ၊ ခင်ဗျား နောက်က လိုက်နေတော့ ဘာများလဲလို့၊ ခု ခင်ဗျား ဘယ်သွားမလို့လဲ'

ဟု တုံ့ပြန်စကား ဆိုလိုက်မိပါသည်။

'ကျွန်တော် ထုံးဘိုသွားမလို့ပါ'

'ဒါဆိုရင် ကျွန်တော်လဲ ထုံးဘိုသွားမှာဘဲ အဖော်ရတာပေါ့ဗျာ'

ဟု စာရေးသူ ပြန်ပြောရင်း ဆိုင်ကယ်စက်နှိုးကာ ဖြည်းညင်းစွာ မောင်းနှင်လိုက်ပါသည်။ နောက်ဆိုင်ကယ်မှာလည်း စာရေးသူနည်းတူ မောင်းနှင်လိုက်ပါလာပါသည်။

ဖြည်းဖြည်းမှန်မှန် မောင်းလာရင်းက ပုသိမ်-မုံရွာ လမ်းမကြီးပေါ်မှ တောမရွာလမ်းသို့ ချိုးကွေ့ရ၏။ ဘယ်အချက်ပြမီးကို ပြလိုက်ပါသည်။

နောက်ဆိုင်ကယ်မှာလည်း စာရေးသူနောက်မှ လိုက်ပါကွေ့လာသံကို နားစွင့်၍ နားထောင်သဖြင့် ကြားသိလိုက်ပါသည်။

တောမရွာလမ်းသည် လမ်းကြမ်းသဖြင့် ဆိုင်ကယ်ကို ဖြည်းဖြည်းထိန်း၍ မောင်းနှင်နေပါသည်။ တောမ သချိုင်းကုန်းသို့ ရောက်ခါနီးလောက်တွင် နောက်ဆိုင်ကယ်မှ...

'အစ်ကိုကြီး ခဏရပ်ပါဦး... ကျွန်တော့်ဆိုင်ကယ် ဘာဖြစ်သွားသလဲ မသိဘူး'

ဟု အော်သံကြားရ၍ ဆိုင်ကယ်ကို ရပ်ပြီး ဒေါက်ထောက်လိုက်ပါသည်။

သည့်နောက် ဆိုင်ကယ်ပေါ်မှ ဆင်းကာ ရှေ့ခြင်းထဲတွင် လိုလိုမည်မည် ယူဆောင်လာသော လက်နှိပ်ဓာတ်မီးအား လှမ်းယူ၍ နောက်ဆိုင်ကယ်ရှိရာသို့ ဓာတ်မီးထိုး ကြည့်လိုက်ရာ...

'အလိုလေး...'

ဟု စာရေးသူ၏ နှုတ်မှ လန့်၍ ထွက်သွားမိပါသည်။

အဘယ်ကြောင့်ဆိုသော် စာရေးသူ၏နောက်မှ ပါလာသော လူနှင့် ဆိုင်ကယ်တို့သည် လုံးဝ မတွေ့ရှိရတော့ဘဲ ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

လမ်းဘေးဝဲယာ ဟိုဟိုဒီဒီ ပတ်ပြီး ဓာတ်မီးနှင့် ပတ်ထိုးကြည့်မိပါသည်။ ဘာဆိုဘာမှ မတွေ့ရပါ။ "ဒါဖြင့် ဘာလဲ" ဆိုသည့် အတွေးစိတ်ပေါင်းများစွာဝင်လာကာ ကြက်သီးများ တဖြန်းဖြန်းပင် ထမိပါတော့သည်။

သည့်နောက်မတော့ စာရေးသူလည်း စဉ်းစားမနေတော့ဘဲ ဆိုင်ကယ်ပေါ် ပြေးတက်ပြီး အမြန်မောင်းနှင်ကာ ထုံးဘိုအရောက် မောင်းပါတော့သည်။

ထုံးဘိုရောက်တော့ နံနက်(၅)နာရီခွဲ ကျော်ပြီ ဖြစ်သည်။ ဟင်းသီးဟင်းရွက် ဈေးသည်များလည်း စုံလင်နေပြီဖြစ်၍ စာရေးသူ ဝယ်သင့် ဝယ်ထိုက်သည်တို့ကို ဝယ်ယူပြီးလျှင် ထုံးဘို ခင်မောင်စီ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ဝင်သောက်ရင်း နောက်မှ ပါလာသည့် ဆိုင်ကယ်နှင့် လူအကြောင်းတို့အား တွေးတောနေမိပါလေ၏။

နံနက်(၇)နာရီ ထိုးသည်နှင့် လက်ဖက်ရည်ဆိုင်မှ ပြန်ထွက်လာပြီး ထုံးဘိုမှ ကွင်းလှသို့ ပြန်ခဲ့လေသည်။

ပုသိမ်-မုံရွာ လမ်းမပေါ်သို့ ရောက်လျှင် ဆိုင်ကယ်ဝပ်ရှော့ ဆိုင်တစ်ဆိုင်တွင် နောက်ဘီး လေလျော့နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လေးဝင်ထိုးရင်း ဆိုင်တွင် ခဏထိုင်လိုက်ပါသည်။

ထိုင်ရင်းက ဆိုင်ကယ် လာပြင်သူလူတစ်ဦးနှင့် ဆိုင်ကယ်ဈေးနှုန်းအကြောင်းများ၊ ဆိုင်ကယ်စက် အပိုပစ္စည်းအကြောင်းများကို စကားလက်ဆုံကျရင်းက စာရေးသူ မနက်က ကြုံတွေ့ခဲ့ရသည့် အကြောင်းဆီသို့ ရောက်သွားကာ စာရေးသူမှလည်း ရင်ဖွင့်ပြောချင်နေပြီဖြစ်၍ ထိုလူအား ဖြစ်ကြောင်းကုန်စင် ပြောပြမိပါလေသည်။

ထိုအခါ ထိုလူမှ...

'ဟာ... ခင်ဗျားကတော့ ဆိုင်ကယ်သရဲနဲ့ တွေ့လာပြီပဲ။ ပြီးခဲ့တဲ့ အပတ်က ကျွန်တော်နဲ့ အိမ်ချင်းကပ်နေတဲ့ ကျွန်တော့်သူငယ်ချင်းလဲ ခင်ဗျားအဖြစ်မျိုးဆန်ဆန် ကြုံခဲ့ဖူးတယ်။ သူကတော့ (၇)ရက်လောက်ကို ဖျားပါလေရော။

ဒီဆိုင်ကယ်သရဲက ပြီးခဲ့တဲ့ လကဒီလမ်းမှာပဲ ဆိုင်ကယ်မှောက်ပြီး ပွဲချင်းပြီးသေသွားတာဗျ။ မကျွတ်ဘူး ထင်ပါတယ်ဗျာ၊ ခင်ဗျား သွေးကောင်းသားပဲ၊ ဘာမှ မဖြစ်ဘူးနော်'

ဟု ပြောပြပါလေသည်။

စာရေးသူမှလည်း...

'သွေးကောင်းမကောင်းတော့ မသိဘူးဗျာ၊ နှလုံးခုန် ရပ်မသွားအောင်တော့ တော်တော်စိတ်တင်းခဲ့တယ်ဗျ'

ပြန်ပြောလေရာ ထိုလူမှာ တဟဲဟဲနှင့် ရယ်မောနေလေသည်။

ဆိုင်ကယ်လည်း လေဖြည့်ပြီးပြီဖြစ်၍ ထိုလူအား နှုတ်ဆက်ကာ ဆိုင်ကယ်အား စက်နှိုးပြီး အိမ်သို့ ပြန်ခဲ့ပါသည်။

လူတွေ ပြောပြောနေကြသည့် သရဲခြောက်တယ်၊ သရဲခြောက်တယ် ဆိုသည့်စကားကို စာရေးသူကိုယ်တိုင် ကြုံတွေ့ ခံစားလိုက်ရသည့်အခါတွင် အမှန်ကို ဝန်ခံရပါက စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်းများ ဖြစ်မိသည်မှာ အမှန်ပါ။

သို့ပါသော်လည်း စာရေးသူ၏ ဘဝတစ်ကွေ့တွင် ခဏတွေ့လိုက်ရသည့် ဆိုင်ကယ်သရဲ (သို့မဟုတ်) ပရလောကသားနှင့် စကားပြောလိုက်ရခြင်းသည် အတွေ့အကြုံ အသစ်တစ်ခု ရရှိလိုက်ခြင်းသာ ဖြစ်သည်ဟု စာရှုသူတို့ထံ ရေးသား တင်ပြလိုက်ရပါပေသည်။

ဆိုင်ကယ် မောင်းနှင်လာရင်းက နံနက်က ပရလောကသားနှင့် စာရေးသူ စတင်တွေ့ခဲ့သည့် နေရာသို့ ရောက်လျှင်မတော့ ဆိုင်ကယ်အား ရပ်တန့်လိုက်ပြီး ထိုဆိုင်ကယ်သရဲအား အာရုံပြုလျက် စာရေးသူ ပြုသမျှ သီလ၊ ဒါန၊ ဘာဝနာ အစုစုတို့အား အမျှ... အမျှ...အမျှ...ဟု ပေးဝေလိုက်ရပါလေတော့သတည်း။

***ပါရမီမဂ္ဂဇင်းနှင့်တကွ စာဖတ်ပရိသတ်တို့အား အစဉ်လေးစားလျက်...***

***ဦးကိုကိုကြီး(စစ်ဆေးရေး)***
***(၂)မတယ၊ ထုံးဘို***

စာမျက်နှာ (၂၅၂)မှ အဆက်

ထိုင်အိုကြီးပေါ် ထိုင်ချလိုက်ပုံကြောင့် သံချေးလိုက်နေသော မူလီများ တကျွီကျွီ မြည်သွားသံ ထွက်ပေါ်လာသည်။

ယင်းနောက် အတန်ငယ်ကြာသော် ယမ်းမီးခြစ်ကို ခြစ်လိုက်သံ ကြားရပြီး ဆေးပေါ့လိပ်မီးခိုးနံ့ကိုပါ ရှူရှိုက်လိုက်ရသဖြင့် "**သူဆေးလိပ်သောက်နေပြီ**"ဟု သိလိုက်ရသည်။

ကိုသန်းထွေးတို့ နှစ်ယောက်မှာ အိပ်ချင်စိတ်ကို ဖျောက်လျက် နားကို အစွမ်းကုန် စွင့်ထားကြရသည်။ လူကတော့ နည်းနည်းမျှ မလှုပ်ရဲပါ။ ဒီကြားထဲ ဆီးသွားချင်စိတ်ပေါ်လာ၍ မနည်းကို ချုပ်တည်းထားရသည်။

အချိန်က ကြာလွန်းလှသည်ဟု တွေးမိကြသည်။ ခဏအကြာတွင်မှ ဆေးလိပ်မီးခိုးနံ့များ ပြယ်သွားပြီးနောက် ယင်းကုလားထိုင်ဆီမှ တခေါ်ခေါ် ဟောက်သံက စည်းချက်ကျကျ ထွက်ပေါ်လာလျှင် ကိုသန်းရွှေက နာရီကို ဓာတ်မီးထိုးပြီး ငုံ့ကြည့်လိုက်ရာ ည(၁)နာရီထိုးပြီဖြစ်ကြောင်း သိလိုက်ရသည်။

"**ဘြော်သက်ကြီးခေါင်းချချိန် ဆိုတာ ဒါပဲထင်ပါရဲ့**" ဟုသာ စိတ်ထဲမှာ မြည်တမ်းမိသည်။

ဒီတော့မှ သူတို့နှစ်ယောက်လည်း စိတ်ချလက်ချ ပြန်လည် အိပ်စက်လိုက်ရတော့ရာ နိုးလာသောအခါ နေပင် အတော်မြင့်နေပြီဖြစ်ကြောင်း တွေ့လိုက်ရပါတော့သည်။

**မှတ်ချက်။ ။ ယခုအခါ ထိုအိမ်ကြီးကို ပြန်လည်မွမ်းမံ၍ ရေထွက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီကြီးတစ်ခုကို ဖွင့်လှစ်ထားပြီး၊ ကိုသန်းထွေးအား အဖော်လိုက်ပေးခဲ့ရှာသူ ကိုသန်းရွှေမှာမူ များမကြာမီပင် မြိတ်မြို့မှ ရနောင်းသို့ စက်လှေဖြင့်သွားရာလမ်းခရီးတွင် ဓားပြများ လုယက်တိုက်ခိုက်သတ်ဖြတ်ခြင်းကို ခံခဲ့ရ၍ ကွယ်လွန်ရှာပြီဖြစ်ပါသည်။**

**ကိုသန်းရွှေ၏ နောက်ပိုင်း ထူးခြားဖြစ်စဉ်ကို ထပ်မံဖော်ပြပါဦးမည်။ ထိုဓာတ်လမ်းကို ပြောပြပေးခဲ့သော ကာယကံရှင် ကိုသန်းထွေးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။**

**တဏှာပစ္စယာ ဥပါဒါ၊ ဥပါဒါ ပစ္စယာ ဘဝါ။**

**မေတ္တာ သစ္စာရည်လျက်...**

**သွန်းနေနီ**



www.burmeseclassic.com

www.burmeseclassic.com



ပန်းကြိုတောင်မှ

မြစိမ်းကောသိ

# တောကြီးမာယာ

"ခင်ထွေး"တို့ လူသိုက် ကလေးဝမြို့နယ်"ကတိုး"ရွာမှ နံနက်အရုဏ်တက်ချိန်က ထွက်ခဲ့ကြသည်။ မဟာမြိုင်တောအတွင်း ခြေကျင်ခရီး နှင်ခဲ့ကြရာ **"ပန်းကြိုတောင်စခန်း"**သို့ ညနေစောင်း ငါးနာရီခန့်တွင် ရောက်ခဲ့တော့သည်။

ဤစခန်းသည် "ပန်းကြိုတောင်" ခြေရင်းတွင်ရှိပြီး **"ယောဇင်ချောင်း၊ "ခရမ်းခေါင်းချောင်း"**နှင့် **"စကားဝါချောင်း"**ဟူသော ချောင်းသုံးခု ဆုံရာအရပ်ဖြစ်သည်။

လူနေအိမ်ခြေနှင့် ဝေးလှသော တောနက်ဒေသဖြစ်သဖြင့် တောင်တန်းများ၊ လျှိုမြောင်များ ဝန်းရံနေပေသည်။

အညာဒေသ၏ သဘာဝအတိုင်း ချောင်းများမှာ ရေလုံးဝမရှိဘဲ သဲအတိသာ ဖြစ်သည်။ သဲချောင်းအတွင်း၌ အနီးပတ်ဝန်းကျင်မှ ရရာ ဝါးတို့ဖြင့် တဲအုံကန္တားထိုးသည့် တာဝန်ကို ယောက်ျားများက ယူကြပြီး စားသောက်ရန် စီမံရေးတာဝန်ကို မိန်းမ

www.burmeseclassic.com

များက ယူကြသည်။

တဲတန်းရှည်တစ်လုံးထိုးပြီး တဲအတွင်း၌ ဝါးလုံးများဖြင့် အိပ်စင်ရှည်နှစ်ခုကို အလယ်၌ ကွက်လပ်ခြား၍ ဆောက်သည်။

အဖွဲ့သား(၁၀)ဦးအနက် ဦးစီးခေါင်းဆောင် အဘဦးအောင်ရှိန်နှင့် ကိုရန်အောင်၊ ကိုယာဆိုင်၊ ကိုထွန်းလှိုင်တို့ ယောကျ်ားလေးဦးက အိပ်စင်တစ်ခုတွင် အိပ်ရန် နေရာယူကြသည်။

ဒေါ်အုံးညွန့်၊ ဒေါ်ညိုအုံး၊ မအေး၊ မတင်နွဲ့၊ မစန်းမော်နှင့် ခင်ထွေးတို့ မိန်းမခြောက်ဦးက တစ်ဖက်အိပ်စင်တွင် နေရာယူကြသည်။

ဤအဖွဲ့သည် "**ကတိုး**" **ရွာသူရွာသားများ**ဖြစ်ကြပြီး ရွှေကျင်ရန် ဤတောတွင်းစခန်းသို့ ရောက်လာကြခြင်းဖြစ်ပေသည်။

ဤအဖွဲ့တွင် မအေးနှင့် ခင်ထွေးသည် အသက်(၁၃)နှစ်အရွယ်သာရှိသေး၍ အသက်အရွယ် အငယ်ဆုံးပင်ဖြစ်သည်။

ထမင်း စားသောက်ပြီးချိန်သည် နေဝင်သွားပြီဖြစ်သည်။ သို့သော် တပေါင်းလပြည့်နေ့ည ဖြစ်သောကြောင့် မကြာမီ တစ်တောလုံး လရောင်ဖြင့် ဝင်းပ ထိန်လင်းလာလေသည်။

'လသာလိုက်တာ အဘရယ်၊ တဲအပြင် ထွက်ကြည့်ချင်လိုက်တာ'

ဟု ခင်ထွေးက ပြောသောအခါ အဘဦးအောင်ရှိန်က ခွင့်မပြုချေ။

'မိုးချုပ်နေပြီ သမီး၊ တဲပြင်မထွက်ကြနဲ့တော့၊ တောတောင်ထဲမှာ စည်းကမ်းနဲ့နေရတာ သမီးတို့ မမေ့ကြနဲ့၊ ကဲ...မောလာတယ် အိပ်ကြတော့၊ အဘတို့ စောင့်ပေးမယ်'

ဟု အဘက ပြောသဖြင့် အမျိုးသမီးများအားလုံး အိပ်ရာဝင်ကြတော့သည်။

သို့သော် ချက်ချင်း အိပ်မပျော်ကြသေးချေ။

မကြာမီ မိမိတို့ စခန်းချသော နေရာနှင့် ကိုက်ငါးဆယ်ခန့် ကွာဝေးသော **"ပန်းကြိုတောင်" ပေါ်မှ ဆိုင်းသံဗုံသံ သီချင်းသံ**တို့ကို ကြားရတော့သည်။

ဆိုင်းဝိုင်းကြီးကို တီးမှုတ်နေသံ၊ မင်းသား မင်းသမီးတို့၏ မြိုင်ထသီချင်းသံတို့မှာ ကြားရသူစိတ်တွင် နှစ်သက်ကြည်နူးလာစေသည်။

"ပန်းကြိုတောင်" ပေါ်တွင် ပွဲလမ်းသဘင် ရှိပေလိမ့်မည်။ ထိုပွဲခင်းသို့ ခင်ထွေး သွားချင်လှသည်။ အနီးရှိ အဖော်များကလည်း ဆိုင်းသံတေးသံတို့ကို နားထောင်ရင်း ဤဇာတ်ပွဲသည် ကောင်းပေလိမ့်မည်ဟု ဝေဖန်နေကြသည်။

'အဘ ပွဲသံကြားတယ်၊ သွားကြည့်ချင်လို့ လိုက်ပို့ပါ'

ဟု ခင်ထွေးက ပူဆာသောအခါ မအေးနှင့် မတင်နွဲ့တို့ကလည်း သွားလိုကြောင်း ဝိုင်းဝန်းပြောကြသည်။

'တောစည်းကမ်းကို လိုက်နာကြရမယ်လေ၊ သမီးတို့ မဆိုင်တာ မလုပ်နဲ့၊ မပြောနဲ့၊ အိပ်ကြတော့ ညဉ့်နက်ပြီ'

ဟု အဘက ပြောသဖြင့် ပွဲသွားကြည့်ရန် မပူဆာရဲကြတော့ချေ။

'ဒီနားက ရွာမှာ ပွဲက နေတာလား အဘ'

ဟု ခင်ထွေးက မေးလိုက်ပြန်သောအခါ "**မအေး ဟုတ်တယ်**" ဟုသာ အဘက တိုတိုတုတ်တုတ် ဖြေပြီး ဆေးလိပ် ထိုင်ဖွာနေသဖြင့် စကားဆက် မပြောကြတော့ဘဲ ပွဲသံကိုသာ နားထောင်နေကြသည်။

မြိုင်မြိုင်ဆိုင်ဆိုင် ပွဲကနေသံမှာ သန်းခေါင်ကျော်မှ ပွဲသံတိတ်တော့သည်။ ထိုအခါမှာပင် ခင်ထွေးတို့ မိန်းကလေးများ အိပ်ကြတော့သည်။

အိပ်စင်နှစ်ခုကြား မြေကွက်လပ်တွင် ဖိုထားသော မီးဖိုမှာ မီးတောက်ဖြင့် တဲတစ်ခုလုံး လင်းနေပေသည်။

နောက်တစ်နေ့ နံနက်အရုဏ်တက်တွင် အိပ်ရာက ထကြပြီး ထမင်းချက်ကြသည်။ ကျက်လျှင် စားဦးစားဖျားကို ဘုရားဆွမ်းတော်တင်ခြင်း၊ ဆိုင်ရာဝိုင်ရာ တင်မြှောက်ပသခြင်းတို့ကို အဘက ပြုလုပ်ပေးပြီး နံနက်စာ စားကြသည်။

နေဝန်းထွက်ပြူစ အချိန်၌ အဘက အဖွဲ့သူအဖွဲ့သားများ အားလုံးကို ခေါ်၍ "ပန်းကြိုတောင်" ပေါ်သို့ တက်ခဲ့ကြသည်။

အင်ကြင်းပင်ကြီးများ၊ ရင်ခတ်၊ ဖက်ဆွတ်၊ ဆပ်သွားဖူးပင်များ၊ ဝါးရုံများ စသည့် သစ်ပင်နွယ်ပင်များ အုံ့ယှက်နေသည့် ခြေသွား လမ်းကလေးအတိုင်း တက်ခဲ့ကြရာ ခန့်မှန်းခြေ နံနက်ရှစ်နာရီမထိုးမီ "ပန်းကြိုတောင်ထိပ်" ပေါ်သို့ ရောက်ကြတော့သည်။

တောင်၏ အမြင့်ဆုံးနေရာဖြစ်သော **တောင်ထွတ်တောင်ထိပ်သည် ပေလေးဆယ်ခန့် ကျယ်သော မြေပြန့်ဖြစ်သည်။** မြေပြင်သည် စည်မျက်နှာပြင်ကဲ့သို့ ပြန့်ပြူးညီညာနေကာ သစ်တစ်ပင်ဝါးတစ်ပင်မျှ မပေါက်ဘဲ ပြောင်ရှင်း၍ နေသည်။

**မြက်တစ်ပင်မျှပင် မရှိဘဲ လူတို့ ရှင်းလင်း လှည်းကျင်းထားသကဲ့သို့ ရှင်းသန့်ပြောင်စင်နေသည်။**

ထိုမြေကွက်၏ ဘေးပတ်လည်တွင်ကား သက်ငယ်၊ ခနိုပင်များ၊ ရင်ခတ်ပန်း၊ စံကားဝါ၊ သက်လယ်ပန်း၊ ဖက်ဆွတ်ပန်းပင်များ စသည့် အပင်ပု[illegible]များသာ ဝိုင်းပေါက်နေသည်။

'ဇာတ်ပွဲသံကြားရလို့ လိုက်[illegible]လို့ [illegible] ညက ဖိုးကို ပူဆာပြီး လိုက်[illegible]ခိုင်းတဲ့ [illegible]

www.burmeseclassic.com

ဟာ ဒီနေရာပဲ'

ဟု အဘက ပြောင်ရှင်းနေသော တောင်ထိပ်မြေကွက်ကို လက်ညှိုးထိုးပြ၍ ဖြေရှင်းလိုက်လေသည်။

ခင်ထွေးတို့လူစု အားလုံး အဘကို ခေါင်းညိတ်ပြလိုက်ကြသည်။ ထို့နောက် တောင်ပေါ်မှ ပြန်ဆင်း၍ စခန်းသို့ ပြန်ခဲ့ကြတော့သည်။

ခင်ဖွေးတို့သည် တောရွာသူတို့ ဓလေ့အရ တောသွားလျှင် အနေအထိုင် အပြောအဆို ဆင်ခြင်ရသည် ဟူသော တော၏ ဥပဒေသကို မွေးကင်းစအရွယ်ကပင် လူကြီးသူမတို့ ဆုံးမချက်ဖြင့် နားလည်ကြသည်။

ထို့ကြောင့် "ပန်းကြိုတောင်"ပေါ်တွင် မည်သည့်စကားမျှ ပြောဆိုမေးမြန်းခြင်း မပြုခဲ့ကြချေ။

စခန်းရောက်၍ ရေချိုးကြပြီး တဲအနီးရှိ အင်ပင်ကြီးအောက်၌ အဖွဲ့သားအားလုံး စုရုံးထိုင်မိကြသည်။

'ဒီနေ့တော့ ရောက်ရောက်ချင်းနေ့ဖြစ်လို့ အနားယူကြဦးစို့၊ မနက်ဖြန်မှပဲ ရွှေကျင်တဲ့အလုပ် စ,ကြမယ်'

ဟု အဘက ပြောသောအခါ အားလုံး ဝမ်းသာကျေနပ်သွားကြသည်။

'နင်တို့ လိုက်ပို့ခိုင်းတဲ့နေရာကို လိုက်ပို့ပေးပြီးပြီ။ ကျေနပ်ကြပြီလား'

ဟု အဘက မေးသောအခါ...

'ကျွန်မ သိချင်တာ မေးပါရစေ အဘ'

ဟု ခင်ထွေးက ခွင့်တောင်းလေသည်။

အဘကလည်း သဘောကောင်းသူပီပီ "မေးပါဗျား"ဟု ခွင့်ပြုလေသည်။

'ညက ဆိုင်းသံဗုံသံတွေကြားလို့ ဒီနားကရွာမှာ ပွဲကနေသလား၊ လိုက်ပို့ပါလို့ ပူဆာ



မိကြတယ်။

ခုမနက် အဘက ကျွန်မတို့ကို နင်တို့ညက လိုက်ပို့ခိုင်းတဲ့ "ဇာတ်က"သံကြားတဲ့နေရာဟာ ဒီနေရာပဲလို့ ပြောပြီး ပြတဲ့နေရာက ဘာမှလဲ မရှိဘူး၊ ရွာလဲမဟုတ်ဘူး။ အဲဒါ ဘာလဲ အဘ'

ဟု ခင်ထွေးက မေးလေသည်။

**'ဒါ တောတောင်ရဲ့ သဘာဝပဲ သမီး'**

ဟု အဘက ပြန်ဖြေလေသည်။ ထို့နောက် အဘက ဆက်၍ ပြောပြန်သည်။

'သမီးကတော့ ခုမှ စလိုက်ဖူးလို့ ဒီတစ်ခါပဲရောက်ဖူးတော့ အံ့သြနေမှာပေါ့။ အဘတို့ကတော့ ဒီတောတောင်မှာ လှည့်လည်နေတာ နှစ်ပေါင်းခြောက်ဆယ်ကျော်ပြီ အတွေ့အကြုံလဲစုံနေပြီ။

ညက သမီးတို့ကြုံရတာမျိုးကို ဒီ "ပန်းကြိုတောင်"မှာ အဘတို့ခဏခဏ ကြုံဖူးတယ်။

လပြည့်လကွယ်ညတွေတိုင်း ဒီလို ဆိုင်းသံဗုံသံ သီချင်းသံတွေ ကြားရတယ်'

ဟု အဘက ပြောပြလေသည်။

'အဲဒီတော့ အဘတို့ တောင်ပေါ်သွားမကြည့်ဘူးလား'

ဟု မအေးက မေးသည်။

'တောတောင်ထဲရောက်ရင် တောတောင်စည်းကမ်းကို လိုက်နာရတယ်။ ကိုယ်နဲ့မဆိုင်တဲ့ အလုပ်ကို မလုပ်ရဘူး။ ကိုယ်နဲ့ မဆိုင်တဲ့နေရာ မသွားရဘူး။ ကိုယ်နေတဲ့နေရာကိုလဲ စည်းတားပြီးထားရတယ်။ စည်းကျော်မထွက်ရဘူး။

သမီးတို့ကလေးတွေ နားမလည်ပေမယ့် ဦးစီးခေါင်းဆောင်ဖြစ်တဲ့ အဘက စခန်းကို ရောက်တဲ့နေ့ ရောက်ရောက်ချင်း ဆိုင်ရာပိုင်ရာကို တင်မြှောက်ပသပြီး တိုင်တည်ထားရတယ်။ ကိုယ် စခန်းချမယ့်နေရာကိုလဲ ခွင့်တောင်းရတယ်။ ပြီးတော့ စည်းတားထားရတယ်။ ဒါကြောင့် ညဘက် သမီးတို့ကို တဲပြင်မထွက်နဲ့လို့ အဘပြောတာပေါ့။ သားရဲတိရစ္ဆာန်ကအစ မသိမမြင်နိုင်တဲ့ အန္တရာယ်တွေ တောမှာ အများကြီး ရှိတယ်။

စားသတိ၊ သွားသတိ၊ နေသတိ၊ ထိုင်သတိ၊ ပြောသတိဆိုတဲ့ "သတိ"



www.burmeseclassic.com

www.burmeseclassic.com

နဲ့ နေရတယ်။ တောကြီးလေ အတိမ်း အစောင်းမခံလေဘဲ။ အဲဒီတော့ အဘနဲ့မဆိုင်တဲ့ အလုပ်ဖြစ်တဲ့ တောင်ပေါ်သွားကြည့်တဲ့အလုပ် ဘယ်လုပ်ပါ့မလဲ'

ဟု အဘက စိတ်ရှည်စွာ ရှင်းပြပြီး ဆေးလိပ်ကို ဖွာရှိုက်နေလေသည်။ အားလုံးက တိတ်ဆိတ်စွာ နေကြသည်။

'အေး...ဒါပေမယ့် ပန်းကြိုတောင်နဲ့ ပတ်သက်ပြီး အဘ ထူးထူးခြားခြား ကြုံဖူးတာ ပြောပြမယ်'

ဟု အဘက စကားဆက်သောအခါ အားလုံး စိတ်ဝင်စားစွာ စူးစိုက်နားထောင်မိကြသည်။

'လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပေါ့။ လယ်ထွန်တုံးပိတ်တာနဲ့ အဘတို့ ရွှေကျင်ဖို့ ဒီစခန်းကို အရောက်လာခဲ့ကြတယ်။ ဝါခေါင်လပေါ့။ စခန်းမှာနေကြရင်း ဝါခေါင်လကွယ်နေ့ ရောက်လာတယ်။

ညသန်းခေါင်မတိုင်မီ ညဉ့်နက်ပိုင်းမှာ ဆိုင်းသံဗုံသံတွေ ကြားတော့တာပါပဲကွယ်။ သန်းခေါင်အချိန်လဲ ရောက်ရော ဆိုင်းသံဗုံသံတွေဟာ တောင်ထိပ်ကနေ တဖြည်းဖြည်း အောက်ဘက်ရောက်လာသံ ဖြစ်လာလို့ အဘတို့ တဲဝက ထွက်ကြည့်ကြတာပေါ့။

လကွယ်ည သန်းခေါင်ယံအချိန်ကြီး ဖြစ်ပေမယ့် ပန်းကြိုတောင်ရဲ့ တောင်ထိပ်ကစပြီး တောင်ကြော တောင်စောင်း တစ်ခုလုံးဟာ ပွဲခင်းမှာ ဓာတ်မီးထွန်းထားလို့ လင်းသလို ထိန်ထိန်တောက်အောင် လင်းနေတာ တွေ့ကြရတယ်'

အဘက ဆေးလိပ်ကို အားရပါးရ ဖွာရှိုက်နေပြန်သဖြင့် စကားဆက်ပြတ်သွား၍ အားလုံးက အားမလိုအားမရ ဖြစ်သွားသည်။ ပြီးမှ အဘက စကားဆက်သည်။

'တောင်ပေါ်က လူတွေ တန်းစီပြီး ရှင်လောင်းလှည့်သလို တောင်အောက်ကို တောင်စောင်းလမ်းအတိုင်း ဆင်းလာကြတာ တွေ့ရတော့တာပဲ။ ဝတ်ကောင်းစားလှတွေ တောက်တောက်ပပ ဝတ်စားထားကြပြီး စိန်ရွှေရတနာ လက်ဝတ်လက်စားတွေလဲ ဖိတ်ဖိတ်တောက်အောင် ဝတ်ဆင်ထားကြတယ်။

ယောက်ျား မိန်းမ၊ ကလေး အရွယ်စုံပါပဲ။ ကြည့်လို့လဲ သိပ်လှတာပဲ။ အိုးစည်ဗုံမောင်းတွေကို တပျော်တပါး တီးခတ်လာကြသံကလဲ စည်ညံပြီး ပျော်စရာကြီးပေါ့ကွယ်။

ဘာပွဲ ကျင်းပတယ်ဆိုတာတော့ မှန်းဆလို့မရဘူး။ လူတန်းကြီးလှည့်လာတာ တောင်ပေါ်က တောင်အောက် ရောက်တဲ့အထိ တစ်နာရီလောက် ကြာမယ်။ အားလုံးလဲ တောင်အောင်ရောက်ရော အလင်းရောင်တွေ တဖြည်းဖြည်း မှိန်လာပြီး နောက်ဆုံး မှောင်အတိကျသွားတယ်။

ဆိုင်းသံလူသံတွေလဲ တိတ်ဆိတ်သွားပြီး ဘာမှ မမြင်ရတော့ဘူးကွယ်။ တောကြီးဟာ ပကတိအတိုင်း ဆိတ်ငြိမ်သွားပြီး လကွယ်ညရဲ့ မှောင်မိုက်မှုသာ ဖုံးလွှမ်းနေတော့တာပေါ့'

ဟု အဘပြောပြသည်ကို တအံ့တသြကြီး နားထောင်နေမိကြသည်။

'အဲဒါ ဘာတွေလဲဟင် အဘ'

ဟု ကိုထွန်းလှိုင်က ကောက်ခါငင်ခါ မေးလိုက်သည်။

**'တောကြီးမာယာပေါ့ သားရယ်'**

ဟူသော အဖြေကို အားလုံးကြားလိုက်ရသောအခါ အနီးရှိ မြင့်မားမတ်စောက်သော "ပန်းကြိုတောင်" ကမ်းပါးယံကြီးနှင့် တောရိပ်တောင်ရိပ်တို့ဖြင့် ညှိုမှိုင်းနေသော မဟာမြိုင်တောကြီးတစ်ခွင်လုံးကို လှည့်ပတ်ကြည့်ရှုမိရင်း အတွေးကိုယ်စီဖြင့် တိတ်ဆိတ်နေမိကြတော့သည်။

"ဒေါင်းအိုးဝေသံ"၊ "မျောက်အူသံ"တို့သာ မဟာမြိုင်တောကြီးတွင် မင်းမူနေပေတော့သည်။

**[ဖြစ်ရပ်မှန်ကို ပြောပြသော "ခင်ထွေး"ကို ကျေးဇူးတင်ပါသည်။]**

**မြစိမ်းကေသီ**

စာရှုသူ...သုတေသီ...ဝါသနာရှင်တို့ ခင်ဗျာ...

ဤဆောင်းပါးပါ အဖြစ်အပျက်မျိုး စာရှုသူများ ကြုံဖူးပါသလား (သို့မဟုတ်) စာရှုသူတို့ ပတ်ဝန်းကျင်တွင် ကြုံဖူး၊ကြားဖူးပါသလား...

သို့ဖြစ်၍ သိရှိ ကြုံဖူး၊ကြားသိဖူးသူများက ပြန်လည် ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

*စာတည်းချုပ်*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com



ကသာ သင်းမွှေး

# ချစ်၍ ဒေါ်ဟာလား

စာရေးသူသည် (၂၇–၁၀–၁၆)ရက် [သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက် ၁၃၇၈ ခုနှစ်]နေ့က ဝေပေါင်တောရ ကျောင်းသို့ ကထိန်အတွက် လိုအပ် သည့်များကို လာဝယ်သော သုံးဘီး ကားဖြင့် လိုက်သွားခဲ့ပါသည်။

ဤသို့ ကြိုတင်သွားရခြင်းမှာ ကထိန်ခင်းမည့် သီတင်းကျွတ်လပြည့် ကျော်(၁၄)ရက်နေ့မှ ကသာမှ သွားကြ မည့်ကားများဖြင့် လိုက်လျှင် ဖြစ်သော် လည်း ဝေပေါင်တောရကျောင်းတွင် ဦးပဉ္ဇင်းဝတ်နေသော ဦးပဉ္ဇင်း ဦးစိုး အောင်နှင့် တွေ့လိုသောကြောင့် ဖြစ် ပါသည်။

ဝါခိုသက်နိုး ကပ်စဉ်ကလည်း ရောက်ခဲ့ပြီးဖြစ်ပါသည်။ စာရေးသူ သည် လစဉ် ဝယ်ဖတ်သော နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းများကို စုပေါင်းပြီး ပေးလှူနေခြင်းဖြစ်ပါသည်။

ဦးပဉ္ဇင်းများကလည်း ဆေးမြီးတို လေးများကို ကြိုက်၍ ကူးကြသည်။ ဖတ်ကြမှတ်ကြပါသည်။ ဦးပဉ္ဇင်း ဦးစိုးအောင်က စာရေးသူကိုယ်တိုင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေး နေသူဖြစ်ကြောင်း သိပါသည်။ သူ ကိုယ်တိုင်လည်း ရေးချင်သည်ဟု တွေ့ တိုင်း ပြောပါသည်။

စာရေးသူက သီတင်းကျွတ်လပြည့် (သို့မဟုတ်) ကထိန်ကျလျှင် လာဖြစ် အောင် လာမည်။ ဦးပဉ္ဇင်းရေးလိုသည် ကို ရေးထားပါ။ တပည့်တော်ဖတ်ပြီး အချောသတ်ပေးပါမည်။ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းသို့လည်း ပို့ပေးပါ မည်။ ဦးပဉ္ဇင်းအနေနှင့် ပို့လျှင် ဆက် သွယ်ရန် အခက်အခဲ ရှိပါမည်။

ထို့ကြောင့် ဦးပဉ္ဇင်းဦးစိုးအောင်နှင့် တွေ့ရလျှင် ကုန်ကြမ်းရမည်မှာ သေချာ သည်။ ထင်သည့်အတိုင်းပင် ဦးပဉ္ဇင်း က ဤဝတ္ထုတိုလေးကို ရေးထားသည်။

ဦးပဉ္ဇင်းရေးထားသည်ကို ပြန်လည် အချောသတ်ရေးပြီး နက္ခတ္တရောင်ခြည် မဂ္ဂဇင်းသို့ ပို့ပေးမည်ဟု ပြော၍ ယူခဲ့ ပါသည်။

ဦးပဉ္ဇင်းဦးစိုးအောင်သည် လက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်သော နမ့်စမ်းရွာသားမဟုတ်ပါ။ ရေဦးမြို့နယ် အနောက်လယ်တွင် ရှိသော **တာတိုင်ရွာမှ** ဖြစ်ပါသည်။

နမ့်စမ်းတွင် လုပ်ငန်းလုပ်ရင်း အိမ်ထောင်ကျပြီး လက်သမားဆရာ လုပ်နေပါသည်။ ယခု ဒုလ္လဘဝတ်တာ သုံးဝါဆိုပြီး ဖြစ်ပါသည်။ ငါးဝါပြည့်အောင် ဝတ်မည်ဟု မျှော်လင့်ထားပါသည်။

ယခု ဦးပဉ္ဇင်းရေးသော ဝတ္ထုတိုလေးမှာ ဦးပဉ္ဇင်းငယ်စဉ် စတုတ္ထတန်းကျောင်းသားဘဝက သူကိုယ်တိုင် သိခဲ့ရသော အကြောင်းအရာ ဖြစ်ပါသည်။

*   *   *

လွန်ခဲ့သော(၃၈)နှစ်ခန့်(၁၃၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်)က ဖြစ်ပါသည်။ ဦးပဉ္ဇင်း၏ ဇာတိရွာသည် ရေဦးမြို့၏ အနောက်ဘယ်တွင် ရှိ၍ ရေဦးမြို့နယ်နှင့် (၁၆)မိုင်ခန့်ဝေးသော တာတိုင်ရွာ ဖြစ်ပါသည်။

ဦးပဉ္ဇင်းတို့ ငယ်စဉ်က နေခဲ့သော မူလတန်းကျောင်း၏ နေ့စဉ် စဉ်လာမပျက် လုပ်ခဲ့ရသည်ကို တွေးမိတိုင်း ဝမ်းသာပီတိဖြစ်မိပါသည်။

ညနေ လေးနာရီကျောင်းဆင်း ခေါင်းလောင်းထိုးသည်နှင့် အားလုံးသည် ကျောင်းအောက်သို့ ဆင်းကာ အတန်းလိုက် စီတန်းရပ်ကြပါသည်။ ထို့နောက် ကျောင်း၏ တောင်ဘက်တွင် ရွာလယ်လမ်းမကြီး ခြားလျက်ရှိသော ဘုန်းကြီးကျောင်းသို့ လက်ကလေးများပိုက်ကာ စီတန်းသွားရပါသည်။ ကျောင်းအတွင်း အမှိုက်များကို ကောက်၍ အမှိုက်ကျင်းတွင် ပစ်ကြရပါသည်။

ပြီးလျှင် ကျောင်းဝင်းတွင်းရှိ စေတီတော်ကြီးရှေ့တွင် အတန်းလိုက်စီတန်းထိုင်ကြကာ ဘုရားကို ကန်တော့ပြီး ရှိခိုးကြရပါသည်။

ထို့နောက် အငယ်ဆုံး အတန်းမှစ၍ ငယ်စဉ်ကြီးလိုက် တန်းစီကာ ကိုယ့်အိမ်သူ့အိမ်သို့ ပြန်ကြရပါသည်။

ဤသို့ ချစ်စရာ စဉ်လာမပျက် လုပ်ခဲ့ကြသည့် ထိုတစ်နေ့တွင် ပြဿနာ စပါပြီ။ ဒေါ်ရှင်သည် သားသမီးများ ကျောင်းက ပြန်လာလျှင် ညနေစာ စားရန် အရံသင့် ခူးခပ်ပြင်ဆင်ထားပြီး သားသမီးများ ပြန်အလာကို စောင့်ကြို နေပါသည်။

သမီးကြီးမြင့်ကြည် ရောက်လာသဖြင့် **"ဟဲ့ မြင့်ရီကော"**မေးရာ မြင့်ကြည်က**"နောက်က ကစားရင်း လိုက်ခဲ့မှာပါ"**ဟု ဖြေလိုက်ပါသည်။

မြင့်ရီသည် အငယ်ဆုံးသမီးဖြစ်၍ စိတ်မချသဖြင့် မေးမိတာလည်း ဖြစ်ပါသည်။ ထိုစဉ်က မြင့်ရီသည် သူငယ်တန်းကျောင်းသူ အငယ်ဆုံး မိန်းကလေးဟု ဆိုသော်လည်း အသက်(၇)နှစ်၊ (၈) နှစ်အရွယ် ရှိနေပါပြီ။

'ဒီကလေးမလေးဟာ အဆော့ကို အလွန်မက်တယ်၊ မြင့်အောင်နဲ့ မြင့်ရွှေ ရောက်ရင် ထမင်းစားနှင့်ကြ ငါ ရေတစ်အိုး သွားခပ်လိုက်ဦးမယ်'

ဟု ပြောပြောဆိုဆို ထွက်သွားပါသည်။ ဒေါ်ရှင်သည် ရေခပ်ပြန်လာသောအခါ မြင့်အောင်၊ မြင့်ကြည်၊ မြင့်ရွှေတို့ မောင်နှမသုံးယောက် ထမင်းစားနေကြသည်။ မြင့်ရီ ပြန်မရောက်သေးပေ။

ဒေါ်ရှင်လည်း စိတ်တိုလာပြီး...

'ဒီကလေးမကိုတော့ ရိုက်ကို ရိုက်ရဦးမယ်။ ဒီလောက်တောင် အကစားမက်ရတယ်'

ဟု ပါးစပ်မှ တတွတ်တွတ်ပြောပြီး မြင့်ရီကို ရှာရန် ရွာထဲသို့ ထွက်သွားပါသည်။

ဒေါ်ရှင်အိမ်သို့ ပြန်ရောက်သော်လည်း မြင့်ရီမှာ ပေါ်မလာသေးပေ။ သို့ဖြင့် ဒေါ်ရှင်သည် တစ်လမ်းဝင် တစ်လမ်းထွက် ရွာမြောက်ပိုင်းတွင် ရှာခဲ့ရသည်ဖြစ်၍ မောနေပါပြီ။

'ငါလဲ မောပြီး ထမင်းစားဦးမယ်'

ဆိုကာ ထမင်းစားပါသည်။

ထမင်းစားပြီးတော့လည်း မြင့်ရီက ပေါ်မလာ။ မီးထွန်းချိန်ရောက်တော့မည်။ အိမ်တွင်ရှိသော မောင်နှမသုံးယောက်ကိုလည်း ရွာတောင်ပိုင်း၊ မြောက်ပိုင်း ခွဲပြီးရှာရန် လွှတ်လိုက်သည်။

မောင်နှမသုံးယောက် ပြန်ရောက်လာသော်လည်း မတွေ့ခဲ့ကြပေ။ မီးထွန်းချိန် ဖြစ်နေပေပြီ။ ဒေါ်ရှင်လည်း စိတ်ပူလောင်သောကတွေ ဖြစ်လာပြီး ငိုချလိုက်ပါသည်။

'မဖြစ်သေးပါဘူး ဥက္ကဋ္ဌဦးမြှေးမောင်ကို သွားပြောမှပဲ'

ဟု ဆုံးဖြတ် ရွာတောင်ပိုင်းရှိ ဥက္ကဋ္ဌဦးမြှေးမောင်အိမ်သို့ သွားကာ ငိုပြီး မြင့်ရီ ယခုအချိန်ထိ ရောက်မလာကြောင်း ပြောပြပါသည်။

ဥက္ကဋ္ဌဦးမြှေးမောင်က...

'မမရှင် ငိုမနေပါနဲ့ မောင်းထုပြီး တစ်ရွာလုံးကို ခေါ်ပြီး ရှာပေးမယ်'

ဟု ပြောပြီး မောင်းထုလိုက်ရာ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်နှင့် ဥက္ကဋ္ဌအိမ်သို့ ရောက်လာကြသည်။

ဦးမြှေးမောင်က လေးစုခွဲကာ အရပ်လေးမျက်နှာသို့ ဖြန့်၍ ရှာခိုင်းပါသည်။ ရွာတွင်းတွင် မဟုတ်၊ ရွာပြင်တောစပ် လယ်ကွင်းများပါ မကျန် မီးတုတ်များ ထွန်းပြီး ရှာကြပါသည်။

နီးရာရွာသွားများသို့ လူလွှတ်ပြီး မေးခိုင်းသည်။ မည်သို့မျှ ရှာမတွေ့ပေ။

ဤသို့ဖြင့် တစ်ရက်ပြီး တစ်ရက်ရှာ



www.burmeseclassic.com

www.burmeseclassic.com

ကြသည့်မှာ နှစ်ရက်ပင် ကြာခဲ့ပါပြီ။ သတင်းအစအနပင် မကြားရပေ။ ရေဦးမြို့တိုင်အောင် လူလွှတ်ပြီး စုံစမ်းပါသော်လည်း အကြောင်းမထူးပါ။

ရွာထဲတွင် ကလေးမ ပျောက်သည့်အကြောင်းကိုချည်း ပြောနေကြပါသည်။

ခိုင်းချင်လို့ ခေါ်သွားလေသလား။ နားဆွဲကလေး ရချင်လို့ ခေါ်သွားပြီး သတ်လိုက်လေသလား၊ တောထဲရောက်လို့ ကျားဆွဲသွားလေသလား၊ မြွေမျိုလေသလား စသည် စသည် ထင်ကြေးအဖုံဖုံ ပြောနေကြပါသည်။

ရေဦးမြို့ ရဲစခန်းကိုလည်း ဥက္ကဋ္ဌ ဦးဋ္ဌေးမောင်ကိုယ်တိုင် သွားပြီးလည်း အကြောင်းကြားထားပါသည်။

ဒေါ်ရှင်သည် မအိပ်နိုင်မစားနိုင် ပရိဒေဝ မီးတောက်လောင်နေရသလို မြန်မာတို့ ထုံးတမ်းစဉ်လာအရ ဗေဒင်မေး၊ နတ်မေးကြည့်ပါသည်။

ဗေဒင်ကလည်း ဒီကလေးမဟာ သေကိန်းပျောက်ကိန်းမရှိ၊ တစ်ခုခုတော့ ဖြစ်နေတယ်လို့ ဟောသလို နတ်မေးပြန်တော့လည်း နတ်ကတော်က ဒီကလေးမဟာ မသေပါဘူး။ တစ်နေရာရာ ရောက်နေတယ်လို့ ဟောပြန်သည်။

သို့နှင့် ဒေါ်ရှင်သည် မသေသေးဘူးဟု သိရသဖြင့် စိတ်အေးရသလိုလို ဘယ်လိုမှ ရှာမတွေ့နိုင်တာကလည်း ပူပန်ကြောင့်ကြ ဖြစ်ရပြန်ပါသည်။

သုံးရက်မြောက်သောနေ့တွင် ဥက္ကဋ္ဌ ဦးဋ္ဌေးမောင်နှင့် ရွာရှိလူကြီးများ ဒေါ်ရှင်အိမ်တွင် ဆုံကြပြီး အမျိုးမျိုး သုံးသပ်ဝေဖန်ကြပါသည်။

ဘယ်လိုမှ ရှာမတွေ့မှတော့ သေသည်ရှင်သည်ဖြစ်စေ ကလေးမလေးအတွက် ကောင်းမှု ကုသိုလ်ပြုလုပ်ပြီး



အမျှပေးဝေတာ အကောင်းဆုံး ဖြစ်သည်ဟု ဆုံးဖြတ်ကြပါသည်။

ဒေါ်ရှင်နှင့် ဆွေမျိုးသားချင်းမိသားစု အားလုံးလည်း ငိုကြွေးကြနှင့် ဆူညံနေပါတော့သည်။

ညနေတွင် ဥက္ကဋ္ဌဦးဋ္ဌေးမောင်သည် စီစဉ်စရာရှိတာများကို စီစဉ်ပြီးပြီဖြစ်၍ လယ်တောသို့ မရောက်တာလည်း သုံးရက်ရှိသွားပြီ၊ လယ်တောသို့ သွားကြည့်ဦးမယ်ဟု အိမ်သို့ပြန်ကာ ပေါက်ပြားထမ်းလျက် ရွာလယ်လမ်းမအတိုင်း ထွက်လာပါသည်။

ထိုစဉ် ကျောင်းစိမ်းလုံချည်လေး ဝတ်လျက် လွယ်အိတ်လွယ်ကာ လျှောက်လာသော ကလေးမကို တွေ့ရာ...

'ဟဲ့ ကလေးမ နင်ပျောက်နေတဲ့ ဒေါ်ရှင်ရဲ့ သမီးမဟုတ်လား'

ဟု ဦးဋ္ဌေးမောင် လာမေးသည်ကို ထိုကလေးမက **"ဟုတ်ဘူးရှင့်"**ဟု ဖြေပြီး ရွာမြောက်ပိုင်းသို့ ပြေးသွားပါသည်။

ဦးဋ္ဌေးမောင်လည်း ဒီကလေးမကို တွေ့ဖူးသလို စိတ်ထဲကသာ တွေးမိပြီး လယ်တောသို့ ဆက်သွားပါသည်။

မကြာမီပင် ရွာထဲ၌...

'မမရှင်ရဲ့ သမီးပြန်ရောက်လာပြီ'

ဟူ၍ အုတ်အော်သောင်းတင်း ကျွက်ကျွက်ညံသွားပါသည်။ တစ်ရွာလုံး မျှော်လင့်နေကြသည့်အတိုင်း သူ့ဘာသာပြန်လာသဖြင့် အံ့ဩဝမ်းသာကြပါသည်။

ဒေါ်ရှင်ကိုယ်တိုင် ဝမ်းသာလွန်း၍ မြင့်ရီကို ဖက်ပြီး ငိုလေတော့သည်။ နောက်မှ...

'နင်ဘယ်ရောက်နေတာလဲ သုံးရက်ရှိပြီ ပျောက်နေတာ'

ဟု ဒေါ်ရှင်က မေးရာ ကလေးမလေးက ဘာဖြေလို့ ဖြေရမှန်းမသိဘဲ ကြောင်တိကြောင်တက်ဖြစ်နေသည်။

သူ့စိတ်ထဲတွင် စောစောကမှ ကျောင်းဆင်း၍ တစ်ခဏလေး "မမ" နောက်လိုက်သွားခြင်းသာ ဖြစ်သည်ဟု ထင်နေသည်။

အမေနှင့် အားလုံးက သုံးရက်ကြာသွားပြီဟု ပြောရာ ဘယ်လိုမှ မဖြစ်နိုင်ဟုသာ စိတ်ထဲက ထင်နေပါသည်။

'အပျိုမလေးတစ်ယောက်က မမနောက် ခဏလိုက်ခဲ့လို့ခေါ်တယ်၊ အမေ မျှော်နေမယ် ပြောတော့ ခဏလေးပါ လိုက်ခဲ့ပါလို့ ပြောလို့ လိုက်သွားတာ'

ဟု ပြန်ဖြေပါသည်။

'တော်သေးတာပေါ့ဟယ်၊ မသေကောင်း မပျောက်ကောင်း ပြန်ရောက်လာပေလို့'

'ကလေးမလေးက ကြောင်တောင်တောင်နဲ့ တို့သေးမိထားသလား'

'သူ့နားဆွဲလေးလဲ ပြန်ပါလာတယ်ဆိုတော့ ပစ္စည်းရချင်လို့လဲ မဟုတ်ပါဘူး'

'သူကတော့ အခုလေးတင် ခဏလေးရှိသေးတယ်လို့ ပြောတယ် ဘာမှန်းမသိဘူး'

'သူ့အမေက မေးတော့ အပျိုမလှလှလေးက ခေါ်သွားတာလို့ပဲ ဖြေနေတယ်'

www.burmeseclassic.com

စသည် စသည် အမျိုးမျိုးအဖုံဖုံ ပြောနေကြပါသည်။

ဥက္ကဋ္ဌဦးဌေးမောင် လယ်တောက ပြန်ရောက်ရောက်ချင်း ဒေါ်ရှင်သမီး ပြန်ရောက်ကြောင်း သိသည်နှင့် ဒေါ်ရှင်အိမ်သို့ လာခဲ့ရာ မကြာသေးခင် လယ်တောသို့သွားစဉ်က **"နှင် ဒေါ်ရှင်ရဲ့သမီးမဟုတ်လား မေးတော့ ဟုတ်ဘူးရှင့်"**လို့ ဖြေပြီး ပြေးသွားသော ကလေးမလေး ဖြစ်နေသဖြင့် ဘယ်လို ပြောရမှန်း မသိအောင် ဖြစ်သွားပါသည်။

'နင့်ကို ငါတွေ့တုန်းက နင် ဒေါ်ရှင်သမီးမဟုတ်လားလို့ မေးတော့ နင်က ဟုတ်ဘူးရှင့်လို့ ဘာဖြစ်လို့ ဖြေသွားသလဲ'

ဟု ဦးဌေးမောင်က ကလေးမလေး မြင့်ရီကို မေးရာ...

'ခေါ်သွားတဲ့ မမက ဟုတ်ဘူးရှင့်လို့ ဖြေလိုက်ဆိုလို့ ကျွန်မလဲ ဖြေလိုက်တာ'

'အဲဒီအပျိုမလေးက ဘယ် ဘယ်ကို ခေါ်သွားတာလဲ'

'ဟိုဘက်က တောထဲကို ခေါ်သွားတာ'

ဟု ဖြေလည်း ဖြေရင်း ရွာအနောက်မြောက်ဘက်သို့ လက်ညှိုးထိုးပြပါသည်။

'လူတွေလဲ အများကြီး၊ အိမ်လှလှလေးတွေနဲ့ နေကြတာ၊ ဗိုက်ဆာတယ်ပြောလို့ ငှက်ပျောသီးတစ်လုံး ကျွေးတယ်၊ အိမ်တွေ လူတွေ လိုက်ပြတယ်'

ဟုလည်း ပြောပါသည်။

'တွေ့တဲ့လူတွေက နင့်ကို ဘာပြောသလဲ'

ဟု မေးရာ...

'ဘာမှတော့ မပြောကြဘူး၊ ကျွန်ုပ်ကိုတော့ ပြုံးပြီး ကြည့်နေကြတယ်'

ပြန်ဖြေပါသည်။

'သုံးရက်နေရတာဆိုတော့ ဗိုက်မဆာဘူးလား'

ဟု မေးရာ...

'ခေါ်သွားစက ငှက်ပျောသီးတစ်လုံး ကျွေးတယ်၊ အဲဒီမှာပဲ ဘယ်မှမသွားဘူး ခုံတန်းလေးပေါ် ထိုင်နေကြတယ်။ အိမ်ပြန်ချင်ပြီပြောတော့ တအောင့်နေ ပြန်တာပေါ့ဟယ်လို့ ပြောပြီး ငှက်ပျောသီးတစ်လုံး ကျွေးပြန်တယ်'

'နောက်တော့ကော'

'လူကြီးတစ်ယောက် ရောက်လာတယ် သူ့မိဘတွေ ဒုက္ခရောက်နေပြီ သွားပြန်ပို့ချေလို့ပြောတယ်'

'အဲဒီမမက ပြန်ပို့မှာပါပြောပြီး လာသွားစို့လို့ ခေါ်လို့ လာခဲ့တာ လမ်းမှာ ငှက်ပျောသီးတစ်လုံး ကျွေးပြန်တယ်'

ဟု ပြန်ပြောပြနေပါသည်။ ဆက်ပြောသည်မှာ...

'ရွာထဲရောက်တော့ ဦးလေးဌေးမောင်နဲ့ တွေ့ပြီး ဦးလေးဌေးမောင် လာမေးတာကို ဟုတ်ဘူးလို့ပြောလိုက်ဆိုလို့ ကျုပ်က ဟုတ်ဘူးလဲ ပြောလိုက်ရော အဲဒီ မမ မရှိတော့ဘူး။ ဒါနဲ့ ကျုပ်လဲ အိမ်ကို ပြေးပြန်ခဲ့တာ'

ဟု သေသေချာချာ မှတ်မိသရွေ့ ပြန်ပြောပြပါသည်။

ရွာထဲက လူတွေကတော့ ပရလောကသားတွေလား၊ ဘယ်ဘုံဘဝသားတွေလဲ ဥစ္စာစောင့်လား၊ ကျတ်တစ္ဆေလား၊ ချစ်၍ ခေါ်တာလား၊ နတ်ဝှက်တာလား၊ ချစ်၍ခေါ်တာဆိုရင်လဲ အသက်နုတ်ပြီး ခေါ်မသွားတာတောင် ကံကောင်းသေးရဲ့ဟု အမျိုးမျိုး ပြောစရာတွေ ဖြစ်လာပါသည်။

ပြောလည်း ပြောကြပါသည်။ ယနေ့ချိန်ထိ အဖြေမပေါ်ပါ။

**စိုးအောင်(စမ်းသီတာ)**

* * *

စာရေးသူသည် ဦးပဥ္စင်းဦးစိုးအောင် ရေးထားသော ဝတ္ထုတိုကို ဖတ်ပြီး မေးချင်တာလေးတွေ ရှိလာပါသည်။

ထို့ကြောင့်...

'မြင့်အောင်၊ မြင့်ကြည်၊ မြင့်ရွှေ၊ မြင့်ရီတို့ ယခုချိန်ထိ ရှိကြသေးသလား'

ဟု မေးရာ...

'ရွာမှာတော့ မြင့်ကြည် တစ်ယောက်တည်းရှိတော့တယ်၊ ကျန်တာတွေက အိမ်ထောင်ကျပြီး တခြားဆီရောက်ကုန်ကြပြီ'

ဟု ဖြေပါသည်။

'ဦးပဥ္စင်းတို့ရွာနားမှာ ကျတ်ကုန်းရှိသလား၊ အဲဒီလိုဖြစ်ပြီး နောက်ထပ်တွေကော တွေ့ဖြစ်သေးလား၊ ကျတ်တွေ,တစ္ဆေတွေနဲ့ တွေ့ကြတယ်လို့ ရှိသေးလား'

'အဲဒီတုန်းက တစ်ခါပဲ ဖြစ်ခဲ့ဖူးတာပါ၊ နောက်ထပ် ကျတ်တို့,တစ္ဆေတို့, ဥစ္စာစောင့်တို့နဲ့ တွေ့တယ်လို့ မကြားဖူးဘူး။ ကျုပ်တို့ ရွာနားမှာလဲ ကျတ်တွေ ရှိတယ်လို့ မသိရဘူး။

ကျုပ်တို့ ရွာနဲ့ လေး,ငါးမိုင်လောက်ဝေးတဲ့ ဆီးပြားကုန်းရွာနားမှာ ကြုံခဲ့ဖူးတဲ့ လူတွေတော့ ရှိတယ်။ ဆရာကြီး စာရေးရအောင် ပြောပါဦးမယ်။ ခုတော့ ဆွမ်းစားချိန်ရောက်လို့ ဆွမ်းစားကျောင်းကို သွားတော့မယ်'

ဟု ပြောကာ ဦးပဥ္စင်းဦးစိုးအောင်က ထလိုက်ပါသည်။

'နောက်ထပ်တွေ့မှ ပြောပြပါဦး ဘုရား၊ တပည့်တော် စာရေးစရာ ရတာပေါ့'

ဟု စာရေးသူကလည်း ပြောရင်း ထလိုက်ပါသည်။

**သဗ္ဗေ သတ္တာ ကမ္မသကာ**

**ကသော သင်းရွှေ**



www.burmeseclassic.com

www.burmeseclassic.com

# ကြုံခဲ့ဖူးရင်ဖြင့်

## ပြောပြစေလို

ဦးကျော်
(လှိုင်သာယာ)



အစုတ်တစ်မျိုး အရူးလိုတစ်ဖုံ
တောမခြား တောင်မလပ်
အမှတ်မဲ့တွေ့ကြုံ
ကြုံတိုက်လို့ဆုံ
ယုံနိုင်ရန်ခက်ခဲ
စိတ်ရှိလို့ ရိပ်မိရင်ကွယ်
သိဒ္ဓိပါ
အပ်နှင်းမယ်ကွယ့်လေး။

အထက်ပါ စာချိုးလေးကို ကျွန်ုပ်၏ အဘဆရာဖြစ်သူ မကြာခဏ ဆိုသလို ရေရွတ်ခဲ့ဖူးသည့် သံစဉ်တစ်ခုပင် ဖြစ်သည်။

ထိုစာသွားလေး၏ အနက်အဓိပ္ပါယ်ကို ကျွန်ုပ်သည် တစ်ကြိမ်တစ်ခါမှ နက်ရှိုင်းစွာ အတွေးပေါက်အောင် ယောင်၍မျှပင် မတွေးခဲ့ဘူးချေ။

ယခု အဘဆရာတစ်ယောက် တမလွန်ခရီးသို့ အပြီးအပိုင် ထွက်ခွာသွားခဲ့သည်မှာ လပေါင်းအတော်ပင် ကြာခဲ့ချေပြီ။

သို့သော်...

ထို ကဗျာလိုလို ကာရန်မဲ့ တေးစာသွားတစ်ခုလို သံစဉ်များသည် ကျွန်ုပ်၏ နား၌လည်းကောင်း၊ ရင်၌လည်းကောင်း အနီးအဝေး မခန့်မှန်းနိုင်သော်လည်း တစ်ရံမလပ် ကြားယောင်နေဆဲဖြစ်သည်။

တကယ်တမ်း ပြန်လည် ပြောပြရဦးမည်ဆိုလျှင် ထိုကြုံဆုံခဲ့ရသည့် အဖြစ်အပျက်တို့က ကြာခဲ့ပါပြီ။

*　　*　　*

လွန်ခဲ့သော အချိန်ကာလတို့၏ နှစ်လတို့ကို လက်ရေချိုး၍ ရေတွက်ကြည့်လျှင် ကြာခဲ့ပြီဟု ဆိုနိုင်ကောင်း ဆို၍ ရနိုင်သော်လည်း ကျွန်ုပ်၏ နှလုံးအိမ်တို့၌ မနေ့တစ်နေ့ကမှ အဖြစ်အပျက်များဟု စိတ်ဝယ် ယိုးမှားရှိခဲ့ချေပြီဆိုတာ ကျွန်ုပ်မှတစ်ပါး အခြားသူတို့ သိနိုင်စွမ်းမည် မဟုတ်ချေ။

ကျွန်ုပ်သည် အဘဆရာနှင့် မဆုံစည်းခဲ့စဉ်က ယခု ကျွန်ုပ်၏ **ဆရာရဟန်းသည် သက်တော်(၈၀) ကျော်ခဲ့ပြီး** ဆရာဒကာနှစ်ဦး ဦးဆောင်ဦးရွက်ကာဖြင့် ဤရပ်ဤရွာ ဤတောင်ခြေ၌ ရှိခဲ့သော ယိုယွင်းပျက်စီးနေသည့် စေတီကြီးကို ပြန်လည်ပြုပြင်

www.burmeseclassic.com

တည်ဆောက်ခဲ့ကြသည်။

ပြုပြင် တည်ဆောက်ခဲ့ကြသည်ဟု ဆိုရသော်လည်း လက်ဝယ်၌ အလှူဒါနငွေကြေးများ ထိုက်ထိုက်တန်တန် မရှိကြချေ။

သို့ကြောင့်လည်း စေတီတော်ကြီးကို ဆက်လက်ပြုပြင်နိုင်ရန် အခက်အခဲပေါင်းများစွာ ရင်ဆိုင်နေခဲ့ကြရသည်။

တစ်နေ့သ၌ ကျွန်ုပ်၏ဆရာသည် အသက်အရွယ် အိုမင်းရင့်ရော်နေဟန်ရှိသော်လည်း သန်မာဖျတ်လတ်သည့် ဟန်ပန်ရှိသော အဘိုးအိုတစ်ယောက်ကို ကျွန်ုပ်တို့၏ ယာယီ တည်းခိုနေထိုင်ရာ တဲကလေးအတွင်းသို့ ခေါ်ဆောင်ကာ ရောက်ရှိလာသည်။ အနီးသို့ရောက်လျှင် ကျွန်ုပ်အား ဆရာတော်မှ...

'မောင်စိန်မြင့်'

'ဘုရား'

'ဒါက ဦးယွင်း လူ့ဘဝမှာ အင်္ဂလိပ်လိုက်စားစဉ်က အင်္ဂလိပ်ဆရာကြီးပဲကွ'

ဆရာရဟန်း၏ မိတ်ဆက်ပေးမှုကြောင့် အဆိုပါ အဘိုးအိုကို သိကျွမ်းခင်မင်ခွင့် ရခဲ့သည်။ ထို့နောက် ဆရာရဟန်းသည် ထိုအဘိုးအိုအား...

'ဆရာရေ ဘုန်းကြီးတို့တော့ ဒီစေတီကြီးကို ဒီမိုးမကျခင်အထိ ဆက်လက်ပြုပြင်နိုင်စွမ်းမရှိတော့ဘူး။ ဆရာ တစ်ဖက်တစ်လမ်းမှ အကူအညီပေးခဲ့ပါဦး'

'အို...ဒါများ ဘုန်းကြီးရယ် လွယ်ပါတယ်။ ဘုန်းကြီး ဖိုခွဲနိုင်သေးလား'

'အင်း...အသက်အရွယ်က ကြီးရင့်လာတော့ သိပ်ပြီးတော့ အမောအပန်း မခံနိုင်တော့ဘူး။ ဟိုစဉ်ကလိုတော့ ဖိုဘယ်ခွဲနိုင်တော့မတုံး'

'ဒါဆိုလဲ ဘုန်းကြီး စိတ်ချယုံကြည်ရတဲ့ တပည့်တစ်ယောက် လွှတ်လိုက်ပါ'

အဆိုပါ အဘိုးအိုသည် အသက် အရွယ်ကြီးရင့်ပြီဟု စိတ်၌ ထင်မှတ် ရသော်လည်း သွားလာရာတွင် လူငယ်တစ်ဦးပမာ ဖျတ်လတ်သွက်လက်နေသူမို့ ထိုအဘိုးအို ပြန်သွားပြီးနောက် ကျွန်ုပ်၏ ဆရာရဟန်းဖြစ်သူအား ထိုအဘိုးအို၏ အသက်အရွယ်ကို စူးစမ်းမေးမိလိုက်သည်။

'ဆရာတော် ဒီအဘိုးကြီး အသက် ဘယ်လောက်ရှိပြီးလဲ၊ အတော်ကို သန်မာ သွက်လက်ပုံရတယ်။ တပည့်တော် မခန့်မှန်းတတ်ဘူး'

'အင်း...ခုဆိုရင် ဆရာ့ရဲ့အသက် (၁၂၀) လောက်တော့ ရှိရောပေါ့။ အေး...မင်း အဲဒီဆရာကြီးထံမှာ အင်္ဂလိပ်နဲ့ ပတ်သက်တဲ့ ပညာကို သွားပြီး သင်ရမယ်။ အဲဒီပညာနဲ့ တို့ အခုပြုပြင်ဖို့ ကျန်နေတဲ့ ဒီစေတီကြီးကို ဆက်ပြုပြင်နိုင်မှာပေါ့ကွာ'

* * *

ထိုသို့ဖြင့် ကျွန်ုပ်သည် ထိုဆရာဘုန်းကြီး၏ လမ်းညွှန်မှုနှင့် အဘဆရာ အိုထံသို့ ရောက်ရှိလာခဲ့သည်မှာ ယခုဆိုလျှင် (၁၅)ရက်ပင် မကတော့ချေ။

မည်သည့်ပညာရပ်များမှ မပေးသေး၍ မရရှိခဲ့သေးပေ။ ကျွန်ုပ်ကိုသာ နေ့စဉ် အကဲခတ်သယောင် နေမြဲစားမြဲ နေခဲ့ရာမှ တစ်နေ့ အဘဆရာမှ...

'မောင်စိန်မြင့်'

'ခင်ဗျား'

'မင်းမှာ သစ္စာ၊ လူမှာ ကတိ ဆိုတဲ့စကားကိုတော့ မင်း ကြားဖူးမှာပါ။ မင်းဧကရာဇ်တို့မှာ သစ္စာတရားတို့ကို စောင့်ထိန်းအပ်သလို လူမှာလဲ ကတိဆိုတာ တစ်ခုကို ပေးပြီးရင် တည်တံ့နိုင်မြဲအောင် ကျင့်ဆောင်ရတယ်။



ကတိသစ္စာ တည်လို့ရှိရင် နွယ်မြက်သစ်ပင်တို့၌ ပိုမိုသြဇာ ထက်မြက်ပြီး ဆေးအဖြစ် အသုံးချနိုင်တယ်။ ဒါကြောင့် "ကတိသစ္စာတည်သော အခါဝယ် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" လို့ ရှေးသူဟောင်းတို့ဆိုစကားမှတ်ခဲ့ကြတယ်'

အဘဆရာအိုသည် ကျွန်ုပ်အား မည်သည့် ရည်ရွယ်ချက်များနှင့် ထိုသို့ စကားပလ္လင်များကို အကျယ်တဝင့် ပြောနေခဲ့သည်ကို ဟိုတစ်ချိန်တုန်းက နားမလည်ခဲ့သလို ယခုအချိန်အထိလည်း ဘာကြောင့် ထိုစကားများကို အဖန်တလဲလဲ ဆိုခဲ့ပြောခဲ့သည်ကို ရင်၌ နားလည်ခဲ့သယောင်ယောင်ရှိချေ၏။

'မင်းရဲ့ကတိကို တည်ပါစေ။ အဲဒီ ကတိက အခု ငါသင်ပေးမယ့် ပညာရပ်ကို မင်းဆရာကိုလဲ မပေးနဲ့။ မင်းရဲ့ သားမယားကိုလဲ မပြနဲ့။

ဒါပေမယ့် ဒီပညာနဲ့ လုပ်ကျွေးသမှုတော့ ပြုပေါ့ကွာ။ ပြီးတော့ မင်းတို့ မပြီးဆုံးနိုင်သေးတဲ့ စေတီကြီးအတွက်လဲ ဒီပညာနဲ့ လိုအပ်တာတွေ လုပ်ပေးလိုက်ပေါ့ကွာ'

ကျွန်ုပ်သည် အဘဆရာအို၏ သွန်သင်ညွှန်ပြပေးမှုအောက်၌ အင်္ဂလိပ်ပညာ၏ စားလမ်း ထောက်လမ်း ပညာရပ်များ၏ လမ်းဆုံးသို့ အလွယ်တကူ တတ်မြောက်ခဲ့ပေတော့သည်။

ထိုသော ကာလများတွင် ကျွန်ုပ်သည် အဘဆရာအိုကို ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးဘိသကဲ့သို့ ပြုကျင့်နေထိုင်ခဲ့သည်။

အတူနေစဉ် ဘဝများတွင် အဘဆရာသည် (၇)ရက်,(၈)ရက် ဆိုသလို

www.burmeseclassic.com

အမိဋ္ဌာန်များ မကြာခဏ ဝင်ရောက်ကာနေခဲ့သည်။ ထိုသို့ ဝင်ရောက်ချိန်များတွင် အဘဆရာသည် ကျွန်ုပ်အား အမှာစကား ထားရှိခဲ့သည်။

'မောင်စိန်မြင့် မည်သည့် ရဟန်း
ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်မဆို
ငါတရားမှတ်နေတဲ့အချိန်မှာ ရောက်လာရင်
ငါ့ထံမှ ချောင်းဟန့်သံ မကြားရမချင်း ငါ့ကို
လာမခေါ်နဲ့။

ဆွမ်းကွမ်းကိစ္စလဲ ဒီလိုပဲ နေမွန်းတည့်ချိန်မှ ငါ တရားမဖြုတ်သေးရင် ငါ့ကို မခေါ်နဲ့တော့ မင်းသာ အကုန်စားပစ်လိုက်တော့ကွာ'

ထိုသို့ အဘဆရာသည် တစ်ရက်မြောက်၊ နှစ်ရက်မြောက် ဆိုသလို ထမင်းမစား ရေမသောက်ဘဲဖြင့် ကျင့်ကြံနေထိုင်ခဲ့သလို တစ်ခါတစ်ရံ (၇)ရက်၊(၉)ရက်တိုင်အောင် ကျင့်ကြံနေထိုင်ခဲ့သည်။

တစ်ခါတစ်ရံ လူတို့၏ အတိတ်အနာဂတ်များကိုလည်း အမှတ်မထင် ဟောပြော တတ်သည်များကိုလည်း တွေ့ရတတ်သည်။

ထိုသို့ ဟောပြောမှုများထဲမှ ကျွန်ုပ်၏ တောင်ခြေ၌ ကျန်ရစ်ခဲ့သော ဆရာရဟန်းအား…

'မောင်စိန်မြင့် မင်းဆရာဘုန်းကြီးကတော့
နေရ နောက်(၃)လပေါ့ကွာ။ သူ ဒီစေတီကြီး
ကို ထီးမတင်ဖြစ်ခဲ့ပါဘူး'

ထိုသို့ အဘဆရာ၏ အတိတ်အနာဂတ် ဟောပြောမှုများ၊ ကျင့်ကြံနေထိုင်ခဲ့မှုများသည် အဘယ်မျှ ပေါက်ရောက်ခဲ့သည်ကို အသိပညာ အားနည်းခဲ့သော ကျွန်ုပ်သည် တစ်ကြိမ်တစ်ခါမျှပင် မစဉ်းစားခဲ့ဘူးချေ။

ထိုသို့ အဘဆရာအိုနှင့် ကျွန်ုပ်သည် ရက်ပေါင်းများစွာ အတူနေထိုင်



လာခဲ့ကြခြင်းဖြင့် အချိန်ကာလတို့သည် ကုန်လွန်ခဲ့သည်။ အဘဆရာအိုထံမှ နည်းနာနိဿယ ပညာရပ်များကို အတော်အသင့် ရရှိခဲ့သည်။

ထို့နောက် ယခင် ဆရာဘုန်းကြီးထံသို့ ပြန်လွှတ်ခဲ့၍ ပြန်လာခဲ့ရသည်။ မပြီးဆုံးသေးသော စေတီကြီးအတွက်လည်း ပြုပြင်မှုများကို ဆက်လက်လုပ်ကိုင်ကာ နေခဲ့သည်။

အဘဆရာအို ပြောကြားခဲ့သလို ကျွန်ုပ်၏ ဆရာဘုန်းကြီးသည် စေတီတော်ကြီး မပြီးဆုံးမီ ပျံလွန်တော်မူသွားခဲ့သည်။

ယခုတော့ အရာအားလုံးတို့သည် အတိတ်၌ မှုန်ဝါးဝါးဖြင့်သာ ကျန်ရစ်ခဲ့ပါပြီ။ ထိုစဉ်က အဘဆရာသည် မည်သို့သော ပုဂ္ဂိုလ်ထူးဆိုတာ မစဉ်းစားမိ၊ မရိပ်မိခဲ့ပေ။

ယနေ့ ကျွန်ုပ်၏ စိတ်ဘဝင်တို့၌ ရေးရေးမျှ စဉ်းစားမိသော အချိန်တို့တွင် အဘဆရာသည် ကျွန်ုပ်၏ အနီး၌ မရှိတော့ချေ။

ကျွန်ုပ်၏အနီး၌ တရစ်ဝဲဝဲ ပျံ့လွင့်ကျန်ရစ်နေခဲ့သည်မှာ အဘဆရာအို၏ ကဗျာလိုလို တေးသွားသံစဉ်တစ်ခုသာ လွမ်းဆွတ်ဖွယ်ရာ ကျန်ရစ်ခဲ့တော့သည်။

* * *

တစ်ခါတစ်ရံ လူတို့စိတ်အစဉ်၌ မေ့ပျောက်သွားခဲ့ပြီဟု အမှတ်တမဲ့ နေထိုင်လာခဲ့သည့် အကြောင်းအရာတို့သည် တိုက်ဆိုင်မှုများနှင့် ပြန်လည်ဆုံစည်းခဲ့ကြသောအခါ အသစ်တစ်ဖန် ပြန်လည် အမှတ်ရလာစေခဲ့တော့သည်။

ထိုသို့ဖြင့် တစ်နေ့သောအခါ၌ ကျွန်ုပ်နှင့် သူငယ်ချင်းနှစ်ယောက်တို့သည် ဆရာကြီးတစ်ဦးထံ၌ ဆေးဝါးအင်းအိုင်တို့ လိုက်စားခဲ့စဉ်က ပုပ္ပါးတောင်မကြီးပေါ်သို့ ဆေးဝါးများ အလို့ငှာ အရှာထွက်ခဲ့ဖူးကြသည်။

ထိုသို့ သွားလာရာတွင် လမ်းတွင် စားသောက်ရန် အလို့ငှာ ရိက္ခာများ၊ ရေများကို တစ်နိုင်ထမ်းယူ၍ တောင်မကြီးပေါ်သို့ တက်ရောက်သွားခဲ့ဖူးသည်။

ထိုသို့ သွားခဲ့ကြရာတွင် တောင်မကြီး၏ တစ်နေရာတွင် **ရဟန်းတစ်ပါးနှင့် အဘိုးအိုတစ်ဦးတို့သည်** တရားကျင့်ကြံနေထိုင်ကြသည်ကို လမ်းခရီး၌ တွေ့ခဲ့ကြသည်။

အနီးဝန်းကျင်၌ မည်သည့် အဆောင်အယောင်မျှ မတွေ့ရပါ။ ထို့ပြင် ထိုသူတို့၏အနီးဝန်းကျင်၌ စားအိုးစားခွက်များ မတွေ့ရသလို ရေအိုးရေခွက်များတောင်မှ မတွေ့ရှိကြရပေ။

ကျွန်ုပ်တို့ လူငယ်များမှာ သန်မာသူများဖြစ်ကြ၍ ဤတောင်ပေါ်ခရီးသို့ ရိက္ခာအပြည့်အစုံနှင့် သောက်ရေများ ပါမကျန် ယူလာပြီး တစ်ပိုင်တစ်နိုင် ထမ်း၍ တက်လာခဲ့သည်။

အဆိုပါ မျက်စိအမြင်ရှေ့၌ မြင်တွေ့နေရသော အဆိုပါ ပုဂ္ဂိုလ်များမှာ အဘယ်ကဲ့သို့ စားသောက်နေကြသနည်းဆိုသည်ကို ထိုစဉ်က မိမိ၏ အတွေးအိမ်ထဲသို့ အတွေးတစ်စ



www.burmeseclassic.com

www.burmeseclassic.com

# မျှဝေခံစားခြင်း

ဘိလ
(ရေတာ်ခွန်တောင်)



[၁]

အချိန်တွေပြောင်းလို့ ရက်တွေလဲ ကြာညောင်းခဲ့ရပြီ။

နုပျိုမှုတွေ ကုန်ဆုံးလို့ သေခြင်းတရားကို သတိထားမိတဲ့ အရွယ်လဲ ရောက်လာခဲ့ရပြီ။

ဒီလိုဆိုတော့ လွန်ခဲ့တဲ့ (၁၅)နှစ်က သွားနှင့်တဲ့ အဖေနဲ့၊ ပြီးခဲ့တဲ့ (၃)နှစ်ကမှ လိုက်သွားတဲ့ အမေတို့ကို စိတ်မျက်ဝန်းထဲမှာ ထင်ယောင်မြင်ယောင် လာတော့တယ်။

**အမေ... အဖေ...**

မွေးခဲ့ ကျွေးခဲ့ရုံမက လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့တဲ့ ကျေးဇူးရှင် အဖေနဲ့ အမေကို ခုချိန်မှာ ဘယ်လို ကျေးဇူးဆပ်ရပါ့မယ်။

သတိတရနဲ့ စိတ်ကူးအဝင်မှာ အတွေးတစ်ချက်က လက်ခနဲ ပေါ်လာတော့တယ်။ တယ်လီဖုန်းဆီလဲ အလို အလျောက် လက်လှမ်းမိပြီးသား ဖြစ်သွားရတယ်။

'ဩော်...ညီမငယ်လား၊ အစ်ကိုပါ။ ညည်းအစ်မ ရှိရဲ့လား၊ ကဲ...ညီအစ်မနှစ်ယောက် အစီအစဉ်တစ်ခု ဆွဲစမ်းပါရဲ့။ သန်ဘက်ခါ **အဖေ့(၁၅)နှစ်မြောက် နှစ်လည်မို့လား။** အဲဒါ အဖေနဲ့အမေ့ကို ရည်စူးပြီး ဆွမ်းလေး ကပ်ကြဦးစို့။

ဘုန်းကြီး(၅)ပါး ပင့်လိုက်ပေါ့။ ပြီးတော့ ဆွေစုံမျိုးစုံ ဖိတ်လိုက်၊ ထမင်းပဲကျွေးမယ်။ အရပ်ထဲက အစ်ကို့သူငယ်ချင်းတွေလဲ မကျန်စေနဲ့နော်။

အဲ...ညည်းတို့ အစ်မကြီးလဲ ဖိတ်လိုက်ဦးပေါ့။ မနက်ဖြန် ကားနဲ့ အစ်ကိုတို့ လိုက်လာခဲ့မယ်။ ဒါပဲနော်'

[၂]

မရောက်တာကြာပြီဖြစ်တဲ့ မွေးရပ်မြေဆီ သွားရပါဦးတော့မယ်။

ကြားကာလတွေမှာ အဖေ၊ အမေနဲ့ ညီအစ်ကိုမောင်နှမတစ်စုတို့ ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြတဲ့ အဖြစ်တွေကို တစ်နေ့မှ မေ့သွားတယ် မရှိခဲ့ပါဘူး။

ဒါပေမယ့် လွန်ခဲ့တဲ့ (၃)နှစ် အမေကွယ်လွန်ပြီးချိန်မှာ အစ်မဖြစ်သူက ကျွန်တော့်တူ သူ့သား လင်မယားကို ပိတ်ထားတဲ့ အမေ့အိမ်ပေါ် ဖွတ်တင်ထားလို့တော့ စိတ်ထဲ ခိုးလို့ခုလု ဖြစ်ဖြစ်သွားရတယ်။

ပိတ်ထားတယ်ဆိုတာက အဖေကွယ်လွန်လို့ ကျန်ခဲ့တဲ့ ခြံလုပ်ငန်းကို ညီမငယ် ဦးစီးကတည်းက ညီမကြီးနဲ့ အမေပါ ခြံပါ ပြောင်းနေကြလို့ပါ။

အနိုင်အထက် ပြုကျင့်တာအတွက် သူ လုပ်ရဲပေမယ့် ကျွန်တော်တို့က ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်မှာစိုးလို့ မတုံ့ပြန်ရဲကြဘူး။ စိတ်ထဲမှာပဲ သိုသိပ်ထား နေလိုက်ကြတယ်။

အခုတော့ မွေးရပ်မြေဆီ ပြန်ရမယ့် အရေးမှာ ဒီကိစ္စက ခေါင်းထဲ ပေါ်လာပြန်လို့...

'ဩော်...ငါ့မှာတော့ ဗုဒ္ဓနုသဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပြီးတိုင်း၊ အလှူအတန်းပြုလုပ်ပြီးတိုင်း အဖေ,အမေတို့နဲ့ တန်းတူ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်တွေကို လှမ်း,လှမ်းပြီး အမျှဝေရ မေတ္တာပို့ရနဲ့ သူတို့ကတော့ ငါ့ကို ဘာမှ မကူညီကြဘူး လား'

'လူမှတန် ကံချ" မဟုတ်တော့ဘူး ကိုယ့်မစွမ်းလို့ အစေ့အရောက်ပိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရာကို ရမ်းတော့တဲ့ သဘောပေါ့လေ။ အားထုတ်ပွားများအပြီး ညအိပ်ရာဝင်ခါနီးမှာ ဒီလိုလေး စိတ်ထဲဖြစ်သွားလိုက်တော့တယ်။

[၃]

'ဟား...ဟကောင်ကြီး သီလ'

'သီလတို့ ရောက်လာပြီဟေ့'

မွေးရပ်မြေရဲ့ ညနေစောင်း ခြံထဲအဝင် ခြေလှမ်းတွေမှာ ရောက်နှင့်နေတဲ့ သူငယ်ချင်းတွေနဲ့ ဆွေမျိုးတွေက နှုတ်ဆက်ကြတယ်။ အဖေ၊ အမေ ရှိစဉ်ကတော့ ဒီလို အိမ်အပြန်မှာ အပြေးလေးတစ်ပိုင်းနဲ့ အမေက ကြို နေကျ။

ကွမ်းယာနေတဲ့ အဖေက လှမ်းကြည့်လို့...အခုတော့ ဒီလိုမဟုတ်လို့ လစ်ဟာနေတဲ့ရင်နဲ့ မချိတဲ့ နှလုံးကို အံပြုံးနဲ့ ဖုံးပြီးသာ ပြန်နှုတ်ဆက်လိုက်ရတော့တယ်။

ညှိစားပွဲမှာ ထိုင်မိပြန်တော့...

'အစ်ကို ဆရာတော်ကြီးက ညှိပရိသတ်တွေ အဆင်ပြေအောင် နေ့ဆွမ်းသာ စီစဉ်ပါဆိုလို့ မနက်ဖြန် နေ့ဆွမ်းပဲ ကပ်လိုက်တော့မယ်။ ဒါပေမယ့် မနက်မှဆိုရင် မမီမှာစိုးလို့ ခုညနေပဲ ဝယ်ခြမ်းပြီး ဟင်းလျာတွေကို လုံးထားနေတာ။ ဖိတ်ရမယ့်သူတွေကိုလဲ အားလုံး ဖိတ်ထားပြီးပြီ'

ညီမငယ်က ရှင်းပြနေတယ်။

'အေး...အေး...တစ်ခု လုပ်ပါဦး ညီမငယ်ရာ။ အမေကသာ ဒီခြံထဲမှာဆုံးတာ၊ အဖေက အိမ်မှာဆုံးတာဆိုတော့ မနက်ဖြန် အစီအစဉ်ကို ပြောပြပြီး အဖေ့ကို ရှိလိုရှိငြား အိမ်သွားပြီး တရားနာ ဖိတ်လိုက်ပါဦး။ နောက်ပြီး ညည်း အစ်မကြီးကိုရော ဖိတ်ပြီးပြီလား'

ကျွန်တော်က ငွေထုတ်ပေးရင်း အစ်မဖြစ်သူကို ဖိတ်ဖို့ပါ သတိပေး



လိုက်ရတယ်။

'ဖိတ်ပြီးပါပြီ အစ်ကိုရာ၊ အစ်ကို့အစ်မ လာပါလိမ့်မယ်။ အဖေ့ကိုတော့ အခုပဲ သွားလိုက်ပါ့မယ်'

မျက်နှာ အောက်ချထားတဲ့ ညီမငယ် ပြောပြောဆိုဆို ထွက်သွားတော့တယ်။

[၄]

သံဃာတော်များနဲ့ ညှိပရိသတ်များ လာရောက်ချိန် နီးနေလို့ ရေမိုးချိုးသန့်စင်ထားမှ တော်ပါတော့မယ်။

ဒါပေမယ့် ဆောင်းရာသီရဲ့ မနက်ခင်း အအေးဓာတ်နဲ့ ရေချိုးခန်းထဲက ကန်ရေကို ချိုးနိုင်ဖို့က မလွယ်။ အင်တုံတစ်လုံးကို နေပူထဲ ထုတ်ပြီး ကန်ရေကို ရေပုံးနဲ့ ကဲ့ယူထည့်၊ ရေနွေးရောပြီးမှသာ ချိုးရပါတော့မယ်။

အင်တုံကို နေရာချနေဆဲမှာ ရေပုံးဆွဲယူလာသူတစ်ဦး ရိပ်ခနဲ အနားလာရပ်လို့ မော့ကြည့်လိုက်တော့ အစ်မဖြစ်သူရဲ့သား အိမ်ပေါ်တက်နေတဲ့ ကျွန်တော့်တူတော်မောင် ဖြစ်နေတယ်။

'ဦး... ချိုးဖို့သာပြင် ကျွန်တော် ရေထည့်ပြီး ရေနွေးစပ်လိုက်ပါ့မယ်'

'အာ...ရပါတယ်ကွာ၊ ငါ ဒီလောက်တော့ လုပ်နိုင်ပါသေးတယ်'

'သီလ ဒီကောင် လုပ်လိမ့်မယ်။ မင်း ချိုးဖို့သာပြင်'

နောက်ဘက်ဆီက အသံကြားလို့ လှည့်ကြည့်လိုက်တော့ အစ်မဖြစ်သူ ရပ်နေရာက လှမ်းပြောနေတာ တွေ့လိုက်ရတယ်။

'ဩော်...မမတို့ လာပြီလား၊ အသံတောင် မကြားလိုက်မိဘူး။ ထိုင်ဦးလေ'

ပြောပြောဆိုဆိုနဲ့ ရေချိုးဖို့ ပြင်လိုက်တော့တယ်။ စိတ်ထဲမှာတော့...

'လာချော့မနေနဲ့... ခင်ဗျားလုပ်ပုံ မဟုတ်သေးဘူး။ ဒီအိမ်က ရင်ကပ် အငယ်သမီး နှစ်ယောက်ကို အမေ ပေးခဲ့တာ ခင်ဗျားလဲ သိရက်နဲ့'

မကျေမချမ်း အောက်မေ့မိသွားတယ်။

[၅]

အဖေနဲ့ ကိုရင်ဝတ်ဖက် ဆရာတော်ကြီးက အကြောင်းသိဖြစ်နေတော့ အဖေနဲ့အမေကို နာမည်ခေါ်ပြီး သေသေချာချာ ရေစက်ချ အမျှဝေပေးတယ်။

ညှိပရိသတ်တွေကလဲ မိဘအတွက် ရည်စူးတဲ့ပွဲဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြတယ်။

ဒီအထဲမှာ မမြင်ကွယ်ရာက သာဓုခေါ်သံတစ်ခု ရောပါသွားလိမ့်မယ်ဆိုတာ အဲဒီအချိန်က ကျွန်တော် သတိမထားမိလိုက်ဘူး။

အခမ်းအနားအပြီးမှာလဲ ဆွေမျိုးတွေ ဆုံတဲ့ပွဲက ဆက်ဖြစ်နေသေးလို့ ညနေ(၂)နာရီလောက်မှာမှ လူစုကွဲသွားတယ်။

အဲဒီမှာ အစ်မဖြစ်သူနဲ့ တူတော်မောင်လဲ မသိမသာ လိုက်ပါသွားတော့တယ်။ သတိထားမိလို့ ညီမငယ်ကို မေးတဲ့အခါကျတော့...

'ဟီး...ဟီး...အစ်ကိုက မသိဘူး။ သူတို့ သိပ်ကြောက်နေတာ'

ညီမငယ်က ပြောနေရင်းက ရပ်

www.burmeseclassic.com

သွားတယ်။ ပြီးမှ...

'အဲ...အစ်ကို့ကို ပြောရဦးမယ်။ အစ်ကိုလွှတ်လို့ မနေ့ညနေက အိမ်သွားတော့ ဝင်လို့မရဘူး။ အိမ်တံခါး ဝင်းတံခါးတွေ ပိတ်ထားတယ်။

အစ်ကိုသိရင် ပြဿနာဖြစ်မှာစိုးလို့ ပြန်မပြောဘဲထားတာ။ အခုကျမှ ကျွန်မတို့လဲ ရှေလည်သွားရတယ်။

ဒီလို အစ်ကိုရဲ့...အစ်ကိုတို့ လာမယ့် ည သန်းခေါင်လောက်မှာ ဝင်းထဲက ရှော အိမ်ထဲကပါ ဂျိုးဂျိုးဂျောင်းဂျောင်း အသံတွေမြည်တာ။ ဘေးအိမ်တွေပါ နိုးကုန်သတဲ့။

အဲဒါ အစ်ကို့တူ လင်မယား မနေရဲတော့ဘဲ အိပ်ရာခင်းတွေယူပြီး ညတွင်းချင်း သူ့မအေ့အိမ် ပြောင်းပြေးရတာ ဆိုပဲ။ အဲဒါ အခု အစ်မကြီးက ပြောလဲပြော တောင်းလဲ တောင်းပန်သွားတယ်'

'ဟင်...'

မရယ်မိဘူး၊ အံ့သြမှုနဲ့ မှင်တက်မိသွားရတယ်။

ဒီကို လာမယ့်နေ့ မတိုင်မီ ညက အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်တွေကို အပြစ်တင်မိတာကလဲ ပေါ်လာတယ်။ နောက်ပြီး အသိတစ်ခုက...

'ဩော်... အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်ဆိုတာ တကယ်ရှိပါ့လား'

ကိုယ်တွေ့ကြုံရတဲ့ အဖြစ်အပျက်အပေါ်မှာ ကောက်ချက်ချမိသွားရတယ်။

[၅]

မွေးရပ်မြေဆီ ရောက်တုန်းရောက်ခိုက် လည်တာပတ်တာနဲ့မို့လို့ လေး,ငါးရက် ကြာသွားတယ်။

အိမ်ပြန်ရောက်လို့ အထုပ်ချ အပြီးမှာတော့ သမီးငယ် ဆရာဝန်က...

'သမီးတောင် ထူးဆန်းလို့ဆိုပြီး ဖုန်းလှမ်းဆက်ဦးမလို့ သမီး နှစ်ညဆက်တိုက် အမေကြီးကို အိပ်မက် မက်တယ်။ ပထမညက အမေကြီး နေမကောင်းဘူးထင်တယ်။ ကိုယ်တုံးလုံးကြီးနဲ့ ဟိုဘက်စောင်းပြီး အိပ်နေတယ်။

သမီးက စမ်းသပ်မယ်လုပ်ရင်း နိုးသွားရော။ အဲ...နောက်နေ့ညကျလဲ ဆက်ပြီး မက်ပြန်တယ်။ အမေကြီးက အဝတ်အစား အသစ်တွေနဲ့ နဂိုလိုလေးအတိုင်း ပြုံးလို့ရွှင်လို့။ ပြီးတော့ ဒီမှာ မနေတော့ဘူးလို့လဲ ပြောသေးတယ်'

မွေးရပ်မြေမှာ အထူးအဆန်း ကြုံခဲ့ရသလို အိမ်ပြန်အရောက်မှာ နောက်တစ်မျိုး ကြုံရပြန်ပါတယ်။ ဒါပေမယ့် ဒီနှစ်မျိုးကြားမှာ တူတဲ့အချက်ကတော့...

'အမျှပေးဝေတာဟာ သက်ဆိုင်ရာကို ရောက်တယ်'

ကောက်ချက်တစ်ခု ချသွားနိုင်ရတယ်။

ဒီလိုနဲ့ပဲ အမျှပေးဝေခြင်းနဲ့ ပတ်သက်လို့ နှလုံးစိတ်ဝမ်း အေးချမ်းခြင်းကို တဝကြီး ခံစားလိုက်မိပါတော့တယ်။

သီလ(ရေတံခွန်တောင်)

**စာမျက်နှာ (၂၆၇)မှ အဆက်**

ဝင်ရောက်ခဲ့ဖူးသော်လည်း တဒင်္ဂမျှသာ ပျံ့လွင့်ပျောက်ကွယ်သွားခဲ့ရလေသည်။

ယခုအချိန်၌ ထိုလမ်းပေါ်သို့ မိမိကိုယ်တိုင် လျှောက်လှမ်းနိုင်ရန် အားယူမိသည့်အချိန် ကျွန်ုပ်၏ စိတ်ဘဝင်တို့၌ ထိုကြုံဆုံခဲ့ရသော ပုဂ္ဂိုလ်တို့သည် အံ့ဘယ်မည်သော ပုဂ္ဂိုလ်များဖြစ်နိုင်သည် ဆိုသည်ကို အနည်းငယ်မျှ နားလည်ခွင့်ရခဲ့ပြီဟု ဆိုနိုင်ကောင်း ဆို၍ ရနိုင်ခဲ့ပါသည်။ သို့သော်...

ထိုပုဂ္ဂိုလ်တို့သည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ထူးများဖြစ်နိုင်ဖွယ်ရာ ဖြစ်သည်ဆိုသည့် စကားလက်ဆောင်တစ်ခုကို ကြုံဖူးရင်ဖြင့် ကြုံဖူးသူတို့က ပြောပြပေးစေလိုပါသေးသည်။

အစုတ်တစ်မျိုး အရူးလိုတစ်ဖုံ
တောမခြား တောင်မလပ်
အမှတ်မဲ့တွေ့ကြုံ ကြုံတိုက်လို့ဆုံ
ယုံနိုင်ရန်ခက်ခဲ
စိတ်ရှိလို့ ရုပ်မီရင်ကွယ်
သိဒ္ဓိပါ အပ်နှင်းမယ်ကွယ့်လေး။

**မှတ်ချက်။ ။အထက်ပါ ဓာတ်လမ်း၌ ဖော်ပြပါရှိခဲ့သောယိုယွင်းပျက်စီးနေသော စေတီတော်ကြီးမှာ မုတ္တမတောင် နှန်းဦးကျောင်းအနီး၌ ဦးအောင်ဖေယျ ယိုးဒယား(ထိုင်း)သို့ စစ်ချီသွားစဉ်ကာလတွင် တည်ထားခဲ့သော ကျိုက္ကဂဝံစေတီတော်မြတ်ကြီးဖြစ်သည်။**

**[အဆိုပါ ဖြစ်ရပ်မှန် ကိုယ်တွေ့ ဓာတ်လမ်းများသည် "မြန်မာ့သိုင်း ပညာရှင်ကြီး နဂါးနက်ဦးစိန်မြင့်"၏ ပြောပြချက်များကို ပြန်လည်ခံစား ရေးဖွဲ့သည်။]**

ဦးကျော်(လှိုင်သာယာ)



www.burmeseclassic.com

www.burmeseclassic.com



# မမြင်ရသော်လည်း

စိုးလင်းအောင်
(မြန်အောင်)

အထင်ကရ ရှိပါသည်

ရန်ကုန်တွင် အလုပ်လုပ်နေသော သမီးမှ ကြွက်ကြော်စားချင်၍ ကားနှင့် တင်ပေးဖို့ မှာလိုက်၏။

ကျေးလက်တောရွာများတွင် ခွေးထောင်၊ ကြောင်လိုက်၊ မြွေ၊ ကြွက်(လိုက်)တိုးသူတွေ ရှိကြသည်။ တစ်နေ့တစ်နေ့ သူတို့ဝင်ငွေ မသေးလှ။

မြွေတို့၊ ကြွက်တို့ကို တစ်နိုင်တစ်ပိုင် နှိမ်နင်းနိုင်သဖြင့် တောင်သူလယ်သမားတို့၏ မြွေဆိုးအန္တရာယ်၊ သီးနှံချက် ကြွက်အန္တရာယ်တို့ အထိုက်အလျောက်သက်သာသည်မှာ ကောင်းလှသော်လည်း ခွေးထောင်၊ ကြောင်လိုက်ခြင်းကတော့ မကောင်းလှပေ။

လမင်းအောင်တို့ ကြွက်ထောင်အဖွဲ့က ကြွက်ထောင်ရှုံသက်သက်ဖြစ်၏။ တစ်ခါတစ်ရံ မြွေပွေး,မြွေဟောက်များ ရလာတတ်သည်။ ၄,၅,၆ဦး တစ်ဖွဲ့စီ သွားလာကြ၏။

ညနေစောင်းတွင် ရွာမှထွက်လာ၍ လယ်ကွင်းထဲရောက်သော် သင့်တော်ရာ သစ်ပင်အောက်တွင် စခန်းချ(စုရပ်)ကြ၏။ မနက်မိုးလင်းလို့ အိမ်ပြန်ကြလျှင် တစ်ဦးကို ကြွက်ကောင်ရေ ၅၀–၁၀၀ ရကြသည်။

စာရေးသူ၏ဇနီးက လမင်းအောင်ဆီမှာ ကြွက်ဝယ်နေ၏။ ဈေးလည်းသစ်နေ၏။ ထိုအခါ လမင်းအောင်က…

'အဒေါ်ရယ် သိပ်မသစ်ပါနဲ့ဗျာ ကျွန်တော်တို့မှာ မြွေလဲ ကြောက်ရသေးတယ်။ ချမ်းလိုက်တာလဲ မပြောနဲ့ ဒီကြားထဲ သရဲလိုက်လို့ပြေးရတာနဲ့ သရဲ လေးနဲ့ပစ်လို့ ပြေးရတာနဲ့'

စာရေးသူက စာရေးနေရင်း လမင်းအောင်ဆီက သဲလွန်စ ကုန်ကြမ်းကို လက်လွှတ်မခံဘဲ ကြွက်ထောင်သူတို့၏ သရဲဇာတ်လမ်းကို မေးရပါတော့သည်။

* * *

ညောင်ပင်ကြီးအောက်တွင် လမင်းအောင်တို့ ကြွက်ထောင်အဖွဲ့ စခန်းချလိုက်၏။ မနီးမဝေးတွင်လည်း ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ဒီဘက် ညောင်ပင်အောက်မှာ သူတို့အဖွဲ့တွေ စခန်းချနေ၍ နာနာဘာဝတွေက ဟိုဘက်ညောင်ပင်မှာနေသည်ဟု ဆိုသည်။

လယ်ကွင်းအနှံ့ ကို ကြွက်ထောင်

www.burmeseclassic.com

ချောက် ကိုယ်လိုက်ကြရ၏။ ထိုသို့ ကြွက်ထောင်ချောက်တွေ လိုက်ဖြုတ်ရင်း ဟိုစာက်ညောင်ပင်နားရောက်သွားသော် တပြောင်းပြောင်း တပြောပြောနှင့် ရိုးပြတ်နင်းသံတွေ ကြားရသည်။

တဖြည်းဖြည်းနှင့် ညောင်ပင်အောက်မှ လူပေါင်းမြောက်မြားစွာ ရိုးပြတ်များကို နင်းလာသကဲ့သို့ အသံတွေ ဆူညံနီးကပ်လာသည်။

ရိုးပြတ်များမှာ လူတက်နင်းလိုက်သကဲ့သို့ ပြားခနဲ ပြားခနဲ ဖြစ်သွားကြ၏။ လေပြင်းတိုက်သကဲ့သို့ တဝေါဝေါ၊ တဗိုးဗိုး ဆူညံလာသောအခါ...

'လုပ်ပါဦးဗျို့...သရဲလိုက်လို့'

ဟူ၍ အော်ကာ ခြေဦးတည်ရာသို့ တစ်ဖွဲ့လုံး ထွက်ပြေးကြရပါသည်။ သူတို့နောက်တွင် ရိုးပြတ်နင်းသံတွေ လေပြင်းတိုက်ခတ်သံတွေက ဆူညံနေဆဲပင်။


ထိုညက တစ်ဖွဲ့လုံး ကြွက်ထောက်ချောက်များ ကျန်ခဲ့သည်။ မနက်မိုးလင်းမှ ကြွက်ထောက်ချောက်များကို သွားယူကြရ၏။

အရိပ်အယောင် ပုံသဏ္ဌာန်မမြင်ရသော်လည်း လူအုပ်ကြီးလိုက်သကဲ့သို့ ရိုးပြတ်နင်းသံတွေ၊ လေတိုက်သံတွေ ဆူညံနေခြင်းမှာ နာနာဘာဝသရဲများသာဖြစ်ကြောင်း ပြောပြပါသည်။

* * *

နှောကုန်းရွာနှင့် တဲကုန်းရွာကြားတွင် **ကြို့ကုန်းဟူသော ရွာပျက်တစ်ခုရှိ၏။** သစ်ပင်ကြီးများ၊ ရေတွင်းပျက်များ ယခုထက်တိုင်ရှိသည်။

ဂျပန်ခေတ်က ပုလိပ်ရောဂါဖြစ်၍ လူတွေ အသေအပျောက်များသောကြောင့် လည်းကောင်း၊ သူခိုးဓားပြတို့



သောင်းကျန်း၍ တစ်ကြောင်း ရွာကို ထားပြီး ထွက်ပြေးရသောကြောင့် ရွာပျက် ဖြစ်ကျန်ရစ်ခဲ့ခြင်းဖြစ်၏။

စာရေးသူတို့ရွာမှ **နှောကုန်းရှိ၊ မပုပ်မသိုးသော နှောကုန်းဆရာတော်ကြီး ရုပ်ကလာပ်တော်နှင့် နှောကုန်း သစ္စာဓိဋ္ဌာန် မုနိဟန်ဘုရားကို ခြေကျင်သွားလျှင်** ကြို့ကုန်းရွာပျက်ကို ဖြတ်ရသည်။ လူအများနှင့် နေ့ခင်းကြောင်တောင် ဖြစ်သော်လည်း ကျောတချမ်းချမ်း ရှိလှ၏။

တစ်ညတွင် လမင်းအောင်တို့အဖွဲ့ ကြို့ကုန်းတောနားက သစ်ပင်ကြီးတစ်ပင်အောက်တွင် စခန်းချကြသည်။

'ည(၉)နာရီလောက်မှာ ကြို့ကုန်းတောစပ်က ထန်းပင်တစ်ပင်ပေါ်မှာ ကြွက်အော်သံတွေ၊ ထန်းလက်ခြောက်ပေါ် ကြွက်တွေ ပြေးလွှားနေတဲ့ အသံတွေက တဝုန်းဝုန်းနဲ့ ဆူညံနေတယ်။

အဲဒါနဲ့ ကျွန်တော်တို့လဲ တောစပ်နားသိပ်မသွားရဲတာနဲ့ အဝေးကနေ ထန်းပင်ပေါ်ကို လေးနဲ့ ပိုင်းပစ်ကြတာပေါ့။ ထန်းပင်ပေါ် လှမ်းပစ်တော့ ထန်းလက်ခြောက်ကို လေးမှန်သံ၊ ကြွက်တွေကို လေးမှန်လို့ ကျွီခနဲ အော်ပြီး မြေကြီးပေါ် ဘုတ်ခနဲ၊ ဘုတ်ခနဲကျတဲ့ အသံတွေ ကြားနေရတယ်။

တော်လေးကြာတော့ ကြွက်သံတွေ တိတ်သွားတယ်။ ကျွန်တော်တို့ ပစ်လို့ ထန်းပင်အောက်ပြုတ်ကျတဲ့ ကြွက်အကောင် ၂၀၀၊ ၃၀၀လောက် အနည်းဆုံးရှိမယ်လို့ ထင်တယ်။ သွားကြည့်ကြတော့ ထန်းပင်အောက်မှာ ကြွက်တစ်ကောင်မှ မရှိဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုလဲလို့ ဆိုတဲ့သဘောနဲ့ ကြည့်နေကြတုန်း ကြို့ကုန်းတောထဲက ဝိုးခနဲ... ဝိုးခနဲ လေးနဲ့ လှမ်းပစ်တော့တာပဲ၊ ကျွန်တော်တို့က ဘယ်သူတွေလဲကွ... တို့ကို လေးနဲ့ပစ်တာဆိုပြီး ကျွန်တော်တို့ကလဲ လေးနဲ့ တစ်ယောက်တစ်ချက်၊ နှစ်ချက်စီ လေးနဲ့ ပြန်ပစ်ရော...

အဲဒီဘက်က လူ ၄,၅၀လောက် ဝိုင်းပစ်သလို စာဗိုးဗိုးနဲ့ အဆက်မပြတ် ပြန်ပစ်လို့ ကျွန်တော်တို့တစ်ဖွဲ့လုံး လေးမှန်ခံရပြီး ထုံးစံအတိုင်းပေါ့ဗျာ၊ ခြေဦးတည့်ရာ အလုအယက်ပြေးခဲ့ရတာ ပစ္စည်းတွေ မနက်ကျမှ သွားသိမ်းခဲ့ရတယ်ဗျာ'

နာနာဘာဝ ပရလောကသား(ဝါ) သရဲတစ္ဆေ(သို့မဟုတ်) မကျွတ်မလွတ်တဲ့ပုဂ္ဂိုလ်တွေ ရှိတယ်ဆိုတာ မမြင်ရပေမယ့် အထင်အရှားရှိတယ်ဆိုတာ ကျွန်တော် တကယ်ယုံတယ် လေးလေးရာ'

**မြန်အောင်မြို့နယ်၊ တယ်ကုန်းကျေးရွာမှ မောင်လမင်းအောင်၏ ပြောပြချက်ကို ရေးသားလိုက်ခြင်းဖြစ်ပါသည်။**

သမ္မာဆန္ဒ ဖြည့်ဝကြပါစေ

**စိုးလင်းအောင်(မြန်အောင်)**



www.burmeseclassic.com

www.burmeseclassic.com



ညီ-(အမရပူရ)

# ကိုးမြို့ရှင်အဘိုး၏

## သည်းခံခွင့်လွှတ်မှုကို ရခဲ့သော ကုသိုလ်ပြု မေတ္တာပို့ အမျှဝေကြသူများ

နွေရာသီအပန်းဖြေခရီး တစ်ခုအဖြစ် လွန်ခဲ့သော (၁၀)နှစ်ကျော်ခန့်က ပြင်ဦးလွင်သို့ အလည်သွားခဲ့ကြပါသည်။

ခရီးအစ ကားထွက်လျှင် မေတ္တာသုတ် ပရိတ်ရွတ်ကာ မန္တလေးဘိုးဘိုးကြီး၊ အမရပူရဘိုးဘိုးကြီး၊ ပြင်ဦးလွင်ဆိုင်ရာ နယ်ရှင်ဘိုးဘိုးကြီး ဖြစ်သော ကိုးမြို့ရှင်အဘိုးနှင့် အမေပုလဲယဉ်တို့ကို လမ်းခရီးအန္တရာယ်ကင်းစေရန် လက်အုပ်ချီ ဆုတောင်းလိုက်ပါသည်။

ထုံးဘိုအထွက် တောင်ပေါ်သို့ ကျွန်မတို့ စီးလာသော လိုက်ထရပ်ကား စ,တက်ကတည်းက ဘုရားဂုဏ်တော်များကို အသံထွက်ကာ အစ်မလတ်၊ ညီမငယ်နှင့် ကျွန်မ အပါအဝင် အားလုံး ရွတ်ဆိုလာကြပါသည်။

လမ်းဘေး တောတောင်ရှုခင်းများ ကြည်နူးစွာ တွေ့ရပြီး ရှုခင်းသာ ကားရပ်စခန်းကို ကျော်လာခဲ့ပါသည်။ အေးချမ်းသော ရာသီဥတုကို ခံစားရပြီး ပြင်ဦးလွင် လမ်းဘေး ရပ်ကွက်အချို့ကို ဖြတ်သန်းမောင်းလာခဲ့ပါသည်။

မန္တလေး–ပြင်ဦးလွင် တောင်တက်လမ်းအနီး မန္တလေးသို့ ဆင်းသည့် ကားလမ်းဘေးတွင်ရှိ ကိုးမြို့ရှင်နန်းရှေ့သို့ ရောက်လာပါသည်။

ကျွန်မတို့အားလုံး ကားပေါ်မှနေ၍ ကိုးမြို့ရှင်အဘိုးနှင့် အမေပုလဲယဉ်ကို မေတ္တာပို့ အရိုအသေပြု ကန်တော့ခဲ့ကြပါသည်။

ပြင်ဦးလွင်မြို့ထဲတွင် ကိုးမြို့ရှင်နန်းရင်းသို့ သွားရောက်ဦးခိုက်မည် ဖြစ်သောကြောင့် လမ်းဘေးနန်းကို မဝင်ခဲ့ကြခြင်း ဖြစ်ပါသည်။

နှီးဘုရားကို ဘုရားဖူးကန်တော့ပြီး ကားဆက်မောင်းလာရာ ပြင်ဦးလွင်မြို့ထဲဝင်လာပါသည်။

ပြင်ဦးလွင်မှ လားရှိုးသို့ သွားရာလမ်းအနီး အပိုင်းပတ်ကြီးသို့ ရောက်ရာ အစ်မလတ်မှ ကားမောင်းသော ဦးလေးကို အဘိုးကိုးမြို့ရှင်နန်းရင်းသို့ ဝင်ရန်ပြောလိုက်ပါသည်။

ကားမောင်းသော ဦးလေးမှ အပိုင်းပတ်လမ်းကို ဘယ်အကွက်မချိုးကွေ့ဘဲ မောင်းလိုက်ပါသည်။ ကိုးမြို့ရှင်နန်းရင်း

www.burmeseclassic.com

မရောက်ဘဲ မန္တလေး–လားရှိုး လမ်းဆီသို့ လမ်းမှားမောင်း လိုက်ပါသည်။

ပြင်ဦးလွင်သို့ ယခင်နှစ် အလည်ရောက်စဉ်အချိန်တွင် ကိုးမြို့ရှင်နန်းရင်းတွင် အဘ ဘိုးမြို့ရှင်အတွက် ဆွမ်းကျွေးကာ ကုသိုလ်ပြုပေးခဲ့သည်ကို ကျွန်မတို့အမှတ်ရနေမိပါသည်။



အစ်မလတ်သည် ပြင်ဦးလွင် ဘုန်းတော်ကြီးကျောင်းတိုက် တစ်တိုက်မှ သံဃာတော်(၅)ပါးကို ပင့်ခဲ့ပါသည်။ သံဃာတော်များကို ဆွမ်းကျွေးပြီး အလှူငွေဝတ္ထုများကပ်ကာ ကိုးမြို့ရှင်အဘိုးနှင့် အမေပုလဲယဉ်တို့အတွက် ကောင်းမှုကုသိုလ်ပြု အမျှဝေခဲ့ကြပါသည်။

ထိုအလှူဒါနကို မိခင်ကြီးနှင့် ကျွန်မတို့ မိသားစု ဆွမ်းကျွေးကုသိုလ်ပြုခဲ့သည်ကို သတိရနေမိပါသည်။

ယခု ကျွန်မတို့ စီးလာသော ကားသည် လမ်းမှားသွားသဖြင့် ကိုးမြို့ရှင်အဘိုးနန်းသို့ မရောက်သောကြောင့် အစ်မလတ်သည် အပြန်မှဝင်မည်ဟု ပြောကာ အံ့ထူးကံသာဘုရားသို့ ဆက်လာခဲ့ကြပါသည်။

အံ့ထူးကံသာဘုရားကို ဘုရားပန်းလှူ ကန်တော့ကြပြီး အလှူငွေများလှူကြပါသည်။ အမှတ်တရ ဓာတ်ပုံများရိုက်၊ ပိတ်ချင်းမြောင်သို့ ဆက်သွားကြပါသည်။

ပိတ်ချင်းမြောင်လိုဏ်ဂူတွင် ဘုရားများဖူး အလှူငွေများလှူပြီး ထမင်းစားကြပါသည်။ ရေတံခွန်ငယ်များတွင် ဓာတ်ပုံရိုက်၊ ကလေးများ ရေချိုး အနားယူစားသောက်ကြပြီး ပြန်လာခဲ့ကြပါသည်။

အပြန်တွင် ကိုးမြို့ရှင်အဘိုးနန်းကိုဝင်ရန် သတိရကြသော်လည်း ကားသမားဦးလေးသည် မည်သည့်လမ်းကို မောင်းနေသည်ကိုမသိကြပါ။ ကိုးမြို့ရှင်နန်းသို့ သွားသောလမ်း မရောက်တော့ဘဲ ကန်တော်ကြီး ရုက္ခဗေဒဥယျာဉ်သို့ မောင်းနေသည်ဟုသိလိုက်ကြပါသည်။

ရုက္ခဗေဒဥယျာဉ် သွားလမ်းသည် ယခင်က ရောက်ဖူးသောလမ်း မဟုတ်ပါ။ မရောက်ဘူးသော လမ်းများဖြစ်ပြီး ကားလေးသည် ရုက္ခဗေဒဥယျာဉ် နောက်ကျောလမ်းကို မောင်းနေပါသည်။

ကန်တော်ကြီးအတွင်းရှိ မျှော်စင်ကြီး၊ ကန်တော်ကြီး ရေပြင်နှင့် ဘုရားလေးကို မြင်တွေ့နေရပါသည်။ လှပသော ရောင်စုံသစ်ပင်များ၊ ပန်းပင်များကို တွေ့မြင်နေရသော်လည်း ရုက္ခဗေဒဥယျာဉ်ကို မရောက်နိုင်သေးပါ။

ကျွန်မတို့ တစ်ခါမျှ မရောက်ဘူးသော လမ်းကို ရောက်သွားပြီး ထင်းရှူးတောများ၊ ခြံများကိုသာ တွေ့ရပြီး ကန်တော်ကြီး ဝင်ပေါက်ကို မရောက်သေးသဖြင့် လမ်းများရောက်နေမှန်း သိလိုက်ကြပါသည်။

အချိန်အတော်ကြာ ကားမောင်းပြီးမှ ကန်တော်ကြီးဝင်ပေါက်သို့ ညနေ(၄)နာရီကျော်မှ ရောက်ကြပါသည်။ တစ်နာရီခန့် ဓာတ်ပုံရိုက်၊ အပန်းဖြေပြီး ကန်တော်ကြီး ရုက္ခဗေဒဥယျာဉ်မှ ပြန်လာခဲ့ပါသည်။

ကားလေးသည် မန္တလေး အဆင်းလမ်းသို့ ရောက်ပြီး အောင်ချမ်းသာ ပန်းဈေးတွင် ပန်းများ၊ သစ်သီးဝလံများ၊ မုန့်များ ဝယ်ကြပါသည်။ အချိန်သည် ညနေပိုင်း မှောင်ရီပျိုးနေပြီဖြစ်ပါသည်။

မန္တလေး–ပြင်ဦးလွင် အဆင်းလမ်းတွင် ကိုးမြို့ရှင်နန်း ရှိနေသည်ကို သိကြသဖြင့် ဝင်ကြမည် ဖြစ်ပါသည်။ ကားမောင်းသော ဦးလေးသည် ကိုးမြို့ရှင်နန်းကို ကျော်ကာ မောင်းသွားပါသည်။

နောက်ခန်းမှ အစ်မလတ်က ကားရပ်ရန် အော်ပြောသော်လည်း မကြားပါ။ ရှေ့ခန်းမှ မကြားကြသဖြင့် ကိုးမြို့ရှင်နန်းကို ကျော်လာခဲ့ကြပါသည်။

ကျွန်မတို့အားလုံးသည် ကားပေါ်မှ ကိုးမြို့ရှင် အဘိုးကို ကန်တော့ကြပြီး မေတ္တာသုတ်ပရိတ်ရွတ်ကာ တောင်းပန်လိုက်ကြပါသည်။ လမ်းတစ်လျှောက် ကျွန်မတို့ အားလုံး ပရိတ်တော်များ၊ ဘုရားဂုဏ်တော်များ ရွတ်ဆိုလာခဲ့ကြပါသည်။

မကြာခင် ကားလေးသည် တောလမ်းတစ်နေရာ အရောက်တွင် စက်သံပြောင်းသွားကာ ရပ်မလို ဖြစ်နေပါသည်။

အဆင်းလမ်းသည် ကားများပြတ်ပြီး တောလမ်း ဖြစ်နေသဖြင့် ကားပျက်သွားမှာ စိုးရိမ်နေကြပါသည်။ ထိုအခါ ရှေ့ခန်းတွင် ပါလာသော တူလေးက ကားစက်ရပ်တော့မည် ဖြစ်ကြောင်း ကားရပ်ပြီး ပြင်မလားဟု မေးလာပါသည်။

ထိုအခါ အစ်မလတ်သည် ကားမရပ်ဘဲ ဆက်မောင်းရန် အော်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ကျွန်မတို့ အားလုံး ဘုရားဂုဏ်တော်များ ဆက်ရွတ်နေပြီး ကားစက်ကောင်းရန် ဆုတောင်းနေကြပါသည်။

ညနေမိုးချုပ်ချိန်ဖြစ်ကာ ပါလာသော သူများကလည်း မိန်းကလေးများဖြစ်နေကြပါသည်။ ကျွန်မတို့အားလုံး စိုးရိမ်နေကြပြီး ကားလေးသည် တောလမ်းကို မောင်းနေဆဲဖြစ်ပါသည်။

ကားလေးသည် ရပ်မလို တုံ့ခနဲဖြစ်လိုက်၊ ဆက်မောင်းလိုက်နှင့် မိနစ် (၂၀)ခန့် မောင်းပြီး ကားသည် ပုံမှန်ကဲ့သို့ စက်သံကောင်းသွားပါသည်။ ရှုခင်းသာတွင် ကားမနားတော့ဘဲ တောင်အောက်သို့ ဆင်းလာခဲ့ပါသည်။

အဆင်းလမ်းကွေ့များကို ကျော်လာပြီး တောင်ခြေသို့ ရောက်တော့မည် ဖြစ်ပါသည်။ တောင်ခြေရောက်ခါနီး အဆင်းလမ်း တောင်ကမ်းပါးနံရံနေရာတစ်နေရာ အရောက်တွင် ကားပေါ်ပါလာသော အဒေါ်တစ်ယောက်သည် အသံအမူအရာ ပြောင်းသွားပါသည်။

ထို့နောက် ကိုးမြို့ရှင်အဘိုး ဝင်ပူးလာပါသည်။ ရှမ်းအဘိုးတစ်ယောက်ကဲ့သို့ ဒူးတစ်ဖက်ထောင် ထိုင်ကာ အသံဝဲပြီး အဘိုးကြီးတစ်ဦး အသံကဲ့သို့ အသံတုန် လက်ညှိုးထိုး၍...

'နင်တို့ကို ငါ တော်တော်သည်းခံခွင့်လွှတ်ရတယ်နော... ငါ့နန်းကို လာမယ်ပြောပြီး မလာကြဘူး'

ဟု အဘိုးကြီးအသံဖြင့် တုန်တုန်ချိချိ ပြောလာပါသည်။ ကျွန်မတို့အားလုံးလည်း ကြောက်လန့်ပြီး လက်အုပ်ချီ ဒူးတုပ်ကာ...

'အဘိုး ခွင့်လွှတ်ပါ။ မြေးလေးတို့ မရိုမသေ လုပ်ကြတာ မဟုတ်ပါဘူး'

ဟု ရိုသေစွာ ပြောလိုက်ကြပါသည်။ ထိုအခါ အဘိုးက...

'ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆို ခွင့်မလွှတ်ဘူး'

ဟု ပြောလိုက်ရာ ကျွန်မတို့အားလုံးမှ...

'နောက်တစ်ခါမှ ပြင်ဦးလွင် ရောက်ရင် အဘိုးနန်းကို အရင်ဦးဆုံး လာပါ့မယ်'

ဟု ကတိပေးကြပြီး အဘိုးကို ကန်တော့လိုက်ကြပါသည်။

အဘိုးသည် ဒေါ်အေးကိုယ်တွင် ဝင်ပူးနေရာမှ ထွက်သွားပါသည်။ ဒေါ်လေးသည် အဘိုး ဝင်ပူးမှန်း မသိပါ။ ကျွန်မတို့အားလုံးလည်း ကြောက်လန့်တုန်လှုပ်နေရာမှ အဘိုးက ခွင့်လွှတ်ပေးသည်ကို အံ့ဩဝမ်းသာနေကြပါသည်။

ကားစက် ရပ်မလို ဖြစ်သွားခြင်းသည် အဘိုးက စိတ်ဆိုးနေသောကြောင့်ဖြစ်ပြီး ကားစက်ကောင်းသွားခြင်းသည် အဘိုးက သည်းခံခွင့်လွှတ်ပေးလိုက်သောကြောင့် ဖြစ်ပါသည်။

အဘိုး၏ ကိုးမြို့ရှင်နန်းတွင် ကျွန်မတို့မိသားစု ဆွမ်းကျွေးပြီး ကုသိုလ်ပြုခဲ့သည်ကိုလည်း အဘိုး သိနေပါသည်။ အန္တရာယ်မှ လွတ်ကင်းခဲ့ရသည်ကိုလည်း အားလုံး သိနေကြပါသည်။

ကျွန်မတို့ မိသားစုသည် အဘိုး၏ သည်းခံခွင့်လွှတ်မှု ရရှိခဲ့ခြင်းကို အမှန်တကယ် ကြုံတွေ့ခဲ့ရပါတော့သည်။ ကျွန်မတို့ ပြုခဲ့သော ကုသိုလ်ကို မေတ္တာပို့ အမျှဝေခဲ့ခြင်းကို အဘိုး ရရှိခဲ့သည်မှာ ဧကန်အမှန် ဖြစ်ပါတော့သည်။

*ကိုးမြို့ရှင်အဘိုးအား ကန်တော့လျက်...*

**ချို(အမရပူရ)**


## စာမူရှင်များသို့...

ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်...

နဂါးရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com



မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းနှင့်

# ဂန္ဓာရ ဆေးကိုးကိုးပေါင်း (၆)

[ဇာတ်သိမ်း]

မောင်စိုးခင်
(ဇီကတုမတီ)

## ယခင်လမှ အဆက်

ထိုအချိန်မှစ၍ ကျွဲကျောင်းသည့် အလုပ်အား စွန့်လွှတ်လိုက်ပြီး လာမည့် မိုးရာသီအတွက် ရေနက်ကွင်း လယ်ယာမြေများအား တတ်နိုင်သမျှ ချဲ့ထွင်ခြင်း၊ မြေညှိခြင်း၊ တချို့ ကိုင်းတောများကို တူးဆွ ဖယ်ရှား၍ လယ်မြေအဖြစ် ပြောင်းလဲပစ်ခြင်းတို့အား လူငှားသုံး, လေးယောက်ဖြင့် ပြင်ဆင် လုပ်ကိုင်ခဲ့ပါ၏။

သည်လိုနှင့် မိုးဦးကျ တစ်လအတွင်း အပြီး ထွန်ယက်စိုက်ပျိုးလိုက်၊ ဆောင်းရာသီစပါးများမှည့်ချိန် ရိတ်သိမ်းခြွေလှေ့လိုက်...

ပြီးလျှင် စပါးတင်း အနည်းငယ်နှင့် မျိုးစပါးသာ ချန်ပြီး ကျန်စပါး အားလုံး ရောင်းချ၍ လက်လှမ်းမီသမျှ လယ်မြေများအား လိုက်လံဝယ်ယူလိုက်နှင့် ခုနစ်နှစ် တင်းတင်းပြည့်သည် အချိန်တွင် လယ်ကေပေါင်း တစ်ထောင့်ငါးရာခန့်ပိုင်ဆိုင်သော မြေပိုင်ရှင်ကြီး ဖြစ်လာခဲ့ပါ၏။

ကျွန်ုပ် အသက်လည်း နှစ်ဆယ့်သုံးနှစ်ခန့် ရှိလာပါပြီ။ ယခုလို အောင်မြင်မှုလမ်းကြောင်း ပေါ်ရောက်အောင် တည့်မတ်ပေးခဲ့သည့် ပွဲကိုင်ရှင်ကား ဘဘဦးဘိုးနုက လွဲ၍ မည်သူဖြစ်နိုင်ပေမည်နည်း။

ဂန္ဓာရီခရီးသည်ကြီး သို့မဟုတ် ဂန္ဓာရ ဆရာကြီးဦးဘိုးနုကား လွန်ခဲ့သည့် ခုနစ်နှစ်အတွင်း တစ်ကြိမ်တစ်ခါမှ ရောက်မလာခဲ့သလို ဘာအဆက် အသွယ် သတင်းစကားမှလည်း မကြားခဲ့ရပါ။

ကျိုးပေါင်းထဲမှ အကောင်ကလေး ဂန္ဓာရပြဒါးပြာ ထုတ်ယူရရှိပြီး သိ သည့်အဆင့်သို့ ရောက်ရှိသွားပြီလား ထိုမှတစ်ဆင့် မခန့်မှန်းနိုင်သည့် တ



www.burmeseclassic.com

www.burmeseclassic.com

ဣန္ဒြိယဒ်များရပြီး ဝိဇ္ဇာဝိုရ်များ ဖြစ်သွားပြီးလား၊

ဒါမှမဟုတ် ပြဒါးပြာလည်း မရ၊ အသက်လည်း ရှစ်ဆယ်လောက်ဆိုတော့ လူ့လောကမှာမှ ရှိသေးရဲ့လား...

ထိုထိုသော အတွေးများဖြင့် ခုနစ်နှစ်ပြည့်မြောက်သည့် ထိုနှစ်နွေရာသီဝယ် ကျေးဖူးရှင် ဘဘအား ရှာဖွေရန် ပုပ္ပါးတောင်သို့ တစ်ယောက်တည်း ခရီးထွက်လာခဲ့ပါ၏။

ပုပ္ပါးတောင်ရောက်၍ လူနာမည်၊ အသက်အရွယ်၊ ပုံပန်းသဏ္ဌာန် ပြောပြ၍ အမျိုးမျိုး စုံစမ်းရှာဖွေပါသော်လည်း မည်သို့မျှ အကြောင်းမထူး၍ တောထဲ တောင်တခွင် ပြုပြစင်အောင် မွှေနှောက်ပြီး ရှာပုံတော် ဖွင့်ခဲ့ပါသည်။ အချည်းနှီးသာတည်း။

အချိန်တစ်လခွဲခန့်အထိ ရှာမတွေ့သည့်အဆုံး တပ်ခေါက်ပြန်ခဲ့ရပါ၏။

ဒီလိုနှင့် တစ်နှစ် တစ်ကြိမ်ခန့် အားလပ်သည့် ရာသီများမှာ မြန်မာနိုင်ငံအနှံ့ လိုက်လံရှာဖွေခဲ့ပါသေးသည်။

ထိုအခါမှ ပုံသဏ္ဌာန်အမျိုးမျိုး လုပ်ငန်းကျင့်စဉ် အမျိုးမျိုးတို့ဖြင့် ဂန္ဓာရီလမ်းလျှောက်လှမ်းနေကြသော ပုဂ္ဂိုလ်များစွာတို့အား တွေ့ရှိခဲ့ပါ၏။

ကျွန်ုပ်လည်း ဘဘနှင့် တွေ့လျှင် ခွင့်တောင်းပြီး ဘဘ တပည့်အဖြစ်နှင့် ဒီလမ်းစဉ်အတိုင်း လိုက်ရန် ဆုံးဖြတ်ခဲ့ပါ၏။

ခွင့်ပြုချက်ရသည်နှင့် လက်ရှိ ကျွန်ုပ်ပိုင်ဆိုင်ထားသော ဥစ္စာပစ္စည်းများကို လေးပုံ ပုံ၍ နှစ်ပုံကို မိခင်အား အပ်နှင်းပြီး ကျန်နှစ်ပုံမှ တစ်ပုံကို ရေသိမ်ကျောင်းသို့၊ ကျန်တစ်ပုံကို ရွာနီးချုပ်စပ်မှ ဘုန်းကြီးကျောင်းများဆီ ခွဲဝေလှူဒါန်းပြီး ဘဘနောက်သို့ အဝတ်



တစ်ထည် ကိုယ်တစ်ခုနှင့် ဂန္ဓာရီလမ်းလျှောက်လှမ်းမည့် အကြံကား အထမမြောက်ခဲ့ပါ။

အကောင်အထည် ပေါ်လာခဲ့သည်ကား ဘဘနှင့် ခွဲခွာ၍ ဆယ်နှစ်ပြည့်သည့် ကျွန်ုပ်အသက် နှစ်ဆယ့်ခြောက်နှစ်အရွယ်တွင် အိမ်ထောင်ကျသွားခဲ့ခြင်းပဲ ဖြစ်ပါ၏။

လူပျိုပေါက် အရွယ်ကတည်းက ရေသိမ်ကျောင်းသို့ ဆွမ်းအုပ်လာပို့ရင်း မျက်လုံးချင်းတွေ့ဆုံ ရင်ခုန်ခဲ့ဖူးသော ငါးဘတ်ချောင်းရွာမှ ကွမ်းတောင်ကိုင် မယ်သစ်နှင့် ဖူးစာဆုံ လက်ထပ်ဖြစ်ခဲ့ပါ၏။

အိမ်ထောင်ကျပြီးနောက်ပိုင်း ဆေးရိုးကြီးပေါင်းရရှိရာ ယက်သွဲ့အင်း ကမ်းပါးမှ ဆေးရိုးပင်ကြီး အပါအဝင် အနားပတ်ဝန်းကျင်မှ မြေငါးဧကကို ဝယ်ယူ၍ အိမ်ဆောက်ပြီး မိခင်နှင့်တကွ စုပေါင်းနေထိုင်ခဲ့ကြပါသည်။

ကျွန်ုပ်၏ ဘူမိနက်သန် ရေနက်ကွင်းနှင့်လည်း ပိုနီးသောကြောင့် ဖြစ်ပါ၏။

ထိုမှ နှစ်ပေါင်းငါးဆယ်ကျော် ကြာသည်အထိ ဘဘတစ်ယောက်ကား စုပ်စမြုပ်စနှင့် လုံးဝပေါ်မလာခဲ့ပါ။

ထိုအချိန်တွင် ဘကြီးဘုန်းကြီး၊ မိခင်နှင့် ဖနီးတို့လည်း မရှိတော့ပါ။ ကျွန်ုပ်နှင့် သမီးချည်း ငါးယောက်သာ ကျန်ရစ်ခဲ့ပါသည်။

လယ်ကေများလည်း လေးထောင်ခန့်ပိုင်ဆိုင်သော မြေပိုင်ရှင်ကြီး ဖြစ်ခဲ့ပါပြီ။

ဘဘည်း သူ့ဂန္ဓာရီစခန်း နောက်တစ်ဆင့် မတက်လှမ်းနိုင်ခဲ့လျှင် ယခုဆိုဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားလောက်ပါပြီ။

ကျေးဇူးရှင်များ ဖြစ်ကြသော ဘကြီးဘုန်းကြီး **ဦးပညာ၊** ဘဘ **ဦးဘိုးနုနှင့်** **မိခင်ဒေါ်ပိုင်းစိန်**တို့ သုံးဦးနှင့် **ဖနီးမယ်သစ်**တို့အတွက် ရည်စူး၍ နှစ်စဉ်နှစ်တိုင်း အလှူကြီးအတန်းကြီးများ ပြုလုပ်ကာ အမျှအတန်း ပေးဝေခဲ့ပါ၏။

ကျွန်ုပ်ပိုင်လယ်များမှ ထွက်ရှိသော စပါးများအား ရောင်းချရရှိသော အသပြာငွေကြေးများကို ယခင်ကကဲ့သို့ လယ်ယာမြေများ ထပ်မံ ဝယ်ယူစုဆောင်းခဲ့ရာ အတော်များများပင် စုမိနေပြီဖြစ်ပါ၏။

ရဟန်းပြုလိုပါသော်လည်း သားယောက်ျားမပါသည့် သမီးများ သံယောဇဉ်ဖြင့် နောက်ဆံငင်နေပါသည်။

ဘဘ လာခေါ်ခဲ့လျှင်ကား အားလုံးကို သံယောဇဉ်ဖြတ်ရန် အဆင်သင့်ပြင်ဆင်ထားပါသည်။

သို့သော်လည်း စောင့်ရင်းစောင့်ရင်းဖြင့် ဗုဒ္ဓဟောခဲ့သည့် မွေးလာတာသည် သေဖို့ဖြစ်လာတာသည်။

ပျက်ဖို့ မမြဲသော တရားအတိုင်း

www.burmeseclassic.com

ယခုဆို ကျွန်ုပ်အား အနာရောဂါတို့ ဖိစီးနှိပ်စက်လာခဲ့ပါပြီ။ ထို့ကြောင့် ကျွန်ုပ်၏ သိဒ္ဓိဝင် ဆေးရိုးကျိုးပေါင်းအား လွှဲအပ်ရန် စဉ်းစားလာရပါပြီ။

သားယောက်ျားလေး ပါလာခဲ့လျှင်တော့ သူ့အား လွှဲပေးခဲ့ရုံသာရှိပါ၏။ ယခုမူ သမီးချည်းငါးယောက် ဖြစ်သောကြောင့် မဝေခွဲတတ်တော့ပါ။

အားလုံး အညီအမျှ ချစ်ရသည်မို့ ထိုက်သောသူသာ ရပါစေဟု ဆန္ဒပြုရင်း ကျွန်ုပ် ကိုးကွယ်ပူဇော်ထားသည့် ဘုရားဆင်းတုတော် သုံးဆူအနက် အလယ်မှ ဉာဏ်တော်အမြင့်အဆုံး ဆင်းတုတော် ပလ္လင်အောက်ခြေကို အပေါက်ဖောက်လိုက်ပါ၏။

ပြီးလျှင် ကျွန်ုပ်ပိုင်ဆိုင်သော ရွှေဒင်္ဂါးများထဲမှ အပြားတစ်ရာကို စစ်စီးနှင့် ရောနယ်ပြီး သွတ်သွင်းသိမ်းဆည်းကာ ဤမှတ်တမ်းကိုရေး၍ ထိုက်သူရစေသားဟု အဓိဋ္ဌာန်ပြုလိုက်ရပါ၏။

ဤရွှေများကိုရသည့် ကံထူးသူသည် လေးပုံ တစ်ပုံကို ကျွန်ုပ်အတွက် ရည်စူး၍ အမျှအတန်းပေးဝေပြီး ကျန်သုံးပုံကို အလိုရှိသလို အသုံးပြုနိုင်ပါ၏။

ဆေးရိုးကျိုးပေါင်းကိုကား ကျွန်ုပ်၏ စာအုပ်သေတ္တာအောက်ခြေသို့ ရွှေ့ပြောင်း၍ စာအုပ်များဖြင့် ဖုံးဖိ သိမ်းဆည်းထားပါသည်။

ကျွန်ုပ်ပြုခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုတို့အား ကျေးဇူးရှင်ကြီးများနှင့်တကွ ဝေနေယျ သုခိတဒုက္ခိတသတ္တဝါအပေါင်းတို့အား အမျှပေးဝေခဲ့ပါ၏။

**အမျှ...အမျှ...အမျှ**

**ပုံ**

**မောင်ဘိုးလွန်း**

* * *

အင်း... ဦးဘိုးလွန်း၏ ဘဝမှတ်တမ်းရှည်ကြီးသည်ကား ဤမှာပင် နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပါပြီ။



သို့သော် ကျွန်ုပ်တော့်အတွက်တော့ ယခုမှ နိဒါန်းဟု ဆိုရမည် ထင်ပါသည်။ ရာဇဝင်ထဲမှ ပညာရှိအမတ်ကြီး ဝန်ဖင်းမင်းရာဇာကဲ့သို့ ငယ်စဉ်ကတည်းက စာတိုပေစ မှန်သမျှအား စာတိုငညိုဘွဲ့ ရလောက်အောင် ဖွဲ့နပ်ဖြင့် ဖတ်ခဲ့၊ လေ့လာခဲ့သော ဒီစာဖတ်ဝါသနာ ကြောင့် သိရှိခဲ့ရသော စိတ်လှုပ်ရှားစရာ ဤဇာတ်လမ်းအား ဆက်က,ရပါလိမ့်မည်။

ပထမဦးစွာ ဦးဘိုးလွန်း၏ သမီးအကြီးဆုံးထံမှ ခွင့်ပြုချက်ဖြင့် ကျွန်တော်တို့အိမ်မှာ ပင့်ဆောင်ပူဇော်ထားသော ဆင်းတုတော်အား ရှိခိုးဦးချပြီး လက်ဖြင့် မ,ယူ ဆကြည့်လိုက်ပါ၏။

ဟုတ်ပါသည်။ အမှတ်တမဲ့ဆိုလျှင် မသိသာသော်လည်း အသေအချာ ပင့်မြှောက်၍ ဆကြည့်လိုက်ပါက ပုံမှန်ထက်အလေးချိန် စီးနေပါသည်။ တစ်ဆက်တည်း ပလ္လင်အောက်ခြေဘက် ကြည့်ရှုရာတွင်လည်း နှစ်လက်မခန့် ကျယ်သော အပေါက်တစ်ခုကို ဝါးဖြင့်ပြုလုပ်သော ဆန်စပါး ခြင်တွယ်သည့် တင်းတောင်း, ပြည်တောင်းတို့ ကြာရှည်ခိုင်ခံ့အောင် သုတ်လိမ်းရသော သစ်စေး ဒေသအခေါ် စစ်စီးများဖြင့် ပိတ်ဆို့ထားသည်ကို တွေ့ရပါ၏။

သေချာပါပြီ။ ဤမှတ်တမ်းရှည်ကြီးထဲမှ ရေးသားမှာကြားထားသည့်အတိုင်း ရွှေဒင်္ဂါးအပြားတစ်ရာ ရှိနေမည်မှာ မလွဲမသွေ ဧကန်ဖြစ်ပါ၏။

ထို့ကြောင့် မိဘနှစ်ပါးကို ဒီအကြောင်းအား အသိပေးတိုင်ပင်ကြည့်လိုက်ပါသည်။ ကျွန်တော်ခန့်မှန်းထားသလိုပဲရှိုးသားသည့် မိဘနှစ်ဦးစလုံးမှ ဤရွှေများအား ရယူပိုင်ဆိုင်လိုစိတ် မရှိကြပါ။ မှတ်တမ်းထဲ ရေးထားသလို သူ့သမီးငါးယောက်မှ တစ်ယောက်ယောက်ကိုသာ ရည်စူးထားခဲ့သောကြောင့် ပြန်ပေးရန် ဆုံးဖြတ်လိုက်ကြပါသည်။

သို့နှင့် နောက်တစ်နေ့နံနက်မှာ ဦးဘိုးလွန်း၏ သမီးအကြီးဆုံး ဒေါ်အေးမှင်နေထိုင်ရာ လက်ခုပ်ကုန်းရွာသို့ မှတ်တမ်းစာအုပ်၊ ဆင်းတုတော်နှင့် ဆေးရိုးကျိုးပေါင်းတို့အား ယူဆောင်ကာ မိဘနှစ်ပါးနှင့် ကျွန်တော်တို့ ထွက်လာခဲ့ပါတော့သည်။

ကျွန်တော့်အဖို့ ရွှေများ မရစေကာမူ ဆေးရိုးကျိုးပေါင်းကိုကား လိုချင်မက်မောမိသည်မှာ အမှန်ဖြစ်ပါ၏။

ယင်း၏ အစွမ်းသတ္တိများအား လူငယ်ပီပီ စမ်းသပ်အသုံးချကြည့်ချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေသည်ကို ဝန်ခံရပေမည်။

ဒီလိုနှင့် ကြီးဒေါ် ဒေါ်အေးမှင်ထံရောက်၍ အကျိုးအကြောင်းပြောပြပြီး ပစ္စည်းများ အပ်နှံပေးအပ်လိုက်ပါသည်။

ဒေါ်အေးမှင်လည်း အံ့သြစွာဖြင့် သူ့အဖေရေးသားထားခဲ့သော စာများကို စိတ်ဝင်တစား ဖတ်ရှုနေချိန်မှာ ကျွန်တော်တို့မိသားစုလည်း တခြားအသိမိတ်ဆွေများအိမ်သို့ သွားရောက်လည်ပတ်နေလိုက်ပါသည်။

အချိန်အတော်ကြာမှ ကြီးဒေါ်အိမ်သို့ ပြန်လာကြပါ၏။

ထို့နောက်တွင်ကား ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာခဲ့ပါတော့သည်။

အဘယ်ကြောင့်ဆိုသော် ကြီးဒေါ်က သူမတို့၏အဖေ ဦးဘိုးလွန်း စာထဲ၌ သားယောက်ျားလေး မွေးလာလျှင်သာ ပေးဖို့ ရည်ရွယ်ထားကြောင်း၊ သမီး ချည်းငါးယောက်မို့ ထိုက်သူရစေလို့ အမိဋ္ဌာန်ထားခဲ့ကြောင်း၊ သူတို့သည် ထိုက်သူများမဟုတ်လို့ အခုလို လာပြောမှသာ သိရသည့်အကြောင်း၊ နို့မို့ဆို ဘာမှတောင် သိမည်မဟုတ်ကြောင်း…

သည်ပစ္စည်းများနှင့် ကာလကြာမြင့်စွာ အတူနေခဲ့သည့် သူ့ညီမ အပျိုကြီး ဒေါ်ခင်မေပင် သည်အကြောင်းများအား သိသွားခဲ့မည် မထင်ကြောင်း…

ပြီးတော့လည်း ဒီသိဒ္ဓိဝင်ပစ္စည်း (ဆေးရိုးကျိုးပေါင်း)သည် ငယ်ရွယ်သူယောက်ျားလေးများနှင့်သာ အကျိုးပေးသည်ဟု ထင်ကြောင်း…

အဘယ်ကြောင့်ဆိုသော် ဤပစ္စည်းရှိနေမှန်းမသိဘဲ အလိုအလျောက် ပိုင်ဆိုင်ထားသော သူ့ညီမအပျိုကြီး ချမ်းသာသော်လည်း ဘာရောဂါမှ မရှိဘဲ ရုတ်တရက် ဆုံးပါးသွားသည့် အဖြေကို အခုမှ စဉ်းစားမိကြောင်း…

ရွှေများအကြောင်း ပြောရာတွင်လည်း ဒေါ်အေးမှင်က သူတို့ ညီအစ်မများနှင့် ရွာလူကြီးများ ရှေ့မှောက်မှာ ထိုက်သည့်ဘုရား ကိုးကွယ်ခွင့် ရပါစေဟု ဆုတောင်းပြီးမှ မဲနှိုက်၍ ယခုရွှေများပါသည့် ဆင်းတုတော်အား မဲပေါက်ပြီး ပူဇော်ပင့်ဆောင်သွားတာ ဖြစ်သည့်အတွက် အမှန်တကယ် ကျွန်တော်တို့ မိသားစုသာ ကံထူးသူများဖြစ်ကြကြောင်း…

စာတိုင်ညိုသို့ ကျွန်တော်၏ စာဖတ်ပရိသနာကြောင့် သူ့အဖေ ဦးဘိုးလွန်း



၏ အဖြစ်အပျက်မှတ်တမ်းအား ဖတ်ရှုခွင့်ရသည့်အတွက် ကျေးဇူးတင်ကြောင်း…

သူ့အဖေ၏ အမိဋ္ဌာန်အတိုင်း သည်ပစ္စည်းများအား ကံထူးသူ ကျွန်တော်တို့ မိသားစုသာ ပိုင်ဆိုင်ခွင့်ရှိကြောင်း…

ယခုလို ဤမျှ တန်ဖိုးကြီးမားသော ပစ္စည်းများအား ရိုးသားစွာ လာရောက်အကြောင်းကြား ပေးအပ်သည်ကို အင်မတန် အံ့သြဝမ်းသာကြောင်း…

သူ့ညီမ ဒေါ်ခင်မေ ပြောသည့်အတိုင်း ကျွန်တော်တို့ မိသားစုသည် သူ့အတွက် အလွန်အားကိုးရကြောင်း၊ ရိုးသားသစ္စာရှိကြောင်းများကို ယခုလက်တွေ့ သိရှိရပြီမို့ အတိုင်းအဆမရှိ ပီတိဖြစ်ရကြောင်း…

ထို့ကြောင့် အားလုံးပြန်ယူသွားနိုင်ကြောင်း၊ ကျွန်တော်တို့ မိသားစုအနေဖြင့် စာထဲပါသည့်အတိုင်း ဤရွှေများထဲမှ လေးပုံတစ်ပုံကို သူ့အဖေ ဦးဘိုးလွန်းအား ရည်စူး၍ အလှူပေး အမျှအတန်း ပေးဝေလိမ့်မည်ဟု သူယုံကြည်ကြောင်း…

စသည်…စသည်ဖြင့် ရှည်လျားစွာ ပြောကြားပြီး ဦးဘိုးလွန်း၏ မှတ်တမ်းစာအုပ်ကိုသာ အမှတ်တရအဖြစ် ယူထားပြီး ဆင်းတုတော်နှင့် ဆေးရိုးကျိုးပေါင်းတို့အား ကျွန်တော်တို့ မိသားစုသို့ ပြန်လည် ပေးအပ်လိုက်ပါတော့သည်။

'ကြီးဒေါ်ခင်ဗျား ကျွန်တော် သိချင်တာလေးတွေရှိလို့ မေးပါရစေ'

'အေး… မေးလေကွယ် စာတိုင်ညိုရဲ့၊ ဟဲ…ဟဲ… ကြီးဒေါ် သိသလောက်တော့ ပြောပြမှာပေါ့'

'ဒီလိုပါခင်ဗျာ ဒီမှတ်တမ်းထဲမှာပါတဲ့ ရေမနိုင်စပါးမျိုးဆိုတာ ဘယ်ရောက်သွားသလဲ ခင်ဗျ၊ ကျွန်တော် တစ်ခါမှ မမြင်ဘူး၊ မကြားဘူးလို့ပါ'

'ဩော်… အေး… မင်း မေးမယ်ဆိုလဲ မေးစရာပဲ။ အဲဒါက ဒီလိုကွယ့် အဲဒီ စပါးမျိုးဟာ အဖေ့အတွက်ပဲ ဖြစ်ပေါ်လာတာနဲ့ တူပါတယ်။

အဖေမဆုံးခင် ငါးနှစ်လောက် အလိုမှာ မျိုးတောင် မကျန်အောင် ပျောက်ကွယ်သွားတယ်'

'ဗျာ… ဟုတ်လား၊ တယ်ထူးဆန်းတာပဲနော်။ ဒါနဲ့ ဘယ်လိုများ ပျောက်သွားတာလဲ ခင်ဗျ'

'အင်း… အခု မင်း ပန်းဘဲချောင်းဆိုတာ သိတယ်မဟုတ်လား'


'ဟုတ်ကဲ့ သိပါတယ်ခင်ဗျာ၊ ပဲခူးရိုးမထဲကနေ ခပေါင်းချောင်းထဲကို စီးဝင်နေတဲ့ ချောင်းပါ။ ချောင်းဆိုပေမယ့် မြစ်ပေါက်စလောက်ကို ကျယ်တဲ့ ချောင်းအကြီးစားကြီးပါ'

'အေး… အဲဒီ ပန်းဘဲချောင်းဟာ အဖေမဆုံးခင် ငါးနှစ်လောက်မှာ တို့ ဒီနယ်ဘက်ကို ရေတွေ ကျိုးလာခဲ့ဖူးတယ်ကွယ်။

ပဲခူးရိုးမထဲက သူ့ကို တုပ်ထားတဲ့ တာတမံကြီး ကျိုးပေါက်သွားလို့,လို့ ပြောတာပဲ။

အဲဒီ ပန်းဘဲချောင်းက ပဲခူးရိုးမပေါ်မှာ မိုးကြီးပြီဆိုတာနဲ့ ဒီဘက် မြေရိုး၊

www.burmeseclassic.com



ဆူးတပ်၊ ဘင်းရေမျှား၊ ကျေးတော၊ ငါးဘတ်ချောင်းစတဲ့ ရွာတွေနဲ့ မှတ်တမ်းထဲပါတဲ့ အဖေ့ရဲ့ ယာကြီးကိုင်း ရေနက်ကွင်း အကုန်လုံး ရေကြီးတော့တာပဲ။ ကားလမ်းပေါ်တောင် ရေလျှံတယ်။

အဲဒီရေနဲ့ ဘာခတ်တွေ ပါလာတယ် မဆိုနိုင်ဘူး။ အင်မတန်အားကောင်းတဲ့ ရေညှိတစ်မျိုး ပေါ်ပေါက်လာတယ်ကွယ်။

နောက်ပိုင်းမှာ **ဆင်ရေညှိ**လို့ ခေါ်ကြတယ်။ အဲဒီ ရေညှိတွေကြောင့် ရေမနိုင်စပါးတွေ စိုက်ထားတဲ့ ရေနက်ကွင်းက လယ်တွေအပြင် အနိမ့်ပိုင်းက အခြားစပါးခင်းတွေပါ ရေညှိစီးပြီး သေကုန်တယ်။

ဆင်ရေညှိတွေက စပါးပင်ကို ဆွဲပြီး ချုပ်ထားတော့ ရေကြီးတဲ့အခါ စပါးပင်တွေက ရေပေါ်ကို မတက်နိုင်တော့ဘဲ မြုပ်သေကုန်တော့တာပဲ။

ရေမနိုင်စပါးခင်း မှန်သမျှ တစ်ပင်မှ မကျန်အောင် မျိုးကို ပြုတ်သွားတယ်။ အဲဒီအချိန်ကစပြီး အဖေရဲ့ ရေနက်ကွင်းကြီးဟာ အရင်အတိုင်း စပါးစိုက်လို့ မရတဲ့ ပလပ်မြေ ပြန်ဖြစ်သွားတော့တာပါပဲကွယ်။

အခု ကန်တစ်ရာစီမံကိန်းက ငါးကန်နေရာတွေလဲ ပါတာပေါ့'

'ဩော်... ဒါကြောင့်ကိုး။ ဒါနဲ့ ကြီးဒေါ်တို့ပိုင်တဲ့ လယ်တွေ အများကြီးက အခု ဘာဖြစ်လို့ ရာဂဏန်းပဲ ကျန်တော့တာလဲ'

'အေး... ဂျပန်ခေတ်တုန်းက လယ်မှ မလုပ်နိုင်ကြတာ။ ရှိတဲ့ ကျွဲနွားတွေတောင် ဖက်ထားရတယ်။ ဂျပန်က သတ်စားလွန်းလို့စားဖို့လောက်ပဲ ခိုးပြီး စိုက်ကြရတာ။

အဲဒီတော့ လယ်တွေက ကောပြီး လယ်ရိုင်းတွေ ဖြစ်ကုန်ရော။ စစ်ပြီးတော့ အစိုးရလဲ ပြောင်းရော လယ်လုပ်သူသာ လယ်လုပ်ပိုင်ခွင့်ရှိရေးဆိုတဲ့ စီမံချက်နဲ့ အကုန်လုံးနီးပါး အသိမ်းခံရတယ်။

လက်ရှိ သီးစားခပေးပြီး အမှန်တကယ်လုပ်နေတဲ့ သူတွေကိုပဲ အစိုးရက ခွဲဝေပေးလိုက်လို့ အခုလို ရာဂဏန်းလောက်ပဲ ကျန်တော့တာပေါ့ကွယ်။ ကဲ...နောက်ကော ဘာသိချင်သေးလဲ'

'ဟုတ်ကဲ့... တစ်ခုပဲ ကျန်ပါတော့တယ်။ အခု ပန်းဘဲရေကြီးတယ်လို့ ပြောသံမကြားရတော့လို့ပါ'

'ဘယ်ကြားဖူးတော့မလဲကွယ်၊ သူ့တမံကြီးကျိုးလို့ ဆယ်နှစ်လောက်ကြာတော့ အစိုးရက စက်တွေနဲ့ ပြန်ဆည်ဖို့လိုက်လို့ အခုခေတ်ကလေးတွေ ပန်းဘဲရေကြီးတယ်ဆိုတာ ဘယ်သိတော့မလဲ။

ရေတွေက ခပေါင်းချောင်းထဲကိုပဲ စီးဝင်ကုန်တော့တာကိုး။ အဲဒီ ပန်းဘဲရေ မလာတော့တာနဲ့ ဆင်ရေညှိလို့ ခေါ်တဲ့ ရေညှိအကြီးစားတွေလဲ အလိုလိုပျောက်ကုန်တော့တာပဲ။ ကဲ...ကဲ... ပြန်ကြတော့ပေါ့ အချိန်ရှိတုန်း'

ကြီးဒေါ် ဒေါ်အေးမှုင်အား နှုတ်ဆက်၍ မိသားစုသုံးယောက် ရွှင်လန်းပျော်ပါးစွာဖြင့် ရွာသို့ ပြန်ခဲ့ကြပါ၏။ ကျွန်တော်ကတော့ ဆေးရိုးကျီးပေါင်းဘူးကြီး ထမ်းလို့ပေါ့။

အဖေနှင့်အမေက ဆင်းတုတော်လေးပိုက်လို့ တပြုံးပြုံးဖြင့်။ ဘာပဲဖြစ်ဖြစ် အခုဆိုရင်ဖြင့် ကျွန်တော်တို့ မိသားစုအဖို့ လူတန်းစေ့ နေနိုင်သည့် ဘဝသို့ ရောက်ခဲ့ပါပြီ။

ကိုယ့်ရွာ အနီးအနား ပတ်ဝန်းကျင် အနေအထားနှင့် ဆိုရင်ပေါ့။

ဤဆေးရိုးကျီးပေါင်းကား အမှန်တကယ် ဓနသိဒ္ဓိပြီး၏တကား။

အကြောင်းမသိဘဲ သူ့ကို ပိုင်ဆိုင်ထားသည့် နှစ်,နှစ် ပတ်ဝန်းကျင်အတွင်း ပိုင်ရှင်အသစ် ကျွန်တော်တို့ မိသားစုအား သူ၏ ဂမ္ဘီရဆန်သော အစွမ်းသတ္တိများဖြင့် အံ့ဩဖွယ်ရာ အကျိုးပေးခဲ့ပါပြီ။

ယခုလို သူ့အကြောင်းကို သိပြီးပြီဆိုတော့မှဖြင့် ခုနစ်နှစ်မပြည့်ခင် ကျန်သည့် လေးငါးနှစ်အတွင်း မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းကဲ့သို့ ကြီးပွားချမ်းသာအောင် ကြိုးစားလုပ်ကိုင်ကြည့်ရတော့မည်မှာ အသေအချာပင် ဖြစ်ပါတော့သည်တကား။

ပြီးပါပြီ

**စာကြွင်း ။ ။ ပူးတွဲပါ ဓာတ်ပုံမှာ ဤဓာတ်လမ်းထဲမှ ဂမ္ဘီရ ဆေးရိုးကျီးပေါင်း၏ဓာတ်ပုံ ဖြစ်ပါသည်။**

**မောင်စိမ့်စမ်း**
(ကေတုမတီ)

www.burmeseclassic.com

www.burmeseclassic.com



သနားစဖွယ် မပြယ်သော

# ကြိုးထုံးကြိုးဆက်များ

ဖိုးလက်ဦး

'ဘဝသံသရာ... ရှည်လျားထွေပြား... မနေမနား...တသွားတည်း သွားကြတာ။ ခရီးပန်းတိုင်...မရောက်မရှင်း...တစ်ယောက်ဆင်း တစ်ယောက်တက်... ဆက်လက် ထွက်ခွာလာ တဲ့'

ကျွန်တော်ငယ်စဉ် (၁၀)နှစ်သား အရွယ် ပုသိမ်မြို့ရှိ (ပလေဒီယံ)ရုပ်ရှင်ရုံတွင် ကြည့်မြင်ခဲ့ရသော **"ဘဝ သံသရာ"** ဇာတ်ကားပြစတွင် ထွက်လာသော သီချင်းသံနှင့်အတူ ပိတ်ကားပေါ်၌ ရထားတစ်စင်း ကုန်းကျော်တံတားပေါ် မောင်းသွားသည်ကို တွေ့ရပါသည်။

နားထောင်ကောင်းလှ၍ ခံစားမိသော်လည်း အဓိပ္ပါယ်မသိခဲ့ပါ။ ယခုတော့ အလွန်အဓိပ္ပါယ်ရှိသော သီချင်းနှင့် ဇာတ်ကားအဖြစ် လေးစားမိပါသည်။

တကယ်တော့ ဘဝဆိုတာ ရှည်လျားသော ကြိုးဆက်ထုံးများပါဟု ဆိုလိုက်ချင်ပါသည်။ မပြယ်သော ကြိုးဆက်ထုံးလေတွေ မပြတ်မချင်း ရှည်လျားစွာဆက်သွယ်နေခြင်း ဖြစ်သည်မှာ သေချာလှပါသည်။

သို့သော် ထူးခြားတာကတော့ ဘဝကြိုးဆက်ထုံးတွေ ပြတ်မှ သံသရာပြတ်မည်၊ နိဗ္ဗာန်ရွှေပြည်ရောက်မည်ဟု မြတ်ဗုဒ္ဓ ဟောကြားခဲ့ပါသည်။ ဘဝကြိုးခွေပြတ်ရန်၊ ဖြတ်ရန်နည်းများ အထွေထွေအပြားပြားရှိကြသည်။

ကြိုးထုံးများကို (ဓား,လှံ,သေနတ်, မီး,ရေ,ကြိုး)တို့ဖြင့် အသုံးပြုပြီး ဖြတ်သောနည်းများသည် မကောင်းသောနည်း၊ သနားစရာ၊ ကြောက်စရာနည်းများဖြစ်၍ အဖန်(၅၀၀)ပင်မက သံသရာခရီးတစ်လျှောက် မိမိပြုလုပ်ခဲ့သောနည်းဖြင့်သာ အကြိမ်ကြိမ် အဆုံးသတ်ရသည်။

ထို့ပြင် သံသရာခရီးတစ်လျှောက် ကြိုးဆက်ထုံး ပို၍ ရှည်ရှည်လာစေသောနည်းဖြစ်သည်။ မကောင်းအကြောင်းမလှ ဖြစ်ရသဖြင့် အလွန်ရှောင်ရှားသင့်ပါသည်။

မြတ်ဗုဒ္ဓညွှန်ကြားခဲ့သော **"ဒါန၊ သီလ၊ ဘာဝနာ၊ သပ္ပဳပဋ္ဌာန်ကျင့်စဉ်များ၊ ဝိပဿနာကျင့်စဉ်များ"** ဖြင့်သာ ဖြတ်မှ၊ မှတ်မှ ဘဝပြတ်ပြီး နိဗ္ဗာန်ရွှေပြည်ချမ်းသာကို ရမည်ရောက်မည် ဖြစ်သည်။

---

**သနားစဖွယ် ဘဝကြိုးဆက်ထုံး၊ ဖြတ်နည်းကို သုံးသူများ**

---

ယခုတင်ပြလိုသည်မှာ ကြိုးဆက်



www.burmeseclassic.com

www.burmeseclassic.com

ထုံးဖြင့် ဘဝသံသရာကြိုးရှည်ကို ဖြတ်ကြသူများအကြောင်း ဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် အသက်(၂၀) ခန့်ရှိ **မောင်မြစိန်**ဆိုသူ လူငယ်တစ်ယောက်ရှိပါသည်။

အလွန် သီချင်းအဆိုကောင်းသဖြင့် ဟသ်ာတထွန်းရင်၊ တွံတေးသိန်းတန်စသော ပုဂ္ဂိုလ်များ၏ သီချင်းများကို အသံချဲ့စက်မှ မိုက်နှင့်ဆိုလျှင် ခွဲမရအောင် တူလှသည်။

သူ့ကို ရွာက ပွဲများ၊ ပျော်ပွဲရွှင်ပွဲများတွင် စင်တင် ဆိုခိုင်းကြသည်။ ဆုများပေးကြပြီး တချို့က ဟသ်ာတထွန်းရင်ဆိုပါဦး၊ ကိုသိန်းတန်ဆိုပါဦးဟု ပိုင်း၍ အားပေးမြှောက်စားကြသည်။

ရန်ကုန်တစ်ခေါက် ရောက်သွားသော်လည်း သီချင်းပိုင်ရှင် အဆိုတော်ကြီးများ ကိုယ်တိုင်ရှိနေသော အချိန်ကာလဖြစ်သောကြောင့် တိုးမပေါက်ခဲ့ပါ။

ယခုခေတ်ဆိုလျှင်ဖြင့် တိုးတက်ထွန်းကားနိုင်သူ ပါရမီရှင်လေး ဖြစ်ပါသည်။

အမှန်တကယ် သူ့ဘဝရင်းမှာကား မကောင်းပါ။ လှည်းဆွဲ၊ လှေထိုး၊ လယ်ငှားလိုက်ထွန်၊ နွားကျောင်း,ကျွဲငှားကျောင်း လယ်မဲ့ယာမဲ့ စာရင်းငှား စာရင်းဝင်တစ်ဦးဖြစ်သဖြင့် နွေဆိုနွေ အလုပ်၊ မိုးဆို မိုးအလုပ်များကို မရှောင်မတိမ်း ကြိမ်းတမ်းစွာ လုပ်စားရသည်။

မိဘမဲ့တစ်ကောင်ကြွက် ဖြစ်လေသည်။ အလုပ်ပေးသူမရှိလျှင် ဘုန်းကြီးကျောင်း ကပ်စားပြီး ကျောင်းဝေယျာဝစ္စ လုပ်ရ၊ ဘုန်းကြီးဝေယျာဝစ္စ ကုဋ္ဌိမကျန် ဆေးရသည်။ အိမ်သာကျင်းပင် တူးခိုင်း တူးသည်။ မပျင်းသော လူငယ်ဖြစ်လေသည်။

ကျွန်တော် (စာရေးသူ)နှင့်လည်း ခင်ပါသည်။ အမြဲတမ်း စာသင်ကျောင်းသို့လာပြီး ကလေးများကို ကြည့်၍နေသည်။ မျှော်တလင့်လင့် ရီရီဝေမျက်လုံးဖြင့် ထိုင်ကြည့်နေသည်။

ဘုန်းကြီးကျောင်းသားဖြစ်၍ စာတော့ ရေးတတ်ဖတ်တတ်သည်။

'ကျွန်တော်တို့က ဘဝသမားပါ၊ ခရီးကြမ်းလှပါတယ်။ ဆရာတို့က အလှသမား၊ အလွန်လှပသေသပ်၍ ပီတိဖြစ်လှတယ်ဗျား၊ ဒီဘဝမျိုးရှင် အလွန်ကောင်းမယ်ထင်ပါတယ်'

ဟု ခဏခဏ ပြော၏။ ကျွန်တော်တို့ ရွာနှင့် မြို့သစ်ရွာသည် (၂)နာရီခန့်ဝေး၏။ လမ်းတွင် စမ်းရေ ကူးရ၊ လယ်ကွင်းတွေ ဖြတ်ရသည်။

တစ်ခုသောနွေ၏ တစ်နေ့တွင် မြို့သစ်ကို အကြောင်းတစ်ခုဖြင့် ကျောင်းသား(၂)ဦးနှင့်သွားရာ မြို့သစ်နှင့် ဖိုးရွှေပုရွာအကြားရှိ ကန်သင်းကွက်ထောင့်တစ်ခု၏ အလယ်မှာ မန်ကျည်းပင်ပေါ်သို့ လူတစ်ယောက် ကြိုးကွင်းကိုင်ပြီး အပင်ထက် တက်နေသည်ကို မြင်သဖြင့် သွားလမ်းနှင့်လည်း မဝေးသောကြောင့် မြင်နေရ၏။

ကြိုးကွင်း လည်ပင်းစွပ်နေသဖြင့် ခုန်ချရန် စဉ်းစားနေသလို ထင်ပါသည်။ မသင်္ကာသဖြင့်...

'ဟေ့...ဟေ့ မလုပ်နဲ့ ဆင်း...ဆင်း'

ဟု ဆိုလိုက်မှ လည်ပင်းမှ ဖြုတ်၍ အောက်သို့ ပစ်ချလိုက်သည်။

'မလုပ်ပါနဲ့ကွာ... အဖန် (၅၀၀)တိုင်တိုင် ဘဝဖြစ်တိုင်း ဒီလိုနည်းနဲ့ သေရလိမ့်မယ်'

ဟု ချော့၍ ရွာအရောက် ခေါ်လာခဲ့သည်။ ဘုန်းကြီးကျောင်းပို့သောအခါ ဆရာတော်ကြီးက...

'ဒီကောင် ဇာတာညံ့နေတယ် ဘဝပြောင်းဖို့ရှိတယ်။ မြန်မြန် သင်္ကန်းဝတ်ပေးလိုက်'

ဟု မိန့်သောကြောင့် ဦးပဉ္စင်း၊ ဒကာများအပြင် ကျွန်တော်ပါ ဝင်ပြီး တစ်ခါတည်း ဘဝပြောင်းပေးလိုက်ရာ မောင်မြစိန်မှ ရှင်ဇဝနာ ဖြစ်ခဲ့လေသည်။ မသေခဲ့ပါ။

နောက်(၄)လခန့်ကြာမှ ကျောင်းသို့ နံနက်(၅)နာရီခွဲ ဆွမ်းပို့သွားသော ဆွမ်းပွဲပို့ အမျိုးသမီး(၅)ယောက် အော်၍ ရွာထဲပြေးလာကြသည်။

မေးကြည့်သောအခါ **"ကိုရင်ဇဝနာ ကျောင်းရှေ့ မလေးရှားပိတောက်ပင်ကိုင်းမှာ ကြိုးဆွဲချသေနေတာ၊ ရှိုးနေသော မတ်ရပ်ပုံအတိုင်း တွဲနေတယ်။ အနားမကပ်ဝံ့၍ ပြေးလာတာ"**ဟု ဆိုကြသည်။

ရွာရှိ ယောကျ်ား,မိန်းမအချို့ ပြေးလိုက်သွားရာ မမှီလိုက်တော့ အောက်ချသောအခါ နွေးနွေးပင် ရှိသေးသည်။ ကျွန်တော်လည်း အတင်း ထလိုက်သွားပါသည်။

အဟုတ် နွေးနွေးပင် အသက်မရှိတော့၊ အားလုံး စုတ်တသတ်သတ် သနားကြပါသည်။ ကျွန်တော်လည်း သနားမိပါသည်။

သူပြုသော မလေးရှားပိတောက်ပင်ကို မိုးလင်းလျှင် လင်းချင်း ခုတ်လှဲ၍ ဖြတ်တောက်ပြီး အရင်းတွင် မီးပုံရှို့လိုက်ကြသည်။ ကြိုးကို ဓားနှင့် အပိုင်းပိုင်း ဖြတ်တောက် ကြည့်သောအခါ သွေးစို့စို့ ထွက်လာကြောင်း တွေ့မြင်ရသဖြင့် အံ့သြရသည်။ အပင်နှင့်တစ်ပါတည်း မီးရှို့၏။

ရှင်ဇဝနာ ဤကြိုးဖြင့် သေရသော ကြိုးဆက်ဘဝ၊ ဤမှာ ပြီးဆုံးပါစေကြောင်း ပိုင်းပတ် ဆုတောင်းကြပါသည်။ မျက်ရည်ဝဲမိကြပါသည်။

* * *

**နောက်တစ်ဦးကား ပို၍ ထူးခြားပါသည်။ မိန်းကလေးဖြစ်၏။ အသက်(၂၀)ခန့်လောက် ဖြူဖြူ၊ ပုံကြီးပေါက်**



www.burmeseclassic.com

www.burmeseclassic.com

လှ ရှုပ်လည်း **ချောပါ၏**။ မင်းသမီး ဖွေးဖွေးနှင့်တူလှသည်ဟု ကျွန်တော် ထင်မိပါသည်။ သေတာ (၅)နှစ်ခန့် ရှိပါပြီ။ နာမည်မှာ ''မိချို''ဟု ခေါ်ကြသည်။

သူ့လင်က မောင်မွေး၊ မင်းသား နေထက်လင်းနှင့် တူသည်ဟု အများက ဆိုကြပါသည်။ သားငယ်(၈)နှစ် သားတစ်ယောက် ရှိသည်။ သူလေးကလည်း ရုပ်ချောချောပင် ဖြစ်ပါသည်။

ထိုသားလေးကို အလွန် ချစ်ကြပါသည်။ သားသားနှင့် အမြဲတတွဲတွဲ သွားလာနေကြပါသည်။ လင်မယားကတော့ ခဏခဏ ရန်ဖြစ်၏။ ပြန်ခေါ်၏။ လျှာနှင့်သွားပေမို့လား။

လင်က မယား စိတ်မချ၊ မယားက လင် စိတ်မချ။ တစ်ခါသော် လင်ခရီးသွားနေတာ (၇)ရက်ခန့်ကြာသည်။ ခါတိုင်း (၄/၅)ရက်ကြာ ပြန်ရောက်လာတတ်သည်။ ရွာများမှာ နေကြသည်။

ရက်ကြာလာသောအခါ လင်တမျှော်မျှော်နှင့် တစ်နေ့သောအခါ ထင်းများကို ကိုယ်တိုင် ဓားဖြင့် ဖြတ်တောက် ခွဲစိတ်ပြီး အိမ်ရှေ့ကပြင်မှ ချ၍ စုပုံထပ်ထားသည်။ (၁)ပွေ့ (၂)ပွေ့ခန့် ရှိမည်။

ရွာထဲသွား ဟင်းစားဝယ်ပြန်လာ၊ ထမင်းချက်အံ့ဟု ထင်းပုံအောက် လက်လျှိုထိုးပြီး ပွေ့ယူလိုက်သည်။ မြွေက ဝင်လာသော လက်မောင်းကို ကိုက်ပြီး ပျဉ်ကြားမှ အောက်ကို လျှောခင်းသွားသည်ကို တွေ့လိုက်ရသည်။

ဘာမြွေတော့ မသိပါ။ ထင်းပြန် အောက်ချ၍ လက်ကို မပြီး ကျွန်တော် (စာရေးသူ)ထံ ပြေးလေးရောက်သည်။

'ဘာဖြစ်တာလဲ'

ဟု မေးရာ...

'မြွေကိုက်သွားတယ် ဆရာ၊ သိ



တတ်ရင် ကြည့်ပေးပါ'

ဟု ပြောသဖြင့် ကျွန်တော် အိမ်ပေါ်မှပင်...

'တက်ခဲ့ပါ ရပါတယ် ဘုရားဦးချ'

ဟု ဆို၍ ခေါ်တင်လာပြီး ဘုရားရှေ့ထိုင် ဦးချသောအခါမှ ဘုရား သောက်တော်ရေခွက်ကိုင် ရေကို ဦးသုံးကြိမ်ချပြီး မတ်တတ်ပင် ရေစင်တော် အလှူခံလိုက်သည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ(အနုလုံ ပဋိလုံ)သုံးကြိမ်ဆို၍ မန်းပြီး ခေါင်းပေါ်မှာ အဆိပ်ကျပါစေဟု စိတ်မှဆုတောင်းပြီး လက်သုံးချောင်းဖြင့် ဆွတ်ခါဆွတ်ခါ ဖြန်းလိုက်သည်။

နောက် "**ဒီရေသောက်လိုက်**"ဟု ဆိုပြီး တိုက်ချလိုက်ပါသည်။ "နေလို့ကောင်းပြီလား"ဟု မေးရာ "စိတ်ကောလူပါ ပေ့ါသွားပါတယ်"ဟု ဆိုသဖြင့် အိမ်ပြန်တော့ဟု ပြန်လွှတ်လိုက်ပါသည်။

သူမက စိတ်မချသဖြင့် ကျွန်တော့် အိမ်နှင့် (၁၀)အိမ်ခန့်ဝေးသော ဆေးထိုးနေအိမ်သို့ သွားပြပြန်သည်။ ဆေးထိုးဆရာက...

'ဘာမြွေလဲ သိလား အကောင်ရခဲ့လား'

ဟု မေးရာ မရခဲ့ဟု ဆိုသောကြောင့် ဟိုင်းကြီးဆေးရုံ မြန်မြန်သွားပြချေဟု လွှတ်လိုက်လေသည်။

သူမမှာ လင်မရောက်၍ ပိုက်ဆံမရှိပါ။ စက်လှေ မငှားနိုင်။ ဤအချိန်ကကားမရှိသေးသဖြင့် စက်လှေငှားလျှင် (လေးသောင်း)ပေးရမည်ဖြစ်သည်။

ကျွန်ုပ်ထံ ရောက်လာပြန်သည်။

'ဆရာကြီး သွားရမလား၊ ဆေးထိုးဆရာက ဟိုင်းကြီးသွားလို့ ပြောပါတယ်'

ဟု ဆို၍ အနာကို ကျွန်ုပ်အား ပြသည်။

ကျွန်တော်က "တေဇောဝံက" စာတ်ဆားရည်ကို ဝွမ်းဖြင့် ဆွတ်၍ ကပ်ပေးလိုက်သည်။

'မကြောက်နဲ့ ယုံကြည်ရင်ကောင်းသွားလိမ့်မယ်။ မယုံကြည်ရင် ဟိုင်းကြီးကို သွားပေ့ါ'

ဟု ပြောမှ ပြန်သွားသည်။

နံနက်လင်းတော့ ရောက်လာပြီး လက်အုပ်ချီ ကန်တော့ပါသည်။ "ကောင်းသွားပြီ ဆရာကြီး"ဟုသာဝမ်းသာပီတိဖြင့် ပြောသည်ကို ပီတိဖြာဖြာနှင့် စိတ်ချမ်းသာလိုက်ပါသည်။ မသေဘူးပေ့ါ။

နောက် (၄)ရက်ကြာသောအခါ လင်ပြန်ရောက်လာသည်။ ငွေ အနည်းသာပါသည်။ ထို့ကြောင့် လင်မယား ရန်ဖြစ်ကြသည်။ ညနေမိုးချုပ်စပ် ဗွီဒီယိုသွားကြည့်ကြသည်။ လင်မယား အတူကြည့်ရာမှ သားကို ခေါ်ပြီး စိတ်ဆိုး၍ မိချို အိမ်ပြန်လာ၏။

ည(၇)နာရီခန့်ရှိပြီ၊ သူ့လင်က နောက်လိုက်လာသည်။ ကျွန်ုပ်၏ အိမ်ရှေ့မှ ဖြတ်သွားကြသည်။ ကျွန်ုပ်၏ အိမ်ရှေ့အိမ်တွင် ကလေးများ တီဗွီကြည့်နေရာသို့ ကလေးက မတ်တတ်ကြည့်နေစဉ် အဖေကိုမွေး ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဆွဲခေါ်သွားပါသည်။ မယားမိချို အိမ်ရောက်သွားလေပြီ။

သားအဖ(၂)ဦး အိမ်ရောက်သောအခါ အိမ်ပေါ်ရှေ့ လေ့ကားရင်းက အတက်၊ အောက်က သားက...

'အဖေ ဟိုထုတ်တန်းပေါ် အမေ့ကြိုးတွဲတွဲပြီး ရပ်နေတယ်'

ဟု ပြောသောကြောင့် အဖေက မော့ကြည့်သည်။ ကြိုးတန်းလန်းဖြင့် ငြိမ်နေလေပြီ။ ပြန်ခုန်ဆင်း၍ လာပါ၊ ယူပါ၊ အော်ခေါ်ပြီး ရွာသားများ ပြေးသွားကြသည်။ ကျွန်တော်လည်းပါသည်။

အတင်း မ၍ ချလိုက်သည်။ ကြိုးကား (၂)တောင်ခန့်ရှည်သော "ယောဂီတဘက်" လည်မှာ ပတ်ရစ်ထားခြင်း ဖြစ် ၏။ အပြန်ရစ်၍ လည်ကိုပတ် ညှပ်ဖိနေခြင်းဖြစ်သည်။ လူ မ, လိုက်ရုံနှင့် ပြုတ်ကျလာသည်။ ဩော်... သေခြင်း မြန်ပေစွ၊ ပုံမလှပါတကား။

**ဩော်... မြွေကိုက်မသေ၊ ကြိုးဆွဲသေသည်။**

ကြိုးခွေပိုင်းဖြတ်၊ အစသတ် သေမင်းတည်း။

* * *

နောက်တစ်ယောက်ကား ရွာလယ်ပိုင်းက ဖြစ်လေသည်။ သူကတော့ (၁၆)နှစ်၊ (၁၇)နှစ်သားဖြစ်မည်။ ရှစ်တန်းကျောင်းသား (၈ တန်း)ရှုံး၍ ကျောင်းထုတ်ထားပြီး နွားကျောင်း၊ လှည်းဆွဲ၊ ရေလှည်းတွန်း ခိုင်းထားသည်။ လူပုံနွဲ့နွဲ့ ချောချောဖြစ်သည်။

လွန်ခဲ့သော (၆)လခန့်က သေသွားသော မိချိုနှင့် တူအရီးတော်၏။ မိချိုလင်မောင်မွေး၏ အစ်ကိုမှ မွေးသဖြင့် တူအရီးတော်ခြင်းဖြစ်သည်။

ကျွဲကျောင်းသွားရာမှ အဖျားတက်သဖြင့် သစ်ပင်အောက်တွင် အိပ်ရာ၊



အိမ်သို့ သယ်လာပြီး ဆေးထိုးဆေးသောက် ပျောက်တော့သည်။ သို့သော် အလုပ်မသွားနိုင် တရှောင်ရှောင် ပြန်ဖျားလိုက်၊ ကောင်းလိုက် ဖြစ်နေသည်။

တစ်နေ့ တစ်ကျော့ပြန် အဖျားတက်ပြန်သည်။ (၂)ညခန့် သတိလစ်ပြီးမှ ပြန်ကောင်းသော်လည်း ငေးတေးတေး၊ ကြောင်တောင်တောင် ဖြစ်နေသည်။ **"မောင်ချစ်မြ"**ဟု ခေါ်ကြသည်။

မောင်ချစ်မြကို မိဘတွေက ရန်ကုန်ခေါ်သွားပြီး ကုကြသည်။ တစ်လခန့် "စိတ္တဇ" ဆေးရုံတွင်နေလျက် ကုရသည်။ တစ်လကျော်သောအခါ ဆေးရုံမှ ပြန်ကောင်းသွားပြီ ပြန်ခေါ်ပါဟု သံကြိုးရိုက်သောကြောင့် သွားခေါ်လာကြသည်။

ပုသိမ်မြို့ရှိ ဘုန်းကြီးကျောင်း၌ ခေတ္တတည်းခို၍ နံနက်ရွာ(ငါးပြေမ)သို့ ပြန်မည်ဖြစ်ပါသည်။ မိုးချုပ်ခါနီး **"ရေသွားချိုးဦးမယ်"**ဟု ပြော၍ ပုဆိုးပခုံးတင် ကျောင်းပေါ်မှ ဆင်းသွားသည်ကို အမိက ကြည့်နေသည်။

ရေချိုးခန်းက ကျောင်းနောက်မှာ ရှိ၍ ပတ်ထွက်သွားခြင်းဖြစ်သည်။ နာရီဝက်ခန့်ကြာသောအခါ အမိက စိတ်မချ၍ ရေချိုးခန်းသို့ သွားရောက် ကြည့်ရှုသောအခါ **ရေပုံးကြိုး လည်ပင်း** **ပတ်ပြီး ဒူးထောက်လျက် သေဆုံးနေကြောင်း** တွေ့သည်။

လာပါ၊ ယူပါ အော်မှ ကျောင်းသားကိုရင်များ မိဘများဝိုင်း၍ သယ်ယူလာသည်။ ရေပင် ပုဆိုးမစိုသေးဟု ပြောကြသည်။ ရွာကို အမိပြန်လာမှ ပြောသဖြင့် ကျွန်တော်တို့ သိရပါသည်။

ဘုန်းကြီးကျောင်းဟွင် ဖြစ်သည်။ နောက်နေ့ ချက်ချင်း သင်္ဂြိုဟ်ပြီး ပြန်လာခြင်းဖြစ်ကြောင်းနှင့် ရွာတွင် ရက်လည်ဆွမ်းကပ်သည်။

ကျွန်တော်ရောက်သွားပြီး တရားနာအမျှဝေ သာဓုခေါ် ၏။ ဖြစ်ကြောင်းကုန်စင်မေးခဲ့ပြီး လူအများ နောက်ထပ်မဖြစ်စေရန် ရည်ရွယ်၍ ကြိုးဆက်ကြိုးထုံးဖြင့် ဘဝအဆုံးသတ်ခြင်းသည် မကောင်းသော၊ မလှသော အဖြစ်ဆိုး၊ အမြင်ဆိုး၊ အခံရဆိုးလှသည့် မြင်ကွင်းအာရုံများကို တွေ့ရမြင်ရကြားရသည်မှာလည်း ရင်နစ်ဖွယ်, သနားဖွယ် လူငယ်လေးများ၏ အဖြစ်တွေပါလားဟု ခံစားရပါသည်။

ဘာကြောင့် ဤကဲ့သို့ သေချင်သနည်း၊ သေလိုသနည်း၊ ဆန္ဒဖြစ်ရသနည်းဆိုသည်ကိုမူ သေသူမှတစ်ပါး သိနိုင်ကြသူများမှာ ရှင်တော်မြတ်ဘုရား ရဟန္တာများသာ ဖြစ်ပေလိမ့်မည်။

အားလုံးသတ္တဝါအပေါင်း ကြိုးထုံးအဆက်ပြတ်၍ မြတ်သောသေခြင်းကို ရကြပါစေဟု ဆုတောင်းရင်းကြိုးစားရေးသားတင်ပြပါဦးမည်။

**(လူနာမည်များ ပြောင်းထားသည်။)**

***လေးစားထိုက်သူအားလုံး လေးစားလျက်...***

**ဖျိုးလက်ညို**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ကြုံရလို့ ယုံရသည် (၆)

နှင်းပုလဲသူ

၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် အဘကြုံရှိရာ အမရပူရသို့ လာကြစဉ်က ဖြစ်ပါသည်။ သုံးရက်မြောက်နေ့လယ်(၁)နာရီတွင် အဘကြုံ၏ ဘုရားခန်းထဲ၌ အဘကြုံနှင့် စာရေးသူတို့ မိသားစု(၃)ယောက်သည် ကြမ်းပြင်မှာ ထိုင်နေကြစဉ် အဘကြုံထံ၌ အဘကြီးဘိုးဘိုးအောင် ဓာတ်စီးကြွလာပါသည်။

'ငါ အောင်ဘိုးဘိုးကွ၊ နောင်းလူတွေက ငါ့ကို ဘိုးဘိုးအောင်လို့ပဲ သိကြတာ။ ငါ အရှင်ထွက်ကွ'

ဟု အောင်မြင်ခံ့ညားသော အသံကြီးနှင့် ပြောလိုက်ရာ စာရေးသူမှ ဝမ်းသာလွန်းပြီး အော်ငိုမိပါသည်။ အဘကြီးဘိုးဘိုးအောင်က...

'ဝမ်းသာလို့ ကျတဲ့မျက်ရည်ဆိုတာ အဘကြီးသိတယ်။ အဘကြီးနဲ့ ညည်းနဲ့ ပဋ္ဌာန်းဆက်ရှိခဲ့တယ်၊ ညည်း ဘာအလိုရှိလဲ ပြောစမ်း'

ဟုမေးပါသည်။ စာရေးသူက...

'အဘကြီးဘိုးဘိုးအောင်ရဲ့ ပုံတော်ရုပ်တုကို ရန်ကုန်ပြန်ရောက်ရင် ရွှေတိဂုံဘုရားစောင်းတန်းမှာ ဝယ်လို့ရပါတယ်။ ဒါပေမယ့် အဘကြီးဘိုးဘိုးအောင်ရဲ့ ပုံတော်ကို အဘကြီးလက်နဲ့ ပေးတာကို လိုချင်ပါတယ်'

ဟု ပြန်ဖြေလိုက်မိပါသည်။

အဘကြီးဘိုးဘိုးအောင်မှ လက်ဝါးနှစ်ဖက်ကို ပူးလိုက်ပြီး အနားရှိ တစ်ပေပတ်လည်ရှိသော ပိုးပဝါကိုယူ၍ လက်ပေါ်အုပ်ရန် ပြောပါသည်။

စာရေးသူ၏ ခင်ပွန်းက ပိုးပဝါနှင့် အုပ်လိုက်ပါသည်။ အဘကြီးဘိုးဘိုးအောင်က ပိုးပဝါအောက်မှ လက်ခုပ်သုံးချက်တီးလိုက်ပြီး...

'ငါ့လက်ဝါးထဲမှာ ဘိုးဘိုးအောင်ပုံဟာ ရွှေရောင်လား၊ ငွေရောင်လား၊ ပတ္တမြားရောင်လား မှန်အောင်ပြောစမ်းကွ'



ဟု မေးပါသည်။

စာရေးသူ ဘိုးဘိုးအောင်ပုံတော် အဖြူရောင်သာ မြင်ဖူးသဖြင့် **"ငွေရောင်ပါ ဘုရား"**ဟု ပြန်ဖြေလိုက်ပါသည်။

'ပိုးပဝါဖယ်လိုက်စမ်း'

ဟု ပြော၍ ဖယ်လိုက်ရာ လက်ဝါးနှစ်ဖက် ပူးထားရာမှ ဖွင့်လိုက်ပါသည်။

ဓာတ်ပုံတွင်ပါသည့်အတိုင်း ခေါင်းပေါင်းမှစ၍ တစ်ကိုယ်လုံး ရွှေချထားသည့် အမြင့် လေးလက်မခန့်ရှိ အဘကြီးဘိုးဘိုးအောင် ရုပ်တုလေးကို ထူးဆန်းအံ့ဩစွာ တွေ့ရပါသည်။

အဘကြီးဘိုးဘိုးအောင်မှ စာရေးသူအား ထိုရွှေရောင်ရုပ်တုလေးကို လှမ်းပေးပြီး...

'ရာသက်ပန် အဘကြီးဘိုးဘိုးအောင် ရုပ်တုကို မည်သည့်လူစိမ်းကိုမှ ကိုင်ခွင့်မပြုရဘူး။

သိပ်အရေးကြီးတဲ့ ကိစ္စကြုံရင် အဘကြီးရုပ်တုရှေ့မှာ ကန်တော့ပွဲတစ်ပွဲထား၊ ကန်တော့ပွဲရှေ့မှာ ဆီမီးတစ်တိုင်ထွန်းပြီး ပုတီးကို အာရုံယူစိပ်ပါ။

စိပ်ပြီးရင် မိမိလိုချင်တဲ့ ဆန္ဒတစ်ခုကိုသာ အာရုံပြုဆုတောင်းပါ။ ပြည့်စုံပါလိမ့်မယ်'

ဟု ပြောပါသည်။ စာရေးသူသည် ရန်ကုန်သို့ ပြန်ရောက်ပြီး နောက်နေ့တွင် ကန်တော့ပွဲတစ်ပွဲ အဘကြီးဘိုးဘိုးအောင်ရုပ်တုလေး ရှေ့ထားပြီး ဆီမီးထွန်း၍ ပုတီးကို စိတ်တည်ငြိမ်စွာထားပြီး စိပ်ပါသည်။

ပုတီးစိပ်ပြီး၍ မေတ္တာသုတ်နှင့် ခန္ဓသုတ်ကို ရွတ်ပြီးနောက် အဘကြီးဘိုးဘိုးအောင်ကို တိုင်တည်ဆုတောင်းပါသည်။

'အဘကြီး ဘိုးဘိုးအောင်ပါဘုရား... သမီးတို့ အမရပူရသို့ အသွားအပြန် စရိတ်ရော အလှူငွေပါ အားလုံး ငါးသောင်းကုန်ခဲ့

www.burmeseclassic.com

ပါတယ်။

ခင်ပွန်းသည် ရုံးမှအပြန် ဒီနေ့မှာ သောင်းဂဏန်းငွေ ပါလာပြီး ထိုငွေဟာလဲ တရားနည်းလမ်းကျ ရလာတဲ့ ငွေဖြစ်အောင် အဘကြီးဘိုးဘိုးအောင် စောင့်ရှောက်ပေးပါဘုရား' ဟု အသံထွက်ပြီး တိုင်တည် ဆုတောင်းမိပါသည်။

ညနေ စာရေးသူ၏ခင်ပွန်း ရုံးမှ အပြန်တွင် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးမှ သူ့ကိစ္စတစ်ခု အကူအညီလာတောင်းရင်း ငွေတစ်သောင်းကျပ် လာပေးသွားကြောင်း ပြောပြပြီး ထိုငွေတစ်သောင်းကို ပေးပါသည်။

နောက်တစ်နေ့တွင် စာရေးသူသည် ကန်တော့ပွဲ နောက်အသစ်တစ်ပွဲ ထပ်ဝယ်ပြီး အဘကြီးဘိုးဘိုးအောင် ရုပ်တုလေးရှေ့တွင် ထား၍ ဆီမီးထွန်းပြီး ပုတီးစိပ်ပြန်ပါသည်။ ပုတီးစိပ်ပြီးနောက် ပထမနေ့ကအတိုင်း ထပ်ဆုတောင်းပါသည်။

တိုက်ဆိုင်မှုမဟုတ်တော့ပါ။ စာရေးသူခင်ပွန်း ရုံးမှအပြန်တွင် ခင်ပွန်းသည်နှင့် အပြင်စီးပွားရေး စပ်တူလုပ်ထားသော ကိုမိုးအောင်မှ ငွေတစ်သောင်းနှစ်ထောင်ကျပ် လာပေးသွားကြောင်းပြောပြီး စာရေးသူအား ငွေတစ်သောင်းနှစ်ထောင်ကျပ် ပေးပြန်ပါသည်။

စာရေးသူ၏ ခင်ပွန်းက...

'အဘကြီးဘိုးဘိုးအောင် ရွှေရောင်ရုပ်တုလေး ရလာပြီးမှ နှစ်ရက်ဆက်တိုက် ငွေသောင်းချီဝင်လာတာ ထူးဆန်းလိုက်တာ'

ဟု ပြောပါသည်။ ထိုအခါမှ စာရေးသူသည် မလုပ်သင့်တာကို လုပ်ခဲ့မိကြောင်း ထုတ်ပြောပြလိုက်ပါသည်။

အဘကြီးဘိုးဘိုးအောင် ရွှေရောင်ရုပ်တုလေးကို ပေးစဉ်က မှာလိုက်သည့်စကားကို မှန်မမှန် စမ်းကြည့်လို၍ နှစ်ရက်ဆက်တိုက် ကန်တော့ပွဲထိုး ပုတီးကို သေသေချာချာ အာရုံယူစိပ်ပြီးမှ ဆုတောင်းခဲ့မိသည့် အမှားကို စာရေးသူ၏ ခင်ပွန်းအား ဖွင့်၍ဝန်ခံပြီး နောင်တရမိကြောင်း စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောပြခဲ့ပါသည်။

ထိုကဲ့သို့ အမှားမျိုး နောက်ထပ် ဘယ်တော့မှ မလုပ်ဖြစ်တော့ပါ။

ဤစာစုဖြင့် အဘကြီးဘိုးဘိုးအောင်ကိုရော အဘကြျူကိုပါ ရိုသေစွာ ရှိခိုးကန်တော့အပ်ပါသည်။ အဘကြျူအား မယုံတစ်ဝက် ယုံတစ်ဝက်စိတ် ရှိနေသော စာရေးသူ၏ အတွင်းစိတ်အမြင်အား လုံးဝ ဖယ်ရှားပစ်လိုက်နိုင်ခဲ့သော (တစ်နည်းအားဖြင့်) သိပ္ပံပညာဖြင့် ဘယ်လိုမှ တိုင်းတာ၍ မရနိုင်သော ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းအား ကိုယ်တွေ့ကြုံလို့ ယုံရသည်(၇)တွင် ဆက်လက်ဖော်ပြပါမည်။

**နှင်းပုလဲသူ**

စာ
မူ
ပိုင်
လို
တ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉–လမ်း (အထက်)၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း–
၀၉–၇၇၆၃၄၉၇၈၅
၀၉–၅၆၈၀၀၀၄၅၂



www.burmeseclassic.com

www.burmeseclassic.com



ကနီသား

အမေသိုက်၏

# ကျတ်ပုံပြင်

သည်အဖြစ်က ကြာခဲ့ပါပြီ။ အမေသိုက်ပြောပြသည်ကို နားထောင်ခဲ့ရတာလည်း ကြာခဲ့ပေပြီ။ "**ကိုယ်တွေ့ကျတ်ပုံပြင်**"ကို ပြောပြခဲ့သော အမေသိုက်ကွယ်လွန်ခဲ့တာပင် ၂၀၀၆ ခုနှစ်ကဆို (၁၀)နှစ်ကျော်ခဲ့ပြီ။

ဤအဖြစ်အပျက်သည် စိတ်ဝင်စားစရာကောင်းလှသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖြစ်ရပ်မှန်ရောင်ခြည်ကဏ္ဍတွင် ရေးသားတင်ပြရန် ကျွန်တော့်ရင်ထဲတွင် ဆန္ဒဖြစ်ပေါ်လာသည်။

သို့ရာတွင် လက်တွေ့ ရေးကြည့်သောအခါ အကြောင်းအရာအချို့ကို မမှတ်မိဘဲ ဖြစ်နေသဖြင့် **အမေသိုက်၏သမီးဖြစ်သူ အမှတ်(၁)ရပ်ကွက်တွင် နေထိုင်သည့် မကလေး(ခေါ်)မလေးထံ** သွားရောက်မေးမြန်းပြီးမှ "အမေသိုက်၏ ကျတ်ပုံပြင်"ကို ရေးသားပေးပို့လိုက်ပါသည်။

* * *

အချိန်မှာ ညသန်းခေါင်ကျော်ပါပြီ။ ထိုအချိန်တွင် **ကနီမြို့ အမှတ်(၁) ရပ်ကွက်ရှိ** ဦးထွန်းသိန်းနှင့် ဇနီး ဒေါ်ဖွားသိုက်တို့၏ အိမ်ရှေ့မှာ အသံများ ပေါ်လာသည်။

'ဒေါ်ဖွားသိုက်...ဒေါ်ဖွားသိုက်'

ဒေါ်ဖွားသိုက်က အိပ်ရာမှ မနိုးပါ။ ဦးထွန်းသိန်းက အရင်နိုးလာသည်။

'ဖွားသိုက်...ဖွားသိုက် ထဦးဟ၊ အိမ်ရှေ့က ညှော်သည်ခေါ်နေတယ်'

ဦးထွန်းသိန်းက နှိုးမှ ဒေါ်ဖွားသိုက် အိပ်နေရာမှ နိုးလာသည်။ အိမ်လှေကားထိပ်မှ ကြည့်လိုက်ရာ မှန်အိမ်တစ်လုံးကိုင်ထားသော အမျိုးသားတစ်ဦးနှင့် အဖော်နှစ်ဦးကို အိမ်ရှေ့လမ်းပေါ်တွင် မြင်ရသည်။

ရှေ့ဆုံးမှ အမျိုးသားကြီးက မွေးလူနာရှိ၍ လာခေါ်ကြောင်း ပြောပြသည်။ ကနီ၏ တောင်ဘက် ယာတဲမှ ဟု ပြောသည်။

'တော်တို့မှာ မိန်းမအဖော်လဲ မပါဘူး။ ကျုပ်က ဘယ်လိုလုပ်လိုက်ရမှာတုံး'



www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ...မိန်းမအဖော် မပေါ်ခဲ့မိဘူး။ ဒါပေမယ့် ဘာမှ မကြောက်ပါနဲ့။ မိခင်နဲ့ ကလေး နှစ်သက် ကယ်ရမယ့်ကိစ္စဗျာ။ လိုက်ခဲ့စေချင်ပါတယ်'

ညေ့်သည်ကြီးက တောင်းပန် ပြောဆိုသလို လင်ယောက်ျားဖြစ်သူ ဦးထွန်းသိန်းကလည်း လိုက်သွားရန် တိုက်တွန်းသည်။

အရပ် သားဖွားဆရာမ အလုပ်ကို လုပ်ကိုင်သူ ဒေါ်ဖွားသိုက်အနေဖြင့်လည်း ဤသို့ ညပိုင်းတွင် ထ၍ လိုက်ပါရသည်မှာ ရိုးနေပါပြီ။

ထို့ကြောင့် ဒေါ်ဖွားသိုက်သည် လာခေါ်သူ သုံးယောက်နောက်သို့ လိုက်ခဲ့သည်။ သူတို့သွားနေသော လမ်းမှာ **ကနီမြို့၏ တောင်အရပ်သချိုင်းဆီ** သို့ ဦးတည်နေကြောင်း ဒေါ်ဖွားသိုက် သတိထားမိသည်။

သို့ရာတွင် ထိုအချိန် ဒေါ်ဖွားသိုက်တွင် ကြောက်စိတ်မရှိချေ။ ပင်ကိုစိတ်နှင့် ကင်းလွတ်နေသည်ဟု ထင်ရသည်။

မကြာမီ ခြေတံရှည်အိမ်တစ်လုံး ရှေ့သို့ ရောက်လာသည်။ ထူးခြားသည်မှာ အိမ်ပေါ်တက်ရန် လှေကား မရှိပါ။ မီးအိမ်ကိုင်ထားသော လူက ဒေါ်ဖွားသိုက်အား မေးသည်။

'အိမ်ပေါ်ကို ရွှေလှေကားနဲ့ တက်မှာလား။ ငွေလှေကားနဲ့ တက်မှာလား'

ဒေါ်ဖွားသိုက်ကတော့ ဟာသပြောနေသည်ဟု အထင်ရောက်သည်။

'ရိုးရိုးလှေကားနဲ့ပဲ တက်ပါမယ်ကွယ်။ မင်းတို့ကလဲ တောင်ပြောမြောက်ပြောနဲ့'

ထိုသို့ ပြောပြီးနောက် ဒေါ်ဖွားသိုက်နှင့် လူသုံးယောက်တို့သည် အိမ်ပေါ်သို့ ဝါးလှေကားဖြင့် တက်ခဲ့ကြသည်။

ရောက်ရောက်ချင်းပင် ဒေါ်ဖွားသိုက်သည် မွေးလူနာအနီးသို့ သွား၍ စမ်းသပ်လုပ်ဆောင်သည်။ (၃)နာရီခန့်အကြာတွင် ကလေးမွေးဖွားခြင်း အောင်မြင်ပြီးစီးသွားသည်။

လုပ်ငန်းပြီးဆုံးသောအခါ လာ၍ခေါ်သော လူက ငွေမည်မျှ ပေးရမလဲဟု မေးသည်။ ဒေါ်ဖွားသိုက်ကတော့ သူ၏ စိတ်အရင်းခံအတိုင်း ပြောလိုက်သည်။

'ဘယ်လောက်ရယ် မသတ်မှတ်ပါဘူးကွယ်။ မင်းတို့စေတနာ ရှိသလောက်ပေးပါ'

ထိုအခါ မေးမြန်းသော လူက **ငွေဒင်္ဂါးများယူလာပြီး** ဒေါ်ဖွားသိုက်တွင် ပါလာသည့် တဘက်စထဲ ထည့်ကာ ထုပ်ပေးလိုက်သည်။ ပြီးတော့ မေးပြန်သည်။

'ရွှေလှေကားနဲ့ ဆင်းမှာလား။ ငွေလှေကားနဲ့ ဆင်းမှာလား'

'အတက်တုန်းက လှေကားနဲ့ပဲ ဆင်းမှာပေါ့ကွယ်'

ထိုသို့ ပြောပြီးနောက် ဒေါ်ဖွားသိုက်သည် လှေကားအတိုင်း ဖြည်းဖြည်းဆင်းခဲ့သည်။

လှေကား အောက်ဆုံးအထစ်ကို နင်းသောအခါ ခြေချော်သွားသဖြင့် ဒေါ်ဖွားသိုက်၏ နှုတ်မှ အသံထွက်သွားသည်။

'ဘုရား... ဘုရား'

ထိုအခါ...

* * *

ထိုအခါ ဒေါ်ဖွားသိုက် ဆင်းခဲ့သော ခြေတံရှည်အိမ်လည်း မရှိတော့၊ လှေကားလည်း မရှိတော့ပါ။ ရုတ်တရက် ဒေါ်ဖွားသိုက် မျက်စိထဲတွင် မြင်လိုက်ရသည်ကတော့ အနားမှာ ဖြူဖြူဖွေးဖွေး အုတ်ဂူတစ်လုံး။

ဒေါ်ဖွားသိုက်သည် လန့်သွားပြီး ကနီမြို့ရှိရာဘက်သို့ အမြန်ပြေးလာခဲ့သည်။ မြို့အစွန်တွင် ရှိသော ဆွေမျိုးများကိုလည်း သတိရလိုက်သည်။

ပြေးရင်းလွှားရင်း သူတို့၏ အမည်များကို အသံကုန်အော်၍ ခေါ်လိုက်တော့သည်။

'အောင်ချစ်တို့ ဖေမောင်တို့ရေ... လာကြပါဦးဟေ့၊ အောင်ချစ်တို့၊ ဖေမောင်တို့ရေ... လာကြပါဦးဟေ့၊ အောင်ချစ်တို့၊ ဖေမောင်တို့ရေ... လာကြ...'

ပြေးလာသော ဒေါ်ဖွားသိုက်သည် ခလုတ်တိုက်မိပြီး လမ်းပေါ်တွင် လဲကျသွားသည်။ ထိုသို့ လဲကျရာမှ သတိလစ်သွားသည်။ လမ်းသွားလမ်းလာများမှ တွေ့ရှိရပြီး ဒေါ်ဖွားသိုက်အိမ်သို့ လိုက်ပို့လိုက်ကြရသည်။

ဤသို့ တစ်ခါက ဒေါ်ဖွားသိုက် ကြုံတွေ့ခဲ့သော ကျတ်များနှင့် အတွေ့အကြုံကား...

**ကနီသား**



www.burmeseclassic.com

www.burmeseclassic.com

ဦးသူတော် (ဝါ)

# ဖိုးသူတော်နှင့်

## တွေ့ဆုံဖူးခဲ့သည့် ဖြစ်ရပ်ဆန်း

ဘုံသုံးကျောင်းဆရာ
(ကေတု)


**"ကျွန်ုပ်နှင့်ဦးသူတော် (ဝါ) ဖိုးသူတော်တွေ့ဆုံခန်း"**ကို မဖော်ပြမီ ကျွန်ုပ်တို့ ကေတုမတီ တောင်ငူမြို့တွင် အထင်ကရသမိုင်းဝင်ဘုရားများဖြစ်သော **ရွှေဆံတော်ဘုရား၊ မြစည်းခုံဘုရား၊ ကေဋုစာရီဘုရား၊ နဂါးရုံဘုရား၊ မြို့၏ အရှေ့တောင်ဘက် (၇/၈)မိုင်ခန့်အကွာ မြတ်စောညီနောင်ဘုရား၊ မြို့၏အနောက်ဘက် (၃)မိုင်ခန့် အကွာ ကောင်းမှုတော်ဘုရား**စသည် ဘုရားများသည် အထင်ကရဘုရားများ ဖြစ်ကြပေသည်။

ဘုရား၏ ဝန်းကျင်တွင် မရမ်းကျောင်း၊ ဝါးကျောင်း၊ ပြည်ကျောင်း၊ သရက်တောကျောင်း၊ မန္တလေးကျောင်း၊ အောင်မြေဖေယျကျောင်း၊ အောင်ချာဝတီကျောင်း စသည့် သံဃာတော်များ၊ သီတင်းသုံးရာ ကျောင်းတိုက်များ ဝန်းရံလျက်ရှိပေသည်။

ထို ကျောင်းတိုက်များအနက် သရက်တောကျောင်းတိုက်၏ ပရိဝုဏ်အတွင်း မူလတန်းကျောင်းကလေး ရှိခဲ့ပေသည်။ ထိုကျောင်းသည် ကျွန်ုပ်ငယ်စဉ် သူငယ်တန်းအရွယ် သရက်တောကျောင်းသားအဖြစ် ပညာရည်နို့ချိုသောက်စို့ခဲ့ရသော ကျောင်းပင်တည်း။

နောင်အခါမှသာ အမှတ်(၂) အခြေခံ အထက်တန်းကျောင်းခွဲအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်မှာ ယနေ့တိုင်ပင်။ "ဟိုး" အချိန်အခါက ရွှေဆံတော်ဘုရား၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်တွင် စောင်းတန်းများရှိသော်လည်း အရှေ့စောင်းတန်းတွင်သာ အုတ်လှေကားထစ်များ ရှိပေသည်။ ကျန်စောင်းတန်းများတွင် မရှိချေ။

နောင်အခါမှသာ အလှူရှင်များ အသီးသီးပေါ်လာပြီး လှေကားထစ်များ



ရွှေဆံတော်ဘိုးဘိုးကြီး

သန့်ရှင်းသပ်ရပ်စွာ တစ်စနှင့်တစ်စ ပေါ်လာကုန်ပေသည်။


ဟိုးယခင်ကဆိုလျှင် ရွှေဆံတော်ဘုရား၏မြောက်ဘက်စောင်းတန်းဘက်တွင် ဇရပ်ကြီးတစ်ဆောင်သာရှိပြီး တောင်ဘက်စောင်းတန်းဘက်တစ်ထပ်အဆောက်အဦးသည် အဝိုင်းသဏ္ဌာန် တည်ဆောက်ထားပြီး အတွင်းမှာတော့ ဘုရားအဆူငယ်လေးများ ထုလုပ်ပူဇော်ထားပါသည်။

ထိုအဆောက်အဦးတွင် ဗေဒင်ဟောသော ဆရာအောင်နှင့်မိသားစု နေထိုင်ခဲ့ကြပေသည်။ နောင်အခါတွင် နေခွင့်မရတော့ ဘယ်နေရာပြောင်း




www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေဆံတော်ဘုရား အနောက်မုခ်



ယခင်က ညောင်ရွက်ကောက်ခဲ့သော မဟာဗောဓိညောင်ပင်ကြီး

သွားသည်ကို ကျွန်ုပ်မသိရှိတော့ပေ။

ဘုရားရင်ပြင်တော် ပရိဝုဏ်ကို ယခုကာလကဲ့သို့ မည်သည့်အုတ်တံတိုင်းမျှ ကာရံထားခြင်းမရှိ၊ ချုံနွယ်ပိတ်ပေါင်းများဖုံးလွှမ်းလျက် ကျွန်ုပ်နေခဲ့သော သရက်တောမူလတန်းကျောင်းကလေးမှ ဘုရားရင်ပြင်တော်ပေါ်သို့ ချုံနွယ်များ တိုးဝှေ့ကာ ကျွန်ုပ်တို့ သူငယ်ချင်းတစ်စု မြူးတူးပျော်ပါး စစ်တိုက်ကစားရာနေရာတစ်ခု ဖြစ်ပေသည်။

အနောက်ဘက် စောင်းတန်းဘက် ဘုရားရင်ပြင်တော်တွင်ကား ယနေ့ထိရှိနေသော မဟာဗောဓိညောင်ပင်ကြီး တည်ရှိပါသည်။ ဟိုးယခင်ကကဲ့သို့ အကိုင်းအခက်များ ဝေဝေဆာဆာမရှိတော့။ အပင်၏အပေါ်ပိုင်း ခုတ်ထွင်ရှင်းလင်းထားသည်ကို ယနေ့ဘုရားဖူးသူတိုင်း တွေ့ရှိရမည် ဖြစ်ပေ၏။

ယခင် ဗောဓိပင်ကြီး၏တောင်ဘက်နားတွင် **ရွှေဆံတော်ဘိုးဘိုးကြီးရုပ်တု** အဆောက်အဦးနှင့် အနောက်နားကပ်လျက် ခရေပင်ကြီးတစ်ပင် တည်ရှိပြီး အပင်ခြေတွင်မတော့ **သူတော်စင်ဖိုးသူတော်ရုပ်တုနှင့် အဆောက်အဦး** နှင့် မြောက်ဘက် (မဟာဗောဓိပင်) ဘက် မျက်နှာမူကာ တည်ရှိနေခဲ့သည်ကိုတော့ ယနေ့တိုင် ကျွန်ုပ်မျက်စိထဲ မြင်ယောင်နေမိပါသေးသည်။

ယခုအချိန်အခါတွင်မတော့ **ထိုခရေပင်ကြီးနှင့် ဖိုးသူတော်ရုပ်တုတို့ မရှိတော့ပါချေ။** ရွှေဆံတော်ဘိုးဘိုးကြီးရုပ်တုမှာလည်း ဗောဓိပင်ကြီးနောက်ဘက်နားသို့ ရောက်ရှိသွားချေပြီ။ "ဩော်" သခ်ီရတရားပါပေ။

အထက်ဖော်ပြပါ ဘိုးဘိုးကြီးရှေ့တွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်ကပ်လှူစရာ စင်ကလေးနှင့် အမိဋ္ဌာန်ပြုဆုတောင်းရန် ကျောက်တုံး နှစ်တုံး၊ သုံးတုံးခန့် ချထားပေသည်။

တစ်နေ့သ၌ နွေရာသီကျောင်းပိတ်ရက်တစ်ရက်တွင် ကျွန်ုပ်သည် အိမ်တွင် တစ်ယောက်တည်းရှိနေစဉ် ပျင်းပျင်းရှိသည်နှင့် အမေချက်ပြုတ်ခဲ့သော ထမင်းဟင်းကို တဝတပြဲစားသောက်ပြီး သူငယ်ချင်းများရှိမည်ထင်သောနေရာသို့ နေ့လယ်ခင်း နေပူကျဲကျဲ ထွက်လာခဲ့ပေသည်။

သို့သော် ဘယ်ကစားဖော် သူငယ်ချင်းမှမတွေ့၍ ရွှေဆံတော်ဘုရားရင်ပြင်တော်ပေါ်သို့ တစ်ယောက်တည်း တက်လာခဲ့သည်။

ဘုရားရင်ပြင်တော်၏ အောက်ခံကျောက်ပြားများ၏အပူ၊ ဦးထုပ်မပါသောကြောင့် အပေါ်က နေ၏အပူ၊ နေက ကျက်ကျက်တောက် ပူလောင်ပြင်းပြနေသောအချိန်၊ ပေါက်ကလေး

www.burmeseclassic.com

တစ်ချက်ဝှေ့စေတီတော်မှ ဆည်းလည်းသံကလေး တချွင်ချွင်အသံကလေး တိုးဝင်လာသည်။

သို့သော် လူသူအရိပ်အယောင်မပြောနဲ့ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမတွေ့ လွန်စွာဆိတ်ငြိမ်အေးချမ်းလျက် ကျွန်ုပ်တစ်ယောက်တည်း ရှိသည်ဟု ထင်မှတ်ရပြီး တရွေ့ရွေ့နှင့် စေတီတော်ကြီးကိုပတ်။ အနောက်စောင်းတန်းအနီး ဗောဓိညောင်ရွက်ကလေးများ လှုပ်ခတ်သံနားစွင့်ရင်း ညောင်ပင်ကြီးအရိပ်အောက်ရောက်မှန်းမသိရောက်ခဲ့ပေပြီ။

ထိုစဉ် ညောင်ရွက်ဝါကလေးများ လေနှင့်ဝဲပျံကာ ရင်ပြင်တော်ပေါ်သို့ သက်ဆင်းနေသည်မှာ အလွန်ကြည့်၍ ကောင်းနေပါသည်။

ထို့နောက်တွင်တော့ ကျွန်ုပ်သည် ကလေးပီပီ ထိုညောင်ရွက်ဝါကလေးများ ကောက်ယူချင်စိတ် ဖြစ်ပေါ်လာသောကြောင့် လိုက်လံကောက်နေမိသည်။ အကြောင်းရင်းကတော့ မိမိ၏ စာအုပ်ကြို စာအုပ်ကြား ညှပ်ထားရန်ဖြစ်သည်။

ထိုသို့ ပူပင်သောကမရှိ ကောက်ယူစုဆောင်းနေစဉ် "မြုန်း"ဆို အထက်က ဖော်ပြခဲ့ပြီးသော ခရေပင်ကြီးခြေရင်း အဆောက်အဦးလေးထဲမှ ပကတိလူသားအတိုင်း အပေါက်ဖွင့်၍ ဆင်းသက်လာသော ဝတ်ဖြူစင်ကြယ် စိပ်ပုတီးနှင့် ဦးပြည်းပြောင်ပြောင် လူကြီးတစ်ယောက် **(မှတ်ချက်။ ။ နောင်အခါမှ ဖိုးသူတော်ဟုခေါ်မှန်းသိ)**သည် ကျွန်ုပ်နှင့် မနီးမဝေးတွင် တောင်,မြောက် စကြံလျှောက်၍ နေလေသည်။

ယခု ကျွန်ုပ်စိတ်ထင် စက္ကန့် (၃၀) တစ်မိနစ်ခန့် ကြာမည်ထင်ပါသည်။

ကျွန်ုပ်သည် ထိုလူကြီးကို လုံးဝကြောက်စိတ်မဖြစ်ပေါ်ဘဲ မိမိဘာသာ ညောင်ရွက်ဝါကလေးများအားကောက်မြဲကောက်နေမိသည်။

အိပ်မက်မဟုတ် တကယ်လက်တွေ့ကြုံတွေ့နေခြင်းပါ။ ခဏနေသော် သုတ်ခနဲ သူ၏အဆောက်အဦးထဲ ပြန်ဝင်ပြီး သံဆန်ခါတံခါး ပိတ်သွားပါတော့သည်။

ကျွန်ုပ်သည် ရုတ်တရက် သတိဝင်လာပြီး ယင်း အဆောက်အဦးလေးရှေ့ သွားကြည့်မိသည်။ နဂိုအင်္ဂတေဖြင့် ပြုလုပ်ထားသော ဝတ်ဖြူစင်ကြယ် စိပ်ပုတီးနှင့် ဦးပြည်းပြောင်ပြောင် မူလရုပ်အတိုင်းသာ အံ့ဖွယ် တွေ့ရှိလိုက်ရပါတော့သည်။

ဤ အကြောင်းအရာများကိုလည်း ကျွန်ုပ်သည် အာစေးထည့်ထားသည့်နှယ် မည်သူကိုမျှ ပြန်မပြောပြဖြစ်ခဲ့ချေ။ ပြောလျှင်လည်း မည်သူမျှ ယုံကြမည်မဟုတ်မှန်း သိသောကြောင့်လည်း ပါ,ပါ၏။

ဤဖြစ်ရပ်သည်ကား ကျွန်ုပ်နှင့် ဦးသူတော် (ဖိုးသူတော်)တို့၏ အမှန်တကယ် တွေ့ဆုံခဲ့ရသော ဖြစ်ရပ်ပင် ဖြစ်ပါတော့သတည်း။


မြတ်စွာဘုရားရှင်အား အမှူးထား၍ ခင်ပွန်းကြီး (၁၀)ပါးအား လက်ဆယ်ဖြာ ဦးထိပ်တင်လျက် ရိုသေစွာ ရှိခိုးအပ်ပါသည်။

မြင်အပ်,မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါအပေါင်း (၇)ရက်သား သမီးအပေါင်း ဘေးရန်ကင်းကွာ ချမ်းသာကိုယ်စိတ်မြဲကြပါစေ...။

**အညာတြကျောင်းဆရာ**
***(ကေတု)***

# ကြွက်နို့နှင့် ငါးမျက်စိကို

**မနာကျင်စေဘဲ အမြစ်ပြုတ်လိုလျှင်**



ကြွက်နို့သည် အမြစ်တွယ်သော အသားမာလုံးလေးဖြစ်သကဲ့သို့ ငါးမျက်စိသည်လည်း အပြာရင့်ရောင်သန်းသည့်အမြစ်ပါသော အသားမာလုံးလေး ဖြစ်ပါသည်။

အမြစ်ရှိသဖြင့် အမြစ်လုံးဝကင်းစင်မှသာ ပျောက်ကင်းပါသည်။ အမြစ်ကျန်နေခဲ့ပါလျှင် ထပ်၍ ပေါ်လာတတ်ပါသည်။

**ကြွက်နို့နှင့်ငါးမျက်စိကို မနာကျင်စေဘဲ အမြစ်ပြုတ်လိုလျှင်...**

ကွမ်းစားထုံး(ဖောက်ထုံး)ကို မန်ကျည်းစေ့ခန့် ယူလိုက်ပါ။ ပြီးနောက်...

ချင်းတက်(ဂျင်းတက်) လက်တစ်ဆစ်ခန့်နှင့်အတူ ရော၍ ညက်နေအောင် ဆုံထဲထည့်ထောင်းပါ။ ပြီးလျှင်...

ကြွက်နို့(သို့မဟုတ်)ငါးမျက်စိပေါ်သို့ အုံပြီး ပတ်တီးစည်းထားပါ။ တစ်ဆယ်မိနစ်ခန့် ကြာလျှင် ကြွက်နို့(သို့မဟုတ်)ငါးမျက်စိသည် အသားပေါ်သို့ မသိမသာ ကြွတက်လာပါလိမ့်မည်။

ထိုအခါ လက်ဖြင့်ကိုင်ပြီး ဆွဲနုတ်လိုက်ပါ။ အမြစ်ပါကျွတ်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပါလိမ့်မည်။

**[ဤနည်းကို ပြောပြသော ကသာမြို့၊ အမှတ်(၄)ရပ်ကွက် မုံလှတန်းမှ မြန်မာသမားတော် ကိုမော်စီအား အထူးကျေးဇူးတင်ရှိပါသည်။]**

**ကိုကိုခန့်ချော(ကသာမြေ)**



www.burmeseclassic.com

www.burmeseclassic.com

# မှင်စာဆိုတာ ဘာလဲ...

## တကယ်ကော ရှိပါရဲ့လား

နိုင်ဇော်အောင်



(၁၂-၈-၂၀၀၁)ရက်နေ့ မွန်းလွဲပိုင်း (၄း၃၀)နာရီအချိန်တွင် ကျွန်တော်၏ ခမ္မမိတ်ဆွေတစ်ဦး ကျွန်တော်၏ နေအိမ်သို့ လူနာသတင်းမေး လာရောက်မေးမြန်းခဲ့ပါသည်။ သူက ကျွန်တော်၏သား လူနာအား ကြည့်ရှုပြီး ကုသမှုဆိုင်ရာ နည်းနာများကို အကြံပြုသွားပါသည်။

ထို့နောက် ကျွန်တော်တို့နှစ်ဦး စကားဝိုင်းဖွဲ့ ဟက်ဆုံကြပါလေတော့သည်။ သူက သူ၏ တကယ့်အတွေ့ အကြုံ ဖြစ်ရပ်မှန်တစ်ခုကို အောက်ပါအတိုင်း တင်ပြသွားပါသည်။

* * *

လွန်ခဲ့သော (၃)နှစ်ခန့်က မော်လမြိုင်မြို့တွင် နေထိုင်သော ကျွန်တော့်၏ ညီလေးဖြစ်သူမောင်... ကွယ်လွန် အနိစ္စ ရောက်ခဲ့စဉ်က ဖြစ်ပါသည်။

ကျွန်တော့်ညီလေး အသုဘကို ဂူသွင်းသင်္ဂြိုဟ်ရန်အတွက် မြေနီကုန်း သုသာန်တွင် အုတ်ဂူပြုလုပ်ပြီး ညီ၏ နေအိမ်သို့ ပြန်လာရာ အိမ်ရှိ မဏ္ဍပ်ရှေ့တွင် ကုလားထိုင်နှစ်လုံး ချထားပြီး အသုဘပို့ဆောင်ရန် ရောက်ရှိနေကြသော ဧည့်ပရိသတ်များ စုရုံးစုရုံး ဖြစ်နေကြသည်ကို တွေ့မြင်ရပါသည်။

အကျိုးအကြောင်းများ မေးမြန်းကြည့်သောအခါတွင် ကျွန်တော်၏ ဦးလေးဝမ်းကွဲ ဦး...က ကျွန်တော့်အား ချထားသော ကုလားထိုင်နှစ်လုံးတွင် ကျွန်တော်၏ညီဖြစ်သူနှင့် တမလွန်ဘဝသို့ ကူးပြောင်းသွားပြီဖြစ်သော မိခင်တို့နှစ်ဦး ထိုင်နေကြကြောင်း၊

ဦးလေးက ဆေးလိပ်သွားဝယ်စဉ် ကွယ်လွန်သွားပြီးသော မိခင်အား ညီလေး၏ခြံဝင်းအပြင်ဘက် တွေ့ရှိရကြောင်း...

မိခင်မှာ ကျွန်တော်၏ ညီလေးဖြစ်သူသည် သေချိန်မတန်သေးဘဲ သေဆုံးရခြင်းဖြစ်ကြောင်း၊ ညီလေးအား အယူတိမ်း၍ ဘဝကူး မကောင်းမည်ကို စိုးရိမ်၍ လာရောက်ခေါ်ယူရန် ရောက်ရှိနေကြောင်း...

အိမ်ခြံစောင့်နတ်များက ခြံထဲသို့ ပေးမဝင်သဖြင့် မဝင်ရကြောင်း အိမ်ရှင်မိသားစုထဲမှ တစ်ဦးဦး လာခေါ်ယူမှသာ ဝင်ရမည်ဖြစ်သဖြင့် ကျွန်တော့်ညီလေး၏ ဖနီးသည်က ခေါ်ယူပြီး ခုံဖြင့် ပေးထိုင်ထားခြင်း ဖြစ်ကြောင်း ပြောပြသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အားလည်း သေဆုံးသွားသော ညီလေးအား မည်ကဲ့သို့ ပြောဆိုဆုံးမလိုကြောင်း ပြောကြားပေးပါရန် ဦးလေးက ပြောသွားပါသည်။

ကျွန်တော်လည်း ဦးလေးနှင့် ညီလေး၏ မိသားစုများကို စိတ်ချမ်းသာစေရန်အတွက်ကို ရည်ရွယ်ပြီး ညီလေးအား သူ၏မိသားစုအပေါ် ဘာတစ်ခုမှ မစိုးရိမ်ပါရန်နှင့် သူ့အတွက် ကောင်းရာကောင်းကြောင်း ဖြစ်ရန်သာ နေ့ဖို့ကို ပြောကြားပေးလိုက်ပါသည်။ သို့သော် ကျွန်တော်၏ စိတ်ထဲတွင် လုံးဝ ယုံကြည်မှု မရှိပါချေ။

ထို့နောက် ကျွန်တော်၏ဦးလေးအား ကျွန်တော်၏ မိခင်မှာ ဘယ်ဘဝတွင် ရှိနေကြောင်းနှင့် ဘယ်ဒေသမှာနေ,နေပါသလဲ စသည့် မေးခွန်းများကို မေးမြန်းလိုက်ရာတွင်....

ကျွန်တော်၏မိခင်သည် ကိုယ်ခန္ဓာ၏ အပေါ်ပိုင်းတွင် နတ်ဝတ်တန်ဆာများ ဝတ်ဆင်ထားပြီး အောက်ပိုင်းတွင် သာမန်အမျိုးသမီးထဘီပင် ဝတ်ထားကြောင်း၊ ဦးလေးအနေဖြင့် ကျွန်တော်၏ မိခင်သည် ရုက္ခစိုးနတ်သမီး ဖြစ်နေသည်ဟု ထင်မြင်ရကြောင်းကို ပြောကြားသွားပါသည်။

ညကျလျှင် မိခင်အား အိမ်သို့ ပြန်လာပါရန်အတွက် ဦးလေးမှ တစ်ဆင့် ဖိတ်ကြားခိုင်းလိုက်ပါသည်။ အသုဘ ပို့ဆောင်ရန် အချိန်သည် နေ့လယ်(၂း၀၀)နာရီ အချိန်ဖြစ်၍ ကျွန်တော်၏မိခင် နေထိုင်သော နေရာကို ဦးလေးမှတစ်ဆင့် မေးမြန်းသောအခါ အုတ်တံတိုင်း ခတ်ထားသော ညောင်ပင်တစ်ပင်ကို ပြောပြသွားသည်။ ထိုညောင်ပင်အား မှတ်သားထားရန်လည်း မှာကြားခဲ့ပါသည်။



ထိုသို့ပြောကြားရခြင်းမှာ ကျွန်တော်၏မိခင် ကွယ်လွန်ပြီး တစ်လခန့်အကြာတွင် ကျွန်တော်၏အဒေါ် ဝမ်းကွဲတစ်ဦးက ကျွန်တော့်အား ကျွန်တော့်မိခင်သည် မကွယ်လွန်မီ လူ့ဘဝတွင် ရှိစဉ်က ငါးပုဏ္ဏားကြော်ကို အလွန်နှစ်သက်ကြောင်း...

သူ့အား အိပ်မက်ပေးသဖြင့် မှည်သည့်နေရာတွင် သွားရောက်ပြီး ကျွေးမွေးရပါမလဲဟု မေးမြန်းလိုက်ရာတွင် မော်လမြိုင်မြို့ ဦးဇိနဘုရားအနီးတွင်ရှိသော ဝါဆိုဘုန်းတော်ကြီးကျောင်းဝင်းမှ သိမ်ရှေ့ရှိ ညောင်ပင်တွင် လာရောက်ကျွေးပေးရန် အိပ်မက်ပေးသဖြင့် ဝါဆိုကျောင်းသို့ သွားပြီး ကျွေးမွေးခဲ့ရကြောင်း ပြောဖူးသော စကားကို သတိရ၍ မိခင်၏ နေထိုင်ရာဒေသကို မေးမြန်းခြင်း ဖြစ်ပါသည်၊

ညီလေးအသုဘ ပို့ဆောင်ရန်အချိန်ရောက်သောအခါ ကျွန်တော်၏ ညီလေး အလောင်းကို မြေနီကုန်းသုသာန်သို့ ပို့ဆောင်ကြပါသည်။

ညီလေး၏အလောင်းအား ဂူသွင်းပြီးသောအခါ ကျွန်တော် ကြိုတင်စီစဉ်ထားသော ဆိုင်ကယ်ဖြင့် ကျွန်တော်၏ ဦးလေးအား တင်ဆောင်၍ မိခင်ညွှန်ပြသည်ဆိုသော ညောင်ပင်သည် ဝါဆို ဘုန်းတော်ကြီးကျောင်းဝင်းရှိ သိမ်ရှေ့မှ ညောင်ပင် ဟုတ်,မဟုတ် သိလို၍ ဝါဆိုကျောင်းသို့ ဦးတည်ပြီး မောင်းနှင်ခဲ့ပါသည်။

ညောင်ပင်သို့ရောက်ရန် ကိုက်(၁၀၀)ခန့်အလိုတွင် ဆိုင်ကယ် စက်ရှိန်ကို မြှင့်တင်လိုက်ရာ ဦးလေးက စက်ရှိန်ကို လျှော့ချရန်နှင့် သိမ်ရှေ့တွင်ရှိသော ညောင်ပင်အား ညွှန်ပြပြီး မိခင်ညွှန်ပြသော ညောင်ပင်ဖြစ်ကြောင်း ပြောခဲ့ပါသည်။

ဤသို့ဆိုလျှင် မိခင် ရှိ,မရှိ ကြည့်ပေးရန် ပြောသောအခါ ဦးလေးက ညောင်ပင်သို့ကြည့်ပြီး ကျွန်တော့်မိခင် ထိုညောင်ပင်တွင် မတွေ့ရှိကြောင်း၊ ညောင်ပင်တွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော် စတင်ထွက်ခဲ့သော မြေနီကုန်းသုသာန်သို့ ညွှန်ပြနေကြောင်း ပြော၍ ကျွန်တော်လည်း လာလမ်းအတိုင်း သုသာန်သို့ ပြန်လာသည်။

သုသာန်သို့ အရောက်တွင် ကျွန်တော်၏ မိခင်နှင့် ညီလေးသည် ညီလေး၏ အုတ်ဂူအနီးရှိ အခြားအုတ်ဂူတစ်ခုပေါ်တွင် ထိုင်နေကြကြောင်း၊ မည်သည့်ကိစ္စနှင့် ကျွန်တော်တို့ ပြန်လာကြပါသလဲဟု မိခင်က မေးမြန်းကြောင်း ပြောသဖြင့် ကျွန်တော်က အုတ်ဂူ ပြီး,မပြီး လာရောက်ကြည့်ခြင်း ဖြစ်သည်ဟု ပြောပြပါသည်။

ထိုအခါ ကျွန်တော်၏မိခင်က စိတ်မပူပါနှင့် အုတ်ဂူ အချောပြီးသည်အထိ သူတို့ စောင့်ကြည့်နေပါမည်၊ အုတ်ဂူပြီးမှ သူတို့ ပြန်မည်ဖြစ်ကြောင်း မိခင်က ပြောသွားပါသည်ဟု ဦးလေးက ကျွန်တော့်အားပြန်ပြောသွားပါသည်။

ကျွန်တော်တို့လည်း အသုဘအိမ်



www.burmeseclassic.com

www.burmeseclassic.com

သို့ပြန်ရန် လုပ်နေစဉ် ကျွန်တော်၏ မိခင်က ကျွန်တော့်ဦးလေးအား အခုကိစ္စတွင် ကျွန်တော့်အနေနှင့် ယုံကြည်မှု မရှိကြောင်းကို မိခင်က သိနေကြောင်း...

ကျွန်တော်၏မိခင်ထက် (၂၀)နှစ် လောက်စော၍ ကွယ်လွန်သွားသူ ကျွန်တော်၏ဖခင်သည် မည်သည့် ဘဝတွင် ရောက်ရှိနေကြောင်းကို သိချင်ပါသလားဟု ကျွန်တော့်အား မေးမြန်းနေကြောင်း ဦးလေးမှတစ်ဆင့် ကျွန်တော့်အား ပြောပြပါသည်။

သို့နှင့် ကျွန်တော်က သိလိုသည် ဟု ပြန်ပြောလိုက်သောအခါ ကျွန်တော် ၏ဖခင်သည် မှင်စာ(သို့မဟုတ်)ပြိတ္တာ ဖြစ်နေကြောင်း၊ ကျွန်တော်တို့ နေထိုင် ခဲ့သော မော်လမြိုင်မြို့ ထားဝယ်စုရပ် သိပ္ပံလမ်းထိပ်တွင်ရှိကြောင်း ပြောပြီး ယခုသွားပါက တွေ့နိုင်ကြောင်း ပြော၍ ကျွန်တော်နှင့် ဦးလေးတို့သည် ဆိုင်ကယ်နှင့်ပင် ဆက်၍ သွားခဲ့ကြပါ သည်။

ကျွန်တော်၏မိခင် ညွှန်ပြသော နေရာသို့ ရောက်သောအခါ ဖခင်သည် ကွယ်လွန်၍ အသုဘချစဉ်က ဝတ်ဆင် ပေးခဲ့သော အဝတ်အစားအတိုင်း တွေ့ရကြောင်း၊ သို့သော်လည်း လူ့ ဘဝကကဲ့သို့ ဝဖြိုးခြင်းမရှိဘဲ အလွန် ပိန်ချုံး၍ အဝတ်အစားများမှာလည်း စုတ်ပြဲနေကြောင်းကို ဦးလေးက ပြောပြ ပါသည်။

ကျွန်တော်တို့အားလည်း "ဘယ်သူ တွေလဲ၊ ဘာလာလုပ်ကြသလဲ"ဟု ဖခင်က မေးမြန်းကြောင်း ဦးလေးက ကျွန်တော့်အား ပြန်ပြောပြပါသည်။

ဤနေရာတွင် ကျွန်တော့်အနေနှင့် ဘဝင်မကျ ဖြစ်ခဲ့ရသည်မှာ ကျွန်တော့် ဖခင်သည် မကွယ်လွန်မီ လူ့ဘဝ၌



နေစဉ်ကာလ ရတနာသုံးပါး, မိဘ, ဆရာသမားများအား လွန်စွာ ရိုသေ ကိုင်းရှိုင်းတတ်ခြင်း၊ အလှူဒါနများကို လည်း မွေ့လျော်ခြင်း၊ အကုသိုလ် တရားများကို အထူးရှောင်ကြဉ်ပြီး ကုသိုလ်တရားများ၌သာ မွေ့လျော် တတ်သူတစ်ဦး ဖြစ်ပါသည်။

ထို့ပြင် ဖခင်သေဆုံးသည့် ကာလမှ စ၍ ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး (၁၆)နှစ်တိုင်တိုင် သက်ပျောက်ဆွမ်း ကို ရဟန်းသံဃာများ ပင့်ဖိတ် လှူဒါန်း ပြီး အမျှပေးဝေခြင်း၊ အမျှကို သာဓု အနုမောဒနာခေါ် ဆိုနိုင်ရန် ရပ်ရွာတို့ ၏ ဓလေ့ထုံးတမ်းစဉ်လာအရ ဖခင် အား သင်္ဂြိုဟ်မြှုပ်နှံခဲ့သော ဖော်ပြပါ မြေနီကုန်းသုသာန်သို့ ကိုယ်တိုင် သွားရောက် ခေါ်ယူခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့ပြင် ဦးလေးမှတစ်ဆင့် ဖခင်အား "ဒီမှာ ဘာလုပ်နေသလဲ" ဟု မေးမြန်း သည့်အခါ ဖခင်က လမ်းရှေ့တွင် ရှိသော လက်ဖက်ရည်ဆိုင်မှ စွန့်ပစ် သော အစားအစာများကို ကောက်စား ရန်အတွက် နေ,နေကြောင်း ပြောသွား သည်ဟု သိရှိရပါသည်။

သို့ဖြစ်၍ ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်တော် ငယ်စဉ်က ရဟန်းဘောင် တက်ခဲ့ဖူးသော ဘုန်းတော်ကြီးဖြစ် သည့် မော်လမြိုင်မြို့ မန္တလေးကျောင်း သို့သွားပြီး ဆရာတော်ကြီးအား ဖြစ်စဉ် ကို တင်ပြလျှောက်ထားပြီး ဤဖြစ်စဉ် ဖြစ်နိုင်,မဖြစ်နိုင်ကို မေးမြန်းလျှောက် ထားပါသည်။

ထိုအခါ ဆရာတော်ကြီးက ဖြစ်နိုင်ကြောင်း၊ ကျွန်တော် (၁၆)နှစ်တိတိ သက်ပျောက် ဆွမ်း သံဃာတော်များအား ကပ်လှူစဉ်အခါ မည်ကဲ့သို့ သချီင်းသွားပြီး တရားနာ ကြွရောက်ပါ ရန် ဖခင်အား ဖိတ်ကြောင်းကို ဆရာ တော်ကြီးမှ မေးမြန်းသောအခါ ကျွန်တော်က...

'အဖေ...အဖေ့အတွက် သက်ပျောက်ဆွမ်း ကို သံဃာတော်များ ပင့်ဖိတ်၍ ဆက်ကပ် လှူဒါန်းပါမည်၊ အဖေ့အနေဖြင့် မကျွတ် မလွတ်သေးသော ဘဝတွင် ရှိနေပါက တရားနာ လာရောက်ပြီး ကုသိုလ်ကောင်းမှု အဖို့ဘာဂကို သာဓုအနုမောဒနာ လာ ရောက်ခေါ်ယူပါ'

ဟု ဖိတ်ကြားကြောင်းကို ဆရာ တော်အား တင်ပြပါသည်။ ထိုအခါ ဆရာတော်က ဖိတ်ပုံဖိတ်နည်းမှာ မှားနေကြောင်း၊ ကျွန်တော်၏ဖခင် သည် သေခါနီးတွင် အယူတိမ်းပြီး သေဆုံးခဲ့ရသည့် အတွက်ကြောင့် ကျွန်တော့်အားလည်း သူ့အနေဖြင့် သူ၏သားဖြစ်ကြောင်း မသိရှိ၍ သူ့ အား လာရောက်ဖိတ်သည်ကို မသိ၍ မလာရောက်နိုင်ကြောင်းနှင့် ဖိတ်ကြား ရမည်မှာ...

'လွန်ခဲ့သော ဘယ်အချိန်က ဘဝတစ်ပါး သို့ ပြောင်းရွှေ့သွားသော ဦး... ဘယ်သူ့ အား ရည်စူး၍ ဘယ်နေ့ဘယ်အချိန် ဘယ်နေ့အိမ်တွင် သံဃာတော်များ ပင့်ဖိတ် ပြီး ဆွမ်းဆက်ကပ်လှူဒါန်းမည့် တရားနာ



www.burmeseclassic.com

www.burmeseclassic.com

ရန် လာရောက်ပြီး အမျှယူသာဓုလာရောက် ခေါ်ပါ'

ဟု ဖိတ်ကြားမှသာလျှင် သူ့အား ဖိတ်ကြားမှန်းသိ၍ လာရောက်မည် ဖြစ်ကြောင်း ဆရာတော်က မိန့်ကြား ပါသည်။

ထို့ပြင် ကျွန်တော့်အနေနှင့် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို မေးမြန်း လျှောက်ထားသောအခါတွင် ဆရာတော်က ဦးလေးနှင့် တိုင်ပင်ပြီး မည်သို့ ဆောင်ရွက်ရမည်ကို လုပ်ဆောင်ရန် မိန့်ကြားခဲ့ပါသည်။

ထိုအကြောင်းကို ကျွန်တော့်ဦးလေး က မူလက ပြောခဲ့သော မိခင်အား ညအချိန် ယခင်ဖိတ်ကြားထားသည့် အတိုင်း ရောက်လာသဖြင့် လုပ်ဆောင် ရမည့်ကိစ္စအား မေးမြန်းပါသည်။

**ထိုအခါ မိခင်က ညီလေးဖြစ်သူအား သပိတ်သွတ်အလှူ လုပ်သောအခါတွင် ထီးတံခွန် အိုးတစ်ရ ဖခင်အတွက် ပြု လုပ်ပြီး ဆွမ်းအုပ် တစ်အုပ်ချက်၍ ထိုဆို ကျောင်းတွင် သီတင်းသုံးနေသော ရဟန်း တစ်ပါးအား ပင့်ဖိတ်ပြီး ဖခင်အတွက် လှူဒါန်းပေး။**

**ဆွမ်းကပ်လှူဒါန်းသောအခါမှာ ဆွမ်း အလှူခံသော ရဟန်းက ဖခင်အား ခေါ် ယူပြီး ထမင်းကျွေးပေးပါ။ ဖခင်အား တံခွန်လည်း ပေးပါက ထို ခံစားနေရ သော ဘဝမှ လွတ်မြောက်မည်ဖြစ် ကြောင်း ပြောကြားသောကြောင့် ညီ ဖြစ်သူ၏ ရက်လည်ဆွမ်းကျွေးနေသော နေ့တွင်ပင် အလှူအတွက် ဆောင်ရွက် ရန် သဘောတူကြပါသည်။**

ထိုနေ့သို့ ရောက်သောအခါ ဖခင် အား တံခွန်ပေးရန် ဖခင် နေထိုင် ကျက်စားရာ အရပ်သို့ သွားရောက်ပြီး ခေါ်ယူသောအခါမှာ မိခင်ဖြစ်သူလည်း ကြိုတင်ရောက်ရှိနေသည်ကို ဦးလေး မှတစ်ဆင့် သိရှိရပါသည်။

မူလ ခေါ်စဉ်အခါက မလိုက်ဘဲ ငြင်းဆန်နေသည်ကို မိခင်ဖြစ်သူ၏



ညွှန်ကြားသည့်အတိုင်း ဖခင်အတွက် ရည်စူး၍ ပြုလုပ်ထားသော တံခွန်ကို ပြသောအခါမှသာ သူ့အတွက်လားဟု မေးပြီး ဟုတ်မှန်ကြောင်း သိသော အခါတွင် လိုက်လာပြီး ဝါဆိုကျောင်း သိမ်ရှေ့ရှိ ညောင်ပင်သို့ လိုက်လာပါ သည်။

သိမ်ရှေ့သို့ ရောက်သောအခါမှာ ဆွမ်းပင့်ခံရသော ရဟန်းက...

'လွန်ခဲ့သော အနှစ်(၂၀)ခန့်က ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသော ကျောင်းဆရာကြီး ဦး...အား တံခွန်လာရောက်ပေးပါမည်။ ယူပါ'

ဟု ပြောပြီး ပေးသောအခါ လက်ခံ ယူကြောင်း ဦးလေးမှတစ်ဆင့် သိရှိရ ပါသည်။

ထို့နောက် ကြိုတင်ပြင်ဆင်ထား သော အလှူခံ ရဟန်းက သိမ်အတွင်း သို့ ဖခင်အား ခေါ်ယူပြီး သူ့အတွက် ပြင်ဆင်ထားသော ထမင်းပွဲကို စားစေ ပါသည်။

ယခုမှပင် ဖခင်သည် သူ၏ ဘဝမှန် ကို သိရှိပြီး သားသမီး, ချွေးမ, မြေးများ ကိုကြည့်ပြီး ငိုလေတော့သည်ဟု ဦးလေးက ပြောပြပါသည်။

ဖော်ပြပါ အကြောင်းအရာများမှာ တကယ့်ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓ၏ကျမ်းများတွင် ဖတ်ရှု ခဲ့ရသော "**အသေတတ်ဖို့**" အရေး ကြီးသည်ဟူသော တရားဓမ္မများမှာ မှန်ကန်ပြီး လက်တွေ့သဘောဆန် ကြောင်း သိခဲ့ရပါသည်။

အဆိုပါ လုပ်ဆောင်ခဲ့သော ကိစ္စ များကို မန္တလေးကျောင်းတိုက် ဆရာ တော်ကြီးအား ပြန်လည်လျှောက်ထား သောအခါတွင် ဆရာတော်က...

'မိဘကျေးဇူးကို ပေးဆပ်ရာတွင် ဤကဲ့သို့ အယူလွဲနေသော မိဘများအား ဘဝမှန် (လမ်းမှန်)သို့ရောက်အောင် ဆောင်ရွက်ပေး ခြင်းသည် မွန်မြတ်သော ကျေးဇူးဆပ်ခြင်း ပင်မည်သည်'

ဟု မိန့်ကြားခဲ့ပါသည်။

ကဿပဘုရားရှင် လက်ထက်က အယူမှားပြီး ကွယ်လွန်သွားသော ပုဂ္ဂိုလ်တစ်ဦးသည် မှင်စာ(ပြိတ္တာ)ဘဝ သို့ ရောက်ရှိသွားပြီး အယူမှန်အောင် ပြုလုပ်ပေးမည့်သူက တစ်ဦး တစ်ယောက်မျှ မရှိခဲ့ခြင်းကြောင့် ဂေါတမမြတ်စွာဘုရားရှင် လက်ထက် ရောက်မှသာ ကျွတ်တမ်းသို့ ရောက်ခဲ့ ရသည်ဟု ကျမ်းဂန်များတွင် အထင် အရှားရှိကြောင်းဆရာတော်က ထပ်မံ မိန့်ကြားခဲ့ပြန်ပါသည်။

**မှတ်ချက်** ။ ။ **အထက် ဖော်ပြပါ တကယ့် ဖြစ်ရပ်မှန်ကို တင်ပြပေးခဲ့သော ကျွန်တော်၏ မေမွှေ့မိတ်ဆွေအား အထူးပင် ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း...**

***သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။***

**နိုင်အောင်**



www.burmeseclassic.com

www.burmeseclassic.com

အရှယ်တင်နုပျိုစေသည့်

# မြင်းခွာရွက်ဆေးနည်းတစ်နည်း



▲ ဆေးပိုင်ရှင် ဗိုလ်ကြီးမင်းလွင်

စာရေးသူသည် ၂၀၀၁ ခုနှစ် ရွှေဘိုမြို့၊ အမှတ်(၈)ရပ်ကွက် စစ်အခြေခံ လေ့ကျင့်ရေးတပ်မှ ပြန်တမ်းဝင်အမှတ် ကြည်း ၁၃၆၀၃ ဗိုလ်ကြီးမင်းလွင်အား သွားရောက်တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံရသည့် အကြောင်းရင်းမှာ ဗိုလ်ကြီးမင်းလွင်ထံတွင် ကိုယ်တိုင်ဖော်စပ်ကာ မှီဝဲနေသည့် ဆေးကောင်းတစ်လက်ရှိကြောင်း တစ်ဆင့်စကားဖြင့် ကြားသိရ၍ အဆိုပါ ဆေးနည်းအား စာဖတ်သူများ သိရှိ၍ အသုံးပြုနိုင်ရန် တင်ပြနိုင်ရေးအတွက် သွားရောက်တွေ့ဆုံရခြင်း ဖြစ်ပါသည်။

ဗိုလ်ကြီးမင်းလွင်သည် **မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ တပေါင်းလဖွားဖြစ်၍** ယခု စာရေးသူနှင့် တွေ့ဆုံချိန်(၁၃၆၃ ခုနှစ်၊ **တော်သလင်းလ) တွင် (၅၄)နှစ် ရှိပေပြီ**။ သို့ရာတွင် ဆံပင်တစ်ချောင်းမှ မဖြူ၊ သွားတစ်ချောင်းမှ မကျိုး၊ အားအင်မှာလည်း ပီတိ လူငယ်တစ်ဦးပင်။

ဗိုလ်ကြီးမင်းလွင်သည် အမြဲတစေ စက်ဘီးစီး၍ သွားလာလှုပ်ရှားလျက်ရှိသည်။ (၁၀)မိုင်၊ (၁၅)မိုင် ခရီးအကွာအဝေးခန့်ရှိ ကျေးလက်တောရွာ လယ်ကြားလမ်းများကိုပင် ဇနီးဖြစ်သူအား စက်ဘီးနောက်ခုံတွင် တင်၍ သွားလာလျက်ရှိသည်။

သူ အမြဲအသုံးပြုမှီဝဲသည့်(**မိသားစု တစ်စုလုံး မှီဝဲလျက်ရှိသည်)** ဆေးအား ကိုယ်တိုင်သံဆုံဖြင့် အမြဲထောင်း၍ ဖော်စပ်စားသောက်မှီဝဲသည်။

ဤဆေးနည်းအား **ရှမ်းပြည်နယ်တောင်ပိုင်း သံကြိုးရဆရာတော်ထံမှ ရရှိခဲ့ကြောင်း**၊ နှစ်ကာလကြာမြင့်စွာကပင် ဖော်စပ်မှီဝဲခဲ့ကြောင်း သိရသည်။

ဆရာတော်၏ ပုရပိုက်တွင် မသေဆေးဟု ရေးသားထားကြောင်း **အဓိကပါဝင်သည့် မြင်းခွာရွက်ကို ရှမ်းပြည်နယ်တွင်ရှိသည့် အရွက်ဖျားတွင် နီညိုရောင်သမ်းနေသည့် ခါးသက်သော အရသာရှိသည့် မြင်းခွာရွက်ကိုသော်လည်းကောင်း၊ ကိုးခရိုင်(ကျောက်ဆည်နယ်)မှ ရရှိသည့် မြင်းခွာရွက်ကိုသော် လည်းကောင်း အသုံးပြုရမည်ဟု ရေးသားထားကြောင်း** မရရှိနိုင်မှသာ အခြားရရာမြင်းခွာရွက်ကို သုံးရမည်ဖြစ်ကြောင်း ဗိုလ်ကြီးမင်းလွင်မှ ပြောပြပါသည်။

မြင်းခွာရွက်ကို ယူသည့်အခါ **အရွက်, အသီး, အပင်, အမြစ်များ ရအောင်ယူပါ။ နေရိပ်တွင် အခြောက်ခံပါ။ အမှုန့်ပြုပါ။** ဖော်စပ်နည်းမှာ...

၁။ မြင်းခွာရွက်အမှုန့်
(ပိတ်ပါးစဖြင့်စစ်၍) (၅)ကျပ်သား
၂။ နှမ်းဆီစစ်စစ် (၁)ကျပ်သား
၃။ ဂရုတ်ကောင်းအမှုန့် (၁)ကျပ်သား
၄။ ပျားရည်စစ်စစ်
(ပျားကလေးရည်) (၅)ကျပ်သား
ဖြင့် သမအောင်မွှေပါ။

လေးရက်ခန့်အကြာ ပျားရည်(၅)ကျပ်သား ထပ်ထည့်၍ သမအောင် ထပ်မံ၍ မွှေပါလေ။

ထို့နောက် **ဆီးသီးကင်းခန့် အလုံးများပြုပါ။** လေလုံဘူးတွင် သိမ်းဆည်း၍ နေ့စဉ်နံနက်စာ စားပြီးတိုင်း (၃)လုံးစားပါ။ ကျန်းမာမည်။ သန်စွမ်းမည်။ ဆံမဖြူ သွားမကျိုး အရွယ်တင်အားအင်ပြည့်ဖြိုးကာ လိုရာပြီးနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မှတ်ချက်** ။ ။**မြင်းခွာရွက် ရရှိချိန်တွင် အမှုန့်ပြုကာ လေလုံဘူးတွင် သိမ်းဆည်းထားပါက (၁၀)နှစ်ကျော်သည်အထိ ထားနိုင်ပါမည်။ အာနိသင် မပျက်ပေ။**

**အောင်မြင့်မိုး**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ပုတီးသမားဘဝက ပင်လျှင် ရန်ကုန်မြို့ပေါ်ရှိ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့်၊ ရောင်တော်ပွင့် ဘုရားစေတီများနှင့် တကွ သဃ်န်းကျွန်း၊ မြောက်ဥက္ကလာ၊ သန်လျင်ကျိုက်ခေါက် ဘုရားစေတီများသို့ လှည့်လည်ခဲ့၏။

ပုတီးတစ်ကုံး အမြတ်ဆုံး။

* * *

ပုတီးမှသည် အစချီ၍ ဘာဝနာအမျိုးမျိုးတို့ကို တစ်စတစ်စ လေ့လာခြင်း ပြုပါသည်။ ဓမ္မသင်္ဂဟအချို့၏ ဆွဲဆောင်မှုကြောင့် ပုတီးစိပ်ရာမှ ကမ္မဋ္ဌာန်းဘာဝနာဆီသို့ တစ်ဖန် ရောက်ရပြန်သည်။

ကမ္မဋ္ဌာန်းဘာဝနာသည် အာနာပါနသသတိသို့ ဝင်ရောက်ရပြန်ကာ အထက်ဖော်ပြပါ ဘုရားစေတီများသို့ လှည့်လည် ကျင့်ကြံပွားများခဲ့ပါသည်။

ယခု ကျွန်ုပ်သည် ပုတီးစိပ်စဉ် ကမ္မဋ္ဌာန်းစီးဖြန်းစဉ်က ရောက်ခဲ့ဖူးရာ သန်လျင် ကျိုက်ခေါက်စေတီသို့ ရောက်လိုစိတ် ပြင်းပြခဲ့သည်။

ယနေ့တော့ လွယ်အိတ်တစ်လုံး၊ တောင်ဝှေးတစ်ချောင်း၊ ယောဂီတဘက်ပေါင်း၊ ယောဂီဝတ်စုံဖြင့် နံနက် ရှစ်နာရီခန့်ကပင် စေတီတော်ပေါ်သို့ ရောက်ခဲ့သည်။

ထိုသို့သော နံနက်အချိန်ကား နံနက်ခင်းအစအဦးဖြစ်၍ ကျိုက်ခေါက်စေတီ၏ ရင်ပြင်တော်ပေါ်တွင် အကျိုးဆောင်လူကြီးအချို့နှင့် ဘုရားဖူး ပရိသတ် အနည်းငယ်သာ တွေ့ရသည်။ စေတီတော်အား စိတ်တိုင်းကျ လှည့်လည်ပူဇော်ရင်း...

မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ပြထားပြီးဖြစ်သော ဓမ္မပဒ/စာပုဒ်(၁၁၈) ပါ **ကောင်းတာလုပ် ချမ်းသာသည်။**




သန်လျင်

# ကျိုက်ခေါက်ဘိုးဘိုးကြီး

**စောင့်ရှောက်တော်မူသည်**

အမည်ရှိဂါထာကို လက်ဦးမဆွ စကြံ လျှောက်ရင်း ရွတ်ပွားပါသည်။

<u>ကောင်းတာလုပ် ချမ်းသာသည်</u>

ပုညဉ္စေ ပုရိသော ကယိရာ၊
ကယိရာနံ ပုနပ္ပုနံ၊
တမှိ ဆန္ဒံ ကရိယာထ၊
သုခေါ ပုညဿ ဥစ္စယော။

အနက်အဓိပ္ပာယ်ကား

**ပုရိသော** – လူပုဂ္ဂိုလ် ယောကျ်ားသည်၊ **ပုညံ**–ကောင်းမှုကို၊ **ကယိယာ**–ပြုရာ၏။

**နံ**–ထိုပြုပြီးကောင်းမှုကို၊ **ပုနပ္ပုနံ**–ထပ်ကာထပ်ကာ၊ **ကယိရာ**–ပြုရာ၏။



www.burmeseclassic.com

www.burmeseclassic.com

**တမို**–ထိုကောင်းမှု၌ **ဆန္ဒ**–စိတ်အလိုဆန္ဒကို၊ **ကယိရာထ**–ပြုရာ၏။

**ပုညဿ**–ကောင်းမှုကို၊ **ဥစ္စယော**–ပွားစေခြင်းသည်၊ **သုခေါ**–ချမ်းသာခြင်း၏ အကြောင်းတည်း။

စေတီတော်ကို လှည့်ပတ်ပူဇော်ရင်း ကျွန်ုပ်မှာ ထိုဂါထာတော်ကို အာရုံသက်ဝင်လျက် အကြိမ်ပေါင်းများစွာ ရွတ်ဆိုပူဇော်သည်။ ဝေနေယျသတ္တဝါအပေါင်းကိုလည်း မေတ္တာပို့သည်။


တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ ဒဿကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး စသည် စသည်တို့ပါတည်း။ အများသူတကာလည်း ကျွန်ုပ်နည်းတူ ပို့သစေမြဲ ဖြစ်သည်ဟုလည်း ယုံကြည်ပါသည်။

ထို့နောက် ကျွန်ုပ်သည် မုခ်လေးမုခ်ရှိ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ စသည့် လေးဆူသော မြတ်စွာဘုရားများရှေ့တွင် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို နာရီဝက်ခန့်စီ အမှန်းအထားဖြင့် စီးဖြန်းပါသည်။

ထိုသို့ စီးဖြန်းရာတွင်လည်း တစ်ကိုယ်လုံး ဇောချွေးများ ပြန်လာသည်အထိ ဖြစ်သည်။ သို့သော် ကျွန်ုပ် မလျှော့ချင်သေး။ ခေတ္တ အနားယူပြီးလျှင် စိတ်ရှိလက်ရှိ **"ကောင်းတာလုပ် ချမ်းသာသည်"** ပါဠိတော်တွင် ပါသည့် စာပုဒ်အတိုင်း(**နံ**–ထိုပြုပြီးကောင်းမှုကို၊ **ပုနပ္ပုနံ**–ထပ်ကာထပ်ကာ၊ **ကယိရာ**–ပြုရာ၏။)ဆိုသည်ကို သဘောကျ၏။

ဆယ့်တစ်နာရီခန့်တွင် မုခ်တစ်မုခ်လျှင် ဆယ့်ငါးမိနစ်ခန့်ဆီ အားထုတ်ပြန်ပါသည်။

ကျွန်ုပ်၏ အလုပ်ခွင် ပြီးစီးသောအခါ လူသူကင်းရှင်းသော ကျောက်ဖျာ



တစ်ချပ်တွင် အေးအေးလူလူ ထိုင်လျက် အနားယူနေပါသည်။

* * *

တစ်ဆယ့်နှစ်နာရီ ထိုးခါနီးသွားပြီ။ စားသောက်ချိန်လည်း ရောက်ပြီ။ ကျွန်ုပ် နားနေရာ နေရာသည် လူအစောက်လမ်း စကြံဖြင့် နီးရကား ဆူဆူညံညံ အသံများ ရုတ်တရက် ကြားလာရ၏။

ထိုအသံများစဲ၍ ထိုလူအုပ်ကျော်ဖြတ်သွားတော့မှ ကျွန်ုပ်လည်း ကျိုက်ခေါက်ဘုရားပေါ်မှ အောက်သို့ ဆင်းမည်ဟု တွေးဆဲ...

'ဘယ်မှာလဲ တောင်ပိုင်ဘိုးဘိုးကြီး'

'တကယ်ကော ရှိလို့လား'

'ဘယ်နေရာမှာ အိပ်ဝိုက်နေသလဲမှ မသိတာ'

'တကယ်ရှိရင် တကယ်သိရမှာပေါ့'

'ဟော...ဟော... ဒို့ဒမ္မတွေ့ပြီ၊ ဟိုမှာ လေကွာ၊ ကျောက်ပြားပေါ်မှာ ယောဂီဝတ်စုံ ယောဂီခေါင်းပေါင်း လွယ်အိတ်တစ်လုံး တောင်ဝှေးတစ်ချောင်းနဲ့ ကလိမ်ကကျစ်တော့ မလုပ်နဲ့၊ ဒါပဲ'

စရိုက်ကြမ်းသော လူငယ်လူရွယ်များ၏ တစ်ယောက်တစ်ခွန်း စကားသံ။ စရိုက်ကြမ်းသော လူငယ်လူရွယ်များ၏ လက်ထဲတွင်လည်း ဝါးကိုင်းလေးများ ကိုင်လာသည်။

စရိုက်ကြမ်းသော လူငယ်လူရွယ်တို့သည် ကျိုက်ခေါက်စေတီ၏ ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများကို တိုးဝှေ့ဖြတ်သန်းလာရင်း ဝါးခက်ဝါးကိုင်း ကိုယ်စီ သယ်ဆောင်လာဟန်ရှိသည်။ ပါးစပ်လည်း မငြိမ်၊ လက်လည်း မငြိမ်ဘဲ ကျွန်ုပ်ဆီသို့ ပို၍ပို၍ ချဉ်းကပ်လာပြီ။

'ဘဘကြီးက တောင်ပိုင်ဘိုးဘိုးလား၊ မဟုတ်ဘူးလို့ မငြင်းနဲ့၊ မဟုတ်လဲဟုတ်၊ ဟုတ်လဲဟုတ်၊ ကျွန်တော်တို့ အလွန်စိတ်ရှုပ်နေတယ်၊ ကျွန်တော်တို့ မေးတာကို ဖြေနိုင်ရင်ဖြေနိုင် မဖြေနိုင်ရင် ဟောဒီဝါးကိုင်းတွေနဲ့ သမမှာဗျ'

မကြုံစဖူး ကြုံရသည်။ မတွေ့စဖူး တွေ့ရသည်။

'ပြောနေ ကြာတယ်၊ အဘကို မေးတယ်၊ မှန်အောင် ဖြေနော်၊ ကျွန်တော့်မှာ အပူတကာ့ အပူဆုံး အကြီးတကာ့ အကြီးဆုံး ဒုက္ခနဲ့ ကြုံနေရတယ်၊ မှန်မှန်ဖြေပါ'

ကျွန်ုပ် အပြစ်မထားပါ။ ကျွန်ုပ်သည် တရားသမားဖြစ်၍ အပူမီးနှင့် ဒုက္ခမီးနှင့် သည်းသည်းထန်ထန် ခံစားနေရသော လူရွယ်တို့အား ဖြေရှင်းပေးနိုင်ခြင်းကိုသာ အလိုရှိသူ ဖြစ်သည်။

ကျွန်ုပ်၏ ခန္ဓာကိုယ်ဆီသို့ ဝေ့ဝဲနေသော ဝါးကိုင်းများကြားမှပင်...

'ဟေ့... ငါးယောက်လုံး ပုဆစ်တုပ်ကြ၊ တွေးမနေနဲ့၊ ငေးမနေနဲ့၊ ကြမ်းမနေနဲ့၊ ရမ်းမနေနဲ့၊ ဦး အရပ်၊ ခံဆရာခံ၊ နဘယ် ဘေးမရှိ ဘေးဘယာ နမရှိ ပဋ္ဌာနံ အရပ်၊ ဝန္ဒာမိ သဗ္ဗဒါ၊ တောင်ပိုင်ဘိုးဘိုး ရှင်တော်မူပါ'

ကျွန်ုပ်သည် နတ်ပူးနတ်ဝင် ဇော်စီးဓာတ်ထွက် နတ်စွဲ ဝိဇ္ဇာစွဲ ဆိုက်စွဲ





www.burmeseclassic.com

www.burmeseclassic.com

စသည်တို့နှင့် လွတ်ကင်းသော ကမ္မဋ္ဌာန်းသမားဖြစ်သည်။

အရေးကြုံသောအခါ အထက်သိကြား အောက်နတ်များကို သဏ္ဌာန်လုပ် သရုပ်ဆောင်၍ အားကိုးတမ်းတမိလျက်သား ဖြစ်သွားရပြီ။ ထို့နောက် ကျွန်ုပ်သည် မိမိကမ္မဋ္ဌာန်းကိုပင် အာရုံထားနေမိ၏။

'ဟော... ဟော... ဘာတမျက်နှာက ခုနကလို မဟုတ်ဘူးဟေ့ မထိလေးစား မလုပ်ကြနဲ့။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေတယ်'

'အောင်ဝင်း၊ မောင်လှ၊ ထွန်းလှ၊ မြတ်ဦး၊ မောင်သာထူးတဲ့ မဟုတ်လား'

'ဟုတ်ပါတယ် ဘိုးဘိုး၊ ဆိုးမပါ အမိန့်ရှိပါ'

စရိုက်ကြမ်းသော လူငယ်တို့သည် အံ့သြခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ မမျှော်လင့်သော အသံကို ကြားရခြင်းတို့ကြောင့် လျှပ်တစ်ပြက်အတွင်း ငြိမ်သက်သွားကြရုံမက သမံတလင်းကျောက်ဖျာအခင်းနှင့် နဖူးပင် တိုက်တော့မတတ် ဦးချကန်တော့ကြပြီး...

'ဘာတွေ ဖြစ်ခဲ့သလဲ၊ ဘာတွေ ဖြစ်ဦးမလဲဆိုတာ မင်းတို့ ရာဇဝတ်ကောင်တွေ အသိပဲလေ။ မိဘပစ္စည်း အရည်းနှီးဖြစ်အောင် မလုပ်ကြနဲ့။ ရွှေထည်၊ငွေထည် ရတနာအမျိုးမျိုး ထုခွဲရောင်းချထားတဲ့ငွေကို မပျောက်ပျက်အောင်လုပ်။

မင်းတို့နောက်မှ တစ်ပါတည်း ဖမ်းဆီးမယ့် လူတွေ အရိပ်လို လိုက်နေတယ်။ ပြေးလို့ မလွတ်ဘူး၊ လူမိမှတော့ ပစ္စည်း ပြန်ပေးနိုင်ရင် မင်းတို့ သက်သာမယ်။

ဒီပဲ...ငါ ကျိုက်ခေါက်ဘိုးဘိုးကြီးပဲ။ ဒီမင်းတို့ သက်သာရာရအောင် ငါ ကယ်မတာပဲ။ နောက် မင်းတို့ ကိစ္စပြုရင် ငါ့ဆီလာမယ်လို့ ကတိပြုကြ မညာနဲ့'



'မှန်ပါ့ ဘိုးဘိုး၊ နောင်သောအခါမှာ မည်သူ့ပစ္စည်းကိုမှ အလွဲသုံးစား မလုပ်ပါဘူး ဘိုးဘိုး၊ ဘာသာတရားက သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း အနန္တောအနန္တငါးပါးကို မပြစ်မှားတော့ပါဘူး'

'အိမ်း...အိမ်း...အိမ်း... ဆာဗရ... ဆာဗရ...ဆာဗရ...'

စရိုက်ကြမ်းသော လူငယ်လူရွယ်တို့သည် ကျွန်ုပ်အား ထပ်မံကန်တော့ရင်း ငွေစက္ကူအချို့ကို ရိုရိုသေသေ ကပ်လှူကြသည်။

'အဘမှာ ဒါတွေ မလိုပါဘူးကွယ်။ ပြန်ယူသွား၊ ပြန်ယူသွား'

ကျွန်ုပ်သည် ဘိုးတော်မဟုတ်၊ ဆရာကြီးမဟုတ်၊ ဆရာရှာမှီးသူသာ ဖြစ်သည်။

ထိုထိုသော အနှောင့်အယှက် အဟန့်အတားများသို့ ကမ္မဋ္ဌာန်း စီးဖြန်းနေသော အာရုံကို ကျိုက်ခေါက်ဘိုးဘိုးကြီးထံသို့ ညွှတ်နူးလိုက်သောအခါ ထိုသို့ အခက်အခဲမှ ကျော်လွှားသွားရလေတော့သည်။

လူရွယ်လေးများသည် မတ်တတ်ရပ်ရင်း ဘေးဘီကို အကဲခတ်နေကြရာမှ...

'တို့နောက်က အဖွဲ့တွေ မတွေ့တော့ပါလား'

'ကျော်ထွက်သွားပြီ၊ တို့လဲ လှည့်ပြန်ကြစို့'

ရွှေတိဂုံဘိုးဘိုးကြီး၊ မော်ဘီဘိုးဘိုးကြီး၊ ဆူးလေဘိုးဘိုးကြီး၊ သန်လျင်ဘိုးဘိုးကြီး စသည်...စသည်တို့အပေါ်၌ မည်သည့် သူတော်စင်ကောင်းမဆို ယုံယုံကြည်ကြည် မေတ္တာပို့ အမျှဝေနေသည်မှာ မရှိပညတ်၊ ရှိပညတ်၊ သူ့အကြောင်းနှင့်သူ၊ သူ့အပိုင်းနှင့်သူ ရပ်တည်နေကြောင်း ကျွန်ုပ် နားလည်သဘောပေါက်လျက် မိမိကိုယ်ကို ပြန်လည်စစ်ဆေးသော အခါ ကျွန်ုပ်၏ ပါးစပ်မှ သွားရည်များ ယိုကျနေခြင်း၊ ကျွန်ုပ်၏ လက်ထဲတွင် ကိုင်ဆုပ်လျက်သား မီးငြိမ်းနေသည့် ဖယောင်းတိုင်ကိုးတိုင်ကို အံ့သြစွာ တွေ့မြင်ရလေသည်။

သည်သို့ဆိုလျှင်...

ကျွန်ုပ်တို့ မကြာခဏ ရွတ်ဆိုလျက်ရှိသော တိုင်တည်လျက်ရှိသော၊ မေတ္တာပို့သလျက်ရှိသော အရှေ့နေ့ထွက်၊ အနောက်နေဝင်၊ တောင်တံခါကွန်တိုင်၊ မြောက်ဓုဝံကြယ်၊ ကျွန်းဦးစောင့်နတ်၊ အရှင်ကြီးအရှင်ကောင်း သာသနာစောင့်နတ်၊ ကမ္ဘာစောင့်နတ် စသည်တို့မှာလည်း လောကနယ်ပယ်တွင် တစ်နည်းနည်းဖြင့် ရပ်တည်လျက် စောင့်ရှောက်လျက်ရှိကြောင်း မလွဲမသွေ ယုံကြည် သက်ဝင်နေမိပါတော့သတည်း။

* * *

ကျွန်ုပ်သည် ဤသို့ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံရပြီးသောအခါ **ဘဒ္ဒန္တကုန္တဝံသ (အစိုးရဓမ္မာစရိယ)** ဆရာတော်အား လျှောက်ထားပြန်သောအခါ၊ ဂါထာသင်္ချိုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုသီဟဆွေ
(ကသာမြေ)

# သေနတ်ပြီးသော အဆောင်

ကျွန်တော်တို့ငယ်စဉ်က သိုင်းဆရာကြီး ဆရာငြိမ်းဆိုသူရှိလေသည်။ ဆရာကြီး၏ ဘယ်ဘက် လက်ကောက်ဝတ်မှ တိတိရိရိပြတ်နေပြီး သံချိတ်ကောက်ကြီး တပ်ဆင်ထားသည်။

ဆရာငြိမ်းထံတွင် သိုင်းပညာသင်ယူကြသော လူငယ်တပည့်များ ရှိကြသည်။ ထိုအထဲတွင် ကျွန်တော်လည်း အပါဝင်ဖြစ်သည်။ ဆရာငြိမ်းက အားလပ်ချိန်တွင် တပည့်များနှင့် ဗဟုသုတရစရာ ထွေရာလေးပါးတို့ ပြောဆိုတတ်သည်။ သူ၏ လက်ပြတ်ရခြင်းအကြောင်းကိုလည်း ပြောပြသည်။

'သိုင်းပညာကို အမြဲလေ့ကျင့်ထားတဲ့ သူရဲ့ အာရုံဟာ အမြဲ နိုးကြားနေတတ်တယ်ကွယ့်။ ရုတ်တရက် ကိုယ့်ကိုလာထိတာနဲ့ ဖတ်ဆို အဆင်သင့်အနေအထားနဲ့ တုံ့ပြန်ပြီးသား ဖြစ်နေတယ်။ အလေ့အကျင့်တော့ ကောင်းကောင်း ရှိရမယ်။

ဟောဒီ... ငါ့ဘယ်ဘက်လက်ဟာ ငါ့အသက်ကို ကယ်ခဲ့တာပေါ့။ ငါနဲ့ ပညာသင်ဘက်တစ်ယောက်ဟာ ဆရာက ငါ့ကို အားလုံးထဲမှာ အတော်ဆုံး၊ ကြိုးစားမှု အရှိဆုံးဆိုပြီး အရေးပေးတာကို မလိုမုန်းထား ရှိနေခဲ့တယ်။

သူ့သဘောထားကို သိလို့လဲ ငါအမြဲ သတိထားနေတယ်။ တစ်ရက်တော့ ငါအလုပ်တွေ ခဏနားတဲ့အချိန် တဲပေါ် မှေးခနဲ အိပ်ပျော်သွားတယ်။ အဲဒီမှာ ဒီကောင်က ငါ့ကို အပြတ်ရှင်းပစ်ဖို့ တိတ်တိတ်တက်ခဲ့တာကိုး။ ဓားသွားကို မြည့်နေအောင် သွေးထားပြီး လည်ပင်းကိုပိုင်းဖို့ အကြံအစည်နဲ့ပေါ့။ ဓားကို အားစိုက်ပြီး မြှောက်လိုက်တဲ့အချိန်မှာ တဲက ယိမ့်ခနဲ ဖြစ်သွားတော့ ငါ ဆတ်ဆို နိုးသွားတယ်။

နိုးနိုးချင်း မျက်လုံးထဲ ရိပ်ခနဲ ဝင်လာတာမြင်တာနဲ့ လက်နဲ့စီးခံပြီး ဓားကို လှိမ့်ရှောင်လိုက်တယ်။ အဲဒီမှာ အသက်ဘေးက လွတ်သွားပေမယ့် မြည့်နေတဲ့ဓားသွားအောက်မှ ငါ့လက်ပါ သွားခဲ့တယ်။

ငါနဲ့ ထိပ်တိုက် မယှဉ်ရဲတဲ့ ဒီကောင်လဲ ချက်ချင်း ထွက်ပြေးပြီး တိမ်းရှောင်သွားလိုက်တာ ခုထိ သတင်းအစအနတောင် မရတော့ဘူး'

တပည့်တစ်ယောက်က...

'ဆရာကြီးတို့ခေတ်က တုတ်ပြီး ဓားပြီးတဲ့ ဆေးတွေ ရှိခဲ့တယ်ဆို'

'အင်း...ကြားသာ ကြားဖူး[illegible] တကယ့်လက်တွေ့မှာတော့ [illegible] ပါဘူး။ ငါ့လက်ကိုသာ ကြည့် [illegible]

www.burmeseclassic.com



ဆေးတွေက သမိုင်းတစ်ခေတ်မှာ ကျန်ခဲ့ပြီထင်ပါ့ကွာ။ ဒါပေမယ့် သေနတ်ပြီးတဲ့အဆောင်တစ်ခုကိုတော့ ငါ့ဘကြီးက ငါ့ကို ပေးထားတာရှိတယ်။ မင်းတို့ ရချင်သလား'

'ဟာ သိပ်ရချင်တာပေါ့ ဆရာကြီးရယ်'

'ကျွန်တော်တို့လဲ ရချင်ပါတယ် ဆရာကြီး'

'ဒါနဲ့ တကယ်ရော သေနတ်ပြီးရဲ့လား'

'အေး... မေးသင့်တဲ့ မေးခွန်းပဲကွယ့်။ ဒီမေးခွန်းရဲ့အဖြေကိုတော့ ငါ့ဘကြီးဦးဖိုးသောင်ရဲ့ ကိုယ်တွေ့ အဖြစ်ပျက်ကလေးတစ်ခုကို ပြောပြရင်းနဲ့ ရှင်းကြတာပေါ့။ ဘကြီးသောင် ပြောပြခဲ့တာ ဒီလိုကွယ့်...'

* * *

ကိုဖိုးသောင်တို့ နေထိုင်သော **ရွှေလီမြစ်ရိုးတစ်လျှောက်**မှာ သစ်တောဝါးတောများက ထူထပ်သိပ်သည်းနေသည်။ တောသူတောင်သားများမှာ သစ်ခုတ်ဝါးခုတ်၍ ဝါးဖောင် စုန်သောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကြသော်လည်း ထူထပ်သော တောတောင်ကို အမှီပြု၍ သူပုန်ဓားပြတို့ သောင်းကျန်းကြသဖြင့် ခေါင်းပြားအောင် မအိပ်ကြရ။

ငါးအိုး ကွန်းချောင်း မဘိမ်းတို့တွင် ဂျပန်စစ်တပ်များ ရှိသော်လည်း တစ်နေရာနှင့် တစ်နေရာ အလှမ်းဝေးလှသည်။ တပ် တစ်တပ်နှင့် တစ်တပ် ဆက်သွယ်မည်ဆိုက အလှည့်ကျ ဆက်သားလွှတ်၍ စာပို့ ဆက်သွယ်ကြရသည်။

တစ်ခါသော် ကျွန်းချောင်းစစ်တပ်မှ စာကို ငါးအိုးသို့ ပို့ရန် ဆက်သားစေလွှတ်ဖို့ ကိုဖိုးသောင် အလှည့်ကျရောက်သည်။ ကိုဖိုးသောင်က ရွာဦးကျောင်းဆရာတော်ထံ လျှောက်တင်၍ အန္တရာယ်ကင်းအောင် မည်သို့ဆောက်ရွက်ရမည်ကို မေးမြန်းကြည့်သည်။

ဆရာတော်က သူပုန်နယ်မှ ဖြတ်သွားရမည်ဖြစ်၍ သေနတ်ပြီးသောအဆောင်ကို ကိုဖိုးသောင်အား ပေးလိုက်လေသည်။

ကိုဖိုးသောင်မှာ ဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ်ကြောင့် ဆရာတော်ပေးသော အဆောင်ကိုလည်း ယုံယုံကြည်ကြည်ဖြင့် စိတ်အေးလက်အေး တစ်ယောက်တည်း တောလမ်းခရီးကို ခြေကျင်ထွက်ခဲ့သည်။ သူပုန်တွေရှိသည်ဟုသာ သိထား၍ ဘယ်နေရာမှာ ရှိသည်ကိုတော့ အတိအကျ မသိပါချေ။

အန္တရာယ်သည် အချိန်မရွေး ကျရောက်နိုင်သည် မှန်သော်လည်း တိမ်းဖို့ရှောင်ဖို့ကလည်း မဖြစ်နိုင်ပြန်ပေ။ သူပုန်များက မိမိထက်ပင် တောကျွမ်းနေပေသေးသည်။

တွေ့သည်နှင့် သေဖို့သာ ပြင်ပေတော့ဆိုသလို ဖြစ်နေရာ အားကိုးရာဆို၍ ဆရာတော်၏ အဆောင်တစ်ခုသာရှိသည်။ အဆောင်ထုပ်ကလေးကို လက်ထဲက ကျစ်ကျစ်ပါအောင် ဆုပ်၍ ကိုဖိုးသောင် ခရီးအတော်ပေါက်ခဲ့သည်။

တောင်ကြားလမ်းကလေးထဲ လှမ်းဝင်လာသော ကိုဖိုးသောင်ကို သူပုန်တို့ မြင်သွားပေပြီ။ သူတို့၏ ကင်းစခန်းရှိရာ တည့်တည့် မကြောက်မရွံ့ ဝင်လာသော ကိုဖိုးသောင်ကို တောင်ကုန်းနှစ်ဖက်မှ ညှပ်၍ သေနတ်များဖြင့် ပစ်ခတ်ကြတော့သည်။

ကိုဖိုးသောင်မှာ သူတို့ သေနတ်သံကို ကြားလည်းမကြား သူတို့ကိုလည်း မမြင်ပါချေ။ သူပုန်တို့ အံ့သြကြပေပြီ။ ဒီလောက် နှစ်ဖက်ညှပ်ပြီး ဝိုင်းပစ်နေတာတောင် တစ်ချက်မှ ထိမှန်ခြင်းမရှိဘဲ ဘာမှမသိသလို သွားနေသော ကိုဖိုးသောင်ကို လူအစစ်မှ ဟုတ်ပါလေစဟု တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပြီး မတိုင်ပင်ရပါဘဲ အားလုံး ပြေးဆင်းလာကြသည်။ သူပုန်အားလုံး ခြောက်ယောက်၊ ခုနစ်ယောက်ခန့် ရှိမည်။

'ဆရာကြီး...ဆရာကြီး'

ခေါ်သံကြားသဖြင့် ကိုဖိုးသောင် လှည့်ကြည့်သည် လက်နက်ကိုယ်စီနှင့် သူပုန်တွေတွေ့မှ ကိုဖိုးသောင် မျက်လုံးပြူးတော့သည်။ သို့သော် သူတို့၏ အမူအရာက ရန်ပြုမည့်ပုံမပေါ် တချို့က ကိုယ်ကို ကိုင်းညွတ်၍ လက်အုပ်ချီထားလိုက်သေးသည်။

'ဆရာကြီး ခဏနေပါဦး၊ ဆရာကြီးမှာ ဘာအစွမ်းသိဒ္ဓိတွေ ရှိနေသလဲ သိချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့ကို ဆရာကြီးရဲ့ ပညာ နည်းနည်း မျှဝေပေးပါ၊ ကျွန်တော်တို့ အတွက် သိပ်အသုံးဝင်တဲ့ ပညာမို့ပါ ဆရာကြီး'

'ဟင်...ဘာပညာလဲ၊ ဘာပညာမှ ကျုပ်မတတ်ဘူးဗျ'

'မငြင်းပါနဲ့ ဆရာကြီးရယ်...ခုနက ပစ်ကြ ခတ်ကြတာလဲ တာဝန်အရမို့ပါခင်ဗျာ၊ ကျွန်တော်တို့အပေါ် စိတ်မဆိုးပါနဲ့ ဆရာကြီး ရယ်'

ကိုဖိုးသောင် ဘာမှနားမလည် အံ့သြလွန်း၍ အထစ်ထစ် အငေါ့ငေါ့ပင် ဖြစ်နေသည်။

'မင်း...မင်းတို့...ဘာ... ဘာတွေ ပြောနေတာလဲ'

'ဆရာကြီးကို ကျွန်တော်တို့ တောင်ကုန်း နစ်ဖက်က ညှပ်ပြီး ဝိုင်းပစ်နေတာတောင် ကျည်ဆံတွေက ဆရာကြီး နားမရောက် သလို၊ ဆရာကြီးမှာ ဘာမှမသိသလိုပါပဲ။ သာမန်ဆိုရင် ပုံနေတဲ့ ယင်ကောင်တောင် မလွတ်နိုင်ပါဘူး ဆရာကြီးရယ်၊ ဆရာကြီးရဲ့ ပညာစွမ်း သိပ်မြင့်လို့သာ ဒီလို အေးအေး ဆေးဆေး လျှောက်လာနိုင်တာ ကျွန်တော်တို့ မျက်မြင်ပါ ဆရာကြီးရယ်'

သူတို့ပြောမှ ကိုဖိုးသောင်ကျောရိုးထဲ စိမ့်တက်လာလေသည်။

'ဒီလိုလုပ်... ဆရာကြီး သွားချင်တဲ့ နေရာအရောက် ဘေးမသီရန်မခ အောင် ကျွန်တော်တို့ စောင့်ရှောက်ပြီး ပို့ပေးပါ့မယ်။ ဟိုရောက်ရင်သာ ဆရာ ကြီးရဲ့ပညာ ကျွန်တော်တို့ကို သင်ပေး ပါ'

သူပုန်တွေက ကိုဖိုးသောင်ကို ငါးအိုး အရောက် လိုက်ပို့ပေးကြသည်။ ငါးအိုး စစ်တပ်သို့ စာပို့ပြီး ကွန်းချောင်း အရောက်ထိ ပြန်လိုက်ပို့ကြပြန်သည်။ ကွန်းချောင်းရောက်ခါနီးထိ ပို့ပေးပြီး ကိုဖိုးသောင်ရေ့ အလွန်ရိုကျိုးစွာ ကျို့ကျို့လေးတွေထိုင်၍ ကိုဖိုးသောင် ၏ပညာကို တောင်းခံနေကြသည်။

ကိုဖိုးသောင် စိတ်ထဲတွင် "ဒီသူပုန် တွေ ဒီလိုတော့လဲ သနားဖို့တောင် ကောင်းသား အားလုံးကို နားရင်း တစ်ချက်စီ ပိတ်တီးလိုက်လျှင်တောင် ခေါင်းငုံ့ခံမည့်ပုံ" ဟု တွေးမိသည်။

'ကျုပ်က ဘာပညာမှ မတတ်ဘူးဗျ၊ ဆရာတော်ပေးလိုက်တဲ့ အဆောင်ပဲ ကျုပ်မှာ ပါလာတာ အဲဒီအဆောင်ကို ရချင်ရင်တော့ ပေးရတာပေါ့ဗျာ'

အားလုံးက...

'ရချင်ပါတယ်ခင်ဗျာ၊ ရချင်ပါတယ်'

'ခင်ဗျားတို့အားလုံး ဗုဒ္ဓဘာသာတွေ ဆိုရင် တော့ သရဏဂုံသုံးပါးကို ရွတ်ဆိုတတ်မှာ ပေါ့...

ခင်ဗျားတို့ အကြီးအောက် ညာဘက်က အဖျားကို ကိုင်လိုက်ကြ ထောင့်စွန်းကို ညာဘက်လက်ညှိုးနဲ့ အရစ်သုံးရစ် ရစ်ရမယ်၊ တစ်ရစ် ရစ်ရင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလို့ ဆို နောက်တစ်ရစ်မှာ ဓမ္မံ သရဏံ ဂစ္ဆာမိ နောက်တစ်ရစ်မှာ သံဃံ သရဏံ ဂစ္ဆာမိဆိုပြီး ညာလက်နဲ့ပဲ အထုံးထုံးလိုက်ကြ။

ကျုပ် ခရီးစထွက်ကတည်းက ကျစ်ကျစ် ပါအောင် ဆုပ်လာတာ အဲဒီအထုံးကိုပဲဗျို့ ခင်ဗျားတို့ ရတနာသုံးပါးဂုဏ်ကျေးဇူးကို ယုံယုံကြည်ကြည်နဲ့သာ အသုံးပြုကြ ယုံကြည် မှုဟာ အားတစ်ခုပဲ ဆိုတာ ကျုပ်လက်တွေ့ ပဲဗျာကဲ...ကျုပ်သွားပြီဗျို့'

'အဲဒါပါပဲ ငါ့တပည့်တို့ သရဏဂုံကို အန္တရာယ်ကင်းရုံ ဆောက်တည်တာမျိုး မဟုတ်ဘဲ ရတနာသုံးပါးရဲ့ ဂုဏ်ကျေး ဇူးကို အမြဲအောက်မေ့ ဆောက်တည် ရင်တော့ အကောင်းဆုံးပေါ့ကွာ'

***ဘေးရန်အန္တရာယ် ကင်းကြပါစေ။***

**ကိုသီဟဆွေ(ကသာမြေ)**

**စာမျက်နှာ (၂၉၉)မှ အဆက်**

ကူးယူကျက်မှတ်ဖို့ ချီးမြှင့်လိုက်ပြန်ပါ သည်။

ဒီပင်္ကရ ဗုဒ္ဓအဘိညာဉ်ရှိန်းဂါထာ

နာရွှ သုခပ်၊
ဒွန္ဒ္ဒ သမတ္ထ နာယကံ၊
တိရောဓာနေ ဗိုဒ္ဓံရှုပ်၊
ဒီပင်္ကရံ နမာမဟံ၊

အနက်

**ဘန္ဒေ** – ဒီပင်္ကရ မြင်မှုထင်ရှား အရှင်မြတ်ဘုရား၊

**ရှုရုံပ** – စကြဝဠာ လွန်ဝေးကွာ သည့် ရုပ်ပါရုံများ အစားစားကိုလည်း ကောင်း၊

**သုခုမံရုပ်** – ပရမာဏု ပမာပြု၍ မြင်မှုမလွယ် လွန်သေးငယ်သည့် နုနယ်လုံးစုံ သိမ်မွေ့သော ရုပ်ပါရုံကို လည်းကောင်း၊

**တိရောဓာနေ** – တောတောင် ပြိုင်စွယ် အသွယ်သွယ်တို့ ဖုံးကွယ် နေရာ မမြင်သောဌာနၝ၊ **ဋ္ဌိတံ**– မြင်နိုင်ခက်ပေ တည်ရှိနေသော၊ **ရုပဋ္ဌ** –ကြီးငယ်အလတ် အရုပ်ရုပ်သော ရုပ်ပါရုံကိုလည်းကောင်း၊

**ဒုံ့** – နတ်မျက်စိသွင် ဉာဏ်တော် ရှင်မို့ ထင်မြင်ကြည့်ရှုတော်မူခြင်းငှာ၊

**သမတ္ထံ** – စွမ်းနိုင်တော်မူသော၊ **ဒီပင်္ကရံ** – မြင်မှုနတ်သွင်၊ နတ်သခင် ဖြစ်တော်မူသော၊ **နာယကံ**–လောက သုံးပါး ရှေ့သွားသခင် ဘုရားရှင်ကိုယ် တော်မြတ်ကြီးကို၊ **အဟံ**–တပည့်တော် သည်၊ **နမာမိ**–ရိုသေမြတ်နိုး လက်စုံ မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား... မြတ်စွာဘုရား။

ဟူ၍ ရေးကူးလိုက်ပြီးနောက် ဆရာတော်အား လက်စုံမိုး၍ ရှိခိုးကာ ပြန်ခဲ့ပါလေသတည်း။

**မှော်သီတဂူဆရာလောင်**



www.burmeseclassic.com

www.burmeseclassic.com

# နဂါးစက်ဥနှင့်



## သွေးဝမ်းသွားရောဂါ

ကျွန်တော့်အိမ်သို့ အစ်ကိုဝမ်းကွဲဖြစ်သူတစ်ယောက် အလည်ရောက်လာပါသည်။

'မင်း အသားအရေတွေကလဲ ဖြူဖပ်ဖြူရော်နဲ့ အားမရလိုက်တာကွာ၊ ဘယ်လိုဖြစ်တာလဲ ငါ့ကို ပြောပါဦး'

'ဟုတ်တယ် အစ်ကို၊ ကျွန်တော့်ကိုယ်ကျွန်တော်လဲ အားမရဘူး။ နောက်ပြီး သွေးဝမ်းတွေ သွားနေတာ (၂)ရက်ရှိသွားပြီ'

'မင်းနှယ်ကွာ၊ အစောကတည်းက ငါ့ပြောပေါ့။ ငါ့မှာ ဆေးနည်းရှိတယ်။ ဒါပေမယ့် ဆေးဥကိုတော့ အစ်ကို လိုက်ယူလှည့်၊ မင်းသား ထည့်လိုက်ပေါ့ကွာ'

'ဟုတ်ကဲ့ ထည့်လိုက်ပါ့မယ်'

'သားရေ... မင်းဦးလေးနောက်လိုက်ပြီး ဆေးဥ လိုက်ယူလိုက်ဦးကွာ' ဆိုပြီး ထည့်လွှတ်လိုက်ပါသည်။

ခဏကြာပြီးနောက် သားပြန်လာပါသည်။

'အဖေ ဦးဦးက မှာလိုက်တယ်၊ ဒီဆေးဥကို ပါးပါးလှီး ထန်းလျက်နဲ့ သုံးခွက်တစ်ခွက်တင် ကျိုပြီး သောက်ဖြစ်အောင်သောက်ဖို့ မှာလိုက်တယ်'

ကျွန်တော်လည်း ဥကို ရေစင်အောင်ဆေးပြီး ဓားထက်ထက်နှင့် လှီးပါသည်။ ထို့နောက် အိုးအတွင်းသို့ ထည့်ပြီး ထန်းလျက်(၄,၅)လုံးခန့် ထည့်၍ ရေ(၃)ခွက် ထည့်လိုက်ပါသည်။

တစ်ခွက်စာ ကျန်သည်အထိ ကျိုပြီး မတ်ခွက်ထဲထည့်၍ အအေးခံကာ သောက်ချလိုက်ပါသည်။

(၁)ရက်ခန့် သောက်ရုံနှင့် သက်သာလာပြီး အသားအရေများလည်း ပုံမှန်အနေအထားသို့ ပြန်ရောက်သွားပါသည်။

နောက်တစ်ရက်တွင် အစ်ကိုနှင့် လမ်း၌ တွေ့သောအခါ ရောဂါ သက်သာကြောင်း ဆေးဥမှာ မည်သည့်ဆေးဥဖြစ်ကြောင်း မေးသောအခါ...

'အေး... ငါပြောပြမယ်၊ အဲဒီဆေးဥက မင်း လှတယ် ပြောပြောနေတဲ့ နဂါးစက်ပင်က ဥပဲလေကွာ'

ကျွန်တော် အတော်ပင် အံ့ဩသွားပါသည်။ နောင်တလည်း ရမိပါသည်။

အပင်၏ အလှကိုသာမြင်ပြီး အာနိသင်ကို ၊ မသိသောကြောင့်ဖြစ်သည်။

'မင်း အံ့ဩသွားပြီလား'

ကျွန်တော်လည်း ငြိမ်နေလိုက်မိပါသည်။

'ဒီမှာ အပင်တွေရဲ့ အလှတင် မဟုတ်ဘူး၊ အပင်တိုင်းရဲ့ အာနိသင် ဘယ်လိုရှိတယ်။ ဘယ်လိုရောဂါ ပျောက်တယ်ဆိုတာကိုပါ လေ့လာထားသင့်တယ်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုတဲ့ စာဆိုကိုတော့ မင်း ကြားဖူးမှာပေါ့'

'ဟုတ်ကဲ့ ကြားဖူးပါတယ်'

'အဲဒီတော့ အဲဒီ နွယ်မြက်သစ်ပင်တွေကို ဘယ်နေရာမှာ ဘယ်လို သုံးရင် ဘယ်လိုအကျိုးထူးတွေ ရရှိခံစားစေနိုင်တယ်ဆိုတာကို သိရှိထားရင် ကိုယ့်မိသားစု ကျန်းမာရေးတင် မဟုတ်ဘဲ လူအများရဲ့ ကျန်းမာရေးကိုပါ ကာကွယ်စောင့်ရှောက်နိုင်မယ်ဆိုရင် ဘယ်လောက် ဝမ်းသာကြည်နူးဖို့ကောင်းမလဲ မင်း စဉ်းစားကြည့်စမ်း'

'ဟုတ်ပါတယ် အစ်ကို'

'ဩော်...ဒါနဲ့ အဲဒီနဂါးစက်ဥကို ထန်းလျက်နဲ့ သုံးခွက်တစ်ခွက်တင် ကျိုသောက်ရုံတင် မဟုတ်ဘူး၊ အစိမ်းကို ဆားနဲ့တို့ပြီးစားလဲ အာနိသင် အတူတူပဲကွ။

မင်းတစ်သက် စွဲထင်အောင် မှတ်ထားတော့ ငါ့ညီ၊ ငါသွားစရာ ရှိသေးလို့ ခွင့်ပြုဦးကွာ'

ဟု ပြောပြီး ထွက်သွားပါသည်။

ကျွန်တော်လည်း **နဂါးစက်ဥ၏ အစွမ်းထက်ပုံကို** အတွေးနယ်ချဲ့ရင်း ကျန်နေခဲ့ပါတော့သည်။

**အစ်ကိုကြီးအား ဤစာမှဖြင့် ဂါရဝပြုအပ်ပါသည်။**

**သ.ပ.ပ မြတ်မင်း**

**မှတ်ချက်။ ။ဆေးကို တစ်နေ့ နှစ်ကြိမ် သောက်ရန်။ ဒူလာသွေးဝမ်းအတွက် အကောင်းဆုံးဆေး ဖြစ်သည့်အတွက် (၂)ရက်၊ (၃)ရက်ခန့် ဆက်သောက်သင့်ပါသည်။**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ မေလအတွင်း

# လောက်လာဘ

ရွှင်လန်းစေဖို့



◎ **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ)** ဥသျှစ်ညွန့် (၃)ညွန့်၊ ပိတောက်ညွန့် (၃)ညွန့်၊ ဆီး(ဇီး)(၃)ညွန့်၊ တံခွန် (၄)ခုတို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်ထောင့်မှ ကပ်လှူဆုတောင်းပါ။

◎ **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးဖွားသူ)** ဆီး(ဇီး)ညွန့်(၅)ညွန့်၊ ခရေညွန့် (၅)ညွန့်၊ အောင်သပြေ(၅)ခက်နှင့် သောက်တော်ရေ (၃)ခွက်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

◎ **မေထုန်ရာသီဖွား (မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးဖွားသူ)**သပြေ(၁၀)ခက်၊ စွယ်တော်ညွန့် (၁၀)ညွန့်၊ ပိတောက်ညွန့်(၁၀)ခက်နှင့် ဖယောင်းတိုင်(၅)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်အနီးမှ ကပ်လှူ ဆုတောင်းပါ။

◎ **ကရကဋ်ရာသီဖွား (ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်း မွေးဖွားသူ)** မှာဒံညွန့်(၇)ညွန့်၊ စွယ်တော်ညွန့်(၇)ညွန့်၊ အုန်းလက် (၇)ရွက်နှင့် ဆွမ်းတော်ထမင်း(၁၀) ပန်းကန်တို့ကို အင်္ဂါနေ့တွင် သောကြာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

◎ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးဖွားသူ)**ပိတောက်ညွန့်(၅)ညွန့်၊ အောင်သပြေ(၅)ခက်၊ အုန်းလက် (၅)ရွက်နှင့်ယပ်(၇)လက်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

◎ **ကန်ရာသီဖွား (ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးဖွားသူ)** စံပယ်(၆)ကုံး၊ သီဟိုဠ်ညွန့်(၆)ညွန့်၊ ဆီး(ဇီး)ညွန့် (၆)ညွန့်နှင့် သောက်တော်ရေ(၅) ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးဖွားသူ)** နှင်းဆီ(၆)ပွင့်၊ ခရေညွန့်(၆)ညွန့်၊ သီဟိုဠ်(၆)ညွန့် နှင့် ဖယောင်းတိုင်(၃)တိုင်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

◎ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်းမွေးဖွားသူ)**ဥသျှစ်ညွန့် (၈)ညွန့်၊ ပိတောက်ညွန့်(၈)ညွန့်၊ ခရေညွန့်(၈)ညွန့်၊ ဆွမ်းထမင်း(၆) ပန်းကန်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း မွေးဖွားသူ)** ရဲယိုညွန့်(၂)ညွန့်၊ အောင်သပြေ(၂)ခက်၊ ကံ့ကော်ညွန့် (၂)ညွန့်နှင့် တံခွန်(၈)ခုတို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးဖွားသူ)** ကံ့ကော်ညွန့်(၁)ညွန့်၊ အုန်းလက်(၁)ရွက်၊ ဆီး(ဇီး)ညွန့် (၁)ညွန့်နှင့် သောက်တော်ရေ(၂) ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေး ဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း မွေးဖွားသူ)** အုန်းလက် (၄)ရွက်၊ ကြံညွန့်(၄)ညွန့်၊ ခရေ(၄) ညွန့်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်း ပါ။

◎ **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးဖွားသူ)** ခရေ(၆)ညွန့်၊ သပြေ (၆)ညွန့်၊ သီဟိုဠ်(၆)ညွန့်နှင့် ဆွမ်း ထမင်း(၄)ပန်းကန်တို့ကို စနေနေ့ တွင် စေတီတစ်ဆူ၏ သောကြာ ဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

*ငွေကြေးလာဘ်လာဘများ ဝေဆာစွာ ဝင်ရောက်လာပါလိမ့်မည်။*

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

## ဆီးမသွားနိုင်ဖြစ်သော်

ကျွန်ုပ်သည် စစ်မှုထမ်းဘဝဖြင့် နှစ်ပေါင်း(၃၀)ကျော် ကာလအတွင်း မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ တောတောင်များအတွင်းတွင် မိမိ လုပ်ငန်းသဘာဝအလျောက် လှည့်လည်သွားလာနေထိုင်ခဲ့ရကြောင်း အလျဉ်းသင့်သဖြင့် ဆောင်းပါးတစ်ပုဒ်တွင် ရေးသားဖော်ပြခဲ့ဖူးပါသည်။

ယင်းသို့ သွားလာနေထိုင်ခဲ့စဉ်အတွင်း မိမိနှင့် မိမိတပ်ဖွဲ့ဝင်များ ရောဂါဝေဒနာ တစ်စုံတစ်ရာ ဖြစ်ပေါ်ခံစားရပါက ဌာနဆိုင်ရာ ကျန်းမာရေးဝန်ထမ်း၏ ပြုစုကုသမှုတို့ ခံယူကြရ၏။

ရံဖန်ရံခါ၌ အကြောင်းအမျိုးမျိုးကြောင့် ယင်းသို့ ကုသမှု မခံယူနိုင်မီ အခြေအနေမျိုးတွင် ဒေသခံ ဆေးဝါးကျွမ်းကျင်သူတို့၏ အကူအညီကို ရယူခဲ့သည်များလည်း ရှိခဲ့ပါသည်။

ရံဖန်ရံခါ၌မူ မိမိတို့ သိဖူး ကြားဖူးသော ဆေးနည်းတို(ဆေးမြီးတို)နည်းများဖြင့် ကုသခဲ့ရသည်လည်း ရှိဖူး၏။

အချို့ ဆေးနည်းတို(ဆေးမြီးတို) နည်းများမှာ အထူးအစွမ်းထက်သည့်အလျောက် ခေတ်မီဆေးဝါးများနည်းတူ အားကိုးလောက်သည်ပင် ဖြစ်လေရာ တောတောင်အတွင်းမှ ရရှိနိုင်သော မိမိတို့ သုံးစွဲဖူးသည့် ဆေးနည်းတိုများကို စာဖတ်ပရိသတ်ကြီးအား အသိပေးတင်ပြရန် ရည်ရွယ်ချက်ဖြင့် ဤဖြစ်ရပ်မှန်ဆောင်းပါးကို ရေးသားအပ်ပါသည်။

**၁၉၇၇ ခုနှစ်အတွင်းက ဖြစ်၏။** ကျွန်ုပ်သည် အမှတ်(...)ခြေလျင်တပ်ရင်းတွင် တပ်ခွဲမှူးတာဝန် ထမ်းဆောင်နေရခိုက် ဖြစ်ပါသည်။



သူရမင်းနိုင် (ဖျာပုံ)

# တောတောင်အတွင်းမှ

### ဆေးဖက်ဝင်ပစ္စည်းများ

ထိုစဉ်က ကျွန်ုပ်တို့ တပ်ရင်းသည် **အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေ ဖင်းစီးနားလည်ဒေသတွင် နယ်မြေထိန်း တာဝန် ယူနေရချိန် ဖြစ်၏။**

ရှေ့တန်း တပ်ရင်းဌာနချုပ်မှာ နားလည်တွင် စခန်းယူထားပြီး ကျွန်ုပ် ဦးစီးသောတပ်ခွဲမှာ နားလည်မှ (၇)မိုင်ခန့်ဝေးသော ဂျုံးဂျုံးဂျက် တောင်ကြောပေါ်၌ စခန်းယူထားရပါသည်။

ဂျုံးဂျုံးဂျက် တောင်ကြောကြီးမှာ ကိုက်(၁၀၀၀)ကျော်မျှ ရှည်လျားပြီး အမြင့်ဆုံးနေရာမှာ ပေ(၄၀၇၇)မျှ

www.burmeseclassic.com



မြင့်သည်ဖြစ်ရာ သစ်ကြီးဝါးကြီးများ အတန်အသင့် ထူထပ်၏။ သားငှက်များလည်း အထိုက်အလျောက် ပေါများသည်ဟု ဆိုနိုင်ပါသည်။

တောင်ကြောပေါ်တွင် ချေနှင့် ဒရယ်များကို မကြာမကြာ တွေ့ရတတ်ပြီး ရံဖန်ရံခါ ဖြူများ၊ တောကြောင်ကြီးများနှင့် ရှူးပုံကြီးများကိုလည်း ရရှိတတ်၏။

သို့ဖြစ်ရာ စစ်သည်များအတွက် အသားရိက္ခာကို တစ်နည်းတစ်လမ်းဖြင့် အထောက်အကူ ရရှိနေတော့သည်။

တစ်ရက် နေ့လယ်တစ်နာရီထိုးလုလုအချိန်၌ တပ်စုမှူးတစ်ဦးက ကျွန်ုပ်ထံ သူ၏ စစ်သည်တစ်ဦးမှာ ဆီးမသွားနိုင်သဖြင့် အော်ဟစ်ညည်းညူနေရကြောင်း၊ တပ်ခွဲရုံးရှိ ဆေးတပ်သားထံမှ ဆီးဆေးများ တိုက်ကျွေးထားပါသော်လည်း ယခုအချိန်အထိ ဆီး လုံးဝမသွားနိုင်သေးကြောင်း၊ ယခု လူနာမှာ မခံမရပ်နိုင်တော့ကြောင်း သတင်းပို့ပါသည်။

သို့နှင့် ကျွန်ုပ်က ရှေ့တန်းဌာနချုပ်သို့ ဆက်သွယ်ရေးစက်ဖြင့် ဆီးမသွားနိုင်သော လူနာတစ်ဦးကို ရှေ့တန်းဌာနချုပ်ရှိ ဆေးလက်ထောက်ထံ ပို့ဆောင်ကုသခွင့်ပြုရန် အစီရင်ခံရ၏။

ရှေ့တန်းဌာနချုပ်ကလည်း ချက်ချင်းပင် တစ်ဝက်ကြိုစနစ်ဖြင့် ကြိုပေးမည်ဖြစ်ကြောင်း၊ လုံလောက်သော အင်အားဖြင့် ခရီးတစ်ဝက်ဖြစ်သော ဟိုနားရွာအရောက် ပို့ပေးရန် ညွှန်ကြားသဖြင့် အင်အား ထုတ်နုတ်စုစည်းကာ လူနာပို့ရန် စီစဉ်ရပါတော့သည်။

လူနာအား ထမ်းစင်ဖြင့် တောင်ကြောပေါ်မှ တောင်ခြေသို့ သယ်ဆောင်လာရာ တောင်ခြေ ရေထွက်တွင် လုံခြုံရေးတာဝန် ယူထားသော တပ်စိတ်မှ တပ်စိတ်မှူး တပ်ကြပ်အောင်ငြိမ်းက လူနာပို့အဖွဲ့ခေါင်းဆောင်ထံ လူနာ၏ ရောဂါကို မေးမြန်း၏။

တပ်စုမှူးက လူနာမှာ ဆီးမသွားနိုင်သူဖြစ်ကြောင်း၊ ဆီးလမ်းကြောင်းတွင် ကျောက်တည်နေသည်ဟု ယူဆရကြောင်း ပြောပြီး ယင်းနှင့် ခရီးတွင် လိုက်ပါမည့် စစ်သည်များကို ခရီးဆက်ရန် ညွှန်ကြားနေပါသည်။

'ကျောက်တည်လို့ ဆီးမသွားနိုင်တာလေးလောက်နဲ့ စစ်ကြောင်းဌာနချုပ်ကို လူနာပို့ဖို့ မလိုပါဘူး ဗိုလ်ကြီးရယ်၊ ကျွန်တော့်ကို စောစောက ပြောရောပေါ့။ ဒီရောဂါမျိုးကို ကျွန်တော် ကုသတတ်ပါတယ်။ (၁၀)မိနစ်အတွင်း ဗိုလ်ကြီးတပည့် ဆီးသွားနိုင်ရစေပါမယ်'

တပ်ကြပ်အောင်ငြိမ်းက ယင်းသို့ ပြောလိုက်ရာ...

'ရမယ်ဆိုရင်လဲ လုပ်လေကွာ၊ ငါက မင်းကို နာရီဝက်လောက်တော့ အချိန်ပေးနိုင်မယ်။ မင်းကုလို့ မသက်သာရင် တို့က ခရီးဆက်ရဦးမှာ'

လူနာပို့အဖွဲ့ခေါင်းဆောင် တပ်စုမှူးက ပြန်ပြောလိုက်သည်။

တပ်စုမှူး၏ ခွင့်ပြုချက်ရသည်နှင့် တပ်ကြပ်အောင်ငြိမ်းသည် သူ၏ တပ်စိတ်ရှိ စစ်သည်များ ထမင်းချက်သည့် တဲအတွင်းသို့ ဝင်သွားပြီး ကျပ်ခိုးစင်တွင် ချိတ်ဆွဲထားသော အထုပ်ကလေးအတွင်းမှ ဆန်စေ့အနည်းငယ်ကို ထုတ်ယူလိုက်ပါသည်။

**ထို့နောက် ဆန်စေ့များကို လက်ဖက်ရည်အကြမ်းပန်းကန်အတွင်း ဆန်ဆေးရည်နှင့်ရောမွှေပြီး လူနာကို တိုက်ကျွေးလိုက်တော့၏။**

နှုတ်မှလည်း...

'ငါ့ညီ မင်း ပူမနေနဲ့ (၁၀)မိနစ်အတွင်း မင်း ဆီးသွားနိုင်ရစေမယ်'

ဟူ၍ ပြောလိုက်ပါသေးသည်။

လူနာပို့အဖွဲ့က လူနာကို စောင့်ကြည့်နေကြ၏။ ခဏကြာသော် လူနာက "**ထမ်းစင်ပေါ်က ချပေးပါ။ ဆီးသွားချင်လှပါပြီ**"ဟု ပြောလာသဖြင့် လူနာကို ထမ်းစင်ပေါ်မှ ချပေးလိုက်ပါသည်။

လူနာမှာ ဝေးဝေးလံလံ မသွားနိုင်တော့ဘဲ မနီးမဝေးမှာပင်ထိုင်၍ ဆီးသွားလေတော့၏။ ဆီးမှာ သောက် ပုလင်း ငါးပုလင်းမျှ ရှိသည်ဟု ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဆီးသွားပြီးသည်နှင့် စောစောက အော်ညည်းနေရသော လူနာမှာ ရယ်နိုင်မောနိုင် ဖြစ်လာ၏။သူက…

'ကျွန်တော့်ဆီးထဲမှာ ဝါကျင့်ကျင့် ကျောက်ခဲလေးတွေ ပါသွားတယ် ဗိုလ်ကြီးရဲ့'

ဟု သူ၏ တပ်စုမှူးကို ပြောပြနေပါသည်။

လူနာပို့အဖွဲ့ခေါင်းဆောင် တပ်စုမှူးက ကျွန်ုပ်အား ဖြစ်စဉ်အားလုံးကို တင်ပြသဖြင့် ကျွန်ုပ်က ညနေ(၃)နာရီ စက်ဖွင့်ချိန်တွင် ရှေ့တန်းဌာနချုပ်သို့ လူနာအခြေအနေ ကောင်းမွန်သွားပြီ ဖြစ်သဖြင့် မပို့ဖြစ်တော့ကြောင်း အစီရင်ခံလိုက်ရပါ၏။

ကျွန်ုပ်သည် ခဏအကြာတွင် တပ်ကြပ်အောင်ငြိမ်းအား ခေါ်ယူ၍ သူ၏ဆေးနည်းကို မေးမိပါသည်။

'ဗိုလ်ကြီးကို ဟိုတလောက ကျွန်တော် ဟင်းတစ်ခွက် ပို့လိုက်တာ မှတ်မိပါလိမ့်မယ်။ အဲဒါ ရှူးပုံ့သားလေ။

အဲဒီနေ့က ကျွန်တော် ပစ်လို့ရတဲ့ ရှူးပုံ့ကြီးကို ကြည့်လိုက်တော့ အထီးကြီးဖြစ်နေတာနဲ့ ဆီးအိမ်မှာ ဆီးမခန်းခင် ဆီးအိမ်ကို ချက်ချင်းထုတ်ယူပြီး ဆန်စေ့တွေ ထည့်ထားလိုက်တယ်။ ပြီးတော့ ခြောက်သွားအောင် ကျပ်ခိုးစင်မှာ ချိတ်ဆွဲထားတာပဲ။

ဆန်စေ့တွေက ရှူးပုံ့ရဲ့ ဆီးကို စုပ်ယူထားစေတဲ့ သဘောပါ။

ရှူးပုံ့ရဲ့ ဆီးဟာ ကျောက်တွေကို ကြေစေနိုင်တဲ့ သတ္တိရှိတာမို့ စောစောက လူနာကို အဲဒီ ဆန်စေ့နဲ့ ဆန်ဆေးရည်သွေးပြီး တိုက်လိုက်တယ်ဆိုရင်ပဲ ကျောက်ဖွေ ကွဲကြေပြီး ဆီးနဲ့အတူ ပါသွားတော့တာပါ ဗိုလ်ကြီးရဲ့။

ကျွန်တော်ငယ်ငယ်က ဆီးကျောက်တည်တဲ့ရောဂါ ခံစားခဲ့ရဖူးလို့ ကျွန်တော့်ကို ကုပေးတဲ့ ဆေးဆရာဆီက ဆေးနည်းကို မှတ်ထားခဲ့တာ။ ဟိုတလောက ကြုံကြိုက်တာနဲ့ ရှူးပုံ့ဆီးအိမ်ကို ယူထားမိတာ။ အခုတော့ အခန့်သင့်သွားတာပေါ့လေ'

တပ်ကြပ်အောင်ငြိမ်းက ပြောပြလေသည်။

ကျွန်ုပ်သည် ထိုနေ့က တပ်ကြပ်အောင်ငြိမ်း ပြောသော ဆေးနည်းတို့ (ဆေးမြီးတို့)ကို မှတ်စုတွင် အောက်ပါအတိုင်း ရေးမှတ်ထားမိ၏။

'လောလောလတ်လတ်ရသော ရှူးပုံ့အထီး၏ ဆီးအိမ်အတွင်းသို့ ဆန်သန့်သန့်အပြည့်ထည့်ပြီး ကျပ်ခိုးစင်တွင် အခြောက်ခံထား။ ဆီးကျောက်တည်လူနာကို ယင်းဆန်(၃)စေ့မှ (၆)စေ့ခန့် ဆန်ဆေးရည်နှင့် သွေး၍တိုက်၊ ကျောက်များ ကွဲကြေ၍ ဆီးနှင့်အတူပါသွားမည်။ တပ်ကြပ်အောင်ငြိမ်း၏ ပွဲတွေ့ ဆေးနည်း'

ဟူ၍ ဖြစ်ပါသတည်း။

**လှရမင်းနိုင်(ဖျာပုံ)**

---

စာရှုသူ…သုတေသီ…ပညာရှင်တို့ခင်ဗျာ…

ဤဆောင်းပါးမှာ (၇–၇–၂၀၀၁) ခုနှစ်က မဂ္ဂဇင်းတိုက်သို့ ရောက်ရှိလာသောစာမူ ဖြစ်ပါသည်။ ကိုယ်တွေ့ဆေးနည်းကောင်းများ မပျောက်ပျက်စေခြင်းငှာ မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

*လေးစားစွာဖြင့်…*

**ဦးကျော်မိုးသိန်း**
***စာတည်းချုပ်***
***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

---

ဝက်

# အမြန်မွေးဝက်ပိုဆော်



လူသားတိုင်း သားသမီးများ မွေးဖွားရာတွင် အခက်အခဲ မရှိလိုကြသည်မှာ ဓမ္မတာပါ။ ခေတ်မီသော ယနေ့ခေတ်တွင် လူသားတိုင်းအတွက် အထောက်အကူ ကိရိယာ၊နည်းပညာများကြောင့် မွေးရဖွားရ လွယ်ကူနေကြပါပြီ။

တိရစ္ဆာန်ဖြစ်သော ဝက်၊ နွား၊ မြင်း၊ ဆိတ် စသည်များ အချိန်တန်လျက် မမွေးဖွားနိုင်ပါက ပိုင်ရှင်ဖြစ်သော လူများ စိတ်ညစ်ကြရတတ်ပါသည်။

လက်တွေ့ဝက် အမြန် မွေးဖွားစေသောနည်းကလေး တစ်နည်းအား တင်ပြပါရစေ။

တောင်ပါ် ဓလေ့နည်းကလေး ဖြစ်ပါတယ်။ လွယ်လဲ လွယ်ကူ အကုန်အကျလဲ နည်းပါတယ်။

ဝက်မကြီး မွေးဖွားတော့မယ့်ဟန်ပေါ်ရင် ဝက်မကြီးအောက်တွင် ဖောင်ကြပ်းခင်းပေး၍ ထန်းလျက်(၇)လုံး ရေဖျော်တိုက်ပါ။ ဝမ်းဗိုက်အားရရာ ဆီတစ်မျိုးမျိုးဖြင့် (၃)ကြိမ်ခန့် ပွတ်ချေမော့ ပေးပါက မကြာမီ သင်တို့ အလိုရှိသော ဝက်ကလေးများ အမြန် မွေးဖွားလာသည်ကိုတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ဝက်မွေးသူများအတွက် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ ဗဟုသုတ ဝက်ဆေးမြီးတို့ကလေး တင်ပြပေးလိုက်ပါတယ်။

**ဂမ္ဘီရမောင်စိမ်း(ဖန်းမော်)**

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်သုံးစွဲနေသော

# တစ်ရာသီ ရသာယနဆေးများ

တစ်ရာသီ ရသာယန နှပ်ဖျော်ဆေး

[သတိ။ ။ တစ်ရာသီသာ ဖော်လို့ရသည်။]

၁။ ငှက်ပျောဖီးကြမ်း (၅)ဖီး
၂။ နာနတ်သီး (၅)လုံး
၃။ ထန်းဖိုထန်းလျက် (၁)ပိဿာ၊
၄။ ပျားရည် (၁)ပိဿာ၊
၅။ ကျောက်သွေး (၁)ကျပ်သား
၆။ စမုန်မျိုးငါးပါး (၁)ကျပ်သားစီ၊
၇။ ဇာတိပ္ဖိုလ်သီး (၄)ပဲသား
၈။ လေးညှင်း (၄)ပဲသား
၉။ ရေတ်ကောင်း (၄)ပဲသား
၁၀။ သကြားရင်း (၃၂)ကျပ်သား
၁၁။ ပြောင်းသီးအမှည့်အနှစ်(၃၂)ကျပ်သား
၁၂။ မုန်ညင်းဆီ (၆)ကျပ်သား

အထက်ပါ ဆေးမည်များကို ညက်စွာ စရနယ်၍ ဖျင်ဖြူနှင့်ထုပ်၊ အိုးသစ်တွင်ထည့် စပါးထဲတွင် (၇)ရက်မြှုပ်ပြီးလျှင် ဖော်၊ နံနက်တစ်ဇွန်း ညဥ့်တစ်ဇွန်း သုံးဆောင်ပါလေ။

ဤဆေးကိုစားမိလျှင် (၁၅)နှစ် အရွယ်ကဲ့သို့ ဖြစ်လာလိမ့်မည်။

ဤဆေးသည် (၉၆)ပါး၊ မီးယပ်၊ ဒူလာကောင်း၏။ ဆေးဝိဇ္ဇာရောက်၏။ မူရင်းဆေးညွှန်းမှာ ဤမျှသာ ဖြစ်ပါသည်။

မီးယပ်၊ ဒူလာဆိုသဖြင့် ယောက်ျားမိန်းမအားလုံး သက်ဆိုင်သွားပါသည်။

ဆေးကို ဖော်စပ်ရာ၌ ဆေးပစ္စည်းများ ကောင်းမွန်ဖို့ လိုပါသည်။ အထူးသဖြင့် ပျားရည် အရေးကြီးသည်။ ဖြစ်နိုင်လျှင် **ပျားကလေး(ယင်ပျား)** ရည်ရလျှင် ပိုကောင်းသည်။

**ငှက်ပျောဖီးကြမ်းမှာ** ရင့်မှည့်တာမှ ကောင်းသည်။ နုမှည့် အူတိုင်မာနေလျှင် မသုံးပါနှင့်။

**စရနယ်သောအခါ အားလုံး ကြေ**



ညက်ပါစေ။

ဤဆေး၏ ကိုယ်တွေ့ဖြစ်ရပ်များကို စေတနာသန့်သန့်ဖြင့် ဖော်ပြပါမည်။

ဆေးနည်းအညွှန်း၌ (၁၅)နှစ်အရွယ်ကဲ့သို့ ဖြစ်လာလိမ့်မည်။ ဆေးဝိဇ္ဇာရောက်၏။ ဒီစကားလုံးတွေကို ဖယ်ထားလိုက်ပါ။ ဖြစ်လိုကလဲ ဖြစ်စေတော့။

ဤဆေးကို စားမိလျှင် ဝမ်းသွားမည်၊ အကြောအခြင်များ ပျော့ခွေပြီး လူနာလို ဖြစ်ကောင်းဖြစ်မည်။

ဆေးနှယ်ခြင်းဖြစ်၍ မကြောက်ပါနှင့်။ မိမိခန္ဓာကိုယ်အင်အားနှင့် လိုက်အောင် လိုတိုးပိုလျှော့ စမ်းပြီး စားကြည့်ပါ။

တဖြည်းဖြည်း ဆေးယဉ်သွားသောအခါ ပင်ကိုအနေအထား ရောက်သွားပါမည်။

စာရေးသူတော့ ညဥ့်အိပ်ရာဝင် တစ်ချိန်ပဲ စားဖြစ်သည်။

ဤဆေးစား၍ (၃)လလောက်ရှိလျှင် ဆေးတန်ခိုးပြလာမည်။

အမော်ခံနိုင်သည်။ အစားအသောက်ကောင်းမည်။ အသက်(၆၀) ရှိသော ပုဂ္ဂိုလ်သည် ဤဆေးကို (၅) လမျှ စားမိလျှင် အသက်(၄၅)နှစ်လောက်က လုပ်ခဲ့သော အလုပ်ကြမ်းများကို လုပ်ကိုင်နိုင်မည်။

အဖျားအနာ ကင်းမည်။ သို့သော် ကံကိုယုံပြီး ဆူးချုံမနင်းရန် သတိပြုပါ။

အပူအစပ် လွန်စွာ မစားပါနှင့်။ ပြင်းသောအရက်များနှင့် လုံးဝ မတည့်ပါ။ ဖြစ်နိုင်လျှင် အရက်ကို မသောက်ပါနှင့်။ **စရဏအား ဖြည့်ပေးပါ။**

စာရေးသူ အနည်းငယ်လေ့လာဖူးသော ရသာယနဆေးများနှင့် တွတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီး စားဆေးများတွင် များသောအားဖြင့် ဥဏှတေဇော လွန်သော ဆေးများသည်သာ များသည်ဟု ထင်ပါသည်။ ရသယနဆေးများတွင်တော့ သမဆေးများလည်း တွေ့ရပါသည်။

ဤဆေးသည် အေးမည် ထင်ရသော်လည်း ပူပါသည်။ **သကြားရင်း (၃၂)ကျပ်သားကို လျှော့ထည့်ရင်တော့ သမဖြစ်သွားပါမည်။**

စာရေးသူတော့ မူရင်းအတိုင်းပဲ ဖော်စားနေမိသည်။

**ဆေးတစ်ဖုံလုံးဖော်လျှင်** လူ(၄) ယောက် စားနိုင်သည်။ ဆေးသက်တမ်းမှာ အထားကောင်းလျှင် (၁၄)လ၊ (၁၅)လ ခံပါသည်။ ဖန်ဘူးဖြင့် လေလုံစွာ ထားပါ။ အမြဲစားသော ဆေးကို ဘူးငယ်နှင့် ထည့်ထားပါ။

**အထူးမှာ မိမိခန္ဓာကိုယ်အားနှင့်မျှအောင် ဆေးစားတတ်ဖို့၊ ဆေးအနှယ်ခံနိုင်ဖို့ လိုပါသည်။**

ဆရာ ဦးစိုးပိုင်
(မွေးဒွေးကျေးရွာ၊ မင်းတုန်း)



www.burmeseclassic.com

www.burmeseclassic.com

# နဝင်းရွှေပြာသတ္တု ရသာယနအားဆေး

# ဥသ္မာကိုယ်ငွေ့ကောင်းဆေး

**နဝင်း**

နာ၊ ဘင်၊ ဘော်၊ ဂျတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ ရှစ်ဓာတ်(၉)ပါးကို နဝင်းဟု ဆိုလိုပါသည်။

**ရွှေပြာ**

ရှစ်ဓာတ်(၉)ပါးတွင် နာ၊ ဘင်၊ ဘော်၊ ဂျတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး ဓာတ်(၈)ပါး ပြာကျမှ ရွှေပြာကျပါသည်။ သို့ဖြစ်၍ ယင်းရွှေပြာသည် ဓာတ်(၉)ပါးလုံး ပြာကျသဖြင့် နဝင်းရွှေပြာဖြစ်သည်။

**သတ္တု**

ထိုရွှေပြာသည် ပါစကတေဇောရောက်ပါက လူသား၏ကျန်းမာရေးကို အကျိုးကျေးဇူးပြုနိုင်သဖြင့် သတ္တုရှိသည်ဟု ဆိုလိုပါသည်။ ပါစကတေဇောမရောက်ပါက ဆိုးကျိုးပေးမည်ဖြစ်သည်။ သံဓာတ်၊ သွပ်ဓာတ်များကို နူးညံ့သိမ်မွေ့စားလို့ရအောင် ပြုပြင်ပြီး အနောက်တိုင်းဆေးများ တိုင်းရင်းဆေးများတွင် ထည့်သွင်းဖော်စပ်ကြသည်။ သို့သော် ထိုဓာတ်များကို ဓာတ်စင်ဖြစ်အောင် နိဗ္ဗာန ဓာတ်ဆိုက်အောင် မဆောင်ရွက်နိုင်သဖြင့် ဘေးထွက်ဆိုးကျိုး ဖြစ်လာရပေသည်။

ပါစကတေဇောရောက်သည်ဆိုသည်မှာ ပြာကွမ်းရိုးတစ်တို့ ကြေးတွင်ထောက်ပြီး မီးပေးလိုက်ပါက ငွေ/ရွှေအဖြစ် ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြေးဟူသောအခြေအနေမှ ဘော်ဟူသော ရွှေဟူသော အခြေအနေအဖြစ်သို့ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပြီး ဓာတ်စင်ဖြစ်သွားသည်ဟု ဆိုရပါမည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပါက အလွန်သန့်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ ကြေးကို ပါစကတေဇောဖြင့်ချက်က ဓာတ်ကျက်သွားသောအခါ ငွေ/ရွှေဖြစ်သွားသကဲ့သို့ စားသမျှ အစာအာဟာရများကို ပါစကတေဇောဖြင့် ကျက်အောင်ချက်သောအခါ ရသာရည် အသွေးအသားအဆီ အရိုးချဉ်ဆီ သုက်များစသည် ဓာတ်သန့်ဓာတ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်သည်။ ထိုသို့ ဓာတ်သန့်ဓာတ်ကောင်းများ ရှိနေ၍ မည်သည့် ရောဂါမျှမဝင်နိုင်ပါ။ ကျန်းမာနေမည်ဖြစ်ပါသည်။ (ရောဂါမူလံ အစိဏ္ဏကံ)ရောဂါဟူသည် မကြေကျက်ခြင်းမှ စသည်ဟု အဆိုရှိပါသည်။

**ဥသ္မာကိုယ်ငွေ့**

ထိုသို့ ဓာတ်စင်ဓာတ်ကောင်းများ ဖြစ်လာပါက ဓာတ်စင်ဓာတ်ကောင်းများတွင် ကိန်းနေသော ပါစကတေဇော၏အရှိန် ဥသ္မာတေဇောရှိနေမည်ဖြစ်သဖြင့် အသုံးငါးပါးသည် နွေးထွေးနေမည်ဖြစ်သည်။

ဥသ္မာအားကောင်းပါက အသုံးငါးပါး နဖူး လက်နှစ်ဖက် ခြေနှစ်ဖက်သည် နွေးထွေးနေမည်ဖြစ်ပြီး ကျန်းမာနေမည်။ ဥသ္မာအားနည်းပါက အသုံးငါးပါး နွေးထွေးမှုမရှိ၊ ခြေအေး လက်ဖဝါးပူနေမည်ဖြစ်ပြီး ရောဂါဝင်လာနိုင်ပါသည်။ ဥသ္မာ ချွတ်ယွင်းပါက ခုခံအား ခံနိုင်ရည်အား ကိုယ်ခံစွမ်းအားကျပြီး ကင်ဆာနှင့် ခုခံစွမ်းအားကျဆင်းမှု(HIV)ရောဂါများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ဥသ္မာကောင်းလျှင် ကျန်းမာမည်။ ဥသ္မာအားနည်းလျှင် ရောဂါရမည်။ ဥသ္မာချွတ်ယွင်းလျှင် ခုခံအားကျမည်။ ဥသ္မာ ပျက်လျှင်သေမည် ဖြစ်ပါသည်။

**[ဥသ္မာ အားနည်းက၊ ခြေအေး လက်ဖဝါးပူ/ကြွမ်း ကတည်းက ဥသ္မာကိုယ်ငွေ့ကောင်းဆေးကို စားသုံးပါ။**

**ဆေးသုံးစွဲရန်**

-နံနက်မျက်နှာသစ်သောအခါ ရေထည့်ထားသောဇလားတွင် ဥသ္မာအရည် (၄)စက်ချပါ။ မွှေပြီး မျက်နှာသစ်ပါ။ ပါးစပ်တွင် ငုံထားပါ။ မျက်စိကို ဆေးရည်ဖြင့်စိမ်ထားပါ။

-ရေချိုးသောအခါ ရေချိုးရန် ရေထည့်ထားသောဇလုံတွင် (၄)စက်ချပြီးမှ ရေချိုးပါ။ (ဥသ္မာတေဇောအငွေ့ကို ပြင်ပမှ လွှမ်းခြုံထားရန်ဖြစ်သည်။)

-ရေကျက်နွေးနွေး အကြမ်းပန်းကန်တစ်ခွက်တွင် (၄)စက်ချပြီး တစ်နေ့ (၁-၂)ကြိမ် သောက်ပါ။ (ဥသ္မာတေဇောအငွေ့ကို အတွင်းရှိ ဝမ်းမီးအား အထောက်အကူပေးပြီး အစာများကို ခြေချက်ရန်ဖြစ်သည်။)

**(ဦးထွန်းလင်း-သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**

**သမားတော်ကြီး ရွှေပြာသတ္တု ဦးကျော်မြင့်(တ/ဆ ၂၉၄၂ B.A, C.T.M.P)စစ တိုင်းရင်းအသုတေသနဆေးဆိုင်**

**၅၄(က)၊ မေဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့ ဖုန်း-၀၉ ၅၁၅၆၁၁၄၆၊ ၀၉ ၉၆၉၉၇၇၉၁**



www.burmeseclassic.com